# မျက်ကွယ်ပြုခံရသော အခွင့်အရေးနှင့် ရုန်းကန်မှုများ

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏ သက်သေခံချက်များ



KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# မျက်ကွယ်ပြုခံရသော အခွင့်အရေးနှင့် ရုန်းကန်မှုများ

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိအမျိုးသမီးများ၏သက်သေခံချက်များ

ကရင်လူ့အခွင့်အရေးအဖွဲ့

ဇူလိုင်လ၊ ၂၀၁၆ ခုနှစ်

## မျက်ကွယ်ပြုခံရသော အခွင့်အရေးနှင့် ရှန်းကန်မှုများ
မြန်မာပြည်အရှေ့တောင်ပိုင်းရှိအမျိုးသမီးများ၏သက်သေခံချက်များ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသား ထုတ်ဝေသည်။
KHRG #2016-01, ဇူလိုင်လ၊ ၂၀၁၆

Front cover photo:

ဤဓာတ်ပုံကို KHRG ၏ဒေသခံကွင်းဆင်းလုပ်သားမှ ဖွန်လ ၆ ရက် ၂၀၁၆ ခုနှစ်တွင် လ.... ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်တွင် ရိုက်ကူးခဲ့ပြီးအမျိုးသမီးတစ်ဦးမှခြံထဲတွင်အလုပ်လုပ်နေသောသူမ၏ယောကျ်ားအတွက်အစားအစာယူလာပေးနေသောပုံဖြစ်ပါသည်။အိမ်မှ ပြင်ဆင်ချက်ပြုတ်ထားသောအစားအစာအားသူမ၏ယောက်ျားနေ့လည်စာအတွက်ယူလာခဲ့ခြင်းဖြစ်ပါသည်။ *(ဓာတ်ပုံ KHRG)*

Back cover photo:

အထက်ပါဖော်ပြထားသောပုံတွင်ရှိသော အမျိုးသမီးများသည် ၂၀၁၅ခုနှစ် ဩဂုတ်လ၊ ဖားအံခရိုင်၊ပိုင်ကျုံမြို့နယ်၊ဝါ့မီကလားကျေးရွာအုပ်စု၊ လ....ရွာတွင် ပြုလုပ်သော KHRG တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ပုံဖြစ်သည်။ *(ဓာတ်ပုံ KHRG)*

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) သည် လွတ်လပ်သောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့တွေ့ကြုံခံစားနေရသော အဖြစ်အပျက်များနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို စုစည်းမှတ်တမ်းယူနိုင်စေရန် သင်တန်းပို့ချခြင်းနှင့် လိုအပ်သည့် အထောက်ကူပစ္စည်းများ ပံ့ပိုးပေးလျက်ရှိသည်။ ထို့အပြင် ရရှိသည့် သတင်းအချက်အလက်များကိုဖြန့်ဝေပေးခြင်းနှင့်ချိုးဖောက်မှုများကိုကာကွယ်လျက်ရှိသည့်ရွာသားများ၏နည်းဗျူဟာများ ပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများ လုပ်ခြင်းဖြင့် မြန်မာပြည်ရှိ လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက် ကောင်းမွန်လာစေရန် ကြိုးပမ်းလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများကို အသေးစိတ်သိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

ဤအစီရင်ခံစာကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ထုတ်ဝေပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ မူပိုင်ဖြစ်ပါသည်။ အစီရင်ခံစာတွင် ပါရှိသော အကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက် မဟုတ်ဘဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင် ဖော်ပြလိုပါက ထပ်မံကူးယူအသုံးပြု၊ ဖြန့်ဖြူးနိုင်ပါသည်။ သို့သော် စီးပွားရေးအကျိုးအမြတ်အတွက် ပုံနှိပ်ထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်ပါသည်။

ဤစာအုပ်သည်ရောင်းရန်မဟုတ်ပါ။

# မာတိကာ


**အပိုင်း (က) နိဒါန်း ........................................ ၃**

အဓိကကျသော အချက်အလက်များ အကျဉ်းချုပ် ........................................ ၃

အဓိကကျသောတွေ့ရှိချက်များ ........................................ ၄

အကြံပြုတင်ပြချက်များ ........................................ ၅

အသေးစိတ်ရှာဖွေတွေ့ရှိချက်များ ........................................ ၇

နိဒါန်း ........................................ ၁၁

မြန်မာပြည်အရှေ့တောင်ပိုင်းမြေပုံ ........................................ ၁၆

အသုံးပြုထားသော ဝေါဟာရများနှင့် အတိုကောက် အသုံးအနှုန်းများ ........................................ ၁၇

အစီရင်ခံစာပြုစုပုံ နည်းစနစ် ........................................ ၁၉

**အပိုင်း (ခ) အမျိုးသမီးများ၏ရှုထောင့်အမြင်များ ........................................ ၂၄**

အခန်း ၁: အပစ်ခတ် ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် ၂၀၁၅ ခုနှစ်

အထွေထွေ ရွေးကောက်ပွဲ အပေါ် အမျိုးသမီးများ၏ ရှုထောင့်အမြင်များ ........................................ ၂၄

ဓါတ်ပုံများ: အပစ်ခတ် ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် ၂၀၁၅ ခုနှစ်

အထွေထွေ ရွေးကောက်ပွဲ ........................................ ၃၅

အခန်း ၂: ကျန်းမာရေးနှင့်ပညာရေး အပေါ်အမျိုးသမီးများ၏ အမြင် ........................................ ၃၇

ဓါတ်ပုံများ: ကျန်းမာရေးနှင့်ပညာရေး အပေါ်အမျိုးသမီးများ၏ အမြင် ........................................ ၅၁

အခန်း ၃: အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ........................................ ၅၃

ဓါတ်ပုံများ: အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ........................................ ၆၁

**အပိုင်း (ဂ) အကြမ်းဖက်မှုနှင့်အလွဲသုံးစားမှု၊ တုန့်ပြန်သည့်နည်းလမ်းများ ၊တရားမျှတမှုရရှိပုံများ ........................................ ၆၃**

အခန်း ၄: ကျန်းမာရေးနှင့်ပညာရေး ........................................ ၆၃

ဓါတ်ပုံများ: ကျန်းမာရေးနှင့်ပညာရေး ........................................ ၇၄

အခန်း ၅: အဓမ္မလုပ်အားပေးစေခိုင်းခြင်း ........................................ ၇၆

ဓါတ်ပုံများ: အဓမ္မလုပ်အားပေးစေခိုင်းခြင်း ........................................ ၈၁

အခန်း ၆: ကျားမ အခြေပြု အကြမ်းဖက်မှုများ............................................................................................ ၈၂

ဓါတ်ပုံများ: ကျားမ အခြေပြု အကြမ်းဖက်မှုများ ..................................................................................... ၉၈

အခန်း ၇: အဓမ္မမြေယာသိမ်းဆည်းခြင်း ................................................................................................. ၉၉

ဓါတ်ပုံများ: အဓမ္မမြေယာသိမ်းဆည်းခြင်း ............................................................................................ ၁၁၃

အခန်း ၈: မြေမြှုပ်မိုင်းအန္တရာယ် ........................................................................................................... ၁၁၅

ဓါတ်ပုံများ: မြေမြှုပ်မိုင်းအန္တရာယ် ........................................................................................................ ၁၁၉

အခန်း ၉: အဓမ္မ အခွန်ကောက်ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်း .................................................................... ၁၂၀

အခန်း ၁၀: အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှု နှင့် ထင်ထင်ပေါ်ပေါ်ခြိမ်းခြောက်မှုများ ............................ ၁၂၃

ဓါတ်ပုံများ: အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှု နှင့် ထင်ထင်ပေါ်ပေါ်ခြိမ်းခြောက်မှုများ........................ ၁၃၂

# အပိုင်း (က) နိဒါန်း

# အဓိကကျသော အချက်အလက်များ အကျဉ်းချုပ်

ဤမျက်ကွယ်ပြုခံရသော အခွင့်အရေးနှင့်ရုန်းကန်မှုများအစီရင်ခံစာသည် ၂၀၁၂ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် မတ်လအတွင်းအမျိုးသမီးများနှင့်ပတ်သက်၍ဖြစ်ပေါ်လာသောအကြောင်းအရာများအားခြုံငုံရေးသားထားခြင်းဖြစ်ပါသည်။ထိုအချိန်ကာလအတွင်း၌ပင်မြန်မာနိုင်ငံအတွင်းတွင်ထူးခြားခိုင်မာသောအပြောင်းအလဲများဖြစ်ပေါ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကာလအတွင်းတွင် မြန်မာနိုင်ငံ၌နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာခြင်း၊ နိုင်ငံတော်အစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံးတို့အကြား ၂၀၁၂ ခုနှစ်တွင် ပဏာမအပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ရရှိခြင်း၊ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုလုပ်ငန်းစဉ် ဆောင်ရွက်ခဲ့ခြင်း၊ စစ်တပ်မှ ကျောထောက်နောက်ခံပြုထားသော အစိုးရမင်းများမှ ဆက်တိုက် အုပ်ချုပ်ခဲ့ခြင်းကိုလမ်းကြောင်းပြောင်းစေခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သော အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ကျင်းပနိုင်ခဲ့ခြင်း စသည့် ထူးခြားခိုင်မာသော အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သောကြောင့် ဖြစ်ပါသည်။

KHRG အနေဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၌ စစ်ရေးပဋိပက္ခများ ဖြစ်ပွားစဉ်ကာလအတွင်း ကရင်အမျိုးသမီးများ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်မှုများကို ၎င်းတို့ခွန်အားဖြင့် တွန်းလှန် ရင်ဆိုင်ကြပုံများအကြောင်း အသေးစိတ်ရေးသားတင်ပြထားသော Dignity in the Shadow of Oppression ဟူသည့် အစီရင်ခံစာထုတ်ဝေပြီး ၁၀ နှစ် ကြာမှ ဤ မျက်ကွယ်ပြုခံရသောအခွင့်အရေးနှင့်ရုန်းကန်မှုများ အစီရင်ခံစာကို ထုတ်ဝေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာအတွင်းတွင် အထက်ဖော်ပြပါ Dignity in the Shadow of Oppression အစီရင်ခံစာ၌ တင်ပြထားသောအမြင်များ၊ အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို ပြန်လည်ထည့်သွင်း ဖော်ပြထားသကဲ့သို့ KHRG အဖွဲ့ဝင်များမှ ထပ်မံတင်ပြသော အချက်အလက်သစ်များကိုလည်း ထည့်သွင်းဖော်ပြခြင်းဖြင့် လက်ရှိအမျိုးသမီးများ ခံစားနေရသောအခြေအနေများကို မီးမောင်းထိုး တင်ပြထားပါသည်။ မြန်မာနိုင်ငံ အတွင်းတွင်သာမက ကမ္ဘာတွင်ပါ အမျိုးသမီးအရေးများ လုပ်ဆောင်မှုအရှိန်အဟုန် မြင့်မားနေချိန်နှင့် အမျိုးသမီးများမှလည်း အနာဂတ် မြန်မာနိုင်ငံတွင် တန်းတူအခွင့်အရေး ရရှိရန် ကြိုးပမ်းတင်ပြနေချိန်တွင် KHRG အနေဖြင့် ဤအစီရင်ခံစာကို အချိန်အခါသင့် ထုတ်ဝေနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် ဒေသခံ အမျိုးသမီးများ၏ ကိုယ်ပိုင်ဘဝများကို အသေးစိတ် ထင်ဟပ်စေသော ၎င်းတို့၏ အသံများမှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် မတ်လအတွင်း KHRG မှရယူ စုဆောင်းထားသည့် အမျိုးသမီးများအား တွေ့ဆုံမေးမြန်းခြင်း ၉၈ခုအပါအဝင် သတင်းအချက်အလက် ၁၀၄၈ ခုအား ပြန်လည်ဆန်းစစ်ထားချက်များအပေါ် အခြေခံပြီးရေးသားထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပြောင်းလဲလာသော အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် အတွေ့အကြုံများကို လူအများမှ သေချာစွာသိရှိနားလည် သဘောပေါက်ရန် ရည်ရွယ်ပြီး ဤအစီရင်ခံစာကို တင်ပြထားခြင်းဖြစ်ပါသည်။ KHRG အနေဖြင့် ဒေသခံအမျိုးသမီးများမှ ၎င်းတို့၏ ကိုယ်ပိုင်ရှုထောင့်အမြင်ဖြင့် တင်ပြလာသော အကြောင်းကိစ္စများဖြစ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စစ်ဘက်ဆိုင်ရာတိုးချဲ့ဆောင်ရွက်မှုများ၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားသောအကြောင်းကိစ္စရပ်များကို ယခု အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။ ဤအစီရင်ခံစာတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အပါအဝင် အထူးသဖြင့် အမျိုးသမီးများခံစားနေရသောလူ့အခွင့်အရေး ချိုးဖောက်မှုများကို အဓိကထားတင်ပြထားပြီး မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆက်လက် ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မတူကွဲပြားစွာ သက်ရောက်မှု ရှိကြောင်းကိုလည်း အဓိကထားတင်ပြထားပါသည်။ ဤအချက်သည် လူအများမှ သတိမထားမိပဲ လျစ်လျူရှုမိတတ်သော အချက်ဖြစ်သောကြောင့်လည်း KHRG မှဤအချက်ကို မီးမောင်းထိုးတင်ပြထားခြင်း ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများ၏ မိမိကိုယ်ကို ကာကွယ်ရန်အတွက် အသုံးပြုသောနည်းဗျူဟာများနှင့် အမျိုးသမီးများအပေါ် အခွင့်အရေး ချိုးဖောက်ခံရနေမှုများအား ဥပဒေ၏ အကာအကွယ်ကိုရယူရန် ကြိုးပမ်းရာတွင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများအကြောင်းကိုလည်း ဤအစီရင်ခံစာတွင် မီးမောင်းထိုး တင်ပြထားပါသည်။ နောက်ဆုံးအနေဖြင့်ဤအစီရင်ခံစာအတွင်းတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများတင်ပြခဲ့သော စိုးရိမ်ပူပန်မှုများနှင့် စိန်ခေါ်မှုများကိုဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် အမျိုးသမီးများ၏ ဘဝအခြေအနေ မြင့်တက်လာရန် လုပ်ဆောင်သင့်သည့် နည်းလမ်းများကိုမြန်မာနိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့များနှင့် နိုင်ငံတကာမှ လူမှု အသင်းအဖွဲ့များနှင့်နိုင်ငံတကာမှ မြန်မာပြည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် စီမံကိန်းများတွင် ပါဝင်ကူညီပံ့ပိုးပေးနေသည့် နိုင်ငံတကာအသိုင်းအဝိုင်းများအားတစ်ဖွဲ့ချင်းစီ ဦးတည်၍ အကြံဉာဏ်များ ထည့်သွင်းဆွေးနွေး အကြံပြုထားသည်။

KHRG အနေနှင့် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အရေးပြဿနာများအား ဖြေရှင်းရန်လုပ်ဆောင်နေကြသော ပညာရှင်များနှင့် အဖွဲ့အစည်းများအတွက် အလွန်အသုံးဝင်နိုင်သော အရင်းအမြစ် ဖြစ်စေမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် ဒေသခံ အမျိုးသမီးများ၏ စိုးရိမ်ပူပန်မှုများနှင့် ၎င်းတို့၏ ကြိုးပမ်း အားထုတ်မှု များအကြောင်းကို လူအများသိရှိရန်အတွက်လုပ်ဆောင်ရာတွင်လည်း ဤအစီရင်ခံစာကို မှီငြမ်းအသုံးပြုနိုင်ပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်း ရှိကျေးလက်ဒေသနေ အမျိုးသမီးများရင်ဆိုင်ကြုံတွေ့နေရမှုများနှင့် ပတ်သက်၍ ၎င်းတို့၏ အမြင်သဘောထား များကို ပိုမိုသိရှိလိုသော သာမန်ပြည်သူများအနေနှင့်လည်းအစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ နည်းတူ ဤအစီရင်ခံစာအပေါ် စိတ်ပါဝင်စားမှု ရှိလိမ့်မည်ဟု KHRG မှယုံကြည်ထားပါသည်။

# အဓိကကျသော တွေ့ရှိချက်များ

၁။ မြန်မာနိုင်ငံတော်အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့အကြား ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီ မှု ရယူခဲ့သည့် ၂၀၁၂ ခုနှစ်မှစ၍ ယခုအချိန်ထိ မြန်မာ နိုင်ငံအရှေ့တောင်ပိုင်း ကရင်လူမျိုးများ နေထိုင်ရာဒေသများမှ ကရင် အမျိုးသမီးများကငင်း တို့အနေဖြင့် အစိုးရမှဦးဆောင် လုပ်ကိုင်လျက်ရှိသောကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများအပေါ် သံသယရှိပြီး အယုံအကြည်မရှိကြောင်း ဆွေးနွေး တင်ပြ ကြသည်။ ထိုအမျိုးသမီးများအနေနှင့် အစိုးရအပါအဝင် အစိုးရ ထောက်ပံ့သော စာသင်ကျောင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှ အစိုးရဝန်ထမ်းများအား ယခုအချိန်ထိ ၎င်းတို့၏စိတ်တွင် ယုံကြည်မှု ကင်းမဲ့လျက်ရှိနေကြသေးသည်။

၂။ ၂၀၁၂ ခုနှစ်တွင် ရယူခဲ့သော ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကြောင့် ကရင်ပြည်နယ်ရှိ အချို့ဒေသများတွင် တိုက်ပွဲများ၊ ပဋိပက္ခများလျော့နည်းလာပြီး အမျိုးသားများ ကျေးရွာများသို့ပြန်လည် ရောက်ရှိလာကြသည်။ အကျိုး ဆက်အနေနှင့် အမျိုးသမီးများသည် ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရာထူးများမှ ဖယ်ရှားခံကြရကြောင်း အမျိုးသမီးအချို့မှ ၎င်းတို့၏ တွေ့ရှိချက်များကို တင်ပြကြပါသည်။ ယခင်က အမျိုးသားများအနေနှင့် ပဋိပက္ခများ တွင် ပါဝင်နေခဲ့ခြင်း သို့မဟုတ် အခြား ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်းကြောင့် အမျိုးသမီးများက ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရာထူးများကို တာဝန်ယူဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ပါသည်။

၃။ ကျေးလက်ဒေသများတွင်နေထိုင်ကြသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့နေ ထိုင်သော ကျေးရွာများနှင့် လွန်စွာကွာဝေးသော မြို့ပြများတွင်သာရှိသည့် မူလတန်းလွန်ကျောင်းများတွင် စာသင်ကြားခွင့်နှင့် ပြည့်စုံလုံ လောက်သော ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်များကို အမျိုးသားနှင့် ယောကျ်ားလေးများကဲ့သို့ တန်းတူမရ ရှိနိုင် ကြပေ။ အဘယ်ကြောင့်ဆိုသော် မိန်းကလေးငယ်များနှင့် အမျိုးသမီးများသည် ၎င်းတို့ရွာမှ ခရီးဝေးသွားရာတွင် လမ်းခရီး၌ အနှောင့်အယှက် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သောကြောင့် ဖြစ်သည်။ ထို့အပြင် ကျောင်းတက်နိုင်ရန် သို့မဟုတ် ဆေးဝါးကုသမှုခံယူရန်အတွက် ငွေကြေးလုံလောက်မှု မရှိခြင်းသည်လည်း အမျိုးသမီးများအတွက် အခွင့်အရေး ဆုံးရှုံး စေပါသည်။

၄။ အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့မှ ၂၀၁၂ ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည့်အပြင် နောက်ဆက်တွဲ တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ပါဝင် သဘောတူညီလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သော်လည်း အမျိုးသမီးများအနေနှင့် ၎င်းတို့နေထိုင်ရာ ဒေသများတွင် လက်နက်ကိုင်တပ်ဖွဲ့များ ဆက်လက် တပ်စွဲထားခြင်းကြောင့် ၎င်းတို့ဘဝအတွက် လုံခြုံမှုအပြည့်အဝ မရရှိသေးကြောင်းနှင့် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ များပြားလာနိုင်ကြောင်း တင်ပြခဲ့ကြပါသည်။ ဤသို့ ဘေးအန္တရာယ်များနှင့် ခြိမ်းခြောက်မှုများ ဆက်လက်တည်ရှိနေခြင်းသည် အမျိုးသမီးများအနေနှင့် စားဝတ်နေရေးအတွက် လယ်ယာစိုက်ခင်းများနှင့် သစ်တောများထဲသို့ သွားရောက်အလုပ်လုပ်ရန်၊ စာသင်ခန်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက် ရန်အတွက် အတားအဆီး အနှောင့်အယှက် ဖြစ်စေသည်။

၅။ ၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ရယူပြီး နောက်ပိုင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တစ်လျှောက် အဓိက ရင်ဆိုင်ကြုံတွေ့ရသော ပြဿနာမှာ မြေယာသိမ်းဆည်းခံရမှုဖြစ်သည်ဟု အမျိုးသမီးများက ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ ဆက်လက်၍ အမျိုးသမီးများက မြေယာ သိမ်းဆည်းမှုများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အလွန်ထိခိုက်နစ်နာ စေကြောင်းနှင့် မြေယာသိမ်းဆည်းခံရမှုများကို တရားမျှတမှုဆိုင်ရာ ယန္တရားများ ရယူအသုံးပြုပြီး ဖြေရှင်းရန်အတွက် ၎င်းတို့အနေဖြင့် လက်လှမ်းမမှီဘဲ အခက်အခဲများစွာ ကြုံတွေ့နေရကြောင်းကို မီးမောင်းထိုး တင်ပြထားပါသည်။

၆။ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးချို့တဲ့သော အမျိုးသမီးများနှင့် အတန်းပညာနိမ့်ပါးသော အမျိုးသမီးများသည် သာမန် အမျိုးသမီးများထက် ကျား၊မ အခြေပြုအကြမ်းဖက်မှုများကို ပိုမိုခံစားကြရကြောင်း KHRG ၏ သတင်းမှတ်တမ်းများတွင် အများအပြား တွေ့ရှိရပါသည်။ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ချို့တဲ့သူအမျိုးသမီးများသည် သာမန်အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် အကြမ်းဖက်မှုများကို ခွန်အားဖြင့် ပြန်လည်ခုခံတွန်းလှန်ရန် အင်အားနည်းပါးသည်ဟု ယူဆထားသည်။ ထို့အပြင် စိတ်ကျန်းမာရေး ခံစားနေရသူများအပေါ် ထားရှိသော မကောင်းမြင်မှုများကြောင့် ၎င်းတို့ခံစားရသော အကြမ်းဖက်မှုများကို တင်ပြတိုင်ကြားနိုင်ရန်နှင့် ဥပဒေ၏ အကာအကွယ်ကို ရယူရန် ပိုမိုခက်ခဲမှုရှိသည်။

# အကြံပြုတင်ပြချက်များ

အောက်ပါအကြံပြုချက်များသည် အဓိကသတင်းပေးသူများနှင့်တွေ့ဆုံမေးမြန်းမှုများ၊ KHRG သတင်းအချက်အလက် များကို ကွင်းဆင်းရယူမှုများမှရရှိခဲ့ပြီး စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံများ နှင့် KHRG သတင်းကွင်းဆင်းလေ့လာသူများ မှပူးပေါင်းဆောင်ရွက်ခြင်းမှ ထွက်ပေါ်လာသော အကြံပြု ချက်များ ဖြစ်သည်။

## မြန်မာနိုင်ငံတော်အစိုးရ (အုပ်ချုပ်ရေးနှင့် ဥပဒေပြုအဖွဲ့များ) နှင့် ကရင်အမျိုးသားအစည်းအရုံးတို့မှလုပ်ဆောင်သင့်သည့် အရာများ

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ် (CEDAW) ၏ အပိုဒ် ၁၊ ၂ နှင့် ၎င်း စာချုပ်ပါ အထွေထွေ အကြံပြုချက် အမှတ်စဉ် ၁၉ နှင့် ၃၃ များအရ ဥပဒေပြု ယန္တရားတစ်ခုလုံး မှန်ကန်တိုးတက်လာစေရန် ပြုလုပ်ခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေးခြင်းအားဖြင့် အမျိုးသမီးများအနေနှင့် ၎င်းတို့ခံစားရသော ကျားမ အခြေပြု အကြမ်းဖက်မှုများနှင့် အခြားသောမြေယာ သိမ်းဆည်းမှုများကို ဒေသခံ အာဏာပိုင်များထံ အန္တရာယ်ကင်းစွာ တိုင်ကြားတင်ပြနိုင်ကြမည် ဖြစ်သည်။ ထိုမှတဆင့် ဒေသခံ အာဏာပိုင်များမှ ပြစ်မှုကျူးလွန်သူများကို လွတ်လပ်၍ ဘက်လိုက်မှုကင်းသော အရပ်ဘက် တရားရုံးများသို့ တင်ပြ တရားစွဲဆိုနိုင်မည်ဖြစ်မည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁၊ ၂၊ ၅ နှင့် ၎င်း စာချုပ်ပါ အထွေထွေ အကြံပြုချက် အမှတ်စဉ် ၁၉ အရ ဒေသခံအာဏာပိုင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တရားဥပဒေစိုးမိုးရေး အာဏာပိုင်များနှင့် စစ်ဘက်ဆိုင်ရာ တာဝန်ရှိ သူများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် သက်ဆိုင်သော အမှုအခင်းများကို ကိုင်တွယ်ရာတွင် တရားဥပဒေနှင့်အညီ ဆီလျော် သင့်မြတ် စွာ ကိုင်တွယ်ဖြေရှင်းခြင်း ရှိစေရန် လုပ်ဆောင်ရမည်။ အမျိုးသမီးများကို ထိခိုက်နစ်နာစေမည့် လုပ်ဆောင်ချက်များ နှင့် လူမှုရေး ထုံးတမ်းစဉ်လာအပြုအမူများ ပြောင်းလဲပစ်နိုင်ရန် အထက်ပါတာဝန်ရှိသူ များအားလုံး သိရှိနားလည် လာစေရန် လုပ်ဆောင်ရပါမည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁၊ ၂၊ ၅၊ ၁၄-၁၆ နှင့် ၎င်းစာချုပ်ပါ အထွေထွေ အကြံပြုချက် အမှတ်စဉ် ၃၊၂၁၊၂၇ နှင့်၃၄ များအရ ကျား၊ မတန်းတူ အခွင့်အရေး မရခြင်း၊ အမျိုးသမီးများမှ အမျိုးသားများနှင့် အတူတကွ မိမိတို့ ပိုင်ဆိုင်သော မြေယာများကို မှတ်ပုံတင်ခွင့် အပါအဝင် ကျေးလက်ဒေသရှိ အမျိုးသမီး အခွင့်အရေးများနှင့် ပတ်သက်၍ ပိုမိုနားလည် သဘော ပေါက်စေရန် မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့် ဒေသအတွင်း အုပ်ချုပ်ရေးရုံးများကို အမြင်ဖွင့်သင် တန်းများ ပေးခြင်း တို့ကို လုပ်ဆောင်ပေးရပါမည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁၊ ၄၊ ၇၊ ၈ နှင့် ၎င်းစာချုပ်ပါ အထွေထွေ အကြံပြုချက် အမှတ်စဉ် ၅၊ ၂၃ နှင့်၂၅ များအရ ရပ်ကွက် ကျေးရွာ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည် ထောင်စုအဆင့် အစိုးရအဖွဲ့များတွင် နိုင်ငံ ကိုယ်စားပြု အဆင့်ရှိ ခေါင်းဆောင်ပိုင်း ရာထူးနေရာများတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံမှအ မျိုးသမီးများ၊ ရွှေ့ပြောင်းနေထိုင်ရာမှ ပြန်လည် ရောက်ရှိလာသူ အမျိုးသမီးများ အပါအဝင် အမျိုးသမီး အားလုံး ညီတူညီမျှ ပါဝင်နိုင်ရေး အတွက် လုပ်ဆောင်သင့်သည်။ ဤရည်မှန်း ချက်ပန်းတိုင်သို့ ရောက်ရှိရန် ယာယီ အထူးတိုင်းတာလုပ်ဆောင်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ် ပါသည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁၄ နှင့် ၎င်းစာချုပ်ပါ အထွေထွေ အကြံပြုချက် အမှတ်စဉ် ၃၄ အရ မြေယာသိမ်းဆည်းမှု များကြောင့်သော် လည်းကောင်း၊ မြေမြှုပ်မိုင်းပြဿနာများကြောင့် သော်လည်းကောင်း၊ အခြားသော လူ့အခွင့်အရေးချိုး ဖောက်မှုများ ကြောင့်သော်လည်းကောင်း ကျေးလက်ဒေသအတွင်းနေထိုင်သော အမျိုး သမီးများကို ထိခိုက်စေသော အသက် မွေးဝမ်းကျောင်းမှုဆိုင်ရာ စိုးရိမ်မှုများဖြစ်သည့်ကိစ္စများအား ဖြေရှင်းပေး ရပါမည်။ ထိုသို့ ဖြေရှင်းရာတွင် အမျိုး သမီး များအား ၎င်းတို့၏ ပညာရေး၊ နစ်သိမ့်ဆွေးနွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း နှင့်လူမှုဘဝ လုံခြုံစေ သည့် အစီအစဉ်များဖြင့် ကူညီထောက်ပံ့ရမည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်(CEDAW) တွင် ပါဝင်သော ရွေးချယ်နိုင် သည့် ပဋိမသဘောတူညီချက် (OP-CEDAW)ကို မြန်မာနိုင်ငံ အစိုးရ အနေ ဖြင့် အတည်ပြုသဘောတူ လက်မှတ်ရေးထိုးပေးခြင်းဖြင့် အမျိုးသမီးများသည် (CEDAW) ကော်မတီသို့ တစ်ဦးချင်းစီသီးခြား တိုင်ကြားစာပေးပို့နိုင်မည်ဖြစ်သည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁၀၊ ၁၄(၂)-(ဃ)နှင့် ထိုစာချုပ်ပါ အထွေထွေ အကြံပြုချက် အမှတ်စဉ် ၃၄ အရ မြန်မာနိုင်ငံ အစိုးရပညာရေးဝန်ကြီးဌာနနှင့် ကရင်အမျိုးသား အစည်းအရုံး၏ ပညာရေးဌာနတို့သည် ဒေသခံ ပြည်သူများနှင့် တိုင်ပင်ပြီး ကျေးလက်ဒေသများ၌ အလယ်တန်းနှင့် အထက်တန်းကျောင်းများ ကို ပိုမို ဖွင့်လှစ်ပေးခြင်းအားဖြင့် အမျိုးသမီးငယ်များ လုံခြုံစိတ်ချစွာ အိုးအိမ်မကွာဘဲ အလယ်တန်းနှင့် အထက်တန်း ကျောင်းပညာများကို ဆည်းပူးသင်ယူနိုင်မည် ဖြစ်ပါသည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁၀ နှင့် ၎င်းစာချုပ်ပါ အထွေထွေ အကြံပြုချက် အမှတ်စဉ် ၃ နှင့် ၁၉ များအရ မြန်မာနိုင်ငံ အစိုးရ ပညာရေးဝန်ကြီးဌာနနှင့် ကရင်အမျိုးသားအစည်းအရုံး၏ ပညာရေးဌာနတို့သည် သင်ရိုးညွှန်းတမ်းများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အမျိုးသမီးများသည် လိင်သဘောသဘာဝအရ ထိခိုက်လွယ်မှု စသည်တို့နှင့် သက်ဆိုင်သော အမြင်ဖွင့် သင်ခန်းစာများကို ထည့်သွင်းသင်ကြား သင့်သည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးသဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁၂၊ ၁၄(၂)-(ဃ) နှင့် ၎င်းစာချုပ်ပါ အထွေထွေ အကြံပြု ချက် အမှတ်စဉ် ၂၄၊ ၃၄ များအရ ကျေးလက်ဒေသနေ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်း မရှိဘဲ ကျန်းမာရေး စောင့်ရှောက်မှုများ၊ အထူးသဖြင့် ကိုယ်ဝန် ဆောင် မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိလက်လှမ်း မှီနိုင်ကြရန် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကရင်အမျိုးသား အစည်းအရုံး၏ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဌာနမှလုပ် ဆောင်ပေးရမည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်(CEDAW)၏ အပိုဒ် ၁၂၊ ၁၄ နှင့် ၎င်းစာ ချုပ်ပါ အထွေ ထွေ အကြံပြု ချက် အမှတ်စဉ် ၂၄၊ ၃၄ များအရ အမျိုးသမီး ကျန်းမာရေးအသိပညာပေးခြင်းနှင့် ပက်သတ်ပြီး ကျေးလက် ဒေသအတွင်းတွင် လုပ်ငန်းများကို အကောင်အထည် မဖေါ်မီ ယုံကြည်စိတ်ချရသော ဒေသခံကျန်းမာရေးလုပ်သားများကို ညွှန်ကြား၍ ဒေသခံအမျိုးသမီးများနှင့် တိုင်ပင် ဆွေးနွေးပူးပေါင်းပြီးမှ လုပ်ဆောင်ရမည်။

## တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လှုပ်ရှားနေကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသို့အကြံပြုချက်များ

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးသဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁ နှင့် ၎င်းစာချုပ်ပါ အထွေထွေ အကြံပြု ချက် အမှတ်စဉ် ၃၀ အရ အမျိုးသမီးများအပေါ် ကျား၊မ အခြေပြု အကြမ်းဖက်မှုများ ဖြစ်ပွားမှုကို လျှော့ချရန်အတွက် လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် သာမန်ပြည်သူများ နေထိုင်ရာဒေသများ အနီးတွင် ပဋိပက္ခများ မဖြစ်ပွားစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမည်။ ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ကြေငြာခဲ့သော ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ရပ်တန့် ရေး နှင့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီထုတ်ပြန်ချက် အမှတ်စဉ် ၁၃၂၅ (၂၀၀၀ခုနှစ်)၊ ၁၈၂၀ (၂၀၀၈ခုနှစ်)၊ ၁၈၈၈ (၂၀၀၉ခုနှစ်)၊ ၁၉၆၀ (၂၀၁၀ခုနှစ်)၊ ၂၀၁၆ (၂၀၁၃ခုနှစ်)၏ ကြေငြာချက်အတိုင်း ပဋိပက္ခများအတွင်း အမျိုးသမီးများကို အကာအကွယ်ပေးရမည်။

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးသဘောတူညီချက်စာချုပ်(CEDAW) ၏ အပိုဒ် ၁၊ ၂ နှင့် ၎င်းစာချုပ်ပါ အထွေထွေ အကြံပြုချက် အမှတ်စဉ် ၁၉၊ ၃၃ များအရ ကျူးလွန်ခံရသူ အမျိုးသမီးများ၏ အရှက်နှင့် ဂုဏ်သိက္ခာကို လေးစားထဲ့ကွက်သကဲ့သို့ ကျား၊မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်သူစစ်သားများကိုလည်း တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော တရားစီရင်ရေး စနစ်ဖြင့် တရားစီရင်ရမည်။

## မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လုပ်ငန်းလုပ်ဆောင်နေသော ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့များသို့ အကြံပြုချက်များ

- ကျေးလက်ဒေသများရှိ အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်မှုလုပ်ငန်းများတိုးတက်လာစေရန်အစိုးရဝန်ထမ်းသားဖွားဆရာမများ၊အရပ်လက်သည်များနှင့်ကျန်းမာရေးလုပ်သားများကို သင်တန်းပေးခြင်းနှင့် လမ်းညွှန်မှုများပေးခြင်းများကို လုပ်ဆောင်ရာတွင် ကူညီထောက်ပံ့မှုများ ပေးရပါမည်။

- အမျိုးသမီးများပါဝင်လုပ်ဆောင်ခြင်း၊ အပြန်အလှန် နှီးနှောပြောဆိုခြင်းများနှင့် မိမိတို့ဒေသများအတွက် ဆုံးဖြတ် ချက်ချခြင်း လုပ်ငန်း စဉ်များ အားလုံးတွင် ပါဝင်နိုင်ကြရန် တိုက်တွန်းခြင်းများ လုပ်ဆောင်ရာတွင် ကူညီ ထောက်ပံ့မှုများ ပေးသင့်သည်။ ဥပမာအနေဖြင့် အမျိုးသမီးများကို သင်တန်းများပေးခြင်းနှင့် ပညာရေးဆိုင်ရာ အထောက်အပံ့များ ပေးခြင်းဖြင့် ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ပေးရမည်။

### မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများကို ထောက်ခံအားပေးသော နိုင်ငံတကာ အသိုင်းအဝိုင်းများသို့ အကြံပြုချက်များ

- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် ထိုင်းနယ်စပ်ဒေသများတွင် အမျိုးသမီးများအတွက် အဓိကလို အပ် သော ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် သင်တန်းနှင့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးနေ သော၊ ကျားမ အခြေပြု အကြမ်းဖက်မှု ခံစားခဲ့ရသော အမျိုးသမီးများအတွက် ဝန်ဆောင်မှုပေးနေသည့် ဒေသခံအဖွဲ့အစည်းများကို အဓိကထားပြီး ရန်ပုံငွေများ ပေးအပ်ရမည်။

- အုပ်ချုပ်ရေးလုပ်ငန်း အဆင့်ဆင့်တွင်လည်းကောင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ အပြန် အလှန်နီးနှောတိုင်ပင်ခြင်းများတွင် တိုင်းရင်းသားပေါင်းစုံမှ အမျိုးသမီးများ တန်းတူညီစွာ ပါဝင်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များတွင် ထောက်ပံ့ကူညီခြင်းနှင့် ရန်ပုံငွေများ ပေးအပ်ခြင်းများ လုပ်ဆောင်ရမည်။

- မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ကျေးလက်နေ အမျိုးသမီးများအတွက် အထူးသဖြင့် ကိုယ်ဝန်ဆောင် မိခင်များ အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်နေသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ရန်ပုံငွေများပေးအပ်ခြင်း၊ သင်တန်းများပေးခြင်းနှင့် စွမ်းရည်များ မြှင့်တက်လာစေရန် လုပ်ဆောင်ပေးခြင်း စသည်တို့ကိုပြုလုပ်ရမည်။

## အသေးစိတ်ရှာဖွေတွေ့ရှိချက်များ

### ကျန်းမာရေးနှင့် ပညာရေး

- မြန်မာနိုင်ငံတော်အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ထိုးခဲ့သော ဇန်နဝါရီလ ၂၀၁၂ ခုနှစ် မှ မတ်လ ၂၀၁၆ ခုနှစ် ကြားကာလ တွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကရင်လူမျိုး နေထိုင်ရာ ဒေသများမှကရင်အမျိုးသမီးများက ၎င်းတို့အနေဖြင့် မြန်မာအစိုးရမှ ဦးဆောင်လုပ်ကိုင်လျက်ရှိသော ကျန်းမာရေးနှင့် ပညာရေး လုပ်ငန်း များအပေါ် သံသယရှိပြီး အယုံအကြည်မရှိကြောင်း ဆွေးနွေး တင်ပြခဲ့ကြသည်။ အမျိုးသမီးများက အစိုးရဝန်ထမ်းများမှ ပေးသော သင်တန်းများနှင့် ထိုဝန်ထမ်းများ၏ ကျွမ်းကျင်မှုများအပေါ် သံသယဖြစ်ပြီး သင်တန်း တက်ရောက်ခဲ့ရခြင်း မရှိသော ကျောင်းဆရာများ၊ ဆေးမှားပေးသောကျန်းမာရေးဝန်ထမ်းများနှင့် ကိုယ်တိုင် ကြုံတွေ့ခဲ့ရပုံများကို ဆွေးနွေး တင်ပြထားသည်။

- ကျေးလက်ဒေသများတွင် နေထိုင်ကြသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့ နေထိုင်သော ကျေးရွာများနှင့် မူလတန်းလွန်ကျောင်းများအကြား ခရီးဝေးကွာသဖြင့် စာသင်ကြားခွင့် ကို အမျိုးသားများနှင့် တန်းတူမရရှိနိုင်ကြပေ။ ကျေးလက်ဒေသနေ မိန်းကလေးများသည် ရွာရှိမူလ တန်းကျောင်း အောင်မြင်ပြီးနောက် ၎င်းတို့၏ လုံခြုံရေးအား အကြောင်းပြ၍သော်လည်းကောင်း၊ ထုံးတမ်းစဉ်လာအရ မိန်းကလေးများအနေနှင့် မိသားစုနှင့်သာနီးကပ်စွာ နေထိုင်သင့်သည်ဟူသော အယူအဆများကြောင့် မြို့များတွင်သာရှိသော အလယ် တန်းနှင့် အထက်တန်း ပညာရေးကို ဆက်လက်သင်ယူရန် ၎င်းတို့အား တွန်းအားပေးမှု ခံရခြင်း မရှိကြပေ။

- ရွာများနှင့် ဆေးရုံဆေးခန်းများအကြား အလှမ်းဝေးကွာမှုကြောင့် ကျေးလက်နေ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ပြည့်စုံလုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိနိုင်ရန် လက်လှမ်းမမီကြပေ။ ကျေးလက်တောရွာနေ အမျိုးသမီးများ အနေနှင့် ကိုယ်ဝန်ဆောင်ချိန်တွင်သော်လည်းကောင်း၊ မီးဖွားရာတွင်သော်လည်းကောင်း၊ ဆေးရုံဆေးခန်းများတွင် သွားရောက်ပြသ မီးဖွားနိုင်ခြင်း မရှိသော ကြောင့် ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်ခြင်းမရှိပဲ အမျိုးသမီးများ အနေနှင့် နေအိမ်တွင်သာ ဆက်လက် မီးဖွားနေရသည့် စိုးရိမ်မှုအခြေအနေများကို တင်ပြထားသည်။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် အခြားသော အနှောင့်အယှက် အတားအဆီး များမှာ ခရီးသွားရာတွင် လုံခြုံစိတ်ချမှုမရှိခြင်း ကဲ့သို့သော ၎င်းတို့၏ ဘေးကင်းလုံခြုံမှုအား ခြိမ်းခြောက်နေမှုများနှင့် ဆေးဝါး၊ ဆေးကုသမှုခံယူရန်အတွက် ငွေကြေးပြည့်စုံ လုံလောက်မှု မရှိခြင်း စသည့် အတားအဆီးများပင်ဖြစ်သည်။

- အမျိုးသမီးများက ၎င်းတို့အနေဖြင့် ကျေးလက်ဒေသရှိ ကျောင်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ အကြောင်း ပိုမိုနားလည်သိရှိရန်မေးခွန်းများ မေးချင်ကြသော်လည်း ထိုသတင်းအချက်အလက်များ ရရှိရန် နည်းလမ်းများ ရှာဖွေသည့်အချိန်တွင် သို့မဟုတ် အကြံဉာဏ်များပေးချိန်တွင် အမျိုးသမီးများ အနေနှင့် အနှောင့်အယှက် အတားအဆီးများ တွေ့ကြုံရသည့်အကြောင်းများကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့အပြင် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၏ အရည်အသွေးသည် ဝန်ထမ်းတစ်ဦး တစ်ယောက်ချင်းစီ၏ စိတ်နေသဘောထား အပေါ်တွင် များစွာ မူတည်သည်ဟု အမျိုးသမီးအချို့မှ ခံစားရကြောင်း ထုတ်ဖော်

ပြောဆိုကြသည်။ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် တိုးတိုးတိတ်တိတ်တစ်မျိုး ထင်ထင်ပေါ်ပေါ် တစ်ဖုံ ငွေကြေး တောင်းခံမှုများကြောင့် အမျိုးသမီးများအနေနှင့် ၎င်းတို့အတွက် အရေးပါသည့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူရန် အခက်အခဲများ ကြုံတွေ့ကြရပါသည်။ တိုးတိုးတိတ်တိတ် တောင်းဆိုသည့်ငွေများဟု ဆိုရာတွင် ကျောင်းများ၌ ခေါင်းစဉ်အတိအကျ သတ်မှတ်ထားခြင်း မရှိဘဲ အပိုထပ်ဆောင်း တောင်းဆိုသည့် ငွေများကိုဆိုလိုသည်။

## အပစ်အခတ်ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ နှင့် ရွေးကောက်ပွဲ

- ၂၀၁၂ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရေးထိုးပြီးနောက် ကရင်ပြည်နယ်ရှိ အချို့ဒေသများတွင် တိုက်ပွဲများ၊ ပဋိပက္ခများလျော့နည်းလာသောကြောင့် အမျိုးသားများ ကျေးရွာများသို့ ပြန်လည်ရောက်ရှိလာကြပြီး အကျိုးဆက်အနေနှင့် အမျိုးသမီးများသည် ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရာထူးများမှ ဖယ်ရှားခံကြရကြောင်း အမျိုးသမီးအချို့တို့မှ ၎င်းတို့၏ တွေ့ရှိချက်များကို တင်ပြကြပါသည်။

- ၂၀၁၂ ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အမျိုး သမီးများ အနေနှင့် ၎င်းတို့ နေထိုင်ရာဒေသများတွင် လက်နက်ကိုင် တပ်ဖွဲ့များ ဆက်လက် တပ်စွဲ ထားခြင်းကြောင့် ဘဝလုံခြုံမှု အပြည့်အဝ မရှိသေးကြောင်း၊ အဓိကအားဖြင့် ကျား၊မ အခြေပြု အကြမ်းဖက် မှုများ ပိုမိုများပြား လာနိုင်သည်ဟု အမျိုးသမီးများက ဆက်လက် တင်ပြခဲ့ကြသည်။ ဤကဲ့သို့သော ဘေးအန္တရာယ်နှင့် ခြိမ်းခြောက်မှုများ ဆက်လက် တည်ရှိနေခြင်း သည် အမျိုးသမီး များ၏ စားဝတ်နေရေးအတွက် လယ်ယာစိုက်ခင်းများနှင့် တောတွင်းသို့ သွားရောက်ရန်၊ စာသင်ခန်းများနှင့်ဆေးရုံ ဆေးပေးခန်းများသို့ သွားရောက်ရန်အတွက် အတားအဆီး အနှောင့်အယှက် ဖြစ်စေသည်။

- အမျိုးသမီးအချို့မှ ၂၀၁၅ ရွေးကောက်ပွဲသည် ကရင်လူမျိုးများအတွက် အကျိုးရှိသည်ဟု ထင်မြင်ခြင်းမရှိပါ။ အမျိုးသမီး အချို့က ရွေး ကောက်ပွဲရလဒ်အား အကောင်းမြင်သော်လည်း အချို့မှာမူ အစိုးရသစ်၏ မူဝါဒပြောင်းလဲမှုများကို မမြင်တွေ့ရသ၍ ရွေး ကောက်ပွဲရလဒ်အပေါ် ဝေဖန်ပြောဆိုရန် ဝန်လေးဆဲရှိပါသည်။

## ကျား၊မ အခြေပြု အကြမ်းဖက်မှု

- စိတ်ပိုင်းဆိုင်ရာကျန်းမာရေးချို့တဲ့သော အမျိုးသမီးများနှင့် အတန်းပညာနိမ့်ပါးသော အမျိုးသမီးများသည် သာမန် အမျိုးသမီးများထက် ကျား၊မ အခြေပြု အကြမ်းဖက်မှုများကို ပိုမို ထိခိုက်ခံစားကြရ ကြောင်း KHRG မှရယူသော သတင်းမှတ်တမ်းများတွင် အများအပြား တွေ့ရှိရပါသည်။ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးချို့တဲ့သော အမျိုးသမီးများသည် သာမန်အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် အကြမ်း ဖက်မှုများကို ပြန်လည်ခုခံတွန်းလှန်ရန် အင်အားနည်းပါးသည်ဟု ယူဆထားကြပြီး စိတ်ကျန်းမာရေး ချို့တဲ့သူများ အပေါ် ထားရှိသော မကောင်းသည့် စိတ်သဘောထားများက ထိုအမျိုးသမီးများအတွက် သက်ဆိုင်ရာသို့ တိုင်တန်းရာတွင် ပိုမို၍ အခက် တွေ့စေသည်။

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကျူးလွန်သူသည် ကျူးလွန်ခံခဲ့ရသူများ သက်ဆိုင်ရာသို့ တိုင်ကြား သတင်းပေးပြောဆိုမှု မပြုလုပ်ရန်ထို အမျိုးသမီးနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှု နှင့် ခြိမ်းခြောက်ပြောဆိုမှုများ ကြမ်းတမ်းစွာ လုပ် ဆောင်လေ့ရှိသည်။ ကျား၊မ အခြေပြု အကြမ်းဖက်မှုကို ကျူးလွန်သူများသည် ၎င်းတို့၏ လုပ်ရပ်များအတွက် အပြစ်ရှိသည်ဟု မယူဆကြဘဲ ထပ်တလဲလဲ ကျူးလွန်ကြပြီး တိုင်တန်းရန်ကြိုးပမ်းသူ အမျိုးသမီးများကိုလည်း အစဉ်အမြဲ တုန့်ပြန်ခြိမ်းခြောက်ဖိနှိပ်မှု များ လုပ်ဆောင်ကြသည်။ အထူးသဖြင့် ကျူးလွန်သူသည် တပ်မတော်မှ အမှုထမ်းများကဲ့သို့ အာဏာရှိသူများ ဖြစ်ပါက ထိုကဲ့သို့ ပြုမူနိုင်ချေ ပိုများပါသည်။

- ကျား၊မ အခြေပြု အကြမ်းဖက်မှုကို ခံစားခဲ့ကြရသည့် အမျိုးသမီးများအနေနှင့် ဥပဒေလမ်းကြောင်းအရ အကူအညီရယူရန်အတွက်အခက် အခဲအတားအဆီးများစွာ ရှိသည်။ အကြမ်းဖက်မှုကို တိုင်ကြားသူ အမျိုးသမီးများ၏ တိုင်ကြားချက်ကို ယုံကြည်မှုမရှိပဲ ကျူးလွန်ခံရသူအ မျိုးသမီးများသည် ၎င်းတို့ခံစားခဲ့ရခြင်း အတွက် ၎င်းတို့ကိုယ်တိုင်တွင် တာဝန်ရှိသည်ဟု ဝေဖန် အပြစ်တင်ကြသည်။ ကျား၊မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်ခံရသူများကို လျော်ကြေးငွေ အနည်းငယ်ဖြင့် နှစ်သိမ့်ခြင်း သည် လုံလောက်သည့် ဖြေရှင်းနည်း မဟုတ်သကဲ့သို့ သင့်လျော်သော ဖြေရှင်းနည်းလည်း မဟုတ်ပါ။

## အသက်မွေးဝမ်းကျောင်းနှင့် မြေယာသိမ်းဆည်းမှုပြဿနာ

- ၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးပြီး နောက်ပိုင်းတွင် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒေသတစ်ဝှမ်းတွင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသော အခွင့်အရေးချိုးဖောက်ခံရမှု အများစုမှာ မြေယာ သိမ်းဆည်းခံရမှုပင်ဖြစ်သည်။ မြေယာ သိမ်းဆည်းမှုအား ကျူးလွန်သူများမှာ တပ်မတော်၊ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်လှုပ်ရှားသော နယ်ခြားစောင့်တပ်၊ ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေး လုပ်ငန်းရှင်များ နှင့် နိုင်ငံတော်အစိုးရ တို့ဖြစ်ကြသည်။

- လမ်းများဖေါက်လုပ်ခြင်းများ၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းများ၊ စီးပွားအဖြစ် စိုက်ပျိုးရေး လုပ်ငန်း များနှင့် ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများ စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကြောင့် မြေယာသိမ်းဆည်းမှုများ ပိုမိုများပြားလာပါသည်။ အမျိုးသမီးများအနေနှင့် ၎င်းတို့၏ ဒေသအတွက် အမှန်တကယ် အကျိုးရရှိစေရန် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ညှိနှိုင်းတိုင်ပင်မှုများ လုပ်ဆောင်ရာတွင် ၎င်းတို့အား ပါဝင်ဆွေးနွေး အကြံပေးခွင့် ရရန် လိုလားကြသည်။

- အမျိုးသမီးများမှ မြေယာသိမ်းဆည်းခံရမှုများအပေါ် တုန့်ပြန်လုပ်ဆောင်သော နည်းလမ်းများမှာ တိုင်ကြားစာ ပေးပို့ခြင်း၊ မြေယာသိမ်းဆည်းသူများနှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်းခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ သတင်းပို့ခြင်းနှင့် ၎င်းတို့ပိုင်ဆိုင်သော မြေယာများကို မှတ်ပုံတင်နိုင်ရန် နည်းလမ်းရှာဖွေခြင်း စသည်တို့ဖြစ်ကြပါသည်။ မြေယာသိမ်းဆည်းခံရခြင်းများအတွက် လျော်ကြေးငွေရရှိရန်၊ နှစ်ဖက်တွေ့ဆုံ ညှိနှိုင်းနိုင်ရန်၊ သက်ဆိုင်ရာအာဏာပိုင်များမှ လာရောက်စစ်ဆေးပေးရန်စသည့် နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရန်လည်း အမျိုးသမီးများမှကြိုးပမ်းကြပါသည်။

- အမျိုးသမီးများသည် မြေယာသိမ်းဆည်းခံရခြင်းများအတွက် တရားဥဒေ၏ အကူအညီ ရယူရန် ကြိုးပမ်းရာတွင် အများအားဖြင့် အနှောင့်အယှက် အတားအဆီးများစွာနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ ထိုအထဲတွင် သက်ဆိုင်ရာ အာဏာပိုင်များနှင့် တွေ့ဆုံနိုင်ရန် ခက်ခဲခြင်းနှင့် ရွာသားများမှ သိမ်းဆည်းခံ မြေများနှင့် ပတ်သက်၍ တိကျသော သတင်းအချက်အလက်များ မရရှိခြင်းတို့ပါဝင်သည်။ သိမ်းဆည်းခံမြေယာများအတွက် လျော်ကြေးငွေပေး မည် ဟု ကတိပြုရာတွင်လည်းကောင်း၊ လျော်ကြေးငွေများပေး ရာတွင် လည်းကောင်း၊ ပေးချေမည့် သို့မဟုတ် ပေးချေသည့် ငွေပမာဏနည်းသည့်အတွက် အမျိုးသမီးများမှ ကျေနပ်မှု မရှိကြပေ။

- အထူးသဖြင့် အိမ်ထောင်မရှိသောအမျိုးသမီးများ၊ မုဆိုးမများနှင့် ခင်ပွန်းသည် အဝေးသို့ ရောက်ရှိနေသော အမျိုးသမီးများအနေနှင့် မြေယာသိမ်းဆည်းခြင်း ကိစ္စများတွင် ဖိအားပေးခံရသည် သာမက ဖွံ့ဖြိုးရေးနှင့် အခြေခံ အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းများ၏ဆိုးကျိုးသက်ရောက်မှုများကိုလည်း ခံစားရ သောကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် အကာအကွယ်မဲ့သူများအဖြစ် ပိုမို၍ ခံစား ကြရသည်။

- မြစ်ရေညစ်ညမ်းခြင်း၊ လယ်ယာမြေများပျက်စီးခြင်းနှင့် သစ်တောပြုန်းတီးခြင်း သို့မဟုတ် အများပိုင် သစ် တောများကို ရရှိနိုင်သည့်အခွင့်အရေးများဆုံးရှုံးခြင်း စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်ဖြစ် ပေါ်လာသော သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများသည် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို များစွာ ထိခိုက်နစ်နာစေပါသည်။ ထို့အပြင် ခန့်မှန်း၍ မရနိုင်သော ရာသီဉတုအခြေအနေနှင့် သီးနှံဖျက်ပိုးများ သည် လည်း ၎င်းတို့၏ စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များအပေါ် ထပ်လောင်း၍ဆိုးကျိုးသက်ရောက်စေသည့် စိန်ခေါ်မှုများဖြစ်ကြောင်း အမျိုးသမီးများက ဖော်ပြကြသည်။

## မြေမြှုပ်မိုင်းများ

- အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ ၂၀၁၂ ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူခဲ့ကြသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများက ၎င်းတို့သည် မြေမြှုပ်မိုင်းအန္တရာယ်များကို ဆက်လက်ရင်ဆိုင်နေရကြောင်း တင်ပြကြပါသည်။ မြေမြှုပ်မိုင်း အန္တရာယ်ဟုဆိုရာတွင် မြေမြှုပ်မိုင်းများကြောင့် လူသေဆုံးရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကျွဲ၊နွား၊ အိမ်မွေးတိရစ္ဆာန်များ ဆုံးရှုံးရခြင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ခက်ခဲလာခြင်းနှင့် မြေမြှုပ်မိုင်းများကြောင့် လယ်ယာစိုက်ခင်းများသို့ သွားရောက်ရန် အဟန့်အတားဖြစ်ခြင်း စသည်တို့ ပါဝင်သည်။

- မြေမြှုပ်မိုင်းများကြောင့် ခင်ပွန်းသည် ဆုံးရှုံးခဲ့ရသော အမျိုးသမီးများမှလည်း ၎င်းတို့အနေဖြင့် မိသားစု စားဝတ် နေရေးအတွက် လွန်စွာရုန်းကန်ကြရကြောင်း KHRG ထံသို့ အသနားခံ တင်ပြကြသည်။

## အတင်းအဓမ္မ လုပ်အားပေးခေါ်ယူခြင်း

- ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး ပဏာမ သဘောတူညီမှုရရှိပြီး နောက်ပိုင်းတွင် အမျိုးသမီးများမှ အတင်းအဓမ္မ လုပ်အားပေးစေခိုင်း ခံရမှုအကြောင်း တင်ပြပြောဆိုခြင်း အနည်းငယ်သာရှိသည်။ သို့သော် အချို့အခြေ အနေများတွင် အမျိုးသမီးများသည် တပ်မတော် သို့မဟုတ် မြန်မာပြည် အရှေ့တောင်ပိုင်းတွင် လှုပ်ရှားသော နယ်ခြားစောင့်တပ်များအတွက် ဝါးခုတ်ခြင်း၊ ဆောက်လုပ်ရေး တွင် ဝိုင်းကူ ပေးခြင်း၊ သို့မဟုတ်  သက်ကယ် အမိုးများ ပေးရခြင်း စသည့် အလုပ်များ လုပ်ကိုင် ပေးရကြောင်း တင်ပြကြသည်။

- အဓမ္မလုပ်အားပေးစေခိုင်းခံရသော အမျိုးသမီးများအနေဖြင့် လုပ်အားခ ငွေကြေး တစ်စုံတစ်ရာ ရရှိသည်ဟူ၍ တင်ပြထားသော အစီ ရင်ခံစာများကို KHRG မှလက်ခံရရှိခြင်းမရှိပေ။ အချို့ကိစ္စရပ်များ တွင် ရွာသားများသည် အတင်းအဓမ္မ လုပ်အားပေး စေခိုင်းသူများ နှင့် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးပြီး လုပ်အားပေးစေခိုင်းခြင်းများကို လျှော့ချပေးရန် တောင်းဆိုနိုင်ခဲ့ကြသည်။ သို့သော် အချို့သော ရွာသားများ သည် လုပ်အားပေးရန်အတွက် ငြင်းဆန်ခြင်းကြောင့် အပြစ်ပေးခြင်းခံကြရသည်။

## သတ်ဖြတ်ခြင်း၊ ထင်ထင်ပေါ်ပေါ် ခြိမ်းခြောက်မှုများပြုလုပ်ခြင်း၊ အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်ခြင်း

- သတ်ဖြတ်ခြင်း၊ ထင်ထင်ပေါ်ပေါ် ခြိမ်းခြောက်မှုများပြုလုပ်ခြင်း၊ အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်ခြင်း စသည်တို့ကို ခံစားရသူ အများစုမှာ အမျိုးသားများ ဖြစ်ကြောင်း KHRG မှရရှိသော သတင်းအချက်အလက်များတွင် တွေ့ရှိရသည်။ စုန်းကဝေမများဟု စွပ်စွဲ ခံရသူအမျိုးသမီးများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းနှင့် သုံးစွဲခြင်းကို ဆန့်ကျင်ထုတ်ဖော်ပြောဆိုသူ အမျိုးသမီးများသည် အထက်ပါ အမျိုးသားများကဲ့သို့ ကြမ်းတမ်းစွာ ကိုယ်ထိ လက်ရောက် နှိပ်စက်ပြုမူခြင်းများကို ခံရသည်သာမက အချို့တို့မှာ သတ်ဖြတ်ခြင်းကိုပင် ခံခဲ့ကြရသည်။

- အခွင့်အရေးတစ်ခုခုကို ချိုးဖောက်ခံရသော အမျိုးသမီးများသည် တရားဥပဒေ၏ အကူအညီကိုရယူရန် ကြိုးပမ်းကြသောအခါ ကျူးလွန်သူများက ၎င်းအမျိုးသမီးများကို ထင်ထင်ပေါ်ပေါ် ခြိမ်းခြောက်ခြင်း သို့မဟုတ် အကြမ်းဖက်ခြိမ်းခြောက်မှုများ ပြုလုပ်သည်။

- အမှုကိစ္စအများအပြားတွင် ကျူးလွန်သူများကပေးသော လျော်ကြေးများနှင့် ၎င်းတို့တောင်းဆိုသော အချက်များ ကို ကျူးလွန်ခံရသူ အမျိုးသမီးများက လက်ခံဖို့ရန် တွန်းဆုတ်ကြောင်း အမျိုးသမီးများက ပြောသည်။

## အဓမ္မ အခွန်ကောက်ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်း

- KHRG သတင်းစုဆောင်းသည့် နေရာဒေသများတစ်လျှောက်တွင် နေထိုင်သော အမျိုးသမီးများက ၎င်းတို့သည် အဓမ္မ အခွန်ကောက် ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်း စသည့် အလွဲသုံးစားပြုမှုများကို ခံစားကြရကြောင်း တင်ပြကြသည်။ ဤကဲ့သို့ အဓမ္မ အခွန်ကောက် ခံခြင်းနှင့် ခြောက်လှန့်တောင်းယူခြင်းကို လက်နက်ကိုင် အဖွဲ့များ သို့မဟုတ် ရဲများက တောင်းခံခြင်းဖြစ်သည်။

- အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်ခုတ်လုပ်ငန်း များနှင့် ခရီးသွားခြင်းများတွင် မပေးမနေရမတရားအခွန်ကောက်ခံခြင်းများကြောင့်အမျိုးသမီးများအတွက် များစွာထိခိုက်နစ်နာစေပါသည်။ ခြိမ်းခြောက်ငွေညှစ်ခြင်းမှာ အများအပြား ဖြစ်ပွားလေ့ မရှိသော်လည်း ရာဇဝတ် မှုများ ဖြေရှင်းနေစဉ်တွင် အမှုဆက်လက်ဆောင်ရွက်နိုင်ရန် ရဲများက အမျိုးသမီးများကို လာဘ်ငွေများ တောင်းခံ ခဲ့ခြင်းများပါဝင်သည်။

- အမျိုးသမီးများ တုန့်ပြန်လုပ်ဆောင်သည့် အချို့သော ကိစ္စရပ်များတွင် အမျိုးသမီးများသည် မတရား အခွန် ကောက်ခံခြင်းများကို ပေးဆောင်ရန်ငြင်းဆန်ခြင်း၊ သို့မဟုတ် အခွန်ကောက်ခံသူများနှင့် တွေ့ဆုံပြီး အခွန်ငွေ လျှော့ပေါ့ပေးရန် တောင်းဆိုခြင်း သို့မဟုတ် တရားဝင်ငွေလက်ခံဖြတ်ပိုင်းများ တောင်းခံခြင်း စသည့် အရာများကို လုပ်ဆောင်ကြပါ သည်။

# နိဒါန်း

*"ကျွန်မရဲ့အမြင်မှာတော့ အစိုးရပြောတာတွေကို လုံးဝအယုံအကြည်မရှိဘူး။ သူတို့ ကေအဲန်ယူနဲ့ အစိုးရ နှစ်ဘက်စလုံးမှာ ဟိုဘက်ရော ဒီဘက်ရောက သေနတ်ကိုင်ဆောင် ထားကြတယ်။ အရင်က သူတို့တွေဟာ ရန်သူတွေ ဖြစ်ကြတယ်။ အခု ငြိမ်းချမ်းရေးလုပ်ကြတယ်။ အခုထိတော့ ကျွန်မ မယုံနိုင်သေးဘူး။ ဒါပေမဲ့ သူတို့ သေနတ်တွေ မကိုင်တော့ဘူးဆိုရင်တော့ ကျွန်မယုံကြည်နိုင်မယ်။"*

နော် တ----(မ၊၅၀နှစ်)၊ စ---ရွာ၊ ကဒီးဖူး ကျေးရွာအုပ်စု၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၂၊ မေလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[1]

၂၀၁၂ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးကြားရှိ ပဏာမ အပစ်ခတ် ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးပြီးသည့် အချိန်မှစပြီး KHRG ၏ သတင်းစုဆောင်းရယူသည့် နယ်မြေဒေသအားလုံးတွင် တိုးတက်ကောင်းမွန်လာခဲ့ကြောင်း မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများမှ တင်ပြကြပါသည်။ လွန်ခဲ့သော ငါးနှစ်တာ ကာလအတွင်းတွင် မြန်မာနိုင်ငံသည် နိုင်ငံရေး ပြန်လည်ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ် အပါအဝင် လျင်မြန်ကြီးမားသော အသွင်ထူးခြားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ သည်ဟု သတ်မှတ်ခြင်းခံခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး(NCA)နှင့် ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD)မှ အပြတ် အသတ် အနိုင်ရသည့် အထွေထွေရွေးကောက်ပွဲကြီး စသည်များမှာ ယခင် အုပ်ချုပ်ခဲ့သော စစ်တပ်ကျောထောက် နောက်ခံ အစိုးရအဆက်ဆက်အား ပြောင်းလဲစေရန် ဦးတည်နေပါသည်။

ဤအစီရင်ခံစာသည် ဆယ်စုနှစ်ချီသော ပြည်တွင်းစစ် နောက်ပိုင်း အကူးအပြောင်းများကာလအတွင်း မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏ အတွေ့အကြုံများနှင့် ကြီးမားသော ပြောင်းလဲမှုများ ပြည့်စုံ ကျယ်ပြန့်စွာ တင်ပြရန် ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာအတွင်း ပါရှိသော အမျိုးသမီးများ၏ အသံ၊ ပြောဆို တင်ပြမှု အသေးစိတ်သည် KHRG မှ ဇန်နဝါရီလ ၂၀၁၂ မှ မတ်လ ၂၀၁၆ ခုနှစ်အတွင်း စုဆောင်းရရှိခဲ့သော တွေ့ဆုံမေးမြန်းခန်း ၉၈ ခုအပါအဝင် စီစစ်ထားသော အစီရင်ခံစာ ၁၀၄၈ ခုကို အခြေခံကာ ဖော်ပြထားပါသည်။ ဤအစီရင်ခံစာသည် ကျား၊မ အခြေပြု အကြမ်းဖက်မှု အပါအဝင် အထူးသဖြင့် အမျိုးသမီးများနှင့် သက်ဆိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြထားပြီး ထိုလူ့အခွင့်အရေးချိုးဖောက်မှုများသည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများနှင့် အမျိုးသားများအပေါ် မည်ကဲ့သို့ ကွဲပြားစွာ ဆက်လက် သက်ရောက်မှု ရှိနေသည်ကိုလည်း အဓိကထား ဖော်ပြထားပါသည်။ ထို့အပြင် အမျိုးသမီးများ မိမိကိုယ်ကို ခုခံကာကွယ်ရန် အသုံးပြုသည့်နည်းလမ်းများနှင့် အကြမ်းဖက်ချိုးဖောက် ခံရမှုအတွက် တရားမျှတမှု ရယူရန် ကြိုးစားရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကိုလည်း အထူး မီးမောင်းထိုး ဖော်ပြထားပါသည်။

ဤအစီရင်ခံစာသည် KHRG မှ ၂၀၀၆ ခုနှစ်တွင် ထုတ်ဝေခဲ့သော *Dignity in the Shadow of Oppression*[2] အမည်ရှိ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ကရင်အမျိုးသမီးများ တိုက်ပွဲပြင်းထန်သည့် ပဋိပက္ခကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ရင်ဆိုင်ရပုံနှင့် ထိုချိုးဖောက်မှုများအား တုန့်ပြန်ရန် အသုံးပြုသည့်နည်းလမ်းများ ဟူသည့် အစီရင်ခံစာအား အခြေခံထားပြီး ဖော်ပြထားသည့် နောက်ဆက်တွဲ အစီရင်ခံစာ ဖြစ်ပါသည်။ လွန်ခဲ့သည့် ဆယ်နှစ်မှ အမျိုးသမီးများ၏ အမြင်နှင့် ၎င်းတို့ရင်ဆိုင်ရသည့် ချိုးဖောက်မှုများအား ပြန်လည်လေ့လာသုံးသပ်ပြီးခဲ့သော်လည်း လက်ရှိပဋိပက္ခပြီးဆုံးသည့်ကာလအတွင်း အမျိုးသမီးများနှင့်ပတ်သက်ပြီး အခြေအနေတိုးတက် ပြောင်းလဲမှုများအား လေ့လာခြင်း၊ အမျိုးသမီးများ၏ အသံများအား မှတ်တမ်းပြုစုခြင်း၊ အောက်ခြေရှိ ဒေသခံအမျိုးသမီးများ၏ အတွေ့အကြုံနှင့် ဘဝနေထိုင်မှုအား ပိုမိုလေးနက်စွာ သိရှိ နားလည်နိုင်စေရန် တိုက်ရိုက် မှတ်တမ်းပြုစုခြင်းများ စသည်တို့ ပြုလုပ်ခဲ့ပါသည်။ ယခုတဖန် ရေးသားဖော်ပြသည့် ဤအစီရင်ခံစာအသစ်သည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများမှ အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများအား ရင်ဆိုင်ကြုံတွေ့ရပုံကို ဗဟိုပြုခြင်းထက် အမျိုးသမီးများ၏ အမြင်နှင့် ခံစားချက်များသာ အထူးရွေးချယ် တင်ပြထားပါသည်။

ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ လက်ရှိ တိုင်းပြည်အတွင်းဖြစ်ပေါ်နေသော ပြောင်းလဲမှုများအပေါ် အမျိုးသမီးများ၏ လေးနက်သောအမြင်နှင့် ခံစားချက်အစစ်အမှန်များ ထည့်သွင်းဖော်ပြခြင်းအားဖြင့် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒေသခံ အမျိုးသမီးများ၏ အမြင်၊ ခံစားချက်များနှင့် အတွေ့အကြုံများကို တင်ပြရန် ဖြစ်ပါသည်။ ဤအစီရင်ခံစာအတွင်း ဖော်ပြထားသည့် သက်သေခံချက်များသည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏ ဘဝမှ တိုက်ရိုက်ရင်ဆိုင်ကြုံတွေ့နေရသည့် အတွေ့အကြုံအစစ်အမှန်များ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ပဏာမ အပစ်ခတ်ရပ်စဲရေးပြုလုပ်ပြီးသည့်အချိန်ကစပြီး လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံ ပြောင်းလဲမှု ရှိလာသော်ငြားလည်း KHRG ထံသို့ တင်ပြလာသော အမျိုးသမီးများ၏ ဖြစ်စဉ်များသည် ၎င်းတို့အတွက် စိန်ခေါ်မှုများနှင့် စိုးရိမ်မှုများ ဆက်လက်ရှိနေသေးကြောင်း ဤအစီရင်ခံစာက သက်သေခံ ထားပါသည်။ မြန်မာပြည်အတွက် ပြည်တွင်းသာမက နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း မူဝါဒများနှင့် အစီအစဉ်များ ရေးဆွဲခဲ့ပြီးဖြစ်သလို ယခုအချိန်တွင် မြန်မာပြည် တစ်ဝှမ်းလုံးရှိ အမျိုးသမီးများ၏

[1] Source #21 ကိုကြည့်ပါ။

[2] Dignity in the Shadow of Oppression: The abuse and agency of Karen women under militarisation KHRG, November 2006

အသံများအား အသိအမှတ်ပြုရန်နှင့် ပြောင်းလဲမှု ဖြစ်ပေါ်စေရန်အတွက် ၎င်းတို့၏ အကြံပေးချက်များပါ ထည့်သွင်း စဉ်းစားရမည် ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ရှုပ်ထွေးပြီး အားနည်းချက်ရှိ၍ ရေရာသေချာမှု မရှိသော ငြိမ်းချမ်းရေးလမ်းစဉ်၊ တည်ငြိမ်မှုမရှိသော အပစ်အခတ်ရပ်စဲရေး အခြေအနေ၊ ပြည်တွင်းစစ်နှင့် ပဋိပက္ခ စသည်တို့အကြား နေထိုင်ဖြတ်သန်းခဲ့ရသော အမျိုးသမီးများ၏ ဘဝ အတွေ့အကြုံများကို မှတ်တမ်းတင် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးများ ကာကွယ်ရန်နှင့် မြှင့်တင်ရန် ဤအမျိုးသမီးများသည် ၎င်းတို့၏ တိုင်းပြည်အနာဂတ်အတွက် ပူးပေါင်းပါဝင်ရေးတွင် အသိအမှတ်ပြုရမည့်သူများ ဖြစ်ကြောင်း မီးမောင်းထိုးပြခြင်းပင်ဖြစ်ပါသည်။

## ရှာဖွေတွေ့ရှိချက်များအား ခြုံငုံသုံးသပ်ခြင်း

KHRG မှ မြန်မာပြည် အရှေ့တောင်ပိုင်းတစ်လျှောက်တွင် ကျယ်ပြန့်စွာ ပြုလုပ်ခဲ့သော ဖြစ်ရပ်အလိုက် လေ့လာတွေ့ရှိမှုများတွင် ထွက်ပေါ်လာသည့် တွေ့ရှိချက်များအရ နိုင်ငံရေး၊ စစ်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ကဏ္ဍ များ ပြောင်းလဲမှု ရှိလာသည်နှင့်အညီ အမျိုးသမီးများ ယခင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများလည်း ပြောင်းလဲလာခဲ့ကြောင်း တွေ့ရှိရပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ ဆက်လက်တည်ရှိခြင်းသည် အမျိုး သမီးများ နေထိုင်သည့် ပတ်ဝန်းကျင်နှင့် သွားလာရေးအတွက် ၎င်းတို့၏ လုံခြုံမှုအား ထိခိုက်ယုတ်လျော့စေပါသည်။ မြေယာသိမ်းဆည်းမှုနှင့် ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းနှင့် ဆက်စပ်သည့် အရာများသည် ဒေသခံ အမျိုးသမီးများ အမှီသဟဲပြုသော မြေယာနှင့် ပတ်ဝန်းကျင်များအား ထိခိုက်ပျက်စီးစေပြီး အမျိုးသမီးများမှ ရံဖန်ရံခါ တင်ပြလေ့ရှိသည်မှာ ၎င်းတို့ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော ဖွံ့ဖြိုးရေး စီမံကိန်းများနှင့်ပတ်သက်၍ ၎င်းတို့အား ကြိုတင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မှု မရှိကြဟု ဆိုသည်။ ကျန်းမာရေးနှင့် ပညာရေးသည်လည်း အမျိုးသမီးများအတွက် အရေးကြီးလျက်ရှိပြီး ထိုကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများအား ရယူရာတွင် ရရှိသည့် ဝန်ဆောင်မှုအရည်အသွေး၊ ပေးဆောင်ရသည့် ကုန်ကျမှုနှင့် ပတ်သက်ပြီး ၎င်းတို့၏ အမြင်များကို ဖော်ပြကြပါသည်။ အမျိုးသမီးများ ရင်ဆိုင်ရသည့် ကျားမ အခြေပြု အကြမ်းဖက်မှုများအား ဖြစ်ရပ်အလိုက် လေ့လာတွေ့ရှိမှု ဖော်ပြထားခြင်းဖြစ်သည်။ အာဏာကြီးမားသော ပြစ်မှုကျူးလွန်သူ တရားခံများ အမှုမှ ကွင်းလုံးကျွတ် လွတ်မြောက်မြဲ လွတ်မြောက်နေပြီး အမျိုးသမီးများသည် ၎င်းတို့ အကြမ်းဖက်ခံရမှုအတွက် တရားမျှတမှု ရယူနိုင်စွမ်းမရှိခဲ့ပေ။ ထို့အပြင် မြေမြှုပ်မိုင်း၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း၊ အာဏာရှင်ဆန်ဆန် အခွန်ကောက်ခံခြင်း၊ ခြိမ်းခြောက်ငွေတောင်းခံခြင်းများသည်လည်း မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏ လွတ်လပ်စွာ နေထိုင်နိုင်မှုအတွက် ကြီးမားသော အဟန့်အတား များဖြစ်ပြီး ထိုအရာများသည် ၎င်းတို့ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် အရာများ ဖြစ်ကြောင်း တင်ပြကြပါသည်။

အရေးကြီးသည့် အချက်တစ်ချက်မှာ အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်မှုများအပေါ် ၎င်းတို့ပြန်လည်တုန့်ပြန်သည့် လုပ်ဆောင်ချက်များနှင့် တရားမျှတမှုမရရှိသည့် အကြောင်းများကိုလည်း ဤအစီရင်ခံစာအတွင်းတွင် မှတ်တမ်းပြုစုထားပါသည်။ အမျိုးသမီးများ အကြမ်းဖက်ခံရမှုအတွက် တရားမျှတမှု ရရှိရန်အလို့ငှာ တုန့်ပြန်မှု နည်းလမ်းများအား အကြမ်းဖက်မှု ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်းတွင် အသုံးပြု လေ့ရှိပါသည်။ ဤအစီရင်ခံစာအတွင်း ပါရှိသည့် အမျိုးသမီးများ အသုံးပြုသည့် တုန့်ပြန်မှု နည်းလမ်းများတွင် တိုင်ကြားစာများ ပေးပို့ခြင်း၊ ရွာသူကြီးများထံသို့ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအား တင်ပြခြင်းနှင့် ပြဿနာပြုလုပ်သော ပြစ်မှုကျူးလွန်သူများ၊ (သို့မဟုတ်) သက်ဆိုင်ရာ အာဏာပိုင်များ၊ အမှုအား လိုက်ပါဆောင်ရွက်သည့် ရဲအရာရှိများနှင့် တိုက်ရိုက်ရင်ဆိုင် ဖြေရှင်းခြင်း စသည်တို့ ပါဝင်ပါသည်။

## အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ် (CEDAW)

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ်အဆိုကို ကုလသမဂ္ဂ အထွေထွေညီလာခံမှ ၁၉၇၉ ခုနှစ်တွင် စတင်အတည်ပြုချမှတ်ခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ နိုင်ငံတကာ အဖွဲ့အစည်း ၁၈၈ ဖွဲ့မှ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်အား လူ့အခွင့်အရေးဆိုင်ရာ အရေးကြီးဆုံး အဆိုအနေဖြင့် တစ်လုံးတစ်ဝတည်း သဘောတူထောက်ခံ လက်မှတ်ရေး ထိုးခဲ့ကြပါသည်။ မြန်မာနိုင်ငံ အစိုးရသည်လည်း ထိုအဆိုပြုချက်အား ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ထိုနေ့မှစ၍ ၎င်းတို့သည် သဘောတူ ပြဋ္ဌာန်းချက်များမှ ပေးထားသော သဘောတူညီချက်များကို တရားဝင် ဖြည့်ဆည်း၊ ကာကွယ်လေးစားသွားရမည် ဖြစ်ပါသည်။

အမျိုးသမီးများအပေါ် မည်သည့် အကြမ်းဖက် ခွဲခြားဆက်ဆံမှုကိုမှ လက်နက်ကိုင်တပ်ဖွဲ့များ မကျူးလွန်မိစေရေးအတွက် ပြည်တွင်း၌ ပြဋ္ဌာန်း ထားသည့် ဥပဒေအရ တားဆီးရန် မြန်မာအစိုးရတွင် တာဝန်ရှိပါသည်။ ထို့အပြင် တစ်သီးပုဂ္ဂလနှင့် အဖွဲ့အစည်းများမှ ကျူးလွန်သော အမျိုးသမီးများအပေါ် အကြမ်းဖက် ခွဲခြားဆက်ဆံမှုများကို ပပျောက်အောင် လုပ်ဆောင်ရန်လည်း တာဝန်ရှိပါသည်။

CEDAW မှ ပြဋ္ဌာန်းချက်ပါ အခြေခံ လက်တွေ့ကျင့်သုံးမည့် အပိုဒ်များကို အုပ်စုနစ်စုဖြင့် ဖွဲ့စည်းထားပါသည်။ အပိုဒ် ၁ မှ အပိုဒ် ၄ အထိသည် အခြေခံ အထွေထွေ သဘောတူညီမှု မူဘောင်ဖြစ်ပြီး အပိုဒ် ၅ မှ အပိုဒ် ၁၆ အထိသည် တိကျသည့် ခွဲခြားဆက်ဆံမှုပုံစံ အမျိုးအစား တစ်ခုချင်းစီအား ရပ်တန့်ပပျောက် သွားရန် လုပ်ဆောင်ရမည့် တာဝန်များ ချမှတ်ထား ခြင်းနှင့် ထိုချမှတ်ထားသည့် လုပ်ဆောင်ရမည့် တာဝန်များကို လက်တွေ့ အကောင်အထည်ဖော် ကိုယ်တွယ်ဖြေရှင်းခြင်း များ ဖြစ်ပါသည်။

အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းဟုဆိုရာတွင် CEDAW ၏ ပြဋ္ဌာန်းချက်ပါ အပိုဒ် (၁) အရ လိင်ကွဲပြားမှုအပေါ် အခြေပြုပြီး အမျိုးသမီးများအား ခွဲခြားခြင်း၊ သီးသန့်ဖြစ်စေခြင်း၊ ကန့်သတ်မှုများထားရှိခြင်း စသည့်နည်းများဖြင့် အမျိုးသမီး များအပေါ် သက်ရောက်မှုရှိခြင်း၊ အမျိုးသမီးများအား အသိမှတ်ပြုခြင်းကို ယုတ်လျော့စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ အမျိုးသမီးများ၏ အိမ်ထောင်ရှိမှု၊ မရှိမှုအပေါ် အခြေခံပြီး လေးစားမှုမပြုခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု နှင့် အခြားသော လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်မှုများအား အမျိုးသားနှင့် အမျိုးသမီးကြား တန်းတူညီမျှမှုမရှိခြင်း စသည်တို့ ဖြစ်ပါသည်။

CEDAW ၏ ပြဋ္ဌာန်းချက်ပါ အပိုဒ် ၂ နှင့် ၃တွင် မြန်မာအစိုးရအပါအဝင် သဘောတူ လက်မှတ်ရေး ထိုးထားသော အခြား အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်ရေးနှင့် ပပျောက်ရေးစသည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း၊ လူ့အခွင့်အရေး နှင့် အခြေခံ လွတ်လပ်မှု အတွက် အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူရှိစေခြင်းအား အာမခံချက်ပေးခြင်း စသည့် မူဝါဒများ ချမှတ်ပြီး ပြဋ္ဌာန်းလုပ်ဆောင်ရန် တာဝန်ရှိပါသည်။ ချမှတ်ထားသည့် လုပ်ဆောင်ရမည့် မူဝါဒများ ဟုဆိုရာတွင် အခြေခံဥပဒေအား ပြန်လည်ပြင်ဆင်ခြင်း၊ သမာဓိခုံအဖွဲ့နှင့် အခြား လူမှုအဖွဲ့အစည်းများမှ တရားဝင် အကာအကွယ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခွဲခြားဆက်ဆံ မှုများနှင့် ကျူးလွန်မှုများအား ရှောင်ကြဉ်ခြင်းနှင့် ခွဲခြားဆက်ဆံမှုကို ကျူးလွန်သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းစသည်တို့အား ဆန့်ကျင်ခြင်း စသည်တို့ ပါဝင်ပါသည်။

CEDAW စာချုပ် အပိုဒ် ၄ တွင် မြန်မာနိုင်ငံမှ လက်တွေ့ဖြစ်သော ကျား၊မ တန်းတူအခွင့်အရေး ရရှိရေး အရှိန်မြှင့်တင်ရန်အတွက် "ယာယီ အထူးစီမံချက်များ" ပြုလုပ်ရန် တိုက်တွန်းနိုးဆော်ထားပါသည်။ ယာယီ အထူးစီမံချက်များ ဆိုသည်မှာ အချို့သော ကဏ္ဍများတွင် အမျိုးသမီးများအား အမှန်တကယ် ကျား၊မ တန်းတူခွင့်ရရှိရေး အတွက် ဦးစားပေးဆက်ဆံခြင်းဖြင့် အမျိုးသမီးများကို (ယာယီ) အပြုသဘော ဆောင်သော ခွဲခြား ဆက်ဆံမှုပေးခြင်း ဟု အဓိပ္ပါယ် သက်ရောက်ပါသည်။ ဥပမာအနေဖြင့် အများပြည်သူဆိုင်ရာ ဌာနများနှင့် နိုင်ငံရေးဆိုင်ရာ ရာထူးများတွင် အမျိုးသမီးများအား အကန့်အသတ်ဖြင့် ထားရှိခြင်း ဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံ အပါအဝင် ၁၈၈ နိုင်ငံမှ Beijing Declaration and Platform for Action စာချုပ်တွင် အမျိုးသားကောင်စီလုပ်ငန်းဆိုင်ရာတာဝန်များ၌ အမျိုးသမီးများအနေနှင့် အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင် တာဝန်ယူသင့်ကြောင်း သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။[3] ထိုကဲ့သို့လက်မှတ် ရေးထိုးထားသော်လည်း မြန်မာပြည်တွင် ၂၀၁၁ မှ ၂၀၁၅ ခုနှစ်တွင်း ၁၃ ရာခိုင်နှုန်းသာ ရှိသေးသည့်အတွက်ရာခိုင်နှုန်းမပြည့်မှီသေးကြောင်း တွေ့ရှိရပါသည်။[4]

အပိုဒ် ၅-၁၆ တွင် ခွဲခြားမှု ပုံစံအသေးစိတ်များအားဖော်ပြထားပြီး မြန်မာနိုင်ငံနှင့် အခြားသောနိုင်ရေးပါတီများ ဆက်လက်လုပ် ဆောင်ရန်တာဝန်ရှိသေးကြောင်းအသေးစိတ်ဖော်ပြထားပါသည်။

- ကျား/မ ဆိုင်ရာ ရှေးရိုးပုံသေ အမြင်များနှင့် မျက်စိမှိတ်ဘက်လိုက်ခြင်း (အပိုဒ် ၅)
- အမျိုးသမီးများအား ပြည့်တန်ဆာလုပ်ငန်းအတွက် ကုန်ကူးခြင်း (အပိုဒ် ၆)
- နိုင်ငံရေးဆိုင်ရာနှင့် အများပြည်သူနှင့်ဆိုင်သောလုပ်ငန်းများတွင်ပါဝင်ခြင်း (အပိုဒ် ၇)
- နိုင်ငံတကာအဆင့်သို့ ကိုယ်စားပြုစေခြင်း နှင့် ပူးပေါင်းပါဝင်ခြင်း(အပိုဒ် ၈)
- နိုင်ငံသား (အပိုဒ် ၉)
- ပညာရေး (အပိုဒ် ၁၀)
- အလုပ်တာဝန်ထမ်းဆောင်ခြင်း (အပိုဒ်၁၁)
- ကျန်းမာရေး(အပိုဒ်၁၂)
- စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အကျိုးအမြတ်များ (အပိုဒ် ၁၃)
- ကျေးလက် ဒေသနေ အမျိုးသမီးများ (အပိုဒ် ၁၄)
- ဥပဒေအရ တန်းတူအခွင့်အရေးရရှိခြင်း (၁၅)
- အိမ်ထောင်ပြုခြင်းနှင့် မိသားစုဘဝ (အပိုဒ် ၁၆)

3 Beijing Declaration and Platform for Action. Fourth World Conference on Women, September 1995 တွင်ကြည့်ပါ။

4 Proportion of seats held by women in national parliaments (%), World Bank, 2011-2015, accessed on June 15th 2016 တွင်ကြည့်ပါ။

မြန်မာနိုင်ငံအနေနှင့် CEDAW စာချုပ်၏ အပိုဒ် ၁၈ တွင်ဖော်ပြထားသော ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် အခြား သတ်မှတ်ချက်များနှင့် ပတ်သက်ပြီး လုပ်ဆောင်မည့် စီမံချက်များနှင့် ဖြစ်ပေါ်နေသည့် တိုးတက်ပြောင်းလဲ မှုများအပေါ် CEDAW ကော်မတီသို့ လေးနှစ်တစ်ကြိမ် အစီရင်ခံစာ တင်သွင်းရန် မြန်မာနိုင်ငံမှ ဆက်လက်လုပ် ဆောင် ရမည့် တာဝန်ရှိပါသည်။ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက် CEDAW သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးသည့်နေ့မှစ၍ ယနေ့ အချိန်ထိ မြန်မာနိုင်ငံမှ အစီရင်ခံစာ ၃ ကြိမ် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

CEDAW သို့ နောက်ဆုံး ရည်ညွှန်းပေးပို့သော မြန်မာနိုင်ငံ၏ အစီရင်ခံစာအား CEDAW ကော်မတီမှ ၂၀၁၆ ဇူလိုင်လတွင် ပြန်လည်ဆန်းစစ်ခဲ့သည်။ CEDAW မှ အစိုးရမဟုတ်သောအဖွဲ့အစည်းများအား နိုင်ငံတွင်း ဖြစ်ပွားနေသည့် အမျိုးသမီး များအား ခွဲခြားဆက်ဆံခြင်းနှင့်ဆိုင်သော အဖွဲ့လိုက် ဆန်းစစ်ထားသည့် သတင်းအချက်အလက်များအား တင်ပြရန် ဖိတ်ကြားခဲ့သည်။ CEDAW ကော်မတီသို့ မြန်မာနိုင်ငံမှ ပေးပို့သော အစီရင်ခံစာများအား ပြန်လည်ဆန်းစစ်သည့်အခါ ဇွန်လ ၁၀ ရက် ၂၀၁၆ ခုနှစ်တွင် ရေးသားပြုစု တင်ပြခဲ့သော KHRG ၏ အစီရင်ခံစာအပေါ် အခြေခံပြီး မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏ အမြင်နှင့် ခံစားချက်များကိုလည်း ထည့်သွင်းသုံးသပ်ပေးရန် တိုက်တွန်း လှုံ့ဆော်ခဲ့ပါသည်။[5]

## အစီရင်ခံစာ ဖွဲ့စည်းပုံ

ဤအစီရင်ခံစာသည် အပိုင်း ၃ ပိုင်းနှင့် အခန်း ၁၀ ခန်း ပါဝင်ပါသည်။ အပိုင်း (က)မှ ဖော်ပြချက်အရ စကားဦးကဏ္ဍတွင် KHRG မှပြုလုပ် သော သတင်း ကောက်ယူခြင်း၊ စီစစ်ခြင်း၊ စနစ်တကျ စုဆောင်းခြင်းနှင့် သတင်းပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ သတင်းအချက်အလက် ရှာဖွေ စုဆောင်းပုံ နည်းလမ်းများအား ဖော်ပြထားပါသည်။

အပိုင်း (ခ)တွင် အမျိုးသမီးများ၏ အတွေးအမြင်များနှင့် စပ်လျဉ်း၍ အပိုင်းသုံးပိုင်း ထပ်မံ ခွဲခြား ဖော်ပြထားပြန်ပါသည်။ အပိုင်း(၁) တွင် အပစ်အခတ်ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ လုပ်ဆောင်မှုများနှင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲများအပေါ် အမျိုးသမီးများ၏ ရှုထောင့်အမြင်များ ပါဝင်ပါသည်။ အပိုင်း(၂) တွင် ကျန်းမာရေးနှင့် ပညာရေးအပေါ် အမျိုးသမီးများ၏ အမြင်များပါဝင်ပြီး အပိုင်း(၃) တွင်မူ စားဝတ်နေရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများအပေါ် အမျိုးသမီးများ၏ အမြင်များကို ဆွေးနွေး တင်ပြထားပါသည်။ ဤအခန်းတွင် အမျိုးသမီးများသည် စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ကဏ္ဍများတွင် ၎င်းတို့၏ ဦးစားပေး လုပ်ဆောင်မှုများကို ဖော်ပြထားပါသည်။ ယခုဖော်ပြခဲ့သော အမျိုးသမီးများ၏ အမြင်များသည် ဥပဒေ မူဘောင်အောက်တွင်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများတွင် ပါဝင်ခြင်း မရှိနိုင်သော်လည်း အဆိုပါ ဖော်ပြခဲ့သော အတွေးအမြင် ရှုထောင့်များသည် မြန်မာပြည် အရှေ့တောင်ပိုင်း ဒေသခံ အမျိုးသမီးများ၏ အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ပြောင်းလဲမှုများကို ပိုမိုလွယ်ကူစွာ နားလည်နိုင်စေရန် တင်ပြ ထားခြင်းဖြစ်ပါသည်။ အပိုင်း(ဂ) တွင် အခန်း(၇) ခန်း ပါဝင်ပြီး အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုမှု၊ ၎င်းချိုးဖောက်မှုများအပေါ် တုန့်ပြန်ရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ တရားမျှတမှု ရရှိပုံများအကြောင်းကို အသေးစိတ် ဖော်ပြထားပါသည်။ အပိုင်း(၄) ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ရရှိခွင့် အခန်းကဏ္ဍများ၊ အပိုင်း (၅) တွင် အဓမ္မစေခိုင်းမှုများ၊ အပိုင်း(၆)တွင် ကျားမ အခြေပြု အကြမ်းဖက်မှုများ၊ အပိုင်း (၇) တွင် အဓမ္မမြေသိမ်းဆည်းမှုများ၊ အပိုင်း (၈)တွင် မြေမြှုပ်မိုင်းဆိုင်ရာ အကြောင်းအရာများ၊ အပိုင်း (၉) တွင် အဓမ္မအခွန်ကောက်ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်းများ၊ အပိုင်း (၁၀)တွင် အကြမ်းဖက်မှုများ၊ သတ်ဖြတ်မှုများ၊ ထင်ထင်ပေါ်ပေါ် ခြိမ်းခြောက်မှုများ စသည့်အကြောင်းများ ပါဝင်ပါသည်။

အစီရင်ခံစာအပြည့်အစုံကို အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်ပါသည်။ ဤအစီရင်ခံစာ အပြည့်အစုံမှ အဓိက ရှာဖွေတွေ့ရှိမှုများနှင့် အနှစ်ချုပ်များပါဝင်သည့် အစီရင်ခံစာအကျဉ်းချုပ်ကိုလည်း KHRG မှ ထုတ်ပြန်ထားပါသည်။

## အစီရင်ခံစာအကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် ကရင်ဘာသာများဖြင့် ဖတ်ရှုနိုင်ပါသည်။

ထို့အပြင် KHRG မှလည်း အစီရင်ခံစာအနှစ်ချုပ်ဖြစ်ပေါ်လာစေရန် နောက်ဆက်တွဲ သတင်းအစီရင်ခံစာ အသေးစိတ်များကို စုစည်းတင်ပြထားပါသည်။ အစီရင်ခံစာအသေးစိတ်များကို KHRG ၏ သတင်းကောက်ယူသူများနှင့် ဒေသခံကွင်းဆင်း လုပ်သားများမှ လက်ခံ စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ ၎င်းတွင်ပါဝင်သော သတင်းအမျိုးအစားများမှာ တွေ့ဆုံ မေးမြန်းခန်းများ၊ ဒေသတွင်း နောက်ဆုံး လက်ခံရရှိသော အစီရင်ခံစာများနှင့် သတင်းတိုများ၊ မှုခင်းဖော်ပြသည့် မှတ်တမ်း များ၊ မြေယာသိမ်းဆည်းမှုကို ဖော်ပြသောအစီရင်ခံစာများ၊ တိုင်ကြားစာများ၊ သတင်းအကျဉ်းချုပ်များနှင့် ဓာတ်ပုံမှတ်တမ်း များ စသည်တို့ဖြစ်ကြပါသည်။ ဆက်လက်၍ ဤအစီရင်ခံစာတွင်


5 Submission for the 64th session (4 – 22 July 2016) of the Committee on the Elimination of Discrimination Against Women (CEDAW), KHRG, June 10th 2016 တွင်ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဖြန့်ဝေပြီးသော သတင်း များအသုံးပြုထားသော်လည်း နောက်ဆက်တွဲ သတင်းအစီရင်ခံစာ အသေးစိတ်များ တွင်မူ ချန်ထားခဲ့ပြီး ၎င်းတို့အား KHRG ၏ ယခင်ကဖြန့်ဝေခဲ့ပြီးသော နစ်ချုပ်အစီရင်ခံစာနှင့် ထုတ်နှုတ်တင်ပြချက် အစီရင်စာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုအစီရင်ခံစာများကို KHRG ၏ ဝဘ်ဆိုဒ် တွင်သွားရောက်ဖတ်ရှုနိုင်ပါသည်။

နောက်ဆက်တွဲ သတင်းအစီရင်ခံစာ အသေးစိတ် အပြည့်အစုံကိုလည်း အင်္ဂလိပ်ဘာသာစကားဖြင့် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဝဘ်ဆိုဒ်တွင် ဖတ်ရှုနိုင်ပါသည်။

# မြန်မာပြည်အရှေ့တောင်ပိုင်းမြေပုံ

ကေအဲန်ယူသတ်မှတ်ထားသောကရင်ပြည်နယ်နှင့်အစိုးရသတ်မှတ်ထားသော
တိုင်းနှင့်ပြည်နယ် နယ်နိမိတ်




ကရင်လူ့အခွင့်အရေးအဖွဲ့

# အသုံးပြုထားသော ဝေါဟာရများနှင့် အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| AHN | အာရှလမ်းမကြီး ကွန်ယက် |
| BMA | မြန်မာနိုင်ငံ ဆေးပညာရှင်များ အသင်း |
| BPHWT | နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေး လုပ်သားများအဖွဲ့ |
| BGF | နယ်ခြားစောင့်တပ်ဖွဲ့ |
| CBO | လူထု အခြေပြုအဖွဲ့အစည်း |
| CEDAW | အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးသဘောတူညီချက်စာချုပ် |
| DKBA | ဒီမိုကရေစီ အကျိုးပြု ကရင် တပ်မတော် |
| EAG | တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ |
| GBV | ကျားမ အခြေပြု အကြမ်းဖက်မှု |
| IB | တပ်မတော် ခြေလျင်တပ်ရင်း |
| ICESCR | စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် |
| IDP | ပြည်တွင်း နေရပ်စွန့်ခွာ၊ ရွှေ့ပြောင်းနေထိုင်သူများ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| KDHW | ကရင် ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန |
| KED | ကရင် ပညာရေးနှင့်ယဉ်ကျေးမှုဌာန |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင် အမျိုးသားအစည်းအရုံး |
| KPF | ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| KTWG | ကရင်ကျောင်းဆရာ များပူးပေါင်းလှုပ်ရှားမှုအဖွဲ့ |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| LIB | တပ်မတော် ခြေမြန်တပ်ရင်း |
| LID | တပ်မတော် ခြေမြန်တပ်မ |
| MDA | ဆေးဝါးတိုက်ကျွေးရေးအဖွဲ့ |
| MNHRC | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် |
| MSG | အချိုမှုန့် |
| MTC | မယ်တော်ဆေးခန်း |
| NCA | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| OHCHR | လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး |
| SAW | အမျိုးသမီးများအတွက် လူမှုစောင့်ရှောက်ရေးအဖွဲ့ |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| UDHR | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာ စာတမ်း |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNICEF | ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ |
| UNFPA | ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| UXO | မပေါက်ကွဲသေးသော လက်နက်ကြီးများ |
| WHO | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |

### လက်နက်ကိုင်အာဏာပိုင်များ

လက်နက်ကိုင်အာဏာပိုင်များအားလုံးကိုဆိုလိုပြီး၊ တပ်မတော်နှင့် နယ်ခြားစောင့်တပ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့စစ်တို့ပါဝင်ပါသည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAG)

ပြည်တွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့များ ကိုဆိုလိုပြီး၊ ဤအစီရင်ခံစာတွင် အမျိုးသားရေးနှင့် ပတ်သက်၍ နက်နက်နဲနဲ ခံယူထားသောလက်နက်ကိုင်တပ်ဖွဲ့များ ဟုဖော်ပြရာတွင်၊ DKBA ၊ KNU/KNLA တို့ကိုဆိုလိုသည်။

## နယ်ခြားစောင့်တပ်များ (BGFs)

နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် (၁၀၁၁) မှ တပ်ရင်း အမှတ် (၁၀၂၃) အထိကိုဆိုလိုခြင်းဖြစ်ပြီး DKBA နှင့် KPF တို့၏ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ နယ်ခြားစောင့်တပ် BGF ဖွဲ့စည်းမှု အစီအစဉ်သည် ၂၀၀၉ မှစ၍စတင်ခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား မြန်မာအစိုးရ၏ ထိန်းချုပ်မှု အောက်တွင်ထားရှိရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAG) ၏ အဖွဲ့ဝင်များဖြင့် တပ်ရင်း (၁၀) ခုကို ကရင်နီ၊ ကချင်၊ နှင့် ရှမ်းပြည်နယ်များ၌ ၂၀၀၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး တပ်ရင်း (၁၃) ခုကို ယခင်က ကရင်တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဝင်များဖြင့် ၂၀၁၀ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့သည်။

## ငွေကြေးနှင့်အတိုင်းအတာများ

| | |
|---|---|
| ဘတ် | ထိုင်းနိုင်ငံသုံးငွေကြေး။အမေရိကန်၁ဒေါ်လာလျှင်ဈေးကွက် ပေါက် ဈေး အရထိုင်းဘတ်ငွေ ၃၅ ဘတ်နှင့် အနီးစပ်ဆုံးညီမျှသည်။ (မေလ ၂၀၁၆ခုနှစ်) ဤအစီရင်ခံစာတွင် ပါဝင်သောငွေလဲနှုန်းများသည်မူလအစီရင်ခံစာမူကြမ်းပေးပို့သည့်ကာလအတွင်းသတ်မှတ်ထားသောနှုန်းထားများဖြစ်ပါသည်။ |
| ကျပ် | မြန်မာနိုင်ငံသုံးငွေကြေး။ အမေရိကန် ၁ ဒေါ်လာလျှင် ဈေးကွက်ပေါက်ဈေး အရမြန်မာငွေ ၁၁၇၇ ကျပ် နှင့်အနီးစပ်ဆုံး ညီမျှသည်။ (မေလ ၂၀၁၆ခုနှစ်) ဤအစီရင်ခံစာတွင်ပါဝင်သောငွေလဲနှုန်းများသည် မူလအစီရင်ခံစာမူကြမ်း ပေးပို့သည့်ကာလအတွင်းသတ်မှတ်ထားသော နှုန်းထားများဖြစ်ပါသည်။ |
| တင်း | စပါး၊ဆန်နှင့်အစေ့များကိုချိန်တွယ်ရာတွင်အသုံးပြုသော ထုထည်အတိုင်း ယူနစ်။စပါးတစ်တင်းလျှင် အလေးချိန်၂၀.၉ ကီလိုဂရမ်/ ၄၅.၀၈ ပေါင် နှင့်ညီမျှသည်။ဆန်တစ်တင်းလျှင် အလေးချိန် ၃၂ ကီလိုဂရမ်/ ၇၀.၄ ပေါင် နှင့်ညီမျှသည်။ |

## မြန်မာဘာသာ အသုံးအနှုန်းများ

| | |
|---|---|
| အမျိုးသားလွှတ်တော် | ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် |
| ဒေါ်၊ ဦး | အိမ်ထောင်ရှင်အမျိုးသားအမျိုးသမီးများအားခေါ်ဆိုရာတွင် သုံးသည့်အခေါ်အဝေါ် သို့မဟုတ်ရာထူး မြင့်မားသော အမျိုးသားအမျိုးသမီးများကို ခေါ်ဆိုရာတွင် သုံးသည့် အခေါ်အဝေါ် |
| လုံချည် | မြန်မာနိုင်ငံတွင် အမျိုးသားများ ဝတ်ဆင်သည့် အဝိုင်းပုံသဏ္ဌာန် ရှိသော ရစ်ပတ်ချည်နှောင် ဝတ်ရသည့် အဝတ်အထည်တစ်မျိုး |
| ပြည်သူ့လွှတ်တော် | ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် |
| ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် |
| ဆရာ၊ ဆရာမ | ကျောင်းတွင် စာသင်ကြားပေးသော အမျိုးသားအမျိုးသမီးများကို ဂုဏ်ပြုခေါ်ဝေါ်သော အစိုးရဝန်ထမ်းများ သို့မဟုတ် တစ်စုံတစ်ဦးအား လေးစားသမှုဖြင့် ခေါ်ဝေါ်ခြင်း |
| တပ်မတော် | မြန်မာနိုင်ငံတော် အစိုးရ၏ လက်နက်ကိုင်တပ်ဖွဲ့ကို ရည်ညွှန်းဆိုလိုသည်။ |

## စကောကရင်အသုံးအနှုန်းများ

| | |
|---|---|
| ဂါဒါး | မိမိတို့ရပ်ရွာကိုမိမိတို့ကိုယ်တိုင်ကာကွယ်စောင့်ရှောက်ရန်ဒေသခံရွာသားများစုစည်းပြီးဖွဲ့စည်းထားသော ကျေးရွာကာကွယ်စောင့် ရှောက်သည့် အဖွဲ့များ။ KNLAတပ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိနိုင်သော်လည်း ၎င်းတို့၏ တိုက်ရိုက် အမိန့်ပေးမှုအောက်တွင် မရှိပေ။ |
| နော်၊ စော | စကောကရင် အမျိုးသား၊ အမျိုးသမီးများ၏ နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲ သော အသုံးအနှုန်း။ |
| သရာ/ သရာမု | ဆရာ/ဆရာမ။ အမျိုးသား သို့မဟုတ် အမျိုးသမီးကို လေးစားသမှု ဖြင့်ခေါ်သောအသုံး။ |

## ပိုးကရင် အသုံးအနှုန်း

| | |
|---|---|
| နန်း | ပိုးကရင် အမျိုးသမီး၏ နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲသော အသုံးအနှုန်း |

# အစီရင်ခံစာပြုစုပုံ နည်းစနစ်

## ကွင်းဆင်းလေ့လာမှု

KHRGသည် ၁၉၉၂ ခုနှစ်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံပြည်သူများ၏ တင်ပြသောသက်သေခံချက်များကို ရယူစုဆောင်းခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်တစ်ခုခြင်းစီကို မှတ်တမ်းတင်ခြင်းများ ပြုလုပ်လာခဲ့ပါသည်။ ဤအစီရင်ခံစာပါ သတင်းအချက်အလက်များကို KHRG မှ နည်းစနစ်တကျ သင်တန်းပေးထားပြီး လိုအပ်သော ပစ္စည်းကိရိယာများ ထောက်ပံ့ပေးထားသည့်သတင်းစုဆောင်းသူ ဒေသခံအဖွဲ့ဝင်များမှ ကောက်ယူစုဆောင်းထားခြင်း ဖြစ်ပါသည်။ သတင်းအချက်အလက် စုဆောင်းရယူသူ ဒေသခံများအား ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်း အချက်အလက် စုဆောင်းသည့် နည်းစနစ်များကို အသုံးပြုစေပါသည်။ ထိုအထဲတွင် ရွာသားများကိုယ်တိုင် ပြောဆိုသက်သေခံချက်များကို ရယူရန် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ပြီး အသံသွင်း မှတ်တမ်းယူစေသည့်နည်းလမ်း၊ KHRG မှ စံနူန်း သတ်မှတ်ပေးထားသော သတင်းအချက်အလက် စုဆောင်းသည့် ပုံစံစာရွက်များကို အသုံးပြုပြီး လူ့အခွင့် အရေးချိုးဖောက်မှု ဖြစ်စဉ်တစ်ခုခြင်းကို မှတ်တမ်းတင်ခြင်းနည်းလမ်း၊ သတင်းစုဆောင်းသူ ရင်းနှီး ကျွမ်း ဝင်သော နယ်မြေဒေသများ၏ နောက်ဆုံးရ အခြေအနေတင်ပြချက်များကို ရေးသားစေပြီး ထိုတင်ပြချက်များကို ရေးသားရာတွင် ရေးသားသူ၏ ရှုထောင့်အမြင်နှင့် ဒေသခံများ၏ တုန့်ပြန်လုပ်ဆောင်မှုများကို ထည့်သွင်းရေးသားစေသည့် နည်းလမ်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတိုများ ရိုက်ကူးစေသည့်နည်းလမ်း၊ အမိန့်စာ၊ မြေယာသိမ်းဆည်းမှု မှတ်တမ်းလွှာ စသောသက်သေခံ စာရွက်စာတမ်းများကို ရနိုင်သမျှ စုဆောင်း ရယူစေသည့်နည်းလမ်း စသည်ဖြင့် နည်းလမ်းမျိုးစုံကို အသုံးပြုစေပါသည်။

KHRGသည် နောက်ခံသမိုင်းမတူညီကြသော ဒေသ ခံရွာသားများကို မိမိတို့ဒေသတွင်း ဖြစ်ပေါ်နေသော အရေးကိစ္စ များအား မှတ်တမ်းတင် သတင်းယူတတ်ရန် သင်ကြားထောက်ပံ့ပေးပြီး ဒေသခံ သတင်းကောက်ယူသူအချို့ကို ထောက်ပံ့ငွေ သို့မဟုတ် လိုအပ်သည့် ပစ္စည်းများ ထောက်ပံ့ပေးပါသည်။ အချို့မှာ အခကြေးငွေမယူဘဲ KHRG အတွက် အခမဲ့လုပ် ဆောင်ပေးကြပါသည်။ KHRG ၏ ဝန်ထမ်းခန့်ထားရေး မူဝါဒသည် လူမျိုးရေး၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေးခံယူချက် သို့မဟုတ် အလုပ်အကိုင် စသည်တို့အပေါ် မူတည်ပြီး ခွဲခြားခြင်းမရှိပါ။ KHRG အနေဖြင့် မိမိဒေသအကြောင်းကို သိရှိသူ၊ မိမိဒေသတွင်း လူ့အခွင့်အရေးအခြေအနေမြှင့်တင်ရန် စိတ်အားထက်သန်သူ၊ မိမိနေထိုင်ရာဒေသတွင်း လူသိများပြီး လူအများ၏ လေးစားခြင်းခံရသူ မည်သူကိုမဆို သင်တန်းပေးလျှက်ရှိပါသည်။ KHRG သည် မြန်မာပြည် အရှေ့တောင်ပိုင်းတစ်လျှောက်တွင် နေထိုင်သော ဒေသခံပြည်သူများ၏ အသံကို ကိုယ်စားပြုနိုင်ရန် လုပ်ဆောင်လျက်ရှိပြီး ဒေသခံပြည်သူများ၏ လူ့အခွင့်အရေး အခြေအနေများကိုလည်း မှတ်တမ်းတင်နိုင်ရန် လုပ်ဆောင် လျက်ရှိပါသည်။ မည်သူမဆို လုံးဝဘက်လိုက်မှုမရှိဘဲ ကြားနေသူစစ်စစ် မဖြစ်နိုင်ကြောင်းနှင့် လူတိုင်းတွင် ကိုယ်ပိုင်အမြင်နှင့် ကိုယ်ပိုင် ခံယူချက်ရှိသည်ကို KHRG မှ လက်ခံထားသောကြောင့် ရရှိလာသည့် သတင်း အချက် အလက်များတွင် ဘက်လိုက်ရေးသားပြောဆိုထားမှု ရှိ၊ မရှိကိုသေချာစွာစီစစ်ပါသည်။ KHRG အနေဖြင့် ဘက်လိုက် ရေးသား တင်ပြခြင်းမဖြစ်စေရန် ရည်ရွယ်ပြီး အကြောင်းအရာတစ်ခုအတွက် ရနိုင်သမျှ သက်သေ အထောက် အထားများနှင့် လူအများ၏ ရှုထောင့်အမြင် များစွာကို စုဆောင်းရယူ တင်ပြပါသည်။

KHRG ၏ သတင်းအချက်အလက် စုဆောင်းပုံ နည်းစနစ်ကို ရယူလိုပါက ဆက်သွယ် တောင်းခံနိုင်ပါသည်။

## စီစစ်အတည်ပြုခြင်း

ဒေသခံသတင်းစုဆောင်းသူများအနေနှင့် KHRG ၏ သတင်းစီစစ်ရေးမူဝါဒဖြစ်သည့် ရနိုင်သမျှ သတင်းအရင်းအမြစ်များမှ မတူညီသော သတင်းအချက်အလက်များကိုရယူရန်၊ သတင်းအရင်းအမြစ်က မည်မျှ ယုံကြည်စိတ်ချရသည်ကို စီစစ်ရန်၊ မိမိတို့၏ ဒေသတွင်းအတွေ့အကြုံနှင့် နှိုင်းယှဉ်၍ သတင်းကိုစီစစ်ရန် စသည့်အချက်များကို လိုက်နာအသုံးပြုရန် လေ့ကျင့်သင်ကြားပေးထားသည်။ ထို့အပြင် KHRG ၏ သတင်းအချက်အလက် စီစစ်ရေးလုပ်ငန်းစဉ်တွင် အောက်ပါအချက်လည်း ပါဝင်ပါသည်။ KHRG ၏ မြင့်မားသော စံနှုန်းနှင့်အညီ အရည်အသွေးပြည့်ဝသော၊ တိကျမှန်ကန်သော သတင်းအချက်အလက်ရရှိရန်နှင့် ရရှိလာသောသတင်းအချက်အလက် တစ်ခုစီကို ဘာသာပြန်ခြင်း မပြုလုပ်မီ သေချာစွာစီစစ်ခြင်း လုပ်ငန်းစဉ်ဖြစ်ပါသည်။ KHRG သည် လက်တွေ့ကွင်းထဲတွင်ရှိနေသော သတင်းစုဆောင်းသူများနှင့် အစဉ်အမြဲ အဆက်အသွယ်ရှိသောကြောင့် လိုအပ်လျှင် အချိန်နှင့်တပြေးညီ သတင်းအချက်အလက်များ ရယူနိုင်ပါသည်။

KHRG၏ အစီရင်ခံစာများသည် ဒေသခံပြည်သူ တစ်ဦးတစ်ယောက်ချင်းစီနှင့် ဒေသခံပြည်သူအများ၏ ရှုထောင့်အမြင်များကို အဓိကထားတင်ပြလိုခြင်းဖြစ်ပါသည်။ ဖြစ်ပေါ်လာသောအမှုအခင်းပုံစံတစ်ခုချင်းစီကို အခြေခံပြီး တင်ပြလိုခြင်း မဟုတ်သကဲ့သို့ အမှုအခင်းအရေအတွက်များကိုလည်း တင်ပြလိုခြင်းမဟုတ်ပါ။ ဒေသတွင်းရှိ သတင်း ကောက်ယူသူများသည် အဖြစ်အပျက်များကို

ပုံဖော်ပြောဆိုရာတွင် ရှင်းလင်းစွာပြောဆိုနိုင်ခြင်း၊ မှတ်တမ်းမှတ်ရာ အတိအကျထားရှိနိုင်ခြင်း အမြဲတစေ မရှိနိုင်သောကြောင့် ဒေသခံများ၏ ပြောဆိုသက်သေခံချက်များကို များစွာဖော်ပြပြီး အချည်းအနှီးဖြစ်စေမည့်အစား ဒေသခံပြည်သူများ တင်ပြလိုသော ၄င်းတို့၏စိုးရိမ်ပူပန်မှုများကို KHRG ၏အစီရင် ခံစာများမှ အဓိက ထားတင်ပြပါသည်။ ဤအစီရင်ခံစာသည် သတင်းအချက်အလက်များစွာကို စီစစ်ဝေဖန်ပိုင်းခြားထားပြီး နေရာအနှံ့မှ အမျိုးသမီးများ၏ တူညီစွာ တင်ပြထားသော စိုးရိမ်ပူပန်မှုများကိုဖော်ပြထားပါသည်။

## အစီရင်ခံစာ စီစစ်ဝေဖန် သုံးသပ်ပုံ

ဤအစီရင်ခံစာကို ၂၀၁၂ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ခုနှစ် မတ်လထိ KHRG၏ သတင်းစုဆောင်းရာ နေရာများမှ ရရှိလာသော သတင်းအချက်အလက်များပေါ်တွင် အခြေပြု၍ ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။ ဤကာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်း တစ်လျှောက်ရှိ KHRG သတင်းစုဆောင်းသူများသည် တွေ့ဆုံမေးမြန်းခန်း ၁၅၆၅ခု၊ အဖြစ်အပျက်မှတ်တမ်း ၃၈၄ခု၊ နောက်ဆုံးရ အခြေအနေတင်ပြချက် ၂၅၃ ခု တို့ကို ရယူစုဆောင်းခဲ့ပါသည်။ ထို့အပြင် သတင်းစုဆောင်း သူများသည် တိုင်ကြားစာ ၂၁၄စောင်၊ မြေယာသိမ်းဆည်းမှု မှတ်တမ်းလွှာ ၁၄၈စောင်နှင့် အရပ်ဘက် စစ်ဘက်အာဏာပိုင်များမှ ရေးသားထုတ်ပြန်သော အမိန့်စာ ၁၀၃စောင်တို့နှင့်အတူ ဓာတ်ပုံပေါင်း ၄၄၅၇၁ ပုံ၊ ဗီဒီယိုမှတ်တမ်း ၁၇၀၀ ခု တို့ကိုပါ ရယူစုဆောင်းခဲ့ကြပါသည်။ သတင်းစုဆောင်းသူများထံမှ အထက်ပါကဲ့သို့သော သတင်းအချက် အလက်များကို ရရှိ လာသောအခါ KHRG ဝန်ထမ်းများသည် သတင်းအ ချက်အလက် တစ်ခုချင်းကို သေချာစွာစီစစ်ပြီး အမျိုးသမီးများ တင်ပြသော သို့မဟုတ် အမျိုးသမီးများနှင့်သက်ဆိုင်သော လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ဝေဖန် စီစစ်သုံးသပ်နိုင်ရန် ဒေသသုံး ဘာသာစကားမှ အင်္ဂလိပ်ဘာသာသို့ သတင်းအချက်အလက် ဝေဖန်ပိုင်းခြား စီစစ်သည့် အဖွဲ့မှ ပြန်ဆိုခြင်းပြုလုပ်ပါသည်။ KHRG ၏ သတင်း စီစစ်ရေးနှင့်ပြန်ကြားရေး အဖွဲ့တွင် ကရင်လူမျိုး ဝန်ထမ်းများပါဝင်ပြီး အင်္ဂလိပ်ဘာသာစကားအား မိခင်ဘာသာစကား အဖြစ် ပြောဆိုသော စွမ်းရည်မြှင့်တင်ပေးသူ ကျွမ်းကျင်ပညာရှင်များမှ ၄င်းတို့ကို ပံ့ပိုးကူညီပေးပါသည်။

ထို့နောက်သတင်းအချက်အလက်များကို ဆက်လက်၍ စီစစ်ကာ ခေါင်းစဉ်အပေါ် မူတည်၍ အမျိုးအစားအလိုက် ပြန်လည်ခွဲထားပါသည်။ ဤအစီရင်ခံစာတွင်ပါဝင်သောခေါင်းစဉ်များမှာ ကျန်းမာရေးနှင့် ပညာရေး၊ အပစ်အခတ် ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ၊ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် အသက်မွေးဝမ်းကျောင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အပြင် ကျားမ အခြေပြု အကြမ်းဖက်မှုများ၊ ကျန်းမာရေးနှင့် ပညာရေး၊ အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ခြိမ်းခြောက်ခြင်း၊ အဓမ္မအခွန်ကောက်ခံခြင်းနှင့်ခြိမ်းခြောက်ငွေညှစ်ခြင်း ၊ မြေမြှုပ်မိုင်းနှင့် အဓမ္မလုပ်အား ပေးခိုင်းစေခြင်း စသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ထိုအခွင့်အရေး ချိုးဖောက်မှုများအား ပြန်လည်တုန့်ပြန်မှုများအပေါ် ထားရှိသည့် အမြင်သဘောထားများ ပါဝင်ပါသည်။ အချို့သောအစီရင် ခံစာများကို စီစစ်ရာတွင် ခေါင်းစဉ်တစ်ခုထက်ပိုသော အကြောင်းအရာများ ပါဝင်နေပါသည့်အတွက် ထိုကဲ့သို့သော အစီရင်ခံစာများကို ဤအစီရင်ခံစာ၏ အခန်းကြီးများတွင် တစ်နေရာထက်ပို၍ ထည့်သွင်းဖော်ပြထားပါသည်။

ဤအစီရင်ခံ စာတွင်ထည့်သွင်းရန် ရွေးချယ်ထားသော သတင်းအချက်အလက်များသည် တိကျသေချာကာ ယုံကြည်စိတ်ချရပြီး မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏ အတွေ့အကြုံများနှင့် သက်ဆိုင်သည့် အမြင် သဘောထားများအား ဖော်ပြရန်နှင့် ချိုးဖောက်မှုများအား အမျိုးသမီးများမှ ပြန်လည်တုန့်ပြန်သည့် နည်းလမ်းများကို သက်သေပြရန်အတွက် ထိုအချက်အလက်များအား ဖော်ပြထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာထဲတွင် ကရင့် လူ့အခွင့်အရေးအဖွဲ့ သတင်းစုဆောင်းသောနယ်မြေ ၇ ခုမှ အသက်အရွယ်၊ အတွေ့အကြုံနှင့် နောက်ကြောင်း သမိုင်းမတူညီသော အမျိုးသမီးများ၏ အကြောင်းအရာများကို ရည်ရွယ်ချက်ရှိစွာ ဖော်ပြထားသည်။ ယခု ဖော်ပြ ထားသောသတင်းအချက်အလက်များသည် တိုက်ရိုက် တွေ့ဆုံကာ မှတ်တမ်းတင်ထားသော အမျိုးသမီးများ၏ အသံများပင်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် မတ်လတွင် KHRG အနေနှင့် ရရှိထားသော သတင်းအချက်အလက်များမှ မိမိတို့ သတ်မှတ်ထားသော အချက်များနှင့် ကိုက်ညီသော တွေ့ဆုံမေးမြန်းခန်း ၂၅၉ ခု၊ စာဖြင့်ရေးသား တင်ပြထားသော အစီရင်ခံစာ ၁၉၀ ခု၊ တိုင်ကြားစာ ၇၃ ခု၊ မြေယာသိမ်းဆည်းမှုမှတ်တမ်းလွှာ ၃၆ ခုနှင့် ဓာတ်ပုံ မှတ်တမ်း ၂၅၅ ခု တို့ကိုရွေးချယ်ပြီး ဤ မျက်ကွယ်ပြုခံရသော အခွင့်အရေးနှင့်ရှုန်းကန်မှုများ အစီရင်ခံစာတွင်ရေးသား ဖော်ပြနိုင်ရန်အတွက် ဝေဖန်ပိုင်းခြား စီစစ်မှုများ ပြုလုပ်ခဲ့ ပါသည်။

## ကျွမ်းကျင်ပညာရှင်များ၏ တုန့်ပြန်မေးမြန်းမှုများ

ဤအစီရင်ခံစာပါသတင်းအချက်အလက်များကို ဝေဖန်ပိုင်းခြားစီစစ်မှုများပြုလုပ်ချိန်တွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူပညာရှင်များနှင့် အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ခဲ့ပါသည်။ KHRG မှ ပြုလုပ်ခဲ့သည့်တွေ့ဆုံမေးမြန်းခန်း များတွင် ကရင်အမျိုးသမီးအစည်းအရုံး(KWO)၊ ကရင်ကျောင်းဆရာများပူးပေါင်းလုပ်ရှားမှုအဖွဲ့(KTWG)၊ ကရင်ပညာရေးနှင့်ယဉ်ကျေး

မှုဌာန(KED)၊ အမျိုးသမီးများအတွက် လူမှုစောင့်ရှောက်ရေးအဖွဲ့(SAW)၊ မယ်တော်ဆေးခန်း (MTC)၊ နယ်လှည့်ကျော့ပိုးအိတ် ကျန်းမာရေးလုပ်သား များအဖွဲ့ (BPHWT) စသည့်အဖွဲ့များမှ ကိုယ်စားလှယ်များ နှင့် အခြားသော ပညာရှင်များ ပါဝင်ပါသည်။ ယခုအစီရင်ခံစာနှင့် တိုက်ရိုက်သက်ဆိုင်သော တွေ့ဆုံမေးမြန်းမှုမှ ရရှိလာသော အချက်အလက်များကို ဤအစီရင်ခံစာတွင် အလျင်းသင့်သလို မှီငြမ်းဖော်ပြထားပါသည်။ ဤအစီရင်ခံစာကို မူကြမ်းရေးသားပြီးနောက် စာမူကြမ်းများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများထံ ပေးပို့ပြီး ၎င်းတို့၏ သဘောထားအမြင်များကို ရယူပါသည်။ ထို့နောက် KHRG ဝန်ထမ်းများမှ အဖွဲ့အစည်းတွင်း အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ပြီး ပညာရှင်များ၏ အမြင်သဘောထားများအပေါ် ပြန်လည်သုံးသပ်ကာ စာမူကြမ်းကို တည်းဖြတ်ကြပါသည်။ သို့ရာတွင် ဒေသခံများ၏ ပြောဆိုတင်ပြချက်များကို ဦးစားပေးပြီး အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပါသည်။ ကျွမ်းကျင်ပညာရှင်များကို ရွေးချယ်ရာတွင် ဤအစီရင်ခံစာပါ အကြောင်းအရာတစ်ခုခုကို အမှန်တကယ် သိကျွမ်းနားလည်သူ သို့မဟုတ် KHRG ၏ အစီရင်ခံစာကို ရေးသားခဲ့ဖူးသူများကို ရွေးချယ်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် ဤအစီရင်ခံစာပါ အချက်အလက်များနှင့် ရေးသားတင်ပြပုံ အကြောင်းကို ဆွေးနွေးသုံးသပ်ရန် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများနှင့် ထိုင်းနိုင်ငံတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း မျက်နှာချင်းဆိုင်တွေ့ဆုံ စည်းဝေးခဲ့ပါသည်။

## အကြံပြုတင်ပြချက်များ

အကြံပြုတင်ပြချက်များကို ဤအစီရင်ခံစာ၏ နိဒါန်းပိုင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။ ဤအကြံပြု တင်ပြချက်များကို KHRG ၏ ဒေသတွင်းမှ ရရှိထားသော သတင်းအချက်အလက်များ၊ ပညာရှင်များနှင့် အလွတ်သဘော တွေ့ဆုံ မေးမြန်းခန်းများအပြင် KHRG ၏ ဒေသ တွင်းအဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ၏ တွေ့ရှိတင်ပြချက်များအပေါ်တွင် အခြေခံပြီး ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

## သတင်းအရင်းအမြစ်များနှင့် မှီငြမ်းချက်များ

ဤအစီရင်ခံစာပါ သတင်းအချက်အလက်များသည် အစီရင်ခံစာ ရေးသားတင်ပြသည့် ကာလအတွင်း ဒေသခံ ရွာသားများကိုယ်တိုင် တိုက်ရိုက်ပြောဆို သက်သေခံချက်များ သို့မဟုတ် KHRG သတင်းစုဆောင်းသူများမှ ဝေဖန်ပိုင်းခြား ရေးသားတင်ပြထားချက်များအပေါ်တွင် အခြေခံထားခြင်းဖြစ်ပါသည်။ အထက်ပါ သတင်းအချက်လက်များကို ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စာဖတ်သူများကိုယ်တိုင် ဝေဖန်ပိုင်းခြားနိုင်ရန် ဥပမာများအားလုံးတွင် အောက်ခြေ မှတ်စုများအား သတင်းအရင်းအမြစ် ၁၆၀ ခုပေါ် အခြေခံ၍ ဖော်ပြထားပါသည်။ ဤအရင်းအမြစ်များကို နံပါတ်စဉ်အလိုက် KHRG ၏ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။ KHRG မှ မိမိတို့ မီးမောင်းထိုးတင်ပြသော အချက်များကို စာဖတ်သူများ ပိုမိုနားလည် သဘောပေါက်နိုင်ရန် ရွာသားများ၏ တိုက်ရိုက်ပြောဆို သက်သေခံချက်များကို အလျင်းသင့်သည့် အခါတိုင်း တတ်နိုင်သမျှ ထည့်သွင်းဖော်ပြထားပါသည်။

## သတင်းစုဆောင်းသည့်နေရာဒေသများ

သတင်းအချက်အလက်များကို နေရာဒေသအလိုက် ခွဲခြားတင်ပြနိုင်ရန် KHRG အနေဖြင့် သတင်းစုဆောင်းသည့် နေရာဒေသ ၇ ခုကို လိုက်၍ သတင်းအချက်အလက်များကို စုစည်းထားပါသည်။ ၎င်းနေရာဒေသ ၇ ခုမှာ သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ မြိတ်-ထားဝယ်၊ ဖာပွန်၊ ဒူးပလာယာနှင့် ဖားအံတို့ဖြစ်ကြပြီး ဤနယ်မြေဒေသ ၇ ခုကို ခရိုင်များဟု ရည်ညွှန်းခေါ်ဝေါ် သုံးနှုန်းပါသည်။ ဤအသုံးအနှုန်းများကို ကရင်အမျိုးသားအစည်းအရုံးမှအသုံးပြုပြီး ကရင်အမျိုးသားအစည်းအရုံးနှင့် ဆက်စပ်သောအဖွဲ့အစည်းများနှင့် ကရင်အမျိုးသားအစည်းအရုံး နှင့် ဆက်စပ်မှုမရှိသော ဒေသခံအဖွဲ့အစည်းများ ကလည်း အသုံးပြုကြပါသည်။

KHRG အနေဖြင့် ကရင်အမျိုးသားအစည်းအရုံးမှ အသုံးပြုသော ခရိုင်ဒေသ အခေါ်အဝေါ်ကို မှီငြမ်း အသုံးပြုခြင်းသည် နိုင်ငံရေးယုံကြည်ချက် ဆက်စပ်မှုကြောင့် မဟုတ်ပါ။ KHRG စတင်ဖွဲ့စည်းစဉ်ကပင် ဤကဲ့သို့ခေါ်ဝေါ်သုံးစွဲခဲ့ပြီး KHRG မှတွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သော ရွာသားများနှင့် KHRGနှင့်အတူ လက်တွဲလုပ်ကိုင်သော ဒေသခံအဖွဲ့ အစည်း များကလည်း ဤအခေါ်အဝေါ်အသုံးအနှုန်းကို အသုံးပြုကြသောကြောင့် KHRG သည်လည်း ၎င်းတို့သုံးနှုန်းသည့်အတိုင်း လိုက်လံသုံးနှုန်းခြင်းဖြစ်ပါသည်။ ဤခရိုင် ၇ခု သည် မြန်မာအစိုးရမှ သတ်မှတ်ထားသော နယ်နိမိတ် သတ်မှတ်ချက် အခေါ်အဝေါ်များနှင့် တူညီမှုမရှိပါ။ သို့သော် ဤခရိုင် ၇ခု သည် အစိုးရသတ်မှတ်သော ပြည်နယ် ၂ခု၊ တိုင်းဒေသကြီး ၂ခု နှင့်နေပြည်တော်ကောင်စီနယ်မြေအစိတ်အပိုင်းအချို့အတွင်း ကျရောက် တည်ရှိပါသည်။ ယခုအစီရင်ခံစာတွင် ခေါ်ဝေါ်သော တောင်ငူခရိုင်တွင် အစိုးရသတ်မှတ်သော ကရင်ပြည်နယ် မြောက်ပိုင်း တစ်ခုလုံးနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းတစ်စိတ်တစ်ဒေသနှင့်နေပြည်တော်ကောင်စီနယ်မြေတို့ပါဝင်ပါသည်။ ညောင်လေးပင်ခရိုင်တွင် ပဲခူးတိုင်းဒေသကြီး

နေရာတော်တော်များများပါဝင်ပါသည်။ ဖာပွန်ခရိုင်တွင် ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း၊ ဖားအံ ခရိုင်တွင်ကရင်ပြည်နယ်အလယ်ပိုင်း၊ သထုံခရိုင်တွင် မွန်ပြည် နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်တစ်စိတ် တစ်ဒေသ နှင့်ဒူးပလာယာခရိုင်တွင် ကရင်ပြည်နယ်တောင်ပိုင်းနှင့်မြိတ်-ထားဝယ်ခရိုင်တွင်တနင်္သာရီတိုင်းဒေသကြီးတို့ပါဝင်ပါသည်။ ဤအစီရင်ခံစာပါ သတင်းအချက် အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် ကရင်ခရိုင် အခေါ်အဝေါ်များနှင့် ရင်းနှီးကျွမ်းဝင်သော အဖွဲ့အစည်းများနှင့် အစိုးရသတ်မှတ်သော နယ်နိမိတ်အခေါ်အဝေါ်များနှင့်သာ ရင်းနှီးကျွမ်းဝင်သောအဖွဲ့အစည်းများအားလုံးအတွက်အဆင်ပြေနားလည် သဘောပေါက်လွယ်ကူစေရန် မြေပုံအမှတ် ၁ တွင် နယ်နိမိတ်သတ်မှတ်ချက် နှစ်မျိုးလုံးကို ထည့်သွင်း ဖော်ပြပေးထားပါသည်။ ထို့အပြင် အစီရင်ခံစာရေးသားရာတွင်လည်း အလျင်းသင့်ပါက နယ်နိမိတ် သတ်မှတ်ချက် နှစ်မျိုးလုံးကို ထည့်သွင်းရေးသားထားပါသည်။ ကရင်ကျေးရွာများ၏ အမည်နာမများကို အင်္ဂလိပ်ဘာသာစကားဖြင့် အသံထွက်ရေးသားရာတွင် တသမတ်တည်းဖြစ်စေရန် ၂၀၁၂ခုနှစ်တွင် အများသဘောတူဆုံးဖြတ်အတည်ပြုထားသော အသံဖလှယ်ခြင်း နည်းစနစ်ကို အသုံးပြုထားပါသည်။[6] ၂၀၁၂ခုနှစ်တွင် KHRG ဒေသခံ ကရင်လူမှုအဖွဲ့အစည်း ၁၄ခုနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ စုပေါင်းပြီး အသံ ဖလှယ်ခြင်းစနစ်အား ဆွေးနွေးကာ အသံထွက်များအား တသမတ်တည်း ရေးသားကြရန် သဘောတူညီထားကြခြင်း ဖြစ်ပါ သည်။ မြန်မာဘာသာဖြင့် ခေါ်ဆိုသော နေရာဒေသများ၏ အမည်များကို ရေးသားရာတွင် မြန်မာနိုင်ငံတော် အစိုးရမှ သတ်မှတ်ထားသော တရားဝင် အမည်နာမများကို KHRG မှ အသုံးပြုထားသည်။

## အမည်နာမများ၊ နေရာဒေသများနှင့် အခြားအသေးစိတ်များကို ဆင်ဆာဖြတ်တောက် စီစစ်ခြင်း

အစီရင်ခံစာ ရေးသားရာတွင် ရွာသားများ၏ ပြောဆိုချက်များ သို့မဟုတ် ရည်ညွှန်းချက်များအား ထည့်သွင်းသည့်အခါ လူအမည်များသို့မဟုတ် ရွာအမည်များကို ဖော်ပြရာ၌ KHRG အနေနှင့် ထိုလူပုဂ္ဂိုလ်များအတွက် အန္တရာယ်ရှိသည်ဟု ယူဆပါက အမည်နာမများကို အမှန်အတိုင်းမဖော်ပြဘဲ အက္ခရာစာလုံးကိုသာ အသုံးပြုပြီး ဖော်ပြပါသည်။ ဖုံးကွယ် ထားသော အမည်နာမများကို အက္ခရာစဉ် ကမှ အ အထိ အက္ခရာ တစ်လုံး သို့မဟုတ် နှစ်လုံးကို အသုံးပြုပြီး အစား ထိုးရေးသားဖော်ပြပါသည်။ ဥပမာ အားဖြင့် ဦး က....၊ ဒေါ် ခ...... စသည်ဖြင့် ရေးသားဖေါ်ပြပါသည်။ အစီရင်ခံစာ အခန်းတိုင်းတွင် အထက်ပါအတိုင်း အက္ခရာစဉ်ကို အလှည့်ကျ အသုံးပြုပြီး အမည်နာမများကို ဖုံးကွယ်ရေးသားပါသည်။ အက္ခရာစဉ်ဖြင့် ရေးသားထားသောအမည်နာမ များတွင် အသုံးပြုထားသော အက္ခရာသည် အမည်နာမ အစစ်အမှန်ကို ကိုယ်စားပြုခြင်း မရှိပါ။ ဤအစီရင်ခံစာတွင် အသုံးပြုထားသော ဦး က......၊ ဒေါ် ခ......စသည့် ဖုံးကွယ် အမည်နာမများသည် ယခင် အစီရင်ခံစာများနှင့် သက်ဆိုင်မှု မရှိသကဲ့သို့ ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ သတင်းအချက်အလက် အရင်းအမြစ်တွင် ပါဝင်သော ဖုံးကွယ်အမည်များနှင့် လုံးဝဆက်စပ်မှုမရှိပေ။ ဤကဲ့သို့ အက္ခရာအသုံးပြု၍ ဖုံးကွယ်ရေးထားသော အမည်နာမများ၏ အမည်နာမ အစစ်အမှန်များအား KHRG မှ ဖိုင်တွဲ၍သိမ်းဆည်းထားပါသည်။ ထို့ကြောင့် အမည်နာမ ဖုံးကွယ်ထားခြင်းကို သတင်းအချက်အလက်များ ပြည့်စုံခြင်းမရှိဟု ယူဆ၍မရရှိနိုင်ပါ။ ကိစ္စရပ်တော်တော်များများတွင် သတင်းစုဆောင်းသူများနှင့် ရွာသားများ၏ လုံခြုံရေး အတွက် အချို့သောသတင်းအချက်အလက်များကို ထိန်ချန်ထားရပါသည်။ ရွာသားများ ဖော်ပြထားသည့်အတိုင်း အမည်များကို တိုက်ရိုက် ဘာသာပြန်ဆိုထားပြီး ထိုအထဲတွင် အမိုး၊ ဖထီး၊ ဦးလေး၊ အဒေါ်ဟူသော ခေါ်ဝေါ်သုံးနှုန်းမှုများမှာ မိသားစု အရင်းအခြာကို ဆိုလိုခြင်း မဟုတ်ပဲ ရင်းနှီးမှုကို ဖော်ပြထားသည့် သဘောကို ဆောင်သော အခေါ်အဝေါ်များ ဖြစ်သည်ကို သတိချပ်ရပါမည်။

## အစီရင်ခံစာ ပြုစုရာတွင် လွတ်လပ်မှု၊ တွေ့ကြုံရသော အတားအဆီးများနှင့် ရွေးချယ် ဘက်လိုက်မှုများ

တပ်မတော်၊ နယ်ခြားစောင့်တပ်များနှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ထားသော နယ်မြေများ အတွင်း သို့မဟုတ် နယ်မြေများတလျှောက်တွင်အလုပ်လုပ်သော်လည်း KHRG သည် သီးခြားလွတ်လပ်သောအဖွဲ့အစည်း တစ်ခု ဖြစ်ပြီး အဖွဲ့အစည်းတစ်ခုခု၏ လက်အောက်ခံမဟုတ်ပါ။

တစ်ချို့သောနေရာဒေသများသို့ သွားလာရာတွင် အထူးသဖြင့် တပ်မတော်စစ်စခန်းအနီးရှိ ကားလမ်းမကို ဖြတ်ကျော်ရန်လိုအပ်သောအချိန် သို့မဟုတ် မြေ မြှုပ်မိုင်းများမြှုပ်နှံထားသည်ဟု ယူဆရသောနယ်မြေများကို သတင်းအချက်အလက် ရယူရန်အတွက် ဖြတ်ကျော်ရန် လိုအပ်သော အချိန်များတွင် KNLA ၏အကူအညီကို ရယူရပါသည်။ အစီရင်ခံစာရေးသားရန် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် သတင်းစုဆောင်း နေစဉ် ကာလအတွင်း KHRG သတင်းစုဆောင်းသူများ ဘေးကင်းစွာ သတင်းရယူစုဆောင်းနိုင်ရန် အဓိက အတားအဆီးဖြစ်စေသော အဖွဲ့များမှာ တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် DKBA တပ်ဖွဲ့များဖြစ်ကြသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို သတင်းရယူစုဆောင်းရာတွင် ကျူးလွန်သူများသိရှိပါက ၎င်းတို့အတွက် အလွန်အန္တရာယ်ရှိပြီး ဖမ်းဆီးနှိပ်စက်ခံရနိုင်သည်ကို သိရှိလျက်နှင့်ပင် ဒေသခံရွာသားများသည် သတင်းအချက်အလက်များကို ရယူစုဆောင်းကြပါသည်။

[6] ယခုအစီရင်ခံစာတွင် ရေးသားထားသော ရွာအမည်များသည် ၂၀၁၂ခုနှစ်မတိုင်မီက ရေးသားထားသော စာလုံးပေါင်းများ နှင့် တူညီမည်မဟုတ်ပေ။ ၂၀၁၂အသံဖလှယ်ခြင်းစနစ်ကို ပြုစုသဘောတူထားသောအဖွဲ့အစည်းများ က လူသုံးများသော ကရင်ခရိုင်နှင့် မြို့နယ် အမည်များကို ယခင်အတိုင်းပင် ဆက်လက်အသုံးပြု ကြရန် သဘောတူညီကြပါ သည်။

အထက်ပါ အတားအဆီးများကြောင့် ဒေသခံ သတင်းစုဆောင်းသူများသည် ၎င်းတို့အတွက် အန္တရာယ် မဖြစ်စေရန်အတွက် သက်ဆိုင်ရာသို့ ပြန်လည် သတင်းပို့ခြင်း မပြုလုပ်သူများနှင့်သာ တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်နိုင်ပါသည်။ သို့ရာတွင် ကျေးရွာတစ်ခုလုံး တောတွင်းထွက်ပြေး တိမ်းရှောင်နေရသူများနှင့် ချိုးဖောက်သူ အာဏာပိုင်များကို အန္တရာယ်ရှိသူများဟု မြင်သူများသည် ထိုအာဏာပိုင်များအား ရင်ဆိုင်ရန်ထက် ထွက်ပြေးတိမ်းရှောင်ခြင်းက ၎င်းတို့အတွက် ပိုမိုကောင်းမွန်သော နည်းလမ်းဖြစ်သောကြောင့် ၎င်းတို့ခံစားရသော အခွင့်အရေး ချိုးဖောက်မှုများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုရန် ဝန်မလေးသည့်အတွက် တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ရာတွင် အခက်အခဲအတားအဆီး မရှိပါ။ အချို့ဒေသများတွင်မူ လုံခြုံရေးအခြေအနေအရ တွေ့ဆုံမေးမြန်းခန်း များကို ပေါ်လွင်ထင်ရှားစွာ ပြုလုပ်နိုင်ခြင်းမရှိပါ။ KHRG အတွက် အလုပ်လုပ်ကိုင်သူများ၏ လုံခြုံရေးကို ထိပါးစေနိုင်သောသူများသည် များသောအားဖြင့် တပ်မတော်၏ လုပ်ရပ်အပေါ် အကောင်းမြင်ပြီး နိုင်ငံတော်အစိုးရနှင့် ပဋိပက္ခဖြစ်နေသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအပေါ် အဆိုးမြင်ကြသောသူများ ဖြစ်ကြသည်။

အထက်ပါကဲ့သို့သော ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် KHRG အနေဖြင့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ အားလုံးအပေါ် ကောင်းသည်၊ဆိုးသည်ကို ယတိပြတ်ပြောဆိုနိုင်ခြင်း မရှိသကဲ့သို့ အစိုးရ၏ ကောင်းမွန်သော လုပ်ရပ်များအပေါ်တွင်လည်း ကောင်းသည်ဟု ကောက်ချက်ချပြောဆိုရန် မလွယ်ကူပေ။ ထိုကဲ့သို့သော အကြောင်းအရာများကြောင့် KHRGသည် မိမိတို့ သတင်း စုဆောင်း ရယူခြင်း မပြုသော ဒေသများမှ သတင်း အချက်အလက်များအပေါ် ကောက်ချက်ချဝေဖန်သုံးသပ်ခြင်း မပြုလုပ်ပါ။ အစီရင်ခံစာရေးသားနေစဉ်ကာလတွင်း ရွာသားများ တင်ပြပြောဆိုလာသော အမျိုးသမီးများ တွေ့ကြုံ ခံစားရသည့် အရာများသာ ဤအစီရင်ခံစာတွင် အဓိကထား ဝေမျှတင်ပြထားပါသည်။ ဤအစီရင်ခံစာ ပြုစုရေးသားစဉ် ကာလအတွင်း အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို သာမက ၎င်းတို့ ယခင်က ကြုံတွေ့ခဲ့ရသည့်အရာများကိုပါ ထည့်သွင်း စဉ်းစား ဝေဖန်ပိုင်းခြားမှုများ ပြုလုပ်ပါသည်။ ထပ်မံသတိပြုရမည့် အချက်မှာ ဤအစီရင်ခံစာတွင် ဖော်ပြထားသော အချက်အလက်များသည် မြန်မာနိုင်ငံ တစ်လွှားရှိ အမျိုးသမီးများအားလုံး ရင်ဆိုင်ကြုံတွေ့ကြရသော အခြေအနေများမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် KHRG အနေဖြင့် မြန်မာပြည် အရှေ့ပိုင်းရှိ ကျေးရွာဒေသများသို့သာ ရောက်ရှိ သတင်းယူနိုင်သောကြောင့် ဖြစ်ပါသည်။

သတင်းစုဆောင်းရာတွင် အကန့်အသတ်ရှိခြင်းကြောင့် တပ်မတော် သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ များအကြောင်း ရေးသား တင်ပြထားချက်များအပေါ် ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည် ဟူ၍ မေးခွန်းထုတ်ရန် မရှိ ကြောင်း ကိုလည်း သတိပြုလက်ခံရပါမည်။ KHRG မှ တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ထားသော ရွာသားများမှာ ၎င်းတို့၏ ကိုယ် ပိုင်အမြင်နှင့် ခံစားချက်များအား ဘက်လိုက်၍ ချဲ့ကားပြောဆိုခြင်း (သို့) မမှန်မကန်ပြောဆိုခြင်းများ ရှိကောင်း ရှိနိုင်ကြပါသည်။ ဤကဲ့သို့သော မမှန်ကန်မှုများကို ကာကွယ်နိုင်ရန်အတွက် အထက်တွင် ဖော်ပြထား သည့် အတိုင်း သတင်းအချက်အလက်များကို သေချာစွာ ဝေဖန်သုံးသပ် စီစစ်မှုများ ပြုလုပ်ပါသည်။

ထို့အပြင် ယခုအစီရင်ခံစာ စုဆောင်းနေစဉ် ကာလအတွင်း သာမက လွန်ခဲ့သော ၂၄ နှစ်ကျော် ကာလအတွင်း သတင်းအချက်အလက်များ စုဆောင်းရယူခဲ့သည့် အတွေ့အကြုံများကလည်း သတင်းအချက်အလက်များ မှားယွင်းတင်ပြမှုများ မဖြစ်ပေါ်စေရန် လျှော့ချပေးပါသည်။ နောက်ဆုံးအနေဖြင့် KHRG မှသတင်းရယူရာတွင် ကြုံတွေ့ရသော အခက်အခဲအတားအဆီး များသည် ဤအစီရင်ခံစာတွင် မပါဝင်သော ပြဿနာအကြောင်းအရာ များအတွက် အဖြေမရှိသေးကြောင်းနှင့် နောက်ထပ်ပိုမိုပြည့်စုံသော သတင်းအချက်အလက်များကို စုဆောင်း ရယူရန် လိုအပ်နေသေးကြောင်း အဓိပ္ပါယ်သက်ရောက်ပါသည်။

# အပိုင်း (ခ) အမျိုးသမီးများ၏ရှုထောင့်အမြင်များ

## အခန်း ၁: အပစ်ခတ် ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ အပေါ်အမျိုးသမီးများ၏ ရှုထောင့်အမြင်များ

*"တပ်မတော်နဲ့ ပတ်သက်ပြီး တိုက်ပွဲဖြစ်မလား။ ငြိမ်းချမ်းရေးပဲ ရတော့မှာလား ဆိုတာကျွန်မတို့ စိတ်ပူနေတုန်းပါပဲ။ မိသားစုအတွက်ကတော့ ကလေးတွေ ကောင်းကောင်းမှ အစာစားရပ့်မလားဆိုပြီး စိတ်ပူနေရတယ်။ ကျွန်မတို့မှာ ကလေးတစ်ယောက်ရှိပါတယ်။ စိုက်ခင်း သွားရင်လည်း သူ့ကိုခေါ်သွားရတယ်။ တစ်ခါတစ်လေ ကလေးဖျားရင် ကျွန်မတို့ ဒုက္ခ ရောက်ပါတယ်။ ကျွန်မတို့တွေ့ကြုံ ရတာတွေက ဆိုးဝါးလွန်းပါတယ်။ ကျွန်မ သေချာင်ပေမဲ့ မသေပါဘူး (ရယ်မော လျက်) ဒုက္ခကတော့ အမြဲရောက်နေတာပဲ။"*

နော် စ....၊ (မ၊ ၂၉ နှစ်) ထ...ကျေးရွာ၊
ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်
အရှေ့မြောက်ပိုင်း (၂၀၁၃ စက်တင် ဘာလ တွင်
တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့ သည်။)[7]

### အဓိကတွေ့ ရှိချက်များ

- အမျိုးသမီးများမှ ၂၀၁၅ ရွေးကောက်ပွဲသည် ကရင်လူမျိုးများအတွက် အကျိုးရှိသည်ဟု မမြင်ပါ။ အမျိုးသမီး အချို့က ရွေးကောက်ပွဲရလဒ်အားအကောင်း မြင်သော်လည်း အချို့မှာမူ အစိုးရသစ်၏ မူဝါဒပြောင်းလဲမှုများကို မမြင်တွေ့ ရသ၍ ရွေးကောက်ပွဲရလဒ်အပေါ် ဝေဖန်ပြောဆိုရန် ဝန်လေးဆဲရှိနေပါသည်။

- ၂၀၁၂ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရေးထိုးပြီးနောက် ကရင်ပြည်နယ်ရှိ အချို့ဒေသများတွင် တိုက်ပွဲများ၊ ပဋိပက္ခများလျော့နည်းလာ သောကြောင့် အမျိုးသားများ ကျေးရွာများသို့ပြန်လည်ရောက်ရှိလာကြပြီး အကျိုး ဆက်အနေနှင့် အမျိုးသမီးများသည် ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရာထူးများမှ ဖယ်ရှားခံကြရကြောင်း အမျိုးသမီးအချို့တို့က ၎င်းတို့၏ တွေ့ရှိချက်များကို တင်ပြကြပါသည်။

- ၂၀၁၂ ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အမျိုး သမီးများအနေနှင့် ၎င်းတို့ နေထိုင်ရာဒေသများတွင် လက်နက်ကိုင် တပ်ဖွဲ့များ ဆက်လက် တပ်စွဲ ထားခြင်းကြောင့် ဘဝလုံခြုံမှု အပြည့်အဝ မရှိသေးကြောင်း၊ အဓိကအားဖြင့် လိင်ကွဲပြားမှု အပေါ် အခြေခံသော အကြမ်းဖက်မှုများ ပိုမိုများပြား လာနိုင်သည်ဟု အမျိုးသမီးများက ဆက်လက် တင်ပြခဲ့ကြသည်။ ဤကဲ့သို့သော ဘေးအန္တရာယ်နှင့် ခြိမ်းခြောက်မှုများ ဆက်လက် တည်ရှိနေခြင်း သည် အမျိုးသမီး များ၏ စားဝတ်နေရေးအတွက် လယ်စိုက်ခင်းများနှင့် တောတွင်းသို့ သွားရောက်ရန်၊ စာသင်ခန်း များနှင့်ဆေးရုံ ဆေးပေးခန်းများသို့ သွားရောက်ရန် အတားအဆီး အနှောင့်အယှက် ဖြစ်စေပါသည်။

ဤအခန်းတွင် အပစ်အခတ်ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ နှင့် ၂၀၁၅ ခုနှစ်အထွေထွေ ရွေးကောက် ပွဲ အပေါ် ထားရှိသည့် အမျိုးသမီးများ၏ အမြင် သဘောထားများကို အဓိကတင်ပြ ထားပါ သည်။ ဤအခန်းသည် KHRG မှ ထုတ်ဝေပြီးသော အစီရင်ခံစာ ၂ စောင် ဖြစ်သည့် ဆိုင်းငံ့ခြင်း (သို့) အ သွင်ကူး ပြောင်းခြင်း? နှင့် 'ကျွန်ုပ်တို့ရွာသားများ ပြောသည့် အသံတစ်ခု တည်းဖြင့် ဘာများ ဖြစ်လာ နိုင်မည်နည်း?' တို့တွင် ဖော်ပြခဲ့ပြီး သော စစ်ဘက် ဆိုင်ရာ တိုးချဲ့လုပ်ဆောင် မှုများအပေါ် ရွာသားများ၏ အမြင် သဘောထားကို ဝေဖန်ပိုင်းခြားထားခြင်း၏ နောက်ဆက်တွဲ ရှုထောင့် အမြင်များ ဖြစ် ပါသည်။[8] ဤအခန်းတွင် ဖော်ပြထားသော သတင်းအချက် အလက်များသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် မတ်လထိ ရရှိထားသော သတင်းအချက် အလက်များနှင့် တွေ့ဆုံမေးမြန်းခန်းများအပေါ် အခြေခံထားခြင်း ဖြစ်ပါသည်။

ရွာသားများအနေနှင့် လက်နက်ကိုင် အဖွဲ့အစည်း များ တည်ရှိနေခြင်း၊ အထူးသဖြင့် စစ်ရေးလှုပ်ရှားမှု များ စသည်တို့နှင့် ပတ်သက်ပြီးလွန်စွာစိတ်ပူပန်နေ ခြင်းများကို KHRG မှ မိမိတို့ စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၂ ခုနှစ်မှစ၍ အကြိမ်ကြိမ် တင်ပြခဲ့ပြီးဖြစ်ပါသည်။လက်နက်ကိုင်များ ရှိနေခြင်းသည် ၎င်းတို့၏ လုံခြုံရေးအတွက် ခြိမ်းခြောက်မှု တစ်ရပ်ဟု ရွာသား များက မြင်ကြပါသည်။ ထို့အပြင် စစ်တပ်များ ဆက်လက်တည်ရှိနေခြင်းသည် ၂၀၁၂ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၊ ၂၀၁၅ခုနှစ် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ကျယ်ပြန့်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတို့၏ ရေရှည်တည်တံ့မှုအပေါ် ရွာသားများမှ မေးခွန်းထုတ်ရန် အကြောင်းအရာများ ဖြစ်လာစေပါသည်။

ဤအစီရင်ခံစာတွင် စုဆောင်းထားသော သတင်းအချက်အလက်များအရ ၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုရရှိပြီး နောက်ပိုင်းတွင် အမျိုးသမီးများသည် စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ၏ ဆိုးကျိုးများကို ပိုမိုခံစားရပါသည်။

7 Source #82: "Hpapun Interview: Naw S---, September 2013," KHRG, August 2014. တွင်ကြည့်ပါ။

8 "Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire," KHRG, May 2014; "'With only our voices, what can we do?': Land confiscation and local response in southeast Myanmar," KHRG, June 2015. တွင်ကြည့်ပါ။

ပဋိပက္ခဖြစ်ပွားစဉ်ကာလနှင့် နှိုင်းယှဉ်လျှင် အခြေအနေ အရပ်ရပ် ပြောင်းလဲ တိုးတက်လာသော်လည်း စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများကြောင့် စစ်တပ်နှင့် သက်ဆိုင်သော စိန်ခေါ်မှုများသည် ယခင်က ကဲ့သို့ပင် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။ KHRG ၏ အစီရင်ခံစာအရ လက်နက်ကိုင်များ ဒေသတွင်း တည်ရှိနေခြင်းကြောင့် လွတ်လပ်စွာ သွားလာခွင့်မရှိခြင်း၊ အတင်းအဓမ္မ လုပ်အားပေး စေခိုင်းခံရနိုင်ခြင်း၊[9] လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရနိုင်ခြင်း[10] နှင့် မြေမြှုပ်မိုင်းများ၊ မပေါက်ကွဲ သေးသော စစ်လက်ကျန် ကျည်ဆံများနှင့်အမြောက်ဆံများကြောင့် ဒဏ်ရာရရှိနိုင်ဖွယ်ရှိခြင်း[11] စသည့် ပြဿနာများကို ဖြစ်ပေါ်စေနိုင်ပါသည်။ စစ်တပ်များတည်ရှိသွားလာလှုပ်ရှားမှုကြောင့် ရွာသားများသည် မလုံခြုံမှုများကို ခံစားရကြောင်းနှင့် စစ်တပ်များ ဆက်လက်တည်ရှိ နေခြင်းကြောင့် ရွာသားများအနေဖြင့် ၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့နိုင်ခြင်း ရှိ၊ မရှိအတွက်လည်း မေးခွန်းထုတ်စရာ ဖြစ်နေကြောင်းကို ဤအခန်းတွင် ဖော်ထုတ်တင်ပြထားပါသည်။ တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် အခြားသော လက်နက်ကိုင်အဖွဲ့များမှ အင်အားတောင့်တင်းရန် လုပ်ဆောင်နေခြင်းကို ရွာသားများက စိုးရိမ် ထိတ်လန့်လျက် စောင့်ကြည့်နေရပါသည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ 'militarisation' ကို KHRGမှ အောက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။ စစ်တပ် သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းများမှ ၎င်းတို့၏ အင်အား ခိုင်မာတောင့်တင်းလာရန် ပြုလုပ်သည့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို (သို့မဟုတ်) ရွာသားများ၏ လုံခြုံရေးအပေါ် ထိခိုက်မှုရှိမည်ဟု ထင်မြင်စေသော မည်သည့်လုပ်ဆောင်ချက် ကိုမဆို စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ ဟုခေါ်ဆိုပါသည်။ ဤအခန်းတွင် ဖော်ပြမည့် စစ်ဘက်ဆိုင်ရာ တိုးချဲ့ လုပ်ဆောင်မှုများမှာ စစ်ရေးစစ်ရာများအတွက် လုပ်ဆောင်နေသည်ဟု ရွာသားများက ထင်မြင် ယူဆထားသည့် လုပ်ဆောင်ချက်များ အားလုံးကို ဆိုလိုသည်။ ထိုလုပ်ဆောင်ချက်များမှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ လက်နက်ကိုင်များ အနေဖြင့် အခြေစိုက်စခန်းသစ်များ ဆောက်လုပ်ခြင်း၊ တည်ရှိပြီးသား စစ်စခန်းများကို ပိုမို တောင့် တင်း အောင် ပြုလုပ်ခြင်းစသည်တို့ဖြစ်ပါသည်။ ထို့နည်းတူ တပ်ပြောင်းတပ်လွှဲများ ပြုလုပ်ခြင်း၊ ရိက္ခာများ၊ လက်နက်များ၊ ကျည်ဆံများ ဖြည့်တင်းခြင်းနှင့် လက်နက်ကိုင်များအကြား တိုက်ပွဲငယ်များ ဖြစ်ပွားခြင်းစသည့်လုပ်ဆောင်ချက်များလည်း ပါဝင်ပါသည်။ ထို့အပြင် KHRG မှသတင်းရယူ စုဆောင်းထားသည့်အတိုင်း စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများကြောင့် ဒေသခံများ နေရာ ရွှေ့ပြောင်းနေရခြင်းသည်လည်း အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်ပါသည်။ အထက်တွင် ဖော်ပြခဲ့သော အချက်များအပြင် ရွာသားများ၏ ပစ္စည်းဥစ္စာများကို လက်နက်ကိုင်များမှ လုယူ၊ ခိုးယူခြင်းသည်လည်း စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ဝင်ပါသည်။ ပစ္စည်းဥစ္စာ လုယူ၊ခိုးယူသည် ဆိုရာတွင် ကြိုတင် တောင်းခံခြင်းမရှိဘဲ ရွာသားများ၏ ပစ္စည်းဥစ္စာများကို ယူငင်ခြင်းဖြစ်ပြီး အတင်းအဓမ္မ အခွန်ကောက်ခံခြင်းနှင့် အဓိပ္ပါယ်မတူပါ။

အပစ်အခတ်ရပ်စဲရေးဟု ဆိုရာတွင် ၂၀၁၂ နှင့် ၂၀၁၅ ခုနှစ်တို့တွင် သီးခြားစီ လက်မှတ်ရေးထိုးကြသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် နှစ်ခုကို ဆိုလိုပါသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)သည် မြန်မာနိုင်ငံအစိုးရနှင့် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘာတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤအပစ်အခတ်ရပ်စဲရေးသည် ကြံ့ခိုင်ရေးပါတီမှဦးဆောင်သော အစိုးရမှ စတင်လုပ်ဆောင်သည့် မူဝါဒများ ပြုပြင်ပြောင်းလဲရေး၏ တစ်စိတ် တစ်ဒေသပင်ဖြစ်ပါသည်။ ဤမူဝါဒများပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေး ဖြေလျှော့ပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်ရေး အပါအဝင် တစ်တိုင်းပြည်လုံးရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်နိုင်ရန် စသည်တို့ပါဝင်ပါသည်။

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးနောက်တွင် သာမန်ပြည်သူများနှင့် ၎င်းတို့၏ ပစ္စည်းဥစ္စာများအပေါ် တိုက်ခိုက်မှုနှင့် ပတ်သက်သော သတင်းပေးပို့ချက်များ သိသာစွာ လျော့နည်း လာကြောင်း KHRG မှတွေ့ရှိရပါသည်။ ထို့အတူ တိုက်ပွဲများ၏ တိုက်ရိုက်သက်ရောက်မှုကြောင့် ဖြစ်ပေါ်သော အခြားသောအခွင့်အရေး ချိုး ဖောက်မှုများနှင့် ပတ်သက်သည့် သတင်းပေးပို့ချက်များလည်း သိသာစွာ လျော့နည်းလာပါသည်။ အပစ်အခတ်ရပ်စဲရေး အတွက် တွေ့ဆုံညှိနှိုင်းကြရာတွင် တိုင်းရင်းသား လက်နက်ကိုင်များ အားလုံးပါဝင်ရေး၊ လက်ရှိ တိုင်းရင်းသား ဒေသများတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများ စသည့်အချက်များနှင့် ပတ်သက်၍ အမြင်ကွဲပြားမှုများ ရှိကြ သည့်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့တွင် ဆွေးနွေး ပွဲသို့ဖိတ်ကြားခြင်းခံရသော မူလ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၅ ဖွဲ့မှ KNU အပါအဝင် အဖွဲ့အစည်း ၈ ဖွဲ့သာ အစိုးရနှင့် တစ်နိုင်ငံလုံး အပစ် အခတ် ရပ်စဲရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။[12]

---

[9] Sources #8; #159 နှင့် #12 တွင်ကြည့်ပါ။

[10] Source #4 တွင်ကြည့်ပါ။

[11] Source #4 တွင်ကြည့်ပါ။

[12] "Myanmar signs ceasefire with eight armed groups," Reuters, October 15th 2015. တွင်ကြည့်ပါ။ တစ်နိုင်ငံလုံးအပစ် အခတ်ရပ်စဲရေး စာချုပ်တွင် အားလုံးလက်မှတ်မထိုးသော်လည်း နိုင်ငံတကာမှ အပေါင်းလက္ခဏာဆောင်သော တုန့်ပြန်မှုကိုရရှိခဲ့ပါသည်။ "Myanmar: UN Chief welcomes 'milestone' signing of ceasefire agreement," UN News Centre, October 15th 2015 တွင်ကြည့်ပါ။ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးမှ အပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ်ရေး ထိုးရန် ဆုံးဖြတ်ချက်ချသည့်အပေါ် အခြားသော KNU အဖွဲ့ဝင်များနှင့် အရပ်ဘက်အဖွဲ့အစည်း

## အပစ်အခတ်ရပ်စဲရေးနှင့် စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများအပေါ် အမျိုးသမီးများ၏အမြင်

*"ကျွန်မကတော့ စိတ်ပူနေတုန်းပါဘဲ။ သူများတွေက ငြိမ်းချမ်းရေးရပြီလို့တော့ ပြောကြတာပဲ၊ ဒါပေမဲ့ ကျွန်မအနေနဲ့ ကတော့ စိတ်ပူနေတုန်းပါပဲ။"*

နော် မ...၊ (မ၊ ၄၈ နှစ်)၊ စ...ကျေးရွာ၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၂ ဩဂုတ်လ တွင် တွေ့ဆုံမေးမြန်းခန်းကို လက်ခံရရှိခဲ့သည်။)[13]

ဤအစီရင်ခံစာတွင် တင်ပြထားသော အမြင်များသည် KHRG သတင်းစုဆောင်းရာ ဒေသ ၇ ခုလုံးမှ အမျိုးသမီးများနှင့် သေချာစွာ တွေ့ဆုံမေးမြန်းခန်းပြုလုပ်ပြီးမှ ထွက်ပေါ်လာသော ရှုထောင့်အမြင်များ ဖြစ်ပါသည်။ KHRG သတင်း စုဆောင်းရာ ဒေသ ၇ ခုဟု ဆိုသည်မှာ တပ်မဟာ သို့မဟုတ် ခရိုင်များဟု KNU မှ သတ်မှတ်ထားသော ဒေသတွင်း သတ်မှတ် ခေါ်ဝေါ် သုံးနှုန်းကြသော အခေါ်အဝေါ်များ ဖြစ်သည်။[14] တွေ့ဆုံမေးမြန်းခန်းများကို ၂၀၁၂ ဇန်နဝါရီလနှင့် ၂၀၁၆ ခုနှစ် မတ်လအကြား ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် အထက်ဖော်ပြပါ ကာလအတွင်း လက်ခံရရှိသော သတင်း အချက်အလက်များကိုလည်း စုဆောင်း တင်ပြထားပါသည်။ ဤသတင်းအချက်အလက်များတွင် အချို့တို့ကို ထုတ်ဝေတင်ပြပြီး ဖြစ်ပါသည်။

အခြေအနေအရပ်ရပ်ကို ခြုံငုံသုံးသပ်ကြည့်သောအခါ အမျိုးသမီးများက ၂၀၁၂ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘော တူညီချက် ပြုလုပ်ပြီးနောက်တွင် အခြေအနေများပိုမိုကောင်းမွန်လာကြောင်း ပြောဆိုကြပါသည်။[15] ဤအစီရင်ခံစာ အတွက် ပြုလုပ်ထားသော တွေ့ဆုံ မေးမြန်းခန်းအများစုကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ် မရေးထိုးမီက ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၂ခုနှစ်က ပြုလုပ်ခဲ့သော ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပေါ်မြင်သော အမျိုးသမီးများ၏ အမြင်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်သော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပေါ် ထားရှိသော အမျိုးသမီးများ၏ အမြင်များကို အတွင်းကျကျ ဖော်ပြနိုင်ခြင်းမရှိပေ။ အချို့အမျိုးသမီးများက တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်သည် ကရင်လူမျိုးများအတွက် တိုက်ရိုက်အကျိုးမရှိဟု ထင်မြင်ယူဆကြပါသည်။ ဗမာအပါအဝင် အခြားသော လူမျိုးများအတွက် ပိုမိုအကျိုးရှိစေမည်ဟု ထင်မြင်ယူဆကြသည်။[16] အခြားတစ်ဖက်တွင်မူ ဒေသအခြေပြု အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ တစ်ဦးက အောက်ခြေအဆင့်တွင် အထူးသဖြင့်ကျေးလက်ဒေသများတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ပတ်သက်ပြီး လူနည်းစုကသာ သိရှိကြကြောင်း ထင်မြင်ယူဆချက်ပေးထားပါသည်။ သူမက ကျောင်းဆရာများနှင့် ပညာတတ်တစ်ချို့သာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ပတ်သက်၍ သိရှိကြပြီး ၎င်းတို့သိသောအသိသည် ပင်လျှင် အကန့်အသတ်ရှိကြောင်း တင်ပြပြောဆိုပါသည်။[17]

KHRGနှင့် အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းတွင် အမျိုးသမီးလွှတ်တော်အမတ်ဟောင်းတစ်ဦးက သူမအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများကို ထိုက်သင့်သော အရေအတွက်အတိုင်း ပါဝင်ခွင့်မပေးခြင်းအပေါ် စိတ်ကျေနပ်မှုမရှိကြောင်းကို ထုတ်ဖော်ပြောကြားပါသည်။ သူမက အမျိုးသမီးများနှင့် သီးသန့်သက်ဆိုင်သော ကိစ္စရပ် များကို ဆွေးနွေးညှိနှိုင်းမှုလုပ်သည့် အကြိမ်တိုင်းတွင် ထည့်သွင်းဆွေးနွေးခြင်း မရှိသလောက်ပင် ရှားပါးသည်ဟု ဆက်လက်ပြောဆိုပါသည်။ သူမအမြင်တွင် အမျိုးသမီးများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၌ များစွာမေ့လျော့ခြင်းခံနေရပြီး သူမတို့၏ အသံများနှင့် ရှုထောင့်အမြင်များ ကိုလည်း တင်ပြခွင့် ဆုံးရှုံးနေကြသည်ဟု ဖော်ပြခဲ့သည်။[18]

---

များမှ အတိုက်အခံပြုလုပ် ကြပါသည်။ "Without Real Political Roadmap, Nationwide Ceasefire Agreement Leads Nowhere...," Karen News, September 1st 2015. တွင်ကြည့်ပါ။ ၂၀၁၂ ဇန်နဝါရီလ ၁၂ရက်နေ့ ဖားအံတွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘော တူ ညီ ချက် ရရှိ ပြီး နောက်တွင် KNU နှင့် အစိုးရတို့အကြား ဆက်လက်ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက် ကို လက် မှတ်ရေးထိုးခဲ့ပါသည်။ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘော တူ ညီ ချက် ရရှိ ပြီးနောက် လူ့အခွင့်အရေးနှင့်ပတ် သက်သောပြောင်းလဲမှုများကို သုံးသပ်ဝေဖန်ထားသော KHRG ၏အစီရင်ခံစာ Truce or Transition? Trends in human rights abuse and local response since the 2012 ceasefire, KHRG, May 2014. တွင်ကြည့်ပါ။

13 Source #26 တွင်ကြည့်ပါ။

14 ပိုမိုသိလိုပါက ဤအစီရင်ခံစာပါ သတင်းအချက်အလက်စုဆောင်းပုံနည်းစနစ် ဆိုသည့် အခန်းတွင်ကြည့်ပါ။

15 Source # 120: "The Tatmadaw never come to our village after 2012 ceasefire." တွင်ကြည့်ပါ။ နောက်ထပ် ဥပမာများသိရှိလိုပါက Source #154; #153; #110; #79; နှင့် #120 တွင်ကြည့်ပါ။

16 Source #153 တွင်ကြည့်ပါ။

17 ၂၀၁၆ ဖေဖော်ဝါရီလတွင် နော် က....နှင့် KHRG တို့ပြုလုပ်သော အလွတ်သဘော တွေ့ဆုံမေးမြန်းခန်း

18 ၂၀၁၆ ဖေဖော်ဝါရီလတွင် ဒေါ် အ....၊လွှတ်တော်အမတ်ဟောင်းနှင့် KHRG တို့ပြုလုပ်သော အလွတ်သဘော တွေ့ဆုံ မေးမြန်းခန်း

ကြံ့ခိုင်ရေးပါတီဦးဆောင်သော မြန်မာအစိုးရအပေါ် ယုံကြည်ရန်နှင့်ပတ်သက်၍ ဝေဖန်သံများ အမျိုးမျိုး ထွက်ပေါ် နေပါသည်။ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားများသည် မြန်မာအစိုးရနှင့် တပ်မတော်အပေါ် သံသယများစွာ ထားရှိနေကြဆဲ ဖြစ်ပါသည်။[19] အောက်တွင်ဖော်ပြမည့် အမျိုးသမီး၏အမြင်သည် သံသယ ရှိနေကြောင်းကို ထင်ဟပ်ပေါ် လွင်စေပါသည်။ ထို့အပြင် အခြေအနေများ တိုးတက်ပြောင်းလဲနေသော်လည်း စိုးရိမ်ရမည့်အရာများလည်း ရှိနေသေး ကြောင်းကို ပြသလျက်ရှိပါသည်။

*"မဟုတ်ဘူး။ မငြိမ်းချမ်းသေးဘူး။ ငြိမ်းချမ်းရေးရပြီလို့ ပြောလို့မရသေးဘူး။ ကျွန်မ ရှင့်ကိုပြောသလို ကျွန်မတို့မှာ အိမ်နစ်လုံးရှိဖို့လိုတယ်။ ငြိမ်းချမ်းတဲ့ ထိုင်းနိုင်ငံမှာတစ်လုံး မြန်မာနိုင်ငံမှာတစ်လုံးလေ။ ထိုင်းမှာနေရင် .... အိမ်နဲ့ ဝေးရာကိုသွားပြီးအလုပ်လုပ်ရတယ်။ ထိုင်းမှာကကိုယ်ပိုင် စိုက်ပျိုးစားသောက်ဖို့ လယ်တို့ခြံတို့ မရှိဘူးလေ။ အိမ်နစ်လုံး ဆောက်ရမှာဘဲ။ အိမ်နစ်လုံးမရှိရင် ရုန်းကန်ရမယ်။ ဘာလို့လဲဆိုရင် ထိုင်းမှာနေတဲ့အချိန်မှာ ပုံမှန်ဝင်ငွေမရှိဘူးလေ။ အခုလတ်တလော မြန်မာပြည်မှာ အခြေအနေကောင်း လာတယ်ဆိုလို့ ပြန်လာပြီး အလုပ်လုပ်တယ်။ ကြံ့ခိုင်ရေးပါတီဦးဆောင်တဲ့ အစိုးရကို ယုံလို့မရဘူး။ ဘယ်သူမှ သူတို့ကိုမယုံဘူး။ လူတိုင်းအိမ်နစ်လုံး ဆောက်ကြတယ်။"*

နော် မ....၊ (မ၊ ၄၈ နှစ်)၊ စ...ကျေးရွာ၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၂ ဩဂုတ်လတွင် တွေ့ဆုံမေးမြန်းခန်းကို လက်ခံရရှိခဲ့ပါသည်။)[20]

ပြည်သူများအကြား အစိုးရအပေါ် သံသယနှင့် မယုံကြည်မှုများ ဆက်လက်တည်ရှိနေသော်လည်း KHRG ၏ အစီရင်ခံစာ အရ ၂၀၁၂ခုနှစ် မတိုင်မီကာလနှင့် နှိုင်းယှဉ်လျှင်လည်းကောင်း၊ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး လက်မှတ်ထိုးပြီး နောက် ကာလကိုကြည့်ရှုလျှင် လည်းကောင်း အမျိုးသမီးများ၏ ဘဝများ ပိုမိုလုံခြုံ တည်ငြိမ် လာသည်ကို မြင်တွေ့ရပါ မည်။ အောက်တွင်ဖော်ပြမည့် သရက်ချောင်းမြို့နယ်မှ အမျိုးသမီးငယ်၏ မှတ်ချက်ကို ကြည့်လျှင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီး ကာလများနှင့် လက်မှတ် မထိုးမီကာလများ နှိုင်းယှဉ် လျှင် ပိုမိုလွတ်လပ်လာသည်ကို မြင်တွေ့ ရပါမည်။

*"အမျိုးသမီးတွေရဲ့ဘဝဟာ ကောင်းတဲ့ဘက်ကို ပြောင်းလဲလာပါတယ်။ ... အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုး ပြီးနောက်ပိုင်း အမျိုးသမီးတွေ တောထဲသွားပြီး ထင်းကောက်လာနိုင်တယ်။ အရင်တုန်းကတော့ တောထဲမှာ စစ်သားတွေ ရှိနေနိုင်တဲ့အတွက် အမျိုးသမီးတွေက ကြောက်ကြတယ်လေ။ အပစ်အခတ်ရပ်စဲ ရေး လက်မှတ်ရေးထိုးခြင်းရဲ့ အကျိုးကတော့ အခုဆိုရင် ကိုယ်ကြိုက်သလို လွတ်လွတ်လပ်လပ် သွားလို့ရပြီလေ။"*

နော် စ...၊ (မ၊ ၁၈ နှစ်)၊ သရက်ချောင်းမြို့နယ်၊ မြိတ်-ထားဝယ်ခရိုင်/တနင်္သာရီတိုင်းဒေသကြီး
(၂၀၁၅ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[21]

အမျိုးသမီးများမှ အခြေအနေများတိုးတက်လာခြင်းကို တွေ့မြင်လက်ခံလာခြင်းသည် ဤအခန်း၏ အဓိက တွေ့ရှိချက်တစ်ခု ဖြစ်ပါသည်။ သို့သော် အဓိက မီးမောင်းထိုးပြရမည့်အချက်မှာ အခြေအနေများသည် လွန်စွာ နိမ့်သော အတိုင်းအတာများမှ တိုးတက်လာခြင်းဖြစ်သည် ဟူသောအချက်ဖြစ်ပါသည်။ ဆယ်စုနှစ်များစွာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်နှင့် ပြင်းထန်သော စစ်အုပ်ချုပ်မှုများသည် မြန်မာပြည် အရှေ့တောင်ပိုင်းကို အမျိုးသမီးတစ်ယောက် အနေဖြင့် အသက်ရှင်ရပ်တည်ရန် စိန်ခေါ်မှုများစွာနှင့် ပြည့်နှက်နေသောနေရာ ဖြစ်စေခဲ့ပါသည်။ KHRG မှ ၂၀၀၆ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီးသော အမျိုးသမီးများနှင့် သက်ဆိုင်သည့် Dignity in the Shadow of Oppression[22] ဆိုသော အစီရင်ခံစာတွင် တွေ့မြင်ရ သည့်အတိုင်း အမျိုးသားများသည် စစ်ပွဲများနှင့် စစ်သားများ၏ ရန်မှပုန်းခိုရန် ရွာများမှ ထွက်ခွာသွားကြသောအခါ အမျိုးသမီးများသည် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့်အတူ မိမိတို့၏ ရွာများတွင် ကျန်နေရစ်ပြီး မိသားစုကို ကာကွယ်ကြရပါသည်။ စစ်သားများနှင့်လည်း ရင်ဆိုင်ကြရပါသည်။ ထိုအစီရင်ခံစာတွင် ရွာများ၌ အမျိုးသမီးများကို ရွာလူကြီးများ အဖြစ်ရွေးချယ်တင်မြှောက်ခြင်း များပြားလာကြောင်းကို တင်ပြခဲ့ပြီး ၎င်းတင်ပြချက် နှင့် သက်ဆိုင် သောနောက်ဆက်တွဲ သတင်းများကိုလည်း ယခု မျက်ကွယ်ပြုခံရသော အခွင့်အရေးနှင့်ရုန်းကန်မှုများ အစီရင်ခံစာ ဤအခန်းတွင် တင်ပြပါမည်။ အမျိုးသမီးများ၏ အခက်အခဲများအပေါ် ခုခံနိုင်မှုနှင့် ကြိုးစားအားထုတ်မှုကိုလည်း ဖော်ပြထားပါသည်။ အထက်ပါအစီရင်ခံစာ ထုတ်ဝေပြီး ၁၀နှစ်အကြာတွင်လည်း မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများသည် အခက်အခဲနှင့် ဆက်လက်ရင်ဆိုင်နေရပြီး စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်နေမှုများ၏ အန္တရာယ် အောက်တွင် ဆက်လက်နေထိုင်နေကြရဆဲဖြစ်သည်ကို KHRG မှ စုဆောင်းထားသော သတင်းအချက်အလက်များတွင် တွေ့ရှိရပါမည်။

---

19 Sources #7; #26 နှင့် #38 တွင်ကြည့်ပါ။

20 Source #26 တွင်ကြည့်ပါ။

21 Source #155 တွင်ကြည့်ပါ။

22 Dignity in the Shadow of Oppression: The abuse and agency of Karen women under militarisation, KHRG, November 2006. တွင်ကြည့်ပါ။

၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးနောက် အခြေအနေ အရပ်ရပ် တိုးတက်လာခဲ့ သော်လည်း စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်နေမှုများ၊ လက်နက်ကိုင်များ ဆက်လက် တည်ရှိနေခြင်းများသည် KHRG သတင်းစုဆောင်းရာ ဒေသတစ်လျှောက်ရှိ အမျိုးသမီးများအတွက် ဆိုးကျိုးများ ဆက်လက်ဖြစ်ပေါ်နေဆဲပင် ဖြစ်ပါသည်။ စစ်စခန်းများအနီးတွင် နေထိုင်ရခြင်းသည် ၎င်းတို့၏ နေ့စဉ် လူနေမှုဘဝအပေါ် စစ်တပ်မှ လွှမ်းမိုးချုပ်ကိုင် ထားသကဲ့သို့ ခံစားရသည်ဟု အမျိုးသမီးများစွာက ထုတ်ဖော် ပြောဆိုကြပါသည်။ ဇ…. ကျေးရွာတွင်နေထိုင်သော အမျိုးသမီးတစ်ဦးက လက်နက်ကိုင်များ ရွာအနီးတွင် တည်ရှိနေခြင်းသည် နေ့စဉ်ပုံမှန်အလုပ်ဖြစ်သော ရေချိုးခြင်း၊ ရေခပ်ခြင်းလုပ်ငန်းများ အပေါ်တွင်ပင် အနှောင့်အယှက် ဖြစ်စေသည် ဟု ထောက်ပြပြောဆိုပါသည်။ သူမတို့၏ ရွာအဝင်လမ်း အနီးတွင် အမှတ် ၆၆ ခြေမြန်တပ်မမှ စစ်စခန်း ဆောက်လုပ်တပ်စွဲထားခြင်းကြောင့် ရွာသားများက မြစ်ချောင်းသို့သွားရောက်ရန် ကြောက်ရွံ့ နေကြကြောင်းကို တင်ပြထားပါသည်။

*"သူတို့တွေ ဇ…ကျေးရွာက မြစ်နားမှာ စစ်စခန်းလာဆောက်ထားတော့ ရွာသားတွေ ချက်ပြုတ်ဖို့၊ သောက်ဖို့နဲ့ ရေချိုးဖို့ ရေခပ်ဖို့ အခက်အခဲပြဿနာ ဖြစ်စေတာပေ့ါ။ သူတို့တွေရှိနေတော့ ရွာသားတွေလည်း မြစ်ထဲ ရေသွားမချိုးရဲဘူး။ ရေသွားချိုးရင်လည်း အဖွဲ့လိုက် သွားရတယ်။"*

နော် ည…..၊ (မ၊ ၂၁ နှစ်)၊ ဇ….ကျေးရွာ၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း
(၂၀၁၂ မတ်လတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[23]

လက်နက်ကိုင်တပ်ဖွဲ့များ၏ အခြေစိုက်စခန်းအနီးတွင် နေထိုင်သော သူများအတွက် ပိုမို အန္တရာယ်ရှိနိုင်သော အခြေအနေ ရှိသည်သာမက စစ်စခန်းအနီး နေထိုင်ခြင်းမရှိသော အမျိုးသမီးများသည်လည်း ရွာပြင်သို့ ခရီးထွက်သည့်အခါ စစ်သားများနှင့် ရံဖန်ရံခါ ကြုံတွေ့နိုင်ပါသည်။ အမျိုးသမီးများက တစ်ရွာမှ တစ်ရွာသို့ သွားလာရာတွင်လည်းကောင်း ညအချိန် ခရီးသွားရာတွင်လည်းကောင်း လုံခြုံမှုမရှိကြောင်း ခံစားရသည်ဟု တင်ပြပြောဆိုကြသည်။ အမျိုးသမီး ခရီး သွားများမှ အဓိကထား တင်ပြသည့် ၎င်းတို့စိုးရိမ်သည့် အကြောင်းအရာ များမှာ ကိုယ်ထိလက်ရောက် ကျူးလွန်ခံရမည်ကို ကြောက်ရွံ့ခြင်းနှင့် စစ်တပ်မှ ချထားသော ဂိတ်များ တည်ရှိနေခြင်း စသည့်အချက်များဖြစ်ပါသည်။[24] စစ်စခန်းများနှင့် ဝေးရာတွင် နေထိုင်ပြီး သူမတို့ရွာအတွင်း စစ်သားများမှ ဖြတ်သန်းကင်းလှည့်မှု ပြုလုပ်ခြင်း မရှိသော သရက်ချောင်းမြို့နယ်တွင် နေထိုင်သည့် အမျိုးသမီးက သူမတို့အနေဖြင့် မိမိတို့ရွာတွင်း ညအချိန် ခရီးသွားရာ၌ လုံခြုံမှုရှိသည်ဟု ပြောပါသည်။ သို့သော် သူမက တစ်ရွာနှင့်တစ်ရွာ ဖြတ်သန်း သွားလာရာတွင်မူ လုံခြုံမှုမရှိဟုပြောပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုသို့သွားရာတွင် ဂိတ်များ၌ စစ်သားများနှင့် တွေ့ဆုံနိုင်ဖွယ်ရှိသောကြောင့် ဖြစ်ပါသည်။

*"ကျွန်မက ရွာထဲမှာ တစ်ယောက်တည်း လျှောက်သွားနေကြပါ။… ကျွန်မရွာပဲဆိုတော့ လုံခြုံတယ်လို့ ခံစားရပါတယ်။… ဒါပေမဲ့ ခရီးသွားရင်တော့ နည်းနည်းကြောက်ပါတယ်။… ခရီးသွားလာတဲ့အချိန်မှာ ကြောက်ရပါတယ်… ကျွန်မတို့ ခရီးသွားရင် လမ်းမှာ ရဲဂိတ်တွေရှိပါတယ်။ ရဲတွေက ကျွန်မတို့ကို စစ်ဆေး မေးမြန်းပါတယ်။ (တွေ့ဆုံမေးမြန်းသူမှ သေချာ စေရန် 'ရဲတွေလား စစ်သားလား?' ဟုမေးပါသည်) ကျွန်မ ခရီးသွားရင် စစ်သားတွေနဲ့တွေ့တာ များပါတယ်။ ဘယ်လက်နက်ကိုင်အဖွဲ့လဲ ဆိုတာတော့ မသိပါဘူး။"*

နော် စ….၊ (မ၊ ၁၈ နှစ်)၊ သရက်ချောင်းမြို့နယ်၊ မြိတ်-ထားဝယ်ခရိုင်/တနင်္သာရီတိုင်းဒေသကြီး
(၂၀၁၅ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[25]

စစ်သားများမှ ရွာသားများအပေါ် ဖိနှိပ်အနိုင်ကျင့်အကြမ်းဖက်မှု ပြုလုပ်ခြင်းမရှိစေကာမူ စစ်သားများရွာ အနီးအနား ရှိနေခြင်းသည် ရွာသားများအတွက် လွတ်လပ်မှုမရှိပါ။ အမျိုးသမီးများစွာက သူမတို့အနေဖြင့် လက်နက်ကိုင်များကို ကျေးရွာများအနီးတပ်ချထားခြင်းမှ ပြန်လည်ရုပ်သိမ်းစေလိုပါသည်။[26] စစ်သားများမှ ခရီးသွားခွင့် ကန့်သတ် ပိတ်ပင်ခြင်းများ (သို့) ခြိမ်းခြောက်မှုများ မပြုလုပ်သော်လည်း ရွာတွင် စစ်သားများ ရှိနေခြင်းကပင် သူမတို့အတွက် လွတ်လပ်မှုမရှိဘဲ သက်တောင့်သက်သာမရှိသကဲ့သို့ ခံစားရကြောင်း အမျိုးသမီးတစ်ဦးက ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

---

23 Source #8 တွင်ကြည့်ပါ။

24 Source #155 တွင်ကြည့်ပါ။

25 Source #155 တွင်ကြည့်ပါ။

26 Source #159: "We want them [the Tatmadaw soldiers] to relocate and stay away from us, and stay in the place that they were based in before. … [W]e want them to withdraw from the army camps located

*"အရင်ကတော့စစ်သားတွေ မကြာခဏလာပါတယ်။ အခုနောက်ပိုင်းတော့ သိပ်မတွေ့တော့ဘူး။ သူတို့လာလည်း ထူးထူးခြားခြားတော့ ဘာမှမလုပ်ပါဘူး။ သူတို့လာပြီး ရွာမှာနေကြတယ်။ ကျွန်မတို့စိုးရိမ်စွာနဲ့ နေနေရတယ်။ ဘာလို့လဲဆိုရင် စစ်သားရှိနေရင် မလွတ်လပ်ဘူးလေ။ သူတို့လာရင် အိမ်အောက်တွေမှာ လာနေကြတယ်။ အချို့ဗမာစစ်သားတွေက သနားကြင်နာတဲ့စိတ် ရှိပါတယ်။ တစ်ချို့ကတော့ သနားကြင်နာစိတ်မရှိဘူး။ သူတို့တွေက မြန်မာ့တပ်မတော် စစ်သားတွေဖြစ်နေတာကြောင့် သူတို့ကျွန်မကိုဘာမှမလုပ်လဲပဲ သူတို့နဲ့အတူ ရွာထဲမှာနေရတာ သက်တောင့်သက်သာ မရှိပါဘူး။ လွတ်လွတ်လပ်လပ် သွားလာလို့ မရသလို့ခံစားရတယ်လေ။"*

နော် န....၊ (မ၊ ၃၅ နှစ်)၊ မ...ကျေးရွာ၊ ဒေးဝါး ကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့ မြောက်ပိုင်း (၂၀၁၂ အောက်တိုဘာလ တွင်တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[27]

အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ သထုံမြို့နယ်မှ အမျိုးသမီး ကျေးရွာသူကြီး တစ်ဦးက သူမ၏အမြင်ကို အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုထားပါသည်။

*"ကျွန်မအမြင်ကတော့ အစိုးရပြောတာအားလုံးကို မယုံကြည်နိုင်သေးဘူး။... အစိုးရရော KNUရော သေနတ်ကိုင်ထားတာ ဟိုမှာဒီမှာတွေ့နေရတယ်။ သူတို့က အရင်တုန်းက ရန်သူတွေလေ။ အခုတော့ သူတို့ငြိမ်းချမ်းရေး ယူထားကြတယ်။ ကျွန်မကတော့ မယုံကြည်နိုင်သေးဘူး။ သူတို့သေနတ်တွေ ဆက်မကိုင်တော့ဘူး ဆိုရင်တော့ ကျွန်မယုံကြည်မှာပေါ့။ ကျွန်မကတော့ ဒီလိုထင်တာဘဲ။ အခြားသူတွေတော့ ဘယ်လိုထင်မယ် မသိဘူး။... ဗမာတွေလာတော့လည်း သေနတ် ပါတယ်။ ကရင်တွေလာတော့လည်း သေနတ်တွေပါတယ်။ ဒီလိုဖြစ်သင့်လား။ ဒါကြောင့် ကျွန်မကသူတို့ကို မယုံကြည် နိုင်သေးဘူး။ သူတို့တွေ မူးယစ်ဆေးဝါးသုံးမိခဲ့ရင် မဖြစ်သင့်တာတွေ ဖြစ်သွားနိုင်တယ်လေ။ ဒါကြောင့်သူတို့ကို ကျွန်မက စည်းကမ်း တင်းကျပ်ထားတယ်လေ။ သူတို့တွေက ကျွန်မကလေးတွေပဲလေ။ (ကရင်ဖြစ်ဖြစ်၊ဗမာဖြစ်ဖြစ်).... ကျွန်မကတော့ ကျွန်မရွာသားတွေကို ညီညီညွတ်ညွတ်၊ ငြိမ်းငြိမ်းချမ်းချမ်း အတူတူနေစေချင်တယ်။ အတူတကွ ငြိမ်းချမ်းစွာ လုပ်ကိုင် စားသောက်စေချင်တယ်။ ဟုတ်တယ်မဟုတ်လား။ ကျွန်မက အစည်းဝေးခေါ်ရင် သူတို့အားလုံး အတူတကွ လာစေချင်တယ်။ ကျွန်မဖြစ်စေချင်တာ ဒါပဲလေ။"*

နော် တ....၊ (မ၊ ၅၀ နှစ်)၊ စ..ကျေးရွာ၊ ကဒီးဖူး ကျေးရွာအုပ်စု၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၂ မေလတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[28]

## အခွင့်အာဏာရှိသော ရာထူးများမှ အမျိုးသမီးများပြန်လည် ဖယ်ရှားပေးရခြင်း

ပဋိပက္ခကာလတွင်း တိုက်ပွဲများဖြစ်ပွားသောကြောင့် အမျိုးသားများသည် မိမိတို့ရွာများမှ ထွက်ပြေးခဲ့ကြရပါသည်။ ရှေ့တန်းထွက် တိုက်ခိုက်ကြရပါသည်။ ထို့ကြောင့် အမျိုးသမီးများ၊ ကလေးငယ်များ၊ နှင့် သက်ကြီးရွယ်အိုများသည် အမျိုးသားများနှင့်ယှဉ်လျှင်ရွာ တွင်ပိုမိုနေထိုင်ကြရပါသည်။ သို့အတွက်ကြောင့် အမျိုးသမီးများအား လက်နက်ကိုင် အဖွဲ့များမှ အန္တရာယ်ပေးနိုင်ဖွယ်များကိုယင်းအ ခြေအနေများမှ ဖန်တီးပေးသဖွယ် ဖြစ်ခဲ့ပါသည်။ သို့သော် တစ်ချိန်တည်း တွင် အမျိုးသမီးများသည် ရိုးရာအစဉ်အလာအရ အမျိုးသားများသာ တာဝန်ယူခဲ့သော ဥပမာ ရွာသူကြီး ရာထူးနေရာ များကို တာဝန်ယူရန် အခွင့်ရခဲ့ပါသည်။ KHRG ၏အစီရင်ခံစာ Dignity in the Shadow of Oppression တွင် ဖေါ်ပြသည့်အတိုင်း ပဋိပက္ခကာလများ အတွင်းတွင် ရွာသားများသည် အမျိုးသမီးများကို ရွာသူကြီးများအဖြစ် တင်မြှောက်လာကြသည်။ အမျိုးသမီးများ ဤကဲ့သို့ ခေါင်းဆောင်မှုနေရာကို ရယူလာရခြင်းသည် အကြောင်း အချက်များစွာ အပေါ်မူတည်ပါသည်။ ၎င်းအချက်များမှာ အမျိုးသားများသည် အမျိုးသမီးများနှင့်ယှဉ်လျှင် အဝေးသို့ ရောက်ရှိနေခြင်း၊ ထုံတမ်းအစဉ်အလာ ယဉ်ကျေးမှုအရ စစ်သားများမှ သက်လတ်ပိုင်း(သို့) သက်ကြီးပိုင်း အမျိုးသမီး ရွာသူကြီးများအပေါ် အကြမ်းဖက်မှု ပြင်းထန်စွာ မပြုလုပ်နိုင်ခြင်းများ စသည်တို့ဖြစ်ပါသည်။ အစီရင်ခံစာတွင် အမျိုးသမီးများ ကျေးရွာ သူကြီးများအဖြစ် တင်မြှောက်ခံရခြင်းသည် အစဉ်အလာအရ၊ သဘာဝအရ အမျိုးသားများသာ ခေါင်းဆောင်ဖြစ် သင့်သည် ဟူသော အယူအဆအပေါ် စိန်ခေါ်မှု ဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေသခံ အများစုကလည်း အမျိုးသမီးများ၏ ခေါင်းဆောင်မှု အရည်အသွေးကို လက်ခံလာကြသော ကြောင့်ဖြစ်ပါသည်။[29]

KHRGမှ ရရှိသော သတင်းအချက်အလက်များတွင်လည်းကောင်း အမျိုးသမီးများနှင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်း များတွင်လည်းကောင်း တွေ့ရှိထွက်ပေါ်လာသော အကြောင်းအရာတစ်ခုမှာ အမျိုးသမီးများအား ခေါင်းဆောင်မှုနေရာများမှ ပြန်လည်ဖယ် ရှားလာကြခြင်းဖြစ်ပါသည်။ ၂၀၁၂ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီး အခြေအနေများ ပိုမိုတည်ငြိမ်လာပြီး နောက်ပိုင်းအခြေအနေနှင့် ပဋိပက္ခဖြစ်ပွားစဉ်ကာလမှ အခြေအနေများကို နှိုင်းယှဉ်လျှင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပြောင်းလဲလာကြောင်းကို တွေ့ရှိလာရသည်ဟု အမျိုးသမီးများက တင်ပြလာကြပါသည်။ အမျိုးသမီးများသည် အခွင့်အာဏာရှိသော

[27] Source #34 တွင်ကြည့်ပါ။

[28] Source #21 တွင်ကြည့်ပါ။

[29] Dignity in the Shadow of Oppression: The abuse and agency of Karen women under militarisation, KHRG, November 2006. အစီရင်ခံစာ အခန်း ၃ တွင်ကြည့်ပါ။

နေရာများမှ ပြန်လည်ဖယ်ရှားပေးရပြီး ရိုးရာအစဉ်အလာအရ အမျိုးသမီးများ လုပ်ဆောင်ရသော အလုပ်များကိုသာ ပြန်လည်လုပ်ဆောင်ရသည့်အပေါ် စိုးရိမ်ပူပန်ကြကြောင်း ထုတ်ဖော် ပြောဆို ပါသည်။[30] သထုံခရိုင်မှ အမျိုးသမီးတစ်ဦး၏ တင်ပြချက်အရ အမျိုးသမီးများ၏ အခန်းကဏ္ဍ များသည် ကျယ်ကျယ် ပြန့်ပြန့်ပြောင်းလဲလာပါသည်။

*"အရင်က ၂၀၁၂ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မရရှိသေးခင်အချိန်ကို ကြည့်ရင် သထုံခရိုင်က အမျိုးသမီးများစွာဟာ ရွာလူကြီးတာဝန်ကို ထမ်းဆောင်ကြရပါတယ်။ ထို့အပြင် စစ်တပ်နဲ့ အပြန်အလှန် ဆက်သွယ်ရေး လုပ်ဆောင်ရာမှာလည်း အမျိုးသမီးများက ဦးစီးလုပ်ဆောင်ခဲ့ရပါတယ်။ လက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များက အင်ဖက်တို့၊ သက်ကယ်တို့ တောင်းရင်လည်း အမျိုးသမီးတွေပဲ တာဝန်ယူ လုပ်ဆောင်ပေးရပါတယ်။ ဒါပေမဲ့ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီး ၂၀၁၂ခုနှစ် နောက်ပိုင်းမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍတွေ ပြောင်းလဲ လာပါတယ်။ အစိုးရကခန့်အပ်တဲ့ ရပ်ရွာအုပ်ချုပ်ရေးမှူးနဲ့ အတွင်းရေးမှူးတွေကလည်း အမျိုးသားတွေ ဖြစ်လာကြတယ်။ ထို့နည်းတူ အင်ဖက်တို့ ဝါးတို့ တောင်းဆိုလာတာတွေလည်း မရှိတော့ဘူး။ လုပ်အားပေးခေါ်တာလည်း နည်းသွားပြီ။ အဲဒါကြောင့် ရပ်ရွာခေါင်းဆောင်မှု လုပ်ငန်းတွေမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍ မှေးမှိန်သွားပြီလို့ ပြောလို့ရပါတယ်...... သို့သော်လည်း အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီး တိုက်ပွဲတွေလည်းနည်းလာတာကြောင့် အမျိုးသမီးများ အကြားမှာရှိတဲ့ ကြောက်ရွံ့စိတ်လည်း နည်းသွားပါတယ်။ နောက်တစ်ခုက အရင်က အမျိုးသမီးများဟာ ကျေးရွာအတွင်းရေးမှူးလုပ်ရတော့ ညဘက်ကိစ္စပေါ်လာရင် ကိစ္စအရေးကြီးရင် ညဘက်လည်း အပြင်ထွက်ရတယ်။ ဒါပေမဲ့ ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရပြီးနောက်ပိုင်း ကျွန်မအပေါ်မှာ ပြောခဲ့သလို အမျိုးသမီးတွေအစား အမျိုးသားများက ခေါင်းဆောင်မှုနေရာကို ပြန်လည်ရယူလာတာကြောင့် အမျိုးသမီးများအတွက်တော့ တာဝန်ပေါ့သွားတာပေါ့။*

*"ဥပမာအားဖြင့် အရင်ကဆိုရင် အမျိုးသမီးတွေက ကျေးရွာအတွင်းရေးမှူးလုပ်ရတော့ လက်နက်ကိုင်အဖွဲ့က ညအချိန် မတော်သူတို့စခန်းကိုလာရမယ်လို့ဆင့်ခေါ်ရင် အမျိုးသမီးအတွင်းရေးမှူးအနေနဲ့ အမျိုးသားတွေ ကြားမှာ ညအချိန် ခရီး သွားဖို့ အခက်အခဲဖြစ်စေတယ်။ အခုအချိန်မှာတော့ ဒီလိုအခြေအနေမျိုး မရှိတော့ဘူး။ ဒီလိုကြည့်ရင်တော့ အပစ်အခတ် ရပ်စဲရေးက အမျိုးသမီးများအပေါ် အကောင်းဘက်ကနေ အကျိုး သက်ရောက်စေတယ်လို့ မြင်နိုင်တာပေါ့။ အခြားတစ်ဖက် က ကြည့်ပြန်ရင်လည်း အပစ်အခတ်ရပ်စဲရေးက ရွာမှာခေါင်းဆောင်လုပ်ခဲ့တဲ့ အမျိုးသမီးများအပေါ် မကောင်းတဲ့ဘက် က နေ အကျိုးသက် ရောက်စေတယ်လို့ မြင်နိုင်ပါတယ်။ မိုးကြီးလို့ခေါ်တဲ့ ကျေးရွာအတွင်းရေးမှူးလုပ်ခဲ့တဲ့ အမျိုးသမီး တစ်ဦးဆိုရင် ကျွန်မသူတို့ရွာကို သွားလည်တော့ သူမကကျွန်မကို ရင်ဖွင့်ခဲ့ပါတယ်။ သူမက အခုဆိုရင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးကြတော့ လက်နက်ကိုင်တွေ ဒါမှဟုတ် အာဏာပိုင်တွေက ကျွန်မတို့ကို ဂရုမစိုက်ကြတော့ဘူး ဟုပြောပါသည်။ အရင်တုန်းကတော့ တပ်မတော်က လာရင် သူတို့လိုချင်တာရဖို့ ကျွန်မကို အမိုးအမိုးလို့ခေါ်ပြီး နှိုးဆီစတဲ့ စားစရာပေးတယ်။ KNU ကလည်းလာပြီး သူတို့ကိုယ်စား စကားပြောပေးဖို့ ကျွန်မကို ဆန်တစ်အိတ် လာပေးတယ်။အခုချိန်မှာတော့ ရွာကိုသူတို့လာပြီး အမိုးနဲ့တွေ့ရင် သူတို့ကျွန်မကို ဂရုမစိုက်ကြ တော့ပါဘူး။ သူတို့ကျွန်မကို မသိသလိုပဲနေတယ်။"*

စော တ....၊ (မ၊ ၃၈ နှစ်)၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၅ နိုဝင်ဘာလ တွင်တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့သည်။)[31]

ကျိုက်ထိုမြို့နယ် သထုံခရိုင်တွင် နေထိုင်သော နော် အ.... က ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး ပဏာမ သဘောတူညီ ချက်မရရှိမီ ပဋိပက္ခများ ဖြစ်ပွားနေစဉ်ကာလတွင် အမျိုးသမီးများအား ရွာလူကြီးများအဖြစ် ရွေးချယ်တင်မြှောက် ထား ခြင်းသည် အောက်ပါ အကြောင်းအရင်းတစ်ခုကြောင့်ဖြစ်သည်ဟု သူမ၏ထင်မြင်ချက်ကို တင်ပြပါသည်။ ထိုအကြောင်းအရင်းမှာ ရွာသားများက တပ်မတော်စစ်သားများသည် အမျိုးသမီး ရွာသူကြီးများအား အလွဲသုံးစားမှုနှင့် ဖိနှိပ်အနိုင်ကျင့်မှု ပြုလုပ်နိုင်ချေနည်းသည်ဟု ထင်မြင်ယူဆထားချက် ပင်ဖြစ်ပါသည်။ အမျိုးသားများကိုမူ အနိုင်ကျင့်ရိုက်နှက်ခြင်းများ ပြုလုပ်နိုင်ချေ များသည်ဟု ယူဆသောကြောင့်ဖြစ်ပါသည်။[32] အခြားအချက်တစ်ခုမှာ ပဋိပက္ခကာလ၌ ရွာတွင် အမျိုးသား အရေအတွက်မှာ အမျိုးသမီးများထက် နည်းပါးပါသည်။ ထို့ကြောင့် ရွာသူကြီးရွေးချယ်ရန် စည်းဝေးရာတွင်လည်း အမျိုးသမီးများက အစည်းဝေးပွဲများကို ပိုမိုတက်ရောက်ကြသောကြောင့် မဲပေးရာတွင် အမျိုးသမီးအချင်းချင်း မဲပေးနိုင်ချေ ပိုများပါသည်။ ထို့အပြင်သူမက ယခင်ကာလက ရွာလူကြီးများသည် ၎င်းတို့၏ အလုပ်သဘောအရ အန္တရာယ်ရှိနိုင်သောကြောင့် ရွာသူကြီးရာထူးကို အချိန်တိုကာလအတွင်းသာ လက်ခံလုပ်ကိုင်ကြသည်ဟု ထပ်မံပြောပြပါသည်။

*"ကျွန်မတို့ရွာမှာ ရွာသူကြီး(ကျေးရွာအုပ်ချုပ်ရေးမှူး)ကို ရွာသားတွေက ရွေးချယ်ပါတယ်။ အရင် ပဋိပက္ခ ဖြစ်ပွားစဉ် ကာလတုန်းကတော့အစည်းအဝေးခေါ်ရင် လာတက်တဲ့လူတွေက အမျိုးသမီးများတယ်။ အဲဒီတော့ အမျိုးသမီးရွာသူကြီးကိုပဲ ရွေးကောက်တင်မြှောက်ကြတယ်လေ။ တပ်မတော်နဲ့ စကားပြောဖို့ ဗမာစကား ပြောတတ်တဲ့လူ ကိုယ့်ကိုကို ယုံကြည်မှုရှိတဲ့သူကို ရွာသူကြီးအဖြစ်ရွေးကောက်ကြတာပဲလေ။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲလုပ်ပြီး နောက်ပိုင်းမှာတော့[33] အမျိုးသားရောအမျိုးသမီးများပါ*

[30] Sources #149; နှင့် #151. တွင်ကြည့်ပါ။

[31] Source #149 တွင်ကြည့်ပါ။

[32] Source #150 တွင်ကြည့်ပါ။

[33] ဤဖော်ပြချက်တွင် နော် ဘ... သည် ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ်ချုပ်ဆိုခြင်းအစား ငြိမ်းချမ်းရေးလမ်းစဉ်ဟုသုံးနှုန်းဖော်ပြထားပါသည်။

*အစည်းအဝေး တက်လာကြတယ်။ ဒါကြောင့် ရွေးကောက်ခံရတဲ့သူက အမျိုးသားတွေ များလာတယ်။... တိုက်ပွဲတွေဖြစ်ခဲ့တဲ့ အချိန်တုန်းကတော့ အမျိုးသားတွေက အစည်းအဝေးလာမတက်ကြဘူးလေ။ အရင်တုန်းကတော့ ရွာသူကြီးတွေက အမျိုးသမီးတွေ များတယ်။ တိုက်ပွဲဖြစ်နေတဲ့အချိန်ဆိုတော့ သူတို့ကို ရွာသူကြီးတစ်လလုပ်ဖို့ တခါရွေးရတယ်။ သူတို့ကလည်း ရေရှည်ရွာသူကြီးလုပ်ဖို့ မလုံခြုံဘူးလို့ခံစားရတယ်လေ။"*

နော် ဘ....၊ (မ၊ ၂၀ နှစ်)၊ ကျိုက်ထိုမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၅ နိုဝင်ဘာလတွင် တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့သည်။)[34]

အခွင့်အာဏာနှင့်ပတ်သက်၍ အမျိုးသမီးများ၏ အနေအထားကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုအချက်များ အပြင် အခြားသောအချက်မှာ အချို့အမျိုးသမီးများသည် ၎င်းတို့ဆန္ဒမပါရှိဘဲ ရွာသူကြီးတာဝန် ထမ်းဆောင်ရန် ခန့်ထား ခံ ရပါသည်။[35] မိမိဆန္ဒ မပါရှိဘဲ ကျေးရွာအုပ်စုအဆင့် သူကြီးအဖြစ် တာဝန်ပေးခြင်းခံရသော အမျိုးသမီးတစ်ဦးက သူကြီးရာထူးမှ နုတ်ထွက်လိုကြောင်း ထုတ်ဖော် ပြောကြားပါသည်။

*"တစ်နှစ်ကပေါ့ သူတို့လာပြီးပြောတယ်။ ခင်ဗျား ရွာသူကြီးအနေနဲ့ တစ်နှစ်ပဲ လုပ်ပါတဲ့။ ကျွန်မက သူတို့တောင်းဆိုတာကို လက်မခံပါဘူး။ သူတို့ကပြောတယ်။ ခင်ဗျားကို လ.... ကျေးရွာအုပ်စုသူကြီး ခန့်လိုက်ပြီ။ ဒီမှာရော့.... ရွာသူကြီးအနေနဲ့ ခင်ဗျားလုပ်ရမယ့် အလုပ်တွေပဲဆိုပြီး ရွာသူကြီးလုပ်ခိုင်းပါတယ်။ ကျွန်မ မလုပ်နိုင်ဘူးလို့ ပြန်ပြောပါတယ်။ ကျွန်မ စာမဖတ်တတ်ဘူး၊ ကျောင်းလဲမနေဖူးဘူးလို့ဘဲ ပြန်ပြောပါတယ်။ သူတို့က လစာ သွားထုတ်ဖို့ပြောတယ်။ ကျွန်မက လစာမလိုချင်ဘူးလို့ပြောတယ်။ ဒီသူကြီးအလုပ်ကနေ ကျွန်မထွက်ချင်ပါတယ်။ ဒီအလုပ်ကိုမလုပ်ချင်ဘူး ဒါပေမဲ့ မတတ်နိုင်ဘူးလေ။"*

နော် မ.....၊ (မ၊ ၃၅ နှစ်)၊ ပ....ကျေးရွာ၊ လ....ကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင် ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[36]

## မလုံခြုံမှု၏ ပင်မအရင်းအမြစ်ဖြစ်သော လက်နက်ကိုင်များမှ ခိုးယူခြင်းနှင့် အတင်းအဓမ္မလုယူခြင်း

၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးနောက်တွင်လည်း အမျိုးသမီးများသည် ၎င်းတို့၏ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများနှင့် တစ်ကိုယ်ရေလုံခြုံမှုအပေါ် စစ်အုပ်ချုပ်မှုက ဆက်လက် အကျိုး သက် ရောက်နေကြောင်း တင်ပြကြပါသည်။ ၂၀၁၂ခုနှစ် မုစ၍ KHRG မှ ရရှိသော သတင်းအချက်အလက်များတွင် လက်နက် ကိုင်များမှ ရွာသားများ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ခိုးယူ၊ လုယူကြကြောင်းကို မြင်တွေ့ရပါမည်။ အချို့သတင်း အချက်အလက်များတွင် စစ်သားများက ရွာသားများ စိုက်ပျိုးထွန်ယက်ထားသော စိုက်ခင်းများအတွင်း ချီတက်သွားလာ ကင်းလှည့်ခြင်းကြောင့် သီးနှံများ ပျက်စီးရခြင်း၊ စိုက်ခင်းများအတွင်း အနားယူပြီး စိုက်ပျိုးထားသော သီးနှံများကို ခူးယူ စားသောက်ခြင်း စသည် အချက်အလက်များပါရှိပါသည်။ အချို့အခြေအနေတွင် စားနပ်ရိက္ခာများနှင့် ပစ္စည်းများကို ခိုးယူခြင်း အကြောင်း တင်ပြထားပါသည်။

KHRG မှ ရယူစုဆောင်းထားသော သတင်းအချက်အလက်များအရ စစ်သားများသည် ရွာသားများ နေအိမ်တွင် မရှိနိုက် အိမ်တွင်းသို့ဝင်ရောက်ပြီး တန်ဖိုးရှိသောအရာများကို ယူဆောင်သွားကြကာ အခြားအရာများကို ဖျက်ဆီးကြပါသည်။ စစ်သားများသည် တိုက်ပွဲတွင်းကျဆုံးသော ရန်သူများထံမှ သို့မဟုတ် ၎င်းတို့ကွပ်မျက် သတ်ဖြတ်လိုက်သူထံတွင် ရှိသောအရာများကို လုယူလေ့ရှိကြောင်း သိရပါသည်။ ၎င်းအရာများမှာ စားနပ်ရိက္ခာများ၊ စားသုံးရန် မွေးမြူထားသော အိမ်တွင်းတိရစ္ဆာန်များ၊ မရှိမဖြစ်လိုအပ်သော အိမ်သုံးပစ္စည်းများ၊ အဖိုးတန်ပစ္စည်းများ၊ ဆေးဝါးများနှင့် လူသားချင်းစာနာ ထောက်ထားပြီး အဖွဲ့အစည်းများမှ ပေးဝေထားသော ပစ္စည်းများ နှင့် ဓာတ်ဆီများဖြစ်ပါ သည်။[37]

အချို့အခြေအနေများတွင် ရွာသားများသည် စစ်သားများနှင့် ထိပ်တိုက်တွေ့ဆုံရန် ဝန်လေးကြခြင်း သို့မဟုတ် စစ်သားများက ပြန်လည်ဂလဲ့စားချေမည်ကိုကြောက်၍ တိုင်ကြားမှုပြုလုပ်ရန် ဝန်လေးခြင်း စသည် အချက်များကို တင်ပြထားပါသည်။[38] အချို့ကိစ္စများတွင် ကျူးလွန်သူ စစ်သားများကို ပြန်လည် တုန့်ပြန်သော အမျိုးသမီးများသည် စစ်သားများမှ ရိုင်းစိုင်းသော တုန့်ပြန်မှုနှင့် ထင်ပေါ်စွာ ခြိမ်း ခြောက်မှုတို့ကို ပြန်လည် ရင်ဆိုင်ကြရကြောင်း တင်ပြထားပါသည်။ နဘူးမြို့နယ်မှ အမျိုး သမီးတစ်ဦးက အောက်ပါအတိုင်း ရှင်းလင်းတင်ပြပါသည်။

[34] Source #150 တွင်ကြည့်ပါ။
[35] Source #34 တွင်ကြည့်ပါ။
[36] Source #34 တွင်ကြည့်ပါ။
[37] "Theft and looting" KHRG website. တွင်ကြည့်ပါ။
[38] Source #137 တွင်ကြည့်ပါ။

*"ကျွန်မ သူ့(တပ်ရင်းမှူး)ကို ပြောပါတယ်။ ကျွန်မမွေးထားတဲ့ကြက်တွေ အများကြီး ပျောက်ပါတယ်။ ဒါပေမဲ့ ရှင်ကဘာမှ မသိဘူး။ ကျွန်မရဲ့ဓားတွေ အများကြီးပျောက်တယ် ဒါပေမဲ့ ရှင်ကဘာမှမသိဘူး။ ကျွန်မ ပေါက်တူးတွေ အများကြီး ပျောက် ပါတယ်။ ဒါပေမဲ့ ရှင်ကဘာမှမသိဘူး။ ကျွန်မသိပါတယ်။ ရှင်တို့ထဲက တစ်ချို့ ကျွန်မပေါက်တူးတွေလာယူပါတယ်။ မေးလိုက်ရင်တော့ မယူဘူးလို့ပဲပြောကြတယ်။ သူတို့ကျွန်မပြောတာကို နားမထောင်ချင်ကြဘူး။ အမှတ် ၅၄၉ တပ်ရင်း ရောက်လာတဲ့ အချိန်ကစပြီး ကျွန်မပေါက်တူး ၅လက်နဲ့ ဓားမ ၁၀ချောင်း ပျောက်သွားခဲ့ပြီလေ။ ရှင်တို့ ကျွန်မအိမ်မှာလာပြီး ထမင်းစားတာ အခု ဆန် ၁၀ တင်းကုန်ပြီ။ ရှင် တို့လာပြီး ဆန်တစ်ပူးချေးပါဦး ဆိုပြီး လာလာချေးယူတာ ဘယ်လောက်ရှိပြီလဲ။ ရှင်တို့မမှတ်ထားဘူး ပြန်လဲမပေးဘူး။ အခုကောက်ရိုးလည်း လာတောင်းပြန်ပြီ။.... သူတို့ကျွန်မတို့ကို ဒီလိုတကယ်လုပ်တယ်။ သူတို့ပြောတယ် ကရင်တွေကို အမျိုးပြုတ်တဲ့အထိ ဒုက္ခပေးမယ်တဲ့။ နောက်ဆိုရင် ကရင်တွေကို ပြတိုက်ထဲမှာပဲ တွေ့ရမယ်တဲ့။ သူတို့က ကျွန်မတို့ နေလို့လုံးဝမရတဲ့အထိ ဒုက္ခပေးတယ်။ သူတို့ကပြောတယ်။ ကရင်တွေက ဘာမှမသိဘူး တိုင်းပြည်လည်းမရှိဘူး။ အခုသူတို့မြန်မာပြည်မှာ နေရတယ်။ ငါတို့ဘာလုပ်လုပ် သူတို့ခံရမှာပဲလို့ ပြောတယ်။"*

နော် မ....၊ (မ၊ ၅၄ နှစ်)၊ စ...ကျေးရွာ၊ နဘူးမြို့နယ်၊ ဖားအံခရိုင်/ကရင်ပြည်နယ်အလယ်ပိုင်း<br>(၂၀၁၂ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[39]

ရွာသားများ၏ အိမ်များနှင့်မြေများကို လက်နက်ကိုင်အဖွဲ့ပေါင်းစုံမှ စစ်သားများက မဖိတ်ခေါ်ဘဲ ဝင်ရောက် လာကြပါ သည်။[40] ရွာသူကြီးများသည် ရွာမှ ဖြတ်သွားသော စစ်သားများအတွက် စားနပ်ရိက္ခာနဲ့ နေရာထိုင်ခင်း စီစဉ်ပေးရပါသည်။ ရွာသူကြီးသည် လိုအပ်သော အရာများကို ရွာသားများထံမှ ကောက်ခံရပါသည်။ ဤကဲ့သို့အချိန်များတွင် အရက်မူးသော စစ်သားများသည် ကြမ်းကြမ်းတမ်းတမ်းရှိကြပြီး ရွာသားများကိုလည်း ကြောက်ရွံ့အောင် ခြိမ်းခြောက်ကြပါသည်။[41]

*"တစ်ခါတစ်လေ သူတို့တပ်မတော်စစ်သားတွေအိမ်မှာလာပြီး ချက်ပြုတ်ကြတယ်။ တခါကကျွန်မအိမ်မှာ မရှိတုန်း သူတို့ အိမ်မှာဝင်ပြီး ချက်ပြုတ်စားသောက် ကြတယ်။ သူတို့လာတဲ့လမ်းမှာ ဖွတ်တစ်ကောင် ရလာတယ်။ သူတို့ဖွတ်သား ချက် စားကြပြီး အကျန်တွေကို အိုးထဲမှာ ဒီအတိုင်း ထားခဲ့ကြတယ်။ ကျွန်မပြန်လာတော့ အိုးတွေက ညစ်ပတ်နေတာပဲ။ သူတို့ကျွန်မ အုန်းသီးတွေကိုလည်း စားကြတယ်။ တစ်ခါတစ်လေ ခွင့်တောင်းတယ်။ တစ်ခါတစ်လေ ခွင့်မတောင်းဘူး။ သူတို့ဘာသာ အုန်းပင်ပေါ်တက်ပြီး ခူးစားကြတယ်။"*

နော် စ....၊ (မ၊ ၂၉ နှစ်)၊ တ...ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း<br>(၂၀၁၃ စက်တင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[42]

အခက်အခဲများစွာနှင့် တွေ့ကြုံရသော်လည်း စစ်တပ်များကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေး ချိုးဖောက်မှုများနှင့် မလုံခြုံမှုများကို အမျိုးသမီးများအနေဖြင့် နည်းဗျူဟာမျိုးစုံ အသုံးပြုပြီး ခုခံ ကာကွယ်ကြပါသည်။ အမျိုးသမီးများ အသုံးပြု သော နည်းလမ်းတစ်ခုမှာ ရွာတစ်ရွာနှင့်တစ်ရွာ သွားလာရာတွင်လည်းကောင်း စစ်စခန်း သို့မဟုတ် စစ်သားများနှင့် နီးသောနေရာများသို့ သွားရမည့် အခါတွင်လည်းကောင်း တစ်ဦးတစ်ယောက်တည်းမသွားဘဲ အခြားအမျိုးသမီးများနှင့် အုပ်စုဖွဲ့ပြီး အတူသွားလာခြင်း ဖြစ်ပါသည်။[43] ရွှေ့ပြောင်းနေထိုင်ခြင်းသည်လည်း လက်နက်ကိုင်အဖွဲ့များ၏ ရန်မှ လွတ်မြောက်စေရန် ရွာသားများအသုံးပြုသော နည်းဗျူဟာတစ်ခုဖြစ်သည်။ အမျိုးသမီးတစ်ဦးက သူနှင့်သူမ၏ မိသားစုများ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကြရပုံကို ပြောပြပါသည်။ ထို့အပြင် အပစ်အခတ်ရပ်စဲရေး သဘော တူညီချက် လက်မှတ်ရေးထိုးမှုကို မယုံကြည်နိုင်သေးသဖြင့် မြန်မာနိုင်ငံသို့ ပြန်မလာနိုင်သေးကြောင်း ကိုလည်း ပြောပြပါသည်။

---

[39] Source #23 တွင်ကြည့်ပါ။

[40] Source #82: "Hpapun Interview: Naw S---, September 2013," KHRG, August 2014 တွင်ကြည့်ပါ။

[41] Sources #141; နှင့် #28: တွင်ကြည့်ပါ။ "၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့မှာ KNU ဘူးသို မြို့နယ်မှူး စောဖားခူ ခေါ်လို့ ကျွန်မသူ့ကို အ.....ရွာမှာသွားတွေ့ပါတယ်။ ကျွန်မသူ့ကို အ....ရွာက ဆရာမ နော် ပ....အိမ်မှာ ၁၃ရက် နေ့မှာသွားတွေ့ပါတယ်။ ရုတ်တရက် KNU တပ်ရင်း ၁၀၂ တပ်ခွဲ ၄ မှဒုခေါင်းဆောင် ဗိုလ်မှူးစောဆာယူမူး ကျွန်မတို့စည်း ဝေးနေတဲ့လူများရှေ့ရောက်လာပြီး သူ့သေနတ်ကိုထုတ်ကာ မိုးပေါ်ထောင်ပစ်ပါတယ်။ ဆယ်ကြိမ်ပစ်ပါတယ်။ နောက်တ နေ့ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၄ရက်မှာ ဗိုလ်မှူး စောဆာယူမူး အ...ရွာကိုထပ်လာပြီး ဘီယာသောက်ပါတယ်။ ဘီယာမူးတော့ ရွာ ထဲမှာ သေနတ်ထပ်ဖေါက်ပါတယ်။ သေနတ်ပစ်ဖေါက်ပြီးတော့ သူတို့အဖွဲ့ စက်လှေစီးပြီး ဘွယ်လိုကလိုးအထက်ကို ဆန်တက်ကြပါတယ်။ဘွယ်စီးထာလှေဆိပ်ကိုရောက်တော့ သူတို့အဖွဲ့ ဆိုင်မှာဘီယာထပ်သောက်ကြပါတယ်။ အဲဒီမှာ ဗိုလ် မှူးစောဆာယူမူးရဲ့တပည့် စောကျော်စေးက သေနတ်ထပ်ပစ်ဖေါက်ပါတယ်။ နှစ်ခါပစ်ဖေါက်ပါတယ်။ မိခင် KNLA စစ်သား တွေ ရွာထဲဝင်လာပြီး သေနတ်လျှောက်ပစ်ဖေါက်တော့ ရွာသားတွေ အရမ်းကြောက်ကြပါတယ်။ အစိုးရတပ်မတော် စစ် သားတွေသာရွာသားများကို ခြိမ်းခြောက်တာဟုတ်ပါဘူး။ မိခင်စစ်တပ်လည်း ရွာသားတွေကို ခြိမ်းခြောက်တာပဲ။ ဒါ ကြောင့် ရွာသားတွေဘဝမှာ အခက်အခဲကြုံတွေ့ရပါတယ်။"

[42] Source #82: "Hpapun Interview: Naw S---, September 2013," KHRG, August 2014. တွင်ကြည့်ပါ။

[43] Sources #155; နှင့် #8. တွင်ကြည့်ပါ။

*"ရွာသားတွေ ကြောက်ရွံ့နေကြတုန်းပါပဲ။ အခြေအနေကတော့ အထိုက်အလျောက် ကောင်းလာပါတယ်။ ဒါပေမဲ့ ရွာသားတွေက ဒါကိုယာယီလို့ဘဲမြင်တယ်။ တည်ငြိမ်မှု မရှိသေးပါဘူး။ ရွာသားတွေက ဒါကိုမယုံကြည်နိုင်ဘူး။ ဗမာစစ် သားတွေလာရင် ရွာသားတွေက ထိုင်းဘက်ကိုထွက်ပြေးကြတယ်။ ကျွန်မတို့ကထိုင်းဘက်ခြမ်းမှာ မိသားစု တစ်ခုစီ အတွက် အိမ်ကလေးတစ်လုံးစီဆောက်လုပ်ပြီး အသင့်ပြင်ထား တယ်။ တပ်မတော်က တပ်လည်းမဆုတ်သွားဘူး။ တပ်အင်အားလည်းမလျှော့ချဘူး။ ဒါကြောင့် သူ တို့ကိုယုံလို့မရသေးဘူး။ သူတို့အားလုံးပြန် သွားမှဘဲ ကျွန်မတို့ က ယုံလို့ရမှာလေ။"*

နော် မ......၊ (မ၊ ၄၈ နှစ်)၊ စ...ကျေးရွာ၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၂ ဩဂုတ်လ တွင်လက်ခံရရှိခဲ့သည်။)[44]

## ၂၀၁၅ အထွေထွေရွေးကောက်ပွဲအပေါ် အမျိုးသမီးများ၏အမြင်

ပြီးခဲ့သောနှစ်များက KHRG မှ ရရှိသော သတင်းအချက်အလက်များအရ ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ် ရပ်စဲရေးကြောင့် လက်တွေ့မြေပြင်တွင် ကြီးမားသောပြောင်းလဲမှုဖြစ်ပေါ်ခဲ့ပါသည်။ အပစ်အခတ် ရပ်စဲရေးကြောင့် တိုက်ပွဲများ အလွန်လျော့နည်းသွားပါသည်။ ထို့ကြောင့်လည်း ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်များတွင် ပိုမိုကျယ်ပြန့်သော အပြောင်းအလဲများလည်း ဖြစ်ပေါ်လာခဲ့ပါသည်။ အဓိက တိုးတက်လာသော အပြောင်းအလဲမှာ ၂၀၁၅ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် ရွေးကောက်ပွဲတွင် အမတ်နေရာ ၇၉%ရရှိကာ တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပါသည်။ ထို့ကြောင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် လွှတ်တော်တွင် ၅၉% ဖြင့် အများစု အနိုင်ရရှိပါသည်။[45] ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှာမူ ပြည်ထောင်စု လွှတ်တော်တွင် အမတ်နေရာများစွာကို ဆုံးရှုံးခဲ့ရပါသည်။[46] ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော တိုင်းရင်းသားပါတီများမှာ ၎င်းတို့၏အမတ်နေရာများကို ဆက်လက် ထိန်းထားနိုင်ခြင်းမရှိသောကြောင့် လွှတ်တော်အသစ်တွင် ပါဝင်နိုင်ခြင်းမရှိပေ။ တိုင်းရင်းသားပါတီများတွင် ရခိုင်အမျိုးသားပါတီနှင့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သာ အနိုင်ရရှိခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မည်သည့်ကရင် အမျိုးသားပါတီမှ အနိုင်ရရှိခဲ့ခြင်းမရှိပါ။ KHRG မှ သတင်းစုဆောင်းရာ ဒေသများဖြစ်သော ကရင်ပြည်နယ်လွှတ်တော်တွင် ၅၇%၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၇၅%၊ မွန် ပြည် နယ်တွင် ၆၁% နှင့် ပဲခူးတိုင်းဒေသကြီးတွင် ၇၂% အသီးသီးဖြင့် NLDမှအများစု အနိုင် ရရှိခဲ့ပါသည်။[47]

မြန်မာပြည် အရှေ့တောင်ပိုင်းတွင်ပြုလုပ်ခဲ့သော ရွေးကောက်ပွဲ အကြိုကာလလှုပ်ရှားမှုများနှင့် အထွေထွေ ရွေးကောက် ပွဲကြီးသည် လွတ်လပ်ပြီးတရားမျှတမှု ရှိသည်ဟု ယူဆကြပါသည်။ သို့သော် KHRG သည် ရွာသားများထံမှ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရရှိခဲ့သော အချို့သတင်းပေးပို့ချက်များတွင် ကျေးရွာအုပ်စု တစ်ခုလုံး မဲပေးခွင့် မရရှိကြသည့်အကြောင်းများ ပါဝင်ပါသည်။ မဲပေးရာတွင်မူ ကျား၊မခွဲခြားမှုနှင့် ပတ်သတ်သော သတင်းများအား KHRG မှ လက်ခံရရှိခြင်းမရှိပါ။ သို့သော် လူမျိုးရေး၊ ဘာသာရေးနှင့် ပတ်သက်၍ မမှန်မကန်လုပ်ဆောင်မှုများရှိကြောင်း သတင်းရရှိပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ရှိသော မွတ်စလင်နှင့် ဂေါ်ရခါး လူနည်းစုအချို့သည် ရွေးကောက်ပွဲတွင် ခွဲခြားခံရကြောင်း တင်ပြလာကြပါသည်။ နိုင်ငံရေးပါတီများ အထူးသဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အာဏာ ငွေကြေးကို အသုံးပြုပြီး ကျေးရွာပြည်သူများကို အကူအညီပေးကာ ၎င်းတို့အားမဲပေးရန် စည်းရုံးမှု ရှိခဲ့ကြောင်းကိုလည်း တင်ပြလာကြပါသည်။ ထို့အပြင် ရွေးကောက်ပွဲနေ့တွင် မဲပေးပုံပေးနည်းနှင့် ပတ်သက်၍ လုံလောက်သော သတင်း အချက်အလက်များကိုလည်း မရရှိကြောင်း ရွာသားများကတင်ပြပါသည်။ ဥပမာအားဖြင့် အချို့သောရွာသားများသည် မဲရုံမည်သည့် နေရာတွင် ရှိကြောင်းကိုပင် မသိရှိခဲ့ရပါ။[48]

KHRG သည် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအပေါ် ထားရှိသော မျှော်လင့်ချက်များအကြောင်းနှင့် ပတ်သက်၍ အကောင်းမြင်သူများ နှင့်လည်းကောင်း အဆိုးမြင်သူများနှင့်လည်းကောင်း တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့ပါသည်။ သို့သော် ရွေးကောက်ပွဲအပေါ်ထားသော ပြည်သူများ၏ ဘုံအယူအဆအမြင်များ တိတိကျကျမတွေ့ရှိရပါ။ အမျိုးသမီးတစ်ဦးက ရွေးကောက်ပွဲ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သို့မဟုတ် နိုင်ငံရေးစသည်တို့နှင့် ပတ်သက်သော အကြောင်းအရာများကို သူမ၏ မိတ်ဆွေများနှင့် ပြောဆိုလေ့ မရှိကြောင်း ပြောပြပါသည်။ အဘယ်ကြောင့်ဆိုသော် သူမတို့အနေနှင့် စိတ်ဝင်စားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ၂၀၁၅ ရွေးကောက်ပွဲ ကျင်းပရန် အနည်းငယ်သာ လိုတော့သည့်အချိန်တွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်စဉ်က ထိုအမျိုးသမီးက သူမသည် ကျေးလက်ဒေသတွင်နေထိုင်ပြီး ရွေးကောက်ပွဲနှင့်

44 Source #26 တွင်ကြည့်ပါ။

45 "The Myanmar Elections: Results and Implications," Asia Briefing No 147, International Crisis Group, December 2015. ၂၀၀၈ အခြေခံဖွဲ့စည်းပုံအရ ပြည်ထောင်စုလွှတ်တော်တွင် အမတ်နေရာအားလုံးကို ရွေးကောက်ခြင်း မပြုပါ။ အမတ် နေရာ ၂၅%ကို စစ်တပ်မှရယူထားပါကြောင်းဂရုပြုလိုပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ တွင်လည်း စစ်တပ်မှ ၂၅% နေရာ ယူထားပါသည်။

46 မြန်မာနိုင်ငံ၏ အမျိုးသားဥဒေပြုရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်ဟု ခေါ်ပါသည်။ ပြည်ထောင်စုလွှတ်တော်တွင်အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ၍လွှတ်တော်နှစ်ရပ်ပါဝင်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် တွင် ပြည်နယ်လွှတ်တော်နှင့်တိုင်းဒေသကြီးလွှတ်တော်ဟူ၍ရှိပါသည်။

47 "The Myanmar Elections: Results and Implications," Asia Briefing N°147, International Crisis Group, December 2015.

48 The 2015 Elections and Beyond: Perspectives from villagers in rural southeast Burma/Myanmar," KHRG, February 2016. တွင် ကြည့်ပါ။

ပတ်သက်၍လည်း သတင်းအချက်အလက်များ မရရှိသောကြောင့် မဲသွားရောက်ပေးမည် မဟုတ်ကြောင်း ပြောဆိုခဲ့ ပါသည်။[49] အချို့ အမျိုးသမီးများက သူမတို့သည် ကျေးလက်တောရွာတွင်နေသော လူနည်းစု ကရင်လူမျိုးများဖြစ်သောကြောင့် ရွေးကောက်ပွဲသည် သူမတို့နှင့် သက်ဆိုင်မှု မရှိသကဲ့သို့ခံစားရသည်ဟု ပြောဆိုကြပါသည်။ အောက်ဖော်ပြပါ ဖာပွန်ခရိုင်မှအမျိုးသမီး၏ ပြောဆိုချက်များတွင် အချို့လူများမှ အမှန်တကယ် ပြောင်းလဲမည်ဟုယုံကြည်ထားသော ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပေါ် သူမက မျှော်လင့်ချက်မထားရှိပုံကို တွေ့မြင်ရပါမည်။

*"ကျွန်မအထင်ကတော့ ရွေးကောက်ပွဲဟာ ကရင်လူမျိုးတွေအတွက် အကျိုးမရှိနိုင်ပါဘူး။ ဗမာလူမျိုးတွေ အတွက်တော့ အကျိုးရှိကောင်း ရှိမှာပေ့ါ။ ကျွန်မလို တောမှာနေတဲ့ ကရင်လူမျိုးအတွက်ကတော့ ဘာမှ အကျိုးမရှိနိုင်ဘူးလို့ ထင်တာပဲလေ။... ဒီမှာလည်း ကျွန်မတို့က မဲပေးလို့မရဘူးလေ။ ဖာပွန်နဲ့ နီးတဲ့နေရာမှာ နေကြတဲ့လူတွေကတော့ မဲပေးကြမယ် ထင်တာဘဲ။ ဒီကလူတွေကတော့ မဲပေးခွင့် ရကြမှာ မဟုတ်ဘူး။... မဲပေးခွင့်ရရင်လည်း ကျွန်မက မဲသွားမပေးပါဘူး။ ကျွန်မတို့ လူမျိုးအတွက်တော့ အကျိုးရှိမှာမဟုတ်ဘူး။ ဘာလို့လဲဆိုရင် အားလုံးက အမှန်တကယ် မဖြစ်နိုင်ဘူးလေ။ လူတွေကတော့ပြောတယ်။ ဒီရွေးကောက်ပွဲဟာ ကျွန်မတို့လူမျိုးအတွက် ငြိမ်းချမ်းရေးကို ယူဆောင်လာပေးနိုင်တယ်တဲ့။ ဒါပေမဲ့ ဒါဟာတကယ်ဖြစ်နိုင်ချေ ရှိလား မရှိလားဆိုတာ ဘယ်သူမှမပြောနိုင်ဘူးလေ။"*

နော် သ.....၊ (မ)၊ ဖာပွန် ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း<br>(၂၀၁၅ စက်တင်ဘာလတွင် တွေ့ဆုံမေးမြန်း ခန်းပြုလုပ်ခဲ့သည်။)[50]

သရက်ချောင်းမြို့နယ်မှ နော် ဃ... က သူမသည် မဲပေးရန် လုံလောက်သော သတင်းအချက် အလက်မရရှိကြောင်းနှင့် သူမအနေနှင့် မည်သူ့ကိုမဲပေးရမည်ကို မသိကြောင်း ပြောပါသည်။ သူမ၏ သူငယ်ချင်းများမှ မဲသွားပေးမည် ဖြစ်သော်လည်း မြန်မာအစိုးရသည် ယခင်ကပေးခဲ့သော ကတိများလည်း မတည်ခဲ့ကြောင်းကို ဖော်ပြခဲ့ပါသည်။

*"ကျွန်မက KNU ကို မဲပေးရမလား၊ မြန်မာအစိုးရကိုပဲ မဲပေးရမလား ဘယ်အဖွဲ့က ကျွန်မအတွက် ပိုကောင်းမလဲ မသိဘူး။ အဲဒါကြောင့် ကျွန်မ မဲမပေးဘူး။... ကျွန်မ အထင်က မြန်မာအစိုးရက ဘယ်တော့မှ ကတိမတည်ဘူး။ ကျွန်မနဲ့ သူငယ်ချင်းတွေကတော့ အပစ်အခတ်ရပ်စဲရေးနဲ့ ပတ်သက်ပြီး ပြောဆိုဖြစ်ကြပါတယ်။ အပစ်အခတ် ရပ်စဲရေး လက်မှတ်ထိုးတာကောင်းပါတယ်။ ရွာသားတွေအပေါ် ဆိုးကျိုးသက်ရောက်မှု နည်းသွားတာပေ့ါ။ ကျွန်မသူငယ်ချင်းအချို့ကတော့ မဲသွားပေးမယ်ပြောကြတာပဲ။ ကျွန်မကတော့မဲမပေး ချင်ပါဘူး။ ဘာလို့လဲဆိုရင် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကျွန်မဘာမှမသိဘူး။"*

နော် င...၊ (မ၊ ၂၂ နှစ်)၊ သရက်ချောင်း မြို့နယ်၊ မြိတ်-ထားဝယ်ခရိုင်/တနင်္သာရီတိုင်းဒေသကြီး<br>(၂၀၁၅ နိုဝင်ဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[51]

ဒူးပလာယာခရိုင်မှ အမျိုးသမီးတစ်ဦးမှာမူ  မဲပေးခြင်းဖြင့် မြန်မာနိုင်ငံကို ပိုမိုကောင်းမွန်စေရန် ပြောင်းလဲနိုင်မည်ဟု ထင်မြင်ကြောင်း ထုတ်ဖော်ပြောပြပါသည်။ သူမအနေနှင့် ခေါင်းဆောင်သစ်များ နိုင်ငံအတွက် အလုပ်လုပ်နိုင်မည်ဟု မျှော်လင့်ပါသည်။

*"ကျွန်မ မဲသွားပေးပါတယ်။ ဘာလို့လဲဆိုရင် ငြိမ်းချမ်းရေးလိုချင်လို့၊ ကျွန်မတို့လူတွေ လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်ဖို့လေ။ ကလေး တွေလဲ ပညာသင်ကြားခွင့် ရရှိစေချင်တယ်။ အရင်တုန်းကလို မဖြစ်စေချင်တော့ဘူး။ အရင်တုန်းက ကျွန်မတို့ကျောင်း မတက်နိုင်ကြဘူး။ လက်နက်ကိုင်တိုက်ပွဲတွေကြောင့် ကျွန်မတို့ ထွက်ပြေးနေခဲ့ရတယ်။ ပညာမတတ်တော့ တိုင်းပြည်အတွက် အကူအညီမပေးနိုင်ဘူး။*

*ကျွန်မ မဲပေးတာ ဒီရွေးကောက်ပွဲကို မျှော်လင့်ချက်ထားလို့လေ။ လူတွေလွတ်လပ်စွာ အလုပ်လုပ်နိုင်ဖို့နဲ့ အကျင့်ပျက်ခြစားမှုတွေ နည်းသွားဖို့ မျှော်လင့်ပါတယ်။ ကျွန်မက လူထုရှေ့မှာ မားမားမတ်မတ်ရပ်ပေးမဲ့ ခေါင်းဆောင်မျိုးကို လိုချင်တယ်။ ခေါင်းဆောင်ဆိုတာ ရိုးသားရမယ်၊ ကတိတည်ရမယ်။ အများကို လက်ခံတတ်ပြီး ကိုယ်လုပ်တဲ့အရာကို တာဝန်ယူတတ်တဲ့ စိတ်ရှိရမယ်။ ခေါင်းဆောင်က မှန်မှန်ကန်ကန် လမ်းပြမယ်ဆိုရင် ပြည်သူတွေ သူတို့နောက်လိုက်မှာပဲ။ ကျွန်မတို့ဘာလို့ ဆင်းရဲနေရလဲ။ ကျွန်မတို့ဘာလို့ပညာ မတတ်ခဲ့ရတာလဲ။ ဘာလို့လဲဆိုရင် အကျင့်ပျက်ခြစားမှုတွေ များနေလို့ပဲ။ ဒီလိုအကျင့် ပျက်ခြစားမှုတွေ များနေတော့ တိုင်းပြည်က ဆင်းရဲနေရတယ်လေ။ ကျွန်မအထင် ကျွန်မတို့ ရွေးတဲ့ခေါင်းဆောင်တွေနိုင်ရင်တော့ ငြိမ်းချမ်းရေးရမှာပဲ။ အရင်ခေါင်းဆောင်တွေ ဆက်ပြီး အာဏာရှိနေမယ်ဆိုရင် အခြေအနေတွေ တိုးတက်လာဖို့ လမ်းမမြင်ဘူး။"*

နော် က.....၊ (မ)၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၅ ဒီဇင်ဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[52]

[49] Source #150 တွင် ကြည့်ပါ။

[50] Source #153 တွင် ကြည့်ပါ။

[51] Source #152 တွင် ကြည့်ပါ။

[52] The 2015 Elections and Beyond: Perspectives from villagers in rural southeast Burma/Myanmar, KHRG,  February 2016.

# ဓါတ်ပုံများ: အပစ်ခတ် ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ





အထက်ပါပုံများသည် တောင်ငူခရိုင်အတွင်း စစ်တပ်လှုပ်ရှားမှုများကို ပြပါသည်။ လက်ဝဲဘက်ရှိပုံ သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ တွင် KHRG ဒေသခံအဖွဲ့ဝင် တစ်ဦးမှ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ခလယ်လာကျေးရွာအနီး ပုလဲဝါးဟုခေါ်သော နေရာတွင်ရိုက်ကူးထားပါသည်။ ပုံတွင် တပ်မတော်သားများ ရိက္ခာအပြည့် အစုံဖြင့် မြစ်ဖြတ်ကူးနေသည်ကို တွေ့မြင်ရပါမည်။ ၂၀၁၂ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူပြီးနောက်ပိုင်းတွင် တပ်မတော်သည် ထန်းတပင်မြို့နယ်တွင် အင်အား ပိုမိုတိုးချဲ့လာကြောင်း ခလယ်လာဒေသခံတစ်ဦးမှ ပြောပါသည်။ လက်ယာဘက်တွင်ပြထားသောပုံမှာ တောင်ငူခရိုင် ထန်းတပင်မြို့နယ် ချောင်းကြားကျေးရွာတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နေ့က ရိုက်ကူးထား သောပုံဖြစ်ပါသည်။ ပုံတွင် တပ်မတော်မော်တော်ယာဉ်များမှ ရိက္ခာတင်ပို့နေပုံကိုတွေ့မြင်ရပါမည်။ ပုံတွင် ရိက္ခာအပြည့် တင်ထားသော တပ်မတော် မော်တော် ယာဉ် ၁၅ စီးအထက်ကိုတွေ့မြင်ရပေမည်။ ဘေးတွင်စစ်သားများ စောင့်ကြပ်နေ သည်ကိုလည်း တွေ့မြင်ရပါမည်။*(ဓာတ်ပုံ KHRG)*





ဤဓာတ်ပုံများကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီး မြို့နယ်တွင်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ မြန်မာနိုင်ငံအထွေထွေ ရွေးကောက်ပွဲ ကျင်းပခဲ့သော နေ့တွင် ရိုက်ကူးထားပါသည်။ ဘယ်ဘက်ရှိပုံတွင် တံကြီးကျေးရွာအုပ်စုမှ အမျိုးသမီးများ မဲပေးရန်တန်းစီနေပုံကို တွေ့မြင်ရပါမည်။ ညာဘက်ရှိပုံတွင်ကျောက် ကြီးမြို့နယ် မဲရုံအရှေ့တွင် ကပ်ထားသောမဲပေးပုံပေးနည်း ရေးဆွဲသရုပ်ဖော်ထားသော ပိုစတာများကို ကျောက်ပုံ(အလယ်)ကျေးရွာအုပ်စုမှအမျိုး သမီးများ လေ့လာနေကြ သည်ကို တွေ့မြင်ရပါမည်။ *(ဓာတ်ပုံ KHRG)*



အထက်ပါပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ကျောက်ကြီးမြို့တွင်ရိုက်ကူးထားပါသည်။ပုံတွင်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာ ချုပ် (NCA) လက်မှတ်ထိုးပြီးနောက် မှန်း၊ ကျောက်ကြီး နှင့် ရွှေကျင်မြို့ နယ်များမှရွာသား များက ငြိမ်းချမ်းရေးကို ကြိုဆို နေကြသည်ကို တွေ့မြင်ရပေမည်။ ရွာသားများက ကြိုဆိုပွဲ အခမ်းအနားကျင်းပရန် မြန်မာအစိုးရထံမှ ခွင့်ပြုချက် ရယူ ခဲ့ခြင်းဖြစ်သည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ ဒူးပလာယာ ခရိုင်၊ ကျုံဒိုးမြို့နယ်တွင် ရိုက်ကူးထားပါသည်။ ပုံတွင် ကျောင်းဆရာမများမှ တစ်မျိုးသားလုံး အထွေထွေရွေး ကောက်ပွဲအတွက် မဲရေတွက်ရာတွင် ကူညီပေး နေသည်ကို မြင် တွေ့ရပါမည်။ *(ဓာတ်ပုံ KHRG)*

# အခန်း ၂: ကျန်းမာရေးနှင့်ပညာရေး အပေါ်အမျိုးသမီးများ၏ အမြင်

*"ကျန်းမာရေး၊ ပညာရေး နဲ့ စီးပွားရေး တွေဟာ ကျွန်မတို့အတွက် အဓိကရေးကြီးတဲ့ အရာတွေပါ။ ကျန်းမာမယ်၊ ပညာတတ်မယ်၊ စီးပွားရေးကောင်းမယ်ဆိုရင် အခြားဟာ တွေက သိပ်အရေး မကြီးပါဘူး။ကျွန်မတို့ပတ်ဝန်းကျင်မှာ လူတွေပညာတတ်လာတာနဲ့ အမျှ အသိဉာဏ် လည်းတိုးတက် လာကြပါတယ်။ ဒါပေမဲ့ ကျွန်မအထင်ကတော့ ကျွန်မတို့ပတ်ဝန်းကျင်မှာ ပညာမတတ်တဲ့ ကလေးတွေ အများကြီး ရှိသေးတယ်။ စာမရေးတတ် မဖတ်တတ်တဲ့ ကလေးတွေလည်း ရှိတော့ သူတို့ကိုရပ်ရေးရွာရေး ကိစ္စတွေ ပြောပြဖို့ခက် တယ်။"*

ဒေါ် က.....(မ၊ ၅၉နှစ်)၊ ခ.......ကျေးရွာ၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း (၂၀၁၂ ဒီဇင်ဘာလ တွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[53]

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ မြန်မာပြည်အရှေ့ တောင်ပိုင်းရှိ အမျိုးသမီးများနှင့်တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာတွင် အမျိုးသမီးများမှအဓိကထား တင်ပြသော အချက်များမှာ ကျန်းမာရေးနှင့် ပညာရေး စသည်တို့နှင့် ပတ်သက်သော အကြောင်းအရာများပင်ဖြစ်ပါသည်။

ပညာရေး နှင့် ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများ အဆင့်မြင့်မြင့် ရရှိရေးသည် ၎င်းတို့အတွက် အရေးပါဆုံးနှင့် အဓိအကျဆုံး ဖြစ်သည် ဟုအမျိုးသမီးများမှ ထင် ရှားစွာ ထပ်ခါထပ်ခါ ပြောဆို တင်ပြကြ ပါသည်။ အမျိုးသမီးငယ်များ ပညာသင်ကြားခွင့် ရှိရမည့် အကြောင်းကို အမျိုးသမီးများ အပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံခြင်း ပပျောက်ရေး သဘော တူညီချက် စာချုပ် (CEDAW) ပါ အပိုဒ် ၁၀ တွင် ထင်ရှားစွာ ဖော်ပြထားပါသည်။

**အဓိကတွေ့ ရှိချက်များ**

- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၏ အရည်အသွေးသည် ဝန်ထမ်းတစ်ဦး တစ်ယောက်ချင်းစီ၏ စိတ်နေသဘောထား အပေါ်တွင် များစွာ မူတည်သည်ဟုအမျိုးသမီးအချို့ခံစားရကြောင်း ထုတ်ဖော်ပြော ဆိုကြ သည်။
- မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကရင်လူမျိုး နေထိုင်ရာ ဒေသများမှ ကရင်အမျိုးသမီးများက ၎င်းတို့အနေနှင့် မြန်မာ အစိုးရမှဦးဆောင်လုပ်ကိုင်လျက်ရှိသော ကျန်းမာရေးနှင့် ပညာ ရေး လုပ်ငန်း များအပေါ် သံသယရှိပြီး အယုံအကြည်မရှိကြောင်း ဆွေးနွေး တင်ပြခဲ့ကြသည်။ သူတို့သည် တိုင်းရင်းသား ကျန်းမာရေးလုပ်သားများနှင့် ကရင်ဆရာ၊ဆရာမ များ၏ ဝန်ဆောင်မှုများကိုသာပိုမို၍ အသုံးပြုလိုကြပါသည်။
- အမျိုးသမီးများမှာ ၎င်းတို့ အနေဖြင့် ကျေးလက်ဒေသရှိ ကျောင်း များနှင့် ကျန်းမာရေးဝန်ဆောင်မှုများ အကြောင်းပိုမို နားလည်သိရှိရန် မေးခွန်းများမေးချင်ကြသော်လည်း ထိုသတင်း အချက်အလက်များ ရရှိရန် နည်းလမ်းများရှာဖွေသည့်အချိန်တွင် သို့မဟုတ် အကြံဉာဏ်များပေးချိန်တွင် အနှောင့်အယှက် အတားအဆီးများ တွေ့ကြုံရသည့် အကြောင်း များ ထုတ်ဖော်ပြောဆိုခဲ့ သည်။

*"ပညာရေးနယ်ပယ်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပညာသင်ကြား ခွင့်ရရန် အမျိုးသမီး များအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးကို နိုင်ငံတော် မှ နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ပေးရမည်။"*[54]

CEDAW စာချုပ် အပိုဒ် ၁၂.၁ တွင် အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍ ရပိုင်ခွင့်များကို အောက်ပါ အတိုင်းရှင်းလင်းစွာ ရေး သား ဖော်ပြထားပါသည်။

*"ကျန်းမာရေးကဏ္ဍတွင် အမျိုးသမီးများသည် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် သက် ဆိုင်သော ဝန်ဆောင်မှု များကို လက်လှမ်းမှီရယူနိုင်ရန် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးကို နိုင်ငံတော် မှ နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ပေးရပေမည်။"*

အပိုဒ် ၁၂.၂ တွင်အောက်ပါအတိုင်း အသေးစိတ် ဆက်လက်ဖော်ပြထားပါသည်။

*"အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်ကာလ၊ မီးဖွားစဉ်ကာလနှင့် မီးဖွားပြီးကာလများ တွင်လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများကို အခမဲ့ရရှိရန် နိုင်ငံတော်အစိုးရမှလုပ် ဆောင်ပေးသင့်ပါသည်။ ထို့အတူ အမျိုးသမီးများအား ကိုယ်ဝန်ဆောင်စဉ်ကာလနှင့် ကလေး နို့တိုက်ကျွေးသော ကာလများတွင်လည်း သင့်တင့်ပြည့်စုံသော အဟာရများရရှိရန် ဆောင်ရွက်ပေးရပါ မည်။"*[55]

[53] Source #150: "Nyaunglebin Interview: Daw U---, December 2012," KHRG ဇူလိုင်လ ၂၀၁၄ ကို ကြည့်ပါ။

[54] အပိုဒ် ၁၀, Convention on the Elimination of All Forms of Discrimination Against Women, တွင်ကြည့်ရှုနိုင်ပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ဒီဇင်ဘာ ၁၉၇၉

[55] အပိုဒ် ၁၂.၁၊၁၂.၂, Convention on the Elimination of All Forms of Discrimination Against Women, တွင်ကြည့်ရှုနိုင်ပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ဒီဇင်ဘာ ၁၉၇၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ၁၉၉၇ခုနှစ် တွင် မြန်မာနိုင်ငံအနေဖြင့် (CEDAW) စာချုပ်တွင်ပါဝင်သော အပိုဒ်များအားလုံးကို သဘောတူလက်မှတ် ရေးထိုးခဲ့ပါသည်။ သို့သော်လည်း KHRG သတင်းစုဆောင်းရာဒေသများရှိ အမျိုးသမီးများသည် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ၏ ကျေနပ်ဖွယ် မရှိသော အခြေအနေများသာမက ကြံ့ခိုင်ရေးပါတီဦးဆောင်သည့် အစိုးရမှ ထောက်ပံ့ကူညီပေးသော ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများအပေါ်အယုံအကြည်မရှိကြောင်းပါတင်ပြပြောဆိုခဲ့ကြသည်။ ထို့အပြင် ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော အရေးပါသော ဝန်ဆောင်မှုများအတွက် လိုအပ်သော အရင်းအမြစ်များမပြည့်စုံကြောင်းနှင့် ဝန်ထမ်းများသည်လည်း ဒေသခံ ပြည်သူလူထုများအပေါ်တွင်လည်းကောင်း သူတို့၏အထက်အရာရှိများအပေါ်တွင် လည်းကောင်း ပွင့်လင်း မြင်သာမှုနှင့် တာဝန်သိတာဝန်ခံသောစိတ်မရှိကြောင်း ထပ်မံ၍ အသေးစိတ်တင်ပြ ကြပါသည်။ အထက်ပါကဲ့ သို့သော အခြေအနေများအကြားတွင် အမျိုးသမီးများအနေဖြင့် စေတနာ အစစ်အမှန်ဖြင့် အနစ်နာခံ၍ မိမိတို့၏ လုပ်ဆောင်ရမည့် အရာများကို အကောင်းဆုံးလုပ်ဆောင်ကြသည့် ဆေးမှူးများနှင့် ကျောင်းဆရာမများကို အထူး ကျေးဇူးတင်ရှိကြကြောင်း ဖော်ပြကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျန်းမာရေးနှင့် ပညာ ရေးဝန်ဆောင်မှု အကျိုးရလဒ်များသည် ထိုသူများအပေါ်တွင် များစွာမူတည်နေသော ကြောင့်ဖြစ်ပါသည်။ အစီရင်ခံစာတစ်စောင်လုံးတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများက ကျန်းမာရေးနှင့် ပညာရေးဟူသည့် ဤအရာနှစ်ခုသည် အပြန်အလှန် ဆက်စပ်နေကြောင်းကို လည်းတင်ပြထားပါသည်။

*"အချို့ကလေးငယ်တွေဟာ ရောဂါဝေဒနာတွေ ခံစားရတဲ့အတွက် ပညာသင် ယူနိုင်ခြင်းမရှိပါဘူး။ ကျွန်မတို့ ကလေးတွေကို ပညာသင်ယူစေချင်ပါတယ်။ ဒါပေမဲ့ သူတို့ အတွက်ဆေးဝါးလည်း လိုအပ်ပါတယ်။"*

နော်လ.......(မ၊ ၄၉နှစ်)၊ မ......ကျေးရွာ၊ ကျောက်ကြီးမြို့နယ်၊ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း (၂၀၁၂ ဇူလိုင်လ တွင် တွေ့ဆုံမေး မြန်းခန်း ပြုလုပ်ခဲ့သည်။)[56]

## ပညာရေး တိုးတက်ကောင်းမွန်လာရေးအတွက် အရေးကြီးခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကွဲပြားသောဒေသများတွင် ပညာရေးကို မတူညီသော ဒေသအာဏာပိုင်များက တာဝန်ယူဆောင်ရွက်ကြပါသည်။ အချို့သော ဒေသများတွင် နိုင်ငံတော်အစိုးရက ဦးဆောင်လုပ်ကိုင်ပြီး၊ အချို့သောဒေသများတွင်ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) မှ ဦးဆောင် လုပ်ကိုင်ပါသည်။ အစိုးရနှင့် ကေအဲန်ယူ ပူးတွဲထိန်းချုပ်သော ဒေသများတွင် အဖွဲ့နှစ်ဖွဲ့လုံးမှ တာဝန်ယူလုပ်ဆောင်ကြပါသည်။ ဤနယ်မြေဒေသများရှိ အမျိုးသမီးများက ပညာရေးသည် ၎င်းတို့အတွက် အရေးပါကြောင်း တင်ပြကြသလို မိမိတို့၏ ကျေးရွာရှိကလေးသူငယ်များ စံနှုန်းမြင့်မားသော ပညာရေးရရှိစေရန် စာသင်ကျောင်းအသစ်များ တည်ဆောက်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ခြင်း၊[57] မိမိတို့ ၏ ကလေးငယ်များ ပိုမို ကောင်းမွန်သော ပညာရေးရရှိရန် ဆိုးရွားသောရာသီဥတုအခြေ အနေများအကြားတွင်ပင် အနီး ရှိရွာများသို့ ပို့ဆောင်ပညာသင်ယူစေခြင်း၊[58] ရွာတွင် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေစဉ်တွင်[59] မိမိတို့၏ သားသမီးများအား နောက်ထပ် ပညာဆက်လက်သင်ယူနိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံနှင့်ဒုက္ခသည်စခန်းများ သို့သွားရန် အားပေးလှုံ့ဆော်နေကြပါသည်။

မိမိတို့၏ ရင်သွေးငယ်များ ပညာသင်ယူနိုင်ရန် အထက်ပါကဲ့သို့သော အခက်အခဲများစွာ ကြုံတွေ့ရသောကြောင့် ပညာရေးစနစ်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သင့်ကြောင်း အမျိုးသမီးများမှ ထုတ်ဖော်ပြောဆိုကြပါသည်။ သို့သော် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရန် လုပ်ဆောင်သင့်သူများနှင့် ပတ်သက်၍သော်လည်းကောင်း၊ ထိုသူများမှ ဘယ်အတွက်ကြောင့် လုပ်ဆောင်သင့်သည် ဆိုသည့် အချက်နှင့်ပတ်သက်၍သော်လည်းကောင်း သဘောထား အမျိုးမျိုးကွဲပြား လျက်ရှိပါသည်။[60]

တောင်ငူခရိုင်မှ အမျိုးသမီးတစ်ဦးမှာမူ ကလေးများကျောင်းတက်ခြင်း၊ မတက်ခြင်းသည် ထိုကလေးများ၏ စိတ်နေ သဘောထားနှင့် ပညာရေးအပေါ်စိတ်ဝင်စားမှုအပေါ်တွင်မူတည်ကြောင်း ပြောဆိုလာပါသည်။[61] ဖာပွန်ခရိုင်မှ ကျောင်းဆရာမတစ်ဦးမှာမူ အမြင်ကွဲပြားပါသည်။ ၎င်းက မိဘများ၏ အားပေးမှုနည်း ခြင်းသည် ပညာရေးတွင် မအောင်မြင်ရခြင်း၏အချက် တစ်ခုဖြစ်ကြောင်း ပြောဆိုလာပါသည်။

---

[56] Source #24. တွင် ကြည့်ပါ။

[57] Source #81; #130; နှင့် #137 ကြည့်ပါ။

[58] Source #130 ကြည့်ပါ။

[59] Source #3 တွင် ကြည့်ပါ။

[60] Source #118 တွင် ကြည့်ပါ။ KNU မှဦးဆောင်လုပ်ကိုင်သော ပညာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုချက်များ၊ဒေသခံအဖွဲ့အစည်းများမှ ဦးဆောင်သောပညာရေးနှင့်သက်ဆိုင်သောသတင်း အချက်အလက်များ၊ KHRG သတင်းစုဆောင်းသူနှင့် ကရင်ပညာရေးဌာန (KED)မှ နော် အ......တို့ပြုလုပ်သော အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ထုတ်ယူထားခြင်းဖြစ်ပါသည်။ နိုဝင်ဘာလ၊ ၂၀၁၅

[61] Source #8 တွင် ကြည့်ပါ။

*"ကျွန်မအနေနဲ့ ကျောင်းကိုလည်းတိုးတက်စေလိုတယ်။ မိဘတွေကိုလည်းမိမိတို့သားသမီးတွေရဲ့ ပညာရေးကိုလည်းအားပေးစေချင်တယ်။ ဘာကြောင့်လဲဆိုတော့ မိဘတွေက သူတို့ရဲ့ သားသမီးတွေကိုကျောင်းနေဖို့ သိပ်အားမပေးကြဘူး။ မိဘတွေက ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့တွေဆိုရင်လည်း သူတို့ရဲ့ သားသမီးတွေကို အရမ်းအလုပ်လုပ်ခိုင်းတယ်။ ဒါကြောင့် ကလေးတွေက ပညာသင်ယူဖို့ စိတ်မဝင်စားကြတော့ဘူး။"*

ဒေါ် အ.........၊ (မ၊ ၃၈နှစ်)၊ ခ.....မြို့၊ ဒွယ်လိုး မြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[62]

သထုံခရိုင်မှ နော် စ....... မှလည်း ကလေးငယ်များ ကျောင်းတက်ရောက်နိုင်မှုမရှိခြင်းမှာ အချို့ဆရာများမှ  တောင်းခံသော ကျောင်းဝင်ကြေးကို မိဘများမှ မပေးဆောင်နိုင်သောကြောင့် ကလေးများကျောင်း မတက်ရောက်နိုင်ကြောင်း ဖြစ်သည်ဟု သူမ ထင်မြင်ယူဆကြောင်းပြောပါသည်။

*"ကျွန်မအထင် ကျောင်းမတက်နိုင်တဲ့ ကလေးအများကြီး ရှိလိမ့်မယ်၊ မိဘတွေက ကျောင်းဝင်ကြေးမပေးနိုင်တော့ သူတို့ကို ကျောင်း မထားနိုင်ကြဘူးလေ။ မိဘတွေက စားဝတ်နေရေး အဆင်မပြေ ကြတော့ သူတို့ကလေးတွေကို နွား ကျောင်းခိုင်းတယ်လေ။ ဥပမာ ဆရာမတွေက တာဝန်ယူပြီး မိဘတွေကို ကျောင်းဝင်ကြေးမပေးရဘူးလို့ပြောရင် မိဘတွေက ကလေးတွေကို ကျောင်းတက် တက်ခိုင်းမှာပေ့ါ။ ဆရာမတွေက အဲလိုမပြောတော့ မိဘတွေက သူတို့ ကလေးတွေကို ကျောင်းမပို့ကြဘူးပေ့ါ။ ဟုတ်တယ်မဟုတ်လား။"*

နော် စ.....၊ (မ၊ ၅၀နှစ်)၊ ခ.........ကျေးရွာ၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၂ မေလ တွင် တွေ့ဆုံမေး မြန်းခန်း  ပြုလုပ်ခဲ့သည်။)[63]

ဖာပွန်ခရိုင်တွင်နေထိုင်သော နော် တ..... အတွက်မူ ရွာတွင် ကေအဲန်ယူမှ တာဝန်ယူ ဖွင့်လှစ် သောကျောင်းသာတည်ရှိသောကြောင့် အနာဂတ်တွင် ကျောင်းသားများ၏ ပညာရေးကို ဆက်လက် ကူညီထောက်ပံ့ပေး သူမှာ ကေအဲန်ယူသာ ဖြစ်သင့်ကြောင်း ယူဆပါသည်။ အဘယ်ကြောင့် ဆိုသော် ကေအဲန်ယူ ကျောင်းတွင် ပညာသင်ယူ အောင်မြင်ပြီးနောက် ကျောင်းသားများသည် မိမိတို့နေထိုင်ရာ "ဒေသနှင့် နိုင်ငံအတွက် အကျိုးပြုနိုင် သူ များဖြစ်လာနိုင်သည်" ဟု သူမ ယူဆသောကြောင့်ဖြစ်သည်။[64] ညောင်လေးပင်ခရိုင်မှ ဒေါ် အ....... မှာမူ သူမအနေဖြင့် သူမတို့၏လက်ရှိခြေအနေကိုသနားငဲ့ညှာသောအား ဖြင့် တောင်သူလယ်သမား များ၏ သားသမီးများ ပညာတတ်များ ဖြစ်လာစေရန် ဦးသိန်းစိန် အစိုးရ(တွေ့ဆုံမေးမြန်းခန်း ပြုလုပ်စဉ်သည့်အချိန်ကအစိုးရ) (သို့မဟုတ်) ကေအဲန်ယူ မှ ကူညီထောက်ပံ့ သည်ထက် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကူညီထောက်ပံ့ ပေးစေလိုကြောင်း မတူကွဲပြားသော အမြင်ရှိပါသည်။[65]

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသများတွင် ကြံ့ခိုင်ရေးပါတီဦးဆောင်သောအစိုးရနှင့် ကေအဲန်ယူ တို့အကြား နယ်မြေထိန်းချုပ်ရေး ယှဉ်ပြိုင်မှုများကြောင့် ပညာရေး မြှင့်တင်ရန်အတွက် အဖွဲ့အစည်းတစ် ခုခုမှ တိတိကျကျတာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရန်  ခက်ခဲ စေပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများရှိ ရွာများမှ ဒေသခံ အမျိုးသမီးများအဖို့ ပညာရည်မြှင့်တင်ရေးနှင့် ရရှိရေးအတွက် အနည်း ငယ်သာလုပ်ဆောင်နိုင်ကြပါသည်။[66]

ဤကား မိမိတစ်ဦးတည်းအင်အားဖြင့် ကလေးများကို ပြုစုပျိုးထောင်ပေးနေသော အမျိုးသမီးများအတွက်[67] ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ် စေသလို ရှိသည့် သင်ထောက်ကူ အရင်းအမြစ်အနည်းငယ် အားအသုံးပြု၍ စာသင်ကြားနေရသော ဆရာမများအတွက် ပါ ပိုမိုဆိုးကျိုး သက်ရောက် စေပါသည်။

*"ဆရာမတွေအနေနဲ့ ဖြစ်နိုင်ရင် ကျောင်းအတွက် ကွန်ပျူတာတစ်လုံး လိုချင်ပါတယ်။ အခုတော့ ကျောင်းသားတွေရဲ့ စာမေးပွဲ အတွက် မေးခွန်းတွေကို လက်နဲ့ရေးနေရတယ်။ ကျောင်းသူကျောင်းသားဦးရေနည်းရင်တော့ လွယ်တာပေ့ါ။ ဒါပေမယ့် ကျောင်းသားဦးရေ များလာတော့ လက်နဲ့ရေးရတာ အချိန်ပိုကြာတာပေ့ါ။ ကွန်ပျူတာ လေးတစ်လုံး လောက်ရရင်တော့ အလုပ်လုပ်ရတာ ပိုအဆင်ပြေမှာပေ့ါ။"*

နော် ဆ.....၊ (မ၊၂၉နှစ်)၊ ဇ..... ကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ် တောင်ပိုင်း
(၂၀၁၅ ဩဂုတ်လ တွင် လက်ခံရရှိသော တွေ့ဆုံမေးမြန်းခန်း)[68]

---

[62] Source #81 တွင် ကြည့်ပါ။

[63] Source #21 တွင် ကြည့်ပါ။

[64] Source #4 တွင် ကြည့်ပါ။

[65] Source #45 တွင် ကြည့်ပါ။  "Nyaunglebin Interview: Daw U---, December 2012," KHRG, ဇူလိုင်လ၊ ၂၀၁၄

[66] Ethnic Conflict and Social Services in Myanmar's Contested Regions, The Asia Foundation, June 2014 တွင်အသေးစိတ် ကြည့်ရှုနိုင်ပါသည်။

[67] ပိုမိုပြည့်စုံစွာသိရှိလိုပါက ဤအစီရင်ခံစာ၏ အပိုင်း (၄) မှ ကျန်းမာရေးနှင့် ပညာရေး ဆိုသည့် ခေါင်းစဉ်အောက်တွင်ကြည့်ရှုနိုင် ပါသည်။

[68] Source #143 တွင် ကြည့်ပါ။

၂၀၁၀ ခုနှစ် ကုမ္ပဏီအစီရင်ခံစာ အချက်အလက်အရ မြန်မာနိုင်ငံတွင် မူလတန်းပြ ဆရာ၊ ဆရာမ များ၏ ၈၃.၉%မှာအမျိုးသမီးများ ဖြစ်ကြသလို၊ အလယ်တန်းပြ ဆရာ၊ဆရာမများ၏ ၈၅.၁% မှာ အမျိုးသမီးများသာဖြစ်ကြပါသည်။[69] ဤကိန်းဂဏန်းများအရ အောက်ခြေတွင် ပညာရေး ထောက်ပံ့မှုသည် အမျိုးသမီးများ အပေါ်တွင် အချိုးအစားမကျစွာ လုံးဝကျရောက်နေသလို အမျိုးသမီးများ သည်အိမ်ထောင်တစ်ခုကို အဓိကထောက်ပံ့ပေးရသူ မဟုတ်သောကြောင့် ဝင်ငွေ နည်းသော ကျောင်းဆရာမအလုပ်ကို ဝင်ရောက် လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း ဖော်ပြနေပါသည်။

## သင်ကြားမှုအရည်အသွေး နှင့် ကျောင်းသူကျောင်းသားများပညာတတ်မြောက်မှု

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိအမျိုးသမီးများက ၄င်းတို့ဒေသရှိကျောင်းများသည် ကာလရှည်ကြာစွာ ရန်ပုံငွေပြည့်စုံစွာ မရရှိခြင်း ဆရာ၊ ဆရာမများ မလုံလောက်ခြင်း[70] စသည့် ပြဿနာများရှိနေသည်ကို သိရှိနေသော်လည်း ထိုအခြေအနေများ အောက်တွင် သင်ကြားရေးအ ရည်အသွေးနှင့်ပတ်သက်၍ သင်ကြားမှု အမြင့်မားဆုံး စံနှုန်းရရှိရန် ဒေသခံ ကျောင်းဆရာ၊ဆရာမများတွင်သာ တာဝန်ရှိကြောင်း နှင့် ၄င်းတို့က ဆရာ၊ ဆရာမများသည် မည်သည့်အခြေနေမျိုးတွင်မဆို အကောင်းဆုံး သင်ကြားပေး ရန်တာဝန်ရှိကြောင်း ယူဆကြပါသည်။ KHRG မှ အမျိုးသမီးများနှင့် ပြုလုပ်သော တွေ့ဆုံ မေးမြန်းခန်းများတွင် အမျိုးသမီးများက အချို့ သော ဆရာ၊ဆရာမများသည် အရည် အချင်းမပြည့်ဝကြကြောင်း၊ ၄င်းတို့ သင်ကြားရမည့် သင်ကြားချိန်အား အချိန်ပြည့်မလုပ်ကြကြောင်း (သို့မဟုတ်) တာဝန်ကျသောကျောင်းများ နှင့်ဝေးရာတွင် အချိန် ကြာမြင့်စွာ ခရီးသွားလာနေခြင်းကြောင့် စာသင်ကြားရန် ပျက်ကွက်ကြကြောင်းဝေဖန်ပြောဆို ကြပါသည်။[71]

အခြားတစ်ဖက်တွင်လည်း အမျိုးသမီးများက တာဝန်ကျေပွန်စွာ သင်ကြားပေးသောဆရာ၊ ဆရာမများ၊ ဒေသ လူ့ အရင်း အမြစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန် စေတနာအပြည့်အဝဖြင့် ပံ့ပိုးပေးသောဆရာမ၊ဆရာများကို အလွန်ကျေးဇူးတင် ကြောင်းဖော်ထုတ်ပြောဆိုကြပါသည်။ အချုပ်အားဖြင့် ဆိုရသော် ပညာရေးဖွံ့ဖြိုးတိုးတက်မှုသည် ကျောင်းသူ ကျောင်းသားနှင့်အခြားသောရွာသူ၊ရွာသားများအပေါ် ထားရှိသော ဆရာ၊ဆရာမများ၏ စိတ်နေသဘောထားနှင့် ဆက်ဆံ ရေးအပေါ်တွင် အဓိကမူတည်ကြောင်း အမျိုးသမီးများက ယုံကြည်ကြပါသည်။ အထူးသဖြင့် ဆရာ၊ ဆရာမများသည် ၄င်းတို့ ဒေသခံ မဟုတ်သည့် အစိုးရမှ တာဝန်ချထားသော၊ ကရင်လူမျိုးမဟုတ်သောဆရာ၊ဆရာမ များဖြစ်ပါက ကျောင်းသားနှင့်မိဘများအပေါ် ထားရှိသော ဆရာ၊ဆရာမများ၏ စိတ်နေသဘောထားသည် အလွန်အရေးပါကြောင်း ဒေသခံ ရွာသားများက ထင်မြင် ယူဆကြ ပါသည်။[72]

၂၀၁၄ခုနှစ်မှ အဖြစ်အပျက်တစ်ခုတွင် ကျောင်းဆရာများအချင်းချင်းကြား ဖြစ်ပွားခဲ့သော ပဋိပက္ခ တစ်ခု ကြောင့် ကျောင်းအုပ်ဆရာမနှင့် ဆရာ၊ဆရာမများစွာ အခြားရွာတစ်ရွာ သို့ ပြောင်းရွှေ့သွားခဲ့ကြပါသည်။ ဤကား ကျောင်းတွင် စာသင်ကြားသည့် ဆရာ အင်အားနည်းသွား ခြင်းကြောင့် စာမေးပွဲကျရှုံးကြ ရသည့် ကျောင်းသားများ အပေါ် ဆိုးရွားသော သက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။

*"ဒီနှစ်ကျွန်မတို့မှာ ပြဿနာပိုများပါတယ်၊ ဘာလို့လဲဆိုရင် မနှစ်က ရွာမှာကျောင်းအုပ် ကြီးက ဆရာမ ဒေါ် စ....... ပါ။ ဒီဆရာမကြီးက လုပ်ဖော်ကိုင်ဖက် ဆရာ၊ဆရာမများနဲ့ပြဿနာဖြစ်ကြတော့ တခြားနေရာကိုပြောင်းသွားခဲ့ပါတယ်။ သူမရဲ့ လက်ထောက်ဆရာမတစ် ယောက်ကလဲ အခြားနေရာတစ်ခုကို ပြောင်းသွားပါတယ်။ ဒါကြောင့် ရွာမှာ ဆရာတစ်ယောက်နဲ့ ဆရာမ အသစ်နှစ်ယောက်ပဲ ကျန်ခဲ့တယ်။ ဆရာတွေက အရည်အချင်းမပြည့်ဝကြတော့ သင်ချင်သလိုသင်ကြတာပဲ။ ကျောင်းသားတွေကလည်း စာကို သေသေချာချာနားမလည်တော့ ဘာမှမတတ်ဘူးပေ့ါ။ ဒါကြောင့် ကလေးတွေက စာမေးပွဲနှစ်ကြိမ်သွား ဖြေခဲ့ရတယ်၊ အောက်တိုဘာနဲ့ဒီဇင်ဘာလတွေမှာပေ့ါ၊ မအောင် ကြဘူးလေ။ သူတို့တွေ ဘာမှမသိကြ ဘူးလေ။ ကျွန်မသမီးလိုပေ့ါ။ အသက်၁၂နှစ်ရှိပြီ၊ ၄တန်းလည်းရောက်ပြီ ဒါပေမဲ့ သူမဘာမှမသိဘူး။"*

နော် က.......၊ (မ၊ ၃၉နှစ်)၊ ခ.....ကျေးရွာ၊ သံတောင်ကြီး မြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း
(၂၀၁၅ ဇန်နဝါရီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[73]

ဒေသတစ်လွှားရှိ ကျောင်းသားများအတွက် ပညာရေးဝန်ဆောင်မှုအရည်အသွေးကို လေ့လာသုံး သပ်ကြည့် ရာတွင် အချို့သောဆရာ များသည် စာသင်ရန် စိတ်ပါဝင်စားမှု၊ တက်ကြွမှု မရှိကြ သောအခါ ကျောင်းများ၏ ဝန်ဆောင်မှု အရည်အသွေးသည် ဆရာ၊ ဆရာမများ၏ စိတ်နေသဘောထားများအပေါ် မူတည် လွှမ်းမိုးနေကြောင်း တွေ့ရှိရပါသည်။

---

69 Primary education - teachers (% female) in Myanmar, Trading Economics, accessed April 2016. တွင်အသေးစိတ် ကြည့်ရှုနိုင်ပါသည်။

70 World Data on Education: Myanmar, တွင်ဖော်ပြထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာပညာရေးဗျူရိုက ၂၀၁၂ ဧပြီ လတွင်၎င်းတို့၏တွေ့ ရှိချက်ကို အောက်ပါအတိုင်းဖော်ပြထားပါသည်။ ကျေးလက်ဒေသများ၊ ဝေးလံခေါင်သီသော ဒေသ များတွင် စာသင်ကျောင်းများမှာ ကျပ်ညှပ်နေပြီး၊ ကျောင်းဆရာ၊ဆရာမများလည်း မလုံလောက်ပါ။ အထူးသဖြင့် အရေးကြီး သော မူလတန်းများတွင် အထက်ပါကဲ့သို့အခြေအနေနှင့်ရင်ဆိုင်နေရပါသည်။

71 Source #141 တွင် ကြည့်ပါ။ တွေ့ဆုံမေးမြန်းခန်းမှ မေးမြန်းခံသူတစ်ဦးမှ ဆရာမတစ်ဦး ၁၀ တန်း ပင် မအောင်မြင်၍ ကျောင်းသားများကို စာသင်ကြားရန် အရည်အချင်း မပြည့်မီကြောင်း ပြောပြပါသည်။

72 Source #126 တွင် ကြည့်ပါ။: "Toungoo Interview: Naw A---, January 2015," KHRG, အောက်တိုဘာလ၊ ၂၀၁၅

73 Source #127 တွင် ကြည့်ပါ။: "Toungoo Interview: Naw A---, January 2015," KHRG,ဩဂုတ်လ၊ 2015

*"ကျွန်မ ကျောင်းဆရာမလုပ်ခဲ့ပါသေးတယ်၊ အခုတော့ ကျောင်းဆရာမအလုပ်က ထွက်ပြီး အိမ်မှာဘဲ အမေနဲ့နေပါတယ်။ ကျွန်မက ကျောင်းဆရာမ မလုပ်ချင်ဘူးလေ။ စာသင်ရတာ စိတ်မဝင်စားလို့။"*

နန်း ခ..........၊ (မ၊၄၄နှစ်)၊ လှိုင်းဘွဲမြို့နယ်၊ ဖားအံခရိုင်/ကရင်ပြည်နယ် အလယ်ပိုင်း
(၂၀၁၅ ဩဂုတ်လတွင် လက်ခံရရှိသော တွေ့ဆုံမေးမြန်းခန်း)[74]

အခြားအမျိုးသမီး တစ်ဦးမှလည်း လက်ရှိစာသင်ကြားနေသော ဆရာမှ အထက်ပါကဲ့သို့ ပြောကြားကြောင်းကိုလည်း တင်ပြပြောဆိုပြီး ရွာတွင်စာသင်ကြားရန် ရောက်ရှိလာသော ကရင်လူမျိုးမဟုတ်သည့် ကျောင်းဆရာများနှင့် ပတ်သက်၍လည်း ယခုလိုတင်ပြပါသည်။

*"ရွာမှာစာလာသင်တဲ့ ကျောင်းဆရာတွေက သူတို့အိမ်ကို ခဏခဏပြန်ကြတယ်။ သူတို့ရွာကိုပြန်တာ တခါတလေ ၁၀၊ ၁၄ (သို့မဟုတ်) ၁၅ရက်ကြာတယ်။ သူတို့ရွာပြန်နေတဲ့ချိန်မှာဆို ကျောင်းသား တွေ စာမသင်ရဘူး။...... အခုလက်ရှိဆရာတွေက ရွာသားတွေနဲ့လည်းပေါင်းသင်း ဆက်ဆံရေးမလုပ်ကြဘူး။ သူတို့ဘာသာပဲ နေနေကြတယ်။ တစ်ချို့ဆရာတွေကပြောတယ်... ငါစာလာသင်တာ သင်ချင်လို့လာသင်တာ မဟုတ်ဘူး၊ တာဝန်ရှိလို့လာသင်တာ။... အချို့ဆရာတွေကအချိန်ပြည့်မသင်ကြဘူး။... ရွာသားတွေက သူတို့ကို အဲဒီအကြောင်းပြောရင်သူတို့ကမကြိုက် ကြဘူး။ သူတို့တစ်ခြားရွာကို ပြောင်းဖို့ တောင်းဆိုကြတယ်။ အခု အတွေ့အကြုံမရှိတဲ့အသက်ငယ်တဲ့ဆရာတွေ စာလာသင် ကြတယ်။ ဘယ်နေရာနေနေ ကျောင်းသားမိဘတွေ ကျောင်းသားတွေနဲ့တော့ဆက်ဆံကြရမှာဘဲလေ။ ကျောင်းဆရာနဲ့ ကျောင်းသားမိဘ အပြန်အလှန် လည်ပတ် မှုမျိုးတော့ ရှိသင့်တယ်။..... အချို့ဆရာတွေက ကလေးတွေကို ကစားခိုင်းပြီး သူတို့ကအိပ်နေ တယ် ဒါမှမဟုတ် ဖုန်းပြောနေကြတယ်။ ဒါကြောင့်ကလေးတွေ စာမလိုက်နိုင်ကြဘူး။... ဆရာတွေကို ဆန်တို့ထင်းတို့ထောက်ပံ့ပေးရတာ ပြဿနာမရှိပါဘူး။ ဒါပေမဲ့ ကလေး တွေကိုတော့ စာကောင်းကောင်း သင်ပေးစေချင်တယ်။... ဒီမှာရှိတဲ့ ကျွန်မတို့ရဲ့ ၃တန်း၊ ၄တန်းကလေး တွေ စာကို မှန်ကန်အောင် မရေးတတ် မဖတ်တတ်ကြဘူး။"*

နော် က... (မ၊၄၆နှစ်)၊ ဂ.... ကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း
(၂၀၁၅ ဇန်နဝါရီလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ် ခဲ့သည်။)[75]

ထို့အပြင် အချို့ ကျောင်းဆရာများသည် စာသင်ခန်းတွင် ကောင်းမွန်ထိရောက်စွာ စာသင်ကြားခြင်းမရှိသည့်အပြင် အပိုဝင်ငွေ ရရှိရန်လည်း ၎င်းစာသင်ချိန်အတွင်း တစ်ခြားအလုပ်များကို လုပ်ကိုင်ကြပါသည်။ ဤသို့ဖြင့် ကျောင်းသား များကို စာသင်ချိန်နည်းသွားစေသောကြောင့် မိဘများက မိမိသားသမီးများကို ကျောင်းမတက်စေဘဲ အိမ်မှာနေပြီး မိသားစုစားဝတ်နေရေးတွင် ကူညီလုပ်ကိုင်စေခြင်းသည် ပိုမို အကျိုးရှိသည်ဟု သုံးသပ်လာကြပါသည်။

*"ဆရာ၊ဆရာတွေက တခါတလေ ခရီးထွက်ကြပြီး တခါတလေ ထီလက်မှတ်ရောင်း ကြတဲ့အတွက် ကျောင်းသားတွေကို အချိန်ပြည့် စာသင်မပေးနိုင်ကြဘူး။ ကျောင်းဝင်ကြေးအတွက် ပိုက်ဆံပေးရ တယ်မဟုတ်လား။ ဆရာတွေ မှာလည်း ကျောင်းသားတွေကို အချိန်ပြည့်ပုံမှန် စာသင်ပေးဖို့တာဝန်ရှိတယ်လေ။ ဆရာတွေက ပုံမှန်စာမသင်တော့ မိဘတွေက သူတို့သားသမီးတွေကို ကျောင်းက ထုတ်လိုက်ကြတယ်လေ။"*

နော် စ....၊ (မ၊၅၀နှစ်)၊ ထ...ဒေသ၊ သထုံမြို့နယ်၊ သထုံခ ရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၂ မေလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[76]

စာသင်ကြားခြင်း အရည်အသွေး၊ ဆရာများ၏သဘောထားများစသည်တို့နှင့် ပတ်သက်၍ မကောင်းသောအမြင်များ များစွာရှိသော်လည်း အချို့ဆရာမများသည် စာသင်ကြားခြင်း တာဝန်ကို ပြည့်ပြည့်ဝဝ လုပ်ဆောင်သည်သာမက ၎င်းတို့ကျောင်းသားများအားစာသင်ယူလို စိတ်ရှိရန်နှင့် စာမေးပွဲ အောင်မြင်ရန်လည်း အပိုငွေကြေးမရယူဘဲ ကြိုးစားလုပ်ဆောင် ကြခြင်းရှိသည်ကိုလည်း တင်ပြကြပါသည်။[77]

*"ဆရာမတစ်ယောက်ဆိုရင် ကျွန်မတို့ရွာရွာသူရွာသားတွေကိုချစ်လို့ ကျောင်းသားတွေကို ငွေကြေးမယူဘဲ အချိန်ပိုခေါ် ယူသင်ကြားပေးပါတယ်။ အချို့မိဘတွေကလည်း အဲဒီဆရာမကို ငွေကြေးအကူ အညီတစ်ချို့ ပြန်လည်ထောက်ပံ့ ပေး ခဲ့ပါတယ်။"*

နော် အ...၊ (မ၊၂၁နှစ်)၊ အ...ကျေးရွာ၊ ထန်းတပင်မြို့ နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(၂၀၁၂ မတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[78]

74 Source #147 တွင် ကြည့်ပါ။

75 Source #126 တွင် ကြည့်ပါ။: "Toungoo Interview: Naw A---, January 2015," KHRG, အောက်တိုဘာ၊ ၂၀၁၅

76 Source #21 တွင် ကြည့်ပါ။

77 Source #34 တွင် ကြည့်ပါ။

78 Source #8 တွင် ကြည့်ပါ။

*ဆရာမဒေါ် အ..... မှ ကျောင်းသားများ အောင်မြင်မှုရရှိရန် သူမ၏ လုပ်ဆောင်ပုံကို အောက်ပါ ကဲ့သို့ ကိုယ်တိုင်ပြောပြပါသည်။ "ကျောင်းသားတွေပိုပြီးစာကြိုးစားသင်ယူချင်တဲ့စိတ်ရှိအောင် ကျွန်မက ဆုပေးပွဲတွေပြုလုပ်ပေးပါတယ်။ ဒီလိုဆုပေးပွဲလုပ်ရင်ကျွန်မသူတို့ရဲ့ မိဘတွေဆီက ပိုက်ဆံမကောက်ပါဘူး။ ကျွန်မရဲ့ ကိုယ်ပိုင်ပိုက်ဆံနဲ့ပဲလုပ်ပေးပါတယ်။ ဒီနှစ်တော့ဆုပေးပွဲ လုပ်နိုင်လား မလုပ်နိုင်ဘူး လား မသေချာသေးဘူး။"*

ဒေါ် အ...၊ (မ၊၃၈နှစ်)၊ ခ... မြို့၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင် ပြည်နယ်မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ် ခဲ့သည်။)[79]

## ပညာရေးတွင်ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု

KHRG မှလူတွေ့ မေးမြန်းခန်းပြုလုပ်ခဲ့သော အမျိုးသမီးများစွာက ကျောင်းပိတ် ရက်များ၊[80] ကျောင်းဆရာ၊ဆရာမ ခန့်အပ်မှု လုပ်ငန်းစဉ်များ[81] နှင့် ကျောင်းဝင်ကြေးကောက်ခံ ရသည့်အကြောင်းအရင်းများ[82] စသည်တို့နှင့်ပတ်သက်၍ ဒေသခံ ကျောင်းများမှ ရင်ဆိုင်နေရသော အကြောင်းအရာများကို ၎င်းတို့မှ သေချာရှင်းလင်းစွာ နားလည်သိရှိမှု မရှိကြောင်း တင်ပြကြပါသည်။ ထို့အပြင် အထက်ပါကဲ့သို့သော အကြောင်းအရာ များအတွက် ၎င်းတို့အနေဖြင့် တိုင်ကြားတင်ပြမှု ပြုသင့်သည် မပြုသင့်သည်ကို သေချာစွာမသိကြပါ။[83] တိုင်ကြားတင်ပြမှု ပြုသင့်သည် ဆိုပါကလည်း တိုင်ကြားချက်များကို မည်ကဲ့သို့ နှင့် မည်သူများမှ ဆောင်ရွက်ပေးမည်နည်းကို မသိကြပါ။ ၎င်းတို့ကျေးရွာ၏ ပညာရေး အခြေအနေအပေါ် အမျိုးသမီးများ အမှန်တကယ် စိတ်ဝင်စားကြသော်လည်း အထက်ပါကဲ့သို့ စိတ်ရှုပ်ထွေးမှုများမှာ ပညာရေးစနစ်တွင် ပွင့်လင်းမြင်သာမှုနည်းပါးကြောင်းဖော်ပြနေသည်။

ပွင့်လင်းမြင်သာမှု ဟုဆိုရာတွင် စုပေါင်းပါဝင်ပြီး အများသဘောတူ ဆုံးဖြတ်ချက်ချရန် လိုအပ်သော သတင်းအချက်အလက်များကို ပြည့်စုံစွာ အချိန်မီရရှိခြင်း ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိရန် ဆရာ၊ဆရာမ တစ်ဦးချင်း သော်လည်းကောင်း ကျောင်းသော်လည်းကောင်း တာဝန်ယူမှု၊တာဝန်ခံမှု ရှိရပေမည်။ ၎င်းတို့အနေဖြင့် မိမိတို့ပြုမူလုပ်ဆောင်မှုများအတွက် တာဝန်ယူရန်၊ ၎င်းတို့လုပ်ဆောင်ချက်များကို သတင်း ထုတ်ပြန်မှုဝေပေးရန်၊ အများပြည်သူများကို လွတ်လပ်စွာ စစ်ဆေး ကြည့်ရှုနိုင်ခွင့်(SCRUTINY) ပေးရန် စသည်တို့ကို တာဝန်ခံနိုင်ကြရပေမည်။ လူ့အခွင့် အရေးအခြေပြုပြီး လုပ်ဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အစိုးရအတွင်း အကျင့်ပျက်ခြစားမှုများ တိုက် ဖျက်လုပ် ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိ ခြင်းတို့သည် အရေးပါပြီး အဓိက ကျသောအရာနစ်ခု ဖြစ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ကယူဆပါသည်။[84]

အမျိုးသမီးများက ရွာသားများအတွက် ကျောင်းများမှ သက်ဆိုင်ရာ သတင်း အချက်အလက်များ ရယူသိရှိနိုင် ရန် ဆောင်ရွက်ပေးခြင်း မရှိကြောင်း မကြာခဏ တင်ပြလေ့ရှိကြပါသည်။ ရလဒ်အနေဖြင့် နေ့ထူး နေ့မြတ်များအတွက် ကျောင်းပိတ်မည့်နေရက်၊ သို့မဟုတ် ကျောင်းဆရာများ သင်တန်းတက် နေရသဖြင့် ကျောင်းမည်သည့်နေ့တွင်ပိတ်မည်[85] ကိုမသိကြကြောင်းနှင့် ကျောင်းဝင်ကြေးများကို မည်သည့်နေရာတွင် အသုံးပြုသည်[86] ကိုလည်းမသိကြောင်း အမျိုးသမီးများက တင်ပြကြပါသည်။ ဤကဲ့သို့ အခြေခံ သတင်းအချက် အလက်များ ရယူသိရှိနိုင်မှု မရှိခြင်းသည် ကျောင်းသားမိဘများအတွက် ၎င်းတို့ကလေးများအား ကျောင်းသို့ ပို့ရန်တုံ့ဆိုင်းစေပါသည်။ အကြောင်းမှာ ကျောင်းသားမိဘများက ကျောင်းမည်သည့်နေ့တွင် ဖွင့်မည်ကို မသိရှိရသလို ပေးဆောင်ရမည့် ငွေကြေးသည်လည်း မည်သည့်အရာက ကျောင်းဝင်ကြေးအတွက်ဖြစ်ပြီး မည်သည့်အရာက ဆရာ၊ဆရာမများ၏ လစာအတွက် ဟူ၍ မသိရှိရသော ကြောင့် ဖြစ်ပါသည်။ ကျောင်းများမှ ဤအခြေခံ သတင်းအချက်အလက်များကို တိုက်ရိုက်ရရှိရမည့်အစား အချို့အမျိုးသမီးများသည်သူများ ပြောသည့် စကားမှ တဆင့် ရယူသိရှိခဲ့ရပါသည်။

[79] Source #81 တွင် ကြည့်ပါ။

[80] Source #34 တွင် ကြည့်ပါ။

[81] Source #143 တွင် ကြည့်ပါ။

[82] Source #34 တွင် ကြည့်ပါ။

[83] Source #143 နှင့် 42 တွင် ကြည့်ပါ။

[84] Human rights and anti-corruption, OHCHR, accessed May 2016. တွင်ကြည့်ပါ။

[85] Source #34 တွင် ကြည့်ပါ။

[86] အထက်ပါအတိုင်းကြည့်ပါ။

*"ကျောင်းသားတစ်ဦးချင်းအတွက် ၁၀၀၀၀ ကျပ်စီ တောင်းပါတယ်။ စာအုပ်ဖိုးလား ကျောင်းဝင်ကြေးလား ကျွန်မ မသိပါဘူး။ တစ်ချို့က စာအုပ်ဖိုးလို့ပြောပြီး အချို့ကတော့ ကျောင်းဝင်ကြေးလို့ ပြောကြတာဘဲ။"*

မ ခ….၊ (မ၊၃၅နှစ်)၊ င….ရွာ၊ လေးဝါးကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလ တွင် လူတွေ့မေးမြန်းခန်းပြုလုပ်ခဲ့သည်။)[87]

အခြားအမျိုးသမီးတစ်ဦးမှလည်း သူမတို့ရွာရှိကျောင်းအား ငွေကြေး ထောက်ပံ့ခြင်းရှိသည် မရှိသည်ကို မေးမြန်း သည့်အခါ ဆရာမများက သူမကို မည်သည့် အရာမျှ ပြောပြခြင်းမရှိကြောင်း ပြန်ဖြေခဲ့ပါသည်။[88] ဒေသခံ အမျိုးသမီးများသည် အခြေခံသတင်းအချက်အလက်များကို သိရှိလိုကြသည့်တိုင်အောင်မိမိတို့ ဒေသတွင်း ပညာရေးကဏ္ဍနှင့် ပတ်သက်၍လည်း ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ချက်များချရာတွင် ၎င်းတို့ပါဝင်ခွင့် မရရှိကြပါ။

အမျိုးသမီးများသည်အခြေခံသတင်းအချက်အလက်များကိုသိရှိခြင်းမရှိသည့် အပြင်ကလေးများအား ကရင်တိုင်းရင်းသားဘာသာစကားကို ကျောင်းတွင် သင်ကြားပေးရန် စသည့် အကြောင်းအရာများကို ဆရာများနှင့်တိုင်ပင်ရန်လည်း အခက်အခဲရှိပါသည်။ အမျိုးသမီးများက ကျောင်းတွင်ကရင်စာ သင်ကြားပေးမှုမရှိခြင်းသည် ယခင် ကြံ့ခိုင်ရေးပါတီဦးဆောင်သောအစိုးရမှ တရားဝင် ပိတ်ပင်ထားခြင်းကြောင့်လား သို့မဟုတ် ကရင်စာ သင်ကြားပေးနိုင်သည့် ဆရာများမရှိသောကြောင့်လား ဟူသည့်အချက်ကို သေချာစွာမသိရှိကြပါ။[89]

မည်သို့ပင် ဖြစ်စေ မိဘများက ဆရာများကို ကျောင်းစာသင်ရိုးညွှန်းတမ်းတွင် ကရင်စာကို စတင်ထည့် သွင်း သင်ကြားပေးရန်တောင်းဆိုခဲ့သော်လည်း ၎င်းတို့၏တောင်းဆိုချက်ကို ဆရာများက ပယ်ချခဲ့ကြောင်း အမျိုးသမီးတစ်ဦးမှ ပြောကြားပါသည်။

*"ဟုတ်ပါတယ်။ မိဘတော်တော်များများ ကရင်စာသင်ပေးဖို့ တောင်းဆိုပါတယ်။ အခုတော့ တော်တော်များများက မပြောကြတော့ပါဘူး။ ကျွန်မတို့ကပြောရင်လည်း စာလာသင်တဲ့ ဆရာတွေက ဗမာလူမျိုးတွေဖြစ်တော့ ကျွန်မတို့က သူတို့ကို ဟိုလိုသင်ပါ ဒီလိုသင်ပါ လို့ပြောရင်လည်း ဆရာတွေက ကျွန်မတို့ကို မယုံကြည်ကြဘူးလေ။"*

နော် သ….၊ (မ၊၃၂နှစ်)၊ ဘ… ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(၂၀၁၃ ဇန်နဝါရီလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[90]

နိုင်ငံသား (သို့) တိုင်းရင်းသားဘာသာစကားပြော လူနည်းစုများ၏ အခွင့်အရေးကြေငြာ စာတမ်း (၁၉၉၂ ခုနှစ်)အရ တိုင်းရင်းသား ဘာသာစကားပြော လူနည်းစုများအတွက် ဖြစ်နိုင် မည်ဆိုလျှင် ၎င်းတို့၏ မိခင်ဘာသာစကားကို သင်ယူနိုင်ရန် (သို့) စာသင်ကြားရာတွင် တိုင်းရင်းသား မိခင်ဘာသာစကားကို ကြားခံအဖြစ် အသုံးပြုနိုင်ရန်စသည့် အခွင့်အရေး များရရှိရန် နိုင်ငံတော်အစိုးရမှ လုပ်ဆောင်ပေးရမည့် တာဝန်ရှိပါသည်။[91] ထို့အပြင် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး သဘောတူညီချက် စာချုပ်အပိုဒ် ၁၃ နှင့် ၁၄ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ မိဘများသည် ၎င်းတို့ကြိုက်နှစ်သက် သဘောတူသော ပညာရေးကို သားသမီးများရရှိရန် ပါဝင်လုပ်ဆောင်ခွင့် ရရှိရမည်။[92]

မိဘများသာမက ကျောင်းအုပ်ချုပ်ပုံနှင့်ပတ်သက်၍ စိုးရိမ်နေသော ဆရာမများကလည်း ၎င်းတို့ တင်ပြလိုသော အရာများကိုတင်ပြနိုင်ရန် သေချာရှင်းလင်းသော လုပ်ထုံးလုပ်နည်းမရှိ ကြောင်းနှင့် လိုအပ်သောအရာများကို တင်ပြ သည့်အခါ၌လည်း အတိုင်အတန်းထုသည် ဟုဆိုကာ အဆူခံကြရကြောင်း ထုတ်ဖော်ပြောဆိုပါသည်။ ဆရာမ နော် လ….၊ က သူမ၏ကျောင်းတွင် စာသင်ခွင့်မရှိသူမှ စာသင်ကြားနေခြင်းကို တင်ပြသည့်အခါ အထက် ပါကဲ့သို့သော အခြေအနေကို ကြုံတွေ့ရပါသည်။

[87] အထက်ပါအတိုင်းကြည့်ပါ။

[88] Source #79 တွင်ကြည့်ပါ။

[89] Source #79 တွင်ကြည့်ပါ။

[90] Source #42 တွင်ကြည့်ပါ။

[91] Declaration on the Rights of Persons Belonging to National or Ethnic, Religious and Linguistic Minorities, ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ ဒီဇင်ဘာလ ၁၉၉၂; ပိုမိုသိရှိလိုပါက Languages and the Realization of the Right to Education, Kishore Singh; 2012 တွင်ကြည့်ပါ။

[92] International Convention on Economic, Social and Cultural Rights, OHCHR, December 1966.

*"ဆရာမတစ်ယောက် ရွာမှာစာလာသင်တော့ သူ့အမျိုးသားကိုပါခေါ်လာတယ်။ အမျိုးသားက အလုပ်မရှိတော့ အဲဒီ ဆရာမက သူ့အမျိုးသားကို ဘာသာရပ်တစ်ခုပေးပြီး စာသင်စေပါတယ်။ ကျမတို့က သူ့အမျိုးသားက ဆရာမဟုတ်တော့ စာမသင်စေချင်ဘူး။ ကျမကသူ့ကို လူကိုယ်တိုင်နဲ့ တိုက်ရိုက်မပြောချင်ဘူး။ ဖြစ်နိုင်ရင်တော့ ကျောင်းကော်မတီနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေက အစည်းအဝေးထိုင်ပြီး ဒီကိစ္စကိုဆွေးနွေးစေချင်တယ်။ ဒါမှမဟုတ် ကျမတို့ ကိုယ်တိုင်ပဲ သူ့ကိုပြောသင့်လား။ အချို့လူတွေက ကျမတို့ အဲဒီဆရာမရဲ့ အမျိုးသားကို မကြိုက်ကြလို့ အပြစ်အမျိုးမျိုးပြောတယ်လို့ မြင်ကြတယ်။ ကျမကတော့ ကျမတို့ ပြောနေတာတွေဟာ နည်းမှန်လမ်းမှန်နဲ့ ပြောနေတယ်လို့ ထင်တာပဲ။ သူ့ကို မကြိုက်ကြလို့ မဟုတ်ပါဘူး။"*

နော် လ….၊ (မ၊၂၉နှစ်)၊ အ… ကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာ ယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၅ ခုနှစ်တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[93]

ကျေးရွာများရှိကျောင်းများတွင် တင်ပြချက်များကို ပြန်လည်ဖြေကြားဖြေရှင်းပေးမှု မရှိခြင်းမှာ ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်အုပ်ချုပ်မှုမရှိခြင်းနှင့် တာဝန်ယူမှုမရှိခြင်း ကြောင့်ဖြစ်ပါသည်။ အမျိုးသမီးတစ်ဦးမှ အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုပါသည်။

*"သူတို့ ဝေးလံခေါင်သီတဲ့ တောရွာမှာ စာလာသင်တယ်။ ပညာရေးဝန်ကြီးဌာနကလည်း လာရောက်မစစ်ဆေးနိုင်ဘူး။ ကျောင်းဆရာတွေက တာဝန်ရှိလို့သာ စာလာသင်တာ၊ ကျောင်း သားတွေ ပညာရည်တိုးတက်ဖို့အတွက် မဟုတ်ဘူး။"*

နော် က….၊ (မ၊၄၆နှစ်)၊ ခ… ကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(ဇန်နဝါရီလ ၂၀၁၅ခုနှစ်တွင် တွေ့ဆုံမေးမြန်း ခန်း ပြုလုပ်ခဲ့သည်။)[94]

မိမိကျောင်းသားများ ပညာရေးတိုးတက်စေရန် အလိုရှိသောဆရာမ ဒေါ်စ….၊ပင်လျှင် ပညာရေးဝန်ကြီးဌာန၏ ဝေဖန်ပြစ်တင်မှုကို လက်မခံလိုကြောင်း ထုတ်ဖော်ပြောဆိုပါ သည်။

*"ကျွန်မကတော့ ဆရာမတစ်ယောက်အနေနဲ့ ပညာရေးမှူးနဲ့ပြဿနာဖြစ်ရင် ကျွန်မ သည်းမခံနိုင်တော့ရင် ဒီကျောင်းက ထွက်မှာဘဲ။ ကျွန်မအလုပ်ကထွက်ရင် ပညာရေးမှူးအနေနဲ့ ဒီရွာမှာအခြားအစားထိုးဆရာမ ရှာဖို့ မလွယ်တော့ဘူး။ သူတို့ကျွန်မကို ဝေဖန်ပြစ်တင်မှုတွေလုပ် ရင် သူတို့ကိုအသိမပေးဘဲ ကျောင်းထွက်လိုက်မယ်။ ဝေဖန်ပြစ်တင်မှု မလုပ် ရင်တော့ ကျောင်းသားတွေအတွက် ကျွန်မအကောင်းဆုံးလုပ်ဆောင် ပေးမှာပါ။ ကျွန်မ ကိုယ်တိုင်အတွက်ကိုတော့ ပူစရာမလိုဘူး။ ကျွန်မ တခြားနည်းနဲ့ငွေရှာတတ်ပါတယ်။"*

ဒေါ် အ…၊ (မ၊ ၃၈နှစ်)၊ ဆ….. ကျေးရွာ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အနောက်မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[95]

## မြန်မာနိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုအပေါ် အားရကျေနပ်မှုမရှိခြင်းနှင့်သံသယဖြစ်ခြင်း

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးသည့်အချိန်မှစ၍ ကြံ့ခိုင်ရေးပါတီဦးဆောင်သည့် အစိုးရသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ပညာရေးအတွက် ထောက်ပံ့မှုနှင့် မြှင့်တင်မှုများလုပ်ဆောင်ရန်ကြိုးစားလာသော်လည်း အစိုးရ၏ ထောက်ပံ့မှုသည် ကျေနပ်အားရဖွယ်မရှိဘဲ ရံဖန်ရံခါ လွဲမှားမှုများရှိခဲ့ပါသည်။ အစိုးရမှ အခမဲ့ပညာရေးဟု ကြေငြာထားသော်လည်း ဒေသခံပြည်သူများနှင့် ကရင်ပညာရေးဌာန (KED)တို့သည် ကျောင်းဆရာ၊ဆရာမများကို ဆက်လက်ထောက်ပံ့နေရသည်။ အခြားမမြင်နိုင်သော ကုန်ကျစရိတ်များကိုလည်း ပေးဆောင်ရပါသည်။ ဥပမာအားဖြင့် သထုံခရိုင်မှ အမျိုးသမီးတစ်ဦးက ကြံ့ခိုင်ရေးပါတီဦးဆောင်သောအစိုးရမှ ၂၀၁၃ခုနှစ်တွင် ကျောင်းဝင်ကြေးနှင့် စာအုပ်ဖိုးများ ကင်းလွတ်ခွင့်ပေးသည့် အခမဲ့ပညာရေးဟု ကြေငြာခဲ့သော်လည်း ရွာသားတိုင်း ဆရာများကိုထောက်ပံ့ရန် တစ်နှစ်အတွက် ၅၀၀၀ကျပ်စီ အသီးသီးပေးဆောင်ရသည်ဟုတင်ပြခဲ့ ပါသည်။[96] အချို့ ရွာရှိ ကျောင်းများတွင်မူ အစိုးရ၏ ထောက်ပံ့မှုများက မလုံလောက် သောကြောင့် KEDမှ ကျောင်းအတွက်လိုအပ်သောပစ္စည်းကိရိယာများနှင့် ဆရာများကို ထောက်ပံ့ပေးရပါ သည်။[97]

အမျိုးသမီးအများစုက ဒေသခံများမှ သားသမီးများ၏ပညာရေးအတွက်ထောက်ပံ့ပေးရ သော ငွေကြေးသည် ၄င်းတို့ အတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်ဟု ပြောဆိုထောက်ပြကြပါသည်။

---

93 Source #143 တွင်ကြည့်ပါ။

94 Source #126 တွင်ကြည့်ပါ။ "Toungoo Interview: Naw A---, January 2015," KHRG, October 2015

95 Source #81 တွင်ကြည့်ပါ။

96 Source #74 တွင် ကြည့်ပါ။

97 Source #126 တွင်ကြည့်ပါ။ "Toungoo Interview: Naw A---, January 2015," KHRG, October 2015

*"ရွာသားတွေဟာ စားဝတ်နေရေးအတွက် ကောင်းတဲ့အလုပ် လုပ်ကြတဲ့အခါ ဝင်ငွေသိပ် မကောင်းပါဘူး။ ဒါပေမဲ့ သူတို့ တွေက အခွန်တွေပေးရတယ်၊ ရွာမှာအစိုးရကခန့်ထားတဲ့ ကျောင်းဆရာတွေကိုလည်း ထောက်ပံ့ပေးရတယ်။"*

နော် အ….၊ (မ၊၂၉နှစ်)၊ အ…. ကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၅ ဩဂုတ်လတွင် လက်ခံရရှိသော တွေ့ဆုံမေးမြန်းခန်း)[98]

အမျိုးသမီးတစ်ဦးကလည်း ကြံ့ခိုင်ရေးပါတီမှဦးဆောင်သော အစိုးရက ရွာတွင်ကျောင်းလာ ရောက်ဆောက် ပေးရန် စီစဉ်နေ သည်ဟု တင်ပြပြောဆိုပါသည်။ အစိုးရမှ ကျောင်းဆောက်လုပ်ရန် လိုအပ်သောငွေကြေးကို ရွာသို့ ပို့ထားပြီးဖြစ်ကြောင်း အများပြောသောစကားမှ တဆင့် သူမကြားသိပြီးဖြစ်သော်လည်း သူမက ယခုလိုပြောပါသည်။

*"ကျွန်မကတော့ ကျောင်းဆောက်ဖို့ ပို့ပေးထားတဲ့ပိုက်ဆံမရောက်စေချင်ဘူး။ ပိုက်ဆံရောက်ရင် ကျွန်မတို့ ရွာသူရွာ သားတွေအတွက် အလုပ်ပိုများမှာလေ။ ဆောက်လုပ်ရေးကို ရွာသားတွေကပဲ တာဝန် ယူရမယ်လေ။"*

ဒေါ် ပ…..၊ (မ၊၄၁နှစ်)၊ လေးဝါးကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း။
(၂၀၁၃ မေလတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့ သည်။)[99]

အဖြစ်အပျက်သုံးခုတွင် အမျိုးသမီးများက ၎င်းတို့နှင့်ဒေသခံပြည်သူများသည် မြန်မာအစိုးရမှ ဆောက်လုပ်သောကျောင်းဆောက်လုပ် ရေးလုပ်ငန်းတွင် လုပ်အားနှင့် အချိန်ပေးခဲ့ရသည်ဟု တင်ပြကြပါသည်။ ပထမအဖြစ် အပျက်တစ် ခု တွင် ဖာပွန်ခရိုင်မှကျေးရွာအုပ်စုအုပ် ချုပ်ရေးမှူး မ ခ…. က ၂၀၁၂ခုနှစ်တွင် အစိုးရမှ သူတို့ရွာတွင် ကျောင်းဆောက်ပေးမည်ဟု ကတိပေးခဲ့ပြီး ၎င်းတို့မှ ရွာသားများအား ကျောင်းဆောက်လုပ်မည့် နေရာအတွက် လိုအပ်သော မြေနေရာဝယ်ယူပြင်ဆင်ရန် လိုလားခဲ့ကြောင်း တင်ပြပြောဆိုပါသည်။ သူမတို့ဒေသခံရွာသူရွာသားများ အနေဖြင့် လိုအပ်သော မြေနေရာဝယ်ယူနိုင်ခြင်း မရှိခဲ့ပါ။ အစိုးရမှလည်း ၎င်းတို့ ပြောထားသည့်အတိုင်း မြေနေရာ ဝယ်ပေးမည်မဟုတ်ပေ။[100]

အခြားသော ဖြစ်စဉ်တစ်ခုတွင်လည်း ၂၀၁၃ခုနှစ်တွင်သထုံခရိုင်မှ ဒေါ် က….နှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရာတွင် အစိုးရက ကျောင်းဆောက်လုပ်ရန်အတွက် ဒေသခံရွာသားများမှ အပို လုပ်အားပေး ဆောင်ရွက်ပေးရပါသည်။

*"ကျောင်းဆောက်ဖို့ အစိုးရကကူညီပါတယ်။ ကျွန်မတို့ပိုက်ဆံပေးဖို့ မလိုပါဘူး။ သူတို့ ဘာသာ သူတို့ ကျောင်းဆောက်ပြီး ကုန်ကျငွေလည်း သူတို့ဘာသာပေးပါတယ်။ ကျွန်မတို့ ရွာသားတွေကလည်း လိုအပ်တဲ့ သဲနဲ့ကျောက်ကိုကူညီစုဆောင်းပေးရပါတယ်။"*

ဒေါ် က….၊ ( မ၊ ၄၀နှစ်) ခ….ကျေးရွာ၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၃ နိုဝင်ဘာလတွင် လက်ခံရရှိသော တွေ့ဆုံမေးမြန်းခန်း)[101]

တတိယအဖြစ်အပျက်တွင်မူ ဒေါ် စ….ဟုခေါ်သော ကျောင်းဆရာမအား ရွာတွင် ကျောင်းဆောက်လုပ်ရန် ကြံ့ခိုင်ရေးပါတီဦးဆောင် သောအစိုးရမှ တာဝန်ပေးထားသော ဆောက်လုပ်ရေး ကုမ္ပဏီမှ မတရားပြုလုပ်ပုံကိုတွေ့မြင်ရပါမည်။

*"ရှင်းသန့်သစ္စာကုမ္ပဏီက ရွာမှာ ကျောင်းလာဆောက်တော့ ကျွန်မကလိုအပ်တဲ့သစ်၊ သဲ၊ ကျောက်တွေရှာဖွေရာမှာလည်း ကူညီပေးခဲ့တယ်။ သူတို့အတွက်သစ်တစ်ချို့ ကျွန်မ ဝယ်ပေးခဲ့ပါတယ်။ ကျောင်းဆောက်ပြီးတော့ ကျွန်မဝယ်ထားပေးခဲ့တဲ့ သစ်ဖိုးအတွက် ပိုက်ဆံသွား တောင်း တဲ့အခါ ကုမ္ပဏီကလူတွေ ကျွန်မကို ရန်ပြန်တွေ့ပါတယ်။ သူတို့ကျွန်မကို ကြည့်လို့မရ တော့ဘူး။"*

ဒေါ် စ….၊ (မ၊၃၈နှစ်)၊ ခ…ကျေးရွာ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[102]

ကုမ္ပဏီအနေဖြင့် ဤအစိုးရစီမံကိန်းအတွက်ကျောင်းဆောက်ရာတွင် အမျိုးသမီးမှ စိုက်ထားသောငွေကို ပြန်လည်ပေးအပ်ခြင်း မရှိသည်သာမက ၎င်းတို့သည် ကျောင်းဆောက်လုပ်ရာမှာ လည်း စံနှုန်းမမီသောပစ္စည်းများကိုသာ အသုံးပြုပါသည်။ ထို့အပြင် ဒေါ် စ… မှ ဤဆောက် လုပ်ပြီးသောကျောင်းဆောင်သစ်သည် ခန့်မှန်းခြေနှစ် မည်မျှခံနိုင် မည်ကိုမေးမြန်းသောအခါ ကုမ္ပဏီမှ ဖြေဆိုရန်ငြင်း ဆန်ခဲ့ပါသည်။

98 Source #143 တွင် ကြည့်ပါ။
99 Source #63 တွင် ကြည့်ပါ။
100 Source #34 တွင် ကြည့်ပါ။
101 Source #74 တွင် ကြည့်ပါ။
102 Source #81 တွင် ကြည့်ပါ။

*"ကျွန်မ ရှင်းသန့်သစ္စာကုမ္ပဏီကို ဒီအသစ်ဆောက်လုပ်တဲ့ကျောင်းက နှစ်ဘယ် လောက်ခံနိုင်မလဲလို့ တစ်ခါမေးဖူးပါတယ်။ သူကစိတ်ဆိုးပြီး ပညာရေးမှူးကို တိုင်ပါတယ်။ ပညာရေးမှူး ဦးထီဆိုင်က ကျွန်မကိုပြောတယ် 'ရှင်းသန့်သစ္စာကုမ္ပဏီဟာ ကျောင်းဆောက်ဖို့ လွှတ်တော်ကိုယ်စားလှယ်နဲ့ စာချုပ် ချုပ်ဆိုထားတယ်၊ ကျောင်း အဆောက်အဦး နှစ်ဘယ်လောက်ခံမယ် မင်းတို့ မေးစရာမလိုဘူး။ ဒါမင်းတို့အလုပ်မဟုတ်ဘူး။ ကျောင်း လာဆောက်ရမှာသူတို့တာဝန်ပါ။"*

ဒေါ် စ....၊ (မ၊၃၈နှစ်)၊ ခ...မြို့၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း။
(၂၀၁၃ အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[103]

မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးအချို့သည် မြန်မာအစိုးရ၏ ထောက်ပံ့မှုကို လက်မခံလိုကြပေ။ အထူးသဖြင့် ကရင်လူမျိုးများ နေထိုင်ရာဒေသများတွင် ဒေသခံများသည် နှစ်ပေါင်းများစွာ ကျောင်းများကို မိမိတို့ကိုယ်ထူကိုယ်ထနှင့် ကေအဲန်ယူ တို့၏အကူအညီဖြင့်သာ ဆောက်လုပ်လာခဲ့ရသဖြင့် အစိုးရ၏ထောက်ပံ့မှုကို လက်မခံလိုကြပေ။ ဖာပွန်ခရိုင်မှ နော် ထ...၏ အမြင်မှာ ကြံ့ ခိုင်ရေးပါတီမှဦးဆောင်သောအစိုးရသည် နယ်စပ်ဒေသများ၌ ပညာရေးဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေခြင်းမှာ အနည်းဆုံး တစ်စိတ်တစ်ဒေသအနေဖြင့် ၎င်းတို့ကိုယ်ကျိုးအတွက် (သို့) နိုင်ငံရေးအမြတ်ထုတ်ရန်အတွက်သာ ဖြစ်သည်ဟု မြင်ပါသည်။

*"အမှန်ဆိုရင်တော့ မြန်မာအစိုးရက ကျွန်မတို့ပညာရေးအတွက် ကူညီချင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ကခွင့်မပြုဘူး။ ကေအဲန်ယူခေါင်းဆောင်တွေကလည်းခွင့်မပြုဘူး။ ရွာသား တွေဘက်ကလည်း လက်မခံကြဘူး။ သူတို့ကိုကူညီ ထောက်ပံ့ခွင့်ပေးရင်လည်း သူတို့ ထောက်ပံ့မှုက လုံလောက်မှာမဟုတ်ပါဘူး။ သူတို့(မြန်မာအစိုးရ)က ကောင်းကောင်း မွန်မွန်နဲ့လုပ်ပေးမှာမဟုတ်ဘူး။ သူတို့ကိုလူတွေက အကောင်းမြင်အောင်ပဲ လုပ်ပြကြမှာပါ။"*

နော် ထ...၊ (မ၊၂၉နှစ်)၊ ဂ...ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့ မြောက်ပိုင်း
(၂၀၁၃ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[104]

မည်သို့ပင်ဆိုစေကာမူ အမျိုးသမီးများအားလုံးသည် မြန်မာအစိုးရ၏အထောက်အပံ့ကို ငြင်းပယ်ခြင်းမဟုတ်ပါ။ အချို့သောအမျိုးသမီးများမှာ အစိုးရ၏အထောက်အပံ့ကို အတိအလင်းတောင်းဆိုကြပါသည်။

*"ကျွန်မ ရွာမှာ သူငယ်တန်းကနေ စတုတ္ထတန်းအထိ မူလတန်းကျောင်းခွဲ ဆောက်နိုင်ဖို့ အစိုးရဆီမှာတင်ပြထားပါတယ်။ ဆောက်ခွင့်ကျ ၊မကျကိုတော့ ကျွန်မသေချာမသိပါဘူး။"*

နော် မ....၊ (မ၊ ၄၃နှစ်)၊ ရ...ကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း
(၂၀၁၅ မတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[105]

အစိုးရအနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပညာရေးအတွက် ကျောင်းများဆောက်လုပ်ပေးခြင်း၊ ကျောင်းသုံး ပစ္စည်းများထောက်ပံ့ပေးခြင်းအပြင် ကျောင်းများအတွက် ဆရာများနှင့် ကျောင်းဝန်ထမ်းများ ခန့်အပ် ပေးခြင်းများကို လုပ်ဆောင်ပေးပါသည်။ အစိုးရမှခန့်အပ်သောဆရာမနှင့်ဝန်ထမ်းများ၏ စိတ်နေသဘောထား၊အပြုအမူများကို ဒေသခံ အမျိုးသမီးများမှ ကျေနပ်မှုမရှိကြောင်းကို လည်းထုတ်ဖော်ပြောဆိုပါသည်။ အထူးသဖြင့် အောက်ပါအမျိုးသမီးသည် ဝန်ထမ်းများခန့်အပ်ရာတွင် ဒေသခံများကိုသာ ခန့်အပ်စေရန် ဆန္ဒရှိကြောင်း ဖော်ပြ ပါသည်။

*"ကျောင်းမှာကျောင်းအုပ် နှစ်ယောက်ရှိပါတယ်။ တစ်ယောက်က ရွာသားတွေခန့်ထား တဲ့သူဖြစ်ပြီး နောက်တစ်ယောက်က အစိုးရခန့်ထားတဲ့ ယာယီလက်ထောက်ဆရာမပါ။ ကျောင်းအုပ်အသစ်ကို ရွေးရမယ်ဆိုရင် ဒေသခံကျောင်းအုပ်ပဲ လိုချင်ပါတယ်။ မြန်မာအစိုးရဘက်က ရွာအကြောင်းဘာ မှမသိဘူးလေ။"*

နော် ဇ....၊ (မ၊ ၂၉နှစ်)၊ ဇ....ကျေးရွာအုပ် စု၊ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၅ ဩဂုတ် လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[106]

*"ကျွန်မတို့ရွာမှာ ကျောင်းကိုရွာသားတွေပဲဆောက်ပြီး ရွာသားတွေကပဲ ကျောင်းကိုထောက်ပံ့ မှုတွေပေးနေတယ်။ ရွာက ဆရာမ၊ ဘုန်းတော်ကြီးတွေ နဲ့ကျွန်မတို့က ကရင်အမျိုးသားအလံကိုပဲ လွှင့်ထူထားချင်တယ်။ ဒါကိုအစိုးရစေလွှတ်ခန့်ထားတဲ့ ဆရာမတွေကမကြိုက်ကြဘူး၊ သူတို့တွေက ကျောင်းရှေ့မှာ ကရင်အမျိုးသားအလံအစား မြန်မာနိုင်ငံ တော် အလံကိုပဲ လွှင့်ထူထားချင်တယ်။*

[103] အထက်ပါအတိုင်းကြည့်ပါ။

[104] Source #82 တွင်ကြည့်ပါ။: "Hpapun Interview: Naw S---, September 2013," KHRG, August 2014.

[105] Source #130 တွင် ကြည့်ပါ။

[106] Source #143တွင် ကြည့်ပါ။

*ဘာသာရပ်များကိုသင်ကြားရာ၌လည်း ကရင် ဘာသာကို အစိုးရက ဒုတိယတန်း အထိဘဲ သင်ကြားခွင့်ပေးတယ်။ ကရင်စာကို အရင်က တည်းက သင်ခဲ့ကြတယ်။ ဒါပေမဲ့ လွန်ခဲ့ တဲ့ ၂ နှစ်ကစပြီး ကရင်စာကို တတိယတန်းနဲ့စတုတ္ထတန်းတွေမှာ သင်ကြားခွင့်မပေး တော့ဘူးလို့ သူတို့ကပြောလာပါတယ်။"*

နော် ဇ....၊ (မ၊ ၂၉နှစ်)၊ ဇ....ကျေးရွာအုပ် စုကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၅ ဩဂုတ် လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[107]

မြန်မာပြည် အရှေ့တောင်ပိုင်းတစ်လျှောက်တွင် ကွဲပြားသောအာဏာပိုင် များသည် ဒေသခံလူ့အ ဖွဲ့အစည်းတွင်း တရား ဥပဒေနှင့်အညီ ကွဲပြားသော အာဏာလွှမ်းမိုးမှုများ ရှိကြပါသည်။ အမျိုးသမီးများ၏ အမြင်များဆန့်ကျင်ဘက် ဖြစ်ရခြင်း မှာ မြန်မာပြည်အရှေ့ တောင်ပိုင်း တွင် နေရာဒေသပေါ်မူတည်ပြီး ကေအဲန်ယူ၏ အဆင့်ဆင့် ကွဲပြားသည့် ထိန်းချုပ်မှု ထောက်ပံ့မှု နှင့် လွှမ်းမိုးမှုများ နေရာ ဒေသ အလိုက်ကွဲပြား သော ထင်ဟပ်မှုများကြောင့်သာ ဖြစ်ပါသည်။ တစ်ချို့ သောဒေသများ၏ နောက်ခံသမိုင်းကြောင်းနှင့် ဒေသအခြေအနေ အရင်းအမှန်များအပေါ် လိုက်၍အမျိုးသမီးများသည် အစိုးရအထောက်အပံ့ကို လက်ခံလိုသော အတိုင်းအတာ သဘောထားအနည်းအများ ကွာခြားမှုရှိကြပါသည်။ ထို့ ကြောင့် အနာဂတ်တွင်ပညာရေးနှင့်ပတ်သက်သော အထောက်အပံ့ပေးလိုသော အဖွဲ့များသည် အထက်ပါရှုပ် ထွေးလှသော အမှန် တရားများကို ထည့်သွင်းအသိအမှတ်ပြုရန် အလွန်အရေးကြီး ပါသည်။

## ကျန်းမာရေးနှင့်ပတ်သက်သော အမျိုးသမီးများ၏အမြင်

မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း ဆယ်စုနှစ်များစွာဖြစ်ပွားခဲ့သော ပဋိပက္ခများသည် ဒေသတွင်းကျန်းမာရေး စောင့် ရှောက်မှုစနစ်တစ်ခုလုံးကို အလွန်ဆိုးရွားသောအခြေအနေသို့ ရောက်ရှိစေခဲ့ပါသည်။ အရှေ့တောင်ပိုင်းရှိ မြို့ကြီး၊ မြို့ငယ်များနှင့် ရှေးယခင်ကတည်းက အစိုးရထိန်းချုပ်သော နယ်မြေများတွင် မြန်မာအစိုးရမှ ကျန်းမာရေးပြုစု စောင့်ရှောက်မှုလုပ်ငန်းများ တွင်ကျယ်စွာ ထောက်ပံ့လုပ်ဆောင်ချိန်တွင် ပြည်သူအများအပြား နေထိုင်သော ကျေးလက် ဒေသများတွင်မူ ဆေးရုံဆေးပေးခန်းများ၊ ဆေးပစ္စည်းများ ဝန်ထမ်းများမပြည့်မစုံသဖြင့် အစိုးရ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများမရှိသလောက် လွန်စွာ နည်းပါး ခဲ့ပါသည်။ အစိုးရ၏ လစ်ဟာနေသောကွက်လပ်များကို တိုင်းရင်း သားကျန်းမာရေးအဖွဲ့အစည်းများ ဖြစ်ကြသော ကရင်ကျန်းမာရေးနှင့်ကာယဆယ်ရေးဌာန (KDHW)၊ နယ်လှည့် ကျောပိုးအိတ်လွယ် ကျန်းမာရေးလုပ်သားအဖွဲ့ (BPHWT)၊ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း (BMA) နှင့် အခြား[108] သောအဖွဲ့ များ မှ ဖြည့်စွက်ပေးခဲ့ရပါသည်။ ဤကဲ့သို့ တိုင်းရင်းသား အဖွဲ့ များမှကြိုးစားဖြည့်ဆည်းပေးသော်လည်း အမျိုးသမီးများက အစိုးရ၏ကျန်းမာရေးဝန်ဆောင်မှုအရည်အသွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကျွမ်းကျင်မှုများနှင့် ပတ်သက်၍လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုများ ရယူရာတွင် လည်းကောင်း အခက်အခဲများစွာနှင့် ဆက်လက်ရင်ဆိုင် ကြုံတွေ့ နေရကြောင်း တင်ပြကြပါသည်။

## ကျန်းမာရေးဝန်ဆောင်မှုများ ရယူခြင်း

ကျန်းမာရေး ဝန်ဆောင်မှုများရယူခြင်းနှင့် ပတ်သက်၍ အမျိုးသမီးများက ၄င်းတို့သည် ကျန်းမာရေးပြုစု စောင့် ရှောက်မှုများရယူရာတွင် ငွေကြေးအခက်အခဲနှင့်လည်းကောင်း ပထဝီနယ်မြေဒေသ အပိုင်းအခြားအတားအဆီးများနှင့် လည်းကောင်းကြုံတွေ့နေရကြောင်းပြော ဆိုတင်ပြကြပါသည်။

*"ပိုက်ဆံမရှိရင် ဆေးကုသမှုခံယူလို့မရဘူး။ သေတဲ့အထိ ခံစားနေရမှာဘဲ။"*

နော် ဖ.....၊ (မ၊ ၄၀နှစ်)၊ မ...ကျေးရွာ၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၄ ဧပြီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[109]

*"အပြင်းအထန်ဖျားရင် ဆေးရုံကိုမြန်မြန်သွားမှဖြစ်မယ်။ ဆေးရုံက အရမ်းဝေးတော့ မြန်မြန်မသွားရင် အသက်ရှင်ဖို့ မလွယ်ဘူး။"*

နော် က...၊ (မ၊ ၄၆နှစ်)၊ ခ...ကျေးရွာ၊ သံတောင် ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း (၂၀၁၅ ဇန်နဝါရီလတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[110]

---

[107] Source #143 တွင် ကြည့်ပါ။ ဤတွေ့ဆုံမေးမြန်းခန်း၌ ကရင်စာသင်ကြားခြင်းအကြောင်းကို ဆွေးနွေး ထားခြင်းဖြစ်ပြီးဘာသာရပ်အား လုံးကို ကရင်ဘာသာဖြင့် သင်ကြားရမည့်အကြောင်း ဆွေးနွေး ထားခြင်း မဟုတ်ပါ။

[108] Ethnic Conflict and Social Services in Myanmar's Contested Regions, Kim Joliffe, the Asia Foundation, June 2014, and The Long Road to Recovery: Ethnic and Community-Based Health Organizations Leading the Way to Better Health in Eastern Burma, HISWG, February 2015. တွင် ကြည့်ပါ။

[109] Source #107 တွင် ကြည့်ပါ။

[110] Source #126 တွင် ကြည့်ပါ။

အစီရင်ခံစာတစ်စောင်တွင် အမျိုးသမီးတစ်ဦးမှ မိမိနေထိုင်ရာဒေသအတွင်းရှိ အစိုးရဆေးရုံများသည် ဆေးကုသမှုခံယူသော ဆင်းရဲသားပြည်သူများအား ငွေကြေးကောက်ခံခြင်းမပြုလုပ်တော့သဖြင့် အခြေအနေတစ်ခု ပြောင်းလဲသွား သည်ဟု သတိထားမိကြောင်း တင်ပြထားပါသည်။[111]

*"အခု ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံတွေကို ဆင်းရဲသား အတွင်းလူနာများလာရင် ဆန်၊ ဆား၊ ငါးပိ၊ ပုဇွန်ငါးပိ နဲ့ စားဆီတွေထောက်ပံ့ပေးဖို့ ညွှန်ကြားထားတယ်။ အရင်ကလို ကုန်ကျစရိတ် မရှိတော့ဘူး။ လူနာက ဆင်းရဲတယ် ပိုက်ဆံတကယ်မရှိသူဆိုရင် လုံးဝပိုက်ဆံမတောင်း တော့ပါဘူး။"*

နော် မ...၊ (မ၊ ၆၄နှစ်)၊ ဖာပွန်မြို့၊ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင် ပြည်အရှေ့မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[112]

ဆေးရုံမှ အထက်ပါကဲ့သို့ ငွေကြေးထောက်ပံ့ပေးခြင်းသည် ဆင်းရဲသားများ သေရေးရှင် ရေးအတွက် အပြောင်း အလဲဖြစ်စေနိုင်ပါသည်။ တစ်ချို့ကလည်း ဆေးကုသစရိတ် ပိုသက်သာလာသည်ဟု ပြောဆိုတင်ပြလာပါသည်။ သို့သော် KHRG နှင့်ကျန်းမာရေး အကြောင်းဆွေးနွေးကြသူ အမျိုးသမီးအများစုအတွက်မူ အထက်ပါကဲ့သို့သော အခြေအ နေမျိုးနှင့် ကြုံတွေ့ရခြင်းမရှိသေးပေ။[113]

## ကျန်းမာရေးလုပ်သားများ၏ စိတ်နေသဘောထားနှင့် ကျွမ်းကျင်မှု

ကျေးရွာရှိကျန်းမာရေးလုပ်သားများနှင့် ပတ်သက်၍ အမျိုးသမီးများ၏အမြင်သည် ပညာရေးဝန်ထမ်း များကို မြင်သော အမြင်နှင့်ဆင်တူလျက် ရှိနေပါသည်။ ကျေးရွာများတွင် အနည်း ငယ်သာရှိသော ကျန်းမာရေးမှူး နှင့် သားဖွားဆရာမ များသည် ရရာ ဆေးဝါးများ[114] နှင့် ဆေးကုသပေးနေရသောကြောင့် ရွာသားများ၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်း လုပ်ဆောင်ပေးနိုင်ရန် ခက်ခဲမည်ကို အမျိုးသမီးများကသိရှိပါသည်။ ထို့အပြင်အချို့ သောကျန်းမာရေးလုပ်သားများသည် လစာ မယူအခမဲ့ဝန်ဆောင်မှု ပေးနေသည်[115] ကို လည်း အမျိုးသမီးများကသိရှိပါသည်။ ထိုသို့သိရှိသော်လည်း အမျိုးသမီးများက ၎င်း ကျန်းမာရေးမှူးများနှင့် သားဖွားဆရာမများကို ဂရုဏာရှေ့ထားပြီး ဆေးကုသပေးစေချင်ပါသည်။ လူနာများကိုလည်း အိမ်တိုင်ရာရောက် သွားရောက်ကုသပေးစေလိုပါ သည်။

*"သူမ(ရွာတွင်ရှိသောသင်တန်းတက်ရောက်ပြီးသူကျန်းမာရေးမှူး)က အစိုးရမှ တရားဝင် ခန့်ထားသူ မဟုတ်ပါဘူး။[116] သူမက ရွာထဲရှိ တစ်နေရာတည်းမှာပဲ ဆေးကုပါတယ်။ ရွာထဲတို့ ရွာပတ်ဝန်းကျင်တို့ သွားပြီးဆေးမကုပါဘူး။ သူမက ဆေးကုသရာမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိလို့ဘဲလား ဒါမှမဟုတ်ပျင်းလို့လားဆိုတာ ကျွန်မတို့မသိပါဘူး။ ဆေးကုသမှု ခံယူချင်ရင် သူ့အိမ် သွားရတယ်။ အချိန်မရွေးတော့ သွားလို့ရပါတယ်။ လူနာရောဂါ ပြင်းထန်ရင်တော့ သူမက ဆေးရုံကို သွားဖို့ လမ်းညွှန်ပါတယ်။"*

နော် လ....၊ (မ၊ ၂၁နှစ်)၊ ပ....ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(၂၀၁၂ မတ်လတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[117]

အချို့ရွာများတွင် အခြေခံလိုအပ်ချက်အတွက် ကျန်းမာရေးမှူးများ လုံးဝပုံမှန်မရှိပါ။ အနီးအနားကျေးရွာမှ ကျန်းမာရေးမှူး များသည်လည်း ပိုမိုဝေးလံသော ရွာများသို့သွားရောက်လိုသည့် ဆန္ဒ မရှိကြပေ။[118] ထို့အပြင် အမျိုးသမီးများမှ တင်ပြ သည်မှာ ဆေးရုံသို့ သွားသည့်အခါ ကျန်းမာရေးဝန်ဆောင်မှု နည်းပါးခြင်းနှင့် ကျေးရွာရှိ ဒေသခံ ကျန်းမာရေး ဝန်ထမ်း များနည်းပါးခြင်းအပြင် တခါတရံ အကူအညီ မပေးနိုင်ခြင်းများ တွေ့ကြုံရတတ်သည်။ အမျိုးသမီးတစ်ဦးက သူမ၏ သူငယ်ချင်းမှ နာမကျန်းဖြစ်သည့် ကလေးအား သထုံခရိုင်အတွင်း ရှိ အစိုးရဆေးရုံသို့ သွားရောက် ပြသသည့်အချိန်က ကျန်းမာရေးဝန်ထမ်းများသည် စိတ်ရှည် သည်းခံမှုမရှိသည့်အပြင် လူနာအား ရိုင်းပျစွာပြုမူဆက်ဆံခဲ့ကြောင်း ၎င်းမှကြုံ တွေ့ခဲ့ရပုံကို ပြောပြခဲ့ပါသည်။ သူနာပြု သာမက ဆရာဝန်ပါ ကလေးကို အချိန်မီမကုသပေးကြပါ။

[111] မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသည် 3MDG Fund နှင့်ပူးပေါင်းပြီး ၂၀၁၂ ဇူလိုင်လမှစ၍ ပဋိပက္ခဖြစ်ပွားနေသော ဒေသများအပါအဝင် မြန်မာနိုင်ငံအတွင်း အမျိုးသားကျန်းမာရေးစနစ် ခိုင်မာတောင့်တင်းလာရန် လုပ်ဆောင်လျက်ရှိပါ သည်။ ဤလုပ်ဆောင်မှုများတွင်အခမဲ့ရောဂါရှာဖွေပေးခြင်း၊ အခမဲ့ဆေးကုသပေးခြင်း လုပ်ငန်းများပါဝင်ပါသည်။ အထက် ပါအမျိုးသမီး၏ပြောဆိုချက်များသည် ဤလုပ်ဆောင်ချက်များကို ရည်ညွှန်းပြောခြင်း ဟုတ်၊မဟုတ် မသေချာပါ။ ပိုမိုသိရှိရန် About 3MDG: Working together to save lives and improve health for all in Myanmar,accessed April 2016. တွင် ကြည့်ပါ။

[112] Source #79 တွင် ကြည့်ပါ။

[113] Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire, KHRG, May 2014. တွင်ပိုမိုပြည့်စုံစွာ ကြည့်ရှုနိုင်ပါသည်။

[114] Source #70 တွင် ကြည့်ပါ။

[115] Source #40 နှင့် 107 တွင် ကြည့်ပါ။

[116] ဤကျန်းမာရေးလုပ်သားသည် အစိုးရမှပေးသောသင်တန်းတက်ရောက်ပြီး အောင်လက်မှတ် ရရှိပြီးသူဖြစ်သော်လည်း အစိုးရပေးအပ်သော ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု တာဝန်ကိုမယူဘဲ မိမိရွာတွင်သာ အလုပ်လုပ်နေသူ ဖြစ်ကြောင်း တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခံရသူမှရှင်းပြပါသည်။

[117] Source #7 တွင် ကြည့်ပါ။

[118] Source #105 တွင် ကြည့်ပါ။

ကလေး၏အသက်ကို အဓိကမထားပဲ မိဘများ၏ ငွေရေးကြေးရေးအခြေအနေကိုသာ အရင် မေးမြန်းပါသည်။

*"ကျွန်မသူငယ်ချင်းတစ်ယောက် သူတို့ကလေးကိုဆေးရုံခေါ်သွားပါတယ်။ ကလေးက မေ့မြောနေတယ်။ မနစ်မိုးတွင်း တုန်းကပေါ့။ ကျန်းမာရေးမှူးက သထုံဆေးရုံသွားဖို့ လမ်းညွှန်ခဲ့တယ်။ ဒါနဲ့သူတို့လည်း သထုံကိုသွားခဲ့တယ်။ သူတို့ ဆေးရုံကို ရောက်တော့ဆရာဝန် မလာ သေးလို့ စောင့်နေရတယ်။ ၈ နာရီထိုးပြီ ဒါပေမဲ့ဆရာဝန်မလာသေးဘူး။ ကျန်းမာရေးလုပ်သား ဆရာတစ်ဦးကလည်း ပိုက်ဆံယူလာလား လို့မေးပါတယ်။" ဒေါ် န... မှ ကလေးမိဘများ၏ တုန့်ပြန်မှု ကို အောက်ပါအတိုင်းပြောပြပါသည်။"*

*"ကျွန်မ ကလေးမသေသင့်ဘူး။ ကျွန်မဆေးရုံကို အချိန်မီလာခဲ့တယ်။ ကျွန်မဆေးရုံကိုရောက်နေ ခဲ့တာ မနက် ၅နာရီ၊ ၆နာရီ ကတည်းက ၈နာရီထိုးတဲ့အထိ ဘာဆေးကုသမှုတစ်ခုမှမလုပ်ပေးသေးဘူး။ ကျွန်မကလေး မသေ သင့်ဘူး။ ကျွန်မ ကလေးသေရင် ရှင်တို့ကျွန်မနဲ့တွေ့မယ်။ ကျွန်မဆေးဖိုးပေးနိုင်တယ်။ ဆေးတစ်လုံး ၁၀သိန်းဆိုရင်လည်း ကျွန်မ ပေးနိုင်တယ်။ ကျွန်မကလေးမသေဘူးဆိုရင် သိန်း၁၀၀ဆိုလည်း ကျွန်မပေး နိုင်ပါတယ်။ ကျွန်မကလေးသေရင်တော့ ရှင်တို့အားလုံး ကို ရာထူးပြုတ်အောင် လုပ်ပစ်မယ်။"*

ဒေါ် န....၊ (မ၊ ၅၂နှစ်)၊ တ... ရွာ၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၃ ဩဂုတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[119]

ဒေါ် န... အနေဖြင့် မိမိကလေး ဆေးကုသမှုခံယူရရှိလိုဇောနှင့် အစိုးရဆေးရုံ ဝန်ထမ်း များအပေါ်တုန့်ပြန်ပြောဆိုရာတွင်ဒေါသသံဖြင့် ခြိမ်းခြောက်မှုများ ပါဝင်ခဲ့သည်ကို သိရှိပါသည်။ အမျိုးသမီးများအနေဖြင့် ဆေးရုံသွားရန်နှင့် ငွေကြေးကုန်ကျမှု အတွက်ပေးဆောင်နိုင်သော်လည်း ဒေါ်န.... ပြောပြသကဲ့သို့ သင်တန်းတက် ရောက်မှုနည်းသော၊ မိမိအလုပ်အပေါ် တကယ့် စိတ်စေတနာအရင်းဖြင့် ပေးဆပ်မှုရှိသော ဝန်ထမ်းများကြောင့် အစိုးရ၏ ကျန်းမာရေးလုပ်ငန်းအတွက် လည်းကောင်း ပြည်သူများ၏ကျန်းမာရေး အတွက်သော်လည်းကောင်းလွန်စွာထိခိုက်စေပါသည်။ အစိုးရကျန်းမာရေး ဝန်ထမ်း များနှင့်ကြုံတွေ့ရသော အခက်အခဲများကြောင့် အမျိုးသမီးများသည် မိမိဒေသအတွင်းတွင်ပင် ကျန်းမာရေး ဝန်ဆောင်မှု ရယူနိုင်သော တိုင်းရင်းဆေးဆရာ များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများထံသို့သာ သွား ရောက်ပြ သကြပါသည်။

*"ရွာသားများသည် သစ်ဥ၊သစ်မြစ်ဖြင့်ပြုလုပ်ထားသော တိုင်းရင်းဆေး (သို့) ရိုးရာတိုင်းရင်းဆေးဆရာ များအပေါ်သာ မှီခိုနေရပါသည်။ ရွာတွင် ကျန်းမာရေးမှူး (သို့မဟုတ်) သူနာပြု ဆရာမ မရှိပါ။ ဆေးကုသမှုခံယူရန် အ....နေရာ သို့ သွားရောက်ရပါသည်။ တစ်ခါတစ်ရံ နို့ဖိုးဒုက္ခသည်စခန်းမှ ကျန်းမာရေးအဖွဲ့သားများ ရွာကိုလာရောက်ပြီး ဆေးကုသပေးပါတယ်။ ထိုဒီးရွာမှ ကလေးများသည် နားပြည်တည်ရောဂါ နှင့် အခြားဖျားနာရောဂါများ ခံစားကြရသဖြင့် သူတို့၏ ကျန်းမာရေး အခြေအနေအလွန်ဆိုးရွားပါသည်။ ဤအတွက် သူတို့က ရွာမှာရှိသော အတွေ့အကြုံ မရှိသော ရိုးရာတိုင်းရင်း ဆေးဆရာကိုသာ မှီခိုကုသနေကြရပါသည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားပေးပို့သော ဒေသတွင်း နောက်ဆုံးရ အခြေအနေတင်ပြချက်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊
ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၂ စက်တင်ဘာလတွင် လက်ခံရရှိခဲ့သည်။)[120]

## လေ့လာတွေ့ရှိချက်: ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးကုသပေးသော သားဖွားဆရာမ

အထက်ပါ အပျက်သဘောဆောင်သော တုန့်ပြန်သူများနှင့် တွေ့ဆုံရသကဲ့သို့ ဒေသခံအမျိုးသမီးများသည် အောက်ပါကဲ့သို့သော စေတနာရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့်လည်း တွေ့ကြုံ ကြရပါသည်။ ဒူးပလာယာခရိုင်မှ နော် ပ... သည် ဝမ်းဆွဲဆရာမတစ်ဦးဖြစ်ပြီး သူမသည် မိမိနေထိုင်ရာ ရပ်ရွာအတွင်း အတတ်နိုင်ဆုံး ကျန်းမာရေး ဝန် ဆောင်မှုများ ပေး နေပါသည်။ သူမသည် ၂၀၁၃ခုနှစ်ကတည်းကပင် အစိုး၏ ကျန်းမာရေး ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက်ပြီး ယခုဆိုလျှင် ဝန်ဆောင်မှုသက်တမ်း ၁၄နှစ်ပြည့် ပြီးဖြစ်ပါသည်။[121]

*"ပထမတုန်းကတော့ လူတွေက ကျွန်မကို ဆေးသင်တန်းတက်ခိုင်းတုန်းက ကျွန်မ စိတ်မဝင်စားခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မ ရွာရဲ့အခြေအနေ ကိုကြည့်တော့ ဘယ်ကျန်းမာရေးဝန်ထမ်းမှ မလာနေချင်ကြဘူး။ ဒီရွာက ကျွန်မ နေတဲ့ရွာ၊ ကျွန်မ လူမျိုးတွေဆိုတော့ကျွန်မသင်တန်း တက်ရောက်လိုက်ပြီး ရွာ ကလူတွေကိုစောင့်ရှောက်လိုက်ပါတယ်။ လစာမရလည်း ကျွန်မက လုပ်မှာပဲ။ ပြည်သူအတွက်ဆိုရင်အလုပ်လုပ် ရမှာပဲ။"*

[119] Source #71 တွင် ကြည့်ပါ။

[120] Source #27: "Dooplaya Situation Update: Kya In Seik Kyi Township, September 2012," KHRG, June 2013. တွင်ကြည့်ပါ။

[121] ဤလေ့လာတွေ့ရှိချက်ပါ သတင်းအချက်အလက်အားလုံးကို Source #70 မှရရှိသည်။

သူမအနေဖြင့် ပြည်သူများအပေါ် မိမိ၏ စေတနာအရင်းအမှန်ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးနေသော်လည်း အစိုးရဦးဆောင်သော ဆင်ခြေထောက် ရောဂါကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှုကို လုပ်ဆောင်သောအခါ ရွာသားများ၏ အပြင်းအထန် ကန့်ကွက်မှုနှင့် ကြုံတွေ့ခဲ့ရပါသည်။

*"ကျွန်မအမြင်ကတော့ အစိုးရအနေ နဲ့ ဒီလိုကာကွယ်ဆေးတိုက်ကျွေးတာ ကောင်းပါတယ်။ ဒါပြည်သူအတွက်ဘဲလေ။လူတွေဆင်ခြေထောက်ရောဂါ ရခဲ့မယ်ဆိုရင် သူတို့ဘဝပုံမှန်ဖြစ်နေ မှာ မဟုတ်တော့ဘူး။ ကျွန်မကတော့ ဒီလိုကာကွယ်ဆေးပေးတာ ကောင်းတယ်လို့မြင်ပါတယ်။"*

*နော် ပ... မှ အသေးစိတ်ဆက်လက်ပြောပြသည်မှာ မည်သို့ပင်ဆိုစေကာမူ ဤကာကွယ်ဆေး တိုက်ကျွေးခြင်းသည် လူတိုင်းအတွက် မဟုတ်ပေ။ ကျန်းမာရေး အခြေအနေ တစ်စုံတစ်ရာ ရှိသောသူများကို ဤဆေး တိုက်ကျွေးခြင်းအားဖြင့် ဘေးထွက်ဆိုးကျိုးများရနိုင်ပါသည်။"ဒီကာကွယ်ဆေးကို ကိုယ်ဝန် ဆောင်မိခင်၊ နာတာရှည်ရောဂါသည်၊ နဲ့ ကျောက်ကပ်မကောင်းတဲ့ လူတွေကို တိုက်လို့ မရပါဘူး။ ကျွန်မတို့လို ကျန်းမာရေးကောင်းတဲ့ လူတွေကိုပဲ တိုက်လို့ရတယ်။"*

သို့သော်လည်း ရရှိထားသော သတင်းများအရ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးရေးအတွက် တာဝန်ပေးခြင်းခံရသော အစိုးရ ကျန်းမာရေးဝန်ထမ်းအချို့သည် မှန်ကန်သော ကာကွယ် ဆေးတိုက်ကျွေးရေး လုပ်ထုံးလုပ်နည်းလမ်းစဉ်ကိုမလိုက်နာခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် ကာကွယ်ဆေးတိုက် ကျွေးသူ ကျန်းမာရေးလုပ်သားများသည် ကာကွယ်ဆေးသောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင် သည့်ဘေးထွက် ဆိုးကျိုးများ၊ မည်သို့သော သူများ ဤဆေးကို သောက်သုံးသင့်ကြောင်း စသည့် အရေးကြီးသတင်း အချက်အလက် များအား ပြည်သူများနားလည်အောင် ရှင်းပြ အသိပေးခြင်း မရှိပါ။ ထိုကြောင့် ရွာသားအများအပြားအထူးသဖြင့်အမျိုးသမီးများသည် ဘေးထွက်ဆိုးကျိုးများနှင့် တွေ့ကြုံခံစားခဲ့ကြရပါသည်။[122] ဤကာကွယ်ဆေးကြောင့် ဘေးထွက်ဆိုးကျိုးခံစားရသော ရွာသားများပိုမိုများ လာသောအခါ ဤဆေးသည် အဆိပ်ဖြစ်ပြီး သေစေနိုင်သည်ဟု ကောလဟာလ သတင်းများ ထွက်ပေါ်လာပါသည်။

*"ကျွန်မတို့မှာ ကာကွယ်ဆေးလိုက်လံ တိုက်ကျွေးရမယ့်တာဝန်ရှိတော့ ကျွန်မတို့ တစ်ရွာဝင်တစ်ရွာထွက် ဆေးလိုက်ပေးတာပေါ့။ အပြင်မှာဖြစ်နေတဲ့ ကောလဟာလကိုမသိကြဘူး။ ကျွန်မတို့ပြန်လာတော့ သတင်းပြန်ကြား ခဲ့ရတယ်။ ဘန်ကောက်မှာ အလုပ်လုပ်နေကြတဲ့သူတွေက မိသားစုဆီကိုအဲဒီကာကွယ်ဆေးကို မသောက်ကြဖို့ ဖုန်းဆက်ပြောကြတယ်။ 'အဲဒီ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးကို သောက်သုံးသူတိုင်း သေလိမ့်မယ်' လို့ဘန်ကောက်ကလူတွေပြောကြတယ်။ ကျွန်မလည်း စိတ်မကောင်းဘူး။ အဲဒီသတင်းကိုလည်းစုံစမ်းကြည့်တယ်။ အခြေအနေက ဘယ်လိုလဲ ဆိုတော့ ကျွန်မပါ ခြိမ်းခြောက်ခံခဲ့ရတယ်။ ကျွန်မလည်း စိတ်မကောင်းဘူးပေါ့။ လူတွေက ကျွန်မကို လာသတ်ကြမလို့လေ။ အစိုးရကကျွန်မကို ဒီကာကွယ်ဆေးတွေပေးတယ်။ ကျွန်မကလည်း အစိုးရ ဝန်ထမ်းလေ။ကျွန်မအတွက်က ကာကွယ်ဆေးလိုက်မပေးလို့လဲ မရဘူးလေ။ ဒါနဲ့ ကျွန်မအထက်ကတာဝန်ရှိသူကို ဖုန်းခေါ်လိုက်တယ်။ သူမလည်း ကောလဟာလနဲ့ ပတ်သက်ပြီး ဘာမှမကြားဘူးလို့ပြောတယ်။ ဒီကာကွယ်ဆေး သောက်လို့ လူသေတယ်ဆိုရင် သားဖွားဆရာမကို သတ်ပစ်မယ်လို့ လူတွေကပြောတယ်။ ကျွန်မလည်းကြောက်တာပေါ့။ ဒီကိစ္စကို ကျွန်မရှေ့ဆက်ပြီး စုံစမ်းရမယ်။"*

နော် ပ....အနေဖြင့် ဤကာကွယ်ဆေးတိုက်ကျွေးခြင်းကို လူထုမှလက်ခံရန် အသေးစိတ်ရှင်း ပြပါသည်။ သူမအနေဖြင့် ရွာသားများနားလည်နိုင်စေရန်နှင့် မှန်ကန်သောဆုံးဖြတ်ချက် ချနိုင်စေရန် အတတ်နိုင်ဆုံး ကျန်းမာရေးပညာပေး ဟောပြောသော်လည်း နောက်ဆုံးတွင် ရွာသားများက ဤဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးကို မသောက်သုံးကြရန် ဆုံးဖြတ်ကြပါသည်။

*"ကျွန်မတို့က ကာကွယ်ဆေး ပေးဖို့တာဝန်ရှိတယ်၊ ဒါပေမယ့် လူတွေက မလာကြဘူး။ ဒီလိုရောဂါမျိုး ကလေးတွေ ရနိုင်တယ် ဆိုတဲ့အကြောင်း ကျွန်မတို့ကပြောပြပါတယ်။ သူတို့တွေ ဆေးလာမသောက်ကြတော့လည်း ပြဿနာမရှိပါဘူး။ သူတို့ကို အတင်းအကျပ်မတိုက်တွန်းပါဘူး။ ကျွန်မတို့ကတော့ ဆေးပေးတယ် သူတို့လာမသောက်ကြတော့လည်း ပြီး တာပဲလေ။"*

*"[ကျွန်မအမြင်ကတော့ လူတိုင်းကာကွယ်ဆေးသောက်သင့်တယ်။] ကျွန်မတို့ကကျေးရွာတစ်ခုလုံးကို ကာကွယ်ပေး ဖို့ကြိုးစားကြတယ်။ ဘာဖြစ်လို့လဲဆိုရင် ရောဂါကတခြားလူတွေထံ ကူးစက် ပြန့်နှံ့သွားနိုင်တယ်လေ။ ဒီနေရာက ခြင်မရှိတဲ့နေရာလည်း မဟုတ်တော့ အားလုံးကို ကာကွယ်ဆေးသောက်စေချင်တယ်။ ဒီနေရာမှာက ခြင်တကယ်ပေါတယ်။ ဒီမှာက ခြင်နဲ့ပတ်သက်ပြီး တိတိကျကျ သုတေသနပြုလုပ်ထားတာ မရှိတော့ အဒေီးခြင်အမျိုးအစားလား၊ အနောဖိလစ်လား၊ ဒါမှမဟုတ် ဂျွန်ဘီလ်ကီးနီးယားလား ဆိုတာကိုမသိရဘူးလေ။ ဒါကြောင့် ဥပမာအနေနဲ့ လူတစ်ယောက်မှာ ဆင်ခြေထောက် ရောဂါရှိခဲ့ပြီး ရောဂါလက္ခဏာမပေါ်ခဲ့ရင် အဲဒီသူကိုကိုက်တဲ့ခြင်က အခြား တစ်ယောက်ကို သွားကိုက်မိရင် ရောဂါကူးစက်ခံရမှာပေါ့။ ကျွန်မအမြင်ကတော့ လူတိုင်းကို ကာကွယ် ဆေးတိုက်*

[122] အမျိုးသမီးများကြုံတွေ့ခဲ့ရသော ဘေးထွက်ဆိုးကျိုးများအကြောင်းကို ကျန်းမာရေးနှင့်ပညာရေး အခန်းတွင် အသေးစိတ် ကြည့်ပါ။

*ကျွေးပေးဖို့လိုမယ်။ ဒီမှာက ဘာမှတော့မဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ကာကွယ်ခြင်းကကုသခြင်းထက် ပိုပြီးကောင်းတယ်လေ။"*

နော် ပ....၊ သည် မိမိတွေ့ကြုံခဲ့ရသော အခြေအနေကို ရင်ဆိုင်ဖြေရှင်းရာတွင် ရွာသားများကို အဘယ်ကြောင့် ကာကွယ်ဆေး သောက်သင့်သည်ကို ပညာပေးပြောဆိုဆွေးနွေးပေးသည်သာမက သူမ၏အထက်လူကြီးကိုလည်းအဆက်အသွယ်ပြုလုပ်ပြီး အကြံဉာဏ်ရယူခြင်းဖြင့် ကျန်းမာရေးလုပ်ငန်း တိုးတက်ကောင်းမွန်စေရန် စေတနာထက်သန်စွာ လုပ်ဆောင်ခဲ့ပါသည်။

ဤဖြစ်စဉ်သည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် လွယ်လွယ် ကူကူမရှိဘဲ ခက်ခဲရှုပ်ထွေးစွာ လုပ်ကိုင်ရသည်ကို ထင်ရှားပေါ်လွင်စေပါသည်။ ကာကွယ်ဆေးတိုက်ကျွေးရေး စီမံကိန်း သည် ဒေသခံလူထုကို ရောဂါများမှကာကွယ် ပေးစေနိုင်သော်လည်း ရှင်းလင်းသေချာသော သတင်းအချက်အလက် ထုတ်ပြန်ပေးမှု၊ ဒေသခံပြည်သူများမှ ယုံကြည်ရသော ခက်ခဲသောကျေးရွာများသို့ ရောက်ရှိနိုင်သော တိုင်းရင်းသား ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိပါက ဤကဲ့သို့သော ကာကွယ်ဆေး တိုက်ကျွေးရေး စီမံကိန်းပြုလုပ် သည့်တိုင်အောင် ထိရောက်သည့် အကျိုးကျေးဇူးများ ရှိမည်မဟုတ်ဟု အစိုးရ ကျန်းမာရေးဝန်ကြီးဌာနမှ နားလည်သဘောပေါက်သင့်ပါသည်။


# ဓါတ်ပုံများ: ကျန်းမာရေးနှင့်ပညာရေး အပေါ်အမျိုးသမီးများ၏အမြင်



အထက်ပါပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဒီဇင်ဘာလ ၁၉ ရက် ၂၀၁၂ ခုနှစ်တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဟ....ကျေးရွာတွင်ရိုက်ကူးခဲ့ပါသည်။ ပုံတွင် အလယ်တန်း ကျောင်းသူကျောင်းသားများ အားလပ်ချိန်အတွင်း ကစား နေကြခြင်းဖြစ်ပါသည်။ *(ဓာတ်ပုံ KHRG)*



အထက်ပါပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ စက်တင်ဘာလ ၂၁ ရက် ၂၀၁၅ ခုနှစ်တွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ က.... ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ပုံတွင် အစိုးရမူလတန်းကျောင်းမှ ကလေးငယ်များ ကျောင်းနှင့် နိုင်ငံတော်အလံရှေ့ နံနက်ခင်းအချိန်တွင် နိုင်ငံတော်သီချင်းကို သီဆိုနေကြသော ပုံဖြစ်ပါသည်။ ဤကျောင်းတွင် ကျောင်းသူ ကျောင်းသားဦးရေ ၇၀၊ ကျောင်းဆရာ ၂ယောက် နှင့် ကျောင်းဆရာမ ၄ ယောက်ရှိပါသည်။ *(ဓာတ်ပုံ KHRG)*





အထက်ပါပုံများကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဇန်နဝါရီလ ၆ ရက် ၂၀၁၅ ခုနှစ်တွင် တောင်ငူခရိုင် ဒ.... ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ပုံတွင် ကျောင်းအတွင်းတွင် ရှိသော ၄တန်းကျောင်းသူ၊ကျောင်းသားများကို တွေ့မြင်ရပါသည်။ ဖော်ပြထားသောပုံတွင် ကလေးများ မြန်မာစာအက္ခရာ အရေးအသား နှင့် အဖတ်ကို လေ့လာနေကြခြင်းဖြစ်ပြီး ရွာသားများ တင်ပြချက်အရ စာသင်ကြားခြင်း ညံ့ဖျင်းမှုကြောင့် ကလေးများ စာတတ်မြောက်မှုတွင် အားနည်း နေကြခြင်း ဖြစ်သည်။ *(ဓာတ်ပုံ KHRG)*



အထက်ပါပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ နိုဝင်ဘာလ ၁၁ ရက် ၂၀၁၄ ခုနှစ်တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလော ကျေးရွာအုပ်စု၊ ဘ.... ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ပုံတွင် KNU ကျန်းမာရေးဌာနမှ အမျိုးသမီး ကျန်းမာရေး လုပ်သားတစ်ဦးမှ ကျေးရွာအတွင်းရှိ ကလေးများအတွက် ငှက်ဖျားရောဂါ စစ်ဆေး စမ်းသပ် ပေးနေခြင်းဖြစ်ပါသည်။ ၂၀၁၄ခုနှစ်တွင် KNUမှ မယ်ကလောကျေးရွာအုပ်စုအတွင်းရှိ ရွာတိုင်းတွင် ကျန်းမာရေး လုပ် သားတစ်ဦး လျှင် အိမ်ခြေ အလုံး ၃၀ကို ငှက်ဖျားရောဂါ စစ်ဆေးရန် တာဝန်ချထားပေးပါသည်။ ယခင်က ဤကျေးရွာတွင် မြန်မာအစိုးရမှလည်း ငှက်ဖျားရောဂါအတွက် ကျန်းမာရေး လုပ်သားများချပေးပါသည်။ သို့သော် KNUမှ ဤစီမံကိန်း ဆက်လက် တာဝန်ယူဆောင်ရွက်ပြီး နောက်ပိုင်း မြန်မာအစိုးရ ကျန်းမာရေး လုပ်သားများ ပြန်သွားကြပါသည်။ *(ဓာတ်ပုံ KHRG)*



အထက်ပါပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဇူလိုင်လ ၁၃ ရက် ၂၀၁၅ ခုနှစ်တွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်တွင် ရိုက်ကူးခဲ့ပါသည်။ ပုံတွင် အစိုးရတပ်မတော်၊ နယ်ခြားစောင့်တပ် BGFs နှင့် DKBA အကြား မြဝတီမြို့နှင့် ကော့ကရိတ်မြို့အကြားရှိ အာရှအဝေးပြေး လမ်းမတွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ဆရာ၊ဆရာမများမှ ကလေးများကို အိမ်သို့ပြန်နိုင်းပြီး ကလေးများ အိမ်သို့ပြန်လာနေကြ ခြင်းဖြစ်ပါသည်။ ဆရာဆရာမများမှကလေးများလုံခြုံမှုအတွက် ကျောင်းပိတ်ခဲ့ခြင်းဖြစ်သည်။ *(ဓာတ်ပုံ KHRG)*

# အခန်း ၃: အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

*"ဖွံ့ဖြိုးရေးစီမံကိန်းတွေလုပ်ရင် သေသေချာချာစဉ်းစားဆုံးဖြတ်ပြီးမှ လုပ်ဆောင်သင့်ပါတယ်။ ဒါမှ စီမံကိန်းအပေါ် သဘောတူထားတဲ့ သူတွေအားလုံးအတွက် အကျိုးရှိနိုင်မှာပါ။ လူတွေအတွက် ဆိုးကျိုးသက်ရောက်စေမဲ့ စီမံကိန်းမျိုးတော့ မဖြစ်သင့်ဘူး။"*

တ...၊ (မ၊ ၅၁ နှစ်)၊ ဃ...မြို့၊ တောင်ငူခရိုင်/ ကရင်ပြည်နယ် မြောက်ပိုင်း (၂၀၁၃ ဩဂုတ်လ တွင်တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[123]

## အဓိကတွေ့ရှိချက်များ

- ၂၀၁၂ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိပြီးနောက်မိမိတို့ စိုက်ခင်း များသို့ သွားလာရာတွင် ပိုမိုလွတ်လပ်စွာသွားလာနိုင်ကြောင်းကို အမျိုးသမီးများက တင်ပြလာ ကြပါသည်။
- အထူးသဖြင့် အိမ်ထောင်မရှိသောအမျိုးသမီးများ၊ မုဆိုးမများနှင့်ခင်ပွန်းသည် အဝေးသို့ ရောက်ရှိနေသော အမျိုးသမီးများအနေနှင့်မြေယာသိမ်းဆည်း ခြင်း ကိစ္စများတွင် ဖိအားပေးခံရသည် သာမကဖွံ့ဖြိုးရေးနှင့် အခြေခံ အဆောက် အအုံဆောက်လုပ်ရေးစီမံကိန်းများ၏ဆိုးကျိုးသက်ရောက်မှုများကိုလည်းခံစား ရသောကြောင့်၎င်းတို့ ၏အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများတွင် အကာ အကွယ်မဲ့သူများ အဖြစ် ပိုမို၍ ခံစားကြရသည်။
- မြစ်ရေညစ်ညမ်းခြင်း၊လယ်ယာမြေများပျက်စီးခြင်းနှင့်သစ်တောပြုန်း တီးခြင်း သို့ မဟုတ် အများပိုင် သစ်တောများကို အသုံးပြုနိုင်ခွင့်ဆုံးရှုံးခြင်း စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာသောသဘာဝပတ်ဝန်း ကျင်ပျက်စီး ဆုံးရှုံးမှုများသည်အမျိုးသမီးများ၏အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို များ စွာ ထိခိုက်နစ်နာစေပါသည်။
- ထို့အပြင် ခန့်မှန်း၍မရနိုင်သော ရာသီဥတုအခြေအနေနှင့် သီးနှံဖျက် ပိုးများသည်လည်း၎င်းတို့၏စားဝတ်နေရေးနှင့်အသက်မွေးဝမ်း ကျောင်းအလုပ် အကိုင်များအပေါ် ထပ်လောင်းဆိုးကျိုးသက်ရောက်စေသည့် စိန်ခေါ်မှုများ ဖြစ်ကြောင်း အမျိုးသမီးများက ဖော်ပြကြသည်။
- အမျိုးသမီးများအနေနှင့်၎င်းတို့၏ဒေသအတွက်အမှန်တကယ်အကျိုး ရရှိစေရန် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ညှိနှိုင်းတိုင်ပင်မှုများ လုပ်ဆောင်ရာတွင် ၎င်းတို့ အား ပါဝင်ဆွေးနွေး အကြံပေးခွင့်ပေးရန် လိုလားကြသည်။

၂၀၁၂ ဇန်နဝါရီလ မှ ၂၀၁၆ မတ်လထိ KHRG အနေဖြင့်သတင်း အချက် အလက်ဆိုင်ရာ အစီရင်ခံ စာစောင် ပေါင်း ၁၀၀ ကျော်ကို လက်ခံရရှိခဲ့ပါသည်။ ၎င်းသတင်းအချက် အလက်ဆိုင်ရာ အစီရင်ခံစာ စောင် ၁၀၀ ကျော် တွင် မြန်မာပြည်အရှေ့တောင် ပိုင်း တွင်နေထိုင်သော အမျိုးသမီး များက သူမတို့ ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ပတ် သက်၍ အမြင်သဘော ထားများကို တင်ပြ ထားပါ သည်။ အဓိကအား ဖြင့် အစားအသောက် နှင့် စီးပွား ရေး လုပ်ငန်းများ လုံခြုံမှု အကြောင်းကို ပြောဆိုထား ပါသည်။ ထို့အပြင်အမျိုးသမီးများသည် ၎င်းတို့ ဒေသများတွင် လုပ်ကိုင်နေသော ဖွံ့ဖြိုးရေးစီမံကိန်း များအကြောင်း ကိုလည်း မိမိတို့သဘောဆန္ဒအ လျောက် ထုတ်ဖော် ပြောဆိုပြီး ထိုစီမံကိန်းများမှ၎င်း တို့၏ အသက် မွေးဝမ်းကျောင်းလုပ်ငန်းများပေါ်မည် ကဲ့သို့လွှမ်းမိုးသက်ရောက်မှု ရှိသည်ကိုလည်းပြောဆို တင်ပြကြ ပါသည်။

ကျေးရွာနေ ကရင်အမျိုးသမီးများက လယ်လုပ်ခြင်း၊ အသီးအရွက်များရှာဖွေပြီး အစား အသောက်ပြင် ဆင်ချက်ပြုတ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များမွေးမြူ ခြင်း၊ အိမ်အလုပ်လုပ်ခြင်း၊ ကလေးထိန်းခြင်းနှင့် အထည် များယက်လုပ်ခြင်း စသည်တို့ကို အသက် မွေးဝမ်းကျောင်းအလုပ်များဟု ခေါ်ဆိုကြပါသည်။ ကျေးလက်နေ အမျိုးသမီးများသည် သဘာဝ ပတ်ဝန်းကျင် နှင့် စီးပွားရေးအရ ပိုမိုထိခိုက်လွယ်သော အခြေအနေရှိသည်ကို အသိအမှတ်ပြုပြီး CEDAW စာချုပ် အပိုဒ် ၁၄ တွင် ကျေးလက်နေအမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးလုပ်ဆောင်ရန်အစိုးရတွင်တာဝန်ရှိကြောင်းတင်ပြတောင်းဆိုထားပါ သည်။[124]

KHRG သတင်းစုဆောင်းသောဒေသ ၇ ခုတွင်အမျိုးသမီးများ အဓိကထားတင်ပြသော အကြောင်းအရာများမှာ ၂၀၁၂ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးနောက် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော ပြောင်းလဲမှုများ၊ သဘာဝပတ်ဝန်းကျင် နှင့်သက်ဆိုင်သော စိန်ခေါ်မှုများ၊ စစ်တပ်များ ဆက်လက် တပ်စွဲ ထားခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ မုဆိုးမများနှင့် ခင်ပွန်းသည်မရှိသော ကလေးအမေများအတွက် လိင်ပိုင်း ဆိုင်ရာစိန်ခေါ်မှု စသည့်အကြောင်းအရာများဖြစ်ကြပါသည်။ အမျိုးသမီးများသည် ၎င်းတို့၏အမြင်များဖြင့် တိုးတက်လာသောအခြေအနေ သို့မဟုတ် အခက်အခဲများ နှင့်ပတ်သက်၍ သူမတို့၏တုန့်ပြန်လုပ် ဆောင်ပုံများကိုလည်း တင်ပြပြောဆိုပါသည်။ အမျိုးသမီးများ၏ အမြင်များကို အောက်တွင် အသေးစိတ် ဖော်ပြထားပါသည်။

[123] Source #65: "Toungoo Interview: A---, August 2013" KHRG, July 2014. တွင် ကြည့်ပါ။

[124] UN General Assembly, Convention on the Elimination of All Forms of Discrimination Against Women, 18 December 1979

## ၂၀၁၂ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက် တိုးတက်လာသော အခြေအနေများ

အမျိုးသမီးများစွာက ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု၏ တိုက်ရိုက်အကျိုးဆက်ကြောင့် သူမတို့၏အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတိုးတက်လာသည်ဟု အပြုသဘောဆောင်တင်ပြ လာကြ ပါသည်။ အထူးသဖြင့် ၎င်းတို့သည်မိမိတို့၏ကျေးရွာအသိုက်အ ဝန်းအတွင်း တိုးတက်လာသော လူနေမှု အခြေအနေများ၊ လယ်ယာ လုပ်ငန်းခွင်နှင့် စားကျက်မြေများသို့ အတားအဆီးမရှိသွားလာနိုင်သည့် အခြေအနေ များကို တင်ပြလာကြပါသည်။[125]

အမျိုးသမီးများ အကောင်းမြင်ရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက်ပိုင်း အမျိုးသမီးများ ပိုမိုလွတ်လပ်စွာ သွားလာခွင့် ရရှိလာသောကြောင့်ဖြစ်ပါသည်။ အမျိုးသမီးများလွတ်လပ်စွာသွားလာခွင့် ရရှိလာခဲ့ခြင်းမှာ တပ်မတော်မှရွာသားများ၏ သွားလာခွင့်များအပေါ် အနည်းသာ ကန့်သတ်မှုထားရှိတော့ခြင်း၊[126] လက်နက်ကြီး၊လက်နက်ငယ်များပစ် ခတ်မှု အန္တရာယ်လျော့ နည်း လာခြင်း၊[127] အချို့ဒေသများတွင် စစ်သားအင်အားလျော့ချခြင်းကြောင့် အမျိုးသမီးများသည် အဖွဲ့ငယ်(သို့) တစ်ဦးတည်းသွားလာရန် လွယ်ကူလာခြင်း စသည့်အချက်များ ကြောင့်ဖြစ်ပါသည်။[128] လွတ်လပ်စွာသွားလာခွင့် ရရှိလာခြင်းသည် အမျိုး သမီးများ၏လုံခြုံရေးကိုကောင်းမွန်လာစေသည်သာမက အခြေခံစားနပ်ရိက္ခာလိုအပ်ချက်များအတွက်လည်းအထောက်အကူဖြစ် စေပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် ၎င်းတို့ စိုက်ပျိုးမြေများ၌ ပိုမိုလွတ်လပ်စွာလုပ်ကိုင်လာနိုင်ခြင်း[129] ကြောင့်သီးနှံ များ ရိတ်သိမ်းလာနိုင်ခြင်းနှင့် သီး နှံများ ကို ပိုမို ဈေးကောင်းရရှိနိုင်သော နေရာများသို့သွားရောက် ရောင်းချလာနိုင်ခြင်း စသည်အကျိုး ကျေးဇူးကို ရရှိစေပါသည်။

ဖာပွန်မြို့ အုပ်ချုပ်ရေးမှူး နော် ခ...၊ က သူမသည်ယခုအခါ လွတ်လပ်စွာ သွားလာလုပ်ကိုင်ခွင့်ရရှိလာ သောကြောင့်သူမ၏စီးပွားရေး အခြေအနေတိုးတက်လာ ကြောင်းပြောဆိုတင်ပြပါသည်။ ယခင်က ဒေသခံရွာ သားများသည် ခရီးသွားမည်ဆိုပါက တပ်မတော်စစ်တပ်ထံ သွားရောက်၍ ခွင့်ပြုချက်ပေးစာတောင်း ခံခဲ့ရသည်။ နော် ခ....မှ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိပြီးနောက်သူမ၏ အသက် မွေးဝမ်း ကျောင်းအခြေအနေ ပြောင်းလဲလာသည်ကို ထပ်မံပြောပြပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် လယ်ကွင်း များ၌ အလုပ်လုပ်ကိုင်ရာတွင် သေနတ်များဖြင့်ပစ်ခတ်ခံရမည်ကို စိုးရိမ်ရန်မလိုတော့ သည့်အတွက် ကြောင့်ဖြစ်ပါသည်။

*"အခုခရီးသွားရင် သေနတ်သံမကြားရတော့ဘူး။ အရင်ကဆိုရင် ဟင်းသီးဟင်းရွက် လိုက်ရှာတဲ့အချိန် သေနတ်သံကြားရင် ကျွန်မတို့ရွာကိုပြန်ပြေးကြရတယ်။ အခုဒီလို မဖြစ်တော့ပါဘူး။"*

နော် ခ....၊ (မ၊ ၆၄ နှစ်)၊ ဖာပွန်မြို့၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့ မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[130]

KHRG သတင်းစုဆောင်းရာဒေသများတွင် အမျိုးသမီးများက ၎င်းတို့သည် တပ်မတော် ရန်မှ ထွက်ပြေးရန် မလိုအပ်တော့သဖြင့် အသက် မွေးဝမ်းကျောင်းအလုပ်များ ပိုမိုတည်ငြိမ်စွာ လုပ်ကိုင် လာနိုင်ကြောင်း တင်ပြ ပြောဆိုကြပါသည်။[131] တိုက်ပွဲများကြောင့် ထွက်ပြေးကြရ သောသူများသည်လည်း ပြန်လာပြီးမိမိမြေများတွင် လုပ်ကိုင်စားသောက်နိုင်ပြီ ဖြစ်ပါသည်။[132]

အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရရှိပြီးနောက် ရရှိလာသော နောက်ထပ်ကောင်းကျိုးများမှာ အမျိုးသမီးများအတွက် ကြောက်ရွံ့မှု နှင့်မတည်မငြိမ်ဖြစ်မှုများ လျော့နည်းသွား ခြင်းဖြစ်ပါသည်။

---

[125] KNUနှင့် မြန်မာအစိုးရတို့သည် ၂၀၁၂ ဇန်နဝါရီလ ၁၂ ရက်နေ့ တွင် ပဏာမ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ကို ဖားအံမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ပဏာမ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့် ၂၀၁၅ တစ်နိုင်ငံလုံး အပစ် အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးခြင်းများကို ပိုမိုသိလိုပါက ဤအစီရင်ခံစာတွင်ပါဝင် သော အပစ်ခတ်ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာတိုးချက်လုပ်ဆောင်မှု၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ဟူသည့်အခန်းတွင်ကြည့်ပါ။ Truce or Transition? Trends in human rights abuse and local response since the 2012 ceasefire, KHRG, May 2014. တွင်လည်း အပစ်အ ခတ် ရပ်စဲရေးပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ပြောင်းလဲလာသော လူအခွင့်အရေးအခြေအနေ များကို သုံးသပ်ထားချက်များကို ကြည့်ရှုနိုင်ပါသည်။

[126] Source #8; 79; #45: "Nyaunglebin Interview: Daw U---, December 2012" KHRG, July 2014. တွင် ကြည့်ပါ။

[127] Source #79 တွင် ကြည့်ပါ။

[128] Source #150 တွင် ကြည့်ပါ။

[129] Source #45: "Nyaunglebin Interview: Daw U---, December 2012" KHRG, July 2014 တွင် ကြည့်ပါ။

[130] Source #79 တွင် ကြည့်ပါ။

[131] Source #24 တွင် ကြည့်ပါ။

[132] Source #25 တွင် ကြည့်ပါ။

*"ဒီနှစ်တော့ အရင်ကလို ကြောက်ရတာ ဒါမှမဟုတ် ထွက်ပြေးရတာမျိုးမရှိတော့ပါဘူး။"*

နော် လ....၊ (မ၊ ၄၉ နှစ်)၊ မ....ကျေးရွာ၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်း အရှေ့ပိုင်း
(၂၀၁၂ ဩဂုတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[133]

အမျိုးသမီးများက အပစ်အခတ်ရပ်စဲရေးသည် ၎င်းတို့ဒေသဖွံ့ဖြိုးရေးအတွက် လမ်းဖွင့်ပေးကြောင်း KHRG အား တင်ပြပြောဆိုခဲ့သည်။[134] ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးများ လုပ်ကိုင်ခွင့်ရရှိလာသည်သာမက မိမိတို့ ကျေးရွာများ၏အခန်းကဏ္ဍသစ်များတွင်ပါဝင်ရခြင်းနှင့် ပညာရေး[135] တွင်လည်းအချိန် ပိုမို ပေးလာနိုင်ခြင်းစသည့် အခွင့်အလမ်းများရရှိလာပါသည်။ ဤကဲ့သို့အခွင့်အလမ်း များရရှိ လာခြင်းကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများကိုလည်း ပိုမိုရွေးချယ်လာနိုင်သည်။

*"အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရပြီးနောက် ရွာသားတွေရဲ့အခန်းကဏ္ဍ ပြောင်းလဲလာတာကို တွေ့မြင် လာရပါတယ်။ ဥပမာ အရင်တုန်းက ကလေးတွေဟာ  အိမ်မှာနေပြီးမိဘကိုပဲ လုပ်ကူကြရတယ်။ တစ်ခုခုဖြစ် လာရင် တောထဲကိုထွက်ပြေးကြရတယ်။ ဒါပေမဲ့အခုတော့ ကလေးတွေကကြီးလာပြီး ပညာလည်း တတ် လာတော့ အချို့ဆိုရင် အဖွဲ့အစည်းတွေမှာအလုပ်လုပ်ကြတယ်။ အခုဆိုရင် အမျိုးသမီးတွေလည်း ပညာ သင်ယူခွင့်ပိုမိုရလာ သလို ပိုပြီးအဆင့်မြင့်တဲ့ပညာကိုလည်း သင်ခွင့်ရလာပြီ။ အရင်ကတော့ အခွင့်အရေး နည်းနည်းပဲရတယ်။"*

နော် အ....၊ (မ၊ ၂၀ နှစ်)၊ ကျိုက်ထိုမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၅ နိုဝင်ဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[136]

## စစ်အုပ်ချုပ်မှု (စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ) ၏ အကျိုးသက်ရောက်မှု[137]

၂၀၁၂ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် မြန်မာပြည်အရှေ့ တောင်ပိုင်းတွင် အမျိုးသမီးများကလွတ်လပ်စွာသွားလာခွင့်နှင့် မိမိတို့၏လယ်ယာ လုပ်ငန်းခွင်များသို့ ပိုမိုလွယ်ကူစွာ သွားလာခွင့် စသည်တို့နှင့်ပတ်သက်၍ အကောင်း မြင်သကဲ့သို့ အချို့အမျိုးသမီးများက စစ်တပ်များဆက်လက် တည်ရှိနေခြင်းကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်များအတွက် အခက်အခဲရှိစေသည်ဟု ဆက်လက်ထုတ်ဖော်ပြောဆိုကြပါသည်။

KHRG ဒေသခံအဖွဲ့ဝင်များ နှင့် စကားပြောခဲ့ကြသောအမျိုးသမီးများစွာ၏ ခင်ပွန်းသည်များသည် မြေမြှုပ် မိုင်းများနင်းခဲ့မိခြင်း[138] နှင့်အတင်းအဓမ္မပေါ်တာထမ်းရန် ခေါ်ဆောင် သွားခြင်းခံရ ခြင်းများကြောင့် ၎င်းတို့၏ ခင်ပွန်းသည်များကိုဆုံးရှုံးခဲ့ရပါသည်။[139] ထိုသို့ ခင်ပွန်းသည်များ ဆုံးရှုံးရခြင်းသည် ၎င်းတို့၏ ကိုယ်ပိုင်ဘဝနှင့် စီးပွားရေးအခြေအနေ များကိုလွန်စွာထိခိုက်စေပါသည်။ ထုံးတမ်းစဉ်လာအရ အိမ်ထောင်ဝင်ငွေကို အဓိကရှာ ဖွေပေးသော ခင်ပွန်းသည်မရှိသောကြောင့် ဤအမျိုးသမီးများအနေဖြင့် ကြီးမားသော အခက်အခဲများကို ကြုံတွေ့ရပါသည်။

ခ... ကျေးရွာမှ နော် အ....၊ သည် သူမ၏ခင်ပွန်းသေဆုံးပြီးနောက် ရင်ဆိုင်ရသောအ ခက်အခဲများကို KHRG ထံ တိုင်ကြားစာရေးသားပေးပို့ တင်ပြခဲ့ပါသည်။ သူမ၏ခင်ပွန်းကို DKBA[140]  အဖွဲ့မှ အတင်းအဓမ္မ ခေါ်ဆောင် သွားခဲ့သည်။ ထိုသို့ခေါ်ဆောင်သွားပြီးနောက်သူမ၏ခင်

---

[133] Source #24 တွင် ကြည့်ပါ။

[134] Source #49 တွင် ကြည့်ပါ။

[135] Source #150 တွင် ကြည့်ပါ။

[136] Source #150 တွင် ကြည့်ပါ။

[137] ဤအခန်းတွင် စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်ခြင်းနှင့် လှုပ်ရှားမှုကြောင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းအပေါ်သက်ရောက်မှုများကိုသာ အဓိကထားတင်ပြထားခြင်းဖြစ်ပါသည်။ စစ်အုပ်ချုပ်မှု(စစ်ဘက်ဆိုင်ရာတိုးချဲ့ လုပ်ဆောင် ခြင်း)အပေါ်ထားရှိသော အမျိုးသမီးများ၏ ယေဘုယျသဘောထားအမြင်များကိုသိလိုပါက အပစ်အခတ်ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ နှင့်၂၀၁၅ အထွေထွေရွေးကောက်ပွဲ ဟူသည့်အခန်းတွင်ကြည့်ပါ။

[138] Source #1 & 2 တွင် ကြည့်ပါ။

[139] Source #36 တွင် ကြည့်ပါ။

[140] DKBA  ဆိုသည်မှာ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်ကို ရည်ညွှန်းခေါ်ဆိုခြင်းဖြစ်ပါသည်။ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် တပ်မဟာ ၅ (DKBA-5) အဖြစ်လည်း သိကြသည်။ ဤဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်သည် ၎င်းတို့နှင့် အမည်အတိုကောက်တူသော DKBA(ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာတပ်မတော်)မှ ခွဲထွက်အဖွဲ့ဖြစ်ပါသည်။ ကရင်ဗုဒ္ဓဘာသာအဖွဲ့သည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) မှ ၁၉၉၄ ခုနှစ်တွင်ခွဲထွက်ပြီး အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပါသည်။ ဒီမိုကရက်တစ်ကရင့် အကျိုးပြု တပ်မတော်သည် "ဗုဒ္ဓဘာသာတပ်မတော်" မှ ၂၀၁၀ ခုနှစ်တွင်ခွဲထွက်ခဲ့ပါသည်။ ကရင်ဗုဒ္ဓဘာသာတပ်မတော်သည် နယ်ခြားစောင့်တပ် (တပ်ရင်း အမှတ် ၁၀၁၁ မှ အမှတ် ၁၀၂၂) အဖြစ်သို့ အသွင်ကူးပြောင်းခဲ့ပါသည်။ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ တွင် အစိုးရနှင့် အပစ်ရပ်စာချုပ် လက်မှတ် ရေးထိုးခဲ့ပါသည်။ မြန်မာငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့၏ အဆိုအရ ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော် တွင်စစ်သည်အင်အား ၁၅၀၀ ရှိပါသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဒီမိုကရေစီ  အကျိုးပြု ကရင်တပ်မတော် မှ အင်အား ၁၀၀ ရှိခွဲထွက်အဖွဲ့သည် ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာတပ် မတော်ဟူသည့် အမည်ပြန်လည်စတင် အသုံးပြုသည်။ မူလပထမ DKBA အကြောင်း ပိုမိုသိလိုပါက"Inside the DKBA," KHRG, 1996. တွင် ကြည့်ပါ။

ပွန်းသည်မှာ မိုင်းနင်းမိပြီး သေဆုံးသွားခဲ့သည်။ မုဆိုးမ ဖြစ်သွားသော နော် အ… အပေါ် ကလေးများ၏ တာဝန်လုံးဝကျရောက်သွားခဲ့ရသည်။ သူမ၏ကျန်းမာရေး လည်းမကောင်းပါ။

*"ကျွန်မအနေနဲ့ ကိုယ့်မိသားစု နဲ့ ကိုယ်ပိုင်အိမ်မှာနေရရင် ပိုကောင်းမယ်။ အခုတော့ မဖြစ်နိုင်တော့ပါဘူး။ ကျွန်မမိဘမောင်နှမတွေနဲ့ အတူနေနိုင်သေးပေမယ့်လည်း ကိုယ့်ခင်ပွန်းနဲ့ နေရတာနဲ့ ဘယ်တူမလဲ။"*

တိုင်ကြားစာ၊ ရေးသားသူ နော် အ….၊ ခ…ကျေးရွာ၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၂ ဇန်နဝါရီလတွင် လက်ခံရရှိခဲ့သည်။)[141]

လက်နက်ကိုင်များ၏လုပ်ရပ်များသည် အမျိုးသမီးများ၏မိသားစုအပေါ် ထောက်ပံ့နိုင်မှု စွမ်းရည် ကို ထိခိုက် စေ သည်ဟု အမျိုးသမီးများက KHRG အားတင်ပြပြောဆိုပါသည်။ လက်နက်ကိုင်များ၏လုပ်ရပ်များဟု ဆိုရာတွင် တပ်မတော်မှစိုက်ပျိုးသီးနှံများကိုဖျက်ဆီးခြင်း၊[142] တပ်မတော်မှတိုက်ခိုက်မည်ကို ကြောက်ရွံ့၍ အမျိုးသမီးများ စိုက်ခင်းများတွင် လွတ်လပ်စွာအလုပ်မလုပ်နိုင်ခြင်း၊[143] သို့မဟုတ် နယ်ခြားစောင့်တပ်များက အမျိုးသမီးများ၏ အသီးအနှံရိတ်သိမ်းခြင်း နှင့် တောတောင်များတွင် ဟင်းရွက်များရှာဖွေခြင်းတို့ကို တားဆီးခြင်းစသည် တို့ကိုဆိုလိုပါသည်။[144]

ဒူးပလာယာခရိုင် တ….ကျေးရွာ မှ နော် လ….ကလည်း တပ်မတော်စစ်သည်များသည် သူမ၏စိုက်ခင်းအတွင်း ဖြတ်သန်းသွားလာသောအခါ အချို့သီးနှံများကို နင်းချေပြီး အချို့သီးနှံများကို ခူးယူစားသောက်ခဲ့ သည်ဟုဆိုခဲ့သည်။ ထိုအချိန်တွင် ပဲသီးများဆွတ်ခူးရမည့်အချိန် ဖြစ်သော်လည်း စစ်သားများကြောင့် သီးနှံများပျက်စီးခဲ့ရသည်။ သို့သော် သူမအနေဖြင့် စစ်သားများကို မည်သည့်အရာမျှပြန်မပြောရဲခဲ့ပါ။ မကျေ မနပ်စိတ်ဖြင့်သာ ကျန်နေခဲ့ရသည်။

*"တပ်မတော်စစ်သားတွေက နေရာတကာသွားတာပဲ။ သူတို့အဲဒီလိုလျှောက်သွားတော့ သီးနှံတွေ ပျက်စီးကုန် တာပေ့ါ။ သူတို့မှာ သေနတ်ရှိတော့ ကျွန်မတို့ကဘာမှ မပြော ရဲဘူး။ ဒီလိုပဲကြည့်နေရတယ်လေ။"*

နော် လ….၊ (မ၊ ၄၈ နှစ်)၊ တ….ကျေးရွာ၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၂ ဩဂုတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[145]

## တစ်ဦးတစ်ယောက်တည်းနေသော အမျိုးသမီးများနှင့် မုဆိုးမများမှကြုံတွေ့ရသည့် အခက်အခဲ စိန်ခေါ်မှုများ

အသက်မွေးဝမ်းကျောင်းအခြေအနေများနှင့် ပတ်သက်၍ အမျိုးသမီးများမှ KHRG သို့ တင်ပြသော ထင်ရှားသည့်ရှုထောင့်အမြင်တစ်ခုမှာ မိန်းမပျိုများ၊ မုဆိုးမများ သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် ခင်ပွန်းသည်အနီးတွင်မရှိသော အမျိုးသမီးများမှ ရေရှည်ရင်ဆိုင်နေရသောစိန်ခေါ်မှုအခက်အခဲများ အကြောင်း ဖြစ်ပါသည်။ ဤရှုထောင့်အမြင်ကို မိန်းမ ပျိုများ၊ မုဆိုးမများ နှင့် ခင်ပွန်းသည်အနီးတွင်မရှိသော အမျိုးသမီးများ၏ထွက်ဆိုချက်များတွင် တွေ့ရပါမည်။ ထို့အပြင် အခြားသောအမျိုးသမီးများ၏ တင်ပြချက် များတွင်လည်း တွေ့မြင်နိုင်ပါသည်။ အခြားအမျိုးသမီးများက ခင်ပွန်းသည်မရှိ သောအမျိုးသမီးများသည် အခက်အခဲများကိုရင်ဆိုင်ရာတွင် ပိုမိုထိခိုက်လွယ်ပြီး အစား အသောက်နှင့်ဝင်ငွေမလောက်ငှမှုများကိုလည်း ပိုမိုခံစားရနိုင်သည်ဟု ပြောဆိုတင်ပြ ပါသည်။

ခင်ပွန်းသည်များဆုံးရှုံးခဲ့ရသော အမျိုးသမီးများက ၎င်းတို့သည် တစ်နေ့လုပ်တစ်နေ့ စား ဘဝဖြင့် အလုပ် လုပ် ရခြင်း၊[146] ကလေးများကိုကျွေးမွေးရန်ရုန်းကန်ရခြင်း၊[147] ယခင် လုပ်ကိုင်ခဲ့သော အသက်မွေး ဝမ်းကျောင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများကို မလုပ်ကိုင်နိုင်တော့ခြင်း၊[148] မိမိတို့ပိုင်လယ်ယာ စိုက်ခင်းများကို တစ်ဦး တည်းမကာကွယ် နိုင်ခြင်းနှင့် မိသားစုများ၏အကူအညီများအပေါ် မှီခိုလာရခြင်း[149] စသည့် အခက်အခဲများ ကို ရင်ဆိုင်ကြရကြောင်း တင်ပြပြောဆိုထားပါသည်။ သထုံခရိုင်မှ မ ပ….. သည် ခင်ပွန်းသည်ရန်ကုန် အင်းစိန်ထောင်တွင် ဖမ်းဆီးထောင်ချ ခံခဲ့ရခြင်းကြောင့် သူမအနေဖြင့် အသက်မွေးဝမ်းကျောင်းရန်အတွက် အခက်အခဲများစွာ နှင့် ကြုံတွေ့ရကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

[141] Source #1 တွင် ကြည့်ပါ။
[142] Source #26 တွင် ကြည့်ပါ။
[143] Source #24 တွင် ကြည့်ပါ။
[144] Source #34 တွင် ကြည့်ပါ။
[145] Source #26 တွင် ကြည့်ပါ။
[146] Source #140, 35 တွင် ကြည့်ပါ။
[147] Source #140, 35 တွင် ကြည့်ပါ။
[148] Source #142 တွင် ကြည့်ပါ။
[149] Source #142 တွင် ကြည့်ပါ။

*"သူနဲ့ရှိတုန်းကတော့ မဆိုးဘူးလေ။ သူအလုပ်လုပ်ပေးတယ်၊ အခုသူမရှိတော့ ကျွန်မကလေးတွေနဲ့ဒုက္ခ တွေရောက်နေတယ်။ ကျွန်မသူများဆီကနေ ပိုက်ဆံချေးငှားရတယ်။ ကျွန်မမောင်နှမတွေကလဲ ဆင်းရဲတော့ ကျွန်မကို အမြဲမထောက်ပံ့နိုင်ကြဘူး။ ရာသီဥတုကလည်းအရမ်းပူတယ်။ ကျွန်မမှာလည်း ကလေးတွေ က တဖက်နဲ့ အမှုလိုက်နေရတယ်။ ရုံးချိန်းလည်းအမြဲသွားနေရတယ်။ တစ် ခါ တစ်လေ ကျွန်မပြန်လာရင် ကလေး တွေက ထမင်းအသီးပဲစားရတယ်။ ရုံးချိန်းကလည်း တစ်လထဲမှာ နှစ်ခါ မဟုတ်ရင် လေးခါလောက်သွားရ တယ်။ ကျွန်မ အမြဲတမ်းသွားရတော့ ခရီးသွားဖို့ပိုက်ဆံအများကြီးကုန်တယ်လေ။"*

မ ပ....၊ (မ၊ ၄၂ နှစ်)၊ မ...ကျေးရွာ၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ် မြောက်ပိုင်း
(၂၀၁၅ ဖွန်လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[150]

အခြားသော သတင်းအချက်အလက်များတွင် စစ်အုပ်ချုပ်မှု စစ်တပ်များ ဆက်လက်တပ်စွဲထားခြင်းကြောင့် မုဆိုးမဖြစ်သွားသည့်အမျိုးသမီးများက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ရာတွင် ဖိအားများစွာ ခံကြရ ကြောင်းခံယူကြသည်။ မုဆိုးမများအနေဖြင့် သက်ကြီးရွယ်အိုမိဘများအပေါ် မှီခို ရခြင်းကြောင့် စိတ်မကောင်း ဖြစ်ရခြင်း၊ ကလေးများကို ထောက်ပံ့ပေးရန် ဝင်ငွေမရှိ သောကြောင့် မိမိကိုယ်ကို မကျေနပ်ခြင်း၊ လုပ်ငန်း အတွေ့အကြုံ မရှိခြင်းကြောင့် အလုပ်ခွင်များသို့ဝင်ရောက်နိုင်မှု မရှိခြင်း၊ မိမိကလေးများ၏ ရှေ့ရေးအတွက် စိတ်ပူပန်ရ ခြင်း စသည်ကဲ့သို့ များစွာသော ဖိအားများ၊ စိုးရိမ်မှုများ၊ ရုန်းကန် မှုများနှင့် ရင်ဆိုင်ရကြောင်း ပြောကြားပါသည်။

၂၀၁၂ ခုနှစ်တွင် ဖာပွန်ခရိုင် ဘူးသိုမြို့နယ်အတွင်း အမျိုးသားတစ်ဦးသည် ကရင်ပြည်နယ်ရှိ နယ်ခြား စောင့်တပ် အမှတ် ၁၀၁၃ မှ ၎င်းတို့အတွက်ရိက္ခာသယ်ဆောင်ပေးရန် အတင်းအဓမ္မစေခိုင်းခြင်းကိုခံခဲ့ရပါသည်။ ထိုသို့သယ်ဆောင်ပေးရာမှ မြေမြှုပ်မိုင်းနင်းမိပြီး ထိုအမျိုးသား သေဆုံးခဲ့ရပါသည်။ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၃ မှ စစ်သည်များက ၎င်းအမျိုးသား အသုဘစရိတ်အတွက် ငွေနှင့်ပစ္စည်းများလာရောက်ပေးအပ် သော်လည်း ယခုအခါ ထိုအမျိုးသား၏မုဆိုးမဇနီးမှာ စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်း ရန်အတွက် အခက်အခဲကြီးမားစွာရင်ဆိုင်နေရကြောင်း ဒေသခံ KHRG အဖွဲ့ဝင် မှပြောကြားပါသည်။[151]

KHRG နှင့်စကားပြောဖြစ်သော အမျိုးသမီးတစ်ချို့က ခင်ပွန်းသည်မရှိသောအမျိုးသမီး များသည် အခြားရွာ သားများ၊[152] အစိုးရ[153] သို့မဟုတ် ဘုရားရှိခိုးကျောင်းများ[154] မှ အကူအညီ ပေးခြင်းများကို လိုအပ်ကြောင်း ၎င်းတို့၏အမြင်ကိုတင်ပြထားပါသည်။

## သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော စိန်ခေါ်မှုများ

စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ နှင့် အပစ်အခတ်ရပ်စဲပြီးနောက်တွင် ရင်ဆိုင်ရသော စိန်ခေါ်မှု များအပြင် အခြေအနေ မတည်ငြိမ်မှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများအပေါ် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု၏ စိန်ခေါ်မှုများကြောင့် သူမတို့၏ အသက်မွေးဝမ်းကျောင်းအတွက် ရုန်းကန်လှုပ်ရှားနေရသည့် အခြေအနေကို လည်း အမျိုးသမီးအများက တင်ပြထားပါသည်။ ပုံမှန်မဟုတ်သော ရာသီဥတု မတည်ငြိမ်မှုကြောင့်[155] သီးနှံများ ထွက်နှုန်းလျော့ခြင်း၊ ပိုးမွှားများဖျက်ဆီးမှုကြောင့်[156] သီးနှံများဆုံးရှုံးရခြင်းများသည် သူမ တို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် စိန်ခေါ်မှုများနှင့်အခက်အခဲ များဖြစ်စေ သည်ကို အမျိုးသမီးများက တင်ပြ ပြောဆိုကြပါသည်။

ဖာပွန်ခရိုင် အ...ကျေးရွာ တွင်နေထိုင်သော မိသားစုဝင်ဆယ်ယောက်ရှိသော မိသားစုမှ မိခင်ဖြစ်သူ နော် န...က ပိုးမွှားများကြောင့် သီးနှံများပုံမှန်မထွက်ရှိသဖြင့် သူမ၏မိသားစုကိုထောက်ပံ့ရန် အခက်အခဲဖြစ်စေကြောင်းတင်ပြပြောဆိုပါသည်။ ဤကဲ့သို့ သောအခြေအနေကြောင့် သူမအနေဖြင့် မိသားစုကိုကျွေးမွေးရန် အခြားရွာသားများထံ မှချေးငှားရပါသည်။

*"လယ်သမားတွေ စပါးအထွက်မကောင်းဘူး။ စပါးပင်တွေသေကုန်တယ်။ ဒါကမကောင်းဘူးလေ။ တစ်ခါတစ်လေကြွက်တွေစပါးခင်းကို လာဖျက်လို့ စပါးရသင့်သလောက်မရဘဲ နည်းနည်းပဲ ရတော့တယ်လေ။"*

နော် န...၊ (မ၊ ၆၀ နှစ်)၊ အ...ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၅ ဖွန်လ တွင်တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[157]

[150] Source #140 တွင် ကြည့်ပါ။

[151] Source #35 တွင် ကြည့်ပါ။

[152] Source #8 တွင် ကြည့်ပါ။

[153] Source #8 တွင် ကြည့်ပါ။

[154] Source #7 တွင် ကြည့်ပါ။

[155] Source #45: "Nyaunglebin Interview: Daw U---, December 2012" KHRG, July 2014; 130 တွင် ကြည့်ပါ။

[156] Source #39; 136 တွင် ကြည့်ပါ။

[157] Source #136 တွင် ကြည့်ပါ။

စိုက်ပျိုးသီးနှံများ အထွက်နည်းခြင်းကြောင့် အမျိုးသမီးများ၏ဘဝ မတည်ငြိမ်ခြင်းကို သီးစားခနှင့် အခွန်ခမြင့် မားခြင်းက[158] ထပ်မံဆိုးရွား စေပါသည်။ အချို့အမျိုးသမီးများ အတွက် သီးနှံထွက်နှုန်းနည်းသော နှစ်များတွင် စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်ဆပ်နိုင်ရန် ဝန်ထုပ် ဝန်ပိုးများစွာဖြစ်စေပါသည်။[159]

## စက်မှုလုပ်ငန်းနှင့် စီးပွားဖြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများမှ ရရှိနိုင်မည့် အကျိုးအမြတ်များ

အမျိုးသမီးများစွာက ဖွံ့ဖြိုးရေးစီမံကိန်းများသည် ၎င်းတို့၏ဒေသအတွက် အရေးပါ သော၊ လိုအပ် သော အရာ ဖြစ်သည်ဟု KHRG အားရှင်းပြပါသည်။ ဒေသတွင်း ဝင်ရောက်လာမည့်ရင်းနှီးမြှုပ်နှံမှုများကို လက်ခံ သင့် ကြောင်း အမျိုးသမီးများမှ ထုတ်ဖော်ပြောဆိုပါသည်။သို့သော် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သို့ လုပ်ဆောင်သင့်သည်၊ မည်သူနှင့်လုပ် ဆောင်သင့်သည်ကို အမျိုးသမီးများက ၎င်းတို့၏ခိုင်မာသောအမြင် ကိုလည်း တစ်ပြိုင် နက်တင်ပြလာကြပါသည်။ အမျိုးသမီးများ အထူးသဖြင့် ကျေးလက်ဒေသရှိအမျိုးသမီးများ၏ရပိုင်ခွင့်ကို CEDAW စာချုပ် အပိုဒ် ၁၄.၂(က)တွင် ဤသို့ဖော်ပြထားသည်။ အမျိုးသမီးများကို ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများတွင် တိုင်ပင်ဆွေးနွေးပါဝင်ခွင့်ပေးပြီး စီမံကိန်းများ၏ အကျိုးကျေးဇူးကိုလည်း ခံစားခွင့်ရရှိစေရမည်။

*"ကျေးလက်ဒေသနေ အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းပပျောက်စေရန် အစိုးရအနေဖြင့် သင့်လျော်သော နည်းလမ်းများအားလုံးကို အသုံးပြုပြီးလုပ်ဆောင်ပေး ရမည်။ ဤသို့လုပ်ဆောင်ပေးခြင်းဖြင့် အမျိုးသမီး များသည် အမျိုးသားများနှင့် တန်းတူ ဖွံ့ဖြိုးရေးစီမံကိန်းများတွင်ပါဝင်ပြီး အကျိုးခံစားခွင့် ရရှိရန် သေချာ စေနိုင်မည်။ အထူးသဖြင့် ကျေးလက်နေအမျိုးသမီးများအားအောက်ပါအခွင့်အရေးရရှိစေရန်လုပ် ဆောင် ပေးရမည်။ (က) ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းနှင့် အကောင် အထည်ဖော်ဆောင်ရွက်ခြင်း အဆင့်ဆင့်၌ အမျိုးသမီးများ ပါဝင်ခွင့်ရရှိရန် အစိုးရမှ ဆောင်ရွက်ပေးရမည်။"*[160]

စက်မှုလုပ်ငန်းနှင့် စီးပွားဖြစ် လုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဘက်ပေါင်းစုံမှ ကောင်းသော အကျိုးအကျေးဇူးများကို မြင်တွေ့လိုကြောင်း KHRG နှင့် တွေ့ဆုံစကား ပြောခဲ့သောအမျိုးသမီးများက မီးမောင်းထိုးတင်ပြပါသည်။ ၎င်းအကျိုးကျေးဇူးများမှာ သဘာဝဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်နိုင် သည့်ဆိုးကျိုးသက်ရောက်မှုများကို နည်းနိုင်သမျှနည်းရန် ကန့်သတ်ထားခြင်း[161] ဒေသခံရွာသားများ အသုံးပြုသောလမ်းဟောင်းများနှင့်အပြိုင် ဖောက်လုပ်ထားသော လမ်းသစ်များကိုအသုံးပြု၍ စီးပွားရေးနှင့်ကုန်သန်းရောင်းဝယ်ရေး အခွင့်အလမ်းများ တိုးတက်လာရန် ဆောင်ရွက်ပေးခြင်း[162] စသည်တို့ဖြစ်ကြသည်။ ဒူးပလာယာခရိုင်မှ အမျိုးသမီးတစ်ဦးက လမ်းသစ်ဖောက်လုပ်ပေးခြင်းသည် ဒေသခံရွာသားများအတွက် အကျိုးရှိမည်ဆိုပါက လမ်းဖောက်လုပ်ရာတွင် သူမပိုင်မြေများဆုံးရှုံးသွားရလည်း သူမ လက်ခံ ခွင့်ပြုနိုင် ကြောင်းပြောပါသည်။

*"လမ်းမဖောက်ခင် ကုမ္ပဏီကကျွန်မကိုလာတွေ့ပြီး ပြောပါတယ်။ 'ကျွန်တော်တို့ လမ်း ဖောက်ဖို့ရှိပါတယ်။ လမ်းဖောက်ရင် ခင်ဗျားပိုင်မြေရော တစ်ခြားလူပိုင်တဲ့မြေရော လမ်း ဖောက်တဲ့နေရာမှာ ပါသွားမယ်။ ခင်ဗျား အနေနဲ့လျော်ကြေးငွေ ယူချင်ပါသလား' လို့ကျွန် မကိုမေးတယ်။ လမ်းဖောက်လို့လူအများအတွက် အကျိုးရှိမယ် အသုံးဝင်မယ်ဆိုရင် လျော်ကြေးငွေမယူပါဘူးလို့ ကျွန်မသူတို့ကိုပြန်ပြောပါတယ်။"*

နော် ခ….၊ (မ၊ ၄၇ နှစ်)၊ ခ…ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း<br>(၂၀၁၅ မတ်လ တွင်တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[163]

အထက်ပါလမ်းဖောက်လုပ်ခြင်းတွင် ကျောက်ထုတ်လုပ်ငန်းဒေသသို့ လမ်းဖောက်လုပ် ခြင်းလည်းပါဝင်ပါသည်။ နော် ခ…က ဆက်လက်၍ လမ်းဖောက်ခြင်းကြောင့်မဟုတ်ဘဲ ကျောက်ထုတ်လုပ်ခြင်းကြောင့် ဆုံးရှုံး သွားရသောမြေများအတွက် လျော်ကြေးငွေရရှိ မည်ဆိုလျှင် သူမအနေနှင့်ရရှိသည့်ငွေကို ကျေးရွာလျှပ်စစ် မီးနှင့်ရေရရှိရေးအတွက် အသုံးပြုမည်ဟု ပြောပါသည်။ သို့သော် ကုမ္ပဏီသည် ၎င်းတို့ကတိပေးထား သည့်အတိုင်း လျော်ကြေးငွေပေးဆောင်ခြင်းမရှိခဲ့ပါဟု သူမကပြောပါသည်။

---

[158] Source #45: "Nyaunglebin Interview: Daw U---, December 2012" KHRG, July 2014.; 143 တွင် ကြည့်ပါ။

[159] Source #45: "Nyaunglebin Interview: Daw U---, December 2012" KHRG, July 2014.; 143 တွင် ကြည့်ပါ။

[160] Article 14.2(a), Convention on the Elimination of All Forms of Discrimination Against Women, UN General Assembly, December 1979.

[161] Source #49 တွင် ကြည့်ပါ။

[162] Source #41 တွင် ကြည့်ပါ။

[163] Source #132 တွင် ကြည့်ပါ။

*"ရွာသားတွေလည်း လမ်းဘေးကသူတို့မြေတွေအတွက် လျော်ကြေးမလိုချင်ကြပါဘူး။ ကျောက်ထုတ် လုပ်ငန်းကလျော်ကြေးငွေပဲလိုချင်ကြတယ်။ အဲဒီငွေနဲ့လျှပ်စစ်မီးတပ် ဆင်လိုကြတယ်။ ရွာသားတွေက ကျောက်ထုတ်လုပ်ငန်းကြောင့် သူတို့အကျိုးအမြတ်ရ ရှိပြီး လျှပ်စစ်မီးတပ်ဆင်နိုင်မှာမိုလို့ ကျေးဇူး တင်ကြပါတယ်။ ဒါပေမဲ့သူတို့ ကျွန်မကိုအခုပဲ လျှပ်စစ်မီးတပ်ခိုင်းရင် ကျွန်မလုပ်ပေးလို့မရဘူး။ကျွန်မတိတ်တိတ်လေးပဲနေရမယ်ပေါ့။ ကုမ္ပဏီက ကျွန်မကိုလိမ်သွားတယ်လေ။"*

နော် ခ....၊ (မ၊ ၄၇ နှစ်)၊ ခ..ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၅ မတ်လ တွင်တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[164]

ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်နစ်နာသွားသော ဒေသခံများအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်နေသော ပုဂ္ဂလိကနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ အကျိုးရှိသောအရာများကို လျော်ကြေးအနေဖြင့် လုပ်ဆောင်နေ ကြောင်း တင်ပြမှုများကိုလည်း လက်ခံရရှိပါသည်။ ရာဘာစိုက်ပျိုးရန် ဒေသခံများ၏မြေများကို သိမ်းဆည်းထား သော ကုမ္ပဏီတစ်ခုသည် ဒေသခံများအတွက်စာသင်ကျောင်း တစ်ကျောင်းဆောက်ခဲ့သည်။[165] အခြားကုမ္ပဏီတစ်ခုကလည်း ကျေးရွာအနီးရှိကျောက်တောင်တွင် ကျောက်ထုတ်လုပ်ရန်ပြည်သူများကကန့်ကွက်သဖြင့် စာသင်ကျောင်း ဆောက်လုပ်ပေးရန် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ပါသည်။[166]

## ပညာရေးနှင့် ဒေသတွင်းဖွံ့ဖြိုးရေးစီမံကိန်းများ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင်လုပ်ကိုင်နေသော ကုန်ထုတ်လုပ်ငန်းနှင့် စီးပွားဖြစ် ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများအပေါ်တွင် မြင်သောအမြင်များသာမက အမျိုးသမီးများ သည် ဒေသအခြေစိုက် လူထု အကျိုးပြုဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများအပေါ် ၎င်းတို့၏ အမြင်များကိုလည်း ထုတ်ဖော်ပြော ကြားကြပါသည်။

KHRG သတင်းစုဆောင်းရာဒေသများတွင် ကောက်ယူထားသော အမျိုးသမီးများ၏အ မြင်များမှာ ရော ထွေးလျက်ရှိပါသည်။ အချို့က လုပ်ဆောင်မည့် စီမံကိန်းများသည် ငြိမ်း ချမ်းရေးအတွက် အထောက် အကူပြုပါက သူမတို့အနေဖြင့် ထိုစီမံကိန်းကိုထောက်ခံမည်ဟုပြောပါသည်။[167] အချို့မှာမူ စီမံကိန်းများသည် ဒေသခံများအတွက် ကောင်း ကျိုးရရှိနိုင်သကဲ့သို့ ဆိုးကျိုးလည်းရရှိနိုင်သောကြောင့် လုပ်ဆောင်မည့် စီမံကိန်း များကို သေချာစွာစီစစ် သုံးသပ်ပြီးမှ လုပ်ဆောင်သင့်ကြောင်း ထင်မြင်ယူဆကြပါသည်။[168] စီးပွားဖြစ်ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်သည်နည်းတူ လူထုအကျိုးပြုဖွံ့ ဖြိုးရေး စီမံကိန်းလုပ်ငန်း များ လုပ်ဆောင်ရွက်ရာတွင်လည်း ဒေသခံများကို ကြိုတင်အသိပေးဆွေးနွေး တိုင်ပင်ခြင်းမရှိခဲ့ကြကြောင်း အမျိုး သမီးများကသူမတို့၏အမြင်များကို ပြောကြားခဲ့ပါသည်။ ဤသို့ ကြိုတင်ဆွေးနွေး တိုင်ပင်ခြင်းမခံရသောကြောင့် သူမတို့သည် မြေများနှင့်ပိုင်ဆိုင် မှုများကိုထိခိုက်ပျက်စီးစေသည့် စီမံကိန်းများကို ကြိုတင်မတားဆီး နိုင်ခဲ့ကြပေ။[169]

ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်ရာတွင် အမျိုးသမီးများကိုဖိတ်ခေါ်အကြံဉာဏ် ယူရန် အရေးကြီး သည် ဆိုသည့်အချက်ကို အလေးထားပြီး ဒူးပလာယာခရိုင်မှ နော် က...၊ ကရွာသားများကို လုံး၀ တိုင် ပင်ခြင်းမရှိဘဲ တည်ဆောက်သော ရေသွယ်ရေးစီမံကိန်း၏ အကျိုးဆက်ကို အောက်ပါအတိုင်းတင်ပြခဲ့ပါသည်။

*"ဤရေပေးဝေရေးစီမံကိန်း လုပ်ဆောင်တဲ့အခါ ရွာသားတွေနဲ့ဆွေးနွေးတိုင်ပင်တာတွေမရှိခဲ့ပါဘူး။ သူတို့က အစိုးရမှာစီမံကိန်းလုပ်ဆောင်ခွင့် တင်ပြတဲ့အခါ လ....ရွာ သားတွေကို အစည်းအဝေးခေါ်ဆိုတာတွေ ဒါမှမဟုတ် လာအကြောင်းကြားတာတွေမရှိခဲ့ပါဘူး။ အစိုးရကနေခွင့်ပြုချက်ရလာတဲ့အခါမှာလည်း သူတို့တွေက ရွာသားတွေနဲ့ မတိုင်ပင်ဘဲ ရွာကိုလာပြီး ပိုက်လိုင်းတွေသွယ်တန်းပြီး လုပ်ငန်းစတင်ခဲ့ပါတယ်။ အချို့ပိုက်လိုင်းတွေက ရွာသား တွေအိမ်ခြံထဲကနေ့ အိမ်အောက်တွေကို ဖြတ်သွားကြတယ်လေ။ အချို့ပိုက်လိုင်းတွေက ရွာသားတွေရဲ့ စိုက်ခင်းတွေနဲ့ မြေကွက်တွေထဲကဖြတ်သွားတယ်။ ဒါကြောင့် လူတွေက စိတ်မကောင်းကြဘူး။ နွေရာသီရောက်ရင်တော့ ရေရှားပြီးရေရှာရခက်မယ်။"*

နော် ဝ....၊ (မ၊ ၂၉ နှစ်)၊ လ...ကျေးရွာ၊ င....ကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၅ ဩဂုတ်လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[170]

[164] Source #132 တွင် ကြည့်ပါ။
[165] Source #40 တွင် ကြည့်ပါ။
[166] Source #105 တွင် ကြည့်ပါ။
[167] Source #24 တွင် ကြည့်ပါ။
[168] Source #66 တွင် ကြည့်ပါ။
[169] Source #143 တွင် ကြည့်ပါ။
[170] အထက်ပါအတိုင်းကြည့်ပါ။

ဒေသခံပြည်သူများအနေဖြင့် ကြံ့ခိုင်ရေးပါတီမှ ဦးဆောင်သောအစိုးရက ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်ပြီး ယုံကြည်မှုမရှိကြောင်း(သို့) စိတ်မပိုင်းဖြတ်နိုင်ကြောင်း အမျိုးသမီးများစွာက ထုတ်ဖော် ရှင်းပြ ပါ သည်။[171] အမျိုးသမီးများအနေဖြင့်နိုင်ငံတကာအဖွဲ့ များနှင့်ယှဉ်လျှင် ဒေသခံအဖွဲ့အစည်းများဖြစ်သော ကရင်အမျိုးသမီးအစည်းအရုံး (KWO) ကဲ့သို့သော အဖွဲ့အစည်းများ၏ ထောက်ပံ့မှုများကို ပိုမိုနှစ်သက်ကြောင်း ပြောပါသည်။[172] အများအားဖြင့် အမျိုးသမီးများက ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများသည် ဒေသအတွက် အကျိုး ရှိနိုင်ချေများကြောင်း ထင်မြင်ယူဆကြပါသည်။ သို့သော် စီမံကိန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ကြိုတင်ထည့်သွင်းစဉ်းစားပြီး ဆိုးကျိုးများနည်းနိုင်သမျှနည်းရန်မည်သို့ လုပ်ဆောင်မည် ဟူသည့် အချက်များကို စီမံကိန်းများမစတင်မီ ကြိုတင်ပြင်ဆင် ထားရပေမည်။

[171] Source #79; #135 တွင် ကြည့်ပါ။

[172] Source #119 တွင် ကြည့်ပါ။

# ဓါတ်ပုံများ: အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ



ဤပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဇွန်လ ၂၉ရက် ၂၀၁၃ ခုနှစ်တွင် ရိုက်ကူးထားခဲ့ပြီး ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဘွာဒဲကျေးရွာအုပ်စု၊ န…ကျေးရွာမှ ၁၅ နှစ် အရွယ်ရှိ နော် ဖ…၏ ပုံဖြစ်ပါသည်။ ပုံထဲတွင် သူမသည် ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးနေရသူကရင်လူမျိုးများအားအကူအညီပေးရေးကော်မတီမှပေးလှူသော ဆန်အိတ် အားသယ်ဆောင်နေပုံကို တွေ့မြင်ရပါမည်။ သူမတို့နေထိုင်ရာ ဒေသတွင် အစာရေစာ ရှားပါးမှုကြောင့် သူမတို့မိသားစုသည် သူတစ်ပါးလှူဒါန်းသော ဆန်ကို ရယူနေရပါသည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို ဖာပွန်ခရိုင် ဒေါဖူးကျေးရွာအုပ်စု ဘ…ကျေးရွာရှိ တောင်ယာတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့က ရိုက် ကူးထားပါသည်။ ပုံတွင်အမျိုးသမီးများ ရေးရိုးစဉ်လာ အတိုင်း စပါးလှေ့နေပုံကို တွေ့မြင်ရပါမည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို ဖာပွန်ခရိုင်၊ ဒေးဝါးကျေးရွာအုပ်စု ခ…ကျေးရွာတွင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် KHRG၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှရိုက်ကူးထားပါသည်။ ပုံတွင် အမျိုးသမီးငယ်နှစ်ဦး ကျေးရွာများတွင် လုပ်လေ့ရှိသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည်ကို တွေ့မြင်ရပါမည်။ ဈေးတွင် ရောင်းချမည့်ဝါးများကို နွားလှည်းဖြင့်ဆွဲယူနေသည်ကို တွေ့မြင် ရပါမည်။ ဝါးတစ်ချောင်းလျှင် ၅၀ ကျပ်ဖြင့်ရောင်းချရ ကြောင်း အမျိုးသမီးများထံမှသိရပါသည်။ *(ဓာတ်ပုံ KHRG)*



ဤ ပုံကို ဖာပွန်ခရိုင် အ….ကျေးရွာတွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့က ရိုက်ကူး ထားခြင်း ဖြစ်ပါ သည်။ ပုံတွင် နော် တ….နှင့် သူမ၏ ကလေးကိုတွေ့မြင်ရပါမည်။ ဤပုံ မရိုက်ကူးမီ တစ်ရက် အလိုတွင် နော် တ…၏ ခင်ပွန်းသည်ကို တပ်မတော်မှ လုပ်အား ပေးစေခိုင်းရန် ခေါ်ဆောင်သွားခဲ့ပြီး ဤပုံရိုက်ကူးပြီး သည်အချိန်ထိ ပြန်မရောက်ရှိသေးကြောင်း သူမက ပြောပါသည်။ နော် တ…က သူမနှင့် ခင်ပွန်းသည်တို့သည် ဖျာယက်လုပ်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ် ကြောင်းလည်း ပြောပြပါသည်။ *(ဓာတ်ပုံ KHRG)*



ဤ ပုံကို ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ကျောက်ကြီးမြို့နယ် မ… ကျေးရွာတွင် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ရိုက်ကူး ထားပါ သည်။ပုံတွင် နော်လ…ကို တွေ့မြင်ရပါမည်။ နော်လ…မှ သူမတို့၏အသက်မွေးဝမ်းကျောင်းအခြေ အနေကို KHRG အား အောက်ပါအတိုင်း ပြောပြပါသည်။ "ဒီနှစ်က တော့အရင်က လို ကြောက်ဖို့မလိုတော့ဘူး။ ထွက်ပြေးဖို့ လည်းမလို တော့ဘူး။"[173] *(ဓာတ်ပုံ KHRG)*



ဤ ပုံကို ဒီဇင်ဘာလ ၆ ရက် ၂၀၁၄ ခုနှစ်တွင် ညောင်လေး ပင်ခရိုင်၊ မုန်းမြို့နယ်ရှိ စောခဒဲကျေးရွာစုတွင် ရိုက်ကူးခဲ့ပါသည်။ ပုံတွင် ရွာသားများကွမ်းသီး ခူးပြီး သိမ်းကျုံးနေကြခြင်းဖြစ်သည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဒီဇင်ဘာလ ၉ ရက် ၂၀၁၄ ခုနှစ်တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလော ကျေးရွာ အုပ်စုတွင်ရိုက်ကူးခဲ့ပါသည်။ ပုံတွင်နော်အ…. နှင့် သူမ၏ ယောက်ျား သည် ၄င်းတို့ ဝင်ငွေရရှိရေးအတွက် သစ်စက် နှင့်သစ်ခွဲ နေကြခြင်း ဖြစ်ပါသည်။ နော်အ….နှင့်သူမ၏ ယောက်ျား သည် မြန်မာအစိုးရ သစ်တောဌာနနှင့် KNU သစ်တောဌာနတို့မှ သစ်စက်ပိုင်ဆိုင်မှု အခွန် ပေးဆောင်ရသည့်အတွက် အခက်ကြုံနေရပါသည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဇန်နဝါရီလ ၂၁ ရက် ၂၀၁၅ ခုနှစ်တွင် သထုံခရိုင်၊ သထုံမြို့နယ်၊ နို့တာဆု ကျေးရွာ အုပ်စု၊ နို့တာဆုကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ပုံတွင် အမျိုးသမီး တစ်ဦးမှ အသက်မွေးဝမ်းကျောင်းအတွက် အုတ်ထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ပြီး ကလေးငယ်တစ်ဦးမှ သူမအား ကူညီနေခြင်းဖြစ်သည်။ *(ဓာတ်ပုံ KHRG)*

[173] Source #160 တွင် ကြည့်ပါ။

# အပိုင်း (ဂ) အကြမ်းဖက်မှုနှင့် အလွဲသုံးစားမှု၊ တုန့်ပြန်သည့်နည်းလမ်းများနှင့် တရားမျှတမှုရရှိခြင်း

## အခန်း ၄: ကျန်းမာရေးနှင့်ပညာရေး

*"ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ တာဝန်ကျ တဲ့ သားဖွားဆရာမတွေဟာ အခြားရွာတစ်ရွာ မှာ နေတဲ့အတွက် အရေးပေါ် ကိစ္စရှိရင်သူတို့တွေ ကို ရွာကိုအချိန်မှီ ရောက်အောင် မခေါ်လာနိုင်ဘူး။"*

စော က...(ကျား၊ ၄၂နှစ်)၊ င...ကျေးရွာ၊ မုန်းမြို့နယ်၊ ညောင်လေး ပင် ခရိုင်/ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း (၂၀၁၃ ဖွန်လတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[174]

### ပညာရေး ဝန်ဆောင်မှု ရယူခြင်း

အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေး ကြေငြာစာတမ်း (UDHR)[175] အပိုဒ် ၂၆ တွင် ပညာ သင်ကြားခွင့်ကို အဓိက အခြေခံ ကျသောလူ့အခွင့် အရေး အဖြစ် အသိအမှတ်ပြု ထားပါသည်။ ထို အပိုဒ်၌ အနိမ့်ဆုံးအနေဖြင့် လူတိုင်းသည် မူလတန်းနှင့် အခြေခံကျသော အဆင့်များတွင် ပညာကို အခမဲ့နှင့် မသင် မနေရ သင်ကြားခွင့် ရှိရမည်ဟု ဖော်ပြ ထားပါသည်။[176] ၁၉၉၇ခုနှစ် ကြံ့ခိုင်ရေးပါတီ ဦးဆောင်သောအစိုးရလက်ထက်တွင် မြန်မာ နိုင်ငံအနေဖြင့် သဘောတူ လက်မှတ်ရေး ထိုးခဲ့သည့် အမျိုးသမီးများ အပေါ် နည်းမျိုး စုံ ဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘော တူညီမှုစာချုပ် (CEDAW) အပိုဒ် ၁၀ တွင်လည်း ပညာရေးသည် အမျိုးသားနှင့် အမျိုးသမီး တို့၏ အခန်းကဏ္ဍ အပေါ်ထား သော ရှေးရိုးပုံသေ အမြင်များကို ပပျောက် အောင်လုပ်ဆောင်ရာ တွင် အကူအညီ အထောက်အပံ့ဖြစ်စေရမည်ဟု ဖော်ပြ ထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အခမဲ့နှင့် မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးရမည် ဟု ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ တွင် ပြဌာန်း ထားသော်လည်း လက်တွေ့ အခြေအနေ တွင်မူ ကျောင်းဆရာနှင့် သင် ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း၊ နယ်မြေဒေသ နှင့် ငွေကြေး ထောက်ပံ့မှု အကန့်အသတ်များစသည့် အတားအဆီးများက အထက်ပါ ချမှတ်ထားသော ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်သို့ ရောက်ရှိရန် နှောင့်နှေး ကြန့်ကြာ စေပါသည်။[177]

**အဓိကတွေ့ရှိချက်များ**

- ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် အခြားသော အနှောင့်အယှက် အတားအဆီး များမှာ ခရီးသွားရာတွင် လုံခြုံ စိတ်ချမှု မရှိခြင်း ကဲ့သို့သော ဘေးကင်း လုံခြုံမှုအား ခြိမ်းခြောက်နေမှုများနှင့် ဆေးဝါး၊ ဆေးကုသ မှုခံယူရန်အတွက် ငွေကြေး ပြည့်စုံ လုံလောက်မှု မရှိခြင်း စသည့် အတားအဆီး များပင်ဖြစ်သည်။
- ရွာများနှင့် ဆေးရုံဆေးခန်းများအကြား အလှမ်းဝေးကွာမှုကြောင့် ကျေးလက်နေ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့် ရှောက်မှုကို ရရှိနိုင်ရန် လက်လှမ်း မမှီကြပေ။ ကျေးလက်တောရွာနေ အမျိုးသမီးများ အနေဖြင့် ကိုယ်ဝန်ဆောင်ချိန်တွင်သော်လည်းကောင်း၊ မီးဖွားရာတွင် သော်လည်းကောင်း၊ ဆေးရုံဆေး ခန်းများသို့ သွားရောက်ပြသ မီးဖွားနိုင်ခြင်း မရှိသောကြောင့် ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်ခြင်းမရှိဘဲ နေအိမ်တွင်သာစိုးရိမ်မှုရှိသည့်အခြေအနေဖြင့်ဆက်လက်မီးဖွားနေရကြောင်း တင်ပြထားပါသည်။
- ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် တိုးတိုးတိတ်တိတ်တစ်မျိုး ထင်ထင်ပေါ်ပေါ်တစ်ဖုံ ငွေကြေး တောင်းခံမှုများကြောင့် အမျိုးသမီးများ အနေနှင့် ၎င်းတို့အတွက် အရေးပါ သည့် ပညာရေးနှင့် ကျန်းမာ ရေး ဆိုင်ရာဝန်ဆောင်မှုများ ရယူရန် အခက်အခဲများကြုံ တွေ့ကြရပါသည်။ တိုးတိုးတိတ်တိတ်တောင်းဆိုသည့် ငွေများ ဟု ဆိုရာတွင် ကျောင်းများ၌ ခေါင်းစဉ်အတိအကျ သတ်မှတ်ထားခြင်း မရှိဘဲ အပိုထပ်ဆောင်း တောင်းဆိုသည့် ငွေများကို ဆိုလိုသည်။ အမျိုးသမီးများမှ၎င်းတို့မိသားစုဝင်များ၏ကျန်းမာရေး ကုန်ကျစရိတ်များကြောင့် သူတပါးထံ အကြွေးတင်ကြောင်း တင်ပြခဲ့ ကြပါသည်။
- ကျေးလက်ဒေသနေ မိန်းကလေးများသည် ၎င်းတို့၏လုံခြုံရေးအား အကြောင်းပြု၍ သော်လည်းကောင်း၊ ထုံးတမ်းစဉ်လာအရ မိန်းကလေး များအနေနှင့် မိသားစုနှင့်သာ နီးကပ်စွာ နေထိုင်သင့် သည်ဟူသော အယူအဆများကြောင့်ပညာရေးကိုဆက်လက်သင်ယူရန်၎င်းတို့အားတွန်းအားပေးမှုခံရခြင်း မရှိကြပေ။
- စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ချို့တဲ့ ခြင်းသည် လူမှုအသိုင်းအဝန်းမှ ရှက် ဖွယ်ရာအဖြစ် ခံယူကြသောကြောင့်အချို့သောအမျိုးသမီးများ အတွက် ၎င်းတို့လိုအပ်သော ဆေးကုသမှုခံ ယူနိုင်ရန်နှင့် အထောက်အပံ့ များရရှိနိုင်ရန် အဟန့် အတားများ ဖြစ်စေသည်။

[174] Source #20 တွင် ကြည့်ပါ။

[175] Article 26, Universal Declaration of Human Rights, ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ဒီဇင်ဘာလ၊ ၁၉၄၈

[176] Article 10, Convention on the Elimination of All Forms of Discrimination Against Women, ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ဒီဇင်ဘာလ၊ ၁၉၇၉

[177] ၂၀၁၂ ပဏာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရရှိပြီးသည်အချိန်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်း၏ ပညာရေး ကဏ္ဍတွင် ရင်ဆိုင်ရင်သော စိန်ခေါ်မှုများနှင့် တိုးတက်မှုများကို နက်ရှိုင်းစွာ စီစစ်ထားခြင်းကို စာမျက်နှာ ၁၃၇ Truce or Transition? Trends in human rights abuse and local response in Southeast

KHRG ၏ သတင်း အချက် အလက်မှ ပါရှိသည့် သက်သေ အထောက်အထားများအရ အထက်ပါ ကဲ့သို့ သော အတားအဆီးများသည် အမျိုးသမီး ငယ်လေးများ၏ပညာသင်ယူခွင့်ကိုများစွာထိခိုက်စေပါသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၆ ခုနှစ် မတ်လထိ KHRG မှရရှိသော သတင်းအချက်အလက်များ အရ အမျိုးသမီးများနှင့် မိန်းကလေး ငယ်များအတွက် ပညာသင်ကြားရာတွင် တွေ့ကြုံရသည့်အဓိကအတားအဆီးတစ်ခုမှာ မြင့်မားလှသော ကျောင်းစရိတ်[178] ပင် ဖြစ်ပါသည်။ ထိုကျောင်းစရိတ်များအပြင် မိသားစု၏ အသက်မွေးဝမ်းကျောင်းစိန်ခေါ်မှုများ၊[179] စာသင် ကျောင်းများက ရွာနှင့်ဝေးကွာသောနေရာတွင် တည်ရှိခြင်း[180] စသည့် အချက်များသည်လည်း ပညာရေးအတွက် အတား အဆီးဖြစ်စေပါသည်။

အဖြစ်အပျက်တစ်ခုတွင်မူ မိန်းကလေးတစ်ဦးသည် စစ်ဘက်ဆိုင်ရာဆက်လက်တပ်စွဲခြင်း နှင့်ဆက်စပ်ပြီးရခဲ့သော ဒဏ်ရာကြောင့် ကျောင်းပင်ဆက်လက် တက်ရောက်နိုင်ခြင်း မရှိတော့ပေ။[181]

အထက်ပါအတိုင်း ငွေကြေး၊ပထဝီနယ်မြေအနေအထားနှင့် နိုင်ငံရေး စသည့် ပညာရေးအတွက် အတားအဆီးများသည် ပညာသင်ယူရန် ကြိုးစားနေသော ယောကျာ်းလေးများအပေါ်တွင် သက်ရောက်မှု ရှိသည့်တိုင်အောင် မိန်းကလေးများ အတွက်မူထိုအချက်များအပြင် အမျိုးသမီးများ အပေါ်ထားရှိသော လူမှုရေး ထုံးတမ်းအစဉ်လာများနှင့် မြန်မာပြည် ကျေး လက်ဒေသတွင် အိမ်ထောင်စုအတွင်း ကျား၊ မ ကွဲပြားမှုအရ အိမ်မှုလုပ်ငန်းတာဝန်များ ခွဲခြားထားခြင်း စသည့် အချက် များကပါ အကျိုးသက်ရောက်မှု ရှိစေပါသည်။ လူမှုဓလေ့ထုံး တမ်းများအရမိန်းကလေးများအတွက် အတား အဆီး ဖြစ်စေသည့် အားနည်းသူ၊ ထိခိုက်လွယ်သူ ဟူသော[182] အမြင်များကြောင့် မိဘများက မိမိတို့သမီးများအား အဝေးရှိမြို့များသို့ ပညာသင်ကြားရန် ခွင့်မပြုလိုကြပါ။ ထို့အပြင် မိန်းကလေးများနှင့် အမျိုးသမီးများကို အိမ်မှုကိစ္စ ထိန်း သိမ်းခြင်းနှင့် မောင်ငယ်ညီမငယ်များကို ကြည့်ရှုစောင့်ရှောက်ခြင်းတွင် အဓိကတာဝန်ရှိသော မိသားစုဝင်များ ဖြစ်သည်ဟု ယူဆကြ ဆဲပင်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးငယ်များသည် ကျောင်းသို့မသွားရဘဲ အိမ်တွင်သာ နေထိုင်ရပါသည်။[183] သို့မဟုတ် အမျိုးသမီးငယ်များသည် ကျောင်းစာနှင့် အိမ်အလုပ်များအကြား ချိန်ညှိ၍ အလုပ်လုပ်ရသဖြင့် ၎င်းတို့အတွက် ပညာရေးတွင် ရလဒ်ကောင်းရရန် မဖြစ်နိုင်သည့် အကျိုးသက်ရောက်မှု ရရှိစေပါသည်။ မိဘများသည် ပညာရေးကို တိုး၍ တန်ဖိုး ထားလာကြပြီး သမီးမိန်းကလေးများကို ကျောင်းသို့ ပို့ဆောင်လာကြသော်လည်း[184] အထူးသဖြင့် ကျေးလက်ဒေသ များတွင် မိန်းကလေးများကို မိဘများက သားသမီးရတနာများ ကျန်းမာရေးကောင်းမွန်စွာဖြင့် မွေးဖွားနိုင်ရန် ငယ်ရွယ်သည့် အရွယ်တွင်ပင် အိမ်ထောင်ပြုသင့်ကြောင်း အမြင်ရှိကြပါသည်။ ဤကား မိန်းကလေးများပညာရေးအတွက် အကြီးမားဆုံး အတားအဆီးတစ်ခု ဖြစ်ကြောင်း ကရင်ပညာရေးဌာန (KED) ၏ ကိုယ်စားလှယ်တစ်ဦးမှ တင်ပြထား ပါသည်။[185]

ပညာရေးအတွက် စာသင်ဆောင်များ၊ အခြေခံအဆောက်အအုံများနှင့် သင်ကြားရေး အထောက်အကူပြု အရင်းအမြစ်များ အကန့်အသတ် ဖြင့်သာရှိခြင်း၊ ကျေးလက်နေပြည်သူများ စီးပွားရေးကျပ်တည်းခြင်းနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်နိုင်မှုအပေါ် ထားရှိသော ရှေးရိုးစွဲအမြင်များ စသည့်အချက်များ ပေါင်းစပ်လိုက်သောအခါ ပညာရေးတွင် ကျား၊ မ တန်းတူအခွင့်အရေး တိုးတက်မှုကို နှောင့် နှေးစေကြောင်း အောက်တွင်ဖော်ပြထားသည့် အကြောင်းအရာများတွင် တွေ့မြင်ရပါမည်။

## စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ

ဖာပွန်ခရိုင် ဘူးသိုမြို့နယ် မယ့်ကလောကျေးရွာအုပ်စု က....ရွာနေ အသက် ၁၆ နှစ် အရွယ် ဖာပွန်အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော နော် အ...သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စက်ဘီးဖြင့် ကျောင်းမှအိမ်သို့ ပြန်လာရာ တပ်မတော် မော်တော်ယာဉ်တစ်စီးမှ သူမ၏ ပုခုံးကိုဝင်တိုက်ပြီး စက်ဘီးလက်ကိုင်ကို ရိုက်မိခဲ့ပါသည်။ ထို့ကြောင့်သူမ၏ စက်ဘီးလဲကျခဲ့ကာ သူမလက်မောင်းကျိုးခဲ့ရပါသည်။ နော်အ...သည် ၈ ရက်ကြာ ဆေးရုံတက်ခဲ့ရပါသည်။ သို့သော် သူမ၏ဒဏ်ရာသည်ဆက်လက်ဆေးကုသခံရန်

Myanmar since the 2012 ceasefire, KHRG, May 2014. တွင် ကြည့်ပါ။

[178] Source #115 တွင် ကြည့်ပါ။

[179] Source #68, Source #121 နှင့် Source# 18 တွင် ကြည့်ပါ။

[180] Source #121 တွင် ကြည့်ပါ။

[181] Source #91 တွင် ကြည့်ပါ။

[182] ဤသတင်းအချက်အလက်ကို ကရင်ကျောင်းဆရာများအဖွဲ့မှ နော် လ....နှင့် ၂၀၁၅ နိုဝင်ဘာလတွင် ပြုလုပ်သော အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[183] Source #121 တွင် ကြည့်ပါ။

[184] ဤသတင်းအချက်အလက်ကို ၂၀၁၅ နိုဝင်ဘာလတွင် KHRG၏ ကွင်းဆင်းလုပ်သားတစ်ဦးမှပြုလုပ်သော ကရင် ကျောင်းဆရာများအဖွဲ့မှ နော် လ....နှင့် အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[185] ဤသတင်းအချက်အလက်ကို ၂၀၁၅ နိုဝင်ဘာလတွင် KHRG၏ ကွင်းဆင်းလုပ်သားတစ်ဦးမှ ပြုလုပ်သော ကရင်ကျောင်းဆရာများအဖွဲ့မှ နော် ဟ....နှင့် အလွတ်သဘောတွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

လိုအပ်သောကြောင့် သူမအနေနှင့် ကျောင်းထွက်ခဲ့ရပါသည်။[186]

အထက်ပါ အဖြစ်အပျက်နှင့် အခြားသော အဖြစ်အပျက်များကို[187] ကြည့်ခြင်းဖြင့် မြန်မာပြည် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော စစ်ဘက်ဆိုင်ရာ လုပ်ဆောင်မှုများသည် မိန်းကလေးများ ပညာသင်ကြားရန်အတွက် နည်းမျိုးစုံဖြင့် အတားအဆီးဖြစ်စေကြောင်းကို တွေ့မြင်ရပါမည်။ စစ်စခန်းနှင့်နီးသော ကျေးရွာများတွင် မိဘများနှင့် ကျောင်းသားများ သည် ၎င်းတို့အနေဖြင့် တပ်မတော်သို့မဟုတ် ကရင်လက်နက်ကိုင် အဖွဲ့များ လှုပ်ရှားနေသောအချိန်တွင် ကျောင်းတက်ရန် လုံခြုံမှုမရှိကြောင်း ခံစားရကြသည်။[188] မိဘများသည် စစ်တပ်များတည်ရှိသောနေရာတွင် အထူးသဖြင့် သမီးမိန်း ကလေး များအတွက် စိုးရိမ်ပူပန်ရကြောင်းပြောပါသည်။[189] အမျိုးသမီးငယ်များ နှင့် စစ်သားများအကြား ဆက်ဆံရေးသည် ခြိမ်းခြောက်ခံရခြင်းသို့မဟုတ် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခံရခြင်းများ မရှိစေကာမူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ သည် အနှောင့်အယှက်ပေးခြင်းခံရရန် ပိုမိုထိခိုက်လွယ်သော အနေအထားတွင် ရှိပါသည်။

*"သူတို့ကရွာသားတွေကို မခြိမ်းခြောက်ပါဘူး။ ဒါပေမဲ့သူတို့လာရင် စစ်သားအင်အား အများကြီးနဲ့ လာပြီး ကျောင်းနားမှာ စခန်းချပါတယ်။ သူတို့ဘာသာသူတို့နေပေမဲ့ ရွာသားတွေကသူတို့ကို မကြိုက်ကြဘူး။ တစ်ခါတစ်လေ သူတို့ကျွန်မတို့ကို မလေးစားကြဘူး။ ကျွန်မ တို့လမ်းလျှောက်သွားရင် သူတို့တွေ ကျွန်မတို့ကို မဖွယ်မရာစကားပြောတယ်။"*

နော် ဇ....(မ၊ ၂၁နှစ်)၊ အခ....ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း (၂၀၁၂ မတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[190]

ဤကဲ့သို့ မိဘများနှင့် သမီးမိန်းကလေးများ၏ အတွေ့အကြုံများသည် စစ်တပ်များဆက်လက်တပ်စွဲထားသော ဒေသများ အတွင်း ကျောင်းအပ်နှံမှုနှုန်းကို ထိခိုက်စေနိုင်ပါသည်။ ကော့ကရိတ်မြို့နယ်ရှိ ဒေသခံ KHRG အဖွဲ့ဝင်တစ်ဦးမှ ရရှိသော သတင်းအချက်အလက်တွင် ၎င်းတို့၏ ဒေသအတွင်း စစ်ရေးလှုပ်ရှားမှုများ လျော့နည်းသွားလျှင် ကျောင်းအပ်နှံမှုနှုန်း တိုး တက်လာနိုင်သည်ဟု ဖော်ပြထားပါသည်။[191]

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

စီးပွားရေးကျပ်တည်းခြင်းနှင့် လယ်ယာစိုက်ပျိုးရေး အပေါ်တွင်သာ မှီခိုနေရခြင်းစသည့် အသက်မွေးဝမ်းကျောင်း စိန်ခေါ်မှု အခက်အခဲများသည် သားသမီးများ၏ ပညာရေးကို အကန့်အသတ် ဖြစ်စေသော အကြောင်းအရာများ ဖြစ်သည်ဟု ကျေး လက်နေမိဘများ ကပြောပါသည်။ အထူးသဖြင့် မိမိကလေးကို မိမိကိုယ်တိုင် တစ်ဦးတည်း ပြုစုပျိုးထောင်ရသော မုဆိုးမများသည် အခက်အခဲများကို ပိုမိုရင်ဆိုင်ရပါသည်။[192]

ဤကဲ့သို့ ခက်ခဲသော စိန်ခေါ်မှုအခြေအနေများ ရှိနေသော်လည်း မုဆိုးမများနှင့် ၎င်းတို့၏ သား၊သမီးများသည် ပိုမိုကောင်းမွန်သော အခွင့်အရေးရရှိရေးကို မျှော်လင့်လျှက် ပညာရေးကို ဦးစားပေး နေရာတွင်ရွေးချယ်ထားရှိပါသည်။ ဒေသခံ KHRG အဖွဲ့ဝင်၏ ပြောပြချက် အရ ခင်ပွန်းသည်မရှိသော သားသမီးငါးယောက်၏ အမေသည် စီးပွားရေး အခက်အခဲရှိသော်လည်း သားသမီးများကို ပညာတတ်များ ဖြစ်စေလိုသောကြောင့် ကလေးများကို ကျောင်းထားရန် ဦးစားပေးလုပ်ဆောင်ပါသည်ဟု သိရှိရပါသည်။[193]

*"ဤအဒေါ် နော် စ...သည် အသက်ရှင်သန်ရန်အတွက် ရှုန်းကန်ရပါသည်။ သူမ၏ သား သမီးများကိုလည်း သူမ တစ်ယောက်တည်း ပြုစုပျိုးထောင်ပေးရပါသည်။ သူမ၏ခင်ပွန်းသည် ဆုံးပါးသွားသောကြောင့် သူမအနေဖြင့် ကလေး များ ကို ခက်ခဲပင်ပန်းစွာကြည့်ရှု စောင့်ရှောက်နေရပါသည်။ သူမနှင့်အတူ နေထိုင်သော သူမ၏ ကလေးသုံးယောက်ကို ပညာ တတ်ဖြစ်စေရန် ကျောင်းထားပေးပါသည်။"*

KHRG သတင်းစုဆောင်းသူ ရေးသားတင်ပြသောဓာတ်ပုံမှတ်တမ်း၊ မ....ကျေးရွာ၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၃ အောက်တိုဘာလ တွင်လက်ခံရရှိခဲ့သည်။)[194]

---

[186] Source #91 တွင် ကြည့်ပါ။

[187] စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများဘဝအပေါ် သက် ရောက်မှု များအား ပိုမိုသိလိုပါက ဤအစီအရင်ခံစာ၏ အခန်း ၃ အပစ်ခတ်ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ နှင့် ၂၀၁၅ရွေးကောက်ပွဲ တွင်ကြည့်ပါ။

[188] Source #8 တွင် ကြည့်ပါ။

[189] Source #117 တွင် ကြည့်ပါ။

[190] Source #8 တွင် ကြည့်ပါ။

[191] Source #67 တွင် ကြည့်ပါ။

[192] Source #68 တွင် ကြည့်ပါ။

[193] အထက်ပါအတိုင်း ကြည့်ပါ။

[194] အထက်ပါအတိုင်း ကြည့်ပါ။

ဒေသခံ KHRG အဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်အရ ဒူးပလာယာခရိုင်တွင် နေထိုင်သော နော် ထ....အမည်ရှိ အမျိုးသမီးသည် သူမ၏ သားသမီးလေးဦး သေဆုံးပြီးနောက်တွင် ကျန်ရစ်သော မြေးငါးဦးအား ကြည့်ရှုစောင့်ရှောက်ရန် သူမတစ်ဦးတည်း၏တာဝန် ဖြစ်လာပါသည်။ သူမသည် အသက်အရွယ်ကြီးရင့်ပြီး အလုပ်မလုပ်နိုင်သော်လည်း သူမ၏ မိဘမဲ့ မြေးများ၏ ပညာရေးကိုဦးစားပေးကာ မြေးများအားလုံးကို ကျောင်းထားပေးပါသည်။ သူမ၏ အကြီးဆုံးမြေးမှာ အသက် ၁၄ နှစ်အရွယ် မိန်းကလေးဖြစ်ပြီး သတ္တမတန်းတွင် ပညာသင်ယူနေပါသည်။[195]

## စာသင်ကျောင်းနှင့် ဝေးကွာခြင်း

ကရင်ပြည်နယ်ရှိ ကျေးလက်ဒေသများတွင် မိန်းကလေးများ ရင်ဆိုင်ရသော အဓိကစိန်ခေါ်မှုအား တင်ပြရာတွင် အိမ်နှင့်ကျောင်းဝေးကွာခြင်းသည်လည်း မိန်းကလေးများ ပညာသင်ယူရန်အတွက် အတားအဆီးဖြစ်ကြောင်း KHRG သတင်းစု ဆောင်းရာဒေသများမှ အမျိုးသမီးများမှ ပြောပြသည်။

*"ပညာရေးအတွက် ကျွန်မတို့သားသမီးတွေကို မြို့မှာကျောင်းထားချင်ပေမယ့် မထားနိုင်ဘူး။ ဘီးလင်းက ကုမ္ပဏီပိုင်ရှင် တစ်ယောက်ကတော့ ကျောင်းသားတွေရဲ့ ပညာရေးကို အားပေးပါတယ်။ သူက ၈တန်း၊ ၉တန်း၊ ၁၀တန်း မအောင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေကို သူ့ဆီပို့ပြီး စာဆက်သင်ခိုင်းပါတယ်။ ကျောင်းအောင်ရင်တော့ သူ့ကုမ္ပဏီမှာ အလုပ် လုပ်ပေါ့။ ကျွန်မကလေးတွေကို မချစ်လို့မဟုတ်ပါဘူး။ ကျွန်မသူတို့ကိုချစ်ပါတယ်။ ကျွန်မသူတို့ကို ဒီလိုသွား အလုပ်လုပ်ခိုင်းရမှာ စိတ်မချဘူး။ သမီးတစ်ကောင် နွားတစ်ထောင်ဆိုတဲ့ စကားပုံလည်း ရှိတယ်လေ။ သူကမိန်းကလေးတွေ အများကြီး ကျောင်းထားပေးဖို့ လက်ခံထားရင် ကလေးတွေက မြို့မှာသွားနေရမယ်။ ကလေးတွေကို ထိန်းနိုင်ပ့ါမလားလို့ ကျွန်မစိုးရိမ်တယ်။ ဒါကြောင့် ကျွန်မက မြို့မှာကျောင်းတက်ဖို့ ကုမ္ပဏီက တာဝန်ယူမယ်ဆိုပေမဲ့ မိန်းကလေးအတွက် သွားနေရမှာ စိုးရိမ်စရာရှိပါတယ်။ ဘီးလင်းနဲ့ အဆက်အသွယ်ရှိတဲ့ မိဘအချို့ကတော့ သူတို့ကလေးတွေကို ဘီးလင်းကိုပို့ပြီး စာသင်စေပါတယ်။ ကျွန်မကတော့ စိုးရိမ်လို့မပို့ပါဘူး"*

ဒေါ် ည....(မ၊ ၅၅နှစ်)၊ ရ....ကျေး ရွာ၊ ရှမ်းရွာ ကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၃ ဖေဖော်ဝါရီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[196]

ဒေါ်ည...အနေဖြင့် သူမသားသမီးများ၏ လုံခြုံရေးနှင့် ကိုယ်ကျိုးအတွက် ဘီးလင်းမြို့သို့သွားပြီး စာသင်ကြားစေရန် အလွန် စိုးရိမ်ပူပန်သော်လည်း သူမ၏ တူမဖြစ်သူကို ကွီးလေးကျေးရွာသို့ သွားရောက် ပညာဆက်လက် သင်ယူရန် အားပေး ပါသည်။ သူမအနေဖြင့် ကွီးလေးရွာသည် ဘီးလင်းမြို့နှင့်နှိုင်းယှဉ်လျှင် ပိုမိုလုံခြုံစိတ်ချရသည်ဟု ခံစားရသည်။

*"ကျွန်မ တူမကို ကွီးလေးကျေးရွာကိုသွားပြီး ကျောင်းနေစေချင်ပါတယ်။ 'ကွီးလေးရွာမှာ ကျွန်မသမီးရှိတယ်လေ။ နင်အဲဒီ မှာ သွားနေလို့ရတယ်။ နင်သွားနေချင်ရင် ငါတို့နင့်ကိုပို့မယ်။' ဒါပေမဲ့ သူ့ရဲ့ အမေက ကျွန်မပေးတဲ့အကြံကို လက်မခံ ခဲ့ပါဘူး။ သူ ကွီးလေးရွာမှာသွားနေရင် သူ့အတွက် ပူစရာ သိပ်မလိုပါဘူး။ သူ ဘီးလင်းမြို့မှာ သွားနေရင် နေလို့မ ပျော် ရင် ပြန်လာမှာ စိတ်ပူရတယ်။ ဒ့ါအပြင် သူ့ရဲ့ ကိုယ်ကျင့်တရား ပျက်စီးသွားမှာကိုလည်း စိုးရိမ်ပါတယ်။"*

ဒေါ် ည....(မ၊ ၅၅နှစ်)၊ ရ....ကျေး ရွာ၊ ရှမ်းရွာကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၃ ဖေဖော်ဝါရီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[197]

ဒေါ်ည...၏စိုးရိမ်မှုကိုကြည့်လျှင် အမျိုးသမီးများအပေါ် ထားရှိသော ရှေးရိုးစွဲထုံးတမ်း အစဉ်လာများကို တွေ့ရပါမည်။ ရှေးရိုး ထုံးတမ်းစဉ်လာအရ အမျိုးသမီးများနှင့် မိန်းကလေးများကို အားနည်း[198] သည်ဟု မြင်သောကြောင့် ကိုယ်ထိ လက် ရောက် တိုက်ခိုက်ခံရနိုင်သည် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံရနိုင်သည်ဟု ယူဆကြပါသည်။ မိသားစုဝင် များသည် သမီးမိန်းကလေးများကို မိဘများနှင့်ဝေးရာကျောင်းသို့ ပို့ဆောင်ရမည်ဆိုလျှင်[199] အထက်ပါကဲ့သို့သော အချက်များကို ထည့်သွင်းစဉ်းစား ကြသောကြောင့် သားယောကျ်ားလေးများနှင့် နှိုင်းယှဉ်လျှင် သမီးများကို အဝေးရှိ ကျောင်းများသို့ ပို့ရန် တွေဝေတုံ့ဆိုင်းကြပါသည်။ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများသည် အများအားဖြင့် မြို့များနှင့် မြို့ကြီးများတွင်သာ တည်ရှိလေ့ရှိသောကြောင့် ကျေးလက်နေ မိန်းကလေးများသည် မူလတန်း လွန် ပညာရေးကို ဆက်လက်သင်ယူခြင်း မပြုနိုင်ကြပေ။

---

[195] အထက်ပါအတိုင်း ကြည့်ပါ။ အတန်းဆိုသည်မှာ မြန်မာပြည် ပညာရေးစနစ်၏ တစ်နှစ်အတွင်း သင်ကြားရသောကျောင်းတက်ချိန်ကာလဖြစ်သည်။ အခြေခံပညာရေးစနစ်အား ၅-၄-၂ ပုံစံဖြင့်ဖွဲ့စည်းထားသည်။ မူလတန်းကျောင်းတွင် ၁ တန်းမှ ၅ တန်းအထိရှိပြီး အလယ်တန်းကျောင်းတွင် ၆ တန်းမှ ၉ တန်းအထိရှိကာ အထက်အတန်းကျောင်းတွင် ၁၀ တန်းမှ ၁၁ တန်းအထိရှိသည်။

[196] Source #49 တွင် ကြည့်ပါ။

[197] အထက်ပါအတိုင်း ကြည့်ပါ။

[198] ဤသတင်းအချက်အလက်ကို ကရင်လူ့အခွင့်အရေး KHRGမှ ကရင်ကျောင်းဆရာများအဖွဲ့မှ နော် လ....နှင့် ၂၀၁၅ နိုဝင်ဘာလတွင်ပြုလုပ်သော အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[199] Source #49 တွင် ကြည့်ပါ။

အထက်ပါအတိုင်း စိုးရိမ်မှုများနှင့် ယုံကြည်မှုများ ရှိနေသော်လည်း မိဘများသည် မိမိတို့သားသမီးများ၏ ပညာရေး ပြီးမြောက်အောင်မြင်စေရန် ထောက်ပံ့ပေးလိုသည့် ဆန္ဒပြင်းပြလျက်ရှိပါသည်။ သို့သော် အထူးသဖြင့် မြန်မာပြည် အရှေ့ တောင်ပိုင်းရှိ ဆင်းရဲသော မိသားစုများအတွက် နောက်ဆုံးသော အတားအဆီးတစ်ခုမှာ ကလေးများ ပညာရေးအတွက် တရားဝင်နှင့် တရားမဝင်ပေးရသော ငွေကြေး ကုန်ကျစရိတ်များ ဖြစ်ပါသည်။ အထူးသဖြင့် အထက်တန်း ကျောင်းသားများအတွက် ကျောင်းစရိတ်များသည် အလွန်မြင့်မားပါသည်။ ကျောင်းချိန်ပြင်ပ ကျူရှင်မတက်နိုင်သော ကျောင်းသားများသည် စာမေးပွဲ ကျရှုံးကြရပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာ၊ဆရာမများက ကျောင်းပုံမှန် စာသင်ချိန်တွင် စာကိုသေချာစွာ မသင်ကြားပေးသောကြောင့် ဖြစ်ပါသည်။

*"ကျွန်တော့် သမီးနှစ်ယောက်လုံးက ဆယ်တန်းအောင်ချင်ကြတယ်။ ကျွန်တော်တို့ အတွက်က ကျူရှင်ခပေးဖို့ အရမ်း ခက်ခဲရှိတယ်။နောက်တော့ ကျွန်တော့်သမီး တစ်ယောက်က ကျူရှင်မယူတော့ဘူး။ နောက်တော့ ကံအကြောင်းမလှစွာနဲ့ သူ စာမေးပွဲကျပါတယ်။ ဒါပေမဲ့သူက ပညာဆက်သင်ချင်တော့ နိုဖိုး ဒုက္ခသည်စခန်းကို သွားပြီးကျောင်း ဆက်တက် ပါတယ်။ အခုသူ ၁၀တန်း အောင်ပါပြီ။"*

စော က.....(က၊ ၄၂နှစ်)၊ င...ကျေးရွာ၊ မုန်းမြို့နယ်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း
(၂၀၁၃ ဖွန်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[200]

## အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုရယူခြင်း

KHRG ၏ သတင်းစုဆောင်းခြင်းများအရ အမျိုးသမီးများ၏ အဓိကဦးစားပေးအရာများကို ကြည့်လျှင် ကျန်းမာရေး စောင့်ရှောက်မှုရရှိခြင်းသည် ပညာရေးဝန်ဆောင်မှုရရှိခြင်းနှင့် တန်းတူအရေးကြီးကြောင်း တင်ပြသည်ကို တွေ့မြင်ရပါမည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြဋ္ဌာန်းချက်အရ ကျန်းမာစွာရှင်သန်နိုင်ရေးသည် လူသားများအတွက် အခြေခံကျသော လူ့ အခွင့်အရေးဖြစ်ပါသည်။ ထိုအခွင့်အရေးတွင် မိမိကျန်းမာရေးနှင့် ခန္ဓာကိုယ်ကို မိမိကိုယ်တိုင် လွတ်လပ်စွာ ထိန်းချုပ် ခွင့်ရှိ ရမည် ဟူသောအချက်နှင့်မိမိသဘောတူညီမှုမရှိဘဲ ဆေးကုသမှုနှင့် စမ်းသပ်မှုများ မပြုလုပ်ရန်ဆိုသည့် အချက်များလည်း ပါဝင်ပါသည်။[201] အမျိုးသမီးများအတွက်မူ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများဆိုင်ရာ လူ့ အခွင့်အရေး သဘောတူညီမှုစာချုပ်[202] တွင် ပါဝင်သည့် မိမိခန္ဓာကိုယ်ကိုမိမိကိုယ်တိုင် ထိန်းချုပ်ခွင့်ရှိရမည်ဟူသော အချက်တွင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားခြင်းဆိုင်ရာ အခွင့်အရေးများ ပါဝင်ပါသည်။ ကျန်းမာရေးနှင့်ဆိုင်သော လူ့အခွင့် အရေးတွင် လူတိုင်း အမြင့်မားဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်သော ကျန်းမာရေး စောင့်ရှောက် ကာကွယ် မှုစနစ်အား ခံစားခွင့်ရှိရမည်ဟု ပါရှိပါသည်။ CEDAW စာချုပ် အပိုဒ်၁၂(၂) တွင် နိုင်ငံတော်အစိုးရသည် အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသခွင့်ကို အာမခံပြီး လုံလောက်သော လုပ်ဆောင်ချက်များကို လုပ်ဆောင် ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် မည်သူ့ ကိုမျှ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လုပ် ဆောင်ပေးရ မည်ဖြစ်ပြီး အမျိုးသမီးများသည်လည်း မိသားစု စီမံခန့်ခွဲခြင်း ဝန်ဆောင်မှုများကိုပါ ရရှိနိုင်ရပါမည်။ အစိုးရအနေဖြင့် မိခင်ကလေးစောင့်ရှောက်မှုကို အာမခံသော လုံလောက်သည့် လုပ်ဆောင်ချက်များကိုလည်း လုပ်ဆောင်ပေးရမည်ဟု ပြဋ္ဌာန်းထား ပါသည်။[203]

ယခင် ကြံ့ခိုင်ရေးပါတီ ဦးဆောင်သော အစိုးရသည် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့် အာမခံချက်အတွက် ဆောင်ရွက်ပေးမည် ဟုဝန်ခံကတိပေးပြီး အစိုးရကျန်းမာရေးဌာနမှလည်း ဝေးလံသောဒေသများနှင့် ရောက်ရှိရန် ခက်ခဲ သော နယ်စပ်ဒေသများအထိ[204] တစ်နိုင်ငံလုံးတွင် ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုကိုဆောင်ရွက်ပေးနေကြောင်း ထုတ်ဖော်ပြောဆိုထားသော်လည်း KHRG ၏ သတင်းအချက်အလက်များအရ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက် ဒေသများတွင် အမျိုးသမီးများအတွက် အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ငွေကြေးတတ်နိုင်သော ဆေးဝါးကုသမှုမရှိကြောင်းသိရှိရပါသည်။ အချို့သောအဖွဲ့အစည်းများက ကိုယ်ဝန် ဆောင်မိခင်များအတွက် ကာကွယ်ဆေးနှင့် အားဆေးများအခမဲ့ထောက်ပံ့ပေးသော်လည်း[205] အမျိုးသမီး အများစုသည် ဆေးရုံများသို့တက်ရောက်ပြီး မီးဖွားရန် ငွေကြေးမတတ်နိုင်ကြပါ။ အချို့ အမျိုးသမီးများသည် မိမိတို့အိမ်၌ပင် ကျွမ်းကျင်သော သားဖွားဆရာမများ၏ အကူအညီမပါဘဲ သူတို့၏ကျန်းမာရေးနှင့်အသက်အန္တရာယ်ကိုစွန့်စားပြီး အိမ်၌သာမီးဖွားကြရပါသည်။ အမျိုးသမီးများ မိမိတို့ အသက်အန္တရာယ်စွန့်စား၍ မီးဖွားခြင်းရှိသည်ဆိုသည့်အချက်ကို ၂၀၁၅ ခုနှစ် တွင် ထုတ်ပြန်သော မြန်မာနိုင်ငံ မွေးမိခင် သေဆုံးနှုန်းကို ကြည့်၍ တိုင်းတာနိုင်ပါသည်။ ၂၀၁၅ ခုနှစ် စာရင်းအရ မိခင် အယောက် ၁၀၀,၀၀၀ တွင် မီးဖွားစဉ် သေဆုံးသူ

---

[200] Source #20 တွင် ကြည့်ပါ။

[201] World Health Organisation Factsheet No. 323, Health and Human Rights, ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒီဇင်ဘာ ၂၀၁၅

[202] Article 12, International Covenant on Economic, Social and Cultural Rights, Office for the High Commissioner of Human Rights, December 1966. Article 12(2), Convention on the Elimination of All Forms of Discrimination Against Women, UN General Assembly, December 1979.

[203] Article 12(2), Convention on the Elimination of All Forms of Discrimination Against Women, UN General Assembly, December 1979.

[204] Myanmar Health Care System, ပြည်ထောင်စု မြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၁၄.

[205] ဤသတင်းအချက်အလက်ကို KHRGမှ နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများအဖွဲ့ မှ သရာမူ နော် တ....နှင့် ၂၀၁၅ ဒီဇင်ဘာလတွင် ပြုလုပ်သော အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

မိခင် ၁၇၈ ယောက် ရှိပါသည်။[206] ၂၀၁၄ ခုနှစ်၏ စာရင်းဇယားများကို အသုံးပြုထားသော UNFPA ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် မိခင်များ ကလေးမွေးဖွားရာ၌ ၇၆% သည် အိမ်တွင်သာမွေးဖွားကြရပါသည်။ အိမ်တွင်မွေးဖွားသူ မိခင်များတွင် ၉၀% နီးပါးသည် အသက်ဆုံးရှုံးရပါသည်။[207]

ကျန်းမာရေး ဝန်ဆောင်မှုစရိတ်များ ကြီးမြင့်ခြင်းကြောင့် ဆေးကုသခပေးဆောင်ရန် ငွေချေးငှားရသည်ဟု ရွာသားများက ပြောပါသည်။အမျိုးသမီးများက အကြွေးပြန်ဆပ်ရန် အခက်အခဲများစွာ ကြုံတွေ့ရသောကြောင့် မိမိတို့နေရပ်ကို စွန့်ခွာပြီး ရွှေ့ပြောင်းအလုပ်လုပ်ကြရပါသည်။ သို့မဟုတ် မိမိတို့၏ ခင်ပွန်းသည်များကို နေရာ ရွှေ့ပြောင်း အလုပ်လုပ်စေပါသည်။ ဆေးဖိုးငွေများ ကြီးမြင့်ခြင်းဒဏ်ကို အထူးသဖြင့်အိမ်သားများသည့် အိမ်ထောင်စုကို ကြည့်ရှုစောင့်ရှောက်ရသော အမျိုးသမီးများက ပိုမိုခံစားရပါသည်။ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှု ရယူရာ တွင် ကြုံတွေ့ရသော အတားအဆီးများ လျော့နည်းသွားစေရန် ကူညီကြိုးပမ်းသည့်အနေဖြင့်တိုင်းရင်းသား ကျန်းမာရေး အဖွဲ့များနှင့် ဒေသတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ကျေးလက်ဒေသတွင် တန်ဖိုးမဖြတ်နိုင် သော ကျန်းမာရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသူများ ဖြစ်ကြောင်း သိရှိရပါသည်။

*"ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘယ်လိုပြောရမှာလဲဆိုရင် ကျွန်တော်တို့ရွာက မြို့နဲ့သိပ်မဝေးပါဘူး။ ဒါပေမဲ့ မြန်မာအစိုးရက ကျေးရွာလူထုကို ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်ဘူး။ ကျွန်တော်တို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရတယ်။ အချို့လူတွေက ဖျားနာရင် ကျွန်တော်တို့ (နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့) ဆီကိုလာကြတယ်။ အချို့ကလည်း တစ်ခြားနေရာကို သွားကြတယ်။အကြီးမားဆုံးပြဿနာက ဆေးရုံသွားတက်ဖို့ ဈေးအရမ်းကြီးတာပါပဲ။ ဒါပေမဲ့ အမျိုးသမီးများနဲ့ ကလေးများအတွက်တော့ အရင်ကလိုဈေးမကြီးတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဆီကနေ အကူအညီရတယ်။ တစ်ခါတစ်လေ ကျွန်တော်တို့က လူနာကို ထိုင်းနိုင်ငံ မဲဆောက်မြို့မှာရှိတဲ့ မယ်တော်ဆေးခန်းကို ပို့တယ်။ အရမ်းအခြေအနေမဆိုးတဲ့ လူနာကိုတော့ ကျွန်တော်တို့ ကိုယ်တိုင်ဘဲ ကုသပေးပါတယ်။"*

စော က....(ကျား၊ ၃၆နှစ်)၊ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့မှ ကျန်းမာရေးလုပ်သား၊ ဂ...ကျေးရွာ၊ နဘူးမြို့နယ်၊ ဖားအံခရိုင်/ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၄ မေလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[208]

နောက်ဆုံးအနေဖြင့် မသန်မစွမ်းသော အမျိုးသမီးများနှင့် စိတ်ကျန်းမာရေးချို့တဲ့သော အမျိုးသမီးများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ အင်မတန် နည်းပါးကြောင်းကို KHRG မှရရှိသော သတင်းအချက်အလက်မှ အဖြစ်အပျက် အများအပြား တွင် တွေ့မြင်ရပါမည်။ ၎င်းအဖြစ်အပျက်များကို အောက်တွင်ဖော်ပြပါထားပါသည်။

## ကိုယ်ဝန်ဆောင် မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှု နည်းပါးခြင်း

ဖြစ်ရပ် ၁။ ။ဆေးမှားထိုးပြီးနောက် ကိုယ်ဝန်ဆောင်မိခင် ဖျားနာလာခြင်း

*"၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် တောင်ငူခရိုင် သံတောင်ကြီးမြို့နယ်ရှိ မယ်သင်ခကြီး ကျေးရွာမှ ကိုယ်ဝန်ဆောင် အမျိုး သမီးတစ်ဦးသည် ဖျားနာလာပါသည်။ သူမသည် ကိုယ်ဝန်ဆောင်စဉ်ကာလတွင်း ကိုယ်ဝန် ဆောင်မိခင်များ သောက်သော ဆေးဝါး များနှင့် အားဆေးများကို သောက်သုံးခဲ့ခြင်းမရှိပါ။ ဖျားနာသောအခါတွင်လည်း ဆေးဝါး သောက် သုံးခဲ့ခြင်းမရှိပါ။ သူမကို ဆေးကုသရန် ရွာတွင် ဆေးခန်း၊ ဆေးရုံ သို့မဟုတ် သားဖွား ဆရာမလည်းမရှိပါ။ ထို့ကြောင့် ဒေသခံရွာ သားများသည် သူမကို သူတို့တတ်ကျွမ်းသမျှ အကောင်းဆုံးကုသ ပေးပါသည်။ သူတို့ ထိုးပေးလိုက် သော ဆေးသည် သူမနှင့်ဓာတ်မတည့်ဘဲ သူမအား ထိတ်လန့်မှု ရသွားစေပါသည်။ ဤဆေးမတည့်ခြင်းကို ရပ်တန့်ရန် ရွာတွင် ဖြေဆေး မရှိပါ။ အမျိုးသမီးသည် ကိုယ်ဝန်ဆောင်ထားပြီး ဆေးထိုးမှားခြင်းကြောင့် ပါးစပ်တွင်အနာများ ပေါက် လာပြီး သူမကို ရွာနှင့် ၂ရက်ခရီး အကွာအဝေးရှိ ဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။ သူမဆေးရုံသို့ ရောက်ရှိသွားချိန်တွင် ဆေးရုံ ဝန်ထမ်းများကဆေးမှူးများကို သူမ၏အခြေအနေကို မေးပါသည်။ ဆေးမှူးများလည်း အခြေအနေကို သိရှိ သောကြောင့် ဆေးရုံဝန် ထမ်း များအား ပြောပြပါသည်။ ဆေးရုံဝန်ထမ်းများက သူမကိုဆေးထိုးပေးသူအား တရားစွဲဆို နိုင်ကြောင်း ပြော ပါသည်။ ထို့နောက်ဆေးမှူးများက ဆေးရုံဝန်ထမ်းများသည် သူမဆေးရုံရောက်ရှိနေသည်မှာ တစ်ပတ်ခန့် ရှိသော်လည်း သူမကို ဆေးဝါးကုသပေးခြင်းမရှိဟု ပြောပါသည်။ လူနာကိုယ်ဝန်ဆောင်အမျိုး သမီးသည် ဆေးဖိုး မတတ်နိုင်သော ကြောင့် ဆေးမကုသရဘဲ ဆေးရုံမှ ပြန်ဆင်းလာခဲ့ရပါသည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားတင်ပြသောနောက်ဆုံးရ အခြေအနေတင်ပြချက်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ ကရင်ပြည်နယ်မြောက်ပိုင်း (၂၀၁၄ ဇူလိုင်လ တွင်လက်ခံရရှိခဲ့သည်။)[209]

---

[206] Maternal Mortality in 1990-2015, Myanmar, WHO, UNICEF, UNFPA, World Bank Group, and United Nations Population Division Maternal Mortality Estimation Inter-Agency Group, accessed May 2016. တွင်ကြည့်ပါ။

[207] UNFPA Myanmar: Country Profile, United Nations Population Fund, accessed May 2016 တွင် ကြည့်ပါ။

[208] Source #118 တွင် ကြည့်ပါ။ "Hpa-an Interview: Saw A---, May 2014" KHRG, May 2015.

[209] Source #102: "Toungoo Situation Update: Thandaunggyi Township, April to June 2014" KHRG, December 2016. တွင် ကြည့်ပါ။

အထက်ပါ ကိုယ်ဝန်ဆောင် အမျိုးသမီး၏ အဖြစ်အပျက် အတွေ့အကြုံသည် ရွာသားများကြုံတွေ့ရသည့် တစ်ခုတည်း သောစံပြ အတွေ့အကြုံ မဟုတ်ပါ။ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများမှ ရွာများတွင် ဆေးပေးခန်းများ၊ သို့မဟုတ် ကျန်းမာရေးဝန်ထမ်းများ မရှိပါ။ ဒေသခံရွာသားများသာ ဆေးသင်တန်း ကောင်းမွန်စွာ တက်ရောက်ရခြင်းမရှိဘဲကျန်းမာရေးဝန်ဆောင်မှုများကို လုပ်ဆောင်ကြရပါသည်။ ဤအကျိုးဆက်ကြောင့် လူနာများသည် ဆေးမှားပေးခြင်း ခံရကြ ပါသည်။ ဆေးမှားပေးခြင်းသည် ဆေးပေးသူ၏ ပေါ့ဆမှုများကြောင့်သို့မဟုတ် မှန်ကန်သောဆေးဝါးများမရှိခြင်းကြောင့်ဖြစ်ပါသည်။[210] ထို့အပြင် သားဖွားဆရာမများနှင့် ကျန်းမာရေးလုပ်သားများက လိုအပ်သော ဆေးဝါးများ ရရှိနိုင်သော မြို့ဆေးရုံများနှင့် ဆေးခန်းများသို့[211] လူနာများကိုပို့ဆောင်သည့်အခါတွင်လည်း ဆေးဈေးနှုန်းများမြင့်မားခြင်း ဆေးကုသ စရိတ် ကြီးမြင့်ခြင်းကြောင့် ကျေးလက်နေ ပြည်သူများက ငွေကြေးမတတ်နိုင်ခြင်း၊[212] ဆေးဝါးကုသမှုပုံစံသိသာစွာ ပြောင်းလဲသွားခြင်း၊[213] ဆေးရုံသို့ သွားရသော ခရီးအကွာအဝေး အလွန်ဝေးလံခြင်း[214] စသည့်အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ မရှိခြင်းသည် ဆေးရုံများ၌ သွားရောက် မွေးဖွား ခြင်း မပြုနိုင်သော ကိုယ်ဝန်ဆောင် မိခင်များအတွက် အထူးစိုးရိမ်ဖွယ်ရာ ဖြစ်စေပါသည်။

*"တစ်ခါတစ်ရံ ဆေးရုံသို့ လူနာပို့သောသူများသည် အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဆေးရုံ တွင် ဝန်ထမ်းများ၊ သူနာပြုများမရှိသောကြောင့် ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်များ အနေဖြင့် ဆေးရုံတွင် သွားရောက် မီးဖွားရန် မလွယ်ကူပါ။ ရွာရှိ သားဖွားဆရာမများနှင့်သာ မီးဖွားကြရပါသည်။ ကလေး မီးဖွားရခက်ခဲသော လူနာများကိုမူ အောက်ပိုင်း (မြို့) သို့ပို့ဆောင်ပါသည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားတင်ပြသော နောက်ဆုံးရအခြေအနေတင်ပြချက်၊ ဘီးလင်းမြို့နယ်၊ သထုံခရိုင်/ မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၄ ဇူလိုင်လ တွင်လက်ခံရရှိခဲ့သည်)[215]

## ဖြစ်ရပ် ၂။ ။ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေး စောင့်ရှောက်မှု မရရှိသောကြောင့် သေဆုံးရခြင်း

*"တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ က....ကျေးရွာမှ အမျိုးသမီးတစ်ဦးသည် ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကလေးမီးဖွားခဲ့ပါသည်။ မြန်မာအစိုးရမှ ခန့်အပ်ထားသော သားဖွားဆရာမများ ရှိပါသည်။ သို့သော် ထိုသားဖွား ဆရာမ များသည် ရွာတွင် ဘယ်သောအခါမှ မရှိကြပါ။ ထို့ကြောင့် သူမသည် အရပ်လက်သည်နှင့်သာ ကလေးမီး ဖွားရပါသည်။ သူမသည် အရပ်လက်သည်နှင့်သာ မီးဖွားရသောကြောင့် သူမ၏ ကလေးအချင်းထွက်ရန် အချိန်ကြာခဲ့ပါသည်။ ထို့ကြောင့် အရပ်လက်သည် သားဖွားဆရာမက သူမ၏ ကလေးအချင်းကို ကတ်ကြေးဖြင့် ဖြတ်ထုတ်ခဲ့ ရပါသည်။ ထိုသို့ဖြတ်ရာတွင် သွေးထွက်လွန်ပြီး သူမ သေဆုံးသွားခဲ့ရပါသည်။ အကယ်၍ အစိုးရခန့်ထားသော သားဖွားဆရာမများနှင့် ဆေးဝါးများ ရှိပါက ထိုကိုယ်ဝန်ဆောင်အမျိုးသမီး၏ အသက်ကို ကယ်တင်နိုင်လိမ့်မည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားတင်ပြသော နောက်ဆုံးရအခြေအနေတင်ပြချက်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ ကရင်ပြည်နယ်မြောက်ပိုင်း (၂၀၁၄ ဇူလိုင်လတွင် လက်ခံရရှိခဲ့သည်)[216]

ရွာသားများသည် သားဖွားဆရာမများကို ကလေးမီးဖွားရာတွင်သာ မှီခိုကြရသည် သာမက ကိုယ်ဝန်ဆောင် မိခင်များ ကိုယ်ဝန်ဆောင် ကာလတွင် ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် သာမန်ဖျားနာရောဂါ ကုသပေးရန် အတွက်လည်း မှီခို ကြရပါသည်။ သို့သော် အချို့ကျေးရွာများတွင် အရည်အသွေး ပြည့်မှီသော ဝန်ဆောင်မှုကို ပံ့ပိုးပေးနိုင်သော သားဖွား ဆရာမများပင် မရှိပါ။

*"ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ တာဝန်ကျ တဲ့ သားဖွားဆရာမတွေဟာ အခြားရွာတစ်ရွာ မှာ နေတဲ့အတွက် အရေးပေါ် ကိစ္စရှိရင်သူတို့တွေကို ရွာအချိန်မီ ရောက်အောင် မခေါ်လာနိုင်ဘူး။"*

စော က...(ကျား၊ ၄၂နှစ်)၊ င...ကျေးရွာ၊ မုန်းမြို့နယ်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း (၂၀၁၃ ဖွန်လတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်)[217]

---

210 Source #20 နှင့် 102 "Toungoo Situation Update: Thandaunggyi Township, April to June 2014" KHRG, December 2016; and Source #88: "Dooplaya Situation Update: Kyonedoe Township, September to December 2013" KHRG, September 2014. တွင် ကြည့်ပါ။

211 Source #104 တွင် ကြည့်ပါ။

212 Source #20 တွင် ကြည့်ပါ။

213 မြန်မာပြည်မှ လူနာများအား အခမဲ့ ဆေးကုသ ပေးနေသော ထိုင်းနိုင်ငံ မဲဆောက်အခြေစိုက် မယ်တော်ဆေးခန်းသည် ဤပြဿနာကို ဖြေရှင်းနိုင်ရန် ရိုးရာအရပ်လက်သည်များကို လုံခြုံစိတ်ချရသော မီးဖွားပေးနည်း သင်တန်းများကို သင်ကြား ပေးပါသည်။ ဤသတင်းအချက်အလက်ကို မယ်တော်ဆေးခန်း မှ ဒေါက်တာ စ....နှင့် ၂၀၁၅ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းမှကောက်နုတ်ထားခြင်းဖြစ်ပါသည်။

214 Source #131 တွင် ကြည့်ပါ။

215 Source #109 တွင် ကြည့်ပါ။

216 Source #102: "Toungoo Situation Update: Thandaunggyi Township, April to June 2014" KHRG, December 2016. တွင် ကြည့်ပါ။

217 Source #20 တွင် ကြည့်ပါ။

သားဖွားဆရာမများရှိသော ကျေးရွာများတွင်လည်း ရွာသူ၊ ရွာသားအချို့မှ ဆရာမများထံ လာပြသော ရောဂါများကို ကုသပေးနိုင်ရန်အတွက် ၎င်းတို့၏ တတ်ကျွမ်းမှုအတတ်ပညာမှာ အကန့်အသတ်ရှိပါသည်။ ဆေးပေးခန်းတံခါးမှာလည်း မကြာခဏ သော့ခတ်ထားလေ့ရှိပါသည်။[218]

## ကျေးလက်ကျန်းမာရေးလုပ်သားများ၏ ပေါ့ဆမှု နှင့် ကျန်းမာရေးပညာပေး ပြုလုပ်မှု နည်းပါးခြင်း

ဖြစ်ရပ် ၃။ ။ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးသည် ဒူးပလာယာခရိုင်ရှိ အမျိုးသမီးများကို ဓာတ်မတည့်သည့် ဘေးထွက် ဆိုးကျိုးများဖြစ်ပေါ်စေခြင်း

၂၀၁၃ ခုနှစ်တွင် ဒေါက်တာစောမိုးမြင့်ဝင်း ဦးဆောင်သော တစ်နိုင်ငံလုံး ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး တိုက် ကျွေးခြင်း လူထုလှုပ်ရှားမှုတွင် တိုက်ကျွေးသော ကာကွယ်ဆေးသည် မကောင်းသော ဘေးထွက်ဆိုးကျိုး များဖြစ်ပေါ်ခဲ့ သည့်အကြောင်းကို KHRGမှ သတင်းရရှိခဲ့ပါသည်။ ဒေါက်တာစောမိုးမြင့်ဝင်းသည် အစိုးရကျန်းမာရေး ဝန်ထမ်းများအား ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့နယ်ခွဲရှိ ကျေးရွာ ၂၅ရွာမှ ရွာသား ၁၁၄၄ ဦး ပါဝင်သော အိမ်ထောင်စု ၂၅၄ စုကို ဆင်ခြေထောက်ရောဂါ ကာကွယ်ရန် သို့မဟုတ် ကုသရန်ဆေးတိုက်ကျွေးစေခဲ့ပါသည်။[219] ၎င်းကာကွယ်ဆေး သောက်ပြီးသောအခါ အမျိုးသမီးများက ၎င်းတို့သည် ကိုယ်ပူတက်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ခြေလက်နာကျင်ကိုက်ခဲခြင်း၊ ဗိုက်နာခြင်း၊ မောပန်းခြင်း၊ မိန်းမောခြင်း၊ မူးဝေခြင်းနှင့် ခေါင်းကိုက်ခြင်း၊[220] အော့အန်ခြင်း၊ ယားယံခြင်း၊ ရင်ဘတ် အောင့် ခြင်း၊ သွေးတိုးခြင်း၊ အဖုအဖိန့်များထွက်ခြင်း စသည့်ဝေဒနာများကို ခံစားရကြောင်း တင်ပြကြပါသည်။ အမျိုးသမီး တစ်ဦး သည် ကိုယ်ဝန်ပင် ပျက်ကျခဲ့ပါသည်။[221] အမျိုးသမီးအချို့က ၎င်းတို့သည် ဆေးမသောက်ခင်က ကျန်းမာရေးကောင်းသော်လည်း ဆေးသောက်ပြီးသောအခါ ရောဂါဝေဒနာများကို ခံစားရကြောင်းပြောပါသည်။ အမျိုးသမီး တစ်ဦးက သူမနှင့် သူမ၏ ခင်ပွန်းသည်ပါဆေးသောက်ကြသော်လည်း သူမတစ်ဦးတည်းသာ ထူးခြားသောရောဂါ လက္ခဏာများ ခံစားရ ကြောင်း ပြောပြပါသည်။[222] အမျိုးသမီးတစ်ချို့က သူမတို့အနေနှင့် ဆေးမသောက်လျှင် အပြစ် ပေးခံရမည်[223] ဟု ပြောဆိုခြင်း ခံရကြောင်း တင်ပြကြပြီး အချို့က သူနာပြုဆရာ၊ဆရာမများ၏ အတင်းအကျပ် တိုက်ကျွေးခြင်းကို ခံရကြောင်းတင်ပြပါသည်။

*"ကျွန်မက သူနာပြုဆရာမရှေ့မှာ ထိုင်ရပါတယ်။ ဆရာမက ကျွန်မကို ပါးစပ်ဟခိုင်းပါတယ်။ သူမကိုယ်တိုင် ဆေးကို ကျွန်မပါးစပ်ထဲထည့်ပြီး ရေပါတစ်ခါထဲတိုက်ပါတယ်။ နောက်တော့ ကျွန်မကို ပါးစပ်ထပ်ဟ ခိုင်းပါတယ်။ ကျွန်မဆေးကို မမျိုချမှာစိုးလို့ သူကပြန်ကြည့်ပါတယ်။ ယခုကျွန်မကိုယ်မှာ ယားနာအဖုတွေ ပေါက်လာပါတယ်။"*

ဒေါ် အ....(မ၊ ၆၀နှစ်)၊ ပ....ကျေးရွာ၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၃ အောက်တိုဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[224]

၂၀၁၃ ခုနှစ် လူထုတစ်ရပ်လုံးပါဝင်သော ကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှုတွင် အမျိုးသမီးများကြုံတွေ့ခဲ့ရသော အထက်ပါ ဥပမာများနောက်ကွယ်တွင် စိုးရိမ်ဖွယ်ရာ များစွာရှိသည်ကို တွေ့မြင်ရပါမည်။ ပထမတစ်ခု အနေဖြင့် ဒေသခံ ကျန်းမာရေး လုပ်သားများသည် ၎င်းတို့ပေးဝေရသော ဆေးကိုတိုက်ကျွေးရမည့် စိတ်ချရသော ပမာဏနှင့် ဆေး၏ဘေးထွက်ဆိုးကျိုးစသည့် ဆေးအကြောင်းနှင့် ပတ်သက်၍ သင်တန်းအနည်းငယ်သာတက်ရောက်ရခြင်းနှင့် ဆေးပညာအသိနည်းပါးခြင်း တို့ဖြစ်ပါသည်။ ဒုတိယအနေဖြင့် အမျိုးသမီးများအား ကာကွယ်ဆေးမတိုက်ကျွေးမီ ကြိုတင်သဘောထား မေးမြန်းမှုမရှိခြင်းနှင့် ဆေးအကြောင်း ကြိုတင် ပြောပြထားခြင်း

[218] Source #118: "Hpa-an Interview: Saw A---, May 2014" KHRG, May 2015. တွင် ကြည့်ပါ။

[219] တိုက်ကျွေးသောဆေးဝါးမှာ diethylcarbamazide (DEC) နှင့် albendazole သို့မဟုတ် DEC နှင့် ivermectinစသည်ဆေးဝါးများဖြစ်နိုင်ပါသည်။. ပိုမိုသိရှိရန် KHRG မှ ဆက်လက်စုံစမ်းဆဲဖြစ်ပါသည်။

[220] အထက်ပါ ခံစားရသောရောဂါလက္ခဏာများကို diethylcarbamazide (DEC) citrate ဆေးထုတ်လုပ်သော ကုမ္ပဏီ မှ ၎င်းတို့ဆေးညွှန်းတွင် ဖော်ပြထားသော မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများဖြစ်ပါသည်။ ဤဆေးကို ဆင်ခြေ ထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်း စီမံကိန်းတွင် လူများအားပေးဝေရာတွင် ပါဝင်ကောင်းပါဝင်ခဲ့မည်။ သို့သော် KHRG မှ အတည်မပြုနိုင်ခဲ့ပေ။ "အပျော့စားနှင့် အလယ်အလတ်စား ဆေးမတည့်ခြင်း ဖြစ်နိုင်ချေများသော်လည်း ပြင်းထန် သော ဓာတ်မတည့်ခြင်းမှာမူ အဖြစ်နည်းပါသည်။ microfilaraemia အစား diethylcarbamazine citrate ဆေးကို ပေးသော အခါ ဆရာဝန်များညွှန်ကြားထားသော မမာဏတိုက်ကျွေးလျှင်ပင် မူးမော်ခြင်း၊ အော့အန်ခြင်း၊ ဗိုက် နာခြင်း၊ ဝမ်းသွားခြင်း အစာစားချင်စိတ်မရှိခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ခေါင်းမူးခြင်း၊ အိပ်ငိုက်ခြင်း၊ မောပန်းခြင်း နှင့် ခေါင်းကိုက်ခြင်းများ ခံစားရပါသည်။ ဤရောဂါလက္ခဏာများကို ဆေးသောက်ပြီး တစ်နာရီ၊ နှစ်နာရီအတွင်း စတင်ခံ စားရနိုင်ပြီး နာရီပေါင်းများစွာ ခံစားရနိုင်ပါသည်။" , WHOPAR Part 4: Summary of Product Characteristics, WHOPAR, September 2013. ၏ စာမျက်နှာ ၄ တွင် ကြည့်ပါ။

[221] Source #88 တွင် ကြည့်ပါ။ "Dooplaya Situation Update: Kyonedoe Township, September to December 2013" KHRG, September 2014.; ဆေးထုတ်လုပ်သော ကုမ္ပဏီမှ ကိုယ်ဝန်ပျက်ကျခြင်းသည် ဘေးထွက် ဆိုးကျိုး တစ်ခုအဖြစ် မသတ်မှတ်ထားပါ။ သို့သော် ဆေးညွှန်းတွင်မသိနိုင်သော ဆိုးကျိုးများကြောင့် ကိုယ်ဝန်သည် အမျိုးသမီးများအား မတိုက်ကျွေးသင့်ဟု ဖော်ပြထားသည်။ WHOPAR Part 4: Summary of Product Characteristics, WHOPAR, September 2013. ၏ စာမျက်နှာ ၄ တွင် ကြည့်ပါ။

[222] Source #68 တွင် ကြည့်ပါ။

[223] Source #69 တွင် ကြည့်ပါ။

[224] အထက်ပါ အတိုင်းကြည့်ပါ။

မရှိသောကြောင့် တိုက်ကျွေးသည့် ဆေးဝါးများအား သောက်သုံးမည်၊ မသောက်သုံးမည်ကို အမျိုးသမီးများက ဆုံးဖြတ်ခွင့်အား မပေးသကဲ့သို့ဖြစ်ပါသည်။ ပိုမိုကျယ်ပြန့်စွာ ပြောရမည်ဆိုလျှင် ဤကာကွယ်ဆေးတိုက်ကျွေးမှုကို လုပ်ဆောင်ရာတွင် ကာကွယ်ဆေးတိုက်ကျွေးခြင်း အတွေ့အကြုံ များစွာရှိသော၊ ကျန်းမာရေးဝန်ဆောင်မှု ပေးနေသော တိုင်းရင်းသားအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း မရှိပါ။ တိုင်းရင်း သား ကျန်းမာရေးအဖွဲ့များတွင် ကာကွယ်ဆေးတိုက်ကျွေးရာတွင် အထက်ပါ ကဲ့သို့သော ဘေးထွက်ဆိုးကျိုး များမဖြစ်စေရန် ခိုင်မာသော လုပ်ထုံးလုပ်နည်းများ လမ်းညွှန်မှုများရှိပါသည်။[225]

ဆက်လက်တင်ပြရလျှင် လူထုအားလုံးပါဝင်သော ကာကွယ်ဆေး တိုက်ကျွေးရာတွင် ဗဟိုအစိုးရနှင့် အဆက် အသွယ် ပြုလုပ်မှု နည်းပါးခြင်းကြောင့် ဆေးတိုက်ရာတွင် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာသောအခါ ယခင်ကြံ့ခိုင်ရေးပါတီ ဦးဆောင်သောအစိုးရမှ လုပ်ဆောင်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ယုံကြည်မှုမရှိစေရန် ပိုမိုတွန်းအား ပေးသကဲ့သို့ ဖြစ်စေပါသည်။ ထို့အပြင် ရွာသားများအနေဖြင့် အစိုးရ၏ဆေးကုသပေးမှုများကို သံသယဖြစ်လာသည်မှာ ၂၀၁၅ ခုနှစ် အထိပင်ဖြစ်ပါသည်။[226]

ဤအရာများကို ကြည့်ခြင်းဖြင့် အနာဂတ်တွင် လူထုကျန်းမာရေး လှုပ်ရှားမှုများ ပြုလုပ်ပါက ဒေသခံများနှင့် ဆွေးနွေး တိုင်ပင် လုပ်ဆောင်သင့်သည်ဆိုသည့်အချက်ကို တွေ့မြင်ရပါမည်။ လူထုက တိုင်းရင်းသား ကျန်းမာရေး ဝန်ဆောင်မှု ပေးသူများကို ပိုမိုယုံကြည်ကြသောကြောင့် အစိုးရ၏ ဗဟိုကျန်းမာရေး ဝန်ကြီးဌာနမှ အဖွဲ့များသည် ၎င်းတို့ လုပ်ဆောင် မည့် အရာများကို ကေအဲန်ယူ ကျန်းမာရေး လုပ်သားများနှင့် ကြိုတင်တွေ့ကြုံ ဆွေးနွေးသင့်ပေသည်။ ထိုနည်းတူ နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများ အဖွဲ့ကလည်း အထက်ပါ အတိုင်း ကြိုတင်ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်ဆောင်စေချင်ကြပါသည်။[227]

## စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မသန်စွမ်းသူများအတွက် ကျန်းမာရေးဝန်ဆောင်မှု နည်းပါးခြင်း

<u>ဖြစ်ရပ် ၄။ ။စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့တဲ့မှုကြောင့် အမျိုးသမီးတစ်ဦးအနေနှင့် သူမ၏သားသမီးများကို ပြုစုပျိုး ထောင်မှု မပြုလုပ်နိုင်ခြင်း</u>

မ က....သည် ကလေးနှစ်ယောက်မိခင်ဖြစ်ပြီး သူမသည် သူမ၏အစ်မ၊ခဲအိုနှင့်အတူနေထိုင်ပါသည်။ အသက် ၂၈နှစ်အရွယ် မ က....သည် ငယ်စဉ်ကလေးဘဝတွင် ကြာရှည်စွာ အပြင်းအထန်ဖျားနာခဲ့ပြီး အကြောဆေး ပုလင်းကြီးများ အကြိမ်ကြိမ်ချိတ်ခဲ့ရပါသည်။ ထိုအချိန်မှစ၍ မ က....သည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့တဲ့ခဲ့ရကြောင်း သူမ၏အစ်မက ပြောပြပါသည်။ ထိုစိတ်ဝေဒနာခံစားရခြင်းကြောင့် မ က.... သည် ယခုအခါသူမ၏ ကလေးငယ်များကို ကြည့်ရှု စောင့်ရှောက်နိုင်ခြင်း မရှိအတွက်သည့် သူမ၏ အစ်မအပေါ် ဝန်ပိစေပါသည်။

*"အခု သူမက ကလေးတွေကိုချစ်ရမှန်းလည်းမသိ ဘယ်လိုကျွေးမွေးရမှာလဲ မသိဆိုတော့ ကျွန်မပဲသူ့အတွက် အကုန် လုပ်ပေးရတယ်။စိတ်ဝေဒနာခံစားရပြီး သူ့ဘာမှ မသိတော့ သူ့မိသားစုအတွက် ကျွန်မပဲ လိုက်လုပ်ပေးရတယ်။ သူက သွက်သွက်လက်လက်မရှိဘဲ တွေဝေနေပြီး ကျွန်မပြောတာကိုလည်း လုံးဝ နားမထောင်ဘူး။ ကျွန်မပဲ သူ့ ကို အမြဲ ခွင့်လွှတ်နေရတယ်။ ကျွန်မက အစ်မကြီးဖြစ်တော့ သူ့အတွက်အနစ်နာခံရတာပေါ့။"*

မ က...၏အစ်မ၊ (မ)၊ ဃ...ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၄ မတ်လ တွင် တွေ့ဆုံမေးမြန်းခန်းလက်ခံရရှိခဲ့သည်။)[228]

အထက်ပါအဖြစ်အပျက်က ကျေးလက်နေ အမျိုးသမီးများနှင့် ကလေးငယ်များအတွက် ဆယ်စုနှစ်များစွာမှအကန့်အသတ်ရှိသောကျန်းမာရေး စောင့်ရှောက်မှု၏ ဆိုးကျိုးသက်ရောက်မှုကို မီးမောင်းထိုးပြခြင်း ဖြစ်ပါ သည်။ စိတ်ဝေဒနာ ခံစားရသော အမျိုးသမီးများသည်လည်း အစိုးရ၏ ညံ့ဖျင်းသော ကျန်းမာရေး စောင့်ရှောက်မှု စနစ်၏ဆိုးကျိုးကို ခံစားနေရပါသည်။ စိတ်ဝေဒနာရှင်များ အပေါ်ထားရှိသော လူမှုရေး အမြင်ဆိုးများသည်လည်း ဝေဒနာရှင်များအတွက် ထပ်မံ၍ အတားအဆီး ဖြစ်စေပါသည်။

ဒူးပလာယာခရိုင်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခုတွင် ရိုးရာပယောဂကုဆရာနှင့် သူ၏ အမျိုးသမီးတို့သည် စိတ်ဝေဒနာ ခံစား ရသော အမျိုးသမီးကို ကုသပေးသည်ဟုဆိုကာ ပြင်းထန်စွာ ညှဉ်းပန်း နှိပ်စက်ခဲ့သောကြောင့် ထိုစိတ်ဝေဒနာရှင် အမျိုးသမီး ဒဏ်ရာ ရရှိကာ သေဆုံးခဲ့ရပါသည်။[229] ဒူးပလာယာ ခရိုင်တွင်း နောက်ထပ် အဖြစ်အပျက် တစ်ခု မှာလည်း လမ်းပေါ်တွင် အဝတ်အစားမပါရှိဘဲလျှောက်

[225] Source #118: "Hpa-an Interview: Saw A---, May 2014" KHRG, May 2015. တွင် ကြည့်ပါ။

[226] Source #133 တွင် ကြည့်ပါ။

[227] Source #118: "Hpa-an Interview: Saw A---, May 2014" KHRG, May 2015. တွင် ကြည့်ပါ။

[228] Source #90 တွင် ကြည့်ပါ။

[229] Source #87 တွင် ကြည့်ပါ။

သွားသော အသက် ၄၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် အောက်လမ်းပညာဖြင့် ပြုစားခြင်း ခံရသောကြောင့် ရူးသွပ်သွားခဲ့ရပါသည်ဟုလူအများက ပြောကြပါသည်။[230]

ပိုမိုဆိုးဝါးသည်မှာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့တဲ့မှုသည် ပြုစားခံရမှုများကြောင့် ဖြစ်သည်ဟု ယူဆသောအခါ တစ်ခါ တစ်ရံတွင်စိတ်ဝေဒနာရှင်များအား ကိုယ်ထိလက်ရောက် အနိုင်ကျင့် စော်ကားမှုများ ဖြစ်ပေါ်စေပါသည်။ ရွာသားများက စိတ်မနှံ့သူဟု သတ်မှတ်ခြင်းခံရသော အသက် ၁၆ နှစ်အရွယ်နော် က....၏ အဖြစ်အပျက်ကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။[231] သူမကို မွေးစားသောအမေက သူမ၏ ငယ်ဘဝကြမ်းတမ်းပုံကို ပြန်ပြောပြပါသည်။ သူမ၏ မွေးစားမိခင် ပြောပြချက်အရ သူမစိတ်ဝေဒနာ ခံစားရသည်ကို မကောင်းဆိုးဝါးများက ပြုစားထားသည်ဟု အများက ယုံကြည်ပါသည်။ ထို့ကြောင့် သူမ၌ဝင်ပူးနေသော မကောင်းဆိုးဝါးများကို မောင်းထုတ်ရန်ဟုဆိုကာ ကလေးမကို ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်းကို ခံခဲ့ရပါသည်။

*"သူ့ကိုကောင်းကောင်း မပြုစုခဲ့ကြပါဘူး။ ကျွန်မသူ့ကိုမွေးစားခင် သူငယ်ငယ်တုန်းက အနိုင်ကျင့်ခံခဲ့ရတယ်၊ ကြိုးနဲ့ချိတ်ဆွဲထားခြင်းခံရတယ်၊[232] ရေထဲကိုလည်းပစ်ချခံခဲ့ရတယ်။ ကျွန်မသူ့ကို စခေါ်လာတုန်းကဆိုရင် သူ့တစ်ကိုယ်လုံး နံစော်ညစ်ပတ်နေပါတယ်။ သူ့ဗိုက်ကလည်း ဖေါင်းကားနေတယ်။[233] သူ့ရဲ့ မိခင်အရင်းကတော့ သူ့ရဲ့ ခန္ဓာကိုယ်ကို မကောင်းဆိုးဝါးတွေက ဝင်ပူးထားတယ်လို့ ကျွန်မကို ပြောခဲ့တယ်။ သူ ညညဆို အပြင်ထွက်ပြီး အစာရှာစားတယ်လို့ ပြောပါတယ်။ ကျွန်မသူ့ကို အိမ်ခေါ်လာပြီး ထမင်းဝဝကျွေးတော့ သူအိပ်ပျော်သွားပါတယ်။ သူ့ဆီမှာ မကောင်းတဲ့ ဝိညဉ်ပူးနေတယ် ဆိုတာ မတွေ့ရပါဘူး။"*

နော် က....၏မွေးစားမိခင်၊ (မ)၊ ခ....ကျေးရွာ၊ ကျော်ခီးကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ် တောင်ပိုင်း (၂၀၁၅ မေလတွင် တွေ့ဆုံမေးမြန်းခန်း လက်ခံရရှိခဲ့သည်။)[234]

အထက်ပါအဖြစ်အပျက်များကို ကြည့်ခြင်းဖြင့် စိတ်ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်ပေးမှုမရှိ သည့်အပြင် စိတ်ရောဂါနှင့်ပတ်သက်သောအကြောင်းကို လူအများက ဗဟုသုတမရှိကြသောကြောင့် စိတ်ဝေဒနာခံစားနေရသော မိန်းကလေးများနှင့်အမျိုးသမီးများသည် ကိုယ်ထိလက်ရောက်အနိုင်ကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှုတို့ကို ပိုမိုလွယ်ကူစွာ ခံစားကြရပါသည်။[235]

## အဆမတန် များပြားသော ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကြောင့် အမျိုးသမီးများအား ပိုမိုဆင်းရဲစေခြင်း

<u>ဖြစ်ရပ် ၅။ ။ကလေးများအတွက် ဆေးဖိုးကုန်ကျစရိတ် ပေးရခြင်းကြောင့် အမျိုးသမီးများ အကြွေးများစွာ တင်ရှိခြင်း</u>

နော် အ...သည် အသက် ၃၀ နှစ် အရွယ် ကလေးနှစ်ယောက်၏ မိခင်ဖြစ်ပြီး သူမသည် သူမနေထိုင်ရာ မ.....ကျေးရွာတွင် စေတနာ့ဝန်ထမ်းကျန်းမာရေး လုပ်သားတစ်ဦးဖြစ်ပါသည်။ ကံအကြောင်းမလှစွာဖြင့် သူမ၏ ဆေးပညာ ကျွမ်းကျင်မှုသည် သူမ၏ နာတာရှည်ရောဂါသည်ကလေးအား ဆေးကုသပေးရန် လုံလောက်မှု မရှိပေ။ နော် အ...သည် သူမ၏ ကလေးအား ဆေးကုသရန်အတွက်ကုန်ကျစရိတ်ပေးဆောင်ရန် ငွေများစွာကို ချေးငှားခဲ့ရပါသည်။

*"ဆေးကုသခအတွက် ကုန်ကျငွေဟာ ဖျားနာတဲ့အပေါ်မှာ မူတည်ပါတယ်။ ကျွန်မသားအကြီးက နလုံးရောဂါရှိတယ်။ သားအငယ်မှာကြတော့ အဆုတ်ရောဂါ၊ နလုံးရောဂါ နှင့် ပန်းနာရင်ကြပ်ရောဂါရှိတယ်။ အခုသူတို့အဖေက ထိုင်းမှာ သွား အလုပ်လုပ်တယ်။ ကျွန်မက သူတို့ရောဂါကုဖို့အတွက် မော်လမြိုင်ဆေးရုံကို သွားခဲ့တယ်။ ဆေးရုံမှာ ၈ လကြာသွားတယ်။ ကျွန်မ ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတွေ အကုန်ရောင်းလိုက်ရပြီး သူများဆီမှာလည်း သိန်း၃၀၀ ကျပ် ချေးငှားထားရတယ်။ ကျွန်မသူတောင်းစား ဖြစ်တော့မယ်။"*

နော် အ....(မ၊ ၃၀နှစ်)၊ ည...ကျေးရွာ၊ မောလေးကျေးရွာအုပ်စု၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၄ ဧပြီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်)[236]

[230] Source #144 တွင် ကြည့်ပါ။

[231] နော် က...သည် မုဒိန်းအကျင့်ခံရပြီး ကိုယ်ဝန်ရရှိခဲ့ပါသည်။ ပိုမိုသိလိုပါက ဤအစီရင်ခံစာ၏ အခန်း ၆: ကျား၊မ အခြေပြုအကြမ်းဖက်မှု တွင် ကြည့်ပါ။

[232] မြန်မာနိုင်ငံတွင် ကလေးများကို ကြိုးဖြင့်ချိတ်ဆွဲပြီး ရိုက်နှက်သည့်အလေ့အထမရှိပါ။ သို့သော် နော် က...ကို သူမ၏ အမေက စုန်းကဝေ ဝင်ပူးသည်ဟုဆိုကာ ထိုသို့ချိတ်ဆွဲရိုက်နှက်ခံခဲ့ရခြင်းဖြစ်ပါသည်။

[233] သူမသည် လွန်စွာအဟာရဓာတ်ချို့တဲ့သောကြောင့် ဗိုက်ဖောင်းနေခြင်းဖြစ်နိုင်ပါသည်။

[234] Source #124: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015" KHRG, July 2015. တွင် ကြည့်ပါ။

[235] ကျား၊ မ အခြေပြုအကြမ်းဖက်မှု (GBV) နှင့် စိတ်ကျန်းပိုင်ဆိုင်ရာ နာမကျန်းမှုအကြောင်း ပိုမိုသိလိုပါက ဤအစီရင်ခံစာ၏ အခန်း ၆: ကျား၊မ အခြေပြုအကြမ်းဖက်မှု တွင် ကြည့်ပါ။

[236] Source #105 တွင် ကြည့်ပါ။

အစိုးရဆေးရုံနှင့် ဆေးပေးခန်းများတွင် ဆေးပေးဝေသည်ဟု ဆိုသော်လည်း အစိုးရအနေဖြင့် ဆေးအတော်များများကို အခမဲ့ပေးဝေခြင်း မဟုတ်ပေ။[237] ဆေးကုသစရိတ်နှင့် ဆေးဖိုးငွေကုန်ကျမှု လွန်စွာ မြင့်မားသောကြောင့် အမျိုးသမီးများသည် အထက်ပါ နော် က....ကဲ့သို့ အခြေအနေနှင့်ရင်ဆိုင်ရပြီး ငွေကြေး ချေးငှားရပါသည်။[238] ကိုယ်ဝန်ဆောင် အမျိုးသမီးများ သည်လည်း အထက်ပါကဲ့သို့ပင် ဆေးရုံများတွင် ကလေးမီးဖွားနိုင်ရန် ငွေကြေးချေးငှားရပါသည်။ ထိုချေးငှားသော ငွေကြေးများကိုလည်း ပြန်ဆပ်နိုင်ရန် ၎င်းတို့အတွက် မလွယ်ကူကြပေ။

*"ကလေးမီးဖွားရန် အခက်အခဲရှိသော အမျိုးသမီးများသည် ဆေးရုံတွင် မီးဖွားနိုင်ရန်အတွက် ငွေကြေးမရှိသောကြောင့် တခြားသူထံမှ ငွေကြေးချေးငှားရပါသည်။ မီးဖွားပြီးပြန်လည် အလုပ်လုပ်နိုင်သော အခါမှ ချေးငါးထားသော ငွေများကို ပြန် ဆပ်ကြရပါသည်။ သူမတို့၌ ကိုယ်ပိုင်လုပ်ငန်းမရှိသောကြောင့် အကြွေးများကို ပြန်မဆပ်နိုင်ကြပါ။ ဤပြဿနာသည် သားသမီးဆွေစဉ်မျိုးဆက်တွင် ဆက်လက် ဖြစ်ပေါ်ပါသည်။ အချို့လူများက အကြွေးလည်းများပြီး ဘာလုပ်ရမှန်း မသိ တော့သဖြင့် ဇနီးနှင့်သားသမီးများကို ရွာတွင်ထားခဲ့ရပြီး ထိုင်းနိုင်ငံ ဘန်ကောက်သို့ သွားရောက် အလုပ်လုပ်ကိုင် ရပါ သည်။"*

KHRG သတင်းစုဆောင်းသူရေးသားတင်ပြသော နောက်ဆုံးရအခြေအနေတင်ပြချက်၊ ဘီးလင်းမြို့နယ်၊ သထုံခရိုင်/ မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၄ ဇူလိုင်လတွင်လက်ခံရရှိခဲ့သည်။)[239]

ငွေကြေးအခက်အခဲပြဿနာများကိုဖြေရှင်းနိုင်ရန် အမျိုးသမီးများသည် အချင်းချင်းပေါ် မှီခိုကြရပါသည်။ ထို့အပြင် ဆေးဖိုး ဝါးခအတွက် ငွေများပေးချေနိုင်ရန် အမျိုးသမီးများသည် ကေအဲန်ယူ လက်အောက်ခံ အမျိုးသမီး အဖွဲ့အစည်းများကို လည်းကောင်း၊ မြန်မာ အစိုးရလက်အောက်ခံ အမျိုးသမီးအဖွဲ့အစည်းများကိုလည်းကောင်း မှီခိုကြပါသည်။ ဥပမာ အနေဖြင့် အရပ်လက်သည် သားဖွားဆရာမ တစ်ဦးသည် သူမ၏ ဝန်ဆောင်မှုအတွက် လူနာမှ ငွေကြေးပေးဆောင်ရန် လက်ထဲ တွင် ငွေမရှိသဖြင့် ထိုလူနာထံမှ ငွေကြေးအစားငါး ကိုလက်ခံရယူပါသည်။[240] သထုံခရိုင်မှ အမျိုးသမီးတစ်ဦးက အမျိုးသမီးများ ကျန်းမာရေးဝန်ဆောင်မှုရယူရာတွင် အမျိုးသမီးများအဖွဲ့ကကူညီ ထောက်ပံ့ပေးပုံကို အောက်တွင်အကျယ်ချဲ့ပြောပြထား ပါသည်။

"ရွာသားတွေ ဆေးကုသစရိတ် ကုန်ကျငွေပေးဆောင်ဖို့ အခက်အခဲရှိပါက အမျိုးသမီးအဖွဲ့အစည်းက ချေးငှားပေးပါတယ်။ နှစ်ပတ်၊ *သုံး ပတ်ကြာရင် သူတို့ပြန်ပေးကြပါတယ်။ ကျွန်မတို့က အတိုးငွေမယူပါဘူး။ အချင်းချင်း ကူညီရမယ်ဆိုတော့ ကျွန်မတို့ကူညီကြတာပေါ့။ အခု က…ရဲ့ အမျိုးသမီးက တီဘီရောဂါဖြစ်နေတယ်။ သူချောင်းဆိုးရင်သွေးပါလို့ အခုဆေး ကုသမှုခံယူနေရတယ်။ သူ့မှာ ဆေးကုသမှုသွား ရောက်ခံယူဖို့ လမ်းစရိတ်မရှိလို့ ကျွန်မတို့က သူ့ကိုလမ်းစရိတ်အတွက် ငွေကြေးကူညီထောက်ပံ့ပါတယ်။"*

နော် လ.....(မ၊ ၄၀ နှစ်)၊ မောလေးကျေးရွာအုပ်စု၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၄ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းလက်ခံရရှိခဲ့သည်။)[241]

---

[237] ကျန်းမာရေးကဏ္ဍတိုးတက်လာစေရန် လုပ်ဆောင်ရာတွင် မရှိမဖြစ်လိုအပ်သောဆေးဝါးများ ၏ဈေးနှုန်းနှင့် ရရှိနိုင်မှု သည် အဓိကအခက်အခဲဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ပြောကြားခဲ့သည်။ Country Cooperation Strategy Myanmar, 2014-2018, World Health Organisation, 2014. ၏ စာမျက်နှာ ၁၁ တွင် ကြည့်ပါ။

[238] Source #106 နှင့် 107 တွင် ကြည့်ပါ။

[239] Source #109 တွင် ကြည့်ပါ။

[240] Source #107 တွင် ကြည့်ပါ။

[241] အထက်ပါအတိုင်း ကြည့်ပါ။

# ဓါတ်ပုံများ: ကျန်းမာရေးနှင့်ပညာရေး





အထက်ပါပုံမှ လက်ဝဲဘက်တွင် မဂ....ဖြစ်ပြီး (လက်ယာ) ဘက် ရှိသူသည် သူမ၏ ၁၆ နှစ်အရွယ်ရှိသော မြေးမလေး နော်လ.... (လက်ဝဲ)၏ ပုံ ဖြစ်ပါသည်။ ၎င်းပုံမှာ အောက်တိုဘာလ ၁၁ ရက် ၂၀၁၃ ခုနှစ်တွင် ဒူးပလာယာခရိုင် အ.... ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ နော်လ.... သည် နာတာရှည် နှလုံးရောဂါခံစားနေရသူဖြစ်ပါသည်။ သူမသည် ကျန်းမာရေးလုပ်သားတစ်ဦးမှ ယခင်ကရှိခဲ့သော ရောဂါအခြေအနေများကို မေးမြန်းခြင်းမရှိဘဲ ဆင်ခြေထောက် ရောဂါ ကာကွယ်ဆေး ထိုးပေးခဲ့ပါသည်။ နောက်ဆက်တွဲအနေဖြင့် ဆေးသောက်ပြီးပြီးချင်း နော်လ.... သည် မူးလဲသွားခဲ့ပါသည်။ *(ဓာတ်ပုံ KHRG)*

လက်ယာဘက်ရှိပုံသည် ပ.... ရွာမှ ဒေါ်စ....ဖြစ်ပြီး အောက်တိုဘာလ ၄ ရက် ၂၀၁၃ ခုနှစ်တွင်ရိုက်ကူးခဲ့ပါသည်။ ဒေါ်စ.... သည် အသက် ၄၀ ရှိပြီးကျေးရွာအတွင်း ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးစဉ်တွင် သူမကိုယ်ဝန် ၄ လရှိပြီးဖြစ်ပါသည်။ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးသူ သူနာပြုသည် သူမအား ၎င်းဆေးကို ကိုယ်ဝန် ဆောင်မိခင်များ မသောက်သုံးသင့်ကြောင်းနှင့် ကိုယ်ဝန်ရှိမရှိမေးမြန်း သတိပေးခဲ့ခြင်းမရှိဘဲ တိုက်ကျွေးခဲ့ပါသည်။ နောက်ဆက်တွဲအနေဖြင့် ဆေးသောက်သုံးပြီး သုံးရက်တွင်း ဒေါ်စ.... ကိုယ်ဝန်ပျက်ကျခဲ့ပါသည်။ သူမက "ကျွန်မအားဆေး ၂ လုံးသွင်းခဲ့ရပါတယ်။ တစ်လလောက်ခံစားရပါတယ်.... ဆယ်အိမ်မှူးကပြောတယ် ကျွန်မဆေး (ဆင်ခြေထောက် ရောဂါ ကာကွယ်ဆေး)ကို သောက်ရမယ်တဲ့။ သူကကျွန်မကို နောက်(ဆေးမသောက်ခဲ့လို့) ရောဂါ ရခဲ့ရင် ကျွန်မကိုကျိုက်ထို ဆေးရုံကို သွားခွင့်ပြုမှာမဟုတ်ဘူးလို့ပြောပါတယ် ဒါကြောင့် ကျွန်မစိုးရိမ်ပြီး ဆေးသောက်ခဲ့တော့ ဒီလို (ကိုယ်ဝန်ပျက်ကျ) တော့တာပဲလေ" ဟု ပြောပါသည်။ *(ဓာတ်ပုံ KHRG)*



ဤဓာတ်ပုံကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင်ရိုက်ကူးခဲ့ပြီး မ.... ကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပလာယာခရိုင်မှ အစိုးရသူနာပြုတစ်ဦး၏ ပုံဖြစ်ပါသည်။ ၎င်းသူနာပြုမှ ၂ နှစ်အောက်ကလေးငယ် များ ကာကွယ်ဆေးထိုးခဲ့ပြီး ကိုယ်ဝန် ဆောင်မိခင် တစ်ဦးအား ကျန်းမာရေးစစ်ဆေး ပေးနေသော ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို ၂၀၁၅ ခုနှစ်ဇန်နဝါရီလတွင်ရိုက်ကူးခဲ့ပါသည်။ ပုံတွင် ခွဲစိတ်ကုသမှုခံယူပြီး နေပြန်ကောင်းလာသော အသက် ၆၅နှစ် အရွယ်ရှိ ဒေါ်အ.... ၏ ပုံဖြစ်ပါသည်။ Free Burma Ranger မှ ဆေးမှူးတစ်ဦးက သူမအား ဒူးပလာယာခရိုင်၊ ကလောပလူးကျေးရွာအုပ်စု၊ ဟ....ကျေးရွာတွင် ဆေးကုသပေး နေ သော ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ KHRG)*



လက်ယာဘက်ပုံတွင်မြင်ရသော မိန်းကလေးငယ်သည် ဖာပွန်ခရိုင် ဘူးသိုမြို့နယ် ခ.....ကျေးရွာမှ ဖြစ်ပြီး သူမသည် မိဘများ၏ စိုက်ခင်းများတွင် သီးနှံရိတ်သိမ်းသောအခါ မောင်ငယ်၊ နမငယ်များကို ကြည့်ရှုစောင့်ရှောက်ရသောကြောင့် သူမအနေဖြင့် ကျောင်းမတက်ရောက်နိုင်ပေ။ သူမ၏ မိဘများသည် စားဝတ်နေရေးအခက်အခဲကြောင့် အသက်ရှင်သန်နိုင်ရေးကို အဓိကထား ရုန်းကန်နေရ သည့် အတွက် သူမ၏ပညာရေးကို ပံ့ပိုးနိုင်ခြင်း မရှိပေ။ ထို့အပြင် သူမတို့နေထိုင်သော နေရာသည် ကျောင်းနှင့် ဝေးကွာ သောကြောင့် ကလေးများကျောင်းတက် ရောက်ရန်အတွက် နောက်ထပ် အခက်အခဲတစ်ခု ဖြစ်စေပါ သည်။ ဤပုံကို ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ၁၃ ရက်နေ့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ *(ဓာတ်ပုံ KHRG)*



ဤပုံသည် အ....ကျေးရွာ မှ နော် စ...၏ ပုံဖြစ်ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့က ရိုက်ကူးခဲ့သောပုံ ဖြစ်ပါသည်။ နော် စ...တွင် သားသမီး ၅ ဦးရှိပါသည်။ သူမ၏ ကလေး၄ဦးမှာမှမိန်းကလေးများဖြစ်ကြပြီး ပုံထဲရှိ လက်ဝဲဘက်မှ တစ်ယောက်သည် သူမ၏ တစ်ဦးတည်းသော သားယောကျ်ားလေး ဖြစ်ပါသည်။ သူမ၏ သားသမီး ၅ဦးတွင် ၂ဦးမှာအိမ်ထောင်သည်များကြပါသည်။ ကျန် ၃ ဦးမှာ ငယ်ရွယ်သူများဖြစ်ပြီး အငယ်ဆုံးမှာ အသက်၈ နှစ်သာ ရှိပါသည်။ သူမ၏ ခင်ပွန်းသည် ဆုံးပါးသွားပြီး ဖြစ်သော ကြောင့် သူမတစ်ဦးတည်း စားဝတ်နေရေးအတွက် ရုန်းကန်ရပြီး ကလေးများကိုလည်းပြုစုပျိုးထောင်ရပါသည်။ သူမ အနေဖြင့် အိမ်၌လိုအပ်သော အရာများနှင့် စားရန်ဆန် ဝယ်ယူရန် ကန်စွန်းဥပြုတ် ရောင်းရပါသည်။ နော် စ..သည် တစ်ယောက်တည်း ရုန်းကန်ရသော်လည်း သူမကလေးများ ကို ပညာတတ်ဖြစ်စေချင်သောကြောင့် သူမ၏ ကလေးငယ် သုံးဦးကို ကျောင်းထားပါသည်။ *(ဓာတ်ပုံ KHRG)*



အောက်ပါပုံသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ရိုက်ကူးထားသော နော် အ.....၏ ပုံဖြစ်ပါသည်။ နော် အ....သည် ဒူးပလာယာခရိုင် ဝင်းရင်းမြို့နယ် ဂ....ကျေးရွာမှ အသက် ၃၇ နှစ်အရွယ် ကလေးအမေ မုဆိုးမ ဖြစ်ပါသည်။ သူမတွင် နော် ဇ....နှင့် နော် တ.....ဟူသော သမီးနှစ်ဦးရှိပါသည်။ အကြီးမှာ ၁၁ နှစ်ဖြစ်ပြီး အငယ်မှာ ၈ နှစ်ဖြစ်ပါသည်။ သူမ၏ ခင်ပွန်းသည် ပထမသမီး ငယ်စဉ်အခါ သူမ၏ ဒုတိယ သမီး ကိုယ်ဝန်ဆောင်စဉ်တွင် သေဆုံးသွားခဲ့ပါသည်။ နော် အ....အနေဖြင့် မိမိ၏ စားဝတ်နေရေးအတွက် တစ်ဦးတည်း ရုန်းကန်နေရပြီး သူမ၏ ကလေးများကိုလည်းပြုစုပျိုးထောင်ရပါသည်။ သူမသည် ဆန်ဝယ်စားနိုင်ရန်အတွက် မုန့် လုပ်ရောင်းရပါသည်။ သူမ၏ သမီးအကြီး နော် ဇ....သည် သူများအိမ်တွင် သွားရောက်နေထိုင်ရသည်။ နော် ဇ...အနေဖြင့် ကျောင်းတက်လိုသော်လည်း သူမ၏အမေမှ သူမကို ကျောင်းထားရန် မတတ်နိုင်ပါ။ *(ဓာတ်ပုံ KHRG)*



ဤပုံကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် ဒူးပလာယာခရိုင် ကြာအင်းဆိပ်ကြီး မြို့နယ် ဃ....ရွာ၌ ရိုက်ကူး ထားခြင်း ဖြစ်ပါသည်။ ပုံတွင်မြင်ရသော မိန်းကလေးသည် မိသားစု တောင်ယာစိုက်ခင်းတွင် အလုပ်လုပ်နေသည်ကို တွေ့မြင်ရပါမည်။ သူမမိသားစုတွင် သူမ၏ အစ်မနှင့် မုဆိုးမ အမေသာရှိပါသည်။ ဤဓာတ်ပုံများကို ရိုက်ကူးပေးသော ဒေသခံ KHRG အဖွဲ့ဝင်၏ အဆိုအရ ဤမိန်းကလေးသည် တောင်ယာစိုက်ခင်းများ၌ ပင်ပန်းစွာ အလုပ်လုပ်ကိုင်ရသောကြောင့် ပညာသင်ယူရန် အခွင့်အရေးမရရှိပါ။ *(ဓာတ်ပုံ KHRG)*

# အခန်း ၅: အဓမ္မလုပ်အားပေးစေခိုင်းခြင်း

"ကျွန်မကိုယ်တိုင် အထုပ်ထမ်းပြီး လိုက်ပို့ခဲ့ရတယ်။ သူတို့က ဘာဖြစ်လို့ မနက်မိုးလင်းမှ မပို့ခိုင်းရတာလဲ မသိ ဘူး။ အခုတော့ အဲ့လိုမဟုတ် ဘူး။ မယ်ပရီးခီး စခန်းကို အဲဒီနေ့ အရောက်ပို့ပေးရမယ် ပြောတယ်။ အဲဒါကြောင့် သူတို့လူအများကြီးကို အတင်းအကျပ် စေခိုင်းတာပေါ့။"

နော် က....(မ၊ ၃၆ နှစ်)၊ ခ....ကျေးရွာ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၃ ဇန်နဝါရီလ တွင်လက်ခံရရှိခဲ့သည်။)[242]

## အဓိကရှာဖွေတွေ့ရှိချက်များ

- ၂၀၁၂ခုနှစ် အပစ်အခတ်ရပ်စဲရေး ပဏာမ သဘောတူညီမှုရရှိပြီးနောက်ပိုင်းတွင်အမျိုးသမီးများအား အတင်းအဓမ္မလုပ်အား ပေးစေ ခိုင်းခံရမှုအကြောင်း တင်ပြပြောဆိုခြင်း အနည်း ငယ်သာရှိတော့သည်။ သို့သော် အချို့ သော အခြေအနေများတွင် အမျိုးသမီးများသည် အဖွဲ့ လိုက် တပ်မတော် သို့မဟုတ် မြန်မာပြည် အရှေ့ တောင်ပိုင်းရှိနယ်ခြားစောင့်တပ်များအတွက် ဝါးခုတ်ခြင်း၊ ဆောက်လုပ်ရေးတွင် ဝိုင်းကူ ပေး ခြင်း၊ သို့မဟုတ် သက်ကယ်ပျစ်များ ပေးရ ခြင်းစသော အလုပ်များ လုပ်ကိုင် ပေးရကြောင်း တင်ပြကြ သည်။
- အဓမ္မလုပ်အားပေးစေခိုင်းခံရသော ရွာသား များအနေဖြင့် သင့်တော်သော လုပ်အားခ ရရှိသည်ဟူ၍ တင်ပြထားသော အစီရင်ခံစာများကို KHRG မှလက်ခံရရှိခြင်းမရှိပေ။ အချို့ကိစ္စ ရပ်များတွင် ရွာသားများသည် အတင်းအဓမ္မ လုပ်အားပေး စေခိုင်းသူများနှင့် တိုက်ရိုက် တွေ့ဆုံ ဆွေးနွေးပြီး လုပ်အားပေးစေခိုင်းခြင်း များကို လျှော့ချပေးရန် တောင်းဆိုနိုင် ခဲ့ကြသော်လည်း အချို့သောသူများ သည် လုပ်အားပေးရန်အတွက် ငြင်းဆန်ခြင်းကြောင့်အပြစ်ပေးခံကြရသည်။

ဤအခန်းတွင် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း အကြောင်းနှင့် အမျိုးသမီးများ အပေါ်မည်ကဲ့သို့ သက်ရောက်မှု ရှိသည်ကို အဓိကထား တင်ပြ ထားပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအပေါ် အတင်းအဓမ္မ လုပ်အားပေး စေခိုင်းခြင်း၏ ဆိုးကျိုး သက်ရောက်ပုံ မတူညီပါ။ ဤအစီရင်ခံစာတွင် သတင်းအချက်အလက်များ ရယူစုဆောင်းစဉ် ကာလ အတွင်းလက်နက်ကိုင် အဖွဲ့များ၏အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်းကို ခံရသူများသည် အရွယ်ရောက်ပြီး အမျိုးသားများ ဖြစ်သည်ကို တင်ပြ ထားပါသည်။ အမျိုးသမီးများသည်လည်း ရံဖန်ရံခါတွင် အမျိုးသားများ နှင့်အတူ လုပ်အားပေးရာတွင် ပါဝင်ရပြီး အမျိုးသမီးများ သီးသန့်အဖွဲ့လိုက်လုပ်အားပေးရသည့် အကြောင်း သတင်းပေး ပို့ချက် ကိုမူလက်ခံရရှိခြင်း မရှိသလောက် ရှားပါးပါသည်။ ၁၉၉၂ ခုနှစ်မှစ၍ KHRG အနေဖြင့် အတင်းအဓမ္မစေခိုင်းမှုများနှင့် ပတ်သက်ပြီး အနီးကပ် ကျယ် ကျယ်ပြန့်ပြန့် လေ့လာကာ အစီရင်ခံစာ တင်ပြမှုပြု လုပ်ခဲ့ပါသည်။ ထိုအစီရင်ခံစာများတွင် ၂၀၁၄ခုနှစ် က ထုတ်ဝေခဲ့သော ဆိုင်းငံ့ခြင်း (သို့) အသွင် ကူး ပြောင်းခြင်း? ဆိုသည့် အစီရင်ခံစာတွင်လည်း ပါဝင်ပါ သည်။[243] ယေဘုယျအားဖြင့် ပြောရလျှင် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လုပ်အားပေးစေခိုင်းခြင်း နည်းပါး သွားပြီဟု ဆိုနိုင်သော်လည်း အရပ်သား များသည် လက်နက်ကိုင်အဖွဲ့များအတွက် သော်လည်းကောင်း၊ တစ်ခါ တစ်ရံ ပုဂ္ဂလိကကုမ္ပဏီများအတွက် သော်လည်းကောင်း အတင်းအကျပ် လုပ်အားပေး[244] ပြုလုပ်ပေးနေရဆဲ ဖြစ်ပါသည်။ အချို့ အဓမ္မ စေခိုင်းမှုများကို လုပ်အားပေး ဟု ခေါင်းစဉ်တပ်ကြပါသည်။ လုပ်အားပေး ဆိုသည်မှာ အများအကျိုးအတွက် သို့မဟုတ် ဘာသာရေးအတွက် ကိုယ်ကျိုးမကြည့်ပဲ အခမဲ့ လုပ်ဆောင်ပေးခြင်းကို ဆိုလိုပါသည်။

အဓမ္မစေခိုင်းခြင်း ဟုတ်သည် မဟုတ်သည်ကို သေချာကွဲပြားစွာ သိနိုင်ရန် KHRG အနေဖြင့် အပြည်ပြည် ဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ (ILO) ၏ အတင်းအဓမ္မစေခိုင်းခြင်းဆိုင်ရာ သဘောတူညီချက် စာချုပ်ပါ အပိုဒ် ၂။ (၁) ကို မှီငြမ်း၍ တိုင်းတာမှု ပြုလုပ်ပါသည်။ "အတင်းအဓမ္မစေခိုင်းခြင်း သို့မဟုတ် မလုပ်မနေရ စေခိုင်းခြင်းဆိုသည်မှာ တစ်စုံတစ်ဦး အလိုဆန္ဒမပါရှိဘဲ သို့မဟုတ် မလုပ်လျှင် အပြစ်ပေးခံရမည်ဟု ခြိမ်းခြောက်ပြီး အတင်းအကျပ်အလုပ်ခိုင်းစေခြင်း၊ ဝန်ဆောင်မှုပေးစေခြင်းကို ခေါ်ဆိုပါသည်။"[245] ရွာသားများအပေါ် ၎င်းတို့၏ ဆန္ဒမပါရှိဘဲ သို့မဟုတ် မလုပ်လျှင် အပြစ်ပေးခံရမည်ဟု ထင်ပေါ်စွာခြိမ်းခြောက်ပြီး အလုပ်လုပ်စေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်း၊ ပစ္စည်းများကို စုဆောင်းသယ်ယူပို့ဆောင် စေခြင်းများကို အဓမ္မလုပ် အား ပေး စေခိုင်းခြင်း ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။

[242] Source #51: "Hpapun Interview: Naw A---, January 2013," KHRG, December 2014. တွင် ကြည့်ပါ။

[243] "Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire," KHRG, May 2014. တွင် ကြည့်ပါ။

[244] လုပ်အားပေးဟူသည့် အသုံးအနှုန်းကို မြန်မာနိုင်ငံတွင် အစဉ်အလာအရ ဘုရားကျောင်းကန်များ သို့မဟုတ် ဒေသခံများ အကျိုးအတွက် အခမဲ့ဝိုင်းဝန်းလုပ်ဆောင်ကြခြင်းကို ရည်ညွှန်းခြင်းဖြစ်ပြီး စစ်တပ်နှင့် နိုင်ငံတော်စီမံကိန်းများအတွက် အကျုံးမဝင်ပါ။

[245] Article 2.1, ILO C29 Forced Labour Convention, International Labour Organisation, June 1930. တွင် ကြည့်ပါ။

## အဓမ္မလုပ်အားပေးစေခိုင်းခြင်း

၂၀၁၂ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၆ ခုနှစ် မတ်လအတွင်း KHRG မှရရှိသော သတင်းအချက်အလက်များအရ အဓမ္မစေခိုင်းခြင်းများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံပြည်သူများအပေါ် လွန်စွာ ဆက်လက်၍ ဆိုး ကျိုးသက်ရောက်နေကြောင်းကို တွေ့မြင်ရပါမည်။ KHRG သတင်းစုဆောင်း ရယူသည့်ဒေသများတွင် အဓမ္မ လုပ်အားပေးစေခိုင်းသူများမှာ တပ်မတော်၊[246] နယ်ခြားစောင့်တပ်များ၊[247] သို့မဟုတ် ဒီကေဘီအေတပ်ဖွဲ့ [248] များ ဖြစ်ကြပါသည်။ ဒေသခံများ၏ သတင်းပေးပို့ချက်များအရ အမျိုးသမီးများသည် ပေါ်တာထမ်းခြင်း၊[249] တပ်စခန်း များ ပြုပြင်ခြင်း၊[250] နှင့် တပ်စခန်းများသို့မဟုတ် ရာဘာစိုက်ခင်းများတွင် မြက်ပင်ပေါင်းပင်များ ခုတ်ထွင် ရှင်း လင်းပေးရခြင်း[251] စိုက်ခင်းများတွင် အလုပ်လုပ်ဆောင်ပေးရခြင်း၊[252] အင်ဖက်များ၊ သက်ကယ်များ ပျစ် ပေး ရခြင်း[253] စသည်ဖြင့် အတင်းအဓမ္မစေခိုင်းမှုများ လုပ်ဆောင်ရန် အဓိကပစ်မှတ်ထားခြင်းခံရပါသည်။ KHRG မှရ ရှိသော သတင်းအချက်အလက်များအရ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အတင်းအဓမ္မစေခိုင်းမှုများကို ကျူးလွန် သူများမှာ တပ်မတော်နှင့် နယ်ခြားစောင့်တပ်များမှ စစ်သားများဖြစ်ကြပါသည်။ အတင်းအဓမ္မ လုပ် ဆောင် စေရန် ခိုင်းစေရာတွင် ရွာလူကြီးများမှတဆင့် အမိန့်ပေးစေခိုင်းပါသည်။ ထိုသို့ အမိန့်ပေး စေခိုင်း ရာတွင်လည်း သိသာထင်ရှားသည့် နည်းဖြင့်လည်းကောင်း၊ သွယ်ဝိုက်သော နည်းဖြင့်လည်းကောင်း အကြမ်း ဖက် ခြိမ်းခြောက်မှုများ ပြုလုပ်ခြင်း သို့မဟုတ် အခြားသော အပြစ်ဒဏ်ပေးခြင်းများဖြင့် ခြိမ်းခြောက်မှုများ ပြုလုပ်ကြပါသည်။[254]

အခြေအနေ အရပ်ရပ်အား ခြုံငုံ၍ ပြောရမည်ဆိုလျှင် ၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရနှင့် ကေအဲန်ယူတို့အကြား ပဏာမအပစ်အခတ် ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက်ပိုင်း အတင်းအဓမ္မစေခိုင်းခြင်းများ လျော့ကျသွားသည်ကို တွေ့မြင်ရပါသည်။[255] KHRG မှရရှိသော သတင်းအချက်အလက်များအရ အတင်းအဓမ္မလုပ်အား ပေးစေ ခိုင်း ရာတွင် အမျိုးသားများကို အမျိုးသမီးများထက် ပိုမို၍ ပစ်မှတ်ထားကြောင်းကို တွေ့မြင်ရပါမည်။ အတင်းအဓမ္မ စေခိုင်းခြင်း လုပ်ဆောင်ရာတွင် ကျူးလွန်သူများက စေခိုင်းမည့်သူကို ရွေးချယ်ရာ၌ ရိုးရာအစဉ်အလာအရ ကျား၊ မ ဖြစ်ခြင်း အပေါ်မြင်သော အမြင်ကိုလည်း ထည့်သွင်းစဉ်းစားကြသည်ဟု ဒေသခံ KHRG အဖွဲ့ဝင်က ပြောဆို ဆွေးနွေးထားပါသည်။

*"၂၀၁၂ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရရှိပြီးနောက်ပိုင်းမှာလည်း အတင်းအဓမ္မ စေခိုင်းမှု ကတော့ ရှိသေးတာပဲ။ဒါပေမဲ့ အရင်ကလောက်တော့ မများတော့ဘူး။ အတင်းအဓမ္မစေခိုင်းတဲ့ အခါမှာလည်း အမျိုးသားတွေကို အဓိက ပစ်မှတ်ထားတာကို တွေ့မြင်ရမှာပါ။ ဘာဖြစ်လို့လဲဆိုရင် ဥပမာအားဖြင့် တပ်မတော် က သူတို့ရဲ့ ပစ္စည်းတွေကို ကားနဲ့သယ်ပို့ခိုင်းရင် ကားမောင်းတဲ့သူကလည်းအမျိုးသား ပဲလေ။ လှေနဲ့ပို့ခိုင်းရင် လည်း စက်လှေသမားက အမျိုးသားပဲလေ။ ဒါကြောင့် အမျိုးသားတွေကို ပိုပြီး ခိုင်းကြပါတယ်။"*

စော က....(ကျား၊ ၄၀ နှစ်)၊ ဂ...ကျေးရွာ၊ ဘီးလင်းမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ် မြောက်ပိုင်း
(၂၀၁၅ နိုဝင်ဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[256]

၂၀၁၂ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီး နောက်တွင် အတင်းအဓမ္မစေခိုင်းမှုများ လျော့နည်း လာသော်လည်း အထူးသဖြင့် စစ်တပ်များ ဆက်လက်တပ်စွဲထားသော နေရာများတွင် ရွာသားများသည် တပ်မတော်၊ နယ်ခြားစောင့်တပ်များ နှင့် အခြားသောလက်နက်ကိုင်အဖွဲ့များ၏ အတင်းအဓမ္မစေခိုင်းမှုများကို ဆက်လက် ခံစားနေကြရပါသည်။[257] KHRG သတင်းစုဆောင်းသူမှ ရွာသားအမျိုးသမီးတစ်ဦးအား အတင်း အဓမ္မစေခိုင်းမှုနှင့် ပတ်သက်ပြီး ယခင်အချိန်နှင့် ယခုလက်ရှိအချိန်အကြား ကွာခြားမှုမည်သို့ရှိသည်ကိုမေးမြန်းသောအခါ သူမက အောက်ပါအတိုင်းပြောပါသည်။

---

[246] Source #59: "Hpa-an Situation Update: T'Nay Hsah Township, March to May 2013," KHRG, August 2013 တွင် ကြည့်ပါ။

[247] Source #28: "Papun Situation Update: Bu Tho Township, November 2011 to July 2012," KHRG, April 2013. တွင် ကြည့်ပါ။

[248] Source #4 တွင် ကြည့်ပါ။

[249] အထက်ပါအတိုင်း ကြည့်ပါ။

[250] Source #59 တွင် ကြည့်ပါ။

[251] Sources #19; and Source #6: "Toungoo Situation Update: Tantabin Township, January to March 2012," KHRG, May 2012. တွင် ကြည့်ပါ။

[252] Sources #10: "Papun Situation Update: Bu Tho Township, received April 2012," KHRG, June 2012; and Source #13: "Pa'an Situation Update: T'Nay Hsah Township, September 2011 to April 2012," KHRG, July 2012. တွင် ကြည့်ပါ။

[253] Sources #28: "Papun Situation Update: Bu Tho Township, November 2011 to July 2012," KHRG, April 2013; and Source #52: "Papun Situation Update: Dwe Lo Township, March 2012 to March 2013," KHRG, July 2013. တွင် ကြည့်ပါ။

[254] Source #5: "Pa'an Situation Update: Nabu Township, September 2011 to January 2012," KHRG, May 2012. တွင် ကြည့်ပါ။

[255] Source #149 တွင် ကြည့်ပါ။

[256] အထက်ပါအတိုင်း ကြည့်ပါ။

[257] Source #52: "Papun Situation Update: Dwe Lo Township, March 2012 to March 2013," KHRG, July 2013 တွင် ကြည့်ပါ။

*"ဒီနေ့ဒီအချိန်မှာတော့ တပ်မတော်က အတင်းအဓမ္မလုပ်အားပေးစေခိုင်းတာတို့ အလုပ်လုပ်ခိုင်းတာတို့ နည်းသွားပါပြီ။ အရင် ၂ နှစ် ၃နှစ် တုန်းကဆို တပ်မတော်စစ်ကြောင်းလာရင် သူတို့ကို လမ်းပြပေးဖို့ လူရှာပေးရ ပါတယ်။... တပ်မတော်က သူတို့ကို ကူညီပေးဖို့နဲ့ သူတို့ကို သနားဂရုဏာထားဖို့ ကျွန်မတို့ကို တောင်းဆို ပါတယ်။ သူတို့က လူတွေကို ပိုက်ဆံပေးမယ်လို့လည်းပြောပါတယ်။... ဒါက အတင်းအဓမ္မ စေခိုင်းခြင်းပဲ။ ကျွန်မတို့က သူများအိမ်သွားပြီး လူမခေါ်ပေးချင်တော့ဘူး။ ဒါပေမဲ့ မသွားပေးလို့လဲ မရဘူး။ တပ်မတော်ကို လမ်းပြပေးဖို့ လိုက်သွားမယ့်သူကိုလည်း သူ့မိန်းမက မလိုက်စေချင်တော့ သူတို့ စကားများကြရတယ်။ ဒါဟာ ပြဿနာပါပဲ။"*

နော် စ....(မ၊ ၂၉ နှစ်)၊ တ....ကျေးရွာ၊ ခေါ်ဘူကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့ မြောက်ပိုင်း
(၂၀၁၃ စက်တင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[258]

ပဋိပက္ခများဖြစ်ပွားစဉ် ရွာသူကြီး ရွေးကောက်တင်မြှောက်ပုံနှင့် အမျိုးသမီးရွာသူကြီးအဖြစ် တာဝန်ယူစဉ် ကြုံတွေ့ရသော အတွေ့အကြုံများကို မေးမြန်းသောအခါ နော် ဇ.....က ရွာသူကြီးတစ်ဦးအနေဖြင့် အတင်း အဓမ္မ လုပ်အားပေးရန်အတွက် ရွာသားများကို ရှာဖွေစုဆောင်းပေးရသော အလုပ်သည် ဖိအားများ ကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

*"ကေအဲန်အယ်လ်အေနဲ့ နယ်ခြားစောင့်တပ်ဖွဲ့တွေအကြား ပဋိပက္ခဖြစ်တုန်းကဆိုရင် ဘယ်သူမှ ရွာသူကြီး မလုပ်ချင်ကြဘူး။... အဲဒီတုန်းကဆိုရင် နယ်ခြားစောင့်တပ် စစ်သားတွေက ပေါ်တာထမ်းဖို့ လူမကြာခဏ တောင်းတယ်။ တစ်ခါတုန်းကဆို ပေါ်တာထမ်းဖို့လူ ၃၀တောင်းတယ်။ အဲဒီတုန်းကရွာသူကြီးက ရွာသား ၁၉ ယောက်ပဲစုလို့ရတယ်။ ဒါကြောင့်အဲဒီရွာသားတွေက နယ်ခြားစောင့်တပ် စစ်သားတွေအတွက် ပစ္စည်းသွား သယ်ပေးရတယ်။ သူတို့ပြောတုန်းကတော့ သုံးရက်ကြာမယ်ဆိုပြီး တကယ်တမ်းကျတော့ ဆယ်ရက် ကြာသွား တယ်။ ဒါနဲ့ပဲ ပေါ်တာထမ်းရတဲ့လူတွေရဲ့ မိန်းမတွေက ရွာသူကြီးဆီလာပြီး မေးမြန်း၊ ဆဲဆို၊ ဆူပူ ကြိမ်းမောင်းပြီး ငိုယိုကြပါတယ်။"*

နော် ဇ....(မ၊ ၄၁ နှစ်)၊ ည....ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၃ အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[259]

သတင်းစုဆောင်းသူများ၏ တင်ပြချက်အရ အတင်းအဓမ္မလုပ်အားပေး စေခိုင်းခြင်းများသည် ရွာအနီးရှိ တပ် မတော်စစ်စခန်းများတွင်လည်း ရံဖန်ရံခါ ဖြစ်ပေါ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။ တပ်မတော် စစ်သားများသည် စစ်တပ်စခန်းပြုပြင်တည်ဆောက်ရာတွင် အသုံးပြုရန် ရွာသားများကို ဝါးနှင့် သစ်လုံးများကို ခုတ်ပေးရန် စေခိုင်း ပါသည်။

## အဖြစ်အပျက် ၁။ ။အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ ဖာပွန်ခရိုင်

တပ်မတော်စစ်စခန်းအနီးကျေးရွာတွင် နေထိုင်သော နော် က....ကို KHRG သတင်းစုဆောင်းသူမှ တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာတွင် အောက်ပါအတိုင်းဖြေဆိုထားပါသည်။

***"တပ်မတော်စစ်စခန်းက ခင်ဗျားတို့ရွာနဲ့နီးတော့ သူတို့ကခင်ဗျားတို့ကို အတင်းအကျပ် သစ်၊ ဝါးခုတ်ခိုင်းတာရှိပါ သလား။***
*ရှိပါတယ်။ သူတို့ကျွန်မတို့ကို ခုတ်ခိုင်းပါတယ်။*
***အဲဒီအကြောင်း ပြောပြလို့ရမလား။"***
*သူတို့ဝါးလုံးလိုချင်ရင် "အစ်မရေ ဆက်သားတွေကို(တပ်မတော်အတွက် ရွာသားများက ဆက်သားအနေဖြင့် အလုပ်လုပ်ပေးရန် အတင်းအကျပ် စေခိုင်းခံရပါသည်။) ဝါးထရံလုပ်ဖို့ ဝါးခုတ်ခိုင်းပါ" လို့လာပြောပါတယ်။ ဝါးတစ်လုံးပဲလိုရင်တောင် ဆက်သားတွေဆီကလာတောင်းတယ်။......*
***ဒါဆို သူတို့ဝါးလာခုတ်ခိုင်းရင် သူတို့ခင်ဗျားကို ခိုင်းလား ဒါမှမဟုတ် ခင်ဗျားသူငယ်ချင်းတွေကိုခိုင်းလား။***
*သူတို့ရွာကိုလာရင် ကျွန်မကိုသိတော့ ကျွန်မကိုပြောခိုင်းပါတယ်။ တခြားရွာသားတွေကတဆင့်လည်း ပြောခိုင်းပါတယ်။*
***သူဝါးလာခုတ်ခိုင်းလို့ ရွာသားတွေမခုတ်ပေးဘူးဆိုရင် သူဆဲဆိုကြိမ်းမောင်းလား ဒါမှမဟုတ် အပြစ်တစ် ခုခုပေးလား။***
*သူကိုယ်ထိလက်ရောက်တော့ ရွာသားတွေကိုမလုပ်ပါဘူး။ ဒါပေမဲ့ သူစကားလုံးကြမ်းကြမ်းသုံးပြီး ရွာသားတွေ ကို ဆူပူပါတယ်။ သူက "မင်းတို့ ဝါးတစ်လုံးတောင် မခုတ်နိုင်ဘူးလား" ဆိုပြီး ပြောပါတယ်။*
***ဝါးလုံးကိုသူဘယ်မှာသုံးမှာလဲ။***
*သူက စခန်းမှာသူ့တဲပြင်ဖို့ ဝါးတစ်လုံးလိုတာပါလို့ပြောပါတယ်။ သူက စတိုခန်းဆောက်ဖို့ ဝါးထရံ၊ သစ်သားနဲ့ အိမ်မိုးသက်ကယ်တွေ လိုတယ်လို့လည်းပြောပါတယ်။"*

နော် က.....(မ၊ ၃၆ နှစ်)၊ ခ...ကျေးရွာ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၃ ဇန်နဝါရီလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[260]

---

[258] Source #82: "Hpapun Interview: Naw S---, September 2013," KHRG, August 2014. တွင် ကြည့်ပါ။

[259] Source #80 တွင် ကြည့်ပါ။

[260] Source #51: "Hpapun Interview: Naw A---, January 2013," KHRG, December 2014. တွင် ကြည့်ပါ။

KHRG ထံတင်ပြသော ဖားအံခရိုင် နဘူးမြို့နယ်တွင်ဖြစ်ပွားခဲ့သော အတင်းအဓမ္မလုပ်အားပေး စေခိုင်းခြင်းတွင် တပ်မတော် ခြေမြန်တပ်ရင်းများဖြစ်သော အမှတ် ၃၅၈၊ ၅၄၇ နှင့် ၅၄၈ စသည့်တပ်ရင်းများမှစစ်သားများသည် ၎င်းတို့တပ်ရင်းများအခြေစိုက်သော နေရာအနီးရှိ လ.....ရွာမှ ရွာသားများကို ၎င်းတို့စိုက်ခင်းများအတွက် နှစ်စဉ် ထွန်ယက်စိုက်ပျိုးပေးရန် အတင်းအဓမ္မစေခိုင်းပါသည်။ ဤတပ်ရင်းများသည် လ....ရွာအနီး အခြေစိုက် ခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုရှိခဲ့ပါသည်။ ထိုတပ်ရင်းများသည် ရွာသားများထံမှ မြေများကို သိမ်းယူခဲ့ပြီး ရွာသားများကို ထိုမြေနေရာများမှ ထွက်ခွာစေခဲ့ပါသည်။ ထိုနောက် ထိုမြေများကို သိမ်းပိုက်ပြီး အစိုးရပိုင် မြေများအဖြစ် သတ်မှတ်လိုက်ပါသည်။ နောက်ပိုင်းတွင် ရွာသားများသည် စစ်သားများအတွက် ထိုမြေများတွင် အလုပ်ပြန်လုပ်ပေးရန် အတင်းအကျပ်စေခိုင်းခံခဲ့ရပါသည်။

*"ရွာသားများမှ ၎င်းတို့အတွက် နေ့စဉ်သွားရောက် ထွန်ယက်ပေးရပါသည်။ ထွန်ယက်ပြီးနောက် စပါးပျိုးကြဲ စိုက်ပျိုးပေး ရပါသည်။ စိုက်ပျိုးပြီးနောက် ရိတ်သိမ်းပေးရပါသည်။ ရွာသားများက အစအဆုံး လုပ်ကိုင်ပေးရပြီး စပါးများကို သိုလှောင်သည့် နေရာအထိ သယ်ယူပို့ဆောင်ပေးရပါသည်။ ရွာသားများက သူတို့အတွက် အလုပ် သွားလုပ်သည့်အခါ လက်တွန်းလယ်ထွန်စက်ကဲ့သို့သော စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကို ယူ ဆောင်သွားကြရပါသည်။ ကျေးရွာအုပ်စု တစ်ခုကို လယ်ဆယ်ဧက ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းပေးပြီး သိုလှောင်ရုံအရောက် စပါးများကို ပို့ပေးရပါသည်။ ရွာသားများ သွားရောက်ထွန်ယက်ပေးသည့်အခါ တပ်မတော်မှ[261] လယ်ထွန်စက်အတွက် တစ်ရက်လျှင် ဓာတ်ဆီ သုံးပုလင်းသာပေးပါသည်။ ရွာသားများသည် ထိုတပ်မတော်သားများ အတွက် သွားရောက်အလုပ်လုပ်ပေးရသောအခါ မိမိတို့စားသောက်ရန် မိမိတို့၏ထမင်း၊ ဟင်းများကို မိမိတို့ကိုယ်တိုင်ချက်ပြုတ် ယူဆောင်သွားရပါသည်။"*

KHRG သတင်းစုဆောင်းသူမှရေးသားတင်ပြသောဒေသတွင်း နောက်ဆုံးရအခြေအနေ တင်ပြချက်၊ နဘူးမြို့နယ်၊ ဖားအံခရိုင်/ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၂ မေလတွင် လက်ခံရရှိခဲ့သည်။)[262]

သတင်းပေးပို့ချက်တစ်ခုတွင် အမှတ် ၃၅ ခြေလျင်တပ်ရင်းမှ စစ်သားများသည် အမျိုးသမီးများ အပါအဝင် ရွာသားများကို သူတို့၏စစ်တပ်စခန်းတစ်ဝိုက်ရှိ မြက်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းစေပါသည်။[263] ဖာပွန်ခရိုင် တွင် အမျိုးသားနှင့်အမျိုးသမီးများသည် စပါးခင်းများနှင့်အခြားသောစိုက်ခင်းများတွင် အလုပ် လုပ်ကိုင်ပေးရန် ရံဖန်ရံခါ အတင်းအဓမ္မစေခိုင်းခံရပါသည်။[264] နယ်ခြားစောင့်တပ်များထိန်းချုပ်နယ်မြေတွင်လည်း အတင်း အဓမ္မ စေခိုင်းမှုများရှိကြောင်း သတင်းရရှိပါသည်။ ဖာပွန်ခရိုင်ရှိရွာတစ်ရွာတွင် နယ်ခြားစောင့်တပ်အမှတ် ၁၀၁၃ သည် ၎င်းတို့စခန်းသစ်ဆောက်လုပ်ရန် လိုအပ်သော အိမ်မိုးသက်ကယ်အပျစ် ၁၀၀၀ ကို ရွာသားများအား အခကြေးငွေမပေးဘဲထုတ်လုပ်စေခဲ့ပါသည်။ ရိုးရာအစဉ်အလာအရ သက်ကယ်ကို အမျိုးသမီးများကသာ ပြုလုပ်သောကြောင့် သက်ကယ်ပြုလုပ်ပေးရန် ရွာသားများကို စေခိုင်းခြင်းသည် အမျိုးသမီးများကို အဓမ္မစေခိုင်းခြင်းပင်ဖြစ်သည်။

*"၂၀၁၂ ခုနှစ် မေလ ၂၅ ရက်နေ့တွင် နေပြည်တော် အစိုးရတပ်မတော် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၃ မှ ဗိုလ်မှူး စောမောင်စိုးနှင့်စစ်သားများသည် ကတိုင်တိ စစ်စခန်းမှ သရေ့ထာရှိ နယ်ခြားစောင့်တပ် စစ်တပ်စခန်းသို့ ရောက်ရှိလာပြီး သူတို့အတွက် တပ်စခန်းအသစ် ဆောက်လုပ်ပါသည်။ သူတို့၏ တပ်စခန်းအသစ် ဆောက်လုပ် ရန်လိုအပ်သော သက်ကယ်ပျစ် ၁၀၀၀ကို ဟ.....ရွာသူ ကြီးထံမှ မှာကြားပါသည်။ ရွာသူကြီးသည်လည်း ရွာသားများထံမှ ပြန်လည်တောင်းခံ စုဆောင်းရပါသည်။ ဟ...ရွာသားများတွင် သူတို့မှာကြားသော သက်ကယ် အရေအတွက် အားလုံးမရှိသော်လည်း သူတို့သည်စိုးရိမ်ကြောက်ရွံ့ကြသောကြောင့် သက်ကယ်ပျစ်[265] ၉၀၀ ခက်ကို သရေ့ထာရွာရှိ နယ်ခြားစောင့်တပ်ထံသို့ ၂၀၁၂ခုနှစ် မေလ ၃၀ ရက်နေ့တွင်ပေးပို့လိုက်ပါသည်။"*

KHRG သတင်းစုဆောင်းသူမှရေးသားတင်ပြသောဒေသအတွင်း နောက်ဆုံးရအခြေအနေတင်ပြချက်၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၂ နိုဝင်ဘာလတွင် လက်ခံရရှိခဲ့သည်။)[266]

အမျိုးသမီးများအနေနှင့် ကလေးငယ်ရှိသော မုဆိုးမအမျိုးသမီးများသို့မဟုတ် ခင်ပွန်းသည်များအဝေးရောက်ရှိနေသော အမျိုးသမီးများသည်အတင်းအဓမ္မစေခိုင်းခံရခြင်းမှ ကင်းလွတ်ခွင့်ရရန်နှင့် ပတ်သက်၍တင်ပြလာသော တိုင်ကြားစာ နှစ်စောင်ကို KHRG မှလက်ခံရရှိခဲ့ပါသည်။[267] အတင်းအဓမ္မစေခိုင်းမှုတွင် အမျိုးသမီးများပါဝင်ပတ်သက်သည့်အကြောင်းကိုဒေသခံKHRG အဖွဲ့ဝင်နှင့် ရွာသား တစ်ဦးတို့၏တွေ့ဆုံမေးမြန်းခန်းတွင် ရွာသားမှအောက်ပါအတိုင်းဆွေးနွေးတင်ပြထားပါသည်။ဤအဖြစ်အပျက်သည် ၂၀၁၃ ဇန်နဝါရီလတွင် ဖာပွန်ခရိုင် ဘူးသိုမြို့နယ်တွင် ဖြစ်ပွားခဲ့ပါသည်။ ဒေသခံ ဗုဒ္ဓဘာသာ ခေါင်းဆောင်နှင့် ရွာသူကြီးက ရွာသားများကို တံတားတည်ဆောက်ရန် စေခိုင်းခဲ့ပါသည်။ ဤအဖြစ် အပျက် တွင် အထူးမှတ်တမ်းတင်သင့်သည်မှာ မုဆိုးမများကို ရွာသူကြီးက

[261] ယခင်ထုတ်ဝေခဲ့သော အစီရင်ခံစာတွင် 'အစိုးရ'ဟုသုံးနှုန်းထားခြင်းကို ယခုအစီရင်ခံစာတွင် 'တပ်မတော်' ဟုပြန်လည် ပြင်ဆင်ထားပါသည်။ ယခင်ထုတ်ဝေပြီးသော မူရင်းကို Source #13: "Pa'an Situation Update: T'Nay Hsah Township, September 2011 to April 2012," KHRG, July 2012. တွင် ကြည့်ပါ။

[262] Source #13: "Pa'an Situation Update: T'Nay Hsah Township, September 2011 to April 2012," KHRG, July 2012. တွင် ကြည့်ပါ။

[263] Sources #19; and Source #6 တွင် ကြည့်ပါ။

[264] Source #10: "Papun Situation Update: Bu Tho Township, received April 2012," KHRG, June 2012. တွင် ကြည့်ပါ။

[265] ယခင်ထုတ်ဝေခဲ့သော အစီရင်ခံစာတွင် 'သက်ကယ်ပင်'ဟုသုံးနှုန်းထားခြင်းကို ယခုအစီရင်ခံစာတွင် 'သက်ကယ်ပျစ်' ဟုပြန်လည် ပြင်ဆင်ထားပါသည်။

[266] Source #28: "Papun Situation Update: Bu Tho Township, November 2011 to July 2012," KHRG, April 2013. တွင် ကြည့်ပါ။

[267] Sources #47; and Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016. တွင် ကြည့်ပါ။

အတင်းအဓမ္မစေခိုင်းမှုတွင် ပါဝင်ခြင်းမပြုရန် ကင်းလွတ်ခွင့်ပေးခဲ့သည် ဆိုသည့်အချက်ဖြစ်ပါသည်။

## အဖြစ်အပျက် ၂။ ။ အတင်းအဓမ္မလုပ်အားပေး စေခိုင်းခြင်း၊ ဖာပွန်ခရိုင်

*"လူသုံးယောက်အမြဲသွားရတယ်။ ဒါပေမဲ့ ဒီတစ်လပါပဲ။ ဒီတစ်လပြီးရင်တော့ ကျွန်တော်မသွားနိုင်းတော့ဘူး။ ဘာလို့လဲဆိုရင် လူတွေလည်း သူတို့အလုပ်သူတို့လုပ်ရဦးမယ်လေ။*

***ရွာသားတွေ အလုပ်သွားလုပ်ရတာလား။***

*သွားရပါတယ်။ အလှည့်ကျသွားရပါတယ်။*

***ခင်ဗျားတို့ရွာမှာ အိမ်ခြေဘယ်လောက် လုပ်အားပေးသွားနိုင်လဲ။ မုဆိုးမ၊ မိဘမဲ့ နှင့်သက်ကြီးရွယ်အို မပါရင်လေ။***

*ကျွန်တော်တို့က ကလေးငယ်ရှိတဲ့ မုဆိုးမတွေဆို မသွားနိုင်းပါဘူး။[268] သူတို့က အလှူအတွက်ဆို တစ်ခါတစ်ရံ ကူညီပါတယ်။ ကျွန်တော်တို့ကတော့သူတို့ကို ငွေကြေးလည်းမတောင်းပါဘူး။ လုပ်အားပေးလည်း မလုပ်ခိုင်းပါ ဘူး။ အကူအညီပေးတဲ့ အိမ်ခြေ ၄၂ လုံးရှိပါတယ်။*

***ဒါဆိုရင်လူ ၄၂ ယောက်က အမြဲအလုပ်လုပ်နေရတာပေါ့။***

*ဟုတ်ပါတယ်။ ကျွန်တော်နဲ့ အခြားရွာသူကြီး နှစ်ယောက်အပါအဝင် ၄၂ ယောက်ပါ။ ကျွန်တော်တို့က မလုပ်ရလည်း အမြဲသွားနေရတယ်။ လုပ်အားပေးလုပ်နေတဲ့ရွာသားတွေကိုအမြဲကြည့်ပေးရတယ်လေ။*

***အမျိုးသမီးတွေပါလား။***

*အားလုံးပါတယ်။ အထူးသဖြင့် ကျန်းမာပြီးအလုပ်လုပ်နိုင်တဲ့ အမျိုးသမီးတွေပါတယ်။*

***ခင်ဗျားတို့ တံတားဆောက်ရာမှာ အမျိုးသမီးတွေကိုပါ ခိုင်းတာပေါ့။***

*ဟုတ်ပါတယ် အကုန်လုံးကိုခိုင်းပါတယ်။ ၁၄ နှစ် ၁၅ နှစ်ကလေးတွေလည်းပါတယ်။*

***ခင်ဗျားတို့ခိုင်းတဲ့အထဲမှာ အမျိုးသမီး ဘယ်နှစ်ယောက်ပါလဲ။***

*ကျွန်တော်လဲမပြောတတ်ပါဘူး။ ဘာဖြစ်လဲဆိုရင် တစ်ချို့ အမျိုးသမီးတွေက သူတို့ကိုယ်စား သူတို့ကလေး တွေကိုလာလုပ်ခိုင်းကြတယ်လေ။"*

စော ဘ....(ကျား၊ ၄၀ နှစ်)၊ အ...ကျေးရွာ၊ မယ်ပရီးကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့ မြောက်ပိုင်း (၂၀၁၃ ဖေဖော်ဝါရီလတွင် လက်ခံရရှိခဲ့သည်။)[269]

ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ်မှ KHRG သို့ပေးပို့သော တွေ့ဆုံမေးမြန်းခန်းဆိုင်ရာသတင်းတစ်ခုတွင် အသက် ၄၅ နှစ်အရွယ် အိမ်ထောင်ရှင် အမျိုးသမီး နော် က....သည် သူမ၏ခင်ပွန်းသည် အိမ်တွင်ရှိနေချိန်တွင် သူမကို ရွာတွင်ကင်းစောင့်ရန် တာဝန်ပေးပါသည်။ သို့သော် သူမ၏ခင်ပွန်းသည် ရွာတွင်မရှိသောအခါတွင် သူမကို အတင်းအဓမ္မစေခိုင်းခြင်း တွင်ပါဝင်ရန် စေခိုင်းခြင်းမရှိပါဟုပြောဆိုခဲ့ သည်။[270]

*"မဟုတ်ပါဘူး။ ကျွန်မအမျိုးသားရွာမှာရှိရင် ကျွန်မ ကင်းပဲစောင့်ပေးရပါတယ်။ အခုကျွန်မအမျိုးသား က အဝေးရောက်နေတော့ ကျွန်မတို့မိသားစုကို အတင်းအဓမ္မစေခိုင်းခြင်းမပြုပါဘူး။ ကျွန်မမိသားစုမှာ ကျွန်မနဲ့ ကျွန်မရဲ့သား (သူကလည်းစစ်မှုထမ်းပါတယ်) ပဲရှိတယ်လေ။ အမျိုးသားကလည်းအဝေးရောက်နေတယ်။ ဒီလို ဆိုတော့ သူတို့ကကျွန်မတို့ကို အတင်းအဓမ္မလုပ်အားပေး မခေါ်ပါဘူး။ ဒါပေမဲ့ကျွန်မအမျိုးသား ရွာကိုပြန် လာရင်တော့ သူတို့ကျွန်မတို့ကို ကင်းစောင့်တာတို့ ဟိုသွားဒီသွားခိုင်းတာတို့စတဲ့ အတင်း အဓမ္မစေခိုင်းမှုတွေ ပြန်လုပ်ခိုင်းပါတယ်။"*

နော် က....(မ၊ ၄၅ နှစ်)၊ ခ....ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၅ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[271]

## တုန့်ပြန်လုပ်ဆောင်မှုနှင့် တရားဥပဒေအကူအညီ ရယူခြင်း

အတင်းအဓမ္မစေခိုင်းမှုနှင့် ပတ်သက်၍ ရွာသားများသည် မတူညီသောအခြေအနေတွင် မတူညီသောနည်းဗျူ ဟာများကို အသုံးပြုပြီး တုန့်ပြန်ကြသည်ကို KHRG ၏ အစီရင်ခံစာများတွင် ထင်ရှားစွာတွေ့မြင်ရပါမည်။ အများ အားဖြင့် ရွာသားများသည် ရွာတစ်ရွာတွင် လူမည်မျှပို့ပေးရမည်ဟူ၍ အတင်းအဓမ္မခိုင်းစေလာသူများနှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်းပါသည်။[272] တစ်ခါတစ်ရံတွင် ရွာသားများသည်

[268] ယခင်ထုတ်ဝေခဲ့သော "Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire," KHRG, May 2014 အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် 'သွားခိုင်းပါသည်'ဟုသုံးနှုန်းထားခြင်းကို ယခုအစီရင်ခံစာတွင် 'မသွားခိုင်းပါ' ဟုပြန်လည် ပြင်ဆင်ထားပါသည်။

[269] Source #47 တွင် ကြည့်ပါ။

[270] Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016. တွင် ကြည့်ပါ။

[271] အထက်ပါအတိုင်း ကြည့်ပါ။

[272] Source #51: "Hpapun Interview: Naw A---, January 2013," KHRG, December 2014. တွင် ကြည့်ပါ။

အတင်းအဓမ္မစေခိုင်းမှုမှ လွဲရှောင်နိုင်ရန် စေခိုင်းမှုများကို လိုက်နာခြင်းမပြုဘဲနေပါသည်။[273] သို့သော် အချို့အဖြစ်အပျက်များတွင် စေခိုင်းမှုများအပေါ် လိုက်နာဆောင်ရွက်ခြင်း မရှိသောကြောင့် အပြစ်ပေးခံကြရခြင်းများလည်းရှိပါသည်။[274] အချို့အခြေအနေများတွင် ရွာသားများသည် လုပ်အားပေးစေခိုင်းခြင်းမခံရရန် မိမိပိုင်မြေယာအိုးအိမ်များကို စွန့်ခွာထွက်ပြေးကြပါ သည်။[275] သို့သော် ပေးပို့လာသော သတင်းအချက်အလက်များတွင် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်းမှ ရွာသားများ၏ တုန့်ပြန်လုပ်ဆောင်ပုံများနှင့် ဥပဒေ၏ အကူအညီရယူပုံများကိုလည်း အနည်းငယ်သာ ဖော်ပြ ထား ခြင်းရှိပါသည်။ အတင်းအဓမ္မစေခိုင်းခြင်းအတွက် ထိုက်သင့်သော လျော်ကြေး တစ်ခုခုရရှိသည် ဆိုသည့်အ ကြောင်းကို ရွာသားများက တင်ပြပြောဆိုထားသည့် သတင်းပေးပို့ချက်များကို KHRG မှလက်ခံရရှိခြင်းမရှိပါ။ အချို့အခြေအနေများတွင် ရွာသားများက ဓာတ်ဆီနှင့် အစားအသောက်များ ရရှိကြပါသည်။

# ဓါတ်ပုံများ: အဓမ္မလုပ်အားပေးစေခိုင်းခြင်း





ဤပုံများကို ဖာပွန်ခရိုင် ဘူးသိုမြို့နယ် မယ်ကလောကျေးရွာအုပ်စု ဂ...ကျေးရွာတွင် ၂၀၁၂ စက်တင်ဘာလ ၆ ရက် နေ့တွင် ရိုက်ကူးခဲ့ပါသည်။ ပုံတွင် ယွန်းစလင်းချောင်းအနီး တွင်အခြေစိုက်သော တပ်မတော် ခြေမြန် တပ်ရင်းအမှတ် ၃၄၀ မှ စစ်သားများက စေခိုင်း၍ ဝါးလုံးများသယ်ဆောင်နေသော ဂ.....ကျေးရွာမှ အမျိုး သမီးများကို တွေ့မြင်ရပါမည်။ စစ်သားများသည် ၎င်းတို့စစ်စခန်းခြံ စည်းရိုး ကာရံရန်အတွက် ရွာသားများကို ဝါးများခုတ်ပေးရန်စေခိုင်းခဲ့ခြင်းဖြစ်ပါသည်။ *(ဓာတ်ပုံ KHRG)*



အထက်ပါပုံကို ဖာပွန်ခရိုင် ဘူးသိုမြို့နယ် မယ်ပရီးကျေးရွာအုပ်စု ဃ....ကျေးရွာတွင် ၂၀၁၃ ဖေဖော်ဝါရီလ ၅ ရက်နေ့က ဒေသခံ KHRG အဖွဲ့ဝင်မှရိုက်ကူးခဲ့သည်။ ပုံတွင် နယ်ခြားစောင့် တပ် အမှတ် ၁၀၁၄ မှ ဗိုလ်မှူးစောညွှန့်သိန်း အတွက် ဃ...ကျေးရွာမှ ရွာသားများ ပြုလုပ်ပေးထားသော သက်ကယ်များကို တွေ့မြင် ရပါမည်။ ဒေသခံများအဆိုအရ ဗိုလ်မှူးစောညွှန့်သိန်းသည် ရွာသားများ ထံမှ သက်ကယ်ပျစ်များကို အခကြေးငွေ မပေးဘဲ နှစ်စဉ်တောင်းဆိုပါသည်။ *(ဓာတ်ပုံ KHRG)*

[273] Sources #5: "Pa'an Situation Update: Nabu Township, September 2011 to January 2012," KHRG, May 2012; and Source #28: "Papun Situation Update: Bu Tho Township, November 2011 to July 2012," KHRG, April 2013; and Source #51: "Hpapun Interview: Naw A---, January 2013," KHRG, December 2014. တွင် ကြည့်ပါ။

[274] Source #5: "Pa'an Situation Update: Nabu Township, September 2011 to January 2012," KHRG, May 2012. တွင် ကြည့်ပါ။

[275] Source #26 တွင် ကြည့်ပါ။

# အခန်း ၆: ကျား၊မ အခြေပြု အကြမ်းဖက်မှုများ

*"ကျွန်မတို့ပတ်ဝန်းကျင်မှာ အဓမ္မပြုကျင့်ခံရပြီး ကိုယ်ဝန်ရှိလာတဲ့ စိတ်ကျန်းမာရေးချို့တဲ့သူ အမျိုးသမီးတွေ အများကြီးပါပဲ။ သူတို့ ကိုယ်ဝန်ရှိလာမှသာ လူတွေက အဓမ္မပြုကျင့်ခံရတဲ့အကြောင်း သိလာရတယ်လေ။ အဲဒီတော့ သူတို့က ကျူး လွန်သူကို မပြောပြနိုင်ရင် သူတို့ကို အကူအညီပေးဖို့ခက်တယ်။ လူတွေကတော့ သူတို့စိတ်ရောဂါရှိလို့ ဒီလိုဖြစ်ရတာ ဆိုပြီး သူတို့ကို အမြဲဆိုသလို အပြစ်တင်ကြမယ်။ အမျိုးသမီးတွေကကြတော့ အများဆုံး အပြစ်တင်တာခံကြရတယ်။ အမျိုးသား တွေ ကလည်း အပြစ်နည်းနည်းတင်တာခံကြရတယ်။ ဒီလိုဘာမှမသိတဲ့ အမျိုးသမီးတွေကို သူတို့ ဘာကြောင့် ဒီလို လုပ်ရက်ရတာလဲ။"*

နော် ထ....၊ ကရင်အမျိုးသမီးများအစည်းအရုံး (KWO)မှ ကိုယ်စားလှယ် (၂၀၁၆ မတ်လ တွင် တွေ့ဆုံမေးမြန်း ခန်းပြုလုပ်ခဲ့ သည်။)[276]

## အဓိကတွေ့ရှိချက်များ

- စိတ်ကျန်းမာရေးချို့တဲ့သော အမျိုးသမီးများနှင့် အတန်းပညာနိမ့်ပါးသော အမျိုးသမီးများသည် သာမန် အမျိုး သမီးများထက် ကျား၊မ အခြေပြု အကြမ်းဖက်မှုများ ကို ပိုမို ခံစားကြရကြောင်း KHRG၏ သတင်းမှတ်တမ်း များ တွင် အများအပြား တွေ့ရှိရပါသည်။ စိတ်ကျန်းမာရေး ချို့တဲ့သူအမျိုးသမီးများ သည် သာမန်အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် အကြမ်းဖက်မှုများကို ခွန်အားဖြင့် ပြန် လည်ခုခံတွန်းလှန်ရန် အင်အားနည်းပါးသည်ဟု ယူဆ ထားသည်။ ထို့အပြင် စိတ်ကျန်းမာရေး ခံစားနေရ သူများ အပေါ် ထားရှိသော မကောင်းမြင်မှုများကြောင့် ၎င်းတို့ ခံစားရသော အကြမ်းဖက်မှုများကို တင်ပြ တိုင်ကြား နိုင် ရန်နှင့် ဥပဒေ၏ အကာအကွယ်ကို ရယူရန် ပိုမို ခက်ခဲ မှုရှိသည်။

- ကျူးလွန်ခံခဲ့ရသူများအနေနှင့် သက်ဆိုင်ရာသို့ တိုင်ကြားမှုများ၊ သတင်း ပေးမှုများ၊ ပြောဆိုခြင်းများ မပြုရန် ထို အမျိုးသမီးနှင့် ၎င်း၏ မိသားစုဝင်များ ကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သူမှ ပြင်းထန်စွာ ကိုယ်ထိလက် ရောက် အကြမ်းဖက်ခြင်းနှင့် ထင်ပေါ်စွာ ခြိမ်း ခြောက်ပြောဆိုခြင်း များပြု လုပ် လေ့ရှိသည်။ ကျား၊ မ အခြေပြု အကြမ်းဖက်မှုကို ကျူးလွန်သူများသည် ၎င်းတို့၏ လုပ်ရပ်များအတွက် အပြစ်ရှိသည်ဟု မယူဆကြဘဲ ထပ်တလဲလဲ ကျူးလွန်ကြပြီး တိုင်ကြားရန်ကြိုးပမ်းသူ အမျိုးသမီးများ ကိုလည်း အစဉ်အမြဲ တုံ့ပြန်ခြိမ်းခြောက် ဖိနှိပ်မှုများ လုပ်ဆောင်ကြသည်။ အထူးသဖြင့် ကျူး လွန် သူများသည် စစ်တပ်မှ အမှုထမ်းကဲ့သို့သော အာဏာ ရှိသူ ဖြစ်ပါက ထိုကဲ့သို့ ပြုမူနိုင်ချေ ပိုများပါသည်။

- ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကို ခံစားခဲ့ကြရသော အမျိုးသမီးများ အနေနှင့် ဥပဒေလမ်းကြောင်းအရ အကူအညီယူရန် အခက်အခဲ အတား အဆီးများစွာရှိသည်။ အကြမ်းဖက်မှုအတွက် တိုင်ကြားသူအမျိုးသမီးများ၏တိုင် ကြား ချက်ကို ယုံကြည်မှုမရှိခြင်း သို့မဟုတ် ဤကဲ့သို့ ကျူးလွန်ခံရခြင်း မှာ အမျိုးသမီးများကိုယ်တိုင်၌ တာဝန်ရှိသည်ဟုဝေဖန်အပြစ်တင်ခံရလေ့ရှိ သည်။ကျား၊ မ အခြေပြုအကြမ်းဖက်မှုကျူးလန်ခံရသူများကို လျော်ကြေးငွေ အနည်းငယ်ဖြင့် နစ်သိမ့်ခြင်းသည် လုံလောက်သည့် ဖြေရှင်းနည်း မဟုတ်သလို သင့်လျော်သော ဖြေရှင်းနည်းလည်း မဟုတ်ပါ။

အမျိုးသမီးများအပေါ် နည်းမျိုး စုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီ ချက်စာချုပ် ဖြစ်သည့် (CEDAW) စာချုပ်၏ အပိုဒ် (၁) တွင် သတ်မှတ် ထား သည်မှာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းများ သည် ကျား၊ မ အခြေပြု အကြမ်းဖက်မှု များ ဖြစ်သည်။ အဘယ်ကြောင့် ဆို သော် ကျား၊ မ အခြေပြု အကြမ်းဖက်မှုသည် အမျိုးသမီးများအား အမျိုးသမီးဖြစ်နေ၍ တိုက်ရိုက်ရည်ရွယ် အကြမ်း ဖက်ခြင်း သို့မဟုတ် အမျိုးသမီး များအပေါ် နိုင်ထက်စီး နင်းပြု ခြင်း ဖြစ်သောကြောင့် ထိုအရာသည် ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်း ဖြစ်ပါသည်။ မြန်မာအစိုးရမှ CEDAW ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ် ရေးထိုးခဲ့သောကြောင့်[277] အစိုးရအနေနှင့် အိမ်တွင်းအကြမ်းဖက်မှု၊ အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုနှင့် အခြားသော ကျား၊မ အခြေပြု အကြမ်းဖက်မှုများကို ခံစားခဲ့ရသူများအတွက် အထောက်အကူပေးရန်တာဝန်ရှိပါသည်။ ထိုသို့ အထောက်အကူပေးရာတွင် ခိုလှုံရာနေရာများ ဆောက် လုပ်ပေးခြင်း၊ ကျွမ်းကျင်သော ကျန်းမာရေး လုပ်သားများ ထားရှိပေးခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် နှစ်သိမ့်ဆွေးနွေးရေးဆိုင်ရာဝန်ဆောင်မှုများပေးခြင်းတို့ကိုလုပ်ဆောင်ပေး ရပါမည်။[278]

ဤအခန်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဖြစ် ပေါ်လေ့ရှိသော ကျား၊မ အခြေပြု အကြမ်းဖက်မှု ပုံစံ များ၊ ထိုအကြမ်း ဖက်မှုများကို အမျိုးသမီးများမှ တုံ့ပြန်သည့်နည်းလမ်းများအပြင်အကြမ်းဖက်မှုခံရသည့် အမျိုးသမီးများမှ မည်ကဲ့သို့ တိုင်ကြားမှုပြုလုပ်ပြီး တရားဥပဒေ၏ အကူအညီများ ရယူရန် ကြိုးပမ်းခဲ့ပုံများကို တင်ပြထားပါ သည်။

[276] ဤသတင်းအချက်အလက်ကို KWO ကိုယ်စားလှယ် နော် ထ...နှင့်တွေ့ဆုံမေးမြန်းခန်းပြုလုပ်ထားခြင်းမှ ထုတ်နှုတ်တင် ပြထားခြင်းဖြစ်ပါသည်။

[277] Consideration of reports submitted by States parties under article 18 of the Convention on the Elimination of All Forms of Discrimination against Women: Myanmar, United Nations Committee on the Elimination of Discrimination against Women (CEDAW), June 1999. တွင် ကြည့်ပါ။

[278] General recommendations No.19 made by the Committee on the Elimination of Discrimination against Women, United Nations Women, 1992. တွင် ကြည့်ပါ။

## ကျား၊ မ အခြေပြု အကြမ်းဖက်မှု ပုံစံများ

၂၀၁၂ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၆ခုနှစ် မတ်လအတွင်း KHRG အနေဖြင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုနှင့် ပတ်သက်သည့် အဖြစ်အပျက် ၁၆ ခုပါဝင်သော သတင်းပေးပို့ချက် ၃၅ ခုကို လက်ခံရရှိခဲ့ပါသည်။ ကျား၊ မ အခြေပြု အကြမ်း ဖက်မှုတွင် အဓမ္မပြုကျင့်ခြင်း၊ အဓမ္မပြုကျင့်ရန် ကြံစည်ကြိုးစားမှု၊ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်နှောင့်ယှက်မှုနှင့် လိင်ပိုင်းဆိုင်ရာ စိတ်အနှောင့်အယှက်ဖြစ်စေမှု စသည်တို့ပါဝင်သည်ဟု ရွာသားများကိုယ်တိုင်က ဖော်ပြထားပါသည်။ အထက်ပါ သတင်းပေး တိုင်ကြားချက်များအရ မြန်မာ ပြည်အရှေ့တောင်ပိုင်းတွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ မတိုင်မီကာလနှင့် နှိုင်းယှဉ်လျှင် တပ်မတော်သားများမှ ကျား၊ မ အခြေပြုအကြမ်းဖက်မှု ကျူးလွန်မှုနှုန်း လျော့ကျသွားသည်ကို တွေ့မြင်ရ မည်။ သို့သော် အမျိုးသမီးများအနေဖြင့် အာဏာရှိသူများမှ ကျူးလွန်သော ကျား၊ မ အခြေပြုအကြမ်းဖက်မှုများကို ခံနေရ သေးသည့် အနေအထားတွင် ရှိနေဆဲဖြစ်သည်။ အာဏာရှိသူများဟုဆိုရာတွင်တပ်မတော်၊[279] မြန်မာပြည်အရှေ့ တောင် ပိုင်းတွင် လှုပ်ရှားသော နယ်ခြားစောင့်တပ်၊[280] ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော်၊[281] ဒီမိုကရက်တစ်ကရင် အကျိုးပြုတပ်မတော် (DKBA)[282] စသည်တို့မှ စစ်သားများ အပါအဝင် ကျေးရွာအုပ်စု ခေါင်းဆောင်များ၊ကြံ့ခိုင်ရေး ပါတီဦးဆောင်သော အစိုးရ ဝန်ထမ်းများ နှင့် သာမန်ပြည်သူများလည်း ပါဝင်ပါသည်။

စစ်တပ်မှ ဆက်လက် အာဏာလွှမ်းမိုးထားခြင်း၊ ဒေသတွင်းဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကသာ စိုးမိုးထားခြင်း၊ အမျိုးသမီးများအပေါ်ထားရှိသော အနုတ်လက္ခဏာဆောင်သည့် လူမှုရေးအမြင် သဘောထားများ အပါအဝင် အကြောင်း ရင်းများစွာတို့သည် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများအား အမျိုးသမီးများမှ တိုင်ကြားရန်နှင့် တရားဥပဒေ၏ အကူအညီကို ထိရောက်စွာ ရယူရန်အတွက် အကန့်အသတ်အနှောင့်အယှက် ဖြစ်စေပါသည်။ စိတ်ဝေဒနာခံစားနေရသူ အမျိုးသမီးများ သို့မဟုတ် စိတ်ဝေဒနာ ခံစားနေရသည်ဟု ယူဆခံရသော အမျိုးသမီးများအနေနှင့် တိုင်ကြားရန် ပိုမိုခက်ခဲသည်။ အဖြစ်အပျက်များကို သူမတို့ကိုယ်တိုင် တိုင်ကြားနိုင်သော်လည်း သူမတို့၏ သက်သေခံပြောဆိုမှုများကို လူများကမယုံကြည်ကြပေ။ ကျား၊ မ အခြေပြုအကြမ်းဖက်မှု ကျူးလွန်သူများသည် ကျူးလွန်ခံရသူများမှ တိုင်ကြားခြင်း ပြုလုပ်ရန်ကြိုးပမ်းသောအခါ ကျူးလွန်ခံရသူ အမျိုးသမီး သို့မဟုတ် မိသားစုအပေါ် အကြမ်းဖက်မှုများဆက်လက်ပြုလုပ်ခြင်း၊ ကြောက်ရွံ့စေရန်ပြုလုပ်ခြင်း စသည့်နည်းများဖြင့် ပြုလုပ်လေ့ရှိသည်။ ဤ အခြေ အနေကြောင့် အမျိုးသမီးများသည် ၎င်းတို့ခံစားရသော အကြမ်းဖက်မှုများကို တိုင်ကြားတင်ပြရန် ဝန်လေး ကြသည်။ အထူးသဖြင့် ၎င်း၏ တိုင်ကြားချက်ကို လူအများမှ ယုံကြည်မှုမရှိလျှင် ပတ်ဝန်းကျင်တွင် အရှက်ရနိုင် သည့် အချက်အပြင် ကျူးလွန်သူမှ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ဆက်လက်ပြုလုပ်သည့် အတွက်ကြောင့်လည်း တိုင် ကြားရန် ဝန်လေးကြသည်။

ကျား၊ မ အခြေပြုအကြမ်းဖက်မှု အဖြစ်အပျက် အများစုတွင် ကျူးလွန်သူများ အတွက် အခွင့် ကောင်းရှိသည့် အချိန်များ တွင် ဖြစ်ပွားလေ့ရှိကြောင်း သတင်းပေးပို့ချက်များတွင် တွေ့ရပါသည်။ ဥပမာ ကျူးလွန်ခံရသူသည် မိမိ၏ နေအိမ်တွင် သို့မဟုတ် အကြမ်းဖက်မှုပြုလုပ်မည့်သူ အတွက် အခွင့်ကောင်း ရရှိနိုင်သည့် နေရာတွင် တစ် ယောက်တည်း ရှိနေသော အချိန်၌ ဖြစ်ပွားလေ့ရှိပါသည်။ အကြမ်းဖက်မှုပြုလုပ်ချိန်တွင် ပြုလုပ်ခံရသည့်အမျိုးသမီးအနီး၌ မိသားစုဝင် သို့မဟုတ် အဖော်တစ်ဦးဦး ရှိနေပါက၊ မိသား စုဝင် အိပ်ယာမှနိုးပြီး အခင်းဖြစ်ရာနေရာသို့ ရောက်ရှိလာချိန်တွင် ကျူးလွန်သူမှ ထွက် ပြေးလေ့ရှိပါသည်။ KHRG မှရရှိ သော သတင်းအချက်အလက်များအရ ကျား၊ မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်ခြင်း ခံရသော အမျိုးသမီးများမှာ အသက်မပြည့်သေးသူများ၊ အရွယ်ရောက်ပြီးသူများ၊ အပျို၊ အိမ်ထောင်ရှင် သို့မဟုတ် မုဆိုးမ များ စသည့် အမျိုးသမီး ကြီးငယ်မရွေး ပါဝင်ပါသည်။ အသေးစိတ် အဖြစ်အပျက်အချို့တွင် အသက် ၁၁ နှစ်အရွယ် မိန်းကလေးငယ်သည် ကျောင်းသို့သွားရာလမ်း၌ ကျောင်းဆရာတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှု ကို ခံစားခဲ့ရပြီး[283] ခင်ပွန်းသည် အလုပ်လုပ်ရန် ရပ်ဝေးသို့ရောက်နေသော ၄၅ နှစ်အရွယ် အမျိုးသမီးသည်လည်း သူမ၏နေအိမ်၌ ဒီကေဘီအေ စစ်သား၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ရသည်။[284] ဤသည်ကို ကြည့်ခြင်းဖြင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများသည် အသက်အရွယ် အပိုင်းအခြားမရွေး သို့မဟုတ် အပျို၊ အိမ်ထောင်ရှင်မ မရွေး မည်သည့် အမျိုးသမီးများ အပေါ် မဆို ကျူးလွန်ခံရနိုင်ကြောင်း တွေ့မြင်ရပါသည်။

---

[279] Sources #32: "Papun Situation Update: Dwe Lo Township, July to October 2012," KHRG, February 2013; Source #72: "Thaton Incident Report: Attempted rape in Thaton Township, September 2013," KHRG, August 2014; #90; #92: "Toungoo Incident Report: Sexual assault in Thandaunggyi Township, December 2013," KHRG, May 2014; #102: "Toungoo Situation Update: Thandaunggyi Township, April to June 2014," KHRG, December 2014; and #42. တွင်ကြည့်ပါ။

[280] Sources #48: "Rape and sexual harassment in Hpapun District, June and August 2013," KHRG, November 2013; #77 #78: "Hpapun Situation Update: Bu Tho Township, August to October 2013," KHRG, February 2014:Source#76; and #46: "Violent abuse and forced labour in Bu Tho Township, November and December 2012," KHRG, July 2013. တွင် ကြည့်ပါ။

[281] Source #64 တွင် ကြည့်ပါ။

[282] Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016. တွင် ကြည့်ပါ။

[283] Source #122 တွင် ကြည့်ပါ။

[284] Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016 နှင့် ဤအခန်းမှ လေ့လာတွေ့ရှိချက်တွင် ကြည့်ပါ။

*"ကျွန်မရဲ့ ၁၁ နှစ်အရွယ်သမီး ကျောင်းကပြန်လာတော့ ကျွန်မကိုပြောတယ်။ မနက်တုန်းက သူကျောင်းသွားတုန်း လမ်း မှာ သူ့ရဲ့ဆရာ ဖားပဟာ ရောက်လာတယ်။ သူ့ခေါင်းကိုရိုက်ပြီး သူ့ရဲ့အမျိုးသမီးအင်္ဂါကို ကိုင်ပါတယ်။ ကျွန်မသူ့ကို သေချာ မေးတယ်။ သူ သမီးရဲ့အင်္ဂါကို လက်နဲ့ကိုင်လားဆိုတော့ ကိုင်တယ် လို့ပြန်ပြောပါတယ်။ သမီးက အဲဒီကိုင်တဲ့လက်ကို ကုတ်ဖဲ့ပြီး ထွက်ပြေးခဲ့ပါတယ်။ အဲ့ဒီလို ထွက်ပြေးတဲ့အခါ ဆရာက သူ့ကို အနောက်ကနေ ဖမ်းချုပ်ပြီး နွားခြံထဲ ခေါ်သွား ပြီးတော့ သမီးရဲ့ အမျိုးသမီးအင်္ဂါ၊ တင်ပါးနဲ့ ခန္ဓာကိုယ် အနံ့ကို ကိုင်ပါတယ်။ ကျွန်မသမီး ပြန်လာပြီးအဲလို ပြောတော့ ကျွန်မ လုံးဝ စိတ်မကောင်းဘူး။"*

နော် ဖ….၊ (မ - ၂၄နှစ်) ၊ လူသောမြို့နယ်၊ ဖာပွန် ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၄ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[285]

## အရက် နှင့် စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲခြင်း၏ ဆိုးကျိုးများ

ကျား၊မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်သည့်အမှုများတွင် ကျူးလွန်သူများသည် စိတ်ကြွ ရူးသွပ်ဆေးပြား ဒေသအခေါ် ယာဘ[286] အား သုံးစွဲနေစဉ် သို့မဟုတ် အရက်သောက်သုံးထားစဉ်တွင် ကျူးလွန်ကြကြောင်းကို တွေ့ရှိ ရပါသည်။ အရက် သောက်သုံးခြင်းကြောင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်  ညတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ရပ် ဖြစ်ပွား ခဲ့ပါသည်။ သထုံခရိုင်၊ သထုံမြို့နယ်တွင် တပ်မတော်မှ ဒုတပ်ကြပ်တစ်ဦးသည် အသက် ၂၇ အရွယ် အမျိုးသမီးကို အဓမ္မပြုကျင့်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ထိုဒုတပ်ကြပ်သည် နော် ခ... အိမ်သို့ အရက်ရှာဖွေဝယ်ယူရန်ဆိုသည့် အကြောင်းပြချက်ဖြင့် ခွင့်ပြုချက် မတောင်းပဲ ဝင်လာခဲ့ပါသည်။ ထို့နောက် နော် ခ.... ၏ ခြင်ထောင်ကို လှန်ဖွင့်ခဲ့ သည့်အတွက် နော် ခ...အား ထိတ်လန့်စေခဲ့သည်။ နော် ခ....က အရက်မရှိတော့ပါ ဟုပြောသောကြောင့် ထိုစစ်သား ပြန်ထွက်သွားခဲ့သည်။ သို့သော် ထိုညတွင်ပင် ထိုတပ်ကြပ်ကြီးသည် နော် ခ...၏ အိမ်သို့ ပြန်လည်ရောက်ရှိလာပြီး အမှောင်ထဲတွင် အိပ်ပျော်နေသော နော် ခ.... အား မဖွယ်မရာ ကိုင်စမ်းခြင်းများ ပြုလုပ်ခဲ့သည်။[287]

အလားတူ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဖားအံခရိုင် နဘူးမြို့နယ်မှ အသက် ၂၁ နှစ်အရွယ် နော် လ...သည် အသက် ၂၃ နှစ်အရွယ် စော န... ၏အဓမ္မပြုကျင့်ခြင်းနှင့် သတ်ဖြတ်ခြင်းကို ခံခဲ့ရပါသည်။ အမှုဖြစ်ပွားစဉ်တွင် စော န..သည် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၆[288] မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော စိတ်ကြွရူးသွပ်ဆေးပြားကို သုံးစွဲထားကြောင်း သိရှိရပါသည်။ နေရာဒေသအများရှိ ရွာသူ၊ရွာသားများက စိတ်ကြွရူးသွပ်ဆေးပြားသုံးခြင်းသည် ကျား၊ မ အခြေပြု အကြမ်းဖက်မှု ကိုပိုမိုဖြစ်စေသည်ဟု ထင်မြင်ယူဆကြပါသည်။

*"ရွာသားများသည် ၎င်းတို့ဒေသတွင်း စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲမှုပြန့်နှံ့နေခြင်းအတွက် စိုးရိမ်နေကြပါသည်။ ထို့အပြင် ဒေသတွင်းရှိလူငယ်များအပေါ် စိတ်ကြွရူးသွပ်ဆေးပြား၏ ဆိုးကျိုးများ သက်ရောက်နေခြင်း အတွက်ကိုလည်း စိုးရိမ် လျက်ရှိပါသည်။ ရွာသားများက ၎င်းတို့ဒေသတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချနေခြင်းကို အလိုမရှိပေ။ အဘယ် ကြောင့်ဆိုသော် စိတ်ကြွရူး သွပ်ဆေးပြားသုံးခြင်းသည် အထက်ပါ နော် လ.... အမှုကဲ့သို့ ကျား၊ မ အခြေပြု အကြမ်း ဖက်မှုများကို ပိုမိုဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်ပါသည်။ န...ကျေးရွာမှ ရွာသားများက မူးယစ်ဆေးဝါးကြောင့် လူငယ်များတွင် ပြန်လည်ပြုပြင်၍ မရနိုင်တော့သော ထိခိုက်နစ်နာမှုများ ဖြစ်စေသည်ဟု တင်ပြကြပါသည်။ အချို့ လူငယ် များသည် မူးယစ်ဆေးကို ထွက်ပေါက်အနေဖြင့် အသုံးပြုကြသည်ဟု ရွာသားများက ထင်မြင်ကြပြီး စိတ်ကြွရူးသွပ် ဆေးပြားသည် ရွာသားများအတွက် အကြီးမားဆုံး ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဒေသတွင်းရှိ အဖွဲ့ဝင်မှ တင်ပြထား ပါသည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားတင်ပြသော အခြေအနေတင်ပြချက်၊ သတင်းတို၊ နဘူးမြို့နယ် ဖားအံခရိုင်/
ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၂ နိုဝင်ဘာလတွင် လက်ခံရရှိခဲ့သည်။)[289]

[285] Source #123 တွင် ကြည့်ပါ။

[286] စိတ်ကြွရူးသွပ်ဆေးပြား (ယာဘ) ဆိုသည်မှာ ထိုင်းဘာသာအားဖြင့် အရူးဆေးဟုခေါ်ပါသည်။ ဤဆေးပြားကို အရှေ့ အာရှ တွင် ဒုတိယကမ္ဘာစစ်ကာလတွင်း စစ်သားများအားတိုက်ကြွေးရန် စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ယခု အခါ ဤဆေးပြား သည် ထုတ်လုပ်ရာနိုင်ငံများဖြစ်သော ထိုင်း၊ဗီယက်နမ်၊ လာအို၊ မြန်မာနှင့် ကမ္ဘောဒီးယားတို့တွင် အသုံး များလျက်ရှိပါသည်။ Yaba, the 'crazy medicine' of East Asia, UNODC, May 2008; "Woman raped and killed in Pa'an District, October 2012," KHRG, December 2012; and Chapter IV in Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire, KHRG, June 2014. တွင် ကြည့်ပါ။

[287] Source #72: "Thaton Incident Report: Attempted rape in Thaton Township, September 2013," KHRG, August 2014. တွင် ကြည့်ပါ။

[288] Source #29: "Woman raped and killed in Pa'an District, October 2012," KHRG, December 2012. တွင် ကြည့်ပါ။

[289] အထက်ပါတိုင်း ကြည့်ပါ။

ယခုနှစ်များအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းချမှုနှင့် သုံးစွဲမှုများ လွန်စွာများပြားလာပြီး မြန်မာပြည်အရှေ့ တောင်ပိုင်းရှိ ဒေသခံ လူထု တစ်ရပ်လုံးအတွက် လူမှုရေးပြဿနာများကို များစွာဖြစ်ပေါ်စေပါသည်။ စစ်နှင့်ဆိုင်သော တိုက်ပွဲများနှင့် ရန်လိုမှုများလျော့ နည်းလာသော်လည်း စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများကြောင့် မူးယစ် ဆေးဝါး များကို ရရှိစေရန် လုပ် ဆောင် ပေးသကဲ့သို့ ဖြစ်ပါသည်။ ဥပမာ မြန်မာပြည်တောင်ပိုင်းတွင် လှုပ်ရှားသော နယ်ခြား စောင့်တပ်သည် ၎င်းတို့အတွက် အပိုဝင်ငွေရရှိရန် စိတ်ကြွရူးသွပ်ဆေးပြားကို ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။[290] KHRG ၏ သတင်း အချက်အလက် များတွင် စိတ်ကြွရူးသွပ်ဆေးပြားများကို ဒေသခံရွာသားများမှသာ သုံးစွဲခြင်း များပြားလာပြီး လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုကို ဒေသခံများ ကျူးလွန်ခြင်း ဖြစ်သည်ကို မီးမောင်းထိုးတင်ပြ ထားပါသည်။ စစ်တပ် များ ဆက်လက် တပ်စွဲ ထားခြင်းကြောင့် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ် ရောင်းချမှု များပြားလာနေခြင်းသည် ပတ် သက်မှုရှိသော်လည်း စိတ်ကြွရူးသွပ် ဆေးပြား သုံးစွဲပြီး ပြစ်မှုကျူးလွန်သူများတွင် စစ်သားများ ပါဝင်မှုမရှိပေ။

## ကျား၊ မ အခြေပြု အကြမ်းဖက်မှု ခံစားရသည့် မသန်စွမ်းသူ နှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးချို့တဲ့သူ အမျိုးသမီးများ

ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကိုခံစားကြရသည့် အမျိုးသမီးများတွင် ခန္ဓာကိုယ်မသန်စွမ်း သူများနှင့် စိတ် ကျန်း မာ ရေးချို့တဲ့သူများ ပါဝင်သည်ဟု KHRG ၏ သတင်းအချက်အလက်များတွင် တွေ့ရှိရပါသည်။ ခန္ဓာကိုယ် မသန်စွမ်းသူနှင့် စိတ်ကျန်းမာရေးချို့တဲ့သူ အမျိုးသမီးများအတွက် လိင်အကြမ်းဖက်မှုကို နည်းလမ်းအမျိုးမျိုးဖြင့် ခံစားရရန်အတွက် အကြောင်းရင်းများဖြစ်ပါသည်။ ပထမအချက်အနေနှင့် အထက်ပါ အမျိုးသမီးများသည် အကြမ်းဖက်မှုကို အခြား သာမန် အမျိုးသမီးများထက် ထိခိုက်ခံစားရ လွယ်ကူခြင်းမှာ ကျူးလွန်သူများက ၎င်းတို့သည် အခြားမိန်းကလေး များနှင့် ယှဉ်လျှင် ၎င်းတို့ကိုယ်ကို ကာကွယ်နိုင်ရန် ခွန်အားနည်းသည်ဟု ထင်မြင်ယူဆထားခြင်းကြောင့် ဖြစ်ပါသည်။ ကျူး လွန်သူများ ယူဆထားသကဲ့သို့ပင် ကျား၊ မ အခြေပြု အကြမ်းဖက်မှုအများစုတွင် ခန္ဓာကိုယ် မသန်စွမ်းသူများနှင့် စိတ်ကျန်းမာ ရေးချို့တဲ့သူ အမျိုးသမီးများသည် ၎င်းတို့၏ အခြေအနေအရ ပြန်လည်ခုခံနိုင်စွမ်းမရှိပါ။ ဒုတိယအချက်အနေဖြင့် ထိုအမျိုး သမီးများမှ သူမတို့ခံစားရသော ကျူးလွန်ခံရမှုများကို တိုင်ကြားသောအခါ လူအများမှ မယုံကြည်ကြခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ပတ်ဝန်းကျင်အသိုက်အဝန်းက စိတ်ဝေဒနာ ခံစားနေရသူများအပေါ် လူမှုရေးအရ အကောင်းမမြင်သောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတို့အနေနှင့် တရားဥပဒေ အကူအညီရယူရန် အကန့် အသတ် ဖြစ်စေပါသည်။ ထို့အပြင် ပတ်ဝန်းကျင် အသိုက်အဝန်းက စိတ်ဝေဒနာခံစားနေရသူများအပေါ် လူမှုရေးအရ အကောင်း မမြင်ခြင်းကြောင့် မသန်စွမ်းသူ အမျိုးသမီးများသည် သာမန်လူများထက် နိမ့်ကျသူများအဖြစ် ရှုမြင်ခြင်း ခံကြရပါသည်။ ဤကဲ့သို့ရှုမြင်ခြင်းကြောင့် သူမတို့တင်ပြလာသော တိုင်ကြားချက်များကို လက်ခံသော်လည်း သူမတို့၏ ပြောဆိုသက် သေခံချက်များကိုမူ အားလုံးမှန်ကန်မှုမရှိနိုင်ဟု ယူဆကြပါသည်။ ဤအချက်သည် ၎င်းအမျိုးသမီးများအား လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများကို ပိုမိုခံစားရရန် အကြောင်းအရင်းတစ်ရပ် ဖြစ်စေသည့်အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှု များကိုလည်း သက်ဆိုးရှည်စေပါသည်။

*"ကျွန်မတို့ဝန်းကျင်မှာ အဓမ္မပြုကျင့်ခံရပြီး ကိုယ်ဝန်ရှိလာတဲ့ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးချို့တဲ့သူ အမျိုးသမီးတွေ အများကြီးပါပဲ။ သူတို့ ကိုယ်ဝန်ရှိလာမှသာ လူတွေက အဓမ္မပြုကျင့်ခံရတဲ့အကြောင်း သိလာရတယ်လေ။ အဲဒီတော့ သူတို့က ကျူး လွန်သူကို မပြောပြနိုင်ရင် သူတို့ကို အကူအညီပေးဖို့ခက်တယ်။ လူတွေကတော့ သူတို့စိတ်ရောဂါရှိလို့ ဒီလိုဖြစ်ရတာ ဆိုပြီး သူတို့ကို အမြဲဆိုသလို အပြစ်တင်ကြမယ်။ အမျိုးသမီးတွေကကြတော့ အများဆုံး အပြစ်တင်တာခံကြရတယ်။ အမျိုးသား တွေ ကလည်း အပြစ်နည်းနည်းတင်တာခံကြရတယ်။ ဒီလိုဘာမှမသိတဲ့ အမျိုးသမီးတွေကို သူတို့ ဘာကြောင့် ဒီလို လုပ်ရက်ရတာလဲ။"*

နော် ထ....၊ ကရင်အမျိုးသမီးအစည်းအရုံး(KWO)မှ ကိုယ်စားလှယ် (၂၀၁၆ မတ်လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[291]

## ၂၀၁၂ ခုနှစ် နောက်ပိုင်း ပြောင်းလဲလာသော တပ်မတော် စစ်သားများမှ ကျူးလွန်သည့် ကျား၊ မ အခြေပြု အကြမ်း ဖက်မှုများ

အမျိုးသမီးများမှ ပြည်တွင်းစစ်ကာလတွင်း ၎င်းတို့ရှင်သန်ရပ်တည်ရေးအတွက် ကြိုးပမ်း လုပ်ဆောင်ခဲ့သော အရာများကို အဓိကတင်ပြထားသော KHRG ၏၂၀၀၆ ခုနှစ်ထုတ် အစီရင်ခံစာအရ[292] ကျေးလက်ဒေသများ၌ ပဋိပက္ခကာလတွင်း တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်သည့်အခါ ကရင် အမျိုးသမီးများအား ကျား၊ မ အခြေပြု အကြမ်းဖက်မှုပြုခြင်း နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ ဤကဲ့သို့ ဒေသခံများအား ကြောက်လန့်အရှက်ရစေရန် အကြမ်းဖက်လုပ်ဆောင်ခြင်းကို ၎င်းတို့စစ်ဗိုလ်ချုပ်များ ထံမှ တိုက်ရိုက်အမိန့်ဖြင့် လုပ်ဆောင်ခြင်း မဟုတ်သော်လည်း စစ်သားများ၏ အပြုအမူသည် ၎င်းတို့၏ စစ်ဆင်ရေးအတွက် အကျိုးရှိစေသည့်အပြင် ဒေသခံများကို စစ်တပ်၏ တောင်း ဆိုမှုအပေါ် ပြန်လည်ခုခံမှု မပြုဝံ့ရန် ပြုလုပ်ထားခြင်းလည်း ဖြစ်သည်။ ထို့အပြင် ၂၀၁၂ ခုနှစ် ပဏာမ အပစ် အခတ်ရပ်စဲရေး မတိုင်မီကာလတွင် အမျိုးသမီးများက အဓမ္မပြုကျင့်ခံရမှုများကို စစ်ဗိုလ်များထံ တင်ပြတိုင်ကြားလျှင်

[290] Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire, KHRG, June 2014. အခန်း ၄ တွင် ကြည့်ပါ။

[291] ဤသတင်းအချက်အလက်ကို KWOကိုယ်စားလှယ် နော် ထ...နှင့်တွေ့ဆုံမေးမြန်းခန်းပြုလုပ်ထားခြင်းမှ ထုတ်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။

[292] Dignity in the Shadow of Oppression: The abuse and agency of Karen women under militarisation, KHRG, November 2006. တွင် ကြည့်ပါ။

စစ်ဗိုလ်များက ဤအဓမ္မပြုကျင့်သည့် သတင်းကို ဆက်လက်ပြီး သူတပါးအားမပြောပြရန် ပိတ်ပင်ခြင်းပြုသည် သာမကသတင်းပေးသည့် သူအချို့တို့ကိုပါ အပြစ်ပေးခဲ့ကြသည်။[293]

၂၀၁၂ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲပြီး နောက်ပိုင်းရရှိသော သတင်းအချက်အလက်များအရ မြန်မာပြည် အရှေ့တောင် ပိုင်းရှိ အမျိုးသမီးများသည် တပ်မတော်မှစစ်သားများ၏ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှု လျော့ကျသွားသောကြောင့် ပိုမို လုံခြုံစွာနေထိုင်လာရကြောင်းကိုတွေ့မြင်ရမည်။ ထို့အပြင် အမျိုးသမီးများသည် ကျား၊ မ အခြေပြုအကြမ်းဖက်မှု ကျူးလွန် သူများကို ၎င်းတို့၏လုပ်ရပ်များအားတာဝန်ယူကြရန် လုပ်ဆောင်လာနိုင်ကြပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကျူးလွန် သူ၏ အထက်အရာရှိထံ တိုင်ကြား တင်ပြခြင်း၊ အမျိုးသမီးအဖွဲ့အစည်းများ ဖြစ်သော ကရင်အမျိုးသမီးအစည်းအရုံး (KWO)၊ အမျိုးသမီးများအတွက် လူမှုစောင့်ရှောက်ရေးအဖွဲ့ (SAW) စသောအဖွဲ့အစည်းများ၏ အကူအညီဖြင့် တရားဥပဒေ၏ အကာအကွယ်နှင့် အကူအညီကိုရယူခြင်း စသည့်နည်းဖြင့် လုပ်ဆောင်ကြပါသည်။[294] တရားဥပဒေ၏ အကူအညီကိုရယူရန် အတားအဆီးများ ရှိနေသေးသော်လည်း အပစ်အခတ်ရပ်စဲရေး ကာလအတွင်းတွင် အာဏာပိုင်များသည် အဓမ္မပြု ကျင့် မှုများကို ကိုင်တွယ် ဖြေရှင်းရာ၌ ယေဘုယျအားဖြင့် တိုးတက်လာကြောင်း အချို့အမျိုးသမီးများက တင်ပြလာကြပါသည်။ ထို့အပြင် အာဏာပိုင်များသည် တိုင်ကြားလာသောအမှုများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်လာပါသည်။

*"၂၀၁၂ခုနှစ် အပစ်အခတ်ရပ်စဲရေး မတိုင်ခင်ကဆို အဓမ္မပြုကျင့်ခံရတဲ့ အမျိုးသမီးများဟာ တိုင်ကြားတာ မလုပ်နိုင်ဘဲ တိတ်တိတ်လေးပဲ နေရပါတယ်။ အဲ့ဒီ အဖြစ်အပျက်ကိုလည်း လူတွေက မေ့လိုက်ကြပါတယ်။ အပစ်အခတ်ရပ်စဲရေး ရရှိပြီးတဲ့ နောက်မှာတော့အမျိုးသမီးတွေက အဓမ္မပြုကျင့်ခံရမှုနဲ့ ပတ်သက်ပြီး ပြောရဲ ဆိုရဲ ရှိလာကြတယ်။ အဓမ္မပြုကျင့်ခံခဲ့ရတဲ့ အမျိုးသမီးတွေဟာ သူတို့ရဲ့အမှုအကြောင်းကို အမျိုးသားတွေက မေးရင်တော့ သိပ်မဖြေချင်ကြဘူး။ ဒါပေမဲ့ အမျိုးသမီး အချင်းချင်း ဒါမှမဟုတ် မိသားစုဝင်တွေက မေးရင်တော့သူတို့က ပြောပြချင်တယ်။ ဘာဖြစ်လဲဆိုရင် သူမတို့က ပိုပြီး ရင်းနှီးကြတော့ ဖွင့်ပြောရဲကြတယ်လေ။"*

နော် အ....၊ (မ၊ ၂၀နှစ်)၊ က....ကျေးရွာ၊ သထုံမြို့နယ်၊ သထုံခရိုင်/ မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၅ နိုဝင်ဘာလ တွင်တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့သည်။)[295]

## ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲဆိုးကျိုးများ

KHRG ရရှိသော သတင်းအချက်အလက်များအရ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများသည် ခံစားရသူအတွက် အခင်း ဖြစ်စဉ်အတွင်း ကြောက်ရွံ့ခြင်းနှင့် အကြမ်းဖက်ခြင်းများကို ခံစားရသည်သာမက ၎င်းတို့၏ ရှေ့ဆက်ရမည့်ဘဝကိုပါ ထိခိုက် စေသည်ဟု သိရှိရသည်။ အဖြစ်အပျက် အတော်များများတွင် အကြမ်းဖက်မှုခံစားရသူများသည် ၎င်းတို့ ခံစားရသော ထိခိုက်ဒဏ်ရာများနှင့် စိတ်ထိခိုက်မှုများအတွက် ဆေးရုံတက် ကုသမှုခံကြရပါသည်။ ထိုသို့ဆေးရုံတက်ရာတွင် ကြာရှည်စွာ တက်ရောက်ကြရပြီး နောက်ဆက်တွဲ အနေဖြင့်လည်း စိတ်ဒဏ်ရာများ ပြန်ဖြစ်ပေါ်လာသဖြင့် ခံစားရသူအနေဖြင့် ပုံမှန်ဆေးကုသမှုကို ခံယူကြရပါသည်။[296] ကျူးလွန်ခံရသူအနေနှင့် ပျော်ကြေးငွေမရရှိပါက ဆေးကုသမှုကုန် ကျစရိတ် များအတွက် မိသားစုဝင်များက ကျခံပေးရသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံစားရသူအများစုသည် နဂိုမူလကပင် ၎င်းတို့ စားဝတ်နေရေး အတွက် မိသားစုဝင်များကို မှီခိုနေရသော လူမှုရေး၊ စီးပွားရေးအရ နိမ့်ပါးသူများဖြစ်သည့် မုဆိုးမများ၊ စိတ်ဝေဒနာရှင်များ၊ ပညာရေးအခွင့်အရေး နည်းပါးသူများ ဖြစ်သောကြောင့် မိသားစုဝင်များအတွက် ဖိအား ပိုမိုများပြားစေပါသည်။

အဓမ္မပြုကျင့်ခံရမှု၏ အကျိုးဆက်အနေနှင့် ထိုအမျိုးသမီးတွင် ကိုယ်ဝန်ရရှိလာပါက ကျူးလွန်ခံရသူ၏ဘဝကို ပိုမို ထိခိုက်စေနိုင်သည်။ ၂၀၁၄ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ခ...ကျေးရွာ၊ ကျော်ခီးကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်နေ အသက် ၁၇နှစ်အရွယ် နော် က... သည် ၁၆ နှစ်အရွယ်တွင် တစ်ရွာတည်းနေ အမျိုးသားတစ်ဦး၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ရပြီး ကိုယ်ဝန်ရရှိကာ ကလေးမွေးဖွားခဲ့ရပါသည်။ ကလေး ထိန်းကျောင်းရခြင်းကြောင့် နော် က...သည် ပညာသင် ယူရန် အခွင့်အရေး ဆုံးရှုံးခဲ့ရပြီး သူမ၏ မိသားစုသည်လည်း မိသားစုဝင်သစ်ကို ကျွေးမွေးရန် တာဝန်ပိုလာပါသည်။[297]

[293] အထက်ပါအတိုင်း ကြည့်ပါ။

[294] KWO မှ ဖြေရှင်းသော အမှုတစ်ခု၏ ဥပမာကို Source #124: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015," KHRG, July 2015. တွင် ကြည့်ပါ။

[295] Source #150 တွင် ကြည့်ပါ။

[296] Source #76 တွင် ကြည့်ပါ။

[297] Source #124: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015," KHRG, July 2015. တွင် ကြည့်ပါ။

## အမျိုးသမီးများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ကန့်သတ်ချက်များ

KHRG မှရရှိသော သတင်းအချက်အလက်များအရ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကို ခံစားရသော အမျိုးသမီးများသည် ၎င်းတို့ တတ်နိုင်သမျှ အင်အားဖြင့် ကျူးလွန်သူများကို ပြန်လည်ခုခံ တိုက်ခိုက်ကြပါသည်။ မြန်မာနိုင်ငံတောင်ပိုင်းရှိ အမျိုးသမီးများအား ကျား၊ မ အခြေပြု အကြမ်းဖက်မှုမှ မိမိကိုယ်ကိုကာကွယ်သော နည်းလမ်းများအကြောင်း မေးသော အခါ သထုံခရိုင်မှ အမျိုးသမီးတစ်ဦးကအတိတ်က အကြောင်းများအား စားမြုံ့ပြန်ပြီး ယခင်အချိန်က အမျိုးသမီးများသည် ဓားဆောင်လေ့ရှိကြောင်းနှင့် ရရာလက်နက်ကို အသုံးပြုပြီး မိမိကိုယ်ကို ကာကွယ်ကြသည်ဟု ပြောကြားခဲ့သည်။

*"ကျွန်မအထင်တော့ အမျိုးသမီးတစ်ဦးဟာ အဓမ္မပြုကျင့်ခံရရင် သူမနားမှာသစ်ကိုင်းလို အရာမျိုးရှိနေရင်လည်း သစ်ကိုင်း ကို ဆွဲကိုင်ပြီး ရိုက်ပစ်လိုက်မယ် ထင်တာပဲ။"*

နော် အ...၊ (မ၊ ၂၀နှစ်)၊ င...ကျေး ရွာ၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၅ နိုဝင်ဘာလ တွင်တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့သည်။)[298]

လိုင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရသော အမျိုးသမီးများသည် သဘာဝအရ မိမိကိုယ်ကို ကာကွယ်ပြီး ပြန်လည်တိုက်ခိုက်ကြမည်ဟု ယူဆရသည့်အတိုင်း အမျိုးသမီးများသည် မိမိတို့ကိုယ်ကို ကာကွယ်ခဲ့ကြကြောင်း KHRG ၏ ၂၀၁၂ မှ ၂၀၁၅ ခုနှစ်များအတွင်း ရရှိသည့် သတင်းအချက်အလက်များတွင် တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အမှုတစ်ခု၌ အသက် ၁၁နှစ်အရွယ် မိန်းကလေးသည် သူမကျောင်းသွားရာလမ်းတွင် သူမ၏ အမျိုးသမီးအင်္ဂါကို ကိုင်တွယ်ရန်ကြိုးပမ်းခဲ့သော ကျောင်းဆရာကို ပြန်လည်ခုခံ တိုက်ခိုက်ခဲ့သည်။

*"ဖားပဟာက 'ညီမလေး မင်းရဲ့ အင်္ဂါကို ကိုင်ခွင့်ပေးပါ'လို့ ကျွန်မကိုပြောတယ်။ ကျွန်မသူ့လက်ကို ကုတ်ဖဲ့ပြီး ထွက်ပြေးခဲ့တယ်။ သူကျွန်မကို အနောက်ကနေ လှမ်းချိုပြီး နွားခြံထဲခေါ်သွားတယ်။ ကျွန်မ ပိုက်ဆံအိတ် ထွက်ကျသွားလို့ ပြန်ကောက်တယ်။ ကျွန်မ သူ့လက်ချောင်းကို လိမ်ချိုးခဲ့တယ်။ သူကကျွန်မရဲ့ အင်္ဂါကို ကိုင်ခွင့် တောင်းတယ်။ ကျွန်မက ကိုင်ခွင့်မပေးဘဲ ကျောင်းကိုထွက်ပြေးခဲ့တယ်။"*

နော် ဆ.....(မ၊ ၁၁ နှစ်)၊ စ...ကျေးရွာ၊ လှူသောမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၄ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[299]

အခြားအမှုအခင်းတစ်ခုတွင် က...ရွာမှ အမျိုးသမီးတစ်ဦးသည် သံတောင်ကြီးမြို့မှ သူမ၏ရွာသို့ တစ်ဦးတည်း ပြန်လာစဉ် စစ်ကွပ်ကဲ အခြေစိုက်စခန်း (စကခ)[300] အမှတ် ၁ လက်အောက်ခံ တပ်မ[301] ၅၀၆ မှ တပ်ပြေးတစ်ဦး သည် သူမနောက် ပြေး လိုက်လာပြီး သူမ အား အဓမ္မပြုကျင့်ရန်ကြိုးပမ်းခဲ့ပါသည်။ ထိုအမျိုးသမီး နော် ဟ....သည် ထိုစစ်ပြေးအား တွန်း ထုတ်ပြီးထွက်ပြေးခဲ့ပါသည်။ ထိုသို့ရုန်း ရင်းဆန်ခတ်ဖြစ်ပွားရာတွင် နော် ဟ...၏ အဝတ်အစားများ စုတ်ပြဲခဲ့ပြီး သူမအနေဖြင့် အလွန်ရှက်ကြောက်ခဲ့ပါသည်။ သူမသည် ပတ် ဝန်းကျင်၌ အရှက်ကွဲခံရသကဲ့သို့ ကျူးလွန်သူမှ သူမအား ဟစ်အော်ခြင်းပြုလျှင် သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။ အခြားအမျိုး သားတစ်ဦးမှ အခင်းဖြစ်ရာနေရာအနီးသို့ ရောက်လာသောအခါ ကျူးလွန်သူမှ ထွက်ပြေးသွားခဲ့ပါသည်။[302]

အထက်ဖော်ပြပါ အကြမ်းဖက်မှု နှစ်ခုလုံးသည် အခြားအမှုများနှင့်မတူဘဲ နေ့ခင်းအချိန် လူမြင်ကွင်းတွင် ဖြစ်ပွားခဲ့ပြီး ကျူးလွန်ခံရသူ အမျိုးသမီးများအနေနှင့် ကျူးလွန်သူကို မြင်တွေ့ကြရပြီး ပြန်လည်ခုခံ တိုက်ခိုက်ရန်လည်း အကောင်းဆုံး အနေအထားကို ရရှိခဲ့ကြသည်။ အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အဓမ္မပြုကျင့်မှု အများစုမှာမူ ကျူးလွန်ခံရသူ အမျိုးသမီးများ သူမတို့၏ နေအိမ်တွင် ညအချိန် အိပ်ပျော်နေစဉ် အကြမ်းဖက်သူမှ လာရောက် ကျူးလွန်ခြင်း ဖြစ်ပါသည်။

---

[298] Source #150 တွင် ကြည့်ပါ။

[299] Source #122 ကို ကြည့်ပါ။

[300] စစ်ကွပ်ကဲအခြေစိုက်စခန်း (စကခ) တွင် တိုက်ခိုက်ရန်အတွက် တပ်ရင်းဆယ်ရင်းဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ အများ အားဖြင့် စကခ တစ်ခုတွင် တပ်ရင်းသုံးရင်းဖြင့် ဖွဲ့စည်းထားသော စစ်ဗျူဟာအခြေစိုက်စခန်း သုံးခုပါဝင်ပါသည်။

[301] ခြေမြန်တပ်မကို ဗိုလ်မှူးချုပ်မှ အုပ်ချုပ်ပါသည်။ ခြေမြန်တပ်မတစ်ခုတွင် သူပုန်နှိမ်နင်းရန်၊ တောတွင်းတိုက် ပွဲဆင်နွှဲရန်၊ တိုင်းရင်းသား လက်နက်ကိုင်များ မူးယစ်ရာဇာတပ်ဖွဲ့များကို ရှာဖွေသုတ်သင်ရန် အထူးလေ့ကျင့်ပေးထားသော ခြေမြန် တပ်ရင်း ဆယ်ရင်းဖြင့်ဖွဲ့စည်းထားပါသည်။ ခြေမြန်တပ်ရင်းများကို စစ်ဗျူဟာအခြေစိုက်စခန်း သုံးခုအောက်တွင် ထားရှိပြီး ဗိုလ်မှူးကြီးမှကွပ်ကဲအုပ်ချုပ်ပါသည်။ ဗျူဟာတစ်ခုတွင် တပ်ရင်းသုံးရင်း၊ အရန်တပ်ရင်းတစ်ရင်း၊ စစ်မြေပြင် အမြောက် တပ်ရင်း တစ်ရင်း၊ သံချပ်ကာ တပ်ရင်းတစ်ရင်း နှင့် အခြားပံ့ပိုးသည့်တပ်ရင်းများ ပါဝင်ပါသည်။

[302] Sources #102: "Toungoo Situation Update: Thandaunggyi Township, April to June 2014," KHRG, December 2014; and Source #92 : "Toungoo Incident Report: Sexual assault in Thandaunggyi Township, December 2013," KHRG, May 2014. တွင် ကြည့်ပါ။

ကျူးလွန်ခံရသူ အမျိုးသမီးများအနေနှင့် အော်ဟစ်အကူအညီတောင်းခံမှု၊ ကိုယ်ထိလက်ရောက် ပြန်လည်ခုခံမှု မပြုလုပ် နိုင်ခြင်းမှာအမျိုးသမီးများသည် ခန္ဓာကိုယ်သန်စွမ်းမှုအရ အမျိုးသားများနှင့် မယှဉ်နိုင်ခြင်း၊[303] သတ်ဖြတ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊[304] ကိုယ်လက်အင်္ဂါ မသန်စွမ်းခြင်း သို့မဟုတ် ကျူးလွန်သူအား အပြင်းအထန် နာကျင်ထိခိုက်သည်အထိ သို့မဟုတ် သေဆုံးသည့်အထိပြန်လည်ခုခံတိုက်ခိုက်ပါက ဖြေရှင်းရမည်ကို စိုးရိမ်ခြင်းစသည့် အချက်များကြောင့် ဖြစ်ပါသည်။[305]

*"သူမကို အဓမ္မပြုကျင့်ရန်ကြိုးစားပါက သူမအနေနှင့် တိုင်ပြောမည်ဟု သူ့အားပြောခဲ့သည်။ နော် က...၏ အဆိုအရ 'မင်းအော်ရင်မင်းကို ဓားနဲ့ထိုးပစ်မယ်' ဟု စောဖားကျော်အဲ့က သူမကိုပြောခဲ့ပါသည်။ သူမက 'ရှင်ကျွန်မကို အဓမ္မ ပြုကျင့်ရင် ကျွန်မကိုယ်ဝန်ရလာလိမ့်မယ်လို့' ပြောပြီး သူ့ကိုတားဆီးရန် ကြိုးစားခဲ့ပါသည်။ သူက 'မကြောက်ပါနဲ့ မင်းကိုယ်ဝန်မရစေရဘူး' ဟု ပြန်ပြောခဲ့သည်။"*

KHRG ဒေသခံသတင်းစုဆောင်းသူမှ ရေးသားတင်ပြသော သတင်းအကျဉ်းချုပ်၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ ကရင်ပြည် နယ်တောင်ပိုင်း (၂၀၁၅ ဇူလိုင်လ တွင်ထုတ်ဝေခဲ့သော သတင်းအကျဉ်းချုပ်)[306]

*"ကျွန်မအခန်းထဲဝင်အိပ်ဖို့ လုပ်တော့ သူကျွန်မကိုဆွဲပါတယ်။ ကျွန်မအော်ဖို့ စဉ်းစားပါသေးတယ်။ သူက မအော်ဖို့ ပြောတယ်။ ကျွန်မလဲ သူကျွန်မကိုသတ်မှာစိုးလို့ မအော်ရဲတော့ဘူး။ ကျွန်မအော်ရင် သူကျွန်မကို သေနတ်နဲ့ပစ်မယ် ထင်တယ်။ အရင်က သူရွာကိုလာရင်သေနတ်မပါဘူး။ ဒီတစ်ခါတော့ သေနတ် ယူလာပါတယ်။ အဲဒါကြောင့် ကျွန်မလဲ ကြောက်ပြီး အခြားရွာသားတွေကို မပြောရဲဘူး။ ကျွန်မအော်ဖို့ကြိုးစားတော့ ကျွန်မပါးစပ်ကို ရိုက်ပါတယ်။ သူကျွန်မကို တင်းတင်းကျပ်ကျပ် ဖမ်းချုပ်ထားပါတယ်။ ကျွန်မကပိန်တော့ သူ့ကို ပြန်မလုပ်နိုင်ဘူး။ သူက ဝဝတုတ်တုတ် သန်သန်မာမာဆိုတော့ ကျွန်မသူ့ကို ဘယ်လိုမှ မနိုင်ဘူး။"*

မ က.... (မ၊ ၄၅ နှစ်)၊ ဂ...ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာ ယာခရိုင်/ကရင်ပြည်နယ် တောင်ပိုင်း (၂၀၁၅ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းပြု လုပ်ခဲ့သည်။)[307]

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အမျိုးသမီးများအနေဖြင့် တွန်းလှန်ခုခံခြင်းသည် အရေးကြီးသော်လည်း အမျိုးသမီး များသည်အကြမ်းဖက်မှု တစ်ခုချင်းစီကို ကိုယ်တိုင်ခုခံတွန်းလှန်ရန် တာဝန်ရှိသည်ဟူသော အယူအဆကို ရေရှည်စွဲကိုင် ထားရန် မသင့်ကြောင်း အထူးသတိပြုသင့်ပေသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပပျောက်သွားစေရန် အဓိကထား လုပ်ဆောင်ရမည့်အရာမှာ ကျွန်ုပ်တို့ နေထိုင်သောပတ်ဝန်းကျင်တွင် အမျိုးသမီးများ အပေါ်ထားသော လူမှုရေး အမြင် သဘောထားများကို ပြောင်းလဲရန်နှင့် အမျိုးသမီးများ၏ လူမှုဘဝကို ပြောင်းလဲမြှင့်တင်ပေးရန် ဖြစ်သည်။ ဤတာဝန်ကို အမျိုးသား၊ အမျိုးသမီးမရွေး လုပ်ဆောင်ကြရန် တာဝန်ရှိပါသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းခံရသော အမျိုး သမီးများ အနေနှင့် ၎င်းတို့ခံစားရသည့် အကြမ်းဖက်မှုများအတွက် ၎င်းတို့၌သာ တာဝန်ရှိသည်ဟူသော ယူဆချက်ကို ပယ်ဖျက်နိုင်ရန် ဤကဲ့သို့သော သဘောထားများ ထားရှိရန် လွန်စွာအရေးကြီးပါသည်။

## ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ

ကျား၊ မ အခြေပြု အကြမ်းဖက်မှုများစွာတွင် ကျူးလွန်ခံရသူ အမျိုးသမီးများ တိုင်တန်းရန် ကြိုးပမ်းသောအခါ ကျူးလွန်သူ များက ထိုအမျိုးသမီး သို့မဟုတ် မိသားစုဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကို ပြန်လည် ပြုလုပ်လေ့ရှိပါသည်။[308] ကျူးလွန်သူများမှ ဤကဲ့သို့ တန်ပြန်လုပ်ဆောင်ခြင်းသည် ၎င်းတို့၏ ဂုဏ်သိက္ခာကို ကာကွယ် လို၍လည်းကောင်း၊[309] အမျိုးသမီးများမှ ဆက်လက်တိုင်ကြားခြင်း မပြုလုပ်ဝံ့ရန် အတွက်လည်းကောင်း တန်ပြန်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဥပမာ အနေနှင့် တင်ပြရလျှင် ၂၀၁၃ ခုနှစ်အတွင်း KHRG သို့ပေးပို့သော အဖြစ်အပျက်တစ်ခုတွင် စောလယ်ဝါး ခေါင်းဆောင်သော KNLA တပ်ရင်း ၁၀၁ မှ ဒုဗိုလ် အောင်နေသည် ၎င်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းပြုခဲ့သူအမျိုးသမီး၏အိမ်သို့ပြန်ရောက်လာပြီး ထိုအမျိုးသမီး၏လက်မောင်းကိုအတင်းအကျပ်ဆုပ်ကိုင်ကာဆွဲခေါ်ပါ သည်။ အမျိုးသမီး၏ မိခင်မှ သူမ၏သမီးကို ပြန်လည်ဆွဲခေါ်ရန် ကြိုးပမ်းသောအခါ စစ်ဗိုလ်နှင့် ပါလာသူ စစ်သားတစ်ယောက်ဖြစ်သော စော်ဝီးဂေါ်ဆိုသူက မိခင်ဖြစ်သူကို သေနတ်နှင့် နှစ်ချက် ပစ်ခဲ့ပါသည်။[310]

လူသောမြို့နယ်တွင် ဖြစ်ပွားခဲ့သော အမှုတစ်ခုတွင်မူ နော် ပ...က သူမခံစားခဲ့ရသော အကြမ်းဖက်မှုကို တိုင်တန်းရန်ကြိုးပမ်းသောအခါ ကျူးလွန်သူမှမည်ကဲ့သို့တုန့်ပြန်လုပ်ဆောင်သည်ကို ယခုကဲ့သို့ရှင်းပြပါသည်။

303 Source #90 တွင် ကြည့်ပါ။

304 Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016. တွင် ကြည့်ပါ။

305 Source #72: "Thaton Incident Report: Attempted rape in Thaton Township, September 2013," KHRG, August 2014 တွင် ကြည့်ပါ။

306 Source #124: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015," KHRG, July 2015. တွင် ကြည့်ပါ။

307 Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016. တွင် ကြည့်ပါ။

308 Source #122 တွင် ကြည့်ပါ။

309 Source #124: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015," KHRG, July 2015. တွင် ကြည့်ပါ။

310 Source #64 တွင် ကြည့်ပါ။

*"သူကျွန်မအိမ်ကိုလာပြီး မတိုင်ဖို့ပြောတယ်။ ကျွန်မက ဘာမှပြန်မပြောနိုင်ခင် သူကကျွန်မကို ပါးရိုက်ပြီး လည်ပင်းညှစ်တယ်။ကျွန်မအမေက တားဆီးဖို့လုပ်တော့ ကျွန်မအမေရဲ့ မျက်နှာကိုရိုက်တယ်။ နောက်တော့အိမ်ပေါ်ကနေ ပြန်ဆင်း သွားတယ်။"*

နော် ပ...(မ၊ ၁၁နှစ်)၊ စ... ကျေးရွာ၊ လှုသောမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၄ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[311]

မြန်မာနိုင်ငံအတွင်း လူမှုအသိုက်အဝန်းတွင် အမျိုးသားများ လွှမ်းမိုးထားသည်ကို ကြည့်ခြင်းဖြင့် အမျိုးသမီးများ အနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်ကြားရန်ကြိုးပမ်းရာတွင် အဘယ်ကြောင့် ပြန်လည်တုံ့ပြန်မှုများ တွေ့ကြုံ ရသည်ကို ပိုမိုသိရှိ နားလည်နိုင်ပေမည်။[312] ကျူးလွန်သူအမျိုးသားများမှ ပြန်လည်တုံ့ပြန်မှုများ ပြုလုပ်နိုင်သည့် ဥပမာများကို ကြည့်ခြင်းဖြင့် လူမှုအသိုက်အဝန်းတွင် အမျိုးသားများမှ ကြီးစိုးထားကြောင်း တွေ့မြင်ရပေမည်။ ထို့ပြင် အမျိုးသား များက အမျိုးသမီးများအပေါ် အထူးသဖြင့် အားနည်းပြီး ခိုကိုးရာမဲ့သော အမျိုးသမီးများ အပေါ် ၎င်းတို့ကျူးလွန်သည့် အပြစ်များအတွက် အရေးယူခြင်းခံရလိမ့်မည် မဟုတ်ဟု ယူဆထားကြသည့် အတိုင်းလည်း အရေးယူခြင်း မခံရကြောင်းကို တွေ့မြင်ရပါမည်။ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကို ကျူးလွန်သူသည် လက်နက်ကိုင်အဖွဲ့များမှ စစ်သားများဖြစ်ပါက အထက်ပါ အချက်များအပြင် အမျိုးသမီးများအနေဖြင့် တရားဥပဒေ၏ အကူအညီရယူရန် ပိုမိုခက်ခဲစေပါသည်။

အခြားသော သတင်းပေးပို့ချက်တစ်ခုတွင် ကော့ကရိတ်မြို့နယ်မှ နော် က....သည် သူမ ခံခဲ့ရသော ကျား၊ မ အခြေပြု အကြမ်းဖက်မှုကို ရွာလူကြီးများထံ တိုင်ကြားရန် ကြိုးပမ်းရာတွင် သူမအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပြုခဲ့သူ DKBA စစ်သား ဖားတရိုဆိုသူကအကြမ်းဖက် တုန့်ပြန်ခဲ့ကြောင်း တင်ပြထားပါသည်။

*"အဲ့ဒီနောက် ကျွန်မသူ့ကို 'ရှင်ကျွန်မကို ဒီလိုလုပ်တဲ့အတွက် ဒီကိစ္စကို ကျွန်မရွာသူကြီးကိုတိုင်မယ်။' လို့ပြောခဲ့တယ်။ ကျွန်မတိုင်မှာကို သူမကြိုက်ဘူး။ သူထွက်သွားခဲ့တယ်။ နောက်တော့ သူကကျွန်မကို သူနဲ့ လာတွေ့ဖို့ခေါ်တယ်။ ကျွန်မလည်း သူနဲ့တွေ့ဖို့ ကျွန်မတစ်ဝမ်းကွဲဆီကို ပြန်လာတယ်။ ကျွန်မက သူကျွန်မကို ဘာလို့အမွှေပြုကျင့်တဲ့ အကြောင်းကို ဆွေးနွေးကြမယ်ထင်တာ ကျွန်မဘာမှမပြောရသေးဘူးသူစပြီး အကြမ်းဖက်တော့တာဘဲ။ သူကျွန်မကို ခြေနဲ့ကန်တယ်၊ သေနတ်နဲ့ ခြိမ်းခြောက်ပြီးတော့ပစ်တယ်။ ကျွန်မအမေနဲ့ကျွန်မလည်း ကျွန်မတို့ တစ်ဝမ်းကွဲအိမ်ကနေ ပြန် ထွက်လာကြတဲ့အခါ သူကျွန်မတို့နောက်ကို လိုက်ပြီး သေနတ်နောက်ထပ် နှစ်ချက်ဖောက်တယ်။ ကျွန်မထင်တာ အဲဒီ နေ့က သူကျွန်မတို့ကို ဖမ်းမိရင် ကျွန်မကိုသတ်ပစ်မယ် ထင်တယ်။ 'နင့်ခွေးမသာ ဒီမှာမရှိရင်နင့်ကို ဒီထက်ပိုပြီး ရိုက်နက်မယ်။ နင့်ခွေးမကို အားနာလို့[313] နင့်ကိုဒီလောက်ဘဲရိုက်တာ' လို့သူကကျွန်မကိုပြောပါတယ်။ ကျွန်မအမ ကလည်း ပြောတယ်။ သူက ကျွန်မအမကိုမေးတယ် 'နင်ကျေနပ်လား။ နင့်ညီမကို ဒီလိုရိုက်တာ နင်မကျေနပ်ရင် နင်တို့အားလုံးကို သတ်ပစ်မယ်'။ကျွန်မအမလည်း ကြောက်လို့ မကျေနပ်ဘူးလို့ မပြောရဲဘူး။ သူမက 'ငါကျေနပ်ပါတယ်' လို့ဘဲပြန် ပြောလိုက်ရတယ်"*

နော် က.....(မ၊ ၄၅ နှစ်)၊ ဂ....ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ် တောင်ပိုင်း
(၂၀၁၅ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[314]

## ကျား၊ မ အခြေပြု အကြမ်းဖက်မှုများအား ဖြေရှင်းရာတွင် မိသားစုများပါဝင်မှု

KHRG မှရရှိသော သတင်းအချက်အလက်များအရ ကျား၊ မ အခြေပြု အကြမ်းဖက်မှုကို ခံစားခဲ့ကြရသော အမျိုးသမီး များသည် ကျူးလွန်သူရန်မှ အကာအကွယ်ယူရန် ပထမဦးစွာအနေဖြင့် ၎င်းတို့၏ မိခင်များနှင့် အမျိုးသမီးဆွေမျိုးများထံ ပြောပြတိုင်ကြားကြကြောင်းကို တွေ့မြင်ရပါသည်။ KHRG ၏ အချက်အလက်များတွင် တွေ့မြင်ရသည်မှာ ကျူးလွန်ခံရသူ၏ မိခင်များနှင့် အမျိုးသမီးဆွေမျိုးများ သာမက အမျိုးသား ဆွေမျိုးသားချင်းများကပါ အကြမ်းဖက်ခံခဲ့ရသော အမျိုးသမီး အတွက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးကြပါသည်။ ၎င်းတို့လုပ်ဆောင်ပေးသောအရာများမှာ ကျူးလွန်သူနှင့် တိုက် ရိုက်တွေ့ဆုံရင်ဆိုင် ဖြေရှင်းခြင်း၊[315] ကျူးလွန်သူ၏ မိဘဆွေမျိုးရင်းခြာများနှင့် တွေ့ဆုံစကားပြောခြင်း[316] နှင့် ရွာသူကြီးထံ[317] သို့မဟုတ် သက်ဆိုင်ရာတပ်မှူးများထံ[318] တင်ပြတိုင်ကြားခြင်း စသည်တို့ဖြစ်သည်။

[311] Source #122 တွင် ကြည့်ပါ။

[312] Gendered Aspects of Land Rights in Myanmar: Evidence from Paralegal Casework, Namati, April 2016. တွင် ကြည့်ပါ။

[313] Empowerment as constructive power for gender, CTC Bulletin, 2004. တွင် ကြည့်ပါ။

[314] Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016. တွင် ကြည့်ပါ။

[315] Source #90 တွင် ကြည့်ပါ။

[316] Sources #122; and Source #124: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015," KHRG, July 2015. တွင် ကြည့်ပါ။

[317] Sources #72: "Thaton Incident Report: Attempted rape in Thaton Township, September 2013," KHRG, August 2014; 146; and #90 တွင် ကြည့်ပါ။

[318] Source #71 တွင် ကြည့်ပါ။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကိစ္စများ ဖြေရှင်းရာတွင် ကျူးလွန်ခံရသူနှင့် ကျူးလွန်သူ နှစ်ဘက်မိသားစုများ ပါဝင်ပတ်သက်ခြင်းသည် ကျူးလွန်ခံရသူအတွက် ရလဒ်ကောင်းရရှိနိုင်သကဲ့သို့ ရလဒ်ဆိုးလည်း ရရှိနိုင်ပါသည်။

ရလာဒ်ကောင်းများမှာ ဆွေမျိုးသားချင်းများမှ ကျူးလွန်ခံ ရသူများအား အမှုတိုင်ကြားနိုင်ရန် စိတ်ဓာတ် ခွန်အားပေးခြင်း၊[319] တရားဥပဒေ အကူအညီရရှိနိုင်ရန် ကူညီပေးခြင်းနှင့် တိုင်ကြားရာတွင် လူကိုယ်တိုင် လိုက်ပါကူညီပေးခြင်း စသည် တို့ဖြစ်ပါသည်။ နောက်ထပ်အနေဖြင့် အချို့အဖြစ်အပျက်တွင် မိသားစုဝင်မှ အိမ်ထဲတွင်ရှိနေပါက အကြမ်းဖက်မှုကို ပါဝင် ဟန့်တားနိုင်ပြီး ကျူးလွန်သူအား ထွက်ပြေးစေနိုင်ပါမည်။[320] ဆွေမျိုးသားချင်း တော်စပ်မှုသည် အမျိုးသမီးများ တရားဥပဒေ ကိုရယူရန် အတွက် များစွာအရေးပါသည်။ ထို့ကြောင့်ဆွေမျိုးများ၏ အကူအညီသည် အရေးပါကြောင်းကို အသိ အမှတ်ပြုပြီး ကျူးလွန်ခံရသူအား ဆွေမျိုးများမှ ပိုမို အကူအညီပေးရန် တိုက်တွန်းပေးရပေမည်။

အဖြစ်အပျက်တစ်ခုတွင် သထုံခရိုင်မှ နော် ခ...သည် မိခင်နှင့်အတူ အိမ်တွင် အိပ်ပျော်နေစဉ် တပ်မတော် စစ်သားတစ်ဦးမှ လာရောက် အကြမ်းဖက်ခြင်းကိုခံခဲ့ရပါသည်။

*"၂၀၁၃ စက်တင်ဘာလ ၂၈ ရက်နေ့ နံနက် ၁ နာရီ တွင် ထိုစစ်သား တဖန်ပြန်ရောက်လာပြီး နော် ခ....ကို အမှောင်ထဲတွင်ကိုင်တွယ် စမ်းသပ်ပါသည်။ သူမနိုးလာပြီး သူမ၏ အမေကို အော်ခေါ်သောအခါ မိခင်ဖြစ်သူ နိုးလာပြီး ဓားကိုင်ကာ ရောက်လာပါသည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားတင်ပြသော အဖြစ်အပျက် မှတ်တမ်း၊ သထုံမြို့နယ်၊ သ ထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၃ စက်တင်ဘာလတွင် လက်ခံရရှိခဲ့သည်။)[321]

နော်ခ....၏အမေမှဓားကို ဟိုရမ်းဒီရမ်း လုပ်လိုက်သောအခါ ကျူးလွန်သူ ထွက်ပြေးသွားပါသည်။ နော် ခ...နှင့် သူမ၏ အမေတို့သည် အဖြစ် အပျက်ကို ရွာသူကြီးထံ ချက်ခြင်းသွားရောက်တိုင်ကြားခဲ့ပါသည်။ ရွာသူကြီးသည်လည်း ၎င်းစစ်သား၏ စစ်တပ် ဖြစ်သော ခမရ ၅၅၈[322] သို့သွားရောက်ပြီး ဒုတပ်ရင်းမှူးထံ သွားရောက်တိုင်တန်း ပေးပါသည်။[323] ဤကဲ့သို့ အမှုဖြစ်ပွားစဉ် မိသားစုဝင် သက်သေရှိခြင်း၊ ချက်ချင်းတိုင်ကြားမှုပြုခြင်းတို့သည် တရားဥပဒေ၏ အကူအညီကိုရယူရာတွင် ပိုမိုမြန်ဆန်စေပြီး တရားလို၏ သက်သေခံချက်များကိုလည်း ပိုမို အားကောင်းစေပါသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံရသူသည် အထူးသဖြင့် စိတ်ဝေဒနာခံစားနေရသူများ သို့မဟုတ် မသန်စွမ်းသူ ဖြစ်ပါက ဆွေမျိုးများ၏ သက်သေခံချက်များသည် ပို၍အရေးပါလာပါသည်။ ဤကဲ့သို့သော စိတ်ဝေဒနာရှင်များ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများတွင် အာဏာပိုင်များမှ လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်နိုင်ရန် ဆွေမျိုးများ၏ သက်သေ ခံချက်များသည် အဓိကကျသောအရာ ဖြစ်လာပါသည်။ ကံအကြောင်းမလှစွာဖြင့်ပင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များတွင် ဆွေမျိုးသားချင်းများသည် ၎င်းတို့နှင့်တိုက်ရိုက် မသက်ဆိုင်ဟုယူဆပြီး သက်သေမလိုက်ပေးချင်သောကြောင့် အာဏာပိုင်များက လိုအပ်သည့် တရားစီရင်မှုများကိုပြည့်ဝစွာ ဆက်လက် မလုပ်ဆောင်နိုင်တော့ပေ။ ဤကဲ့သို့သော အဖြစ်အပျက်ကို အစ်မဖြစ်သူ၏ အိမ်တွင် ကိုမျိုးဆိုသူ၏ အကြမ်းဖက်မှုကို ခံခဲ့ရသော မ လ....၏ အစ်မဖြစ်သူ ပြောပြသော သက်သေခံချက်တွင် တွေ့ မြင်ရမည်။

မ လ...သည် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ န....ကျေးရွာအုပ်စု၊ ဃ....ကျေးရွာတွင်နေထိုင်သော အသက် ၂၈ နှစ် အရွယ် အမျိုးသမီးဖြစ်ပါသည်။ မ လ....၏ ခင်ပွန်းသည်မှာ ဆုံးပါးသွားပြီဖြစ်ပြီး စိတ်ဝေဒနာ ခံစားနေရသော သူမသည် ကလေးနှစ်ယောက်နှင့်အတူ အမကြီးထံတွင် မှီခိုနေထိုင်ရပါသည်။ ၂၀၁၃ ခုနှစ် ညတစ်ည ၁၁ နာရီအချိန်တွင် သူမ အိမ်ပျော်စဉ် ကော်လာကလားကျေးရွာမှတပ်မတော်စစ်သားဟောင်း၏ သားဖြစ်သူ အိမ်ထောင်ရှင် ကိုမျိုးသည် မ လ....နေထိုင်ရာ အိမ်သို့ဝင်လာပြီး မ လ...၏ ထဘီနှင့်အင်္ကျီ ကို ဆွဲချွတ်ပါသည်။ သူမနိုးလာပြီး အော်ဟစ်ရန် ကြိုးစားသောအခါ ကိုမျိုးက သူမ၏ပါးစပ်ကို လက်ဖြင့် ပိတ်ခဲ့သောကြောင့် အသံမထွက် နိုင်တော့ပါ။ သူမလည်း ခြေထောက်ဖြင့်ကန်ရာ တစ်စုံတစ်ခုကို ထိသွားပြီး အသံမြည်သောကြောင့် သူမအစ်မနိုးလာပြီး လျှပ်စစ်မီး ဖွင့်လိုက်ပါသည်။ မ လ... လည်း သူမအစ်မထံသို့ ပြေးသွားပါသည်။ ကိုမျိုးမှာမူ မ လ...၏ အခန်းထဲတွင် ကျန်ရစ်ခဲ့ပါသည်။ ရွာသားများမှ သူ့မိန်းမအား အကြောင်းကြားသောအခါ သူသည် အိမ်ပေါ်မှ ချက်ချင်းဆင်း ပြေးသောကြောင့် ရွာသူကြီးအနေဖြင့် သူနှင့်ဆွေးနွေးရန် အခွင့်အရေးမရခဲ့ပါ။

[319] Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016 တွင် ကျူးလွန်ခံရသူ တစ်ဝမ်းကွဲအမျိုးက "သူမအနေနဲ့ အခုလိုအဓမ္မပြုကျင့်ခံရတာကို တိုင်ကြားရင်ပိုကောင်းပါတယ်။ အဲလိုလုပ်မှ ကျူးလွန်တဲ့ သူ ကနောက်ထပ် မလုပ်ရဲတော့မှာပေါ့လို့" တင်ပြပြောဆိုထားသည်ကို ဖတ်ရှုနိုင်ပါသည်။

[320] Sources #72: "Thaton Incident Report: Attempted rape in Thaton Township, September 2013," KHRG, August 2014; and #32: "Papun Situation Update: Dwe Lo Township, July to October 2012," KHRG, February 2013 တွင် ကြည့်ပါ။

[321] Source #72: "Thaton Incident Report: Attempted rape in Thaton Township, September 2013," KHRG, August 2014. တွင် ကြည့်ပါ။

[322] တပ်မတော် ခြေလျင်တပ်ရင်းတစ်ရင်းကို စစ်သား ၅၀၀ ဖြင့်ဖွဲ့စည်းပါသည်။ သို့သော်လည်း တပ်မတော်မှ ခြေလျင် တပ် ရင်း အများစုသည် စစ်သား ၂၀၀ ထက်နည်းသော အားနည်းသောပမာဏဖြင့်ဖွဲ့စည်းပါသည်။ ခမရ များကို မြို့စောင့်တပ် အဖြစ် များသောအားဖြင့်အသုံးပြုသော်လည်း တစ်ခါတစ်ရံတွင် ထိုးစစ်စစ်ဆင်ရေးများအတွက် အသုံးပြုပါသည်။

[323] Source #72: "Thaton Incident Report: Attempted rape in Thaton Township, September 2013," KHRG, August 2014. တွင် ကြည့်ပါ။

ဤအမှုကိစ္စနှင့် ပတ်သက်၍ ဆက်လက်အရေးယူ ဆောင်ရွက်ရမည့်အပေါ် မ…လ ၏အစ်မမှ အောက်ပါ အတိုင်း ရှင်းပြပါသည်။

*"ကိုမျိုးရဲ့ မိန်းမက ကျွန်မအမျိုးသားဘက်က အမျိုးတော်တယ်။ သူကျွန်မတို့ကို 'ရှင်တို့ဘက်က ဘာဖြစ်စေချင်လဲ' လို့ မေးတယ်။ ကျွန်မကလည်း 'ငါကခံရတဲ့လူ မဟုတ်တော့ နင့်ယောကျ်ား ငါ့အိမ်ထဲ ကျူးကျော်ဝင်ရောက်မှု အကြောင်းပဲ ပြောချင်တယ်။ အဓမ္မပြုကျင့်မှုနဲ့ ပတ်သက်ပြီးတော့ ငါကခံရတဲ့လူ မဟုတ်တော့ ဘယ်လိုလုပ်ရမယ်လို့ မပြောနိုင်ဘူး' လို့ကျွန်မက ပြန်ပြောပါတယ်။ ဒါကြောင့်ကျွန်မက သူ့ယောကျ်ားကို ပိုင်နက်ကျူးလွန်မှုနဲ့ ပတ်သက်လို့ပဲ ညှိနှိုင်းချင်တယ်။ ကျန်တဲ့အပိုင်းမပါဘူး။ ကျွန်မက ကျူးလွန်ခြင်းခံခဲ့ရတဲ့သူ မဟုတ်တော့ ဒီအမှုနဲ့ပတ်သက်ပြီး ဘာမှဆုံးဖြတ်ချက် မချချင်ပါဘူး။"*

မ လ… ၏ အစ်မ (မ)၊ ဃ…ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၄ မတ်လ တွင် တွေ့ဆုံမေးမြန်းခန်း လက်ခံရရှိခဲ့သည်။)[324]

အထက်ပါအမှုကိုကြည့်လျှင် မ လ…သည် စိတ်ဝေဒနာရှင်ဖြစ်သောကြောင့် ရွာလူကြီးမှ အစ မည်သည့် အာဏာပိုင်မျှ သူမကို မေးမြန်း အရေးယူဆောင်ရွက်ခြင်းပြုသည်ကို မတွေ့ရှိရပါ။ မ…လ၏ အစ်မသည်လည်း သူမ၏ ညီမဖြစ်သူ လိင်ပိုင်း ဆိုင်ရာ ကျူးလွန်ခံခဲ့ရသည်ကို စိတ်တို စိတ်ဆိုးသော်လည်း မတရားပြုသူကို မုဒိန်းမှုဖြင့် တရားစွဲဆိုရန် မကြိုးပမ်းဘဲ ပိုင်နက်ကျူးလွန်မှုကိုသာ ဖြေရှင်းပေးရန် တောင်းဆိုပါသည်။ ကျူးလွန် သူ၏ အမျိုးသမီးမှ သူမအမျိုးသား၏ လုပ်ရပ် အတွက် ခွင့်လွှတ်ပေးရန် တောင်းဆိုသောအခါ မ လ….. အစ်မက အောက်ပါအတိုင်းပြန်ပြောပါသည်။

*"ဒီလိုအမှုအတွက် လုံးဝခွင့်မလွှတ်နိုင်ဘူးလို့ ကျွန်မသူ့ကိုပြောခဲ့ပါတယ်။ သူ့အနေနဲ့ ဒီလောက်တောင် လိင်ဆက်ဆံ ချင်ရင်လည်း သူ့မိန်းမနဲ့ ဆက်ဆံလိုက်ပေါ့။ ဘာကြောင့် တစ်ခြားမိန်းမတစ်ယောက်ကို လာပြီး အနိုင်ကျင့်ရတာလဲ။ ကျွန်မ သူမကို စိတ်ဆိုးဆိုးနဲ့အဲ့ လိုပြောလိုက်တယ်။ ကျွန်မ သူ့ကိုအော်တာတောင် ထွက်မသွားဘူး။ သူ့မိန်းမ လာဆွဲခေါ်ရတယ်။ သူကျွန်မအိမ်ကနေ ထွက်မသွားတော့ ကျွန်မလည်း အိမ်ပေါ်ကနေ ဆင်းလာခဲ့တယ်။ ကျွန်မ အိမ်ကထွက်လာပေမဲ့ ရွာလူကြီးအိမ်သွားပြီးတော့ တိုင်ပြောမယ်လို့စိတ်ထဲမ တွေးမိဘူး။"*

မ လ… ၏ အစ်မ (မ)၊ ဃ…ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန် ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၄ မတ်လ တွင် တွေ့ဆုံမေးမြန်းခန်းလက်ခံရရှိခဲ့သည်။)[325]

## မိသားစုများပါဝင်ပတ်သက်ခြင်းကြောင့် ရရှိလာသည့်ဆိုးကျိုးများ

အချို့အဖြစ်အပျက်များတွင် မိသားစုဝင်များမှကြားခံအဖြစ် ဝင်ပါသောကြောင့် ကျူးလွန်ခံရသူအတွက် တရားမျှတမှုရရှိရန် အ--နှောင့်အယှက်ဖြစ်စေပါသည်။ အကြမ်းဖက်ခံရသူအတွက် ကြားခံဆောင်ရွက်ရန် မိသားစုဝင်များအနေဖြင့် စိတ်ပါဝင်စားမှု မည်၍မည်မျှရှိသည်ပေါ် မူတည်၍လည်းကောင်း၊ အမျိုးသမီးများ၊ လိင်ပိုင်းဆိုင်ရာ ကွာခြားမှုနှင့် မသန်စွမ်းခြင်းအပေါ် ၎င်းတို့၏ ကြိုတင် ထင်မြင်ယူဆချက်အပေါ် မူတည်၍ လည်းကောင်း မိသားစုဝင်များမှ ကြားခံဆောင်ရွက်ပေးခြင်းသည် တရားမျှတမှုအတွက် အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။ ကျူးလွန်ခံရသူ၏ မိသားစုဝင်များမှ ဝင်ရောက်ပါဝင်ရာတွင် ဆိုးကျိုးများရရှိစေသည့် အကြောင်းမှာ ပတ်ဝန်းကျင်မှသာမက အမှုကိစ္စကို ပါဝင်ဆောင်ရွက်ပေးသော မိသားစုဝင် ကိုယ်တိုင်က အမျိုးသမီးများအပေါ် မကောင်းသောအမြင်များ ထားရှိကြသောကြောင့် ဖြစ်ပါသည်။ မကောင်းသော အမြင်များတွင် မိဘဆွေမျိုးများ ကိုယ်တိုင်က ကျူးလွန်ခြင်းခံရသူအပေါ် အပြစ်တင်ခြင်းနှင့် ဤကဲ့သို့ ကျူးလွန် ခံရခြင်းကြောင့် သူမအနေနှင့် သိက္ခာကျဆင်းကြောင်း ပြောဆိုခြင်းစသည့် အချက်များ ပါဝင်နိုင်ပါသည်။ လူအများ၏ ပြောပြချက်အရ အချို့သော လူ့အသိုက်အဝန်းရှိ လူများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ အမျိုးသမီးများကို မကောင်းမြင်တတ်ကြပါသည်။ သူတို့က ကျူးလွန်ခံရသူမှ သဘောတူသည် မတူသည်ကို မသိရှိဘဲ ကျူးလွန်ခံရသူ အမျိုး သမီးများကို လိင်စိတ်တက်ကြွသူများဟု စွပ်စွဲတတ်ကြသည်။[326]

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံစားရသော အမျိုးသမီးများအပေါ် မကောင်းမြင်ခြင်းနှင့် ကဲ့ရဲ့ရှုံ့ချခြင်း များသည် ထိုအမျိုးသမီးများ၏ ပြောဆိုခွင့်နှင့် အခွင့်အရေးကို အဟန့်အတားဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီး များကို ၎င်းတို့ခံစားခဲ့ရသည့် အကြမ်းဖက်မှုအတွက် ၎င်းတို့၌ပင် တာဝန်ရှိကြောင်းနှင့် ၎င်းတို့ကိုယ်၌က အကျင့်မကောင်း၍ ဤသို့ဖြစ်ရသည်ဟု ယူဆကာ ၎င်းတို့ပြောဆို တင်ပြသော အရာများကို သေချာစွာနားထောင်ပေးခြင်း မရှိသော ကြောင့်ဖြစ်သည်။

[324] Source #90 တွင် ကြည့်ပါ။

[325] အထက်ပါအတိုင်း ကြည့်ပါ။

[326] Source #90 ကို ကြည့်ပါ။

*"ပုံမှန်အားဖြင့် လူတွေက ခံရတဲ့အမျိုးသမီးကိုဘဲ အရင်အပြစ်ပြောကြတာဘဲ။ သူတို့က ကောင်းကောင်းမနေလို့ ဒါမှမဟုတ် အဝတ်အစားကို ဆင်ဆင်ခြင်ခြင်မဝတ်လို့ ဒီလိုဖြစ်ရတာဆိုပြီး အပြစ်တင်ကြတယ်။ ချိုးဖောက် ကျူးလွန်မှုက ခဏခဏ ဖြစ်တယ်ဆိုရင်လည်း လူတွေက ဒါကိုအဓမ္မပြုကျင့်မှုလို့ မပြောချင်ဘူး။ နှစ်ဦး သဘောတူလို့ ဒီလိုခဏခဏဖြစ်ရတာပေ့ါ ဆိုပြီးယူဆကြတယ်။"*

နော် တ...(မ) ကရင်အမျိုးသမီးအစည်းအရုံးကိုယ်စားလှယ်
(၂၀၁၆ မတ်လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[327]

KHRG ၏သတင်းအချက်အလက်များအရ အထက်ပါကဲ့သို့သော အမျိုးသမီးများ အပေါ်ထားရှိသောအမြင်သည် နေရာတိုင်းတွင် ရှိသောကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံစားရသောအမျိုးသမီးများအတွက် ထိရောက်စွာ တိုင်ကြား နိုင်ရန် အခက်အခဲဖြစ်စေပါသည်။

*"ကျွန်မပြောချင်တာက ကျွန်မညီမဟာ ပြည့်တန်ဆာလည်း မဟုတ်ဘူး။ ပြီးတော့ အကျင့်မကောင်းတဲ့သူလည်း မဟုတ် ဘူး။ သူမကအတန်းပညာမရှိတဲ့သူ၊ စိတ်ရောဂါခံစားနေရတဲ့သူသာဖြစ်တယ်။ ဒါကြောင့် သူတစ်ခုခုဖြစ်လို့ လူတွေကမေး ရင် ကျွန်မကသူ့ကိုယ်စား ဖြေပေးရတယ်။ အကြမ်းဖက်မှုက အိမ်မှာ ဖြစ်သွားတော့ သူမကဘာဖြစ်တယ်ဆိုတာကို ကျွန်မ ကိုပြောပြတယ်။ ဒါကြောင့်လည်း ကျွန်မကသူ့ကိုယ်စား အမှုကိစ္စကို ရှင်းပြပေးရတာပေ့ါ။"*

မ လ... ၏ အစ်မ (မ)၊ ဃ...ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန် ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၄ မတ်လ တွင် တွေ့ဆုံမေးမြန်းခန်းလက်ခံရရှိခဲ့သည်။)[328]

၂၀၁၄ ခုနှစ် ဧပြီလတွင် ဖြစ်ပွားခဲ့သော အမှုတစ်ခု၌ ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ် ခ...ကျေးရွာ မှအသက် ၁၇ နှစ်အရွယ် စိတ်မနှံ့သူဟု ပတ်ဝန်းကျင်မှ ယူဆထားသော မိန်းကလေးသည် သူမနှင့် တစ်ရွာတည်းနေသော စောဖားကျော်အဲ့၏ အဓမ္မပြုကျင့်ခြင်းကို အသက် ၁၆ နှစ်အရွယ်တွင် အကြိမ်ဖန်များစွာ ခံခဲ့ရပါသည်။ အဓမ္မပြုကျင့်ခံရသော နော် က...သည် လူအများမှ သူမအပေါ် မည်သို့ ဆက်ဆံမည်ကို မသိရှိသောကြောင့် သူမအဓမ္မပြုကျင့်ခံရခြင်းကို သူမအမေကိုပင် မပြောပြခဲ့ပါ။ သူမသည် ရှက်ကြောက်သောကြောင့်လည်း အမေကို ပြောပြခဲ့ခြင်းမရှိပါ။ သူမ၌ကိုယ်ဝန်ရှိ လာသော အချိန်မှပင် အမှုပေါ် ပေါက်ခဲ့ပါသည်။[329] အခြားသော ရွာသားများပြောသည့်အတိုင်း နော် က...၌ စိတ်ရောဂါရှိ သည်ဟု ဒေသခံ KHRG အဖွဲ့ဝင်မှ မယုံကြည်ပါ။ အဘယ်ကြောင့်ဆိုသော် နော် က...သည်သူမ၌ ဖြစ်ပျက်ခဲ့သောအရာ များအားလုံးကို တိကျစွာ ပြန်လည် ပြောဆိုနိုင်သောကြောင့်ဖြစ်သည်။ ထို့အပြင် သူမသည် နေ့စဉ်လုပ်ငန်းဖြစ်သော ငွေကြေးကိုင်တွယ် သုံးစွဲနိုင်သည်ကို ဒေသခံ KHRG အဖွဲ့ဝင်မှ တွေ့မြင် ရပါသည်။ သူမ ခံစားရသော ကျူးလွန်မှုကို တင်ပြ တိုင်ကြားရန် ကြိုးပမ်းမှုအား ရွာသူကြီးနှင့် ရွာသားများက လက်ခံခြင်း မပြုရသည့် အဓိကအကြောင်းရင်းမှာ သူမအား စိတ်မနှံ့သူဟု ယူဆထားကြသောကြောင့်ဖြစ်သည်။ ရွာသူကြီးမှ သူမ၏ အမှုကိစ္စကို သေချာစွာ စစ်ဆေးမေးမြန်း ဆောင်ရွက်ပေးခြင်း မရှိသောကြောင့် သူမ၏အမှုအား ရှေ့ဆက် ဆောင် ရွက်နိုင်ခြင်း မရှိပါ။ သို့သော် နောက်ပိုင်းတွင် KHRG မှရရှိသော သတင်းများအရ KWO အနေဖြင့် ထိုအမှုကို လိုက်ပါဆောင်ရွက်သောကြောင့် ကျူးလွန်ခံရသော မိန်းကလေးသည် သူမခံစားခဲ့ရသော အဓမ္မပြုကျင့်ခြင်း၏ နောက်ဆက်တွဲ ပြဿနာများအတွက် ဆေးကုသမှုခံယူရန် အခွင့်အရေးရရှိခဲ့ပါသည်။[330]

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံစားခဲ့ရသော အမျိုးသမီးများသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တရားဥပဒေ၏အကူအညီကိုရယူခြင်း မပြုနိုင်ရန်အတွက် ဒေါသထွက်နေသည့် ကျူးလွန်သူ၏ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကို ဆက်လက်ခံစားကြရပါသည်။[331] သို့သော် အဖြစ်အပျက်အချို့တွင်မူ ကျူးလွန်ခံရသူ အမျိုးသမီး၏ အခွင့်အရေးကို ဆက်လက် ချိုးဖောက်သူမှာ ကျူးလွန်သူ၏ အမျိုးသမီး ဆွေမျိုးများပင်ဖြစ်ပါသည်။

နော် က... မုဒိန်းကျင့်ခံရ၍ ကိုယ်ဝန်ရှိလာသောအမှုကို ကြည့်လျှင် ကျူးလွန်သူ၏အစ်မ ကိုယ်တိုင်က နော်က....၏ အမေကို သမီး၏ ကိုယ်ဝန်အားဖျက်ချရန် အတင်းအကျပ် ဖိအားပေး ခြိမ်းခြောက်ခဲ့ကြောင်းကို တွေ့မြင်ရပါမည်။ နော်က... အမေမှ သူမ၏ သမီးကိစ္စအား ကျူးလွန်သူ၏ အစ်မထံ သွားရောက် ပြောပြသောအခါ အထက်ပါအတိုင်း ကျူးလွန်သူ၏အစ်မက ပြန်ပြောခဲ့ပါသည်။

*"ကျူးလွန်သူအစ်မက 'ငါ့မောင်ကိုငါသွားမေးမယ်၊ သူက သူ မလုပ်ဘူးလို့ပြောရင်တော့ နော် က...ကို ငါသွား အော်ပစ်လိုက်မယ်'လို့ကျွန်မကို ပြောပါတယ်။ နောက်တစ်ရက်ကြာတော့ သူမကဆေးဆရာ စော စ.... ဆီသွားပြီး ကျားတံဆိပ်ဆေးသွားယူခဲ့မယ်လို့ ကျွန်မကိုပြောပြန်တယ်။ သူကကျွန်မကိုပြောတယ်။ အဖွားသမီးကို ဒီဆေးတိုက် လိုက်ပါတဲ့။ ကျွန်မက မတိုက်ရက်ဘူးလို့ပြန်ပြောလိုက်တယ်။ သူမကပြောတယ်*

[327] အထက်ပါအချက်အလက်ကို ကရင်အမျိုးသမီးအဖွဲ့ မှ နော် တ...နှင့်အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းပြုလုပ် ထားခြင်းမှထုတ်နုတ်တင်ပြထားခြင်းဖြစ်သည်။

[328] Source #90 တွင် ကြည့်ပါ။

[329] Source #124 တွင် ကြည့်ပါ။: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015," KHRG, July 2015.

[330] အထက်ပါအတိုင်း ကြည့်ပါ။

[331] အထက်ပါ အတိုင်း ကြည့်ပါ။ Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016; and Source #64. တွင်လည်း ကြည့်နိုင်ပါသည်။

*ဒီဆေးက ကိုယ်ဝန်ပျက်ကျဖို့ပဲ။ နော်က…ကို မထိခိုက်စေရဘူးတဲ့။ ကျွန်မက ကလေးကဗိုက်ထဲမှာလှုပ်နေပြီ။ ငါမတိုက်ရက်ဘူးလို့ ပြန်ပြောလိုက်ပါတယ်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသား တင်ပြသော သတင်းအကျဉ်းချုပ်၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ် တောင်ပိုင်း (၂၀၁၅ ဇူလိုင်လ တွင်ထုတ်ဝေခဲ့သည်။)[332]

ကံအကြောင်းမလှစွာဖြင့် အချို့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို ခံစားခဲ့ရသော သူများသည် နှုတ်ဖြင့် သာမက ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်းကိုပါ ခံစားကြရပါသည်။ ၂၀၁၂ အောက်တိုဘာလ ၁၄ ရက်နေ့ တွင် ဖားအံခရိုင် နဘူးမြို့နယ် မ….ကျေးရွာ၌ ဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင်ကြည့်လျှင် နော် ယ… သည် စော….န၏ လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်မှုကို မကြာခဏခံစားခဲ့ရသောကြောင့် နှစ်ဘက်မိဘများက ၎င်းတို့နှစ်ဦးကို လက်ထပ် ပေးရန် သဘောတူညီခဲ့ကြပါသည်။ သို့သော် များမကြာမီတွင် နော် ယ….ကို မျက်နှာပြင်နှင့် ပေါင်များတွင် သွေးများဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့မြင်ကြရပါသည်။ သူမ၏ ထဘီတစ်ထည်လုံး သွေးများဖြင့် စိုရွှဲနေပါသည်။ KNLA မှ စော န….အား နော် ယ…ကိုသတ်မှုဖြင့် ဖမ်းဆီးခဲ့ပါသည်။[333]

## တရားဥပဒေ၏ အကူအညီကိုရယူခြင်း

တရားဥပဒေ၏ အကူအညီကိုရယူရာတွင် ကျား၊ မ အခြေပြု အကြမ်းဖက်မှုကို ခံစားခဲ့ကြရသူများသည် သက်ဆိုင်ရာထံ တင်ပြတိုင်ကြားကြသည်ကို KHRG မှ တွေ့ရှိရပါသည်။ သက်ဆိုင်ရာဟု ဆိုရာဝယ် မိသားစုဝင်များ၊ သက်ဆိုင်ရာ အာဏာ ပိုင်များ ဖြစ်သော ရွာသူကြီးများ၊ ကျေးရွာအုပ်စုသူကြီးများ၊ KWO ကဲ့သို့သော အမျိုးသမီးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျူးလွန်သူသည် စစ်သားများ ဖြစ်ပါက စစ်တပ်ရင်းမှူးများ စသည်တို့ပါဝင်သည်။ အမျိုးသမီးများက ၎င်းတို့ခံစားရသော ကျူးလွန်မှုများ အတွက် စတင်တိုင်ကြားပါက မိဘဆွေမျိုးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံ KNU အဖွဲ့ သို့မဟုတ် မြန်မာအစိုးရ အာဏာပိုင်များ၊ ရွာသူကြီးများ စသည်တို့က ကျူးလွန်သူနှင့် သက်ဆိုင်သော နေရာဌာန အလိုက် တရားဥပဒေအရ ဆောင်ရွက်နိုင်ရန် ဆက်လက် လုပ်ဆောင်ပါသည်။

ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များမှ ပြောပြချက်အရ တိုင်ကြားလိုက်သော အမှုများ အားလုံးကိုမှန်ကန်စွာ ဖြေရှင်းပေးခြင်းမရှိကြောင်းကို တွေ့မြင်ရပါမည်။ အထူးသဖြင့် အကြမ်းဖက်ခံရသူသည် စိတ်ဝေဒနာခံစားနေရသူ၊ မသန်စွမ်းသူများဖြစ်ပါက အာဏာပိုင်များသည် ထိရောက်သော အရေးယူ ဆောင်ရွက်မှုများကို လုပ်ဆောင်ပေးမှု မရှိသောကြောင့် ခံရသူအမျိုးသမီးများမှ တရားဥပဒေ၏ အကူအညီများကို မရရှိကြပါ။[334] ထို့အပြင် မသန်စွမ်း အမျိုးသမီးများသည် ၎င်းတို့ခံစားရသော အလွဲသုံးစားမှုများကို တိုင်ကြားခြင်းပြုသောအခါ လူအများမှ ၎င်းတို့အား ယုံကြည်ခြင်းမရှိဘဲ လိမ်ညာ ပြောဆိုသည်ဟု ပြန်လည်စွပ်စွဲကြပါသည်။[335]

*"သူတို့က ဒါဟာအမှန်မဟုတ်ဘူးလို့ ပြောကြတယ်။ ကရင်ငြိမ်းချမ်းရေးအဖွဲ့အရာရှိ ကျော်ကလယ်က ကျွန်မကို ဖားတရိုက အဓမ္မပြုကျင့်တာမှန်၊ မမှန် အခြားရွာသားတွေကို မေးပါတယ်။ ကျွန်မကို လိမ်လည် ပြောဆိုတယ်လို့ သူကပြောတယ်။ ကျွန်မ မလိမ်ပါဘူး။ ကျွန်မက အသက်ကြီးပြီလေ။ လိမ်မပြောပါဘူး။ ကျွန်မက အဓမ္မပြုကျင့်မခံရရင် မပြောပါဘူး။ တကယ်ခံရလို့ပါ။"*

နော် က…(မ၊ ၄၅ နှစ်)၊ ခ…ကျေးရွာ၊ ကော့ကရိတ်မြို့နယ် ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၅ ဇူလိုင်လ တွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[336]

လူအများက စိတ်ဝေဒနာခံစားနေရသူများအပေါ် အဆိုးမြင်ခြင်းကြောင့် အထက်ပါကဲ့သို့သော အဖြစ်အပျက်များ ဖြစ် ပေါ်စေပြီး သူမတို့ ခံစားရသော ကျူးလွန်မှုများကိုလည်း လူအများက အရေးမကြီးဟု ယူဆကြပါသည်။ ဤအရာများသည် အကြမ်းဖက်ခံရသူများအတွက်တရားဥပဒေ၏ အကူအညီကိုရယူရန် တိုက်ရိုက်ထိခိုက်သည်သာမက သူမတို့အတွက် ကျား၊ မ အခြေပြုအကြမ်းဖက်မှုများကို ပိုမိုခံစားရရန် အကြောင်း များဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် သူမတို့အား တန်ဖိုးမရှိသူများနှင့် ချိုးဖောက်ခံရမှုများကို ကိုယ်ထိ လက်ရောက် ပြန်လည်ခုခံနိုင်ခြင်း မရှိသူများအဖြစ် မြင်ကြသောကြောင့်ဖြစ်ပါသည်။

332 Source #124: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015," KHRG, July 2015. တွင် ကြည့်ပါ။

333 Source #30 တွင် ကြည့်ပါ။

334 Women and girls with disabilities face double discrimination in Myanmar, ActionAid International, January 2016; and Rape Exposes Plight of Disabled, Radio Free Asia, January 2013. တွင် ကြည့်ပါ။

335 Sources #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016; and 124: "Rape and violent threats in Kawkareik Township, Dooplaya District, April 2014 to May 2015," KHRG, July 2015.

336 Source #145 တွင် ကြည့်ပါ။: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016. တွင် ကြည့်ပါ။

## ကျား၊ မ အခြေပြု အကြမ်းဖက်မှုများအတွက် လျော်ကြေးများ

သက်ဆိုင်ရာများမှ အမှုများကို ဆောင်ရွက်ပေးခဲ့သည်ရှိသော် ကျူးလွန်သူများကို ထောင်ဒဏ်ချခံရန် သို့မဟုတ် ရာထူးချထားရန်လုပ်ဆောင်ခြင်းမရှိဘဲ အများအားဖြင့် လျော်ကြေးငွေပေးခြင်း နည်းဖြင့်သာ ဖြေရှင်းပေးကြပါသည်။ KHRG မှလက်ခံရရှိသော ကျား၊ မ အခြေပြု အကြမ်းဖက်မှုတစ်ခုတွင် ကျူးလွန်ခံရသူသည် ရွာလူကြီးများနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးပြီး ကျူးလွန်ခံရသူ ကျေနပ်နိုင်သော လျော်ကြေးငွေကိုရရှိခဲ့ကြောင်းတွေ့မြင်ရပါမည်။[337] သို့သော် အမှုကိစ္စ တော်တော်များများတွင် ကျူးလွန်ခံရသူများသည် လျော်ကြေးငွေပမာဏနှင့်ပတ်သက်၍ ဆွေးနွေးရန် အခွင့်မရကြပေ။ သူမတို့၏ အမှုကိုလည်း နည်းလမ်းတကျ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပေ။ အချို့အမှုများတွင် ကျူးလွန်ခံရသူသည် ကျူးလွန်သူမှ ကတိပေးထားသည့် ငွေပမာဏအတိုင်း မရရှိကြဘဲ တစ်ချို့တစ်ဝက်သာရရှိပါသည်။[338]

၂၀၁၂ ခုနှစ် ဖွန်လ အတွင်း ဒွယ်လိုးမြို့နယ်တွင်ဖြစ်ပွားခဲ့သော ကျား၊ မ အခြေပြု အကြမ်းဖက်မှုတွင် တပ်မတော် တပ်ရင်းမှူးနှင့် ညှိနှိုင်းသဘောတူညီမှု ပြုလုပ်ခဲ့ပုံကို KHRG သတင်းစုဆောင်းသူမှ အောက်ပါအတိုင်းရှင်းလင်း တင်ပြထား ပါသည်။

*"အမှုဖြစ်ပွားပြီး နံနက်ခင်းတွင် ကျား၊ မ အခြေပြု အကြမ်းဖက်မှုခံစားခဲ့ရသော နော် ဂ.....၏ ခင်ပွန်းသည်က တပ်ရင်းမှူး စိုးဝဏ္ဏထံသို့ သွားရောက်ပြီး တိုင်ကြားပါသည်။ တပ်ရင်းမှူး စိုးဝဏ္ဏမှ သူ့အား၎င်းသတင်းကို မည်သူ့ကိုမျှ ထပ်မံပြော ဆိုခြင်းမပြုရန် ပြောပါသည်။ထို့နောက် စိုးဝဏ္ဏက ငွေ ၂၀၀၀၀၀ကျပ် ပေးမည်ဟု ကတိပေးပါသည်။ ထို့ကြောင့် ၎င်း သတင်းကိုမည်သူကမျှ ထပ်မံပြောဆိုခြင်းမပြုတော့ပါ။ သို့သော် ယခုအချိန်ထိ စိုးဝဏ္ဏသည် ငွေ ၁၀၀ ၀၀၀ ကျပ်ကိုသာ ပေးပြီး ကျန် ၁၀၀ ၀၀၀ကျပ်ကိုမူ ပေးအပ်ခြင်းမရှိ သေးပါ။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားတင်ပြသော နောက်ဆုံးရအခြေအနေ တင်ပြချက်၊ ဒွယ်လိုးမြို့နယ်၊
ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၂ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်းလက်ခံရရှိခဲ့သည်။)[339]

ကျား၊ မ အခြေပြု အကြမ်းဖက်မှုများအတွက် လျော်ကြေးငွေပေးဆောင်ပြီး ဖြေရှင်းခြင်းတွင် ပြဿနာနှစ်မျိုးရှိပါသည်။ ပထမပြဿနာမှာ ကျား၊ မ အခြေပြုအကြမ်းဖက်သော အမှုများကို သေးငယ်သောအမှုများကဲ့သို့ ဖြစ်စေပါသည်။ အမျိုး သမီးများ၏ ဂုဏ်သိက္ခာနှင့်မိမိကိုယ်ကို အုပ်စိုးပိုင်ခွင့်စသည့် အမျိုးသမီးအခွင့်အရေးကို လျော်ကြေးငွေ တစ်ခုတည်းဖြင့် လဲလှယ်နိုင်သကဲ့သို့ဖြစ်စေသည်။ ကျား၊ မ အခြေပြု အကြမ်းဖက်မှုသည် အမျိုးသမီးများ၏ အခြေခံရပိုင်ခွင့်ကို ပြင်းထန်စွာ ချိုးဖောက်ခြင်းဖြစ်ပြီး အမျိုးသမီးများကို များစွာထိခိုက် စေနိုင်သောကြောင့် လျော်ကြေးငွေပေးခြင်း နည်းတစ်ခုတည်းဖြင့် မဖြေရှင်းနိုင်ပါ။ ဒုတိယအနေဖြင့် KHRG မှ ရရှိသော သတင်းများအရ ပေးအပ်သော လျော်ကြေးငွေသည် အလွန်နည်းပါး သောကြောင့် ဆေးကုသ စရိတ်အတွက် သို့မဟုတ် အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်သောအခြား ကုန်ကျစရိတ်များ အတွက် ပင် မလုံလောက်နိုင်ပါ။

## ကျား၊ မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်သူ စစ်သားများကို ၎င်းတို့လုပ်ရပ်အတွက် တာဝန်ယူစေခြင်း

အခြားတွေ့ရှိရသည့် အခက်အခဲတစ်ခုမှာ ကျူးလွန်သူသည် တပ်မတော်မှဖြစ်စေ လက်နက်ကိုင် အဖွဲ့များမှဖြစ်စေ စစ်သား ဖြစ်နေပါက တရားဥပဒေ၏အကူအညီရယူရန် ခက်ခဲပါသည်။ ကျူးလွန်သူသည် စစ်သားမဟုတ်ဘဲ သာမန် အရပ်သား ဖြစ်ပါက ကျူးလွန်ခံရသူအနေဖြင့် ဒေသတွင်းရှိ တရားရုံးကဲ့သို့သော မိမိတို့တိုင်ကြားလိုသောတရားစီရင်ရေးဌာနသို့ တိုင် ကြားခြင်းပြုနိုင်ပါသည်။ သို့သော် ကျူးလွန်သူသည် စစ်သားဖြစ်ပါက ခံရသူများအနေဖြင့် ရန်မူတုံ့ပြန်ခြင်း ခံရမည်ကို ကြောက်ရွံ့သောကြောင့် သက်ဆိုင်ရာသို့ တိုင်ကြားရန် ကြောက်ရွံ့ဝန်လေးကြပါသည်။[340] ထို့အပြင် စစ်ဗိုလ်များသည် ကျူးလွန်သူများက လာရောက် တိုင်ကြားလျှင်လည်း အနည်းငယ်သော လျော်ကြေးငွေ ပေးပြီး အမှုကိစ္စများအား ဆက် လက်မပြောကြားရန် နှုတ်ပိတ်ပါသည်။ အထက်အရာရှိထံ ဆက်လက်တင်ပြပေးခြင်းမရှိပါ။[341] ၎င်းသည်ကို ကြည့်ခြင်းဖြင့် စစ်သားများက ၎င်းတို့သည် အမျိုးသားများဖြစ်ခြင်းနှင့် စစ်သားဖြစ်နေခြင်းအပေါ် အခွင့်ကောင်း ယူကြကြောင်းကို တွေ့မြင်ရပါမည်။ ထိုကဲ့သို့ အခွင့်ကောင်းယူခြင်းများကြောင့် အမျိုးသမီးများအနေနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုခံရပါက တရားဥပဒေ၏ အကူအညီကိုရယူရန် အကန့် အသတ်ဖြစ်စေပါသည်။

အကြမ်းဖက်မှုတစ်ခုဖြစ်သည့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် သထုံခရိုင် သထုံမြို့နယ် က....ကျေးရွာနေ နော် ခ....သည် ခြေမြန်တပ်ရင်း ၅၅၈ မှစစ်သား၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံခဲ့ရပါသည်။ နော် ခ....က ရွာသူကြီးမှ တဆင့် ၎င်းစစ်သားကို

[337] Source #122 တွင် ကြည့်ပါ။

[338] Sources #32: "Papun Situation Update: Dwe Lo Township, July to October 2012," KHRG, February 2013; and #48 "Rape and sexual harassment in Hpapun District, June and August 2013," KHRG, November 2013. တွင် ကြည့်ပါ။:

[339] Source #3: "Papun Situation Update: Dwe Lo Township, July to October 2012," KHRG, February 2013. တွင် ကြည့်ပါ။

[340] Source #145: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016. တွင် ကြည့်ပါ။

[341] Source #3: "Papun Situation Update: Dwe Lo Township, July to October 2012," KHRG, February 2013. တွင် ကြည့်ပါ။

တိုက်ရိုက်အုပ်ချုပ်သော စစ်ဗိုလ်ထံသို့ သွားရောက်တိုင်ကြားခဲ့ပါသည်။ ထို စစ်ဗိုလ်က သူမကို ဤအမှုအားတပ်ရင်းမှူးထံဆက်လက်တင်ပြခြင်း မပြုလုပ်ရန် ပြောကြားခဲ့ပြီး သူမ ကျေနပ်စေရန် မည်ကဲ့သို့ လုပ် ဆောင်ပေးရမည်ကို မေးမြန်းခဲ့ပါသည်။ နော်ခ…က ဤစစ်သားရွာကို နောက်ထပ်မလာပါက သူမ ကျေနပ်ပါသည်ဟု ပြန်ပြောခဲ့ပါသည်။[342]

KHRG မှ လေ့လာဆန်းစစ်မှုပြုခဲ့သော ကျား၊ မ အခြေပြု အကြမ်းဖက်မှုများတွင် ကျူးလွန်ခံရသူများမှ စစ်မှန်သော တရား ဥပဒေ၏အကူအညီကိုရယူနိုင်ခြင်း မရှိပါ။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများစွာကိုလည်း သေချာထိရောက်စွာ အရေးယူ ဆောင်ရွက်ပေးခြင်းမရှိပါ။တရားဥဒေ၏ အကူအညီကို ရယူရာတွင် အတားအဆီး ဖြစ်စေသောအရာများမှာ ကျူးလွန်သူမှ စစ်သားဖြစ်နေခြင်း၊ တရားစီရင်ရေးတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုမရှိခြင်း၊ ကျူးလွန်ခံရသူသည် တိုင်ကြားမှုပြုရန် သို့မဟုတ် သက်သေခံရန်အတွက် ဆွံ့အနားမကြားသူ သို့မဟုတ် မသန်စွမ်းသူ ဖြစ်နေခြင်း စသည့်အချက်များဖြစ်ပါသည်။ သို့သော် KHRG မှ ရရှိသော သတင်းအချက်အလက်များအရ အချို့သောအမှုများကို သေချာစွာစစ်ဆေးကာ ကျူးလွန်သူများကို တာဝန်ယူစေပြီး မြန်မာအစိုးရတရားရုံး[343] သို့မဟုတ် KNLA[344] တို့မှဖမ်းဆီးထောင်ချခြင်းများ  ရှိသည်ကို တွေ့မြင်ရပါမည်။

## လေ့လာတွေ့ရှိချက်။ ။[345]

အကြမ်းဖက်မှုကျူးလွန်ခံရသူ၏အကြောင်းအရာ။ ။

နော် က….. သည် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ် ခ….ကျေးရွာမှ အသက် ၄၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ သူမ၏ခင်ပွန်းသည် ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိပြီး အသက် ၂၂ နှစ် အရွယ် သားမှာလည်း စစ်မှုထမ်းရန် အဝေးသို့ ရောက်နေပါသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဖားတရိုဆိုသော DKBA စစ်သားသည် သူမကို သူမ၏နေအိမ်၌ အဓမ္မပြုကျင့်ခဲ့သည်ဟု နော်က….မှ တင်ပြပြောဆိုခဲ့ပါ သည်။ နော် က…အနေဖြင့် ဖြစ်ပွားခဲ့သော နေ့ရက်အတိအကျကို မမှတ်မိတော့သော်လည်း သူမမှတ်မိသမျှ အသေးစိတ်အချက်အလက်ကို အောက်ပါအတိုင်း ပြောပြထားပါ သည်။

*"ကျွန်မသွေးသားက ကောင်းကောင်းအလုပ်မလုပ်တော့ဘူး။ ဒါကြောင့် နေ့ရက်တွေကို ကျွန်မ မမှတ် မတွက်တတ် တော့ ဘူး။အရင်ကတော့ ကောင်းကောင်းမှတ်တတ်တာပေါ့။ အခုသေချာတာတစ်ခုကတော့ နေ့ရက်တွေကို မမှတ်တတ် တော့ ဘူး။"*

ကရင်အသုံးအနှုန်းတွင် သွေးသားအလုပ်မလုပ်ခြင်းသည် စိတ်ဝေဒနာ ခံစားနေရခြင်းကို ဆိုလိုပါသည်။

ကျူးလွန်သူ၏ အကြောင်းအရာအား နော် က… ၏ ပြောပြချက်။ ။

*"ကျူးလွန်သူရဲ့ နာမည်က ဖားတရိုဖြစ်တယ်။ သူက DKBA (ဒီမိုကရက်တစ် ကရင့်အကျိုး ပြုတပ်မတော်)က စစ်သား တစ်ယောက်ဖြစ်တယ်။ သူက အရွယ်ရောက်ပြီး ၃၅ နှစ်အရွယ်လောက်ရှိတဲ့ အမျိုးသားတစ်ဦးပါ။ လူတွေကတော့ သူ့မှာ မိန်းမရှိတယ်လို့ပြောကြတယ်။ ဒါပေမယ့် သူကတော့ သူ့မှာမိန်းမ မရှိဘူးလို့ ကျွန်မကို ပြောတယ်။ သူများတွေက သူ့မိန်းမက ဆွံ့အ နားမကြားလို့ ပြောကြတယ်။ သူက တပိုကော်ရွာကဖြစ်တယ်။ သူ့မှာ မိန်းမ ဘယ်နှစ်ယောက်ရှိလဲ ကျွန်မ မသိဘူး။ ကျွန်မတို့ ရွာသား ကျော်ကလယ် က သူ့မှာ မိန်းမရှိတယ်လို့ ကျွန်မကို ပြောပြတယ်။ သူက ကျွန်မကို အရင်က မတွေ့ဘူး မခင်ဖူးဘူးလို့ ပြောတယ်။ ကျွန်မလည်း သူ့ကို သေချာ မမြင်ဖူးဘူး။ သူကျွန်မကိုကျွန်မရဲ့ တစ်ဝမ်း ကွဲအိမ်မှာ တစ်ခါပဲ တွေ့ဖူးတယ်။ အဲ့ဒီတုန်းက ကျွန်မအိမ်မှာ လူဘယ်နှစ်ယောက်နေလဲ လို့ သူမေးခဲ့တယ်။ ကျွန်မက လည်း ကျွန်မတစ်ယောက်ထဲ နေတယ်လို့ ဖြေခဲ့တယ်။ သူကျွန်မအိမ် တစ်ခါမှ မလာဖူးဘူး။ သူကျွန်မအိမ်ကို ရောက်လာပြီး အဓမ္မပြုကျင့်တဲ့အချိန်က သူပထမဆုံးအကြိမ် ကျွန်မအိမ်ကို ရောက်လာတာပါ။"*

နော် က….မှ ဖားတရို၏ အကြမ်းဖက်ရန်လိုသော အကျင့်စရိုက်အကြောင်း ပြောပြခြင်း။ ။

*"ဖားတရိုက တစ်ခါက ကျော်ကလယ့်နှင့်စကားများရန်ဖြစ်ဖူးတယ်။ သူက ကျော်ကလယ့်ကို သူ့သေနတ်နဲ့ ပစ်ဖို့လုပ်ပါသည်။ ကျော်ကလယ့်က သတ္တိရှိရင် တစ်ယောက်တစ်ချက် ပစ်မယ်လို့ပြောခဲ့တယ်။ သူတို့တွေဟာ ကြမ်းတမ်း ရန်လို တတ်တဲ့သူတွေ ဖြစ်လို့ သူတို့အနားမှာနေဖို့ မသင့်လျော်ပါဘူး။"*

---

[342] Source #7: "Thaton Incident Report: Attempted rape in Thaton Township, September 2013," KHRG, August 2014. တွင် ကြည့်ပါ။

[343] Source #4: "Rape and sexual harassment in Hpapun District, June and August 2013," KHRG, November 2013. တွင် ကြည့်ပါ။

[344] Source #30 တွင် ကြည့်ပါ။

[345] ဤလေ့လာတွေ့ရှိချက်များအားလုံးကို Source #14: "Dooplaya Interview: Naw A---, July 2015," KHRG, February 2016 တွင် ကြည့်ပါ။:

## လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှု အကြောင်း။ ။

*"သူကျွန်မအိမ်ကိုလာတော့ လေ့ခါးတက်သံ "ကလော့ ကလော့ ကလော့"*ကို အိပ်ပျော် နေရာကနေ ကျွန်မကြားတယ်။ ကျွန်မနိုးလာပြီး လူလား ကြောင်လားဆိုပြီး စဉ်းစားတယ်။ ကျွန်မလည်း ငြိမ်ငြိမ်လေးပဲ ဆက်နေနေခဲ့တယ်။ ကျွန်မက ကျွန်မသားဆိုရင်လည်း ကျွန်မကို ခေါ်နိုးမှာဘဲလို့ တွေးမိတယ်။ အဲဒီအချိန်မှာဘဲ ဖားတရိုက ကျွန်မကို "သူငယ်ချင်း" ဆိုပြီးလှမ်းခေါ်ပါတယ်။ ကျွန်မလည်း "ဟုတ်ကဲ့"လို့ပြန်ထူး ပါတယ်။ ကျွန်မက သူ့ကို ကျွန်မသားပြန်လာတယ် လို့ ထင်ကြောင်း ပြောပြခဲ့တယ်။ ကျွန်မလည်း အိပ်ယာထဲမှာပဲ ဆက်အိပ်နေခဲ့တယ်။ သူကကျွန်မကို အိပ်ခန်းထဲ က ထွက် လာပြီး ကွမ်းအစ် ယူလာပေးဖို့ပြောပါသည်။ ကျွန်မလည်း ကွမ်းအစ်ယူပြီး ထွက်လာပါတယ်။ ကျွန်မ လည်း အမှောင်ထဲ မှာဆိုတော့ ကြောက်ရွံ့နေပါသည်။ သူက ကျွန်မကို သူ့အကြောင်းပြောပြပါတယ်။ သူသစ်လုပ်ဖို့လာတယ်လို့ပြော ပါတယ်။

ကျွန်မက *"ရှင်ကျွန်မကို အရင်က လာမလည်ဖူးပါဘူး။ အခုဘာလို့လာလည်တာလဲ"*ဆိုပြီးသူ့ကိုမေးပါတယ်။ သူက *"ငါမင်းဆီကိုလာလည် တာလေ"*လို့ပြန်ပြောပါတယ်။ ကျွန်မ ကလည်း *"ရှင်ဘာလို့ ညသန်းခေါင်မှာ လာရတာလဲ၊ ရှင်ပြန်ပြီး အိပ်ပါ"*လို့ပြောပါတယ်။ သူကမပြန် ဘဲ သူ့နေရာမှာပဲ ဆက်ထိုင်နေပါသည်။ ကျွန်မကသူ့ကို "ပြန်ပြီး တစ်ခြားလူအိမ်မှာ သွားအိပ်ပါ" လို့ထပ်ပြောပါတယ်။ ဒါပေမယ့်သူတစ်ခြား နေရာကို ပြန်မအိပ်ဘူး။ သူလည်း ဘာမှထပ်မပြောဘဲ ဆက်ထိုင် နေပါတယ်။ ကျွန်မလည်းအိပ်ခန်းထဲကို ပြန်သွားအိပ်မလို့လုပ်တုန်းသူ ကျွန်မကို လှမ်းဆွဲပါတယ်။ ကျွန်မက အော်ဖို့ စဉ်းစားပါ သေးသည်။ ဒါပေမဲ့ သူကမအော်ဖို့ပြောပါတယ်။ ကျွန်မကလည်း သူကျွန်မကို သတ်ပစ်မှာကို ကြောက်တဲ့ အတွက်ကြောင့် မအော်တော့ပါ။ ကျွန်မအထင် ကျွန်မအော်ရင် သူကျွန်မကို သေနတ်နဲ့ပစ်မှာပဲ။ ကြက်တွန်သံ ကျွန်မ စကြားရပါတယ်။ သူကျွန်မကို တွန်းလှဲပြီးတော့ အဓမ္မပြုကျင့်ပါတယ်။  ပြီးနောက်သူ အိမ်မှာ ဆက်ထိုင်နေပါတယ်။

ကျွန်မလည်း ပြန်အိပ်မပျော်တော့လို့ ထမင်းထချက်ပါတယ်။ သူပြန်သွားမယ်လို့ ကျွန်မ ထင်ပေမယ့် သူမပြန်ဘဲ ဆက် အိပ်နေပါတယ်။ မိုးလင်းမှ သူနိုးလာပြီး သူ့သေနတ်သူယူပြီး ကျွန်မအစ်မအိမ်ကို ထွက်သွားပါတယ်။ သူဟာ ဘယ်လို လူအမျိုးအစားလဲလို့ ကျွန်မစဉ်းစားပါတယ်။ အရင်က ဒီလိုအတွေ့အကြုံမျိုး မခံစားရဖူးပါ။ အခု သူလာပြီး ကျွန်မကို အဓမ္မပြုကျင့်တယ်။ သူက ကျွန်မကို ရန်သူလိုသဘောထားပြီးကျွန်မကိုဆက်ဆံပါတယ်။ ကျွန်မက သာမန်အမျိုးသမီးတစ်ဦးပါ။ သူတစ်ပါးကို ပြန်လည်တိုက်ခိုက်ဖို့ စိတ်ထဲမှာ မရှိပါဘူး။ သူကျွန်မကိုသတ်ရင်လဲ ကျွန်မကြမ်းပြင်ပေါ်မှာ လဲပြီးသေရမှာပါ။ ကျွန်မအရမ်းကြောက်ပါတယ်။ကျွန်မယောကျ်ားကလည်း ထိုင်းမှာ အလုပ်သွားလုပ်ပါတယ်။ သားက စစ်သားဆိုတော့ အိမ်မှာမရှိဘူး။ ကျွန်မ တစ်ယောက်ထဲပါ.....

*"အရင်ကတော့ သူရွာထဲကိုလာရင် သေနတ်မယူလာပါဘူး။ အခုတော့ သေနတ်ပါလာတယ်။ ဒါကြောင့် ကျွန်မကကြောက်ပြီး သူများတွေကို ဒီကိစ္စမပြောရဲဘူး။...နောက်တော့ကျွန်မသူ့ကို 'ရှင်ကျွန်မကို အဓမ္မပြုကျင့်တယ်။ ရွာသူကြီးကို သွားတိုင်ရမယ်' လို့ပြောခဲ့တယ်။ သူက ကျွန်မသွားတိုင်မှာကို မလိုလားဘူး။ နောက်တော့ သူထွက်သွားတယ်။"*

**အကြမ်းဖက်မှု**

*"သူကျွန်မကို အဓမ္မပြုကျင့်ပြီးတဲ့နောက်ပိုင်း ကျွန်မသူ့ကိုပြောတယ်။ 'ရှင်ကျွန်မကို အဓမ္မပြုကျင့်လို့ ဒီကိစ္စကို ကျွန်မရွာ သူကြီးကိုတိုင်ရမယ်။' ကျွန်မတိုင်မယ်ဆိုတော့ သူမကြိုက်ဘူး။ သူထွက်သွားတယ်။ နောက်တော့ သူကကျွန်မကို သူနဲ့လာတွေ့ဖို့ခေါ်တယ်။ ကျွန်မလည်း သူနဲ့တွေ့ဖို့ ကျွန်မတစ်ဝမ်းကွဲဆီကို ပြန်လာတယ်။ ကျွန်မက သူကျွန်မကို ဘာလို့ အဓမ္မပြုကျင့်လဲ ဆိုတဲ့အကြောင်းကိုဆွေးနွေးကြမယ် ထင်တာ ကျွန်မ ဘာမှမပြောရသေးဘူး သူစပြီး အကြမ်းဖက်တော့ တာဘဲ။ သူကျွန်မကို ခြေနဲ့ကန်တယ်၊ သေနတ်နဲ့ခြိမ်းခြောက်ပြီးတော့ ပစ်တယ်။ ကျွန်မအမနဲ့ ကျွန်မလည်း ကျွန်မတို့ တစ်ဝမ်းကွဲအိမ်ကနေ ပြန်ထွက်လာကြတယ်။ သူကျွန်မတို့နောက်ကိုလိုက်ပြီး သေနတ်နဲ့ နောက်ထပ်နစ်ချက်ပစ်တယ်။ ကျွန်မထင်တာ အဲဒီနေ့က သူကျွန်မတို့ကို ဖမ်းမိရင် ကျွန်မကိုသတ်ပစ်မယ် ထင်တယ်။ 'နင့်ချွေးမသာ ဒီမှာမရှိရင်နင့်ကို ဒီထက်ပိုပြီး ရိုက်နက်မယ်။ နင့်ချွေးမကို အားနာလို့ နင့်ကိုဒီလောက်ဘဲရိုက်တာ' လို့သူကကျွန်မကိုပြောပါတယ်။ ကျွန်မအမ ကလည်းပြောတယ်။ သူကျွန်မအမကိုမေးတယ် 'နင်ကျေနပ်ရဲ့လား။ နင့်ညီမကို ဒီလိုရိုက်တာ နင်မကျေနပ်ရင် နင်တို့အားလုံးကို သတ်ပစ်မယ်'။ ကျွန်မအမလည်း ကြောက်လို့ မကျေနပ်ဘူးလို့ မပြောရဲဘူး။ သူက 'ငါကျေနပ်ပါတယ်' လို့ဘဲ ပြန်ပြောလိုက်ရတယ်"*

တိုင်ကြားခြင်းမပြုလုပ်ရန် ခြိမ်းခြောက်မှုများ။ ။

*"သူကျွန်မကို 'ငါနင့်ကို အဓမ္မပြုကျင့်တယ်လို့ပြောရင် အဲဒီအချိန်က ဘာလို့သွားမတိုင်တာလဲ။ နင်ဆွံ့အနေလို့လား။"*လို့ ကျွန်မကိုပြော ပါတယ်။ သူက 'နင်မကျေနပ်ရင် သေနတ်နဲ့ ငါ့ကိုပစ်သတ်လိုက်' လို့ထပ်အော်ပြောပါတယ်။.... ကျွန်မရွာသူကြီးကို သွားတိုင်မလို့ သူက မသွားခိုင်းဘူး။ ရွာသူကြီးကို သွားတိုင်ရင် သူကျွန်မတို့ကို သတ်လိမ့်မယ်..... သူက ရွာသူကြီး ဒါမှမဟုတ် အခြားလူကြီးတွေကို ကျွန်မသွား တိုင်ရင် ကျွန်မကို သတ်မယ်လို့ ပြောပါတယ်။ သူက ရွာသူကြီးရော အခြားဘယ်လူကြီးကိုမှ မကြောက်ဘူးလို့ ကျွန်မကို ပြောပါတယ်။......

"ကျွန်မ အရမ်းစိတ်ဆိုးပါတယ်။ ဒီကိစ္စကို သွားတိုင်ဖို့စဉ်းစားမိပေမဲ့ သွားမတိုင်ရဲဘူး။ ကျွန်မသွားတိုင်ရင် သူကျွန်မကိုသတ်မှာ။.... ကျွန်မဒီအမှုကို ရွာသူကြီးဆီတင်ပြရင် သူကြိုက်မှာလား။ ကျွန်မ တကယ်တင်ပြရင် သူ့ဂုဏ်သိက္ခာကို စော်ကားတယ်ဆိုပြီး သူကျွန်မကို သတ်မယ်လို့ပြောမယ် ထင်တာဘဲ။ ကျွန်မသူ့ကို သိက္ခာချနေတာမဟုတ်ဘူး ဒါအမှန်တရားပဲလေ။ သူကျွန်မကိုလုပ်လို့လုပ်တယ်လို့ ပြောတာ။ သူမလုပ်ရင် မပြောပါဘူး။ စ.....ရွာနဲ့ ခ...ရွာတွေမှာ လူတွေအများကြီးပဲလေ။ ဘယ်သူမှကျွန်မကို လာပြီး အဓမ္မ မကျင့်ကြဘူး။ သူတစ်ယောက်ပဲ လာပြီးအဓမ္မပြုကျင့်တယ်။ ကျွန်မကတော့ လူကြီးတွေကို အကောင်းဆုံး စီစဉ်ပေးစေချင်တာပဲ။ ကျွန်မ ဒီလို အဖြစ်မျိုး ထပ်မဖြစ်စေချင်တော့ဘူး။ တစ်ခါဆို လုံလောက်သွားပါပြီ။

*"ကျွန်မ ဘာမှမသိတော့ဘူး။ ရွာသူကြီးက ဒီကိစ္စပြောရင် ဖားတရိုကမကြိုက်ဘူး။ ဒီလိုဆို ဘာလုပ်ရမှာလဲ။ ရှေ့တိုးမရ နောက်ဆုတ်မရနဲ့ အရမ်းခက်တာပဲ။ ဒါကြောင့် (KHRG) လို အဖွဲ့အစည်းပေါ်မှာဘဲ မူတည်တော့တယ်။ KHRG အနေနဲ့ တိုင်စာပို့ပေးချင်ရင် ပို့ပေးလို့ရပါတယ်။ သက်ဆိုင်ရာလူကြီးတွေကို ပြောပြတိုင်ကြားသင့်တယ်။ ဒါမှလူကြီးတွေက သူတို့ လူကို သူတို့ဆုံးမလို့ရမှာလေ။ သူတို့လူတွေက မကောင်းဘူးလေ။ လူကြီးတွေက ဆုံးမသွန်သင်မှ သူတို့နောက်ဆို မလုပ်ရဲ တော့မှာလေ။ ကျွန်မအနေနဲ့က ဒီလောက်ပဲ ပြောနိုင်မယ်လေ။"*

**မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိလူများ၏ တုန့်ပြန်မှု**

နော် က.....၏ တစ်ဝမ်းကွဲ(အမျိုးသမီး)၏ အမြင်။ ။

*"သူမ လူကြီးတွေကို တင်ပြတိုင်ကြားရင် ကောင်းမယ်။ ဒါမှ နောက်ဒါမျိုးမဖြစ်မှာလေ။ ဒီလိုပဲဆိုပြီး ထားလိုက်ရင် နောက်သူဒါမျိုးထပ်လုပ်ရင် လုပ်နိုင်တယ်။ သူအဓမ္မပြုကျင့်တာကို ဘယ်သူမှ ဘာမှ မလုပ်ရဲဘူးဆိုပြီး သူထပ်လုပ် နိုင်တယ်။"*

နော် က... ၏ သားအမြင်။ ။

*"ကျွန်တော်ကတော့ မသိပါဘူး။ ခင်ဗျားတို့ လုပ်သင့်တာကိုလုပ်ပေါ့"* ဟု သူကပြောပါသည်။

နော် က....ညီမအငယ်၏ တုန့်ပြန်မှု။ ။

*"ကျွန်မညီမ အငယ်က ကျွန်မကို မတိုင်ကြားဖို့ပြောပါတယ်။ ညီမငယ်က 'နင်လူကြီးတွေကို တိုင်ရင် သူတို့နင့်ကို သတ်လိမ့်မယ်။ ဒါမှမဟုတ် နင်လမ်းမှာ တစ်ယောက်ထဲသွားတဲ့အချိန် နင့်ကိုသတ်လိမ့်မယ်။ ဒါမှမဟုတ် သူတို့နင့်ကို လည်ပင်း ညှစ်သတ်လိမ့်မယ် လို့ပြောပါတယ်။ လူတွေကကျွန်မကို အမျိုးမျိုး ဟိုပြောဒီပြော ပြောကြတယ်။ ကျွန်မလည်း ဆွံ့ အနားမကြားသူလို ဖြစ်သွားပြီ။ ဘယ်သူ့စကား နားထောင်ရမှာလဲတောင် မသိတော့ဘူး။"*

ရွာသူကြီးနှင့် အခြားရွာသားများ၏ အမြင်။ ။

ဖားတရိုက သူကြီးကို *"ဒီကိစ္စ သူကြီးနဲ့ ဘာမှ မဆိုင်ပါဘူး။"* လို့ ပြောပါတယ်။ ရွာသူကြီးလည်း ဒီကိစ္စကို ဂရုမစိုက် တော့ပါဘူး။ ရွာသူကြီးက ဖားတရို သူ့ကို ယခုလိုပြောပြတယ်ဆိုတာ ကျွန်မကို ပြောပြတယ်။ *'သူပြောတာကို နား မထောင်ပါနဲ့။ အခုကိစ္စ သူကြီးနဲ့ဘာမှ မဆိုင်ဘူး။'* လို့ ဖားတရိုက သူကြီးကို ပြောတယ်။ သူကြီးရော ဖားတရိုပါ ကျွန်မကို လူလိမ်လို့ ပြောပါတယ်။ ကျွန်မအဓမ္မပြုကျင့်ခံရတာ မဟုတ်ဘူးလို့လည်း ပြောပါတယ်။


*"စ...ရွာက ရွာသားများဖြစ်တဲ့ မောင်တင်ဦးနဲ့ ကျော်ကလယ့်တို့က အခုလိုပြောပါတယ်။ သူတို့က ဒါဟာမမှန်ပါဘူး။ ကျော်ကလယ့် က အခြားလူတွေကိုမေးကြည့်ပြီးပြီ။ ကျွန်မကိုဖားတရိုက အဓမ္မပြုကျင့်တယ်ဆိုတာ မဟုတ်ပါဘူးတဲ့။ သူက ကျွန်မလိမ်တယ်လို့ ပြောတယ်။ ကျွန်မ မလိမ်ပါဘူး။ ကျွန်မအသက်ကြီးပြီ။ ကျွန်မ မလိမ်ဘူး။ ကျွန်မ က အဓမ္မပြု ကျင့်မခံရဘဲ ကျင့်ခံရတယ်လို့မပြောပါဘူး။ ကျွန်မကအဓမ္မ ပြုကျင့်ခံရလို့ ခံရတာလို့ပြောတာပေါ့။ ကျွန်မမှာ သားလည်း ရှိ တယ်။ ယောက်ျားလည်းရှိတယ်။ မြေးလည်းရှိပါတယ်။ ကျွန်မအမှန်အတိုင်း မပြောဘူးဆိုရင် ကျွန်မအမကြီးက 'နူဘူ'*[346] *နေတော့ ကျွန်မ စိတ်ထဲမှာပဲ ထားမယ်ဆိုရင် သူ့ရောဂါရမှာ ဒါမှမဟုတ် တစ်ခုခုဖြစ်မှာစိုးရိမ် ပါတယ်။ ပြောရင်ကောင်း မှာလား မကောင်းဘူးလား မသိတော့ပါဘူး။ ကျွန်မက နှစ်မျိုးသုံးမျိုးလောက်ကို ကြောက်နေရတယ်။"*

[346] နူဘူဆိုသည်မှာ ကရင်ဘာသာအားဖြင့် ဝါတွင်း ဥပုဒ်စောင့်ခြင်းကိုဆိုလိုပါသည်။

# ဓါတ်ပုံများ: ကျားမ အခြေပြု အကြမ်းဖက်မှုများ



ဤဓာတ်ပုံတွင် ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ် ခ….ကျေးရွာနေ နော်က….ကို တွေ့မြင်ရပါမည်။ နော် က…သည် စောဖားကျော်အဲ့၏ လိင်ပိုင်းဆိုင်ရာ အဓမ္မ ကျင့်ခြင်းကို ခံခဲ့ရပါသည်။ အဓမ္မကျင့်ခံရစဉ် အချိန်တွင် သူမသည် အသက် ၁၆ နှစ်သာ ရှိပါသည်။ ရွာသားများက သူမကို စိတ်မနှံ့သူဟု ပြောဆို ယူဆသော်လည်း KHRG သတင်းစုဆောင်းသူက သူမကို စိတ်ဝေဒနာခံစားရသူဖြစ် သည်ဟု မယူဆပါ။ ပိုမိုသိလိုပါက လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုဖြေရှင်းရာတွင် မိသားစုများပါဝင်ပတ်သက်ခြင်း ဆိုသည့်အခန်းတွင်ကြည့်ပါ။ *(ဓာတ်ပုံ KHRG)*



ဤပုံကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရိုက်ကူး ခဲ့ခြင်းဖြစ်ပါသည်။ ပုံတွင် ဖာပွန်ခရိုင် ဘူးသိုမြို့နယ် လ….ကျေးရွာအုပ်စု၊ ဃ…ကျေးရွာနေ အသက် ၂၈ နှစ် အရွယ် အမျိုးသမီးနော် လ……၏ ပုံကိုတွေ့မြင်ရပါမည်။ နော် လ…..သည် ၂၀၁၃ ခုနှစ်တွင်း ညတစ်ည၌ ၁၁ နာရီ အချိန်ခန့်တွင် အိပ်ပျော်နေစဉ် ကော်လာကလားကျေးရွာနေ ယခင် တပ်မတော်သား၏ သားဖြစ်သူ အိမ်ထောင်ရှင်ဖြစ်သော ကိုမျိုး၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံစားခဲ့ရ ပါသည်။ ကိုမျိုးသည် သူမ၏အခန်းအတွင်း ဝင်လာပြီး သူမ၏ထဘီနှင့် အကျီကို ဆွဲချွတ်ပါသည်။ သူမလန့်နိုး လာပြီး အော်သောကြောင့် သူမ၏အစ်မနိုးလာပြီး အိပ်ခန်းတွင်းသို့ဝင်လာပါသည်။ ပိုမိုသိလိုပါက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြေရှင်းရာတွင် မိသားစုများပါဝင် ပတ်သက်ခြင်း ဆိုသည့်အခန်းတွင်ကြည့်ပါ။ *(ဓာတ်ပုံ KHRG)*



ဤပုံကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး နော်ဂ…၏ ပုံဖြစ်ပါသည်။ နော် ဂ…၂၀၁၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ ည ၁၁ နာရီအချိန်တွင် အမှတ် ၄၄ ခြေမြန် တပ်မ လက်အောက်ခံ တပ်ရင်း ၃ မှ ဗိုလ်မိုးဝင်း၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံခဲ့ရပါ သည်။ *(ဓာတ်ပုံ KHRG)*



ဤပုံသည် KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပုံတွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ် နေ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်သား တစ်ယောက်၏ အဓမ္မပြုကျင့်ခြင်းခံခဲ့ရသော နော်အ….၏ပုံ ကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ နော်အ….သည် ၎င်းအဖြစ်အပျက်အား သက်ဆိုင်ရာ ခေါင်း ဆောင်များ ထံတင်ပြလိုကြောင်း၊ သို့မှသာ အနာဂါတ်တွင် ဤကဲ့သို့သောဖြစ်ပျက်မှုများ အခြားသောရွာသားများထံ ဖြစ်ပွားမှုမရှိတော့မည် ဖြစ်ကြောင်း သူမမှဆန္ဒပြု တင်ပြခဲ့ ခြင်းဖြစ်သည်။ *(ဓာတ်ပုံ KHRG)*

# အခန်း ၇: အဓမ္မမြေယာသိမ်းဆည်းခြင်း

*"အခုကျွန်မမှာနေစရာနေရာမရှိပါဘူး။ ကျွန်မ ယောက္ခမလည်း အားကိုးစရာ သားသမီး မရှိဘူး။ သူ့ယောကျ်ားကလည်း အနားမှာ မရှိတော့ ကျွန်မပဲ သူ့ကိုခေါ်နေ ပါတယ်။ ဒါပေမဲ့ ကျွန်မပိုင်တဲ့ မြေကွက်လေးလည်း ဖျက်ဆီးခံရတော့ ကျွန်မတို့က သူများဆီမှာ ကပ်နေရပါတယ်။ ကျွန်မကလည်း ကလေးများလာရင် အခု ပေးနေတဲ့အိမ်ရှင်ကလည်း ပေးမနေတော့ဘူးဆိုရင် အခြားနေစရာနေရာ မရှိတော့ဘူး။ တောထဲမှာပဲ သွားနေရမယ်။ တောထဲ သွားမနေရဲဘူး ဆိုရင်တော့ တစ်ခုပဲရှိတယ် ဒုက္ခသည်စခန်းမှာပဲ သွားနေရမှာပေ့ါ။"*

နော် က...(မ၊ ၂၇ နှစ်)၊ ကော့ကရိတ်မြို့နယ်၊
ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၃ ဇူလိုင်လ တွင်တွေ့ဆုံ
မေးမြန်းခန်းပြုလုပ်ခဲ့သည်။)[347]

၂၀၁၂ ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၆ မတ်လထိ မြန်မာပြည် အရှေ့ တောင်ပိုင်းတွင် အမျိုးသမီးများကို ထိခိုက်စေသော မြေယာသိမ်းဆည်းခြင်းများ အကြောင်း ဖော်ပြထားသော သတင်းအချက် အလက် ၇၇ ခုကို KHRG မှလက်ခံရရှိခဲ့ပါသည်။ မြေယာသိမ်းဆည်းမှုကြောင့် အမျိုးသမီးများသည် လူ့အခွင့်အရေးချိုးဖောက်မှု ခံခဲ့ရကြောင်း KHRG ထံသို့ သတင်း အချက်အလက်များ မကြာခဏ ပေးပို့တင်ပြကြပါသည်။ ဤအခန်းတွင် မြေယာ သိမ်းဆည်းမှုနှင့် သက်ဆိုင်သော အဓိကအချက် များကိုအသေးစိတ်တင်ပြပေးသည်သာမက မြေ ယာသိမ်းဆည်းမှုနှင့်ပတ်သက်၍ အမျိုးသမီးများ ၏ တစ်ဦး ခြင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တုန့်ပြန်လုပ် ဆောင်ချက်များကိုလည်းမီးမောင်းထိုးတင်ပြထား ပါသည်။ အမျိုးသမီးများမှ တရားဥပဒေ၏ အကူအညီ ရယူရာတွင် အောင်မြင်မှုများရရှိပုံကိုလည်းသတင်း အချက်အလက် ရရှိသည့် အပေါ်မူတည်၍ တင်ပြ ထားပါသည်။

## နောက်ခံသမိုင်းနှင့် လက်ရှိအခြေအနေ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်သည် လုံခြုံစိတ်ချရမှုမရှိဟု သတ်မှတ်ခံရသည်။[348] ဤသို့ဖြစ်ရခြင်းသည် အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှမှုမရှိခြင်းကြောင့် အဓိကဖြစ်ရပါသည်။ ရိုးရာထုံးတမ်းစဉ်လာအရ မြေယာအမွေဆက်ခံခွင့်ကို အမျိုးသားများအား သာပေးထားခြင်း၊ မြေယာများကို အမျိုးသား မိသားစုဝင် အမည် ဖြင့်သာ မှတ်ပုံတင်ခြင်း၊ နှင့် မြေယာပိုင်ဆိုင်ခွင့်များကိုရိုးရာထုံးတမ်းအစဉ်အလာအရ လက်ဆင့်ကမ်းခြင်းကို မြန်မာအစိုးရမှ အသိအမှတ်မပြုခြင်းစသည့်အချက်များ သည် အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှမှုမရှိခြင်းကို ဖြစ်စေပါသည်။[349]

### အဓိကတွေ့ရှိချက်များ

- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသတစ်ဝှမ်းတွင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသော အခွင့်အရေး ချိုးဖောက်ခံရမှု အများစုမှာ မြေယာသိမ်းဆည်းခံရမှုပင်ဖြစ်သည်။ မြေယာသိမ်းဆည်းမှုအား ကျူးလွန်သူများမှာ တပ်မတော်၊ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်လှုပ်ရှားသော နယ်ခြားစောင့်တပ်၊ ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များ နှင့် နိုင်ငံတော်အစိုးရ တို့ဖြစ်ကြပါသည်။
- လမ်းများဖောက်လုပ်ခြင်းများ၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း များ၊ စီးပွားဖြစ် စိုက်ပျိုးရေး လုပ်ငန်းများနှင့် ဓာတ်သတ္တုတူး ဖော်ခြင်းလုပ်ငန်းများ စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကြောင့် မြေယာသိမ်းဆည်းမှုများ ပိုမိုများပြားလာပါသည်။
- အမျိုးသမီးများမှ မြေယာသိမ်းဆည်းခံရမှုများအပေါ် တုံ့ပြန်လုပ်ဆောင်သော နည်းလမ်းများမှာ တိုင်ကြားစာ ပေးပို့ခြင်း၊ မြေယာသိမ်းဆည်း သူများနှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်း ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ သတင်းပို့ခြင်းနှင့် ၎င်းတို့ပိုင်ဆိုင်သောမြေယာများကို မှတ်ပုံတင်နိုင်ရန် နည်း လမ်း ရှာဖွေခြင်း စသည်တို့ဖြစ်ကြပါသည်။ မြေယာ သိမ်းဆည်းခံရခြင်း များ အတွက် လျော်ကြေးငွေရရှိရန်၊ နစ်ဖက်တွေ့ဆုံ ညှိနှိုင်းနိုင်ရန်၊ သက်ဆိုင်ရာ အာဏာပိုင်များမှ လာရောက်စစ်ဆေးပေးရန် စသည့် နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရန်လည်း အမျိုးသမီးများမှ ကြိုးပမ်းကြပါသည်။
- အမျိုးသမီးများသည် မြေယာသိမ်းဆည်းခံရခြင်းများအတွက် တရားဥပဒေ၏ အကူအညီ ရယူရန် ကြိုးပမ်းရာတွင် အများအားဖြင့် အနှောင့်အယှက် အတားအဆီးများစွာနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ ထိုအထဲတွင် သက်ဆိုင်ရာ အာဏာပိုင်များနှင့် တွေ့ဆုံနိုင်ရန် ခက်ခဲခြင်းနှင့် ရွာသားများမှ သိမ်းဆည်းခံ မြေများနှင့် ပတ်သက်၍ တိကျသော သတင်းအချက်အလက်များ မရရှိခြင်းတို့ပါဝင်သည်။ သိမ်းဆည်းခံ မြေယာများအတွက် လျော်ကြေးငွေပေးမည်ဟုကတိပြုရာတွင်လည်းကောင်း၊ လျော်ကြေးငွေများပေးရာတွင်လည်းကောင်း၊ ပေးချေမည့် သို့မဟုတ်ပေးချေသည့် ငွေပမာဏ နည်း သည့်အတွက် အမျိုးသမီးများမှ ကျေနပ်မှု မရှိကြပေ။

[347] Source #55: "Dooplaya Interview: Naw A---, July 2013," KHRG, October 2014. တွင် ကြည့်ပါ။

[348] မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့်မြေယာ ဆွေးနွေးမှုအကြောင်းအရာအသေးစိတ်ကို ပိုမိုသိလိုပါက Linking Women and Land in Myanmar: Recognising Gender in the National Land Use Policy, Transnational Institute (TNI), February 2016. တွင် ကြည့်ပါ။

[349] အထက်ပါအတိုင်း ကြည့်ပါ။ Social Action for Women (SAW) အဖွဲ့မှ နော် ဖ... နှင့် KHRG ကွင်းဆင်းလုပ်သားမှ တွေ့ ဆုံပြုလုပ်သော အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းမှ အချက်အလက်များ ကိုလည်း ထုတ်နှုတ်တင်ပြထားပါသည်။

ဤအစီရင်ခံစာတွင် မြေယာသိမ်းဆည်းခြင်းကို အဓိကထားတင်ပြရခြင်းမှာ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တပ်မတော်မှ ဆက်လက်၍ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ ပြုလုပ်နေပြီး မြေယာသိမ်းဆည်းမှုများ ကို အဓိက ကျူးလွန်နေဆဲ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ကျေးလက်နေ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးနှင့်သဘာဝသယံဇာတများကို အဓိကထားမှီခိုနေရသောကြောင့် မြေယာသိမ်းဆည်းခြင်းသည် ၎င်းတို့အတွက် စိုးရိမ်ထိတ်လန့်ရန် အကြောင်း ဖြစ်နေပါသည်။ KHRG သတင်းစုဆောင်းရာ ဒေသများရှိ တိုင်းရင်းသားကရင်လူမျိုးများသည် ဆယ်စုနှစ်များစွာ ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် မိမိတို့နေရာမှရွှေ့ပြောင်းနေထိုင်ခဲ့ကြရပါသည်။ အချို့သောလူများက မြေယာ သိမ်းဆည်းခြင်း သည်လည်း ဒေသခံများကို နေရာရွှေ့ပြောင်းရန် ဆက်လက် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့် ဆိုကြပါသည်။ ၎င်းမြေနေရာများကို အစိုးရနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အကျိုးစီးပွားအတွက် ထိုစဉ်က စစ်တပ်နှင့်နီးစပ်သောသူ များကို ပေးအပ်လုပ်ကိုင်ခွင့်ပေးခဲ့ပါသည်။[350]

KHRG မှထပ်မံရရှိသော သတင်းအချက်အလက်များတွင် အခြေခံအဆောက်အအုံ ဆောက်လုပ်ရန်၊ စီးပွားဖြစ် စိုက်ပျိုးရေးနှင့်စိုက်ခင်းများပြုလုပ်ရန်နှင့် သဘာဝသယံဇာတ ထုတ်ဖော်ရန် အမျိုးသမီးများ၏ မြေများကို သိမ်းယူခဲ့ကြောင်း တွေ့ရှိရပါမည်။

မြေယာ သိမ်းဆည်းခံရခြင်းကြောင့် အမျိုးသမီးများအတွက် အဓိကသက်ရောက်သော ဆိုးကျိုး များမှာ အမျိုးသမီးများ မှီခိုနေရသော အသက်မွေးဝမ်းကျောင်း အထူးသဖြင့် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများဆုံးရှုံးရခြင်း၊[351] အစားအသောက် ရှာဖွေရန်ခက်ခဲခြင်း၊[352] ကိုယ်ပိုင်မြေယာမရှိဘဲ သားသမီးများကိုထောက်ပံ့ရန်အခက်အခဲ ဖြစ်ခြင်း၊[353] စီးပွားရေး အရ မည်သည့်အထောက်အပံ့ကိုမျှ ပြန်လည် မရရှိသော မြေယာဆုံးရှုံးသွားသော မုဆိုးမ များအတွက် ပိုမိုထိခိုက်လာခြင်း၊[354] အချို့အခြေအနေတွင် အမျိုးသမီးများသည် မိမိတို့ပိုင်ဆိုင်သောမြေများမှ ထွက်ခွာပေးရန်ငြင်းဆိုသောအခါ ကိုယ်ထိ လက်ရောက် အကြမ်းဖက်ခံရသောကြောင့် အသက်အန္တရာယ် လုံခြုံမှုမရှိခြင်း[355] စသည်တို့ဖြစ်ကြောင်း အမျိုးသမီးများက စိုးရိမ်စွာတင်ပြပါသည်။

KHRG မှရရှိသောသတင်းအချက်အလက်များတွင် မြန်မာပြည်အရှေ့တောင်ပိုင်းမှ အမျိုးသမီးများ မြေယာသိမ်းဆည်းခံရမှုကြောင့် ရင်ဆိုင်ရသောအခက်အခဲများကို ရေးသားတင်ပြထားသည်သာမက မြေယာသိမ်းဆည်းခံရမှု လျှော့နည်းသွားရန် နှင့် အလွဲသုံးစားခံရမှုကို ကာကွယ်ရန် လုပ်ဆောင်သောအမျိုးသမီးများ၏ ကြိုးပမ်းလုပ်ဆောင်ချက် ပုံစံအမျိုးမျိုး တို့ကိုလည်းတင်ပြထားပါသည်။ ၎င်းလုပ်ဆောင်ချက်များမှာ တရားဝင်တိုင်ကြားစာပေးပို့ခြင်း၊ မြေပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထားရရှိရန် ဒေသတွင်း အာဏာပိုင်များထံ ၎င်းတို့ပိုင်ဆိုင်သော မြေယာကိုမှတ်ပုံတင်ခြင်း၊ မြေယာ သိမ်းဆည်းသူ များနှင့် လျော်ကြေးငွေကိစ္စ အမျိုးသမီးများသည် ညှိနှိုင်းခြင်း သို့မဟုတ် ဖယ်ရှားပေးရန်ငြင်းဆန်ခြင်း စသည်တို့ဖြစ်ကြပါသည်။ အချို့ သိမ်းဆည်းမှုများတွင် အမျိုးသမီးများသည် လျော်ကြေး ငွေများ ရရှိကြပါသည်။ သို့မဟုတ် အာဏာပိုင်များမှ သိမ်းဆည်းခံရသည့် အကြောင်းကို လျင်မြန်စွာလာရောက်စုံစမ်းစစ်ဆေးပေးပါသည်။ သို့သော် သိမ်းဆည်းမှု များစွာတွင် အမျိုးသမီးများသည် တရားဥပဒေ၏အကူအညီရယူရာတွင် ကြီးမားသောအခက်အခဲ များကိုရင်ဆိုင်ကြရပါသည်။

## အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း

KHRG မှရရှိသော သတင်းအချက်အလက်များအရ အမျိုးသမီးများကို ထိခိုက်စေသော မြေယာ သိမ်းဆည်းခြင်းသည် အဓိကအားဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်း မြိတ်-ထားဝယ်၊ ဒူးပလာယာ၊ ဖားအံ၊ သထုံ နှင့် တောင်ငူခရိုင်များတွင် တည်ရှိသော အဓိကကျသောအခြေခံအဆောက်အအုံ စီမံကိန်းများဖြစ်သော ဆည်မြောင်းတာတမံများ၊ လမ်းများ၊ စက်မှုဇုံများ တည်ဆောက်ခြင်းများနှင့်ပတ်သက်ဆက်နွှယ်နေပါသည်။ မြေယာသိမ်းဆည်းသူများမှာ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်း ကုမ္ပဏီများ၊ တပ်မတော်၊ မြန်မာပြည် အရှေ့တောင်ပိုင်းတွင် လှုပ်ရှားသော နယ်ခြားစောင့်တပ်များနှင့် ပုဂ္ဂလိက ချမ်းသာ သူများ ဖြစ်ကြပါသည်။ ဤကဲ့သို့ မြေယာများ သိမ်းဆည်းခဲ့ခြင်းကြောင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် မြေနေရာများ သို့မဟုတ် စိုက်ခင်းများပျက်စီးသွား

[350] မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဖြစ်ပွားသော လယ်ယာမြေသိမ်းဆည်းခြင်းနှင့်ပတ်သတ်သော ၁၉၉၂ ခုနှစ်မှ အကြောင်းအရာများကို KHRG website ရှိ လယ်ယာမြေသိမ်းဆည်းခြင်းစာမျက်နှာကို ကြည့်ပါ။ မြန်မာပြည်တွင်းတွင် တပ်မတော်မှ ကျယ်ပြန့်သော လယ်ယာမြေသိမ်းဆည်းခြင်းနှင့် ပတ်သက်သော ဥပမာများကို ကြည့်လိုလျှင် Yearning to be heard: Mon Farmers' continued struggle for acknowledgement and protection for their rights, Human Rights Foundation of Monland (HURFOM), February 2015, p.32 နှင့် Rampant Land Confiscation Requires Further Attention and Action from Parliamentary Committee, Burma Partnership, March 2013. တို့တွင် ကြည့်ပါ။

[351] Source #53: "Mergui-Tavoy Situation Update: Te Naw Th'Ri Township, August 2012 to March 2013" KHRG, August 2013. နှင့် Source #45: "Nyaunglebin Interview: Daw U---, December 2012" KHRG, July 2014 တို့တွင် ကြည့်ပါ။

[352] Source #17: "Incident Report: Land confiscation and forced labour in Thaton District, April 2012" KHRG, May 2013 တွင် ကြည့်ပါ။

[353] Source #15: နှင့် Source #16: "Complaint Letter to the Mergui-Tavoy District administrator concerning land damage from mining," KHRG, June 2014 တို့တွင် ကြည့်ပါ။

[354] Sources #96: "Dooplaya Interview: Saw A---, April 2014" KHRG, August 2015; နှင့် Source #97; Source #149 တို့တွင် ကြည့်ပါ။

[355] Source #138: "Thaton Interview: Ma A---, July 2015," KHRG, August 2015 တွင် ကြည့်ပါ။

ခြင်း၊[356] သို့မဟုတ် စိုက်ပျိုးခြင်းမပြုသော မြေများ ကိုသိမ်းဆည်း၍ စီမံကိန်းများတည်ဆောက်ခြင်း[357] စသည်တို့ကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ထိခိုက်ခဲ့ရပါသည်။ အချို့သိမ်းဆည်းမှုများတွင် မြေပိုင်ရှင်အမျိုးသမီးများကို ပြည်တွင်းကုမ္ပဏီများမှ လျော်ကြေးငွေပေးမည်ဟု ကတိထားပေးခဲ့ခြင်းများ ရှိခဲ့ပါသည်။[358]

အဖြစ်အပျက်တစ်ခုတွင် ဒူးပလာယာခရိုင် ထ…ကျေးရွာ နေ ဒေါ် ဒ…နှင့် သူမအမျိုးသားတို့ ပိုင်ဆိုင် သောမြေများကို တပ်မတော်နှင့်နီးစပ်သော အမည်မသိကုမ္ပဏီတစ်ခုမှ ဖောက်လုပ်သော လမ်းစီမံကိန်း အတွက် သိမ်းဆည်း ခဲ့ပါသည်။ ဒေါ် ဒ….ကသူမ၏ ကွမ်းသီးခြံ၊ ဒူးရင်းခြံ၊ သရက်ခြံများ ပျက်စီးခဲ့ကြောင်းတင်ပြပြောဆိုခဲ့ပါသည်။ သူမက လမ်းဖောက် လုပ်ရန် စီမံကိန်းများရေးဆွဲရာတွင် သူမနှင့်ရွာသားများကို ခေါ်ယူဆွေးနွေးခြင်းခြင်း မပြုသဖြင့် စိတ်ဆိုးဒေါသထွက် ခဲ့ ကြောင်းကိုလည်း ဖော်ထုတ်ပြောကြားပါသည်။

*"ကျွန်မပြောမယ်။ သူတို့(ကုမ္ပဏီ) မြေတွေကိုလာပြီး မထိုးဆွခင် နှစ်ခါသုံးခါလောက် လာကြည့်တယ်။ သူတို့ မြေတွေ တိုင်းတာပြီးနောက် ရွာသူကြီးက ဘုန်းကြီးကျောင်းမှာ အစည်းဝေးခေါ်ပါတယ်။ ကုမ္ပဏီကလာပြီး လမ်းဖောက် လုပ်တဲ့ အကြောင်း ရွာသူကြီးကို ပြောတယ်။ ရွာသားတွေကိုတော့ ဘာမှမပြောဘူး။ ကျွန်မကိုယ်တိုင် အစည်းဝေးကို သွားတက်ပါတယ်။ ရွာသူကြီးက 'ကျွန်တော့်အထင် ခင်ဗျားတို့ လျော်ကြေးရမှာပါ။ ဒါပေမဲ့ သူတို့က အသီးမသီးတဲ့အပင်တွေကို ထည့်မတွက်ဘူး။' လို့ကျွန်မတို့ကို ပြောပါတယ်။ ကျွန်မတို့ လျော်ကြေးတော့ရမယ် ဒါပေမဲ့စောင့်ကြည့်ရဦးမယ်လို့ ရွာသူကြီး ကပြောပါတယ်။ ရွာသူကြီးက စောင့်ပါလို့ပြောတော့ ကျွန်မတို့လည်းဘာမှပြောလို့မရဘူး။ အဖျက်ဆီးခံရတဲ့ အပင်တွေကို ကျွန်မသွားမကြည့်ချင်ဘူး။ သွားကြည့်ရင် ကျွန်မ စိတ်ထိခိုက်လို့လေ။"*

နော် ဒ….(မ)၊ယ…ကျေးရွာ၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၃ ဩဂုတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[359]

## စစ်ဘက်ဆိုင်ရာအတွက်အသုံးပြုရန် မြေယာသိမ်းဆည်းခြင်း

အမျိုးသမီးများနှင့်သူတို့မိသားစုပိုင်သောမြေများကို သိမ်းပိုက်ပြီး စစ်တပ်အတွက် အဆောက်အအုံများ ဆောက်လုပ်ခြင်း နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းများ လုပ်ဆောင်ကြောင်း KHRG မှတွေ့ရှိရသည်။ ၎င်းတို့ဆောက်လုပ်သောအရာများမှာ လမ်းများဖောက်လုပ်ခြင်း၊[360] စစ်ရေးလေ့ကျင့်ရန်နေရာများပြုလုပ်ခြင်း၊[361] သို့မဟုတ် စစ်သားများ အတွက်အိမ်ထောင်သည်လိုင်းခန်းများ ဆောက်လုပ်ပေးခြင်း တို့ဖြစ်ပါသည်။[362] မြေယာ သိမ်းဆည်းမှုကျူးလွန်သော စစ်တပ်များမှာ တပ်မတော်၊ ဒေသခံနေရာများတွင်လှုပ်ရှားသောနယ်ခြားစောင့်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့ဖြစ်ကြပါသည်။ စစ်တပ်များ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ ဆက်လက်ပြုလုပ်ခြင်းကြောင့် အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်မှုအပေါ်ထိခိုက် စေသောအရာများမှာ များပြားရှုပ်ထွေးလှပါသည်။ မြေယာ သိမ်းယူမှုများသာမက မြေမြှုပ် မိုင်းများကြောင့်[363] မိမိတို့ပိုင်ဆိုင်သော မြေနေရာများသို့ သွားရောက်ရန် အဟန့်အတား ဖြစ်စေခြင်း၊ စစ်ရေးလေ့ကျင့်ရေးကွင်းများကြောင့် မိမိတို့ပိုင်ဆိုင်သော မြေနေရာများသို့ သွားရောက်ရန် အဟန့်အတား ဖြစ်စေခြင်း စသည့်အကန့်အသတ်များနှင့် အချို့ အမျိုးသမီးများက မိမိတို့ပိုင်ဆိုင်သောစိုက်ပျိုးမြေများသို့သွားရောက်ရန် ဒေသခံစစ်စခန်းများသို့သွားရောက်ခွင့်တောင်းရကြောင်း[364] စသည့်အခက်အခဲများကိုပါ အမျိုးသမီးများမှ ကြုံတွေ့နေ ရပါသည်။

KHRG မှ ရရှိသောသတင်းအချက်အလက်များတွင် မြေယာသိမ်းဆည်းသူများသည် လက်နက်ကိုင်အဖွဲ့ များ ဖြစ်ပါက အမျိုးသမီးများအနေဖြင့် တရားဥပဒေ၏အကူအညီရယူရန်နှင့်မိမိတို့ပိုင်ဆိုင်မှုအတွက်ခုခံရန် အခွင့်အရေးနည်းပါးခြင်း၊ သိမ်းဆည်းခံမြေများပြန်လည်ရရှိရန် အခွင့်အရေးနည်းပါးခြင်း စသည့် အခက်အခဲများနှင့်ရင်ဆိုင် ရကြောင်း အမျိုးသမီးများက တင်ပြပြောဆိုကြပါသည်။ အဖြစ်အပျက်တစ်ခုတွင် နိုင်ငံရေးပါတီ ကိုယ်စားပြု လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သည် ကြံ့ခိုင်ရေးပါတီဦးဆောင်သောအစိုးရခွင့်ပြုချက်ဖြင့် ဒူးပလာယာခရိုင် ဝင်းရင်းမြို့နယ်တွင် မြေဧက ၁၀၀၀ ကိုလုပ်ကိုင်ခွင့် ရရှိခဲ့ပါသည်။ မြေဧက ၁၀ ဧက ဆုံးရှုံးခဲ့ရသော ဒေါ် တ….မှ အောက်ပါအတိုင်းပြောပြထားပါသည်။

[356] Source #15 တွင် ကြည့်ပါ။

[357] Source #56: "Dooplaya Interview: Ma A---, May 2013," KHRG, January 2015 တွင် ကြည့်ပါ။

[358] Sources #53: "Mergui-Tavoy Situation Update: Te Naw Th'Ri Township, August 2012 to March 2013," KHRG, August 2013; Source #57; Source #86; နှင့် Source #126: "Toungoo Interview: Naw A---, January 2015," KHRG, October 2015 တို့တွင် ကြည့်ပါ။

[359] Source #85 တွင် ကြည့်ပါ။

[360] Sources #84 နှင့် Source #103 တွင် ကြည့်ပါ။

[361] Source #101 တွင် ကြည့်ပါ။

[362] Source #31 တွင် ကြည့်ပါ။

[363] ပိုမိုသိလိုပါက ဤအစီရင်ခံစာရှိ အခန်း (၈) မြေမြှုပ်မိုင်း တွင် ကြည့်ပါ။

[364] Source #43 နှင့် Source# 44 တို့တွင် ကြည့်ပါ။

*"သူတို့ပိုက်ဆံ တစ်ကျပ်မှမပေးဘဲ မြေကိုအလကားသိမ်းယူခဲ့ ပါတယ်။ ဒေသခံတွေက စိတ်မကောင်းကြပေမဲ့ သူတို့ကို တားလို့မရဘူးလေ။ မြေယာသိမ်းဆည်းပြီး အချိန်ကနေ အခု ၂၀၁၅ ထိ ဒီလိုပဲ ခံနေရကြတယ်။  ကျွန်မတို့ဘယ်လို လိုက် လိုက် မရဘူး။"*

ဒေါ် တ.....(မ၊၃၂ နှစ်)၊ ဝင်းရင်းမြို့နယ်၊ ဒူးလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၅ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[365]

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်များ၏ မြေယာသိမ်းဆည်းမှုကြောင့် မိမိပိုင်စိုက်ခင်းများသို့သွားရန် အကန့်အသတ်ဖြစ်စေခြင်း၊ တရားဥပဒေ၏ အကူအညီ ရယူရန် အကန့်အသတ်ဖြစ်စေခြင်း၊ စသည့် အခက်အခဲများအပြင် မြေယာသိမ်းဆည်း ခြင်းကြောင့် အချို့သောအမျိုးသမီးများနှင့် မိသားစုဝင်များသည် အခြားဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြရပါသည်။ ဤအချက်ကိုကြည့်ခြင်းဖြင့် မြေယာသိမ်းဆည်းမှုနှင့် လုံခြုံရေးဆက်စပ်နေကြောင်း ရှင်းလင်းစွာ တွေ့မြင်ရမည်။ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာခြားလူနည်းစုများသည် လက်နက်ကိုင်များမှ ရည်ရွယ်ချက်ရှိစွာဖြင့် နေရာရွှေ့ပြောင်းစေရန် ပစ်မှတ်ထားခြင်းခံရကြောင်း ယူဆ၍ရပါသည်။

*"နယ်ခြားစောင့်တပ်သည် ည...ကျေးရွာသို့သွားရောက်ပြီး ရွာရှိ ကော်လာသူးများ[366]  ကို မောင်းထုတ်ကာ ၎င်းတို့၏ တပ်စခန်းကို တည်ဆောက်ကြပါသည်။ ၎င်း နယ်ခြားစောင့်တပ်မှာ အမှတ် ၁၀၁၆ ဖြစ်ပြီး တပ်ရင်းမှူးမှာ စောမြခိုင်ဖြစ်ပါသည်။ တစ်ရွာလုံးရှိ ကော်လာသူးများကို မောင်းထုတ်ပြီး ဝင်းခြံ၊ မြေများနှင့် စိုက်ပျိုးမြေ များအားလုံးကိုသိမ်းယူ လိုက်ပါ သည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားသောဒေသအတွင်း နောက်ဆုံးရအခြေအနေတင်ပြချက်၊ နဘူးမြို့နယ်၊ ဖားအံခရိုင်/
ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၄ ဧပြီလတွင် လက်ခံရရှိခဲ့သည်။)[367]

စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ နှင့် မြေယာသိမ်းဆည်းမှုအပြင် KHRG မှလက်ခံရရှိသော အချို့သော သတင်း အချက်အလက်များတွင် တပ်မတော်သည် ဒေသခံအမျိုးသမီးများထံမှ စိုက်ပျိုးမြေများအတွက် အခွန်ကောက်ခံပါသည်။[368] ဤကဲ့သို့ အခွန်များပေးဆောင်ရခြင်းသည် ရွာသားများအတွက် မလုံခြုံမှုကိုပိုမိုခံစားရစေပါသည်။[369] အဖြစ်အပျက်တစ်ခုတွင် အမျိုးသမီးတစ်ဦးသည် အခွန်ပေးဆောင်ရန်ငြင်းဆန်သောအခါ တပ်မတော်နှင့် တိုက်ရိုက်ရင်ဆိုင်ခဲ့ရပါသည်။  ဤကဲ့သို့ အခွန်များ ပေးဆောင်ရခြင်းကြောင့် အမျိုးသမီးများသည် ငွေကြေးအပိုအလျှံ စုဆောင်းနိုင်ခြင်း သို့မဟုတ် ပစ္စည်းဥစ္စာ များဝယ်ယူနိုင်ခြင်းမရှိကြောင်း အမျိုးသမီးအများစုက တင်ပြပြောဆိုကြပါသည်။

မြန်မာပြည် အရှေ့တောင်ပိုင်းအပါအဝင် မြန်မာနိုင်ငံ၏တိုင်းရင်းသားဒေသများအတွင်း ရှည်ကြာသော ပဋိပက္ခ သမိုင်းကြောင်းများကြောင့် မြေယာသိမ်းဆည်းမှုများသည် ၁၉၈၀ နှင့် ၁၉၉၀ ခုနှစ်များမှစတင်ခဲ့ကြောင်း တွေ့မြင်ကြရပါမည်။ သို့သော် KHRG မှလက်ခံရရှိသော သတင်းအချက်အလက်များတွင် အမျိုးသမီးများသည် ထိုစဉ်မှစပြီး ယနေ့ချိန်ထိ မြေယာသိမ်းဆည်းခြင်း၏ ဆိုးကျိုးများကို ဆက်လက်ခံစားနေရကြောင်းကို အသေးစိတ် ဖော်ပြထားပါသည်။ တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပ....ကျေးရွာ မှ နော် အ...၏ အဆိုအရ ၎င်းပိုင်လယ်မြေ ၁၉.၇၅ ဧက ကို တပ်မတော် ခြေလျင်တပ်ရင်း (ခလရ)[370]  ၃၉ မှ ၁၉၈၈ ခုနှစ်တွင် သိမ်းယူခဲ့ပါသည်။ ဤမြေယာသိမ်းဆည်းမှုသည် KHRG သတင်းစုဆောင်းသည့်ကာလ မတိုင်မီက ဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း နော် အ....၏ သတင်းပေးချက်အရ သူမသည် သိမ်းဆည်းခံရ သော လယ်မြေတွင်ပြန်လည် ထွန်ယက်စိုက်ပျိုးရန် သီးစားခ စပါးကို ၂၀၁၃ ခုနှစ်အထိပေးဆောင်ခဲ့ရကြောင်းသိရှိရပါသည်။ သူမ၏လယ်မြေများ သိမ်းဆည်း ခံခဲ့ရခြင်းကြောင့် သူမသည် သိမ်းဆည်းခံရသော လယ်မြေတွင် ပြန်လည် လယ်လုပ်ခွင့်ရရန် တပ်မတော်ကို သီးစားခပေးဆောင်ရပါသည်။

[365] Source #148 တွင် ကြည့်ပါ။

[366] ကော်လာသူး ဟူသော ကရင်စကားတွင် သူးဆိုသည်မှာ အသားမည်းခြင်းကိုဆိုလိုပါသည်။ ကရင်ပြည်နယ်တွင် များသောအားဖြင့် မွတ်စလင်ဘာသာဝင်များကို ကော်လာသူး (ဤအသုံးအနှုန်းသည် တစ်ခါတစ်ရံတွင် မမှန်ကန်သော်လည်း) ဟူ၍သုံးနှုန်းခေါ်ဆိုပါသည်။ မွတ်စလင်များမှာ ၎င်းတို့ကိုယ်ကို ကော်လာသူး ဟုခေါ်ဆိုသုံးနှုန်းခြင်းမပြုကြပါ။

[367] Source #95 တွင် ကြည့်ပါ။

[368] Sources #110 နှင့် Source #147 တို့တွင် ကြည့်ပါ။

[369] Source #110 တွင် ကြည့်ပါ။

[370] တပ်မတော် ခြေလျင်တပ်ရင်းတစ်ရင်းကို စစ်သား ၅၀၀ ဖြင့်ဖွဲ့စည်းပါသည်။  သို့သော်လည်း တပ်မတော်မှ ခြေလျင်တပ် င်း အများစုသည် စစ်သား ၂၀၀ ထက်နည်းသော အားနည်းသောပမာဏဖြင့်ဖွဲ့စည်းပါသည်။ ခမရ များကို မြို့စောင့်တပ် အဖြစ် များသောအားဖြင့်အသုံးပြုသော်လည်း  တစ်ခါတစ်ရံတွင် ထိုးစစ် စစ်ဆင်ရေးများအတွက် အသုံးပြုပါသည်။

*"အစတုန်းကသူတို့ လယ်တစ်ဧကအတွက် သီးစားခ စပါး ၁၇ တင်း တောင်းပါတယ်။ နောက်တော့ ကျွန်မတပ်ရင်းကို သွားပြီး စာချုပ်ချုပ်ပြီးညှိနှိုင်းတော့ ၁၅ တင်းဖြစ်သွားပါတယ်။ သီးစားခ နှစ်မျိုးရှိပါတယ်။ ကျွန်မအလုပ်လုပ်တဲ့ လယ်မြေအတွက် တစ်ဧက ၁၅ တင်းပေးရပြီး ငါးကန်မြေမှာရှိတဲ့ မြေအတွက်တော့ တစ်ဧက ၈ တင်းနှုန်းနဲ့ ပေးရပါတယ်။"*

နော် အ.....(မ)၊ ပ....ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(၂၀၁၄ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းလက်ခံရရှိခဲ့သည်။)[371]

## စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများ

မြန်မာပြည်အရှေ့တောင်ပိုင်းတစ်လျှောက်တွင် စီးပွားဖြစ် အကြီးစားစိုက်ပျိုးရေးစီမံကိန်း လုပ်ငန်းများ စတင်လုပ်ဆောင်ရန် သို့မဟုတ် တိုးချဲ့ရန်အတွက် မြေယာများကိုသိမ်းဆည်းခဲ့ကြောင်း အမျိုးသမီးများက တင်ပြကြပါသည်။ ဤစီမံကိန်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ဝင်ငွေတိုးတက်စေရန် ရည်ရွယ်ပါသည်။ ဒေသခံ KHRG အဖွဲ့ဝင် များ၏အဆိုအရ ဤစီမံကိန်းများကို ရိုးရာထုံးတမ်းစဉ်လာအရဒေသခံ တောင်သူဦးကြီးများ ပိုင်ဆိုင်သော သို့မဟုတ် လုပ်ကိုင်နေသော မြေယာများပေါ်တွင် အကောင်အထည် ဖော်လုပ်ကိုင်ခဲ့ပါသည်။[372] စိုက်ပျိုးရေးစီမံကိန်းများကြောင့် မြေယာများ သိမ်းဆည်းခံရသည်သာမက စားကျက်မြေများကိုအသုံးမပြုနိုင်သောကြောင့် အသက်မွေးဝမ်းကျောင်းအတွက် ဆိုးကျိုးသက်ရောက်စေပါသည်။

*"အရင်က တောထဲသွားမျှစ်ချိုးပြီး ရောင်းစားလို့ရတော့ ဝင်ငွေရတာပေါ့။ အခုတော့ မျှစ် ရှာလို့မရတော့ဘူး။ ကုမ္ပဏီကလုပ်ကိုင်နေတဲ့ စိုက်ခင်းကို မတော်တဆဝင်မိရင် သူတို့က ကျွန်တော်တို့ကို အော်ထုတ်တယ်။ သူတို့စိုက်ခင်းထဲမှာ ထင်းသွားခုတ်မိရင်လည်းအအော်ခံ ရတယ်။ ...အပြောင်းအလဲလို့ပြောရရင်တော့ အမျိုးသမီးတွေက လူတွေသတိ မထားမိတဲ့နေ့စဉ် အလုပ်တွေလုပ်ဖို့အခက်အခဲရှိလို့ အမျိုးသမီးတွေက ဆက်လက်ပြီး ဆိုးကျိုးခံစားနေရတယ် လို့ပြောရမှာပဲ။"*

စော ဟ....(ကျား)၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၅ နိုဝင်ဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[373]

## သဘာဝအရင်းအမြစ်များ တူးဖော်ထုတ်ယူခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြေယာများကို ဓာတ်သတ္တုတူးဖော်ရာတွင် ပြောင်းလဲ အသုံးပြုလာကြကြောင်းကို KHRG သတင်းအချက်အလက်များတွင် ဖော်ပြထားပါသည်။ ဤကဲ့သို့ဓာတ်သတ္တုတူးဖော်မှုအတွက် မြေယာသိမ်းဆည်းခြင်းကြောင့် အမျိုးသမီးများနှင့် မိသားစုဝင်များအား တိုက်ရိုက်ဆိုးကျိုး သက်ရောက်စေသကဲ့သို့ ဓာတ်သတ္တုတူးဖော်မှုကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်ပြီး မြေယာများသွယ်ဝိုက်၍ ဆုံးရှုံးရပါသည်။ ပြည်တွင်း ကုမ္ပဏီများမှ အဓိကဦးဆောင်လုပ်ကိုင်နေသော ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းကို တောင်ငူခရိုင်[374] နှင့် သထုံခရိုင်[375] များတွင် တွေ့ရှိရပါသည်။ ကျောက်နှင့် သတ္တုတူးဖော်ခြင်းများလုပ်ကိုင်ရန် မြေယာသိမ်းဆည်းခြင်းများကို သထုံ၊[376] တောင်ငူ၊[377] နှင့် မြိတ်-ထားဝယ်[378] ခရိုင်များတွင်တွေ့မြင်ရပါမည်။ ကျောက်သတ္တုတူးဖော်ရေးလုပ်ငန်းခွင်သို့ သွားရန် ကားလမ်းများ ဖောက်လုပ်ခြင်းကြောင့် မြေယာများပျက်စီးရပါသည်။ ကျောက်ထုတ်လုပ်ငန်းကြောင့် တောင်ပေါ်မှကျောက်တုံးကြီးများ လိမ့်ကျလာပြီး လယ်ကွင်းများတွင် စုပုံနေသောကြောင့် လယ်ယာများထွန်ယက်စိုက်ပျိုးမှုမလုပ် နိုင်ခြင်းကြောင့် လယ်မြေများဆုံးရှုံးရပါသည်။ KHRG သတင်းစုဆောင်းရာဒေသများ တွင် တိုက်ရိုက်နည်းဖြင့် မြေယာသိမ်းဆည်းခြင်း ဆိုးကျိုးခံရ သည်ကိုထုတ်ဖော်ပြောဆိုသည်သာမက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသောစီးပွားဖြစ် သတ္တုတူးဖော်ခြင်းလုပ်ငန်း များသည်လည်း ၎င်းတို့အပေါ် ဆိုးကျိုးသက်ရောက်ကြောင်းကို အမျိုးသမီးများက ထုတ်ဖော်ပြောဆိုပါသည်။[379]

---

371 Source #110 တွင် ကြည့်ပါ။

372 မြေယာသိမ်းဆည်းခြင်းကိုဖြစ်ပွားစေသော စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သတ်သည့်အကြောင်းအရာ ကိုပိုမို၍ သိလိုလျှင် 'With only our voices, what can we do?': Land confiscation and local response in southeast Myanmar, KHRG, June 2015 မှ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများ အခန်းကိုဖတ်ပါ။

373 Source #149 တွင် ကြည့်ပါ။

374 Source #130 တွင် ကြည့်ပါ။

375 Source #73 တွင် ကြည့်ပါ။

376 အထက်ပါအတိုင်း ကြည့်ပါ။

377 Source #37 တွင် ကြည့်ပါ။

378 Sources #14: "Complaint letter to Burma government about value of agricultural landdestroyed by Tavoy highway" KHRG, July 2012; နှင့် Source #15 တို့တွင် ကြည့်ပါ။

379 Source #32: "Papun Situation Update: Dwe Lo Township, July to October 2012" KHRG, February 2013 တွင် ကြည့်ပါ။

ဖာပွန်ခရိုင်မှ နော် မ...က သူမပိုင်နေရာအနီး တရုတ်ကုမ္ပဏီတစ်ခု၏ရွှေတူးဖော်ခြင်းကြောင့် မြေယာများပျက်စီးခဲ့ရပုံကို တင်ပြထားပါသည်။ နော် မ.....က ဘူးလိုမြစ်တွင်း ရွှေတူးဖော်ခြင်းကြောင့် ၎င်းပိုင်မြေများ ရေတိုက်စားခံခဲ့ရပြီး စိုက်ပျိုးလုပ်ကိုင်၍မရတော့ကြောင်း ပြောပြပါသည်။[380]

အချို့အဖြစ်အပျက်များတွင် ကုမ္ပဏီ သို့မဟုတ် ချမ်းသာသောပုဂ္ဂလိကလုပ်ငန်းရှင်များသည် ဒေသခံ လက်နက်ကိုင် အဖွဲ့များနှင့် ပူးပေါင်းပြီး ကျောက်များ၊ သတ္တုများ တူးဖော်ရန် မြေယာများကို သိမ်းဆည်းကြပါသည်။[381] ဖာပွန်ခရိုင် ဒွယ်လိုးမြို့နယ်တွင်ပုဂ္ဂလိကသူဌေးများ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင့်အမျိုးသားတပ်ဖွဲ့[382] (DKBA) နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) စသောအဖွဲ့အမျိုးမျိုးမှ ရွှေတူးဖော်ခြင်းလုပ်ကိုင်နေသော ဒေသမှ နော ဒ-- ဟုအမည်တွင်သော အမျိုးသမီးရွာသူကြီးနှင့် KHRG သတင်းစုဆောင်းသူတို့ တွေ့ဆုံစကားပြောထားချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြထားပါသည်။

*"ရွှေတူးဖော်ခြင်းစတင်လုပ်ဆောင်ချိန်မှစ၍ ယခုချိန်ထိ ရွာသားများအတွက်မည်သည့် အကျိုးအမြတ်မှ မရရှိပါ။ အကျိုးအမြတ်မရရှိသည်သာမက ရွာသားများ၏ မြေများစွာ၊ သစ်သီးခြံများ၊ သစ်ပင်များနှင့် ဝါးတောများ ပျက်စီးခဲ့ရပါသည်။ မူဂါ နော် ယ....ပြောသလို သစ်ပင်၊ ဝါးပင်များ စိမ်းစိမ်းစိုစိုမရှိတော့ဘဲ ချောက်သွေ့တဲ့ ကွင်းပြင်ကျယ်ကြီးသာ ကျန်ရစ် ခဲ့ပါတယ်။...... ယခု ခေါင်းဆောင်များ မှ ရွှေတူးဖော် ခြင်းကို ခွင့်မပြုတော့သဖြင့် ရွှေတူးဖော်လုပ်ငန်းများ မရှိတော့ပါ။ ထို့ကြောင့် ရွာသားများအလွန်ပျော်ရွှင်ရပါသည်။ သို့သော် ယခုတလော ကုမ္ပဏီများနှင့် သူဌေးများထပ်မံ လာရောက်ကြသောကြောင့် ရွာသားများအနေဖြင့် စိုးရိမ်ပူပန်လျက်ရှိပါသည်။ ခေါင်းဆောင်များက သူတို့ကို ရွှေတူး ဖော်ခွင့်ပြုလျှင် ရွာသားများအနေဖြင့် ယခင်အတိုင်း ပြဿနာများနှင့် ရင်ဆိုင်ကြရပါမည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားသော နောက်ဆုံးရအခြေအနေတင်ပြချက်၊ ဇ...ကျေးရွာ၊ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင် ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၂ ဖေဖော်ဝါရီလတွင်လက်ခံရရှိခဲ့သည်။)[383]

## အခြားသောဖွံ့ဖြိုးရေးစီမံကိန်းများ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အထက်ဖော်ပြပါ လုပ်ငန်းများကြောင့် မြေယာသိမ်းဆည်းမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် ၂၀၁၂ ဇန်နဝါရီလမှစ၍ လူနေအိမ်ရာများဆောက်လုပ်ခြင်း စီမံကိန်း[384] နှင့် စာသင်ကျောင်းများဆောက်လုပ်ခြင်း[385] တို့ကြောင့်လည်း မြေယာသိမ်းဆည်းမှုများဖြစ်ပေါ်ခဲ့ပါသည်။ စာသင်ကျောင်းများဆောက်လုပ်ခြင်း နှင့် လူနေအိမ်ရာများ ဆောက်လုပ်ခြင်းတို့နှင့် ဆက်စပ်နေသော ဖွံ့ဖြိုးရေးစီမံကိန်းများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေပြည်သူများ အတွက် အကျိုးရှိနိုင်သော်လည်း KHRG ဆီသို့ တင်ပြလာသော အစီရင်ခံစာအချို့အရ အချို့စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများနှင့် အစိုးရဌာန ၊ ဆောက်လုပ်ရေးကန်ထရိုက်တာများအကြား ဆွေးနွေးတိုင်ပင်သဘောတူညီမှုမရှိခြင်းကြောင့် ရွာသားများ၏မြေယာသိမ်းဆည်းမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ ၂၀၁၃ ခုနှစ်ကအဖြစ်အပျက်တစ်ခုတွင် ကြံ့ခိုင်ရေးပါတီဦးဆောင်သောအစိုးရသည် ဒူးပလာယာခရိုင်မှ အမျိုးသမီးတစ်ဦး၏ပိုင်မြေကိုသိမ်းယူပြီး ကျောင်းဆောက်လုပ်ခဲ့ပါသည်။

---

[380] Source #112 တွင် ကြည့်ပါ။ ဓာတ်ပုံ ကို ဤအခန်း၏နောက်ဆုံးစာမျက်နှာတွင်ကြည့်ပါ။

[381] Source #32: "Papun Situation Update: Dwe Lo Township, July to October 2012," KHRG, February 2013; နှင့် Source #94 တို့တွင် ကြည့်ပါ။

[382] တိုးတက်သော ဗုဒ္ဓဘာသာ ကရင့်အမျိုးသားတပ်မတော် (DKBA) သည် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ခွဲထွက်ပြီး ၁၉၉၅ ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ ဖွဲ့စည်းတည်ရှိခဲ့ပါသည်။ ဇူလိုင်လ ၂၀၁၅ တွင် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်မှ ရာထူးမှ ဖယ်ရှားခြင်းခံခဲ့ရသော တပ်မှူးများသည်။ ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ထိုတပ်မတော် ကိုပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ DKBA အင်အားစုများ မှခွဲထွက်ပြီး နယ်ခြားစောင့်တပ် အဖြစ်ပြန်လည်ဖွဲ့စည်း သောအဖွဲ့ဟု သတ်မှတ်ခြင်းခံရသော ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်နှင့် ဤတပ်ဖွဲ့ကိုမမှားစေလိုပါ။ DKBA ၏ဖွဲ့စည်းပုံကို ပိုမို၍သိလိုလျှင်"Inside the DKBA," KHRG, March 1996; နှင့် "Forced recruitment, forced labour: interviews with DKBA deserters and escaped porters," KHRG,November 2009 တို့တွင် ကြည့်ပါ။

[383] Source #32: "Papun Situation Update: Dwe Lo Township, July to October 2012" KHRG, February 2013 တွင် ကြည့်ပါ။

[384] Source #50 တွင်ကြည့်ပါ။

[385] Source #55: "Dooplaya Interview: Naw A---, July 2013," KHRG, October 2014 တွင်ကြည့်ပါ။

*"စာသင်ကျောင်းဆောက်ရာမှာ ကျွန်မရဲ့မြေတစ်ကွက်လုံးကို သိမ်းယူခဲ့ပါတယ်။ ကျွန်မ စိုက်ထားတဲ့ အပင်တွေအားလုံးလဲ ပျက်စီးကုန်ပါတယ်။ အစကတော့ အစိုးရက ကျွန်မအတွက် မြေတစ်ကွက် ရှာပေးမယ်ပြောတယ်။ အခုတော့သူတို့ အားလုံးမြို့ကို ပြန်ကုန်ပြီ။ ကျွန်မအတွက်လဲ မြေပြန်မရှာပေးဘူး။"*

နော် ဃ....(မ၊ ၂၇ နှစ်)၊ ဂ....ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၃ ဇူလိုင်လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[386]

ကုမ္ပဏီအမည်၊ တပ်ရင်းအမှတ်၊ သို့မဟုတ် အစိုးရ ဌာနများကဲ့သို့သော ကျူးလွန်သူများ၏ အသေးစိတ် အချက်အလက်များကို ထိခိုက်နစ်နာရသော ရွာသားများမှ အမြဲတမ်းမသိရှိကြပါ။ ဤကဲ့သော အချက်အလက်များကို အတိအကျ မသိရှိကြသောကြောင့် ချိုးဖောက်မှုများကို ခြေရာခံရန်ခက်ခဲပြီး ၎င်းတို့လုပ်ရပ်အတွက် တာဝန်ယူခိုင်းရန် မလုပ်ဆောင်နိုင်ကြပေ။

## အမျိုးသမီးများ၏ တုန့်ပြန်လုပ်ဆောင်ချက်များ

၂၀၁၂ ဇန်နဝါရီလ မှ ၂၀၁၆ မတ်လထိ KHRG အနေဖြင့် အမျိုးသမီးများမှ မြေယာများသိမ်းဆည်းခြင်းမခံရစေရန်နှင့်သိမ်းဆည်းခံရပါကလည်း တရားဥပဒေ၏ အကူအညီကိုရယူရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်ပုံများ တင်ပြ ထား သော သတင်းအချက်အလက်များ ၄၈ ခု ကိုလက်ခံရရှိခဲ့ပါသည်။ မြေယာများသိမ်းဆည်းခြင်း မခံရစေရန် လုပ် ဆောင် ချက်များတွင် အသုံးမပြုသော မြေလွတ်များကိုထိန်းသိမ်းထားရန် သို့မဟုတ် ပြန်လည်တောင်းယူရန် ကျေးရွာ ကော်မတီ များဖွဲ့ခြင်း၊[387] လယ်ယာမြေများနှင့် လူနေသောမြေများကို တရားဝင်မှတ်ပုံတင်ရန် ကြိုးစားခြင်း၊[388] စသည့် လုပ် ဆောင် ချက်များပါဝင်ပါသည်။ အချို့အမျိုးသမီးများက မျိုးရိုး စဉ်ဆက် အမွေဆက်ခံလာသော မြေများ သိမ်းဆည်းခြင်း မခံ ရရန်၊ ကာကွယ်လုပ်ဆောင်ရန် ၎င်းတို့၌တာဝန်ရှိကြောင်း အလေးအနက်ထုတ်ဖော်ပြောကြားပါသည်။[389]

မြေယာသိမ်းဆည်းမှုတော်တော်များများတွင်မှု မသိမ်းဆည်းမီနှင့် သိမ်းဆည်းပြီးချိန် နှစ်ခုလုံးတွင် အမျိုးသမီးများ ပါဝင်တုန့်ပြန်လုပ်ဆောင်ခြင်းရှိသည်ကို တင်ပြခြင်းများ မတွေ့ရပါ။ အချို့အမျိုးသမီးများက ပြန်လည်ဖိနှိပ်ခံရမည်ကို စိုးရိမ်သောကြောင့် မြေယာသိမ်းဆည်းခံရမှုအပေါ် တုန့်ပြန်တိုင်ကြားခြင်း မပြုလုပ်ကြပါဟု တင်ပြကြပါသည်။[390] အချို့အမျိုးသမီးများကလည်း တရားဥပဒေအကူအညီရယူရာတွင် အခက်အခဲ များကြုံတွေ့နိုင်ကြောင်း ကြိုတင်သိရှိ၍ တိုင်ကြားခြင်းမပြုကြပါ။ ဥပမာအားဖြင့် သက်ဆိုင်ရာအာဏာပိုင်များကို တိုင်ကြားသူများသည်လည်း လျစ်လျူရှုခြင်းကိုခံရခြင်း သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ ဆိုင်းငံ့ထားခြင်းခံရပါသည်။

*"မြို့နယ်တာဝန်ရှိသူများက ကျွန်မတို့ကို မြေသိမ်းထားတဲ့စစ်တပ်တာဝန်ရှိသူနဲ့ ပေးမတွေ့ဘူး။ သူတို့က စစ်တပ် အာဏာကို အလွဲသုံးစားလုပ်နေတာလို့ထင်တယ်။ စစ်တပ်က သူတို့ ကျွန်မတို့မြေ ပေါ်မှာ နေနေတဲ့ကိစ္စကို ကျွန်မတို့ သူတို့ကို မတိုင်ရဲဘူးလို့ထင်နေတယ်။သူတို့က ကျွန်မတို့ကိုတွေ့ခွင့်ပေးမယ်ဆိုရင် မြေကိစ္စဆွေးနွေးတိုင်ပင်လို့ရတာပေါ့။ အခုတော့ သူတို့က ကျွန်မတို့ကို ဟိုလိုလိုဒီလိုလိုလုပ်နေတယ်။ စစ်တပ်နဲ့ပဲပြောရမှာလား အစိုးရနဲ့ပဲပြောရ မှာ လား မသိဘူး။"*

နော် လ....(မ၊ ၅၃ နှစ်)၊ ခ....ကျေးရွာ၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/
ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း (၂၀၁၅ နိုဝင်ဘာလ တွင် တွေ့ဆုံမေးမြန်းခန်းလက်ခံရရှိခဲ့သည်။)[391]

အခြားသောမြေယာသိမ်းဆည်းမှုတစ်ခုတွင် သူမအနေဖြင့် တရားဥပဒေအရဆောင်ရွက်လိုပါက နေပြည်တော်သို့ သွားရောက် တိုင်ကြားရမည်ဟု နော် အ.... ကို တာဝန်ရှိသူက ပြောပါသည်။ ကျေးလက်တောရွာတွင်နေသော နော် အ....သည် နေပြည်တော်သို့တစ်ကြိမ်မျှရောက်ဖူးခြင်းမရှိပါ။

*"ရှင်တို့ကျွန်မကို နေပြည်တော်သွားခိုင်းရင် ကျွန်မ ဗမာစကားတတ်တတ် မတတ်တတ် သွားမှာဘဲ။ ကျွန်မ သူတို့ကို ဗမာလိုသွားပြောမယ်။ ကျွန်မ နေပြည်တော်သွားမယ်လို့ ပြောတော့ လူများတွေက ကျွန်မကို ဝိုင်းရယ်ကြတယ်။"*

နော် အ...(မ)၊ က...ကျေးရွာ၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၃ ဩဂုတ်လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[392]

---

[386] Source #55: "Dooplaya Interview: Naw A---, July 2013," KHRG, October 2014 တွင်ကြည့်ပါ။

[387] Source #156 တွင် ကြည့်ပါ။

[388] အထက်ပါအတိုင်း ကြည့်ပါ။

[389] အထက်ပါအတိုင်း ကြည့်ပါ။

[390] Source #54 တွင် ကြည့်ပါ။

[391] Source #156 တွင် ကြည့်ပါ

[392] Source #85 တွင် ကြည့်ပါ။ ဤတွေ့ဆုံမေးမြန်းခန်းကို နော် အ.....၏အမျိုးသား စော ဃ....နှင့်ပြုလုပ်ခြင်းဖြစ်ပါ သည်။ သို့သော် နော် အ...မှ ဘေးမှနေ၍ ခဏခဏဝင်ရောက်ပြောဆိုသောကြောင့် သူမ၏ပြောဆိုချက်များကို ဖော်ပြခြင်း ဖြစ်ပါသည်။ အကြောင်းအရာပိုမို၍သိလိုပါက ဤအစီရင်ခံစာနှင့်အတူအွန်လိုင်းတွင်

အမျိုးသမီးများစွာသည် သိမ်းဆည်းခံမြေများပြန်လည်ရရှိရေး သို့မဟုတ် လျော်ကြေးငွေရရှိရေးကို အောက်ခြေ ကျေးရွာ အာဏာပိုင်များ မှတဆင့် တရားဥပဒေ၏ အကူအညီကို ရယူဆောင်ရွက်ပါသည်။ အမျိုးသမီးများအများဆုံးသုံးသော နည်းလမ်းမှာ မြေယာသိမ်းဆည်း ခံရမှုအတွက် မိမိတို့၏ရွာသူကြီးထံ တင်ပြတိုင်ကြားကြ ခြင်းဖြစ်သည်။[393] ဤသို့ရွာသူ ကြီးများကို စတင်တိုင်ကြားတင်ပြရခြင်းမှာ အမျိုးသမီး များအနေဖြင့် သက်ဆိုင်ရာအထက်အာဏာပိုင်များနှင့် တိုက်ရိုက်ညှိနိုင်းရန် သူမတို့၌အင်အားမရှိ မည်ကို စိုးရိမ်ခြင်း သို့မဟုတ် တရားဝင်တိုင်ကြားခြင်းလုပ်ထုံးလုပ်နည်းများကို မသိရှိခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။ မိမိတို့တင်ပြတိုင်ကြားခြင်းကို ရွာသူကြီးမှ တက်တက်ကြွကြွ ဆောင်ရွက်ပေးခြင်းမရှိပါက အခြားရွာသားများ[394] သို့မဟုတ် မြေယာသိမ်းဆည်းခြင်းခံရသူ ကိုယ်တိုင်က မြို့နယ်၊ တိုင်းစသည်ဖြင့် ပိုမိုမြင့်မား သောအဆင့် များသို့တိုင်ကြားတင်ပြခြင်းအားဖြင့် တရားမျှတမှုကိုရှာဖွေကြပါသည်။

*"ကျွန်မမြေကိုကာကွယ်ဖို့ အကူအညီပေးမဲ့သူ တစ်ယောက်မှမရှိဘူး။ မော်လမြိုင်တရားရုံးသွားတာတို့စတဲ့ အမှုလိုက်စရာရှိတာ ကျွန်မတစ်ယောက်ထဲ လုပ်ရတယ်။ နောက်တော့ ကျွန်မလည်း ရွာသူကြီးကိုအကူအညီတောင်းတယ်။ သူတို့လည်းကျွန်မကိုကူညီ ပါတယ်။ သူတို့ကျွန်မကို မြေသိမ်းသူထံခေါ်သွားပေးတယ်။ ဒါပေမဲ့ အဲ့ဒီမြေသိမ်းတဲ့လူတွေက ကျွန်မပြောတာတွေကို နားမထောင်ပါဘူး။"*

ဒေါ် တ.....(မ၊ ၃၂ နှစ်)၊ ခ...ကျေးရွာ၊ ဝင်းရင်း မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၅ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[395]

တရားရုံးများသို့ လူကိုယ်တိုင်သွားရောက်ခြင်း မပြုဘဲ သက်ဆိုင်ရာအာဏာပိုင်များထံ တိုင်ကြားစာရေး သားပေးပို့ခြင်း သည်လည်းအမျိုးသမီးများ အသုံးပြုသော နည်းလမ်းတစ်ခုဖြစ်ပေသည်။ တိုင်ကြားစာတွင် သိမ်းဆည်းခံမြေပြန်ရရှိရေး၊ မြေသိမ်းဆည်းခံရ ခြင်းကြောင့် သူတို့၏ ဘဝနှင့် အသက်မွေးဝမ်းကျောင်း အပေါ်သက်ရောက်မှုများ၊ မြေယာ သိမ်းဆည်းမှု ကျူးလွန်သူအား အရေးယူပေးရန် နှင့် သူမတို့ အတွက် သင့်လျော်သော လျော်ကြေးငွေဖောင်ပုံစံများပေးစေရေး စသည့် အချက်များကို ရှင်းလင်းစွာ ရေးသားဖော်ပြပါသည်။

*"ကျွန်မက ကော့ကရိတ်မြို့နယ် ရေပုကြီးကျေးရွာအုပ်စု လ....ကျေးရွာတွင် နေထိုင်သူတစ်ဦးဖြစ် ပါသည်။ ခြေမြန် တပ်ရင်း[396] အမှတ် ၅၄၆ မှ ကွယ်လွန်သူ ကျွန်မဖခင် ဦးတင်လှပိုင်မြေများကို သိမ်းယူခဲ့ပါသည်။ မြေကွက်အမှတ် ၉၁(က) ကျုံဒိုးတောင်ဘက်၊ မူလပိုင်ရှင် မြေကွက်အမှတ် ၁၃၆(ခ) ကို တပ်ပိုင်မြေအဖြစ် သိမ်း ယူခဲ့ပါသည်။ လျော်ကြေး ငွေမရရှိခဲ့ပါ။ မြေစာရင်းမှတ်တမ်းအရ အထက်ဖော်ပြပါ မြေသည် အကျယ်အဝန်း ၁၀.၅၀ ဧကရှိပါသည်။ သို့သော် တိုင်ကြားစာတွင် သူမက ၁၀ ဧကဟုသာ မှားယွင်းဖော်ပြခဲ့ပါသည်။ ကျွန်မတို့ မျိုးရိုးစဉ်ဆက် လုပ်ကိုင်စားသောက် ခဲ့သော ကျွန်မဖခင်ဦးတင်လှအမည်ပေါက် မြေကွက်မှာ ပြန်လည်ရရှိ လုပ်ကိုင် စားသောက် နိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့် ကျွန်မအနေဖြင့် သင့်တော်သော မြေနေရာ အစားထိုးပြန်ပေးရန် သို့မဟုတ် ကာလပေါက်ဈေးဖြင့် လျော်ကြေးငွေပေး ဆောင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။"*

တိုင်ကြားစာ ရေးသားသူ ဒေါ် မ....(မ)၊ ကျုံဒိုးမြို့ နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၃ အောက်တိုဘာလတွင် လက်ခံရရှိခဲ့သည်။)[397]

တိုင်ကြားစာများတွင် အမျိုးသမီးများက သင့်တော်သောနည်းလမ်းများဖြင့် တရားဥပဒေအရ မျှတစွာ အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုကြပါသည်။ နည်းလမ်းများတွင် ဆုံးရှုံးသွားသော သို့မဟုတ် ပျက်စီးသွားသောမြေများအတွက် လျော်ကြေးပေးရန်၊ သိမ်းဆည်းထားသောမြေများပေါ်တွင် လုပ်ဆောင်သော လုပ်ငန်းများကို ကန့်ကွက်ခြင်း၊ နှင့် သိမ်းဆည်းထားသောမြေများ ပြန်ပေးရန် တိုက်ရိုက်တောင်းဆိုခြင်း စသည်တို့ပါဝင်ပါသည်။ မြေသိမ်းခြင်းကြောင့် ၎င်းတို့၏ စားဝတ်နေရေး အတွက်ထိခိုက်မှုဖြစ်စေခြင်းကိုလည်း အသေးစိတ်ဖော်ပြထားပါသည်။

တိုင်ကြားစာပေးပို့တိုင်ကြားခြင်းသည် မြေယာသိမ်းဆည်းခံရခြင်းအတွက် တုန့်ပြန်လုပ် ဆောင်ရန် နည်းလမ်းကောင်း တစ်ခုဖြစ်သော်လည်း တိုင်ကြားစာပေးပို့ရန် သက်ဆိုင်သောအာဏာပိုင် သို့မဟုတ် အစိုးရဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခက်အခဲ အတားအဆီး များစွာကို မကြာခဏရင်ဆိုင်ရပါသည်။ တိုင်ကြားစာပေးပို့ရန် ကုမ္ပဏီတာဝန်ရှိသူ ထံပေးပို့ရမည်လား သို့မဟုတ် အစိုးရတာဝန်ရှိ သူထံပေးပို့ရမည်လားဆိုသည့် ရှင်းလင်းသေချာသော လုပ်ငန်းစဉ် လည်းမရှိပါ။

ထုတ်ဝေသော အသေးစိတ်ရေးထားသော Appendix တွင်ကြည့်ပါ။

393 Sources #97, Source #111, Source #113, Source #114 နှင့် Source #86 တို့တွင် ကြည့်ပါ။

394 Source #128: "Forced relocation and destruction of villagers' shelters by Burma/Myanmar government officials and police in Hpa-an Township, Thaton District, June 2015," KHRG, August 2015 တွင် ကြည့်ပါ။

395 Source #148 တွင် ကြည့်ပါ။

396 တပ်မတော် ခြေလျင်တပ်ရင်းတစ်ရင်းကို စစ်သား ၅၀၀ ဖြင့်ဖွဲ့စည်းပါသည်။ သို့သော်လည်း တပ်မတော်မှ ခြေလျင် တပ်ရင်း အများစုသည် စစ်သား ၂၀၀ ထက်နည်းသော အားနည်းသောပမာဏဖြင့်ဖွဲ့စည်းပါသည်။ ခမရ များကို ထိုးစစ် စစ်ဆင်ရေးများအတွက် များသောအားဖြင့်အသုံးပြုသော်လည်း တစ်ခါတစ်ရံတွင် မြို့စောင့်တပ်တာဝန်များကိုလည်း ယူပါသည်။

397 Source #100 တွင်ကြည့်ပါ။

*"ကျွန်မတို့ တိုင်စာ တစ်ကြိမ်၊ နှစ်ကြိမ်ပေးပို့ဖူးပါတယ်။ ဒါပေမဲ့ သူတို့က သက်ဆိုင်ရာအထက်လူကြီးဆီကို ဆက် မတင် ပေးပါဘူး။သူတို့က ခင်ဗျားတို့မှာ မြေငှားဂရမ် ပိုင်ဆိုင်ကြောင်း အထောက်အထားမရှိဘဲနဲ့ ဒီကိစ္စ မလွယ်ပါ ဘူး လို့ ပြောတယ်။ တတိယအကြိမ်တိုင်စာပို့တော့ အထက်လူကြီးဆီရောက်ပါတယ်။ လူကြီး တွေက ဒီမြေယာကိစ္စကို စုံစမ်း စစ်ဆေးပေးဖို့ အောက်ကဝန်ထမ်းတွေကို ညွှန်ကြားပါတယ်။ ဒါပေမဲ့ ကျွန်မထင်တာက သူ့လက်ထောက်က ကျွန်မတို့ကို ကူညီမှာမဟုတ်ဘူး။ သူတို့က ကရင်လူမျိုးတွေက အေးအေးဆေးဆေးနေ တတ်တဲ့လူဆိုတာသိတော့ ကျွန်မတို့ကို သေသေချာချာ မလုပ်ပေးဘူး။"*

နော် လ....(မ၊ ၅၃ နှစ်)၊ ခ...ကျေးရွာ၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း (၂၀၁၅ နိုဝင်ဘာလ တွင်လက်ခံရရှိခဲ့သည်။)[398]

အဖြစ်အပျက်တစ်ခုတွင် တောင်ငူခရိုင်မှ နော် ဆ....က သူမတို့ဒေသခံများသည် သိမ်းဆည်းခံရမည့် မြေယာအတွက် မြို့နယ်အရာရှိများ နှင့်တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့သည်ဟု တင်ပြခဲ့ပါသည်။ စီမံကိန်းနှင့် ပတ်သက်၍လည်း သူမတို့သဘောမပါဝင်ကြောင်း တိုင်ကြားစာ ပေးပို့ခဲ့ပါသည်။

*"မြို့နယ်လူကြီးတွေက အစိုးရနှင့်ကုမ္ပဏီတို့သည် ကျွန်မတို့ပိုင်မြေများကို သိမ်းဆည်းမယ်လို့ပြောပါတယ်။ ကျွန်မတို့လည်း မခံနိုင်ဘူး။ ဒါပေမဲ့ ဘယ်လိုလုပ်ရမှန်းလဲမသိဘူး။ ကျွန်မတို့ မြို့နယ်အရာရှိနဲ့တိုင်ပင်တော့ အရာရှိကကျွန်မတို့ကို တိုင်ကြားစာပို့ဖို့ ကူညီ ပေးပါတယ်။"*

နော် အ....(မ၊ ၃၉ နှစ်)၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း (၂၀၁၅ ဇန်နဝါရီလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[399]

တိုင်ကြားစာများတွင် အမျိုးသမီးများက မြေယာသိမ်းဆည်းခံရခြင်းသည် ၎င်းတို့အသက်မွေးဝမ်းကျောင်းအတွက် ဆိုးကျိုးများသက် ရောက်စေကြောင်းကိုလည်း အသေးစိတ်ဖော်ပြထားပါသည်။ မြေသိမ်းခံရခြင်းအမှုတစ်ခုတွင် အမျိုးသမီး တစ်ဦးက သူမအနေဖြင့် ဆည် တည်ဆောက်မှုကြောင့် ဆုံးရှုံးသွားသောသူမ၏မြေများအတွက် ကုမ္ပဏီမှ လျော်ကြေးငွေ ရရှိပြီးဖြစ်သော်လည်း ဆည်ကြောင့် ရေလွှမ်းမိုးမှု ဧရိယာကျယ်ပြန့်လာပြီး သူမ၏စိုက်ပျိုးသီးနှံများပျက်စီးရကြောင်း တိုင်ကြားစာရေးသားပေးပို့ပါသည်။ ထိုအကျိုးဆက်ကြောင့်သူမအနေဖြင့် သူမ၏ကလေးများကို ကျောင်းမထားနိုင်တော့ကြောင်း တင်ပြတိုင်ကြားပါသည်။

*"ကျွန်မရဲ့ စိုက်ပျိုးသီးနှံ ပျက်စီးဆုံးရှုံးသွားရလို့ ကလေးတွေကို ကျောင်းမထားနိုင်တော့ ပါဘူး။ ပညာရေးရော စီးပွားရေး ပါဆုံးရှုံးရပါတယ်။ ဒါကြောင့် ကျွန်မတို့ကသက်ဆိုင်ရာကို လိုအပ်တဲ့အကူအညီပေးနိုင်ဖို့ တင်ပြရ တာပါ။"*

တိုင်ကြားစာ ရေးသားသူ မ ဂ...(မ)၊ ကျောက်မီးတောင်ကျေးရွာအုပ်စု၊ လယ်ဒိုစိုးမြို့နယ်၊ မြိတ်-ထားဝယ် ခရိုင်/ တနင်္သာရီတိုင်းဒေသကြီး (၂၀၁၂ နိုဝင်ဘာလတွင် လက်ခံရရှိခဲ့သည်။)[400]

## အခြားသော တုန့်ပြန်လုပ်ဆောင်သည့် နည်းလမ်းများ

ဒူးပလာယာ၊ ဖားအံ၊ နှင့် တောင်ငူခရိုင်များမှရရှိသော သတင်းအချက်အလက်များအရ အမျိုးသမီးများသည် မြေယာ သိမ်းဆည်းခြင်းကို တုန့်ပြန်သောအနေဖြင့် သိမ်းဆည်းသူများနှင့်တွေ့ဆုံညှိနှိုင်းမှုပြုလုပ်ပါသည်။[401] KHRGမှရရှိသော သတင်းအချက်အလက်များတွင်အမျိုးသမီး များသည် မြေအစားထိုးပြန်တောင်းခြင်း၊ သို့မဟုတ် သိမ်းဆည်းသူ များနှင့် တိုက်ရိုက် ရင်ဆိုင်ခြင်း စသည့်နည်းဗျူဟာများကို[402] အသုံးပြု ကြောင်းတွေ့ရှိရပါသည်။ ဥပမာတစ်ခုတွင် ဒေသခံ အမျိုးသမီးများသည် ပဋိပက္ခကြောင့်ထွက်ပြေးတိမ်းရှောင်ရာမှမိမိရွာသို့ပြန် လာသောအခါ မိမိပိုင်မြေများ သိမ်းဆည်းခံထားရကြောင်း တွေ့ရပါသည်။ သူတို့က ဆောက်လုပ်ရေးတွင် ပါဝင်သောသူများနှင့် ရင်ဆိုင်ဆွေးနွေး ပါသည်။

*"၂၀၁၃ ခုနှစ်မှာ ကျွန်မတို့ရွာပြန်လာတော့ ကျွန်မတို့က မြန်မာအစိုးရ ဆောက်လုပ်ရေးသမားများကို 'ကျွန်မတို့မြေကိုဘာလို့ညှိနေရတာ လဲ' လို့မေးပါတယ်။ သူတို့က 'ရွာသူကြီးအခွင့်ပေးလို့ လုပ်တာပါ'လို့ပြန်ပြောပါတယ်။ ရွာသူကြီးက ဆောက်ခွင့်ပေးတော့ သူတို့က မြေညှိတာတွေလုပ်တာပေါ့။"*

မ န....(မ၊ ၄၄ နှစ်)၊ ဂ..ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၃ ဇူလိုင်လ တွင်လက်ခံရရှိခဲ့သည်။)[403]

[398] Source #156 တွင် ကြည့်ပါ။

[399] Source #127: "Toungoo Interview: Naw A---, January 2015" KHRG, August 2015 တွင် ကြည့်ပါ။

[400] Source #16: "Complaint Letter to the Mergui-Tavoy District administrator concerning land damage from mining," KHRG, June 2014 တွင် ကြည့်ပါ။

[401] Source #56: "Dooplaya Interview: Ma A---, May 2013" KHRG, January 2015 တွင် ကြည့်ပါ။

[402] အထက်ပါအတိုင်း ကြည့်ပါ။

[403] အထက်ပါအတိုင်း ကြည့်ပါ။

အဖြစ်အပျက်တစ်ခုတွင် တောင်ငူခရိုင် မှ အမျိုးသမီးလယ်သမားတစ်ဦးဖြစ်သော နော် က....သည် စီးပွားဖြစ် စိုက်ခင်း များလုပ်ဆောင်ရန် ဒေသခံမြေယာများသိမ်းဆည်းသည့်အပေါ် ခုခံကာကွယ်ရာတွင် အကြမ်းဖက်တုန့်ပြန်မှုကို ရင်ဆိုင် ခဲ့ရပါသည်။ သူမ၏ ခုခံကာ ကွယ်မှုသည်လည်း အရာမရောက်ရှိခဲ့ပေ။

*"ရာဘာစိုက်ပျိုးဖို့ ကျွန်မ စိုက်ခင်းနားမှာရှိတဲ့ အပင်တွေကို ခုတ်ပစ်ကြမလို့ ကျွန်မခွင့်မပြုနိုင်ဘူးလေ။ အပင်တွေ ကို ခုတ်ပစ်ရင် ရာသီဥတု ပိုပူလာမှာပေါ့။ ဓာတ်မြေဩဇာတွေလည်း သုံးတာများလာတော့ ပတ်ဝန်းကျင်ပိုထိခိုက်လာမယ်။ ကျွန်မက ခွင့်မပြုတော့ မြေပိုင်ရှင်အလုပ်သမားက ကျွန်မကို ဓားမနဲ့ရွယ်ပါတယ်။ ကျွန်မက 'ခုတ်လေ'လို့သူကို ပြောပါတယ်။ ဒါပေမဲ့သူက မခုတ်ပါဘူး။ အခုတော့သူတို့သစ်ပင်တွေအားလုံးခုတ်ပြီး ရာဘာစိုက်ကြပြီ။ ကျွန်မသူတို့ကို တားဖို့ ကြိုးစားပေမဲ့ တားလို့မရဘူး။"*

နော် က....(မ၊ ၄၃ နှစ်)၊ ဆ...ကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(၂၀၁၅ မတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[404]

အချို့မြေသိမ်းမှုများတွင် အမျိုးသမီးများသည် ငွေကြေးများစွာပေးမှသာ ၎င်းတို့ပိုင်ဆိုင်သောမြေကိုပြန်လည်ရရှိပါသည်။ အမှုတစ်ခုတွင် ဖားအံခရိုင်အတွင်း နယ်ခြားစောင့်တပ် နယ်မြေတပ်မှူးကြာအေးသည် အမျိုးသမီးတစ်ဦးပိုင်မြေကို ငွေကျပ် ၆၀၀ ၀၀၀ ဖြင့်ပြန်လည်ရွေးယူစေပါသည်။ ထိုအမျိုးသမီးသည် ငွေရရှိရန် သူမပိုင် ရွှေထည်ပစ္စည်းများကို ရောင်းချခဲ့ရပါသည်။ သူမ ငွေသွားပေးမှသာ တပ်မှူးကြာအေးမှ သူမပိုင်မြေကွက်ကို ပြန်ပေးခဲ့ပါသည်။[405]

## မြေယာပိုင်ဆိုင်မှုအတွက် မှတ်ပုံတင်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများသည် သူမတို့ပိုင်မြေယာများကို သိမ်းဆည်းခြင်းမှ ကာကွယ်နိုင်ရန် တရားဝင်မြေငှားဂရမ် ရရှိရန် ရုံးတွင်လျှောက်ထားခြင်းကို နည်းဗျူဟာတစ်ခု အနေဖြင့် အသုံးပြုကြောင်း KHRG မှ တွေ့ရှိရပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် အမျိုးသမီးများသည် ၎င်းတို့မြေယာပိုင်ဆိုင်မှုကိုရှေးရိုးရာအစဉ်အလာဓလေ့ထုံးတမ်းများဖြင့်သာ လက်ဆင့်ကမ်းပိုင်ဆိုင်ခဲ့ခြင်းကြောင့် အချို့ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ဆောင်သူများက သူမတို့၏ပိုင်ဆိုင်မှုများကို လက်မခံကြပါ။ ထို့ကြောင့် ထိုအမျိုးသမီးများသည် ၎င်းတို့၏မြေယာများ သိမ်းဆည်းခံရမည်ကို စိုးရိမ်နေ ကြရပါသည်။[406] အမျိုးအမီးများသည် မြေယာများကို ရိုးလာဓလေ့ထုံးတမ်းအရ လက်ဆင့်ကမ်း နေထိုင် လုပ်ကိုင်လာကြခြင်းဖြစ်သောကြောင့် တရားဝင်မြေပိုင်ဆိုင်ခွင့် အထောက်အထားမရှိကြပါ။ ထို့ကြောင့်သူမတို့၏ မြေယာများ သိမ်းဆည်းခံရမည်ကို စိုးရိမ်ကြကြောင်းဖော်ထုတ် ပြောကြားပါသည်။

မြေပိုင်ဆိုင်ကြောင်း တရားဝင်မြေဂရမ် ရရှိရန် လုပ်ဆောင်ရာတွင် အခက်အခဲအမျိုးမျိုး နှင့် ရင်ဆိုင်ကြရကြောင်း အမျိုးသမီးများကပြောပြပါသည်။ အချို့သောအခြေအနေတွင် တရားဝင်အထောက်အထား ရှိသော်လည်း မြေသိမ်းဆည်း မခံ ရရန် အာမခံချက် မရှိပေ။[407] နေရာဒေသအပေါ်မူတည်ပြီး မြန်မာအစိုးရထံမှလည်းကောင်း ကရင်အမျိုးသား အစည်း အရုံး ထံမှလည်းကောင်း မြေယာပိုင်ဆိုင်ကြောင်း တရားဝင်အထောက် အထားရရှိရန် ကြိုးစားလုပ် ဆောင်ကြကြောင်း အမျိုးသမီးများမှပြောဆိုတင်ပြပါသည်။ ဤအချက်က တရားဝင်ပိုင်ဆိုင်ကြောင်း အထောက်အထားရရှိရန် လုပ်ဆောင်ရာတွင် ရွာသားများအတွက်ရှုပ်ထွေးမှုရှိသည်ကို တွေ့မြင်ရပါမည်။ အဖြစ်အပျက်တစ်ခုတွင် အမျိုးသမီး တစ်ဦးသည် မြေငှားဂရမ် ရရှိရန် လျှောက်ထားရာတွင် မြန်မာအစိုးရမြေတိုင်းစာရေးကို တစ်ဧက ၇၀၀၀ ကျပ်နှုန်း ပေးခဲ့ရပါသည်။[408] မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကေအဲန်ယူ ထိန်းချုပ်နယ်မြေတွင် အသုံးပြုသော ကေအဲန်ယူ၏ မြေယာမှတ်ပုံတင်ခြင်း စနစ်တွင် ရွာသားများ၏မျိုးရိုးစဉ်ဆက်မြေယာ လက်ဆင့်ကမ်းပိုင်ဆိုင်ခြင်းကို ထည့်သွင်း စဉ်းစားပေးခြင်း ရှိကြောင်း ရွာသားများကလက်ခံထားပါသည်။ ထိုကေအဲန်ယူမှတ်ပုံတင်ခြင်းစနစ်ကို ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင် အစိုးရ၏ မှတ်ပုံတင်ခြင်းစနစ် နှင့်ယှဉ်တွဲအသုံးပြုပါသည်။ သို့မဟုတ် အစားထိုးအသုံးပြုပါသည်။ သို့သော် အချို့အဖြစ်အပျက်များတွင် အထက်ပါကဲ့သို့သော တရားဝင်အထောက်အထား မရှိဘဲ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း မြေယာပိုင်ဆိုင်ခြင်းကို တပ်မတော်ကဲ့သို့သော အချို့သောသူများက လက်ခံခြင်းမရှိပေ။[409] အမျိုးသမီးတစ်ဦးက ရွာသား များစွာသည် ယခင်က နယ်မြေအေးချမ်းတည်ငြိမ်မှုမရှိသောကြောင့် မြေယာမှတ်ပုံတင်ခြင်းပြုလုပ်ရန် မဖြစ်နိုင်၍ ၎င်းတို့ တွင် တရားဝင် အထောက်အထားများမရှိကြပါဟု ရှင်းပြပါသည်။ သို့မဟုတ် ရွာသားများက အိမ်မှထွက်ပြေး သောအခါ အထောက်အထားစာရွက်စာတမ်းများ ပျောက်ဆုံးသွားခြင်းကြောင့်လည်းကောင်း၊ မြေယာများကိုအစိုးရနှင့်နီးစပ်သူများကိုသာထုတ်ပေးခြင်းကြောင့်လည်းကောင်း ရွာသားများတွင်တရားဝင်အထောက်အထားများမရှိကြပါ။

[404] Source #130 တွင် ကြည့်ပါ။

[405] Source #58 တွင်ကြည့်ပါ။

[406] Source #99 နှင့် Source #98 ဤ Source နှစ်ခုလုံးသည် အမျိုးသမီးများ၏ ဘိုးစဉ် ဘောင်ဆက် နေထိုင်လာသည့်မြေနှင့် ဒေသခံ မြေဂရမ်များ၏ အကြောင်းများရှိသော်လည်း လယ်ယာမြေအသိမ်းခံရ သည့် အကြောင်း ကို ဖော်ပြထားပါသည်။

[407] ဥပမာကို ဤအခန်း၏နောက်ဆုံးရှိ လေ့လာတွေ့ရှိချက် - သထုံခရိုင် ဟူသော ခေါင်းစဉ်အောက်တွင်ကြည့်ပါ။

[408] Source #126: "Toungoo Interview: Naw A---, January 2015," KHRG, October 2015 တွင်ကြည့်ပါ။

[409] Source #43 တွင် ကြည့်ပါ။

*"ပဋိပက္ခများဖြစ်ပွားနေသောအချိန်ဖြစ်တဲ့အတွက် ရွှေကျင်နှင့် လယ်ဒို(ကျောက်ကြီး) မြို့နယ်တွေမှာ ရွာသားတွေ မြေပိုင်ဆိုင်ခွင့် အထောက်အထားဂရမ် တစ်ယောက်မှမရှိဘူး။ အခုအချိန်မှာလည်း ဂရမ် မရှိတဲ့သူအများကြီးရှိတယ်။ ဒါပေမဲ့ စစ်တပ်လူကြီးပိုင်း နဲ့ ဆက်စပ်နေတဲ့သူတွေအတွက် ဂရမ်ရှိပြီး စစ်တပ်နဲ့ ဆက်စပ်မှုမရှိတဲ့သူတွေမှာ ဂရမ်မရှိဘူး။"*

နော် လ...(မ၊ ၅၃ နှစ်)၊ ခ...ကျေးရွာ၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း
(၂၀၁၅ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[410]

အချို့အမျိုးသမီးများက ၎င်းတို့သည် မြန်မာအစိုးရမှ အသိအမှတ်ပြုထုတ်ပေးသော ပုံစံ ၇ ဖြင့် မိမိတို့ပိုင်ဆိုင် သော မြေများကို မည်ကဲ့သို့ မှတ်ပုံတင် သို့မဟုတ် သက်တမ်း တိုးရမည်ကို မသိရှိကြပါဟု တင်ပြပြောဆိုကြပါသည်။[411] အမျိုး သမီးများက မြေယာဥပဒေ ကို သိရှိနားလည်ရန်နှင့် ရယူအသုံးချနိုင်ရန် ကြီးမားသော အခက်အခဲအ တားအဆီး များရှိသည်ဟု ပြောဆိုတင်ပြကြပါသည်။ ဤအတားအဆီးများသည် အမျိုးသမီးများ၏မြေယာနှင့်ပတ်သက်ပြီး မလုံခြုံ သည့်ခံစားချက်များဖြစ်ပေါ်စေပါသည်။

*"ကျွန်မတို့စိတ်မကောင်းတာတစ်ခုက ကျွန်မတို့မြေပေါ်မှာကျွန်မတို့ကြိုးစားလုပ်ကိုင်ကြတယ်၊ အစိုးရကကျွန်မတို့ကို မြေဂရမ် မထုတ်ပေးဘူးဆိုရင် ကျွန်မတို့မြေကို ကျွန်မတို့ မပိုင်ဆိုင်ရတော့ဘူးလား။ သူတို့(နယ်မြေခံတပ်)က ကျွန်မတို့ မြေကိုသိမ်းတယ်။ လျော်ကြေးလည်း မပေးဘူးဆိုတော့ ဘယ်လိုလုပ်ပေး မှာလဲ။ ကျွန်မတို့က မြေဆုံးရှုံးရမယ်ဆိုရင် သူတို့ကလည်းကျွန်မတို့ကို တစ်ခုခုပြန်ကူညီသင့်တယ်။"*

နော် ဇ....(မ၊၆၀ နှစ်)၊ တ...ကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(၂၀၁၅ ဇူလိုင်လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[412]

## လျော်ကြေးပေးခြင်း

KHRG သတင်းစုဆောင်းရာနေရာဒေသ ၇ ခုလုံး ရှိ အမျိုးသမီးအချို့သည် သိမ်းဆည်းခံမြေများအတွက် လျော်ကြေး ငွေပေးရန် ကမ်းလှမ်းခံရခြင်း သို့မဟုတ် လျော်ကြေး ငွေများ ပုံစံတစ်မျိုးမျိုးဖြင့်ရရှိကြောင်းကို KHRG ထံ တင်ပြ သတင်းပေးပို့ကြပါသည်။ ပုဂ္ဂလိကကုမ္ပဏီများပါဝင်ပတ်သက်သော မြေယာသိမ်းဆည်းမှုအများစုတွင် အမျိုးသမီးများ သည် လျော်ကြေးငွေရရှိကြပါသည်။ နယ်ခြား စောင့်တပ်နှင့် တပ်မတော်စစ်သားများမှလည်း သိမ်းဆည်းခံ မြေများအတွက် ပုံစံတစ်မျိုးမျိုးဖြင့် လျော်ကြေးပေးခြင်းရှိကြောင်း သတင်းပေးပို့ချက်များကိုလည်း KHRG မှလက်ခံရရှိပါသည်။[413] လျော်ကြေးငွေပေး သော အမှုတော်တော်များများတွင် လျော်ကြေးငွေပမာဏနှင့် ပတ်သက်၍ ကျေနပ်မှုမရှိကြကြောင်း အမျိုးသမီးများကပြောပါသည်။

အဖြစ်အပျက်တစ်ခုတွင် ဖာပွန်ခရိုင် ဒွယ်လိုးမြို့နယ်နေ နော် ခ...က သူမကိုအကြောင်း ကြားပြီးနောက် သူမပိုင်မြေများကို သိမ်းဆည်းပါမည်ဟုရှင်းပြပါသည်။ နယ်ခြား စောင့်တပ်မှ စစ်သားများကသူမမြေအတွက် တစ်ဧကကို ၄၅၀ ၀၀၀ ကျပ်ဖြင့် လျော်ကြေးပေးရန်ကမ်းလှမ်းပါသည်။ သူမက ပိုပေးရန်တောင်းဆိုသောအခါ သူတို့က ဤပမာဏဖြင့်ကျေနပ်ရန်ပြောပြီး မကျေနပ်ပါက တစ်ကျပ်မျှရမည်မဟုတ်ကြောင်းပြန်ပြောပါသည်။[414] မြေယာသိမ်းဆည်းခံရမှုတွင် သိမ်းဆည်းသူမှ ပေးသော လျော်ကြေးငွေသည် လက်ခံကျေနပ်လောက်သော ပမာဏရှိသည်ဟု တင်ပြပြောဆိုချက်ကို KHRG အနေဖြင့် လက်ခံရရှိခြင်းမရှိသေးပါ။

အမျိုးသမီးများ၏တင်ပြချက်များတွင် တူညီသောအချက်မှာ သိမ်းဆည်းသူများသည် အမျိုးသမီးများကို ခြိမ်းခြောက်ပြီး သင့်တင့်လျောက်ပတ်ခြင်းမရှိသောလျော်ကြေးငွေကို အတင်းအကျပ်လက်ခံစေကြောင်း တင်ပြချက်ဖြစ်ပါသည်။ ဖာပွန် ခရိုင်မှအမျိုးသမီးတစ်ဦးသည် ရွှေတူးဖော်ရေးအတွက် သူမပိုင်မြေနှစ်ဧကကို လမ်းဖောက်လုပ်ရန် ပေးလိုက်ရပြီး ကတိပေးထားသော လျော်ကြေးငွေ၏ တစ်ချို့တစ်ဝက်ကိုသာ ရရှိခဲ့ပါသည်။ သူမသည် ပေးသည့်ပမာဏကိုသာယူရန် သို့မဟုတ် တစ်ကျပ်မျှပေးမည်မဟုတ်ဟုခြိမ်းခြောက်ခံခဲ့ရပါသည်။

*"အစက သူတို့ကကျွန်မကို ကျပ်သိန်း ၄၀ ပေးမယ်လို့ပြောပါတယ်။ ဒါပေမဲ့ ကျွန်မ ၃၄ သိန်းကျပ်ပဲရရှိခဲ့ပါတယ်။ သူတို့ က 'ကျွန်မအနေနဲ့ စကားများပြီး မကျေမနပ်ပြောရင် တစ်ကျပ်မှ ရမှာ မဟုတ်ဘူး' လို့ကျွန်မကိုပြောပါတယ်။ အဲ့ဒါနဲ့ ကျွန်မ လည်းဘာမှမပြောရဲတော့ဘူး။"*

မြေယာသိမ်းဆည်းမှတ်တမ်းလွှာ၊ ရေးသားတင်ပြသူ နော် မ...(မ)၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/
ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၅ ဇန်နဝါရီလ တွင်လက်ခံရရှိခဲ့သည်။)[415]

---

[410] Source #156 တွင် ကြည့်ပါ။

[411] Source #127: "Toungoo Interview: Naw A---, January 2015," KHRG, August 2015 တွင်ကြည့်ပါ။

[412] Source #101 တွင် ကြည့်ပါ။

[413] Source #31 နှင့် Source #84 တို့တွင် ကြည့်ပါ။

[414] Source #32: "Papun Situation Update: Dwe Lo Township, July to October 2012," KHRG, February 2013 တွင် ကြည့်ပါ။

[415] Source #111 တွင် ကြည့်ပါ။

အမျိုးသမီးများစွာက မြေယာဆုံးရှုံးမှုအတွက် ငွေကြေးအရလျော်ကြေးပေးခြင်းသည် သင့်တော်သော ဖြေရှင်းနည်း မဟုတ်ပါဟု ပြောကြားပါသည်။ အဘယ်ကြောင့်ဆိုသော် လျော်ကြေးငွေသည် တခဏတာအတွက်သာဖြစ်ပြီး မြေယာပိုင်ဆိုင်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် တစ်ဘဝလုံးရေရှည် အသုံးဝင်နိုင်သောကြောင့် ဖြစ်သည်။

## အာဏာပိုင်များမှ စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးခြင်း

အမျိုးသမီးများအနည်းငယ်ကသာ ၎င်းတို့မြေယာများ သိမ်းဆည်းခံရသည့်အပေါ် ကြံ့ခိုင်ရေးပါတီဦးဆောင်သောအစိုးရမှကိုယ်စားလှယ်များက လာရောက်စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးသည့်အကြောင်း တင်ပြချက်ကို KHRG မှလက်ခံရရှိပါသည်။ ဤကဲ့သို့ စုံစမ်း စစ်ဆေးမှုပြုလုပ်ပေးခြင်းသည် လွန်ခဲ့သော ၁၉၉၀ ခုနှစ်များအတွင်း တပ်မတော်က အမျိုးသမီးများထံမှ သိမ်းယူခဲ့သော မြေယာအမှုများသာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။[416]

အဖြစ်အပျက်တစ်ခုတွင် နန်း က...နှင့် ၎င်းရွာရှိအမျိုးသမီးများသည် သူမတို့ပိုင်ဆိုင် သောမြေယာများကို ၁၉၉၁ နှင့် ၁၉၉၂ ခုနှစ်များအတွင်း တပ်မတော်မှ သိမ်းယူခဲ့ခြင်းကို သက်ဆိုင်ရာဌာနများသို့ တင်ပြခဲ့ပါသည်။ သူမတို့၏ တင်ပြချက် အောင်မြင်ခဲ့ပြီး လယ်ယာမြေစုံစမ်းစစ်ဆေးရေးကော်မရှင်[417] က ကရင်အမျိုးသမီး လွှတ်တော်အမတ်နှင့်အတူ လာရောက် ကြည့်ရှုစစ်ဆေး ပေးခဲ့ပါသည်။ သို့သော် ဤမြေယာများကို နှစ်ပေါင်း ၂၀ ကျော် အသုံးပြုလာခဲ့သော တပ်မတော်သားများက စုံစမ်းစစ်ဆေးမှုကို တားဆီး နှောင့်ယှက်ခဲ့ပါသည်။ နန်း က...အနေဖြင့် ဤသတင်းအချက်အလက်ပေးပို့နေစဉ် အချိန်ထိ လယ်ယာမြေစုံစမ်းစစ်ဆေးရေး ကော်မရှင်ထံမှ မည်သည့်သတင်းမျှမရရှိတော့ပါ။[418]

အမျိုးသမီးများအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များမှတဆင့် တရားဥပဒေအကူအညီ ရယူရာတွင် ကြီးမားသော အခက်အခဲအတားအဆီးများက ဆက်လက်တည်ရှိနေပါ သည်။ ညောင်လေးပင်ခရိုင်မှ အမျိုးသမီးမြေပိုင်ရှင် နော် လ..က ကျွန်မတို့ရွာသားတွေ မြေသိမ်းခံရခြင်းကို မြို့နယ်အရာရှိများထံ တင်ပြပြီးသော်လည်း အခြားသော အစိုးရဌာနများက ရွာသားများကို အပြစ်တင်ပြီး တာဝန်ခံမှုမရှိပေ။

*"မြို့နယ်အရာရှိများ (အကြီးဆုံးမဟုတ်ပါ။ လက်ထောက်နှစ်ယောက်ဖြစ်ပါသည်) နဲ့ နောက်ဆုံးတွေ့ဆုံ အစည်းအဝေး လုပ်တော့ သူတို့က ဒီမြေသိမ်းမှုနဲ့ပတ်သက်ပြီး ဘာမှ မသိကြောင်းပြောပါတယ်။ နေပြည်တော်ကသူတို့ကို စုံစမ်းစစ်ဆေးခိုင်းလို့ သူတို့က စစ်ဆေးပြီး နေပြည်တော်ကို အစီရင်ခံစာတင်ပြီးပြီလို့ပြောပါတယ်။ ဒါပေမဲ့ အဲဒီအစီရင်ခံစာတင်ပြီး ၇ လ ၈ လထိ ဘာသတင်းမှ ပြန်မရပါဘူး။ သိမ်းဆည်းခံရတဲ့ မြေပေါ်မှာရှိတဲ့အဆောက်အဦးကိစ္စက သူတို့ မသိဘူးလို့ပြောပါတယ်။ အထွေထွေအုပ်ချုပ်ရေး ရုံးမှာ သွားမေးရမယ်လို့ပြောပါတယ်။ ဒါပေမဲ့နေ့လည်စာ စားချိန်ရောက်လို့ အုပ်ချုပ်ရေးမှူးကို ရှာလို့မတွေ့ပါဘူး။ ဒါကြောင့်သူတို့ဘာတွေကြံနေလဲဆိုတာ ကျွန်မတို့မသိနိုင်ဘူး။"*

နော် လ....(မ၊ ၅၃ နှစ်)၊ ခ...ကျေးရွာ၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း
(၂၀၁၅ နိုဝင်ဘာလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[419]

အမျိုးသမီးများသည် အထက်ပါကဲ့သို့ ဆိုးရွားသော အတွေ့အကြုံ နှင့် အာဏာပိုင်များ၏ အကူအညီများကို မရရှိသည်သာမက အောက်ပါသထုံခရိုင်မှအမျိုးသမီးသည် ၎င်းပိုင်မြေကိုသိမ်းဆည်းသူထံ ပေးအပ်ကြောင်း လက်မှတ်ထိုးပေးရန် လိမ်လည်ခံရပါသည်။ ကျေးလက်နေအမျိုးသမီးများအတွက် အန္တရာယ် အငွေ့အသက်ရှိသော ပတ်ဝန်းကျင်နှင့် မိမိတို့ မသိကျွမ်းသောပတ်ဝန်းကျင်တွင် တရားဥပဒေ၏အကူအညီရယူရာတွင် ခက်ခဲ သည်သာမက မိမိတို့တင်လိုက်သော အမှုကိစ္စများထင်ထားသကဲ့သို့ဖြစ်မလာခြင်းတို့ကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများသည် မြေယာသိမ်းဆည်း ခံရမှုများ အတွက်တိုင်ကြားခြင်းများ မပြုလုပ်တော့ပေ။

[416] Source #147 ကိုကြည့်ပါ။

[417] ၂၀၁၃ မတ်လတွင် လယ်ယာမြေစုံစမ်းရေးကော်မရှင် (လွှတ်တော်အဆင့်စုံစမ်းစစ်ဆေးရေးအဖွဲ့) သည် လွှတ်တော်သို့ တပ်မတော်မှ သိမ်းဆည်းထားသောမြေယာများအကြောင်းကို အစီရင်ခံစာတင်သွင်းခဲ့ပါသည်။ မြန်မာနိုင်ငံတော်အစိုးရက လွန်ခဲ့သော ဆယ်စုနှစ်အချို့တုန်းက သိမ်းဆည်းထားသော မြေ ဧက ၃၀၀ ၀၀၀ မှ ဧက ၁၈၃၆၄.၄၉ ကိုပြန်လည်ပေးအပ်ရန် သဘောတူညီခဲ့ပါသည်။ "Military Involved in Massive Land Grabs: Parliamentary Report," The Irrawaddy, March 2013 နှင့် "Only Fraction of Land Seized by Military Will Be Returned: Minister," The Irrawaddy, July 18th 2013. တို့တွင် ကြည့်ပါ။

[418] Source #147 တွင် ကြည့်ပါ။

[419] Source #156 တွင် ကြည့်ပါ။

## လေ့လာတွေ့ရှိချက် : သထုံခရိုင်

သထုံခရိုင် ဖားအံမြို့နယ် မှ အသက် ၄၃ နှစ်အရွယ် ဈေးသည် မ က...သည် ၂၀၁၅ ဇူလိုင်လအတွင်း ကြံ့ခိုင်ရေး ပါတီဦးဆောင်သောအစိုးရ အရာရှိနှင့် ရဲများ၏ဖမ်းဆီးရန်ကြိုးပမ်းခြင်းနှင့် သူမ၏ပိုင်ဆိုင်မှုများကိုမီးရှို့ရန်ပြုလုပ်ခြင်းမှ လွတ်မြောက်ရန် သူမနေထိုင်ရာနေရာမှ ထွက်ပြေး ခဲ့ရပါသည်။ ၂၀၁၅ ဇန်နဝါရီလတွင် မ က...နှင့်ရွာသားအချို့သည် သစ်တောစီမံခန့်ခွဲရေးဌာနသို့ ၎င်းတို့ ပိုင်မြေများလွှဲပြောင်း ပေးကြောင်း လက်မှတ်ရေးထိုးပေးရန် လိမ်လည်ခြင်းခံခဲ့ရပါသည်။ ထိုကြောင့် မ က...သည် အိုးမဲ့ အိမ်မဲ့နှင့် နေရာရွှေ့ပြောင်း နေရသူဖြစ်သွားပါသည်။ သူမရင်ဆိုင်ခဲ့ရသော အခြေအနေကို KHRG အားပြောပြခဲ့ပါသည်။

မ က...နှင့်ရွာသားများသည် ၂၀၁၅ ဇန်နဝါရီလတွင် ကေအဲန်ယူမှထုတ်ပေးသော မြေဂရမ် ရရှိပြီးနောက် သူမတို့ မြေယာ ပိုင်ဆိုင်မှုသည် လုံခြုံမှုရှိပြီဟုယူဆကြပါသည်။ သို့သော် မ က....နှင့် အခြားရွာသားတစ်ချို့တို့သည် ကြံ့ခိုင်ရေးပါတီဦးဆောင်သောအစိုးရ၏ သစ်တော စီမံခန့်ခွဲရေးဌာနနှင့် ၂၀၁၅ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် သွားရောက်တွေ့ဆုံကြရမည်ဟုရွာသူကြီးမှ မ က...တို့ကိုအကြောင်း ကြားလာခဲ့ပါသည်။

*"သူကြီးက 'ခင်ဗျားတို့အားလုံး ရုံးကိုသွားရမယ်လို့အစိုးရအမိန့်ထုတ် ထားတယ်။ ရုံးကလူတွေ ခင်ဗျားတို့နဲ့ ညှိနှိုင်းလိမ့်မယ်၊ ခင်ဗျား တို့ယူထားတဲ့ မြေနေရာက အကျယ်ကြီးဖြစ်နေတယ်။ ခင်ဗျားတို့ကို ဒီထက်သေးငယ်တဲ့ မြေနေရာ ပြန်ပေး လိမ့်မယ်။ ခင်ဗျားတို့ကို ဒီကိစ္စ ပဲ ညှိနှိုင်းမှာပါ' လို့ကျွန်မ တို့ကိုပြောပါသည်။ ကျွန်မတို့ကလည်း ရွာသူကြီးကို 'ဘယ်သူ အမိန့် ထုတ်တာလဲ' ပြန်မေးပါတယ်။ သူက 'သစ် တောစီမံခန့်ခွဲ ရေးဌာန' ကကျွန်မတို့ကို ဆင့်ခေါ် တယ်လို့ပြောပါတယ်။ ကျွန်မတို့က အဖမ်းခံရမှာ စိုးရိမ်ပေမယ့်လည်း ရုံးကိုသွားခဲ့တယ်။"*

ရုံးသို့ရောက်ရှိသောအခါမှ အမျိုးသမီးများက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် တွေ့ဆုံကြရမည်ဟု သိရပါသည်။ သူမတို့ သည် ဝန်ကြီးနှင့်တွေ့ခဲ့ပြီး ဝန်ကြီးကသူမတို့ကို စာရွက်စာတမ်းတစ်ခုအားလက်မှတ်ထိုးရန် စေခိုင်းခဲ့ပါသည်။

*"ဝန်ကြီးချုပ်က နေ့လည် ၁ နာရီမှာ ရုံးကိုပြန်ရောက်လာတယ်။ နောက် သူက သူ့ရုံးခန်းထဲကို ကျွန်မတို့ကို ဝင်လာ ဖို့ပြောတယ်။ ကျွန်မတို့ သူ့ရုံးခန်းထဲကို တစ်ခါမှ မရောက်ဖူးဘူး။ ရုံးခန်းထဲမှာ ရှိတဲ့ ဧည့်ခန်းကို ကျွန်မတို့ အရင်ဝင်တယ်။ သူက ကျွန်မတို့ နာမည်တွေနဲ့ နေတဲ့ရွာတွေကိုမေးပါတယ်။ ကျွန်မတို့က 'ကျွန်မတို့ င.....ရွာမှာနေပါတယ်' လို့ပြန်ဖြေပါတယ်။ သူက 'ခင်ဗျားတို့အားလုံး င....ရွာမှာနေ တာလား' လို့မေးပါတယ်။ ကျွန်မတို့က 'ဟုတ်ကဲ့ ကျွန်မတို့အားလုံး င..ရွာမှာနေကြပါတယ်' လို့ပြန်ဖြေပါတယ်။ သူက 'ခင်ဗျားတို့အားလုံးလက်မှတ် ထိုးရမယ်' လို့ပြောပါတယ်။ ကျွန်မတို့က ဘာအတွက် လက်မှတ်ထိုးရမယ်ကို မသိတဲ့အတွက် သူ့ကို 'အာ.. ဘာအတွက်လက်မှတ်ထိုးရမှာလဲ' လို့မေးပါတယ်။ သူက 'ဘာအတွက်မှမဟုတ်ပါဘူး။ ဝန်ကြီးချုပ် အခန်းထဲဝင်လို့ လက်မှတ်ထိုးရတာပါ။' လို့ ပြန်ပြောပါတယ်။ ကျွန်မတို့ကလည်း 'အိုး...အဲဒီလိုဆိုရင် ထိုးပေးရမှာပေါ့' လို့ပြန်ပြောလိုက်ပါတယ်။ အဲဒီအတွက် လက်မှတ်ထိုးပေးရဖို့ ကျွန်မတို့ မစိုးရိမ်ခဲ့ပါဘူး။ ကျွန်မတို့လက်မှတ်ထိုးနေတဲ့အခါမှာ ဝန်ကြီးချုပ်က ငြိမ်ငြိမ်လေးကြည့်နေပါတယ်။"*

အစည်းအဝေးတွင် ရွာသားများက မိမိပိုင်အိမ်များကို မိမိတို့ကိုယ်တိုင် ဖြိုချဖျက်ဆီးပေး မည့်အကြောင်း လက်မှတ် ရေးထိုးပေးခဲ့ရကြောင်းကို နောက်မှသိရှိခဲ့ရပါသည်။ အမျိုးသမီးများလည်းမိမိတို့အိမ်များသို့ ပြန်လာခဲ့ကြပါသည်။ သို့သော် ရွာသူကြီးနှင့် သူ၏ လုပ်ဖော်ကိုင်ဖက် နှစ်ဦးသည် အမျိုးသမီးများအား မြေယာကျူးကျော်မှုဖြင့် ဖမ်းဆီးခြင်းခံ ရမည်ဟု အစဉ်အမြဲခြိမ်းခြောက်ခဲ့ပါသည်။

*"သူတို့က 'ခင်ဗျားတို့ ဒီမှာနေလို့မရဘူး။ ခင်ဗျားတို့အဖမ်းခံရပြီး ထောင်ချခံရမယ်။ ခင်ဗျားတို့အစိုးရမြေပေါ် ကျူးကျော်နေတာပဲ။ ခင်ဗျား တို့ သစ်တောကြိုးဝိုင်း ဧရိယာထဲ မှာနေနေကြတာပဲ။ ခင်ဗျားတို့ဒီမှာနေလို့မရဘူး။' သူတို့ တစ်ရက် မဟုတ်ရင် နှစ်ရက် တစ်ကြိမ် အမြဲ လာပြီး အပေါ်ကပြောသလိုပြောပါတယ်။ ကျွန်မတို့မှာ ကေအဲန်ယူက ထုတ် ပေးထားတဲ့ မြေဂရမ်ရှိတဲ့အတွက် ကျွန်မတို့သတ္တိရှိရှိနဲ့ အဲဒီ နေရာမှာ ဆက်ပြီး နေနေပါတယ်။ လူတွေကအထောက်အထား စာရွက်စာတမ်းတွေပြခိုင်းရင် ကျွန်မတို့မှာရှိတဲ့ မြေဂရမ်ကို ထုတ်ပြဖို့စဉ်းစား ထားပါတယ်။ ဒါပေမဲ့ သူတို့ရွာကိုလာတုန်းက ကျွန်မတို့ရဲ့ မြေဂရမ်တွေကို ထုတ်ပြဖို့ အချိန်မရခဲ့ပါဘူး။ သူတို့ရွာကို ရောက်လာတာနဲ့ ချက်ချင်းပဲ ဦးဆ....နှင့် ကျွန်မမောင်လေး စော စ.... တွေကို ထောင်နှစ်လ ချလိုက်ပါတယ်။ ရက်စွဲကိုတော့ မမှတ်မိတော့ဘူး။"*

အကြိမ်ကြိမ် ခြိမ်းခြောက်ခံရခြင်းနှင့် ကြားဝင်စေ့စပ်ပေးသူ စော ပ....ကကြိုးစားညှိနှိုင်း ပေးသော်လည်း နောက်ဆုံးတွင် ရဲများရောက်ရှိလာပြီး ရွာသားများကိုဖမ်းဆီးခဲ့ပါသည်။

*"၂၀၁၅ ဇွန်လ ၂ ရက်နေ့မှာ ရဲတွေရောက်လာပြီး ကျွန်မတို့ရဲ့ အမည်စာရင်းကို လိမ်လည်ပြီး ကောက်ယူခဲ့ပါတယ်။ သူတို့ က ကျွန်မတို့ အမည်စာရင်းကို သစ်တောစီမံခန့်ခွဲရေးဌာနထံ တင်ပြပေးဖို့ဆိုပြီး ကျွန်မတို့ကို လိမ်လည် ပြောဆိုခဲ့ပါတယ်။ အစပထမတော့ ရဲတွေ ကကျွန်မတို့ကို ကောင်းကောင်းမွန်မွန် ပြောဆို ဆက် ဆံပါတယ်။ နောက်တော့ သူတို့က ကျွန်မတို့ ကို ဒီမြေနေရာကနေ မဖယ်ပေးဘူးဆိုရင်*

*ဖမ်းဆီး ထောင်ချမယ်လို့ပြောပါတယ်။ အမျိုးသားတွေကို ဖမ်းလို့မရဘူးဆိုရင် အမျိုးသမီးတွေကို ဖမ်းမယ် လို့ပြောပါတယ်။သူတို့ကရွာထဲ ကရွာသားတွေအားလုံးကို ဖမ်းဆီးသွားမယ်လို့ပြော ပါ တယ်။၂၀၁၅ ဇွန်လ ၂ ရက်နေ့မှာ ရဲတွေက ရွာသားတွေကိုဖမ်းဆီးဖို့ ထရပ်ကား ၉ စီးနဲ့ ရွာကိုရောက်လာပါတယ်။ ရဲအင်အား ၅၀ ခန့်ရှိပါတယ်။ နောက် ကျွန်မတို့လည်းထွက်ပြေးလာခဲ့ပါတယ်။ ကျွန်မတို့က သူများပစ္စည်းဥစ္စာခိုးလို့ သူများကလိုက်ဖမ်းလို့ထွက်ပြေးတဲ့လူတွေလိုမျိုးထွက်ပြေးခဲ့ရပါတယ်။"*

ရဲများသည် ထိုနေ့က သူတို့လိမ်လည်ကောက်ယူထားသော စာရင်းကို အသုံးပြုပြီး ခ…ကျေးရွာမှ ရွာသား ၂၇ ဦး ကိုဖမ်းဆီးခဲ့ပါသည်။ မ က…..သည် ဖမ်းဆီးခံရခြင်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ပါသည်။ သို့သော် သူမတို့၏အိမ်များကို ဇွန်လ ၂၁ ရက်နေ့ အပြီးဖြိုဖျက်ပေးရမည်ဟု အာဏာပိုင်များက ရက်ချိန်းအသစ်သတ်မှတ်ပေးပါသည်။ မ က….သည် သူမ၏ခင်ပွန်းသည်ဖမ်းဆီးခြင်းခံရသောကြောင့် မိမိအိမ်ကိုမိမိကိုယ်တိုင် ပြန်ဖျက်ရန် မတတ်နိုင်ခဲ့ပါ။ ဇွန်လ ၂၂ ရက် နေ့တွင် ရဲအင်အား ၁၀၀ ခန့်ရောက်ရှိ လာပြီး အိမ်များကို ဖြိုချဖျက်ဆီးပါသည်။ မ က…သည် ပုန်းအောင်းပြီး ရဲများ သူမ ၏အိမ် နှင့် ပိုင်ဆိုင်သော ပစ္စည်းများအား ဖျက်ဆီးသည်ကိုစောင့်ကြည့်ခဲ့ပါသည်။ ထို့နောက်သူမသည် မြဝတီမြို့ သို့ထွက် ပြေးခဲ့ပါသည်။

*"ကျွန်မတို့မြဝတီမြို့ရောက်တဲ့အထိ ရဲတွေရဲ့ရန်ကလွတ်အောင် ထွက်ပြေးခဲ့ရပါတယ်။ ကျွန်မတို့အိမ်တွေ မီးရှို့ဖျက်ဆီးခံရတော့ ကျွန်မတို့နေဖို့နေရာမရှိဘူး။ ကျွန်မတို့ ဒီရွာ ကိုရောက်တော့ လူတွေကအစား အသောက် လာပေးပြီး ကူညီ ကြပါ တယ်။ ကျွန်မတို့အရမ်း ဝမ်းသာပါတယ်။ ကျွန်မတို့ဒီရွာကို ရောက်လာတော့ အဝတ်အစားမပါလို့ လူတွေက ကျွန်မတို့ကို အဝတ်အစားလာပေးကြပါတယ်။"*

မ က…က ရွာသားများ ရဲများ၏လက်မှထွက်ပြေးရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် သူမအိမ်ပြန်လိုသည့် အကြောင်းတို့ကို ပြောပြခဲ့ပါသည်။

*"ကျွန်မပြောချင်တာက ရဲနဲ့ရွာသားတွေ အဆင်ပြေဖို့လိုပါတယ်။ ဒါမှ ကျွန်မတို့လည်း ရွာပြန်ပြီးရွာမှာ နေထိုင် ခွင့် ရကြမယ်လေ။ သူတို့က ကျွန်မတို့ကို အနှောင့်အယှက်မပေးဘဲ ရွာပြန်ခွင့်ပြုမယ်လို့ အာမခံချက်ပေးသင့်ပါတယ်။ ထောင်ချခံထားရတဲ့သူတွေကိုလည်း ပြစ်မှုကျူးလွန်တာမရှိတဲ့အတွက် ထောင်က လွှတ် ပေးသင့်ပါတယ်။ ဒါက ကျွန်မ ဖြစ်စေချင်တဲ့အရာအားလုံးပါဘဲ။ အခုတော့ ကျွန်မတို့က အဝေး မှာနေ နေရတယ်။ ဂ…ရွာ မှာနေတဲ့ မိဘတွေ နဲ့လည်း ဝေးနေရတယ်။ ရွာမီးရှို့ခံရပြီး မြဝတီမြို့မရောက်ခင်အချိန်ထိ ကျွန်မတို့ ထမင်း ပုံမှန်မစားရပါဘူး။ ဒီကိုရောက်မှပဲ ထမင်း ပုံမှန်စားရ တော့တယ်။ ထွက်ပြေးနေရတဲ့ အချိန်က ထမင်းမစားရပါဘူး။ တစ်နေ့လုံးထွက်ပြေး ရတယ်။ တစ်ခြား လူတွေ အိမ်မှာ ထမင်းလိုက်တောင်းစားရတယ်။ 'ဗိုက်ဆာလို့ပါ။ ထမင်းလေးကျွေးလို့ရမလား' ဆိုပြီးတောင်းစားရပါတယ်။ ကျွန်မတို့က ရှက်လည်းရှက်၊ အားလည်းနာတော့ စားချင်သလောက် မစားရဲဘူး။ အိမ်ပြန်ပြီးတော့လည်း ထမင်းပြန် မချက်စားရဲဘူး။ ဒါတွေက ကျွန်မတို့ကြုံရတာတွေပါပဲ။ ပွင့်ပွင့်လင်းလင်းပြောရရင် အခုကျွန်မတို့ရွာကိုမပြန်ရဲပါဘူး။ အစိုးရနဲ့ရဲတွေကို ကျွန်မအရမ်းစိတ်ပျက်တာပဲ။"*

မ က….(မ၊ ၅၁ နှစ်)၊ ခ….ကျေးရွာ၊ ဖားအံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ် မြောက်ပိုင်း
(၂၀၁၅ ဇူလိုင်လ တွင် လူတွေ့မေးမြန်းခန်းပြုလုပ်ခဲ့သည်။)[420]

[420] Source #138: "Thaton Interview: Ma A---, July 2015" KHRG, August 2015 တွင် ကြည့်ပါ။

# ဓါတ်ပုံများ: အဓမ္မမြေယာသိမ်းဆည်းခြင်း



ဤပုံကို ဒူးပလာယာခရိုင် မြဝတီမြို့တွင် ၂၀၁၅ ဇူလိုင်လ ၈ ရက်နေ့က ရိုက်ကူးထားခြင်းဖြစ်ပါသည်။ ပုံတွင် မြဝတီ သို့ထွက်ပြေးလာသော မ က...၏ပုံကိုတွေ့မြင်ရပါမည်။ မ က....နေထိုင်သောမြေကို သစ်တောပိုင်မြေဟု ပြန်လည် သတ်မှတ်လိုက်ပြီးနောက်တွင် မ က....၏ အိမ်သည် မီးရှို့ခံပြီး မ က...တို့သည်လည်း ရဲများ၏ လိုက်လံဖမ်းဆီး ခြင်းကိုခံရပါသည်။ *(ဓာတ်ပုံ KHRG)*



အထက်ပါပုံကို ၂၀၁၄ ဧပြီလ ၅ ရက်နေ့တွင် ရိုက်ကူး ထားခြင်းဖြစ်ပါသည်။ ပုံတွင် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဝါမူ ကျေးရွာအုပ်စု၊ ဃ....ကျေးရွာနေ နော် ဘ.....၏ပုံကို တွေ့ မြင်ရပါမည်။ နော် ဘ....၏မြေများသည် ဘူးလိုချောင်း အတွင်း ရွှေတူးဖော်မှုကြောင့် တိုက်စားပျက်စီးခဲ့ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ပိုမိုသိလိုပါက ဤအခန်းပါ လျော်ကြေးပေးခြင်း ဆိုသည့်ခေါင်းစဉ်အောက်တွင်ကြည့်ပါ။ *(ဓာတ်ပုံ KHRG)*





အထက်ပါပုံသည် ဇန်နဝါရီလ ၇ရက်နေ့ ၂၀၁၅ခုနှစ်တွင် KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ ရိုက်ယူထားပါသည်။ ဒူးပလာယာခရိုင်၊ ဝင်းရင်းမြို့နယ်၊ တ---ရွာမှ နော်မ----နှင့် သူမ၏ယာခင်းပုံဖြစ်ပါသည်။ နော်မ----ယာခင်းသည့် ကုမ္ပဏီတစ်ခု၏ လမ်းဆောက်လုပ်ရေး စီမံကိန်းထဲတွင် ပါဝင်ခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအား ဆက်လက်လုပ်ဆောင်ပါက နော်မ---နှင့်အတူ အခြားသော ရွာသူရွာသားများပါ မည်သည့်အရာမျှ ကျန်ရှိမည် မဟုတ်ဟု သူမ၏ စိုးရိမ်မှုများ တင်ပြပါသည်။ *ဓါတ်ပုံ - KHRG*





အထက်ပါပုံများကို ၂၀၁၄ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ရိုက်ကူးထားခြင်းဖြစ်ပါသည်။ လက်ဝဲဘက်ရှိပုံမှာ ဒူးပလာယာ ခရိုင်၊ ဝင်းရင်းမြို့နယ်၊ ခ....ကျေးရွာတွင်နေထိုင်သော နော် က....ဖြစ်ပါသည်။ လက်ယာဘက်ပုံတွင် နော် က....၏ စိုက်ပျိုး ရေးခြံကိုတွေ့မြင် ရပါမည်။ အာရှအဝေးပြေးလမ်းမတည်ဆောက်မှုကြောင့် သူမ၏ ကွမ်းသီးပင်၊ အုန်းပင်၊ သရက်ပင်၊ နှင့် ပိန္နဲပင်စသည့် အပင်များပျက်စီးခဲ့ရပါသည်။ သူမက ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေ မရရှိကြောင်းပြောပါသည်။ *(ဓာတ်ပုံ KHRG)*

# အခန်း ၈: မြေမြှုပ်မိုင်းအန္တရာယ်

*"နယ်ခြားစောင့်တပ်ကစစ်သားတွေ ကျွန်မတို့ရွာနားကိုစလာတုန်းက သူတို့ကရွာနားတစ်ဝိုက်မှာ မိုင်းထောင်ထားကြတယ် လို့ပြောကြပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်မလဲ ရွာနားတစ်ဝိုက် လွတ်လွတ်လပ်လပ် လျှောက်မသွားရဲတော့ဘူး။ လူတွေက 'တောဆင် ရိုင်းကို မတွေ့အောင် ရှောင်လို့ရမယ်၊ မိုင်းကိုတော့ရှောင်လို့ မရနိုင်ဘူး' လို့ပြောကြပါတယ်။ ဘာကြောင့်လဲဆိုရင် မိုင်းကိုဘယ်မှာထောင်ထား လဲ ဆိုတာ မသိနိုင်ဘူးလေ။"*

ဒေါ် က....(မ၊ ၄၇ နှစ်)၊ မ....ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၃ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[421]

### အဓိကတွေ့ ရှိချက်များ

- ၂၀၁၂ ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီ မှုရရှိခဲ့သော်လည်း မြန်မာ ပြည်တောင် ပိုင်းရှိ အမျိုးသမီးများက ၎င်းတို့ ဒေသ တွင် ပဋိပက္ခ ကာလအတွင်း မြှုပ်နှံထား သော မြေမြှုပ်မိုင်းများ တည်ရှိ နေခြင်း ၏ ဆိုးကျိုးကိုဆက်လက်ခံစား နေရ ကြောင်းကို တင်ပြပြောဆိုကြပါသည်။ ၎င်းဆိုးကျိုးများ မှာ အသက် ဆုံးရှုံးရခြင်းနှင့် ထိခိုက်ဒဏ်ရာ ရရှိ ခြင်း၊ ကျွဲ၊နွား တိရစ္ဆာန်များ ဆုံးရှုံးရခြင်း ကြောင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများအခက် အခဲဖြစ်ရခြင်း၊ သို့မဟုတ် မြေမြှုပ် မိုင်းများရှိနေခြင်းကြောင့် လယ်ယာ စိုက်ခင်း များသို့သွားရောက်ရန် အတားအဆီးများဖြစ် စေခြင်း စသည်တို့ဖြစ်ကြပါသည်။
- မြေမြှုပ် မိုင်းများကြောင့် ခင်ပွန်းသည် ဆုံးရှုံးခဲ့ရ သော အမျိုးသမီးများမှ လည်း ၎င်းတို့အနေဖြင့် မိသားစု စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်ကြရကြောင်း KHRG ထံသို့ အသနားခံ တင်ပြခဲ့ကြသည်။

လူကိုထိခိုက်ရန် မြှုပ်နှံထားသော မြေမြှုပ်မိုင်းများနှင့် အခြားသော မြေမြှုပ်မိုင်းများသည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသူရွာသားများအတွက် အလွန် ကြီးမားစွာ ဆက်လက်ဖြစ်ပေါ်နေသော ခြိမ်းခြောက်မှု တစ်ခု ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်မှစ၍ အသက်ဆုံးရှုံးရခြင်းနှင့် ထိခိုက်ဒဏ်ရာ ရရှိ ခြင်း၊ မိသားစုဝင်နှင့် ကျွဲ၊ နွား တိရိစ္ဆာန်များဆုံးရှုံးရခြင်း ကြောင့် သို့မဟုတ် ဒဏ်ရာ ရရှိခြင်းကြောင့်အသက် မွေးဝမ်းကျောင်းလုပ်ငန်းများအခက်အခဲဖြစ်ရခြင်း၊ သို့မဟုတ် မြေမြှုပ်မိုင်းများရှိနေခြင်းကြောင့် လယ်ယာ စိုက်ခင်းများ သို့သွားရောက်ရန်အတားအဆီးများဖြစ်စေခြင်း စသည်တို့ အပါအဝင်မြေမြှုပ်မိုင်းများ၏ဆိုးကျိုးသက်ရောက်မှုများကို KHRG မှအသေးစိတ်မှတ်တမ်းတင်မှုပြုလုပ်ခဲ့ပါသည်။[422]

လက်နက်ကိုင် အဖွဲ့အစည်း များသည်ရည်ရွယ်ချက်အမျိုးမျိုးဖြင့် မြေမြှုပ်မိုင်းများကိုအသုံးပြုကြပါသည်။ အချို့အခြေအနေများတွင်ရွာ သားများသည်လည်း မိမိနေအိမ်များ ကို ကာကွယ်ရန်၊ ကျရောက်လာမည့်တိုက်ခိုက်မှုများကို ကြိုတင်သိရှိနိုင်ရန်နှင့် ကြိုတင်ထွက်ပြေးနိုင်ရန် မြေမြှုပ်မိုင်းများကို အသုံးပြုကြရပါသည်။[423]

မြေမြှုပ်မိုင်းများသည် မည်သူမည်ဝါဆိုပြီး လုံးဝခွဲခြားမှုမရှိသော လက်နက်ဖြစ်ပါသည်။ မြေမြှုပ်မိုင်းများကို ထောင်ထားပြီးပါက ၎င်းမိုင်း များသည် စစ်သား သို့မဟုတ် အရပ်သား၊ လူ သို့မဟုတ် တိရိစ္ဆာန်ဟူ၍ ခွဲခြားမှုမပြု လုပ်နိုင်ပါ။ KHRG အနေဖြင့် မြေမြှုပ်မိုင်းများ အများ အပြားတည်ရှိသောဒေသများတွင် နေထိုင်သော ရွာသားများမှ ခံစားရသော ဆိုးကျိုး များကို မှတ်တမ်းတင်ထားပါသည်။ မြေမြှုပ် မိုင်းများကြောင့် မြန်မာပြည်အရှေ့ တောင်ပိုင်းရှိ အမျိုးသမီးများသည် အမျိုးမျိုးသော စိန်ခေါ်မှု များကိုခံစားကြရပါသည်။ မိုင်းများကို တက်နင်းမိ၍သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းစသည်တို့သာမက မိုင်းကြောင့် မိသားစုဝင်၊ အများအားဖြင့် ခင်ပွန်းသည်များ သေဆုံး ဒဏ်ရာရရှိခြင်း သို့မဟုတ် ကျွဲနွားတိရိစ္ဆာန်များ သေဆုံးဒဏ်ရာရရှိခြင်းနှင့် မိမိတို့စိုက်ခင်းများသို့ သွားရောက်မှုမပြုလုပ်နိုင်ခြင်းစသည် တို့ကြောင့် အသက်မွေး ဝမ်းကျောင်းအခက်အခဲများ ကိုလည်း အမျိုးသမီးများက ရင်ဆိုင်ကြရပါသည်။ အမျိုးသမီးများသည် မြေမြှုပ်မိုင်း များခြိမ်းခြောက်မှုအန္တရာယ်ကိုရင်ဆိုင်ရန်နှင့် ဆိုးကျိုး များကို တုန့်ပြန်ရန် နည်းဗျူဟာများစွာကို အသုံးပြုပါသည်။ ၎င်းတို့မှာ မြေမြှုပ်မိုင်းထောင်ထားသော လက်နက် ကိုင် အဖွဲ့များနှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်းပြီး မိုင်းများကို ပြန်လည်ဖယ်ရှားစေခြင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ကဲ့သို့သော သက်ဆိုင်ရာအဖွဲ့များထံ စာရေးသားပေးပို့ခြင်း၊ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်အကိုင် ရှာဖွေခြင်း၊ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းများမဟုတ်သော အခြားလုပ်ငန်းများတွင်လုပ်ကိုင်ခြင်း စသည့်နည်းဗျူဟာ များဖြစ်ကြပါသည်။

[421] Source #62 တွင် ကြည့်ပါ။

[422] ပိုမိုသိလိုပါက Truce or Transition: Trend in human rights abuse and response in Southeast Myanmar since the 2012 ceasefire, KHRG, May 2014; and Uncertain Ground: Landmines in eastern Burma, KHRG, May 2012 တွင် အသေးစိတ်ကြည့်ပါ။

[423] အထက်ပါအတိုင်း ကြည့်ပါ။

## မြေမြှုပ်မိုင်းကြောင့် သေဆုံးရခြင်းနှင့်ထိခိုက်ဒဏ်ရာရရှိခြင်း

၂၀၁၂ ဇန်နဝါရီလမှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းရှိအမျိုးသမီးများသည် အများအားဖြင့် စိုက်ပျိုးရေး လုပ်ငန်းခွင်များတွင် အလုပ်လုပ်နေစဉ် မြေမြှုပ်မိုင်းများ တက်နင်းမိ၍ ထိခိုက်၊ သေဆုံးရသည့် အကြောင်းအရာများ အသေးစိတ် ဖော်ပြထားသော သတင်းအချက်အလက်အစီရင်ခံစာများစွာကို KHRG မှလက်ခံရရှိပါသည်။ ဥပမာတစ်ခုကိုကြည့်ရ မည် ဆိုလျှင် ဖားအံခရိုင်၊ နဘူးမြို့နယ်၌ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၇ သည် ၂၀၁၁ ခုနှစ် စက်တင်ဘာလအတွင်း ကေအဲန်အယ်လ်အေနှင့်စစ်ဆင်ရေးတွင် မြေမြှုပ်မိုင်း အလုံးရေ ပေါင်း ၁၀၀ ကို ထောင်ထားခဲ့ပါသည်။ ထိုသို့ ထောင်ထားပြီးနောက်ပိုင်းတွင် ထိုစဉ်ကအသက် ၈ နှစ်အ ရွယ် မိန်းကလေး အပါအဝင် အမျိုးသမီးရွာသူနှစ်ဦး နှင့် ရွာသား ၁၀ ဦးထက်မနည်း မြေမြှုပ်မိုင်းများကို တက်နင်းမိခဲ့ကြ ပါသည်။[424] မိုင်းနင်းမိသောအမျိုးသမီးနှစ်ဦးမှတစ်ဦးဖြစ်သည့် အသက် ၃၂ နှစ်အရွယ် နော် က...သည် ခြေထောက် နှစ်ဘက်လုံးဆုံးရှုံးခဲ့ရပါသည်။[425] အခြားသောအဖြစ်အပျက်တစ်ခုတွင် ဖားအံခရိုင် က.....ကျေးရွာမှအမျိုးသမီးတစ်ဦးသည် ဟင်းချက်ရန်အတွက် တောထဲတွင်ဟင်းသီးဟင်းရွက်ရှာဖွေစဉ် မြေမြှုပ် မိုင်းနင်းမိသောကြောင့် ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပါသည်။[426]

*"ကျွန်မခြေချောင်းတွေက အရေခွံတွေအားလုံး ကွာထွက်ကုန်ပါတယ်။ ကျွန်မလက်နဲ့စမ်းကြည့်တော့ အသားလုံးဝ မရှိတော့ဘူး။ ခြေချောင်း ရိုးတွေကတော့ တစ်ခုမှပြုတ်ထွက်မသွားပါဘူး။ ဒါပေမဲ့ ဆရာဝန်တွေက ကျွန်မကို ခွဲစိတ်မှု ပြုလုပ်ပေးပါတယ်။"*

နော် မ.....(မ၊ ၃၃ နှစ်)၊ က....ကျေးရွာ၊ ဖားအံခရိုင်/ကရင်ပြည်နယ်အလယ် ပိုင်း
(၂၀၁၂ မေလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[427]

## အသက်မွေးဝမ်းကျောင်းပြုမှု ပြဿနာများ

မြေမြှုပ်မိုင်းများတည်ရှိမှုများကြောင့် ဖြစ်ပေါ်ရသောပြဿနာများနှင့် ပတ်သက်ပြီးအမျိုးသမီးများ တင်ပြပြောဆိုမှု အများဆုံးအချက်မှာ မိသားစုဝင် နှင့် (သို့မဟုတ်) ကျွဲနွားများ ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးရခြင်း များကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများထိခိုက်ရခြင်း၊ သို့မဟုတ် မြေမြှုပ်မိုင်းများကြောင့် သွားလာ လှုပ်ရှားမှုများကို အကန့် အသတ်ဖြစ်စေခြင်း ဟူသည့်အချက်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ဖွန်လအတွင်း ဖာပွန်ခရိုင်၊ လူသောမြို့နယ် တွင်ဖြစ် ပွားခဲ့ သော အဖြစ်အပျက်တစ်ခုတွင် အမျိုးသမီးတစ်ဦးသည် သူမ၏ခင်ပွန်းသည် ငါးသွားမျှားရာတွင် မိုင်းထိပြီးသေဆုံးခဲ့ခြင်း ကြောင့် မုဆိုးမဖြစ်ခဲ့ရပါသည်။

*"သူသည် ဒဏ်ရာရရှိပြီးမကြာမီသေဆုံး ခဲ့ပါသည်။ သူ့တွင် ဇနီးသည်နှင့် သားသမီးများကျန်ရစ်ခဲ့ပါသည်။ သူသေဆုံးခဲ့ ရခြင်းသည် သူ၏ဇနီးသည်နှင့်ကလေးများ အတွက်ဆိုးဝါးသောအခြေအနေကိုဖြစ်ပေါ်စေခဲ့ပါသည်။ သူ့ဇနီး သည်အနေဖြင့်အသက်မွေးဝမ်းကျောင်း အတွက် မည်ကဲ့သို့ရှေ့ဆက်လုပ်ဆောင်ရမည်ကို မသိပါ။ သူမတွင် မှီခိုရန် အိမ်နီးနားချင်းနှင့် သူမ၏ ညီအကိုမောင်နှမများသာရှိပါသည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသား တင်ပြသော မှုခင်းဖော်ပြသည့် မှတ်တမ်းလွှာ၊ လူသောမြို့နယ်၊ ဖာပွန်ခရိုင်/
ကရင်ပြည်နယ်အရှေ့ မြောက်ပိုင်း (၂၀၁၃ ဖွန်လတွင် လက်ခံရရှိခဲ့သည်။)[428]

မြေမြှုပ်မိုင်းများကြောင့် မိသားစုဝင်များ ထိခိုက်၊ သေဆုံးခြင်းရှိသကဲ့သို့ ကျွဲ၊ နွားတိရိစ္ဆာန်များ မြေမြှုပ်မိုင်း နင်းမိသော အခါတွင်လည်း အမျိုးသမီးများသည် အသက်မွေးဝမ်းကျောင်းအတွက် အခက်အခဲများကို ရင်ဆိုင်ရပါသည်။ ဖာပွန်ခရိုင် ဘူးသိုမြို့နယ်တွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုတွင် အမျိုးသမီးတစ်ဦး၏ ကျွဲတစ်ကောင်သည် နယ်ခြား စောင့်တပ်မှ ထောင်ထားသောမြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိသောအခါ စစ်သားများကထိုကျွဲကို အသားစားရန် အသေသတ် လိုက်ပါသည်။ သူမကိုစစ်သားများက ရရှိသော ကျွဲသားများကို ဝေပေးသော်လည်း သူမ ရရှိသောကျွဲသားများကို ရောင်း သောအခါ ကျပ်ငွေ ၂၄၀၀၀ သာရရှိပါ သည်။ အမှန်တကယ်အားဖြင့် ထိုကျွဲအရှင်၏တန်ဖိုးမှာ ကျပ်ငွေ ၅၀၀၀၀၀ ခန့်ဖြစ်ပါသည်။[429] ဖားအံခရိုင်၊ နဘူး မြို့နယ်တွင်မှ အမျိုးသမီးတစ်ဦးသည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ မှ ၂၀၁၂ ဖေဖော်ဝါရီ လထိ ၄ လအတွင်းတွင် မြေမြှုပ်မိုင်းကြောင့် သူမ၏ ကျွဲ၊နွားအကောင်ရေစုစုပေါင်း ၆ ကောင် ဆုံးရှုံးခဲ့ရပါသည်။[430]

---

[424] Source #5 တွင် ကြည့်ပါ။

[425] အထက်ပါအတိုင်း ကြည့်ပါ။

[426] Source #11 တွင် ကြည့်ပါ။

[427] အထက်ပါအတိုင်း ကြည့်ပါ

[428] Source #83 "Hpapun Incident Report: Landmine Incident in Lu Thaw Township, May 2013," KHRG, December 2014 ကိုကြည့်ပါ။

[429] Source #62 ကိုကြည့်ပါ။

[430] Source #12 ကိုကြည့်ပါ။

*"နယ်ခြားစောင့်တပ်ကစစ်သားတွေ ကျွန်မတို့ရွာနားကိုစလာတုန်းက သူတို့ကရွာနားတစ်ဝိုက်မှာ မိုင်းထောင်ထား ကြတယ်လို့ ကြေငြာပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်မလဲ ရွာနားတစ်ဝိုက် လွတ်လွတ်လပ်လပ် လျှောက်မသွားရဲတော့ဘူး။ လူတွေက 'တောဆင်ရိုင်းကိုမတွေ့အောင် ရှောင်လို့ရမယ်၊ မိုင်းကိုတော့ရှောင်လို့ မရနိုင်ဘူး' လို့ပြောကြပါတယ်။ ဘာကြောင့်လဲဆိုရင် မိုင်းကိုဘယ်မှာထောင်ထားလဲဆိုတာ မသိနိုင်ဘူးလေ။"*

ဒေါ် က....(မ၊ ၄၇ နှစ်)၊ မ....ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၃ ဇူလိုင်လတွင် လူတွေ့မေးမြန်းခန်း ပြုလုပ်ခဲ့သည်။)[431]

မြေမြှုပ်မိုင်းများကြောင့် သွားလာလုပ်ရားမှု အကန့်အသတ်ရှိခြင်း နှင့် စိုက်ခင်းများသို့သွားလာရန် အကန့် အသတ် ရှိခြင်းများကြောင့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းအလုပ်များ အခက်အခဲရှိစေသည်ဟူသော အချက်များ ကိုလည်း အမျိုးသမီးများက အစဉ်အမြဲမီးမောင်းထိုးတင်ပြပါသည်။ KHRG သတင်းစုဆောင်းသူတစ်ဦး၏တင်ပြချက်အရ ဖားအံခရိုင်ရှိအချို့ရွာသားများသည် ၎င်းတို့၏စိုက်ခင်းများသို့ သွားရောက် ခြင်းမပြုလုပ်နိုင်သောကြောင့် မီးသွေးဖုတ်ခြင်း၊ အရက်ချက်ခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းခြင်း ပြုလုပ် ရပါသည်။[432]

*"ကျေးရွာများစွာမှ ရွာသားများက မတူကွဲပြားသောအကြောင်းအရာအမျိုးမျိုးကို တင်ပြပြောဆိုသည်ကို တွေ့မြင်ရပါသည်။ အချို့ရွာသားများသည် မိမိတို့၏ လယ်ကွင်း သို့မဟုတ် သစ်သီးခြံများသို့ သွားရောက်ခြင်းမပြုရဲကြပါ။ အဘယ် ကြောင့်ဆိုသော် နယ်ခြားစောင့်တပ်မှ သူတို့၏စိုက်ပျိုးရေးခြံများတွင် မြေမြှုပ်မိုင်းများ ထောင်ထားခြင်း ကြောင့်ဖြစ်ပါသည်။ မြေမြှုပ်မိုင်းများကြောင့် ရွာသားအချို့ ထိခိုက်ဒဏ်ရာရရှိကြပြီး ရွာသားများ စွာ၏ ကျွဲ၊နွား နှင့် ဆိတ်စသော မွေးမြူ ရေး တိရိစ္ဆာန်များလည်း သေဆုံးကြရပါသည်။"*

KHRG သတင်းစုဆောင်းသူမှ ရေးသားတင်ပြသောဒေသအတွင်း နောက်ဆုံးရ အခြေ အနေတင်ပြချက်၊ နဘူးမြို့နယ်၊ ဖားအံခရိုင်/ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၂ မေလတွင် လက်ခံရရှိခဲ့သည်။)[433]

## အမျိုးသမီးများ၏ တုန့်ပြန်လုပ်ဆောင်မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများသည် မြေမြှုပ်မိုင်းများ၏ ခြိမ်းခြောက်မှုအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို တုန့်ပြန်ရန်အတွက် နည်းလမ်းများစွာကို အသုံးပြုခဲ့ကြပါသည်။ ၎င်းနည်းလမ်းများမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားစာပေးပို့ခြင်း၊ မြေမြှုပ်မိုင်းထောင်သည့် လက်နက်ကိုင်အဖွဲ့နှင့်တိုက်ရိုက်တွေ့ဆုံညှိနှိုင်းခြင်း၊ မြေမြှုပ်မိုင်း ပေါက်ကွဲမှုများကိုဖော်ပြသည့် မှုခင်းဖော်ပြသည့် မှတ်တမ်းလွှာများကို ကေအဲန်ယူထံပေးပို့ခြင်း၊ မိသားစု စားဝတ် နေရေးအတွက် သားသမီးများကို ထိုင်းနိုင်ငံ သို့စေလွှတ်၍အလုပ်လုပ်ကိုင်စေခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အန္တရာယ် များသောကြောင့် လွယ်အိတ်များ ယက်လုပ်ခြင်းကဲ့သို့သော အလုပ်များကိုပြောင်းလဲလုပ်ကိုင်ခြင်း၊ ရွာအပြင် ထွက် အလုပ်လုပ် ခြင်းအား ရှောင်ရှားပြီး မွေးမြူထားသောတိရိစ္ဆာန်များကို အခြားသောနေရာများတွင် လွှတ်ကျောင်းခြင်း စသည့် နည်းလမ်းများဖြစ်ကြ ပါသည်။ အဖြစ်အပျက်တစ်ခုတွင် ဖာပွန်ခရိုင် ဘူးသိုမြို့နယ်မှ အမျိုးသမီးတစ်ဦးသည် သူမ၏ စိုက်ပျိုးရေးခြံအတွင်း နယ်ခြားစောင့်တပ်မှထောင်ထားသော မိုင်းတစ်လုံးကို သူမ၏ကျွဲ တစ် ကောင် မှ တက်နင်းမိ သောအခါ သူမကမြေမြှုပ်မိုင်းများပြန်လည်ဖယ်ရှားပေးရန် မြေမြှုပ်မိုင်း ထောင်သူနှင့် တိုက်ရိုက်တွေ့ဆုံဆွေး နွေးပါသည်။ သူမက သူမခြံထဲတွင်ကျန်ရှိနေသောမိုင်းများအားလုံးကို ဖယ်ရှားပေးရန် နယ်ခြားစောင့်တပ်ကို တောင်းဆိုပါသည်။ သူမ တောင်းဆိုသည့်အတိုင်း နယ်ခြားစောင့်တပ်မှ ဆောင်ရွက်ပေးခြင်းရှိပါသလားဟု မေးမြန်းကြည့်သောအခါ သူမက အောက်ပါအတိုင်းပြောပြပါသည်။

*"သူတို့(နယ်ခြားစောင့်တပ်)တွေ မလုပ်ပေးပါဘူး။ ကျွန်မကသူတို့ကို ပြန်ဖယ်ရှားပေးဖို့ပြောပေမဲ့ သူတို့က မလုပ် ပေးပါဘူး။ သူတို့က မြက်ပင်ရှည်လာလို့သူတို့ထောင်ထားတဲ့မိုင်းတွေ ဖုံးအုပ်ကုန်ပြီ၊ သူတို့ပြန်မဖယ်ရဲ တော့ဘူး လို့ ပြောပါတယ်။"*

ဒေါ် က...(မ၊ ၄၇ နှစ်)၊ မ...ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့တောင်ပိုင်း (၂၀၁၃ ဇူလိုင် လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[434]

ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ် ခ.....ကျေးရွာမှ နော် အ...သည် သူမ၏ခင်ပွန်းသည် ဒီကေဘီအေအတွက် ပေါ်တာထမ်းပေးစဉ်သေဆုံးသွားရခြင်းအတွက် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ထံ ဆက်သွယ်ခဲ့ပါသည်။ သူမ သည် လူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူးထံ တိုင်ကြားစာပေးပို့ခဲ့ပါသည်။ တိုင်ကြားစာတွင် သူမ၏ခင်ပွန်း သည်သေဆုံးပြီးနောက် ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲပြဿနာများကို အဓိကထားတင်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် သူမတွင် ကလေးတစ်ဦးကျန်ရစ်ခဲ့ပြီး ယခုအခါသူမအနေဖြင့် သူမ၏မိဘများအပေါ်မှီ ခိုနေရပါသည်။

[431] Source #62 ကိုကြည့်ပါ။

[432] Source #13 တွင် ကြည့်ပါ။

[433] အထက်ပါအတိုင်း ကြည့်ပါ။

[434] Source #62 ကိုကြည့်ပါ။

*"ကျွန်မအမျိုးသားဆုံးသွားတော့ ကျွန်မကလေးနဲ့ကျွန်မနေရပြီး ဒုက္ခအများကြီးလည်းခံစားရပါတယ်။ ဒါကြောင့် ကျွန်မရဲ့ ပြဿနာတွေကိုကျွန်မ တင်ပြချင်တယ်။ ဒီကေဘီအေ က ကျွန်မအမျိုးသားကို အတင်းအဓမ္မခေါ် ဆောင်သွားလို့ ကျွန်မ အမျိုးသား မိုင်းနင်းမိပြီး သေဆုံးသွားရတယ်။ ဒီကေဘီအေက ကျွန်မအမျိုးသားကို ပြီးခဲ့တဲ့တစ်ပတ်ကျော်က ခေါ်ဆောင်သွားတာပါ။"*

နော် အ.....ရေးသားသောတိုင်ကြားစာ၊ ခ....ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက် ပိုင်း (၂၀၁၂ ဇန်နဝါရီလ တွင်လက်ခံရရှိခဲ့သည်။)[435]

## တရားဥပဒေ၏ အကူအညီကိုရယူခြင်း

KHRG ထံပေးပို့သော မြေမြှုပ်မိုင်းအမှုအခင်းများတွင် တရားဥပဒေ၏အကူအညီကို အမှန်တကယ်ရယူ ခြင်းမရှိကြကြောင်း တွေ့မြင်ရပါသည်။ မြေမြှုပ်မိုင်းများဆိုးကျိုးကိုခံစားခဲ့ကြရသော အမျိုးသမီးများသည် မြေမြှုပ် မိုင်းထောင်သောသူများထံမှ လျော်ကြေးငွေမရရှိကြပါ။ သို့မဟုတ် မြေမြှုပ်မိုင်းထောင်သူ မည်သူမည်ဝါဖြစ်သည်ကိုပင်အမျိုးသမီးများက မသိရှိကြရပေ။ အချို့အဖြစ်အပျက်များတွင် မိုင်းနင်း မိသောသူများသည် လျော်ကြေး ငွေရရှိမည်ဟု ကတိရရှိခဲ့ကြသော်လည်း အမှန်တကယ်တွင်လျော်ကြေးငွေတစ်ဝက်ကိုသာ ရရှိကြ ပါသည်။ သို့မဟုတ် လျော်ကြေးအနေဖြင့် စားနပ်ရိက္ခာနှင့် လိုအပ်သော ပစ္စည်းများကို ရရှိကြပါသည်။

အခြားအဖြစ်အပျက်တစ်ခုတွင်မူ နယ်ခြားစောင့်တပ်နှင့် တပ်မတော်စစ်သားများက ကေအဲန်အယ်လ်အေအား တိုက်ခိုက်ရာတွင် အမျိုး သမီးတစ်ဦး၏ ခင်ပွန်းသည်သည် နယ်ခြားစောင့်တပ်နှင့် တပ်မတော်စစ်သားများ အတွက်ပေါ်တာ ထမ်းပေးစဉ် သေဆုံးခဲ့ရပါသည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ် ကျောပါးကျေးရွာအုပ်စု၊ ခရ.....ကျေးရွာသူကြီးက ရရှိ သောလျော်ကြေးငွေအကြောင်းကို KHRG သတင်းစုဆောင်းသူအား အောက်ပါ အတိုင်းပြောပြပါသည်။

*"အသက် ၃၈ နှစ်ရှိ ကလေးသုံးယောက်ဖခင် ခရ....ရွာသား စော ညႇ....သည် ပေါ်တာထမ်းရသူများတွင် တစ်ယောက်အပါ အဝင်ဖြစ်ပါသည်။ သူတို့အဖွဲ့မြစ်ကမ်းနား မရောက်မီ စော ည....သည် မြေမြှုပ်မိုင်းနင်းမိပါသည်။ နယ်ခြားစောင့်တပ်ဖွဲ့မှ သူ့ကိုကောင်းမွန်စွာ မပြုစုစောင့် ရှောက်သောကြောင့် သူသေဆုံးခဲ့ရပါသည်။ သူ့ကလေးများသည်အဖမဲ့ကလေးများဖြစ်သွားရပြီး သူ့အမျိုးသမီးသည်လည်း မုဆိုးမဖြစ်သွား ပါသည်။ သူ့အသုဘအတွက် နယ်ခြားစောင့်တပ်မှ ဆန် နှစ်အိတ်၊ အရက် ဆယ့် နှစ်ပုလင်းနှင့် ငွေ ၈၀၀၀၀ ကျပ်ပေး ပါသည်။ရွာသူကြီး က စော ည...၏မိန်းမသည် သူ၏ကလေးသုံးဦးကို ပြုစု စောင့် ရှောက်ရသည့်အတွက် အခက် အခဲများစွာနှင့်ကြုံတွေ့ရပြီးနယ်ခြား စောင့်တပ်မှလည်း သူမ၏ခင်ပွန်းအသုဘပြီးနောက် မည်သည့်အကူအညီမျှ မပေးတော့ပါဟုပြောပြခဲ့သည်။"*

KHRG သတင်းစုဆောင်းသူ ရေးသားသော မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၂ နိုဝင်ဘာလ တွင်လက်ခံရရှိခဲ့သည်။)[436]

အဖြစ်အပျက်တစ်ခုတွင် ကိုယ်ဝန်ခုနစ်လလွယ်ထားသော အမျိုးသမီးတစ်ဦးသည် တောထဲထင်းခွေပြီးအပြန် လမ်းတွင်နယ်ခြားစောင့်တပ်မှ ထောင်ထားသောမြေမြှုပ်မိုင်းကို နင်းမိပါသည်။ မိုင်းထိပြီးနောက် သူမအနေဖြင့် အခမဲ့ ဆေးကုသပေးသော ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ မယ်တော်ဆေးခန်း သို့သွားရောက်ဆေးကုသလိုသော် လည်း လူအများက နယ်စပ်တွင်အာဏာပိုင်များနှင့်ပြဿနာဖြစ်မည်ကိုစိုးရိမ် သောကြောင့် သူမအားပို့ဆောင် ပေးခြင်းမပြုပါ။[437] ထို့ နောက် သူမကို ကော့ကရိတ်ဆေးရုံသို့ပို့ဆောင်ပေးပါသည်။ သူမကို ဆေးရုံတွင် စားသောက် ရန်အတွက် နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးဖြစ်သော ဖားနော်ပူက ငွေကျပ် ၅၀၀၀၀ ပေးပါသည်။ ထို့နည်းတူနယ်ခြားစောင့် တပ်မှအခြား အရာရှိတစ်ဦးကလည်း သူမကို ကျပ်ငွေ ၁၀၀၀၀၀ ပေးပါသည်။ သူမ၏ ဆွေမျိုးများကလည်း သူမအတွက်အခြားသော လိုအပ်သည့်အရာများနှင့် ဆေးရုံတွင် လိုအပ်သောအရာများကို ထောက်ပံ့ပေးကြပါသည်။

*"ကျွန်မတို့မှာ ငွေမရှိပါဘူး။ ကျွန်မတို့မှာငွေမရှိလို့ လူတွေကကျွန်မတို့အတွက် အရေးပေါ်ငွေပေးလိုက်ကြတယ်။ ကျွန်မ ဒဏ်ရာသက်သာ တဲ့နောက် ကျွန်မရဲ့အမကလည်း ကျွန်မအတွက်ပိုက်ဆံပို့ပေးပါတယ်။ ကျွန်မ ပြောချင်တာက အဝေးမှာ ရှိတဲ့ကျွန်မရဲ့အမက ကျွန်မ တို့ကိုပို့ပေးလို့ ကံကောင်းတယ်လို့ပြောရမယ်။ ကျွန်မအမသာ အဝေးမှာမရှိရင်တော့ ကျွန်မ သေပြီလို့ထင်တာဘဲ။"*

မ.....(မ၊ ၃၃ နှစ်)၊ န...ကျေးရွာ၊ နဘူးမြို့နယ်၊ ဖားအံခရိုင်/ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၂ မေလတွင် လက်ခံရရှိခဲ့သည်။)[438]

---

[435] Source #1 ကိုကြည့်ပါ။

[436] Source #35 တွင် ကြည့်ပါ။

[437] ရွာသားများက ၎င်းတို့အနေဖြင့် ထိုင်းနယ်စပ်ကိုဖြတ်ကျော်ရာတွင် ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရမည်ကိုကြောက်ရွံ့ပါသည်။

[438] Source #11 တွင် ကြည့်ပါ။

# ဓါတ်ပုံများ: မြေမြှုပ်မိုင်းအန္တရာယ်



ဤပုံကို KHRG၏ ဒေသခံအဖွဲ့ဝင်မှ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်တွင် ရိုက်ကူးထားပြီး မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိသူအသက် ၄၇နှစ်အရွယ် နော် ဂ.....၏ပုံဖြစ်ပါသည်။ သူမကို ဆေးကုသမှုခံယူရန် ထိုင်းနိုင်ငံ မဲဆောက်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပါသည်။ သူမမိုင်းနင်းမိသည့်နေရာတွင်မည်သည့်အမှတ်အသား သတိပေးချက်တစ်ခုမှ မရှိခဲ့ပါ။ သူမမိုင်းနင်းမိသည့်နောက်မှသာ ထိုနေရာတွင် သတိပေးသည့် အမှတ်အသားကို လာရောက်စိုက်ထူထားပါသည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဒီဇင်ဘာလ ၂၁ ရက် ၂၀၁၄ ခုနှစ် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ခဲဒေါကျေးရွာစုတွင် ရိုက်ကူးခဲ့ပါသည်။ ၎င်းပုံတွင် ကရင်နှင့် မြန်မာ ဘာသာ နှစ်ခုလုံး "မြေမြှုပ်မိုင်းရှိသည်" ဟုဖော်ပြထားသည့် မြေမြှုပ်မိုင်း အန္တရာယ် ဆိုင်းပုဒ် ဖြစ်သည်ကိုတွေ့မြင်ရပါမည်။ *(ဓာတ်ပုံ KHRG)*



ဤပုံမှာမြေမြှုပ်မိုင်း ပုံဖြစ်ပြီး KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဇွန်လ ၂ ရက် ၂၀၁၄ ခုနှစ်တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာစုတွင်းရှိ မယ်ဘောကျိုးတောင်ကုန်း တွင်ရိုက်ကူးခဲ့ပါသည်။ မဲဘောကျိုးဧရိယာတွင် ယခင်က တပ်မတော်တပ်စခန်းရှိခဲ့ပြီး နောက် ပိုင်းရွာသူရွာသားများမှ ကျွဲစားကျက်မြေအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ ရွာသားများက ၎င်းတို့ အိမ်မွေးတိရစ္ဆာန်များ မြေမြှုပ်မိုင်းတက်နင်းမိပြီး ထိခိုက်ဒဏ်ရာရမည်ကို စိုးရိမ်မိပါသည် ဟုတင်ပြလာကြပါသည်။ တပ်မတော်မှ မြေမြှုပ်မိုင်းများဆက်လက်တည်ရှိခြင်းကြောင့် ရွာသားများအား ၎င်းဧရိယာသို့သွားလာ ခြင်းမပြုရန် သတိပေးခဲ့သည်။
*(ဓာတ်ပုံ KHRG)*



ဤပုံကို KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ဇွန်လ ၆ ရက် ၂၀၁၅ ခုနှစ်တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဖာပွန်မြို့၊ ဖာပွန်ဆေးရုံတွင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပုံတွင် စောဖ.... နှင့်သူ၏ ဇနီးတို့ကိုတွေ့မြင်ရပါမည်။ စောဖသည် တောထဲ အမဲလိုက်သွားချိန်တွင် မြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရရှိခဲ့ပါ သည်။ ထို့နောက် ဆေးရုံသို့ပို့ဆောင်ခြင်းခံခဲ့ရပြီး ခြေထောက်တစ်ဖက်မှာ ဖြတ်တောက်ခြင်းခံခဲ့ရပါသည်။ နော်ဖ.... မှ ပြန်ပြောပြသည်မှာ တပ်မတော်မှ ပြောပြချက်အရ 'စောဖ.... က တပ်မတော်မြေမြှုပ်မိုင်းနင်းမိရင် သေလောက်ပြီ' ဟုဆိုပါသည်။ ၎င်းဖြေကြားမှုသည် နော်ဖ.... အား မြေမြှုပ်မိုင်းကို KNLA မှ ထောင်ထားသည်ဟု သံသယဖြစ်ပေါ်စေပါသည်။
*(ဓာတ်ပုံ KHRG)*

# အခန်း ၉:အဓမ္မ အခွန်ကောက်ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်း

*"ဟုတ်ပါတယ်။ ကျွန်မတို့ပိုင်တဲ့ လယ်ပေါ်မှာ လယ်လုပ်စားတာ လယ်ခွန်ပေးရပါတယ်။.... ကျွန်မတို့ပိုင်မြေဖြစ်ပေမဲ့ အခွန် ပေးရပါတယ်။"*

နော် လ....(မ၊ ၅၄ နှစ်)၊ တ...ကျေးရွာ၊ နဘူးမြို့နယ်၊ ဖားအံခရိုင်/ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၂ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်း ခန်းပြုလုပ်ခဲ့သည်။)[439]

## အဓိကတွေ့ ရှိချက်များ

- KHRG သတင်းစုဆောင်းသော နေရာဒေသတစ်လျှောက်တွင် နေထိုင်သည့် အမျိုးသမီးများက ၎င်းတို့အနေနှင့် အဓမ္မအခွန် ကောက်ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်းများကို တွေ့ကြုံခံစား ကြရကြောင်း တင်ပြကြသည်။ ဤကဲ့သို့ အဓမ္မ အခွန် ကောက်ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ် ခြင်းများကို လက်နက်ကိုင် အဖွဲ့ များ သို့မဟုတ် ရဲများက အများအားဖြင့် လုပ်ဆောင်လျှက် ရှိ သည်။
- အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်ခုတ် လုပ်ငန်းများနှင့် ခရီးသွားသောအခါများတွင် မပေးမနေရ အဓမ္မအခွန်ကောက်ခံခြင်း များ ကြောင့် အမျိုးသမီးများအတွက် များစွာထိခိုက်နစ်နာရပါသည်။ ခြိမ်းခြောက်ငွေညှစ်ခြင်းများမှာ မကြာခဏ ဖြစ်ပွားလေ့မရှိသော်လည်း ရာဇဝတ်မှုများဖြေရှင်းနေစဉ်တွင် အမှုဆက်လက်ဆောင်ရွက်နိုင်ရန် အတွက်အမျိုးသမီးများအား လာဘ်ထိုးစေပါသည်။
- အမျိုးသမီးများတုန့်ပြန်လုပ်ဆောင်သည့် အချို့သောကိစ္စရပ်များတွင် အမျိုးသမီးများသည် မတရား အခွန်ကောက်ခံခြင်းများကို ပေးဆောင်ရန်ငြင်းဆန်ခြင်း၊ သို့မဟုတ် အခွန်ကောက်ခံ သူများနှင့် တွေ့ဆုံပြီး အခွန်ငွေလျှော့ပေါ့ပေးရန် တောင်းဆိုခြင်း သို့မဟုတ် တရားဝင် ငွေလက်ခံဖြတ်ပိုင်းများ တောင်းခံခြင်း စသည့်အရာများ ကို လုပ်ဆောင်ကြပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်၍လည်း မြန်မာပြည် အရှေ့တောင်ပိုင်းရှိအမျိုးသမီးများက ၎င်းတို့ တွေ့ကြုံရသော နောက်ထပ်စိန်ခေါ်မှုအခက်အခဲ ၂ မျိုးမှာအဓမ္မအခွန်ကောက်ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ် ခြင်း ဖြစ် သည်ဟု ထုတ်ဖော်ပြောဆိုကြပါသည်။ ဤအခက်အခဲနှစ်မျိုးသည် မြေယာသိမ်းဆည်းခြင်း နှင့် လိုက်နာမှုမရှိလျှင် အကြမ်းဖက် ခြိမ်းခြောက်ခြင်းစသည့် အခြား သော အကြမ်းဖက်မှုများနှင့်ဆက်စပ်နေပါသည်။ မြန်မာပြည် အရှေ့တောင်ပိုင်းရှိအမျိုးသမီးများသည် အထက်ပါ အခက်အခဲ ၂ မျိုးနှင့် ရင်ဆိုင်ကြုံတွေ့ကြရပြီး ထို အခက် အခဲများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ဆိုးကျိုး သက်ရောက်မှုနည်းပါးစေရန် တုန့်ပြန် လုပ်ဆောင်သည့် နည်းလမ်း များစွာကို အသုံးပြုကြပါသည်။

## အဓမ္မအခွန်ကောက်ခံခြင်း

အဓမ္မအခွန်ကောက်ခံခြင်းကို အချို့သောဒေသများတွင် အာဏာရှိသောအဖွဲ့ သို့မဟုတ် ဒေသခံအာဏာပိုင်များက လုပ်ဆောင်လေ့ရှိပါသည်။ ၎င်းအဖွဲ့များမှာ မြန်မာအစိုးရ၊ တပ်မတော်၊ နယ်ခြားစောင့်တပ် သို့မဟုတ် ကေအဲန်ယူ အဖွဲ့များဖြစ်ပါသည်။ ဤကဲ့သို့သော အဓမ္မအခွန်ကောက်ခံခြင်းများသည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒေသခံကရင်လူမျိုးများခေါ်ဝေါ်သုံးစွဲသော ကရင်ခရိုင် ၇ ခု အနက် ၅ ခုတွင် ဖြစ်ပွားလျက် ရှိကြောင်းကို အမျိုးသမီးများက တင်ပြကြပါသည်။ ရွာသားများသည် ခရီးသွားသည့်အခါ စစ်ဆေးရေးဂိတ်များတွင်အခွန်ပေးရပါသည်။[440] မြေယာပိုင်ဆိုင်မှုသို့မဟုတ် အခြားသောပစ္စည်းများပိုင်ဆိုင်မှုများအတွက် အခွန်ပေးရပါသည်။[441] မိမိတို့စိုက်ပျိုးရိတ်သိမ်းသော သီးနှံများကို ဈေးကွက်သို့ပို့ဆောင်သည့်အခါ အခွန်ပေးရပါသည်။[442] စီးပွားရေးလုပ်ငန်းများအတွက်လည်း အခွန်ပေးရပါသည်။[443] ၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရနှင့် ကေအဲန်ယူတို့အကြား လက်မှတ်ရေးထိုးခဲ့သော ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် အဓမ္မ အခွန်ကောက်ခံခြင်း ပပျောက်စေရန်လုပ်ဆောင်ကြမည်ဟု သဘောတူညီထားကြပါသည်။ သို့သော် ထိုလက်မှတ်ရေးထိုးပြီးချိန်မှစ၍ KHRG မှရရှိ သောသတင်းများအရ အဓမ္မ အခွန်ကောက်ခံခြင်းသည် ပပျောက်သွားခြင်းမရှိသေးပေ။[444]

[439] Source #23 တွင် ကြည့်ပါ။

[440] Source #8 တွင် ကြည့်ပါ။

[441] Source #135 တွင် ကြည့်ပါ။

[442] အထက်ပါအတိုင်း ကြည့်ပါ။

[443] Source #115; နှင့် Source #135 တွင် ကြည့်ပါ။

[444] အချက်အလက်များ ပိုမိုသိလိုပါက Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire, KHRG, May 2014. တွင်ကြည့်ပါ။

မြန်မာအစိုးရနှင့် ကေအဲန်ယူစသည့် အဖွဲ့နှစ်ဖွဲ့လုံး ထိန်းချုပ်သောနယ်မြေဖြစ်သော ဖာပွန်ခရိုင်၊ လူသောမြို့နယ်တွင် နေထိုင်သော အမျိုးသမီးရွာသူကြီးတစ်ဦးက ၎င်းတို့သည် ဤအဖွဲ့နှစ်ဖွဲ့ကို သီးခြားအခွန် အမျိုးအစား ၂၀ ပေး ဆောင် ရကြောင်း အချို့သောအခြေအနေတွင် အခွန်အမျိုးအစားတစ်မျိုးကိုပင် အဖွဲ့နှစ်ဖွဲ့လုံးသို့ပေးဆောင် ရကြောင်း တင်ပြ ပြောဆိုပါသည်။

*"ကေအဲန်ယူကနေ ကောက်ခံတဲ့ အခွန်အမျိုးအစား ၁၆မျိုးရှိပါတယ်။.... အဲ့ဒါတွေကတော့ လယ်ခွန်၊ ဉယျာဉ်ခြံခွန်၊ တောင်ယာခွန်၊ဆိုင်ခွန်၊ ဆင်ပိုင်ဆိုင်မှုခွန်၊ သေနတ်ခွန်၊ သစ်ဖြတ်စက်လွှခွန်၊ စက်လှေခွန်၊ ဆိုင်ကယ်ခွန်၊ မော်တော်ယာဉ်ခွန်၊ လူတစ်ဦးခြင်းအတွက်အခွန် နှင့် အိမ်ခွန် တို့ဖြစ်တယ်။.... မြန်မာအစိုးရကတော့ စက်လှေခွန်၊ ဆိုင် ကယ်ခွန်၊ အိမ်ခြံမြေခွန် နဲ့ ဆိုင်ခွန်တွေကို ကောက်ခံပါတယ်။"*

နော် က.....(မ၊ ၅၁ နှစ်)၊ ရပ်ကွက် ဂ...၊ ဃ....မြို့၊ လူသောမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၅ ဧပြီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[445]

ဖားအံခရိုင် နဘူးမြို့နယ်တွင်ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခုတွင် အမျိုးသမီးတစ်ဦးသည် သူမပိုင်ဆိုင်သော လယ်မြေတွင်ထွန်ယက် စိုက်ပျိုးရာ၌ပင် တပ်မတော်ကို အခွန်ပေးဆောင်ရပါသည်။

*"ဟုတ်ပါတယ်။ ကျွန်မတို့ပိုင်တဲ့ လယ်ပေါ်မှာ လယ်လုပ်စားတာ လယ်ခွန်ပေးရပါတယ်။.... ကျွန်မတို့ပိုင်မြေဖြစ်ပေမဲ့ အခွန်ပေးရပါတယ်။.... စပါးအတင်းလိုက် ပေးရပါတယ်။ ကျွန်မတို့ကတော့ ၇ တင်းပေးရပါတယ်။ ဒီနှစ်တော့ ကျွန်မတို့ လယ် လုပ်ဖို့ လက်မှတ်ထိုးခိုင်းပါတယ်။ ကျွန်မတို့ကမထိုးပါဘူး။.... လက်မှတ်မထိုးရင် မလုပ်ရဘူးလို့ပြောပါတယ်။ လယ်ကွင်း ထဲသွားဖို့ သူတို့ခွင့်မပြုဘူးလို့ပြောပါတယ်။"*

နော် လ....(မ၊ ၅၄ နှစ်)၊ တ...ကျေးရွာ၊ နဘူးမြို့နယ်၊ ဖားအံခရိုင်/ကရင်ပြည်နယ်အလယ်ပိုင်း
(၂၀၁၂ ဇူလိုင်လ တွင်တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[446]

ဤကဲ့သို့သော အခက်အခဲများကို ရင်ဆိုင်ရာတွင် အမျိုးသမီးများသည် အခွန်မပေးဆောင်ရရေးအတွက် တိုက်ရိုက်ငြင်းဆန်ခြင်း သို့မဟုတ် အခွန်ကောက်ခံသူနှင့် တွေ့ဆုံညှိနှိုင်းပြီး အခွန်ငွေပမာဏ လျှော့ချပေးရန် သို့မဟုတ် အခွန် နှစ်ခါ အကောက်မခံရရန်အခွန် ကောက်ခံပြီးကြောင်း သက်သေခံလက်မှတ်ထုတ်ပေးရန် တောင်းဆိုခြင်းများကို ပြုလုပ်ပါသည်။[447]

*"ရွာသားတွေက စက်လွှအတွက် အခွန်ငွေ ၃ သောင်းကျပ် ကောက်ခံတာနဲ့ပတ်သက်ပြီး တင်ပြ တိုင်ကြားလာကြတယ်။သစ်ထုတ်လုပ် တဲ့သူတွေကို ဒီလိုအခွန်ကောက်ပါတယ်။ ကျွန်မက ကျေးရွာခေါင်းဆောင် တစ်ယောက်အနေနဲ့ အခုလို သစ်လုပ်တဲ့သူတွေကိုကောက် တဲ့အခွန်ကို မပေးခိုင်းဘူး။ ဘာဖြစ်လဲဆိုရင် အခုဒီမှာ သစ်လုပ်ငန်းမှ မရှိတော့တာဘဲ။ ဒီလိုအခွန်မျိုးကို မပေးနိုင်ပါဘူး။ ဒါကြောင့် ကျွန်မရပ်ကွက်မှာ နေတဲ့သူတွေက ဆင်ပိုင်ဆိုင်မှုခွန်နဲ့ စက်လွှခွန် မပေးကြပါဘူး။"*

နော် က.....(မ၊ ၅၁ နှစ်)၊ ရပ်ကွက် ဂ...၊ ဃ....မြို့၊ လူသောမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၅ ဧပြီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[448]

## ခြိမ်းခြောက် ငွေညှစ်ခြင်း

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အမျိုးသမီးများသည် ၎င်းတို့ကို ခြိမ်းခြောက်ငွေညှစ် တောင်းခံလိုသော အကျင့်ပျက် ခြစားသည့် အစိုးရ ဝန်ထမ်းများနှင့် အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် အမြဲဆက်ဆံကြရပါသည်။[449] KHRG ထံတင်ပြသော ငွေညှစ် တောင်းခံမှုများ တွင်ယာဉ်တိုက်မှု[450] နှင့် လည်းကောင်း ချဲထီရောင်းချခွင့်[451] နှင့်လည်းကောင်း ဆက်စပ်နေပါသည်။

အဖြစ်အပျက်တစ်ခုတွင် အမျိုးသမီးတစ်ဦးသည် ယာဉ်မတော်တဆဖြစ်မှုကြောင့် အချုပ်ကျခံရသော သူမ၏ မောင်အမှု နှင့်ပတ်သက်၍ ရဲများ၏ ငွေညှစ် တောင်းခံခြင်းကိုခံရပါသည်။

---

[445] Source #135 တွင် ကြည့်ပါ။

[446] Source #23 တွင် ကြည့်ပါ။

[447] Source #135 တွင် ကြည့်ပါ။

[448] အထက်ပါအတိုင်း ကြည့်ပါ။

[449] ဤအစီရင်ခံစာအတွက် သတင်းအချက်အလက်ကောက်ယူစဉ် ရရှိသော သတင်းများအရ အကျင့်ပျက်ခြစားမှုများနှင့် ပတ်သက်၍ KHRG ထံတင်ပြသောအမှုများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်နေပါသည်။

[450] Source #93; နှင့် Source #116 တွင် ကြည့်ပါ။

[451] Source #33 တွင် ကြည့်ပါ။

*"သူ (လှမင်းသောင်း) က ကျွန်မကို ကမမောင်း ရဲစခန်းက အမှုစစ်ရဲကို ငွေကျပ် ၅၀၀၀၀၀၊ ဒေသတွင်း တရား ရေး အရာရှိကို ၅၀၀၀၀၀၊ ကမမောင်းစခန်းမှူးကို ၅၀၀၀၀၀ နှင့် သူ့ကို ၅၀၀၀၀၀ ကျပ် အသီးသီးပေးဖို့ပြောပါ တယ်။ ကျွန်မ အနေနဲ့ စုစုပေါင်း သိန်း ၂၀ ကျပ်ပေးရင် အမှုပြီးသွားမယ်လို့ပြောပါတယ်။ သူက ကျွန်မ ငွေမပေးရင် ဂ…ထောင်ကျ မယ်ဆိုတာ သူကြိုမြင်ပါတယ်လို့ ပြောပါတယ်။"*

မ က….(မ၊ ၃၆ နှစ်)၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၄ ဇန်နဝါရီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[452]

KHRG ထံတင်ပြချက်အရ အမျိုးသမီးများသည် အထက်ပါကဲ့သို့ ငွေညှစ်တောင်းခံခြင်းများကို ကြုံတွေ့ရသည့်အခါ သူမတို့ကို ကူညီပေးမည့်သူမရှိပါ။ အချို့အခြေအနေတွင် အမျိုးသမီးများသည် ပေးရန်ငွေမရှိကြပါ။[453] သို့မဟုတ် အချို့တို့သည် မိသားစုဝင်များ ရဲ၏ချုပ်နှောင်ခြင်းမှ လွတ်မြောက်ရန် မတန်မဆ ငွေကြေးများကို ပေးဆောင်ရပါသည်။[454] အထက်ပါ ယာဉ်မတော်တဆမှုဖြစ်စဉ်အတွက် မ က….သည် မြန်မာနိုင်ငံတော် ဒုတိယသမ္မတထံ တင်ပြတိုင်ကြားထားပါသည်။တိုင်ကြားခြင်းအတွက်တုန့်ပြန်မှုရရှိပါက KHRG ထံသတင်းပေးပို့ပါမည်ဟုပြောပါသည်။

*"ဖာပွန်တစ်မြို့လုံးမှာရှိတဲ့ လူတွေက ရဲတွေမတရားဘူးဆိုတာ သိကြပါတယ်။ ရဲတွေ လာဘ်မစားရဘူးဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မလည်း အစိုးရဝန်ထမ်းပဲဆိုတော့ ဒီသိန်း ၂၀ ကို ပေးဖို့ မတတ်နိုင်ပါဘူး။ ဒါကြောင့် ကားကိုတော့ ထုတ်ကုန် သွင်းကုန် ဥပဒေ အပိုဒ် ၈ အရ သိမ်းထားပါတယ်။ ကျွန်မက ဒီကိစ္စကို ပြည်ထဲရေး ဝန်ကြီးက တာဝန်ယူဖြေရှင်းပေးပြီး ရဲတွေမတရားလုပ်တာတွေကို ဖော်ထုတ်နိုင်ဖို့ အထက်ကို ရှိသေလေးစားစွာနဲ့ တောင်းဆိုတင်ပြတာပါ။"*

တိုင်ကြားစာ၊ ရေးသားသူ မ ….(မ၊ ၃၆ နှစ်)၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(၂၀၁၄ ဧပြီလတွင်လက်ခံရရှိခဲ့သည်။)[455]

[452] Source #116 တွင် ကြည့်ပါ။

[453] အထက်ဖော်ပြပါ ယာဉ်တိုက်မှုတွင် မ က…သည် ရဲများတောင်းဆိုသော ငွေကျပ်သိန်း ၂၀ ကို မပေးဆောင်နိုင်သောကြောင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ်ကာလအထိ သူမ၏မောင်သည် ဖမ်းဆီးချုပ်နှောင်ခံရခြင်းမှ လွတ်မြောက်ခြင်း မရှိသေး ပါ။

[454] Source #33; တွင်ကြည့်ပါ။ ဤအမှုတွင် အမျိုးသမီးတစ်ဦးသည် ချဲထီမှုဖြင့် အချုပ်ကျနေသော သူမ၏တူလွတ် မြောက်ရန် ငွေ ၆၀၀၀၀၀ကျပ်ပေးဆောင်ခဲ့ရပါသည်။

[455] Source #93 တွင်ကြည့်ပါ။

# အခန်း ၁၀: အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှုနှင့် ထင်ထင်ပေါ်ပေါ် ခြိမ်းခြောက်မှုများ

*"ကျွန်မသူတို့ကို 'ကျွန်မရှင်တို့ပေးတဲ့ ပိုက်ဆံမလိုချင်ဘူး။ ကျွန်မ ခင်ပွန်းသည်ကိုပဲပြန်လိုချင်တယ်။ သူ့ကိုပြန် လွှတ်ပေးပါ' လို့ပြောပါတယ်။"*

နော် အ...(မ၊ ၄၂နှစ်)၊ အ.....ကျေးရွာ၊ စခန်းကြီးကျေးရွာအုပ်စု၊ သထုံခရိုင်/ မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၅ ဇူလိုင်လ တွင်လက်ခံရရှိခဲ့သည်။)[456]

## အဓိကတွေ့ ရှိချက်များ

- သတ်ဖြတ်ခြင်း၊ ထင်ပေါ်စွာ ခြိမ်းခြောက်မှု များပြုလုပ်ခြင်းနှင့် အကြမ်းဖက် ညှဉ်းပန်း နှိပ် စက်ခြင်း စသည်တို့ကို ခံစားရသူ အများစုမှာ အမျိုးသားများ ဖြစ်ကြောင်း KHRG မှရရှိသော သတင်းအချက် အလက် များတွင် တွေ့ရှိရ သည်။ အမျိုးသမီးများ ဆိုးရွားစွာ အကြမ်းဖက်ခံရခြင်း သို့မဟုတ် သတ်ဖြတ်ခံရခြင်း အဖြစ်အပျက်များတွင်မူ ကိစ္စ အများစုမှာ သူမ ၏မိသား စုအတွင်း စုန်းကဝေ အတတ်များတတ်သည်ဟု စွပ်စွဲ ခံရခြင်း သို့မဟုတ် မူးယစ် ဆေးဝါးရောင်း ဝယ်ခြင်းနှင့် သုံးစွဲခြင်းကို ဆန့်ကျင်ထုတ်ဖော် ပြောဆိုမှုများပါဝင်သည်။
- အခွင့်အရေးတစ်ခုခုကိုချိုးဖောက်ခံရသောအမျိုးသမီးများသည်တရားဥပဒေ၏ အကူ အညီကို ရယူရန် ကြိုးပမ်းကြသောအခါ ကျူးလွန်သူများ၏ ထင်ပေါ်စွာ ခြိမ်းခြောက် ခြင်း သို့မဟုတ် အကြမ်းဖက်မှုများကို ကြုံတွေ့ ခံစားကြရသည်။
- အဖြစ်အပျက် အများစုတွင် ကျူးလွန်သူ များ က ပေးသော လျော်ကြေးများနှင့် ၎င်းတို့ တောင်းဆိုသော အချက်များကို လက်ခံရန် ကျူးလွန်ခံရသူ အမျိုးသမီးများ က တွန့်ဆုတ်ကြောင်း တင်ပြထားသည်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၏ အရည်အသွေးသည် ဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်နေသဘောထား အပေါ်တွင် များစွာ မူတည်သည်ဟုအမျိုးသမီးအချို့ခံစားရ ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

KHRG ၏ ဖော်ပြချက်များအရ လူ့အခွင့်အရေးချိုး ဖောက်မှု များ၏ ပင်မအမျိုးအစားများမှာ အ ကြမ်းဖက် ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ် ဖြတ်ခြင်း နှင့် ထင်ပေါ်စွာ ခြိမ်းခြောက်ခြင်းများဖြစ်ကြကြောင်း တွေ့ရှိ ရပါမည်။ စစ်သားများ သို့မဟုတ် အာဏာ ရှိသူများက ရွာသားများအပေါ် အထက်ပါကဲ့သို့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်သည့် သာဓက အဖြစ်အပျက်များကို KHRG ၏ ဒေသခံအဖွဲ့ဝင်များမှ မကြာခဏတင်ပြကြပါသည်။ ဤအခန်းတွင် အထက်ပါကဲ့သို့သော အထူးသဖြင့် အမျိုးသမီးများအပေါ် လူ့အခွင့်အရေးချိုးဖောက် မှုများကို အဓိကထားတင်ပြထားပါသည်။

၂၀၁၂ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၆ မတ်လထိ KHRG မှ ရရှိသော သတင်းအချက်အလက်များအရအကြမ်း ဖက် ညှဉ်းပန်း နှိပ်စက် ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ထင် ပေါ်စွာ ခြိမ်းခြောက်ခြင်း စသည်များ ကို တိုက်ရိုက် ခံစားရသော သူအများစုသည် အမျိုးသားများသာ ဖြစ်ကြပြီး အမျိုးသမီးများကိုမူ များသောအားဖြင့် တိုက်ရိုက် ပစ်မှတ်ထားခံရခြင်း နည်းပါးပါသည်။ သို့သော် သတင်း စုဆောင်း စဉ် ကာလအတွင်း အထက်ပါကဲ့သို့သော အကြမ်း ဖက် ညှဉ်းပန်း နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း နှင့် ထင်ပေါ်စွာ ခြိမ်းခြောက်ခြင်း စသည့် အခွင့်အရေး ချိုးဖောက်မှုများကို အမျိုးသမီးများမှ တိုက်ရိုက်ခံစားရ သော အဖြစ်အပျက်များစွာ ရှိခဲ့ကြောင်း တွေ့ရှိ ရပါသည်။

ထို့အပြင် အမျိုးသမီးများသည် အထက်ပါကဲ့သို့သော အကြမ်းဖက်မှုများကို သွယ်ဝိုက်သောနည်းဖြင့်လည်း ရေရှည် ခံစားကြရပါသည်။ ဥပမာအားဖြင့် ခင်ပွန်းသည် အဖမ်းခံရလျှင် မိမိကလေးများကို ပြုစုပျိုးထောင်ရန်၊ လယ်ယာများတွင် အလုပ်လုပ်ရန်၊ သို့မဟုတ်မိသားစု စားဝတ်နေရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးမည့်သူ တစ်ယောက်လျော့သွားသဖြင့် အမျိုးသမီးများသည် ခက်ခဲသောအခြေ အနေများနှင့် ရင်ဆိုင်ရပါသည်။ အမျိုးသမီးများမှ အခြားကြုံတွေ့ရသော အခက်အခဲများမှာ မိသားစုဝင်အပေါ်အကြမ်းဖက်ခံရခြင်း အပါအဝင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများပါ ပါဝင်ပါသည်။[457]

သတင်းရယူစုဆောင်းနေစဉ်ကာလတွင်း KHRG အနေဖြင့် အမျိုးသမီးများသည် ထင်ပေါ်စွာခြိမ်းခြောက်ခံရခြင်းနှင့် သတ်ဖြတ် ခြင်းစသည့် အခွင့်အရေးချိုးဖောက်မှုများ၏ တိုက်ရိုက်သားကောင် ဖြစ်ခဲ့ရသည့် အကြောင်းများ တင်ပြ ထားသော သတင်း ပေးပို့ချက်များစွာကိုလည်း ရရှိခဲ့ပါသည်။ ရရှိသော သတင်းအချက်အလက်များကို ဆန်းစစ် သုံးသပ် ကြည့်သောအခါ အကြမ်းဖက်မှုများကို အမျိုးသားများ အပေါ်တွင်သာ အဓိက ပစ်မှတ်ထား ကျူးလွန်ကြောင်း တွေ့ခဲ့ရသည်။ အမျိုးသမီးများ အကြမ်းဖက်မှု ခံရသောအခါ KHRG အနေဖြင့် ကျား၊ မအခြေပြု အကြမ်းဖက်မှု[458] ဟု ခေါင်းစဉ်တပ်ခွဲခြားထားပါသည်။ သို့သော် အမျိုးသမီးများသည် ၎င်းတို့၏မိသားစုဝင်အမျိုးသား

[456] Source #140 တွင်ကြည့်ပါ။

[457] Source #22: "Papun Interview: Saw E---, June 2012," KHRG, September 2012. တွင် ကြည့်ပါ။

[458] ပိုမိုသိလိုပါက အခန်း VI: ကျား၊မ အခြေပြု အကြမ်းဖက်မှုများ တွင် ကြည့်ပါ။

ဖြစ်များက ကျူးလွန်မှုများတွင် ပါဝင်သည်ဟု သံသယ ရှိခြင်း ခံရသောကြောင့် အကြမ်းဖက်မှုကို ခံရပါသည်။[459] ဤအခန်းတွင် အမျိုးသမီးများတိုက်ရိုက်ခံစားရသော သတ်ဖြတ်ခြင်းနှင့် ထင်ပေါ်စွာခြိမ်းခြောက်ခံရခြင်း တို့ကို အဓိကထားတင်ပြထားပါသည်။

၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု[460] မရရှိစဉ် အချိန်က ရွာများအားလုံးနှင့် ရွာသား တစ်ဦးချင်းသည် အတိုက်အခံ လက်နက်ကိုင်အဖွဲ့များနှင့် အဆက်အသွယ်ရှိသည်ဟု စွပ်စွဲခံရကာ ထင်ပေါ်စွာ ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှုများကို ရင်ဆိုင်လျက် နေထိုင်ခဲ့ကြရပါသည်။ ရွာသားများအား အခြားသော အခွင့်အရေး ချိုးဖောက်မှုများကို တင်ပြတိုင်ကြားခြင်း မပြုလုပ်ရန် ထင်ပေါ်စွာ ခြိမ်းခြောက်ခြင်းများ၊ အကြမ်းဖက်မှုများ ပြုလုပ်ပါသည်။ ရွာသားများမှ အဓမ္မပြုကျင့်ခြင်းများ နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုများကို တပ်မတော်၊ မြန်မာပြည်တောင်ပိုင်းတွင် လှုပ်ရှားသော နယ်ခြားစောင့်တပ် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၏ တပ်မှူးများထံ တင်ပြတိုင်ကြားလျှင် အကြမ်းဖက် ခြိမ်းခြောက်ခံရပါသည်။[461] အပစ်အခတ်ရပ်စဲရေး ပဏာမ သဘောတူညီမှု ရရှိပြီးနောက်ပိုင်း KHRG ၏ သတင်း ရယူစု ဆောင်းသည့် ကာလတွင်လည်း ရွာသားများက သတ်မှတ်ချက်များအား လိုက်နာရန်အတွက် ထင်ပေါ်စွာ ခြိမ်းခြောက် အကြမ်းဖက်မှု များကို ဆက်လက် အသုံးပြုလျက်ရှိပါသည်။

ရွာသားများတင်ပြလာသော အဖြစ်အပျက်များတွင်ပါဝင်သော ရွာသားများ၏ စိုးရိမ်ပူပန်မှုများကို  ကုလသမဂ္ဂ၏ နှိပ်စက် ညှဉ်းပန်းမှုကို ဆန့်ကျင်ခြင်း သဘောတူစာချုပ်[462] ကဲ့သို့သော နိုင်ငံတကာတရားဥပဒေ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်နှိုင်းယှဉ်ပြီး KHRG က *'အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်ခြင်း'* ဟူသော စကားစုကို အသုံးပြုပြီး တင်ပြပါသည်။ 'ထင်ပေါ်စွာ ခြိမ်းခြောက်ခြင်း' ဟုဆိုရာတွင် တပ်မတော်၊ နယ်ခြားစောင့်တပ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ကဲ့သို့သော စစ်ဘက်ဆိုင်ရာအဖွဲ့များ သို့မဟုတ် ရဲ၊ ကျေးရွာဥက္ကဋ္ဌ ကဲ့သို့သော ဒေသခံအာဏာပိုင်တို့မှပြုလုပ်သည့် ထင်ပေါ်စွာခြိမ်းခြောက်မှုများအားလုံးပါဝင်ပါသည်။ *'သတ်ဖြတ်ခြင်း'* ဟုဆိုရာတွင်သာမန်ပြည်သူများကို သေဒဏ်ပေးခြင်း၊ အတင်း အဓမ္မဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း နှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် သို့မဟုတ် စစ်သားများနှင့် သာမန်ပြည်သူများ ကို မခွဲခြားဘဲ တိုက်ခိုက်ခြင်းကြောင့် သာမန်အရပ်သား ပြည်သူများသေဆုံးရခြင်းကို ဆိုလိုပါသည်။

## သတ်ဖြတ်ခြင်း

၁၉၉၂ ခုနှစ်ကတည်းမှ စ၍ KHRG အနေဖြင့် သတင်းရယူစုဆောင်းရာဒေသများအားလုံးတွင် ဖြစ်ပေါ်ခဲ့သော သာမန် ပြည်သူအရပ်သားများ တိုက်ခိုက်ခံရခြင်းနှင့် သတ်ဖြတ်ခံရခြင်းများကို တစိုက်မတ်မတ် သတင်းရယူ မှတ်တမ်း တင်ခဲ့ပါ သည်။[463] ၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးနောက်တွင် သာမန်ပြည်သူ အရပ် သားများ သတ်ဖြတ်ခံရခြင်းနှင့် ပတ်သက်သော သတင်းများကို လက်ခံရရှိခြင်း တစ်ဖြည်းဖြည်း လျော့နည်းလာပါသည်။ စစ်ဆေး မေးမြန်းခြင်းမရှိပဲ တွေ့ရှိသည့်နေရာ၌ ပစ်ခတ်သည့် အလေ့အထကိုလည်း တပ်မတော်မှ ကျင့်သုံးခြင်းမရှိတော့ပါ။ အပစ်ခတ်ရပ်စဲရေးကာလ ရှည်ကြာလာသည်နှင့်အမျှ လက်နက်ကိုင်များအကြား ထိတွေ့ရင်ဆိုင် တိုက်ခိုက်မှု နည်းပါးလာ သောကြောင့် သာမန်အရပ်သားများ သတ်ဖြတ်ခံရခြင်းလည်း လျော့နည်းလာပါသည်။ သို့သော် ဤသတင်းရယူ စုဆောင်းစဉ် ကာလတွင် လက်နက်မဲ့အရပ်သားပြည်သူများကို လက်နက်ကိုင်အဖွဲ့များက သတ်ဖြတ်ခြင်းရှိသည်ဟူသော သတင်း များကိုလည်း လက်ခံရရှိခဲ့ပါသည်။ ဖားအံခရိုင်အတွင်း နယ်ခြားစောင့်တပ် အမှတ် ၁၀၁၅ မှ စစ်သားများက အရပ်သား မိသားစုဝင်လေးဦးအား သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်တစ်ခုကို KHRG ထံ ပေးပို့ထားသော သတင်းတွင် တွေ့မြင် ရပါမည်။ တပ်မှူးကြာအေးသည် အောက်လမ်းစုန်းအတတ်ကျင့်သုံးသည်ဟု အစွပ်စွဲခံခဲ့ရသည့် အသက် ၆၀ နှစ်အရွယ် ဖားထေ ဖိုးနှင့် ၎င်းအိမ်တွင် နေထိုင်သောမိသားစုဝင် များကိုသတ်ဖြတ်ရန် အမိန့်ပေးခဲ့ပါသည်။[464] ဖားထေဖိုး၊ သူ၏ဇနီးသည် နော်မူး အသက် ၅၅ နှစ်၊ သမီးကြီး နော်သဘွဲ ၂၈ နှစ် နှင့်

---

[459] Source #108 တွင် ကြည့်ပါ။

[460] ၂၀၁၂ ပဏာမ အပစ်အခတ် ရပ်စဲရေးသဘောတူညီမှု နှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက ဤအစီရင်ခံစာ၏ အခန်း I: အပစ်အခတ် ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ အပေါ် အမျိုးသမီးများ၏ ရှုထောင့်အမြင်များ တွင် ကြည့်ပါ။

[461] ပဋိပက္ခအတွင်း အမျိုးသမီးများ၏အခြေအနေများ နှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက Dignity in the Shadow of Oppression: The abuse and agency of Karen women under militarisation, KHRG, November 2006. တွင် ကြည့်ပါ။

[462] ကုလသမဂ္ဂ၏ နှိပ်စက် ညှဉ်းပန်းမှု နှင့်ဆိုင်သော သဘောတူစာချုပ် အပိုဒ် ၁ တွင်နှိပ်စက် ညှဉ်းပန်းမှုကို အောက်ပါ အတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ "အာဏာရှိသူတစ်ဦးတစ်ယောက်သည် လူတစ်ယောက်ထံမှ ထိုသူနှင့် သက် ဆိုင်သော သတင်းအချက်အလက် သို့မဟုတ် အခြားတစ်ယောက်(တတိယပုဂ္ဂိုလ်) နှင့်ဆိုင်သော သတင်းအချက်အလက် သို့မဟုတ် ဝန်ခံချက်  ရရှိရန် ကိုယ်ထိလက်ရောက် ဖြစ်စေ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ဖြစ်စေ အပြင်းအထန် နာကျင် အောင်ပြု လုပ်ခြင်း၊ ထိုသူကိုယ်တိုင် သို့မဟုတ် အခြားသောသူတစ်ယောက်(တတိယပုဂ္ဂိုလ်) မှကျူး လွန်သော သို့မဟုတ် ကျူးလွန် သည်ဟု သံသယရှိသောကြောင့် ထိုသူကို အပြစ်ပေးခြင်း၊ ထိုသူ သို့မဟုတ် အခြားသော သူတစ်ယောက် (တတိယပုဂ္ဂိုလ်)  ကိုကြောက်ရွံ့ အောင်ပြုလုပ်ခြင်း သို့မဟုတ် ဖိအားပေးခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း စသည့် အပြုအမူတစ် မျိုးမျိုးကို နှိပ်စက် ညှဉ်းပန်း ခြင်း" ဟုခေါ်ပါသည်။ မြန်မာအစိုးရသည် ဤစာချုပ်ကို လက်မှတ် ရေးထိုး ထားခြင်းမရှိပါ။ အချက်အလက်အရင်းအမြစ် : Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment, ကုလသမဂ္ဂအထွေထွေညီလာခံ၊ ဒီဇင်ဘာလ၊ ၁၉၈၄ ခုနှစ်

[463] ဥပမာအနေဖြင့် "Mergui-Tavoy Short Update: Ler Muh Lah Township, 1998 to 2013," KHRG, November 2015. တွင် ကြည့်ပါ။ ပဋိပက္ခကာလ အတောအတွင်း သာမာန်ပြည်သူအရပ်သူအရပ်သားများ ပစ်မှတ်ခံရခြင်းနှင့် ပတ်သက်သော သတင်းအချက်အလက် အပြည့်အစုံအား Self-protection under strain: Targeting of civilians and local responses in northern Karen State, KHRG, August 2010. တွင် ကြည့်ပါ။

[464] Source #75: "Hpa-an Incident Report: Extrajudicial killing in Paingkyon Township, June 2013," KHRG, May 2014. တွင် ကြည့်ပါ။

သမီးငယ် နော်ဖောကလယ် ၁၃ နှစ် တို့မိသားစုဝင်လေးဦးလုံးသည် ၂၀၁၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် သတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ မိသားစုဝင်လေးဦးလုံးကို သတ်ဖြတ်ပြီးနောက် နယ်ခြားစောင့်တပ် စစ်သားများ သည် ၎င်းတို့၏အိမ်ကို မီးရှို့ ပြီး အခင်းဖြစ်ရာနေရာမှ ပြန်လည်ထွက်ခွာသွားပါသည်။ တတိယ သမီးတစ်ဦးမှာမူ အခင်း ဖြစ်ပွားချိန်၌ အိမ်တွင်မရှိသောကြောင့် သတ်ဖြတ်ခံရခြင်းမှ လွတ်မြောက်ခဲ့ပါသည်။

ဖားအံခရိုင် နဘူးမြို့နယ်အတွင်း အမျိုးသမီးတစ်ဦး သတ်ဖြတ်ခံရသည့် အမှုတွင်လည်း နယ်ခြားစောင့်တပ် အမှတ် ၁၀၁၆ မှ စစ်သားများ ပါဝင်ပတ်သက်ခဲ့ပါသည်။ အသက် ၆၇ နှစ် အရွယ် ထိုအမျိုးသမီးသည် အကြောင်းကိစ္စ များစွာကို ပွင့်လင်းစွာ လူအများရှေ့တွင် ထုတ်ဖော်ပြောဆိုတတ်ပြီး စစ်သားများ မူးယစ်ဆေးဝါး ရောင်းဝယ်မှုတွင် ပါဝင် ပတ်သက်ခြင်းကို စစ်သားများနှင့် ထိပ်တိုက်ရင်ဆိုင် ပြောကြားခဲ့သောကြောင့် သတ်ဖြတ်ခြင်းကို ခံခဲ့ရပါသည်။ KHRG ဒေသခံ အဖွဲ့ဝင်၏ ပြောဆိုချက်ကို အောက်တွင် တွေ့မြင်နိုင်ပါသည်။

*"ထိုအဖွားမှ နယ်ခြားစောင့်တပ်စစ်သားများကို 'မင်းတို့အားလုံးက မြန်မာတပ်မတော်က လူတွေဘဲ။ မင်းတို့ မြင်းဆေး (ယာဘ)[465] ရောင်းပြီး ချမ်းသာလာတာပါ။ မင်းတို့ကို ငါမလေးစားဘူး' ဟု ပြောဆိုခဲ့ပါသည်။ သူမသည် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၆ မှစစ်သား များနှင့် စကားများငြင်းခုံခဲ့ပါသည်။ ထို့နောက် တပ်ရင်းမှူး မြကြိုင်၏ စစ်သားလေးဦးက အဖွားကို ဆ…ကျေးရွာရှိ မြစ်ကမ်းနံဘေးတွင် သတ်ဖြတ်ခဲ့ပါသည်။ စစ်သားများက အဖွားကိုသတ်ဖြတ်ရာတွင် အဖွားလည်ပင်းကို ကြိုးဖြင့်ချည်နှောင်ပြီး ခေါင်းကို ကျောက်တုံးဖြင့် ထုသတ်ပါသည်။ ဤအဖြစ်အပျက်ကိုပြောပြသော ရွာသားကိုယ်တိုင် မျက်မြင်တွေ့ရှိခဲ့ပါသည်။ သူက ဤသို့ ပြောပြသတင်းပို့သည်ကို အခြားသူများသိမည်ကိုလည်း အလွန်စိုးရိမ် ထိတ် လန့်နေပါသည်။ ထို့ကြောင့် သူ၏အသံကို သွင်းယူခွင့် နှင့် သူ့အားဓာတ်ပုံရိုက်ခွင့်ကို မပေးခဲ့ပါ။ နယ်ခြား စောင့် တပ် စစ်သားများသည် ထိုအဖွားမှ ၎င်းတို့ မြင်းဆေးရောင်းသည့်အကြောင်းကို ထုတ်ဖော်ပြောဆိုမည်ကိုစိုးရိမ် သောကြောင့် သတ်ဖြတ်ခဲ့ကြောင်း ပြောပါသည်။ ဤအဖြစ်အပျက်သည် အမှန်တရားဖြစ်ပြီး ရွာသားတစ်ဦးထံမှ ကြားသိရ ခြင်း ဖြစ်ပါသည်။"*

KHRG သတင်းစုဆောင်းသူရေးသားတင်ပြသော နောက်ဆုံးရအခြေအနေတင်ပြချက်၊ နဘူးမြို့နယ်၊
ဖားအံခရိုင်/ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၃ ဇူလိုင်လတွင် လက်ခံရရှိခဲ့သည်။)[466]

သတင်းစုဆောင်းစဉ်ကာလအတွင်းရရှိသော သတင်းများအရ သတ်ဖြတ်ခြင်းခံရသူအများစုသည် အမျိုးသားများ ဖြစ်သော်လည်း အမျိုးသမီးများအားလည်း သက်ရောက်မှုရှိပါသည်။ မုဆိုးမများနှင့် သတ်ဖြတ်ခြင်းခံရသူ၏မိသားစုဝင်များက စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက် ရုန်းကန်ကြရပုံ အသေးစိတ်ကို တင်ပြထားသော သတင်း အချက်အလက်များကို KHRG မှ လက်ခံရရှိပါသည်။[467]

ဥပမာအားဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဆ…ကျေးရွာမှ စော ခ….က သူနှင့်သူ့ရွာသားများသည် အောက်လမ်းအတတ်ကျင့်သုံးသည်ဟု စွပ်စွဲခံရပြီး သတ်ဖြတ်ခံရသူ စော တ….၏ ကျန်ရစ်သူ မိသားစုအတွက် သတ်ဖြတ်သူများမှ လျော်ကြေးပေးရန်လိုလားကြသည်ဟု ရှင်းလင်းပြောဆိုပါသည်။

*"ကျွန်တော်တစ်ခု ပြောချင်ပါတယ်။ ဒီမိသားစုဟာ အရမ်းဆင်းရဲပါတယ်။ သူတို့မှာ အသုဘစရိတ်တောင် မရှိပါဘူး။ ဒီလူဟာအပြစ် ကင်းတဲ့လူတစ်ယောက်ပါ။ ဒါပေမဲ့သူဟာ အကြမ်းဖက် ညှဉ်းပမ်း နှိပ်စက် ခံရပြီး သေဆုံးခဲ့ရပါတယ်။ သူ့မိသား စု ကလည်း ဆင်းရဲပါတယ်။ ဒါကြောင့် ဒီမိသားစုမှာ လူတစ်ယောက် သေဆုံးသွားရတာကို တစ်စုံတစ်ယောက်က တာဝန် ယူရမှာပါ။ ခင်ပွန်းသည်မရှိတဲ့ ကလေး မိခင်တစ်ယောက် အနေနဲ့ စားဝတ်နေရေး ပိုမိုခက်ခဲလာပါတယ်။ သူ့ခင်ပွန်းသာ အသက်ရှင်နေသေးရင် အခြေအနေ ပိုကောင်းမှာပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျန်ရစ်သူမိသားစုကို တာဝန်ရှိ သူများက အကူအညီ ပေးတာကို လိုချင်ကြပါတယ်။"*

စော ခ….၊(ကျား၊ ၃၇နှစ်)၊ ဆ….ကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၅ မတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[468]

ဒေသခံ KHRG အဖွဲ့ဝင်တစ်ဦးမှ ပေးပို့သော အခြားသော သတင်းပေးပို့ချက် တစ်ခုတွင် ဘူးသိုမြို့နယ်၊ ထီးသဒေါ်ထ ကျေးရွာအုပ်စု၊ ခ…ကျေးရွာမှ ရွာသား စော က…သည် ၂၀၁၅ မတ်လ ၁၅ ရက်နေ့တွင် နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် ၁၀၁၃ မှစစ်သား တစ်ဦး၏သတ်

---

[465] စိတ်ကြွရူးသွပ်ဆေးပြား (ယာဘ) ဆိုသည်မှာ ထိုင်းဘာသာအားဖြင့် အရူးဆေးဟုခေါ်ပါသည်။ ဤဆေးပြားကို အရှေ့ အာရှ တွင် ဒုတိယကမ္ဘာစစ်ကာလတွင်း စစ်သားများအားတိုက်ကြွေးရန် စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ဤဆေးပြားသည်ထုတ်လုပ်ရာနိုင်ငံများဖြစ်သော ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာနှင့် ကမ္ဘောဒီးယားတို့တွင် အသုံး များလျက်ရှိပါသည်။ ဤအကြောင်းပိုမိုသိလိုပါက Yaba, the 'crazy medicine' of East Asia, UNODC, May 2008 တွင်ကြည့်ပါ။

[466] Source #59: "Hpa-an Situation Update: T'Nay Hsah Township, March to May 2013," KHRG, August 2013. တွင် ကြည့်ပါ။

[467] Sources #131 နှင့် Source #139: "Hpapun Incident Report: Villager killed by Border Guard Force (BGF) Battalion #1013 in Bu Tho Township, March 2015," KHRG September 2015. တွင် ကြည့်ပါ။

[468] Source #131 တွင် ကြည့်ပါ။

ဖြတ်ခြင်းကိုခံခဲ့ရပါသည်။ ထိုရွာသားသေဆုံးပြီးနောက် ကျန်ရစ်သူမိသားစုဝင်များသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် ရုန်းကန်ကြရပါသည်။ ထို့ကြောင့် စော က....၏ ဇနီးသည် သူမ အမျိုးသားကို သတ်ဖြတ်ခဲ့သော စစ်သား၏ တပ်ရင်းမှူးနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး သူမ၏ ခင်ပွန်းသည် သေဆုံးခဲ့ရခြင်းအတွက် ငွေကြေး ထောက်ပံ့ကူညီပေးရန် တောင်းဆိုခဲ့ပါသည်။ သူမကို တပ်ရင်းမှူးက တစ်လစာငွေကြေးထောက်ပံ့ပေးမည်ဟု နှုတ်ဖြင့် ကတိပေးခဲ့သော်လည်း KHRG မှ ဤသတင်းရရှိသည့်အချိန်ထိလျော်ကြေးငွေမရရှိသေးပါ။[469]

နောက်ထပ် အဖြစ်အပျက်တစ်ခုမှာ ၂၀၁၂ ဖွန်လ ၁၃ ရက်နေ့တွင် သတ်ဖြတ်ခြင်းခံရသော စော န.....၏ အမှု ဖြစ်ပါသည်။[470] ဈေးတွင်ရောင်းရန် စော န...သည် အခြားရွာသားများနှင့်အတူ တောထဲတွင် အင်ဥသွားရှာရာ၌ တပ်မတော် ခြေလျင်တပ်ရင်း အမှတ် ၁၉ မှစစ်သားများ၏ ပစ်သတ်ခြင်းကိုခံခဲ့ရပါသည်။ သူ့အနေနှင့် လက်နက်ကိုင်ဆောင် ထားခြင်းလည်းမရှိပါ။ အဝတ်အစားသည်လည်း သာမန်အရပ်သားအဝတ်အစားကိုသာ ဝတ်ဆင်ထားပါသည်။ စော င....မှ ထိုအဖြစ်အပျက်ကို အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့ပါသည်။

*"ကျွန်တော်တို့ ဆက်ပြီးနားစွင့်ကြည့်တော့ သေနတ်ပစ်သံကို ကြားရပါတယ်။ ဒါကကောင်းတဲ့အရာ မဟုတ်ပါဘူး။ ကျွန် တော်တို့လည်း မကောင်းတာ တစ်ခုခုဖြစ်ပြီဆိုတာ သိလိုက်ပါတယ်။ တပ်မတော် ကတော့ မကောင်းတာ တစ်ခုခုလုပ်ပြီ ဆိုတာကိုပေ့ါ။ ဖြစ်ဖြစ်ခြင်းတော့ အဲဒီနေရာကို ကျွန်တော်တို့ မသွားရဲသေးဘူး။ ၁၄ ရက်နေ့မှာတော့ အဲဒီ အလောင်း ရှိတဲ့နေရာကို သွားကြပါတယ်။ အဲဒီအချိန်မှာသူ့ကို ချိုင်းမှာသေနတ်ဒဏ်ရာ သုံးချက်နဲ့ သေဆုံး နေတာ တွေ့ရ တယ်။ အဲ့ဒီနောက်တော့ သူ့မျက်စိတစ်ဖက်ကိုလည်း သေနတ်နဲ့ပစ်ထားတာ တွေ့ရပါတယ်။ ဒီရွာသားဟာ ဘယ်စစ်ယူနီဖောင်းမှ မဝတ်ထားပါဘူး။ သူက တီရှပ်အဖြူ၊ အားကစား ဘောင်းဘီအစိမ်းနဲ့ ကရင်ပုဆိုးဘဲ ဝတ်ထားတာပါ။ သူဝတ်ထားတာ စစ်သားနဲ့မတူပါဘူး။ မြန်မာစစ်သားတွေ သူ့ကို ဘာလို့ပစ်သတ်လည်း မသိပါဘူး။"*

စော င....(ကျား၊ ၃၆နှစ်)၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၂ ဖွန်လတွင် တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့သည်။)

စော န...သတ်ဖြတ်ခံရခြင်းသည် သူ၏မိသားစုအပေါ် အလွန်ဆိုးဝါးစွာ ထိခိုက်နစ်နာစေခဲ့ပါသည်။ သူ့မိသားစု စားဝတ်နေရေးအတွက်သာမက သူ့ဇနီး၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုပါ ထိခိုက်စေခဲ့ပါသည်။ စော င...မှ အောက်ပါအတိုင်းဆက်လက်ရှင်းပြထားသည်မှာ-

*"သူ့မှာ ကလေးခြောက်ယောက်ရှိပြီး သူနဲ့ သူ့ဇနီးစုစုပေါင်း အားလုံး မိသားစုဝင် ရှစ်ယောက်ရှိပါတယ်။ သူ့ဇနီးရဲ့ သနားစရာကောင်းတဲ့အခြေအနေကို ပြောပြချင်ပါတယ်။ ကျွန်တော်သူမကို သွားတွေ့ခဲ့တဲ့ အချိန်တုန်းက အရမ်းသနားစရာကောင်းပါတယ်။ သူ့ဇနီးသည်ဟာ ကလေးအငယ်ဆုံးကို မီးဖွားပြီးတဲ့နောက် ရေချိုးမှားတော့  အခုသူမဦးနှောက်က သိပ်မကောင်းတော့ဘူး။ သူတို့ တ....စခန်းမှာ လာနေတော့ သူမအခြေအနေအနည်းငယ် ကောင်းလာပါတယ်။ အခု သူမအမျိုးသားဆုံးသွားတော့ ရောဂါက ပြန်ထလာပြီး သူမနေ့တိုင်းငိုနေပါတယ်။ မကြာခဏ သူမအမျိုးသားနာမည် ကိုခေါ်ပြီး မိုးရေထဲလျှောက်ပြေးတော့ သူမချော်လဲခဲ့ပါတယ်။ သူမရဲ့ရောဂါ အရင်အတိုင်းပြန်ဖြစ်လာပြီး ကျွန်တော်တို့လည်း မကုတတ်တော့ဘူး။ သူ့ဇနီးနဲ့မိသားစုဟာ အလွန်သနားဖို့ ကောင်းပါတယ်။"*

စော င....(ကျား၊ ၃၆နှစ်)၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၂ ဖွန်လတွင် တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့သည်။)[471]

ဘူးသိုမြို့နယ်မှ နော် က....သည်လည်း သူမ၏ခင်ပွန်းသည် အသတ်ခံရပြီးနောက် သူမတို့မိသားစုရင်ဆိုင်ရသော ခက်ခဲသည့် အခြေအနေများကို KHRG သတင်းစုဆောင်းသူထံ ရင်ဖွင့်ပြောပြခဲ့ပါသည်။ သူမ၏ခင်ပွန်းသည် အောက်လမ်း အတတ်ကျင့်သုံးသည်ဟု စွပ်စွဲခံရပြီး ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (ကေအဲန်ဒီအို)[472] မှ စစ်သားများ၏ သတ်ဖြတ် ခြင်းကို ခံခဲ့ရပါသည်။

---

[469] Source #139: "Hpapun Incident Report: Villager killed by Border Guard Force (BGF) Battalion #1013 in Bu Tho Township, March 2015," KHRG September 2015. တွင် ကြည့်ပါ။

[470] Source #22: "Papun Interview: Saw E---, June 2012," KHRG, September 2012. တွင် ကြည့်ပါ။

[471] အထက်ပါ အတိုင်းကြည့်ပါ။

[472] ကရင် အမျိုးသား ကာကွယ်ရေး အဖွဲ့ (ကေအဲန်ဒီအို) ကို ၁၉၄၇ ခုနှစ်တွင် ကရင်အမျိုးသား အစည်းအရုံး ကေအဲန်ယူမှ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကေအဲန်အယ်လ်အေ၏ ရှေ့ပြေးအဖွဲ့ဖြစ်ပါသည်။ ယခုအခါတွင် ကေအဲန်ဒီအိုအဖွဲ့သည် မိမိဆန္ဒ အလျှောက်ပါဝင်ကြသောဒေသခံများဖြင့် ဖွဲ့စည်းထားသော ပြည်သူ့စစ်တပ်ဖွဲ့ ဖြစ်ပါသည်။ ၎င်းတို့ကို ကရင်အမျိုးသား လွတ်မြောက်ရေး တပ်ဖွဲ့ (ကေအဲန်အယ်လ်အေ)မှ သင်တန်းပေး လက်နက်တပ်ဆင်ပေးပြီး တပ်ရင်းတပ်ဖွဲ့ဖြင့် ၎င်းတို့လက်အောက်တွင်ထားပါသည်။ ကေအဲန်ဒီအို တပ်ဖွဲ့ဝင်များသည်ယူနီဖောင်းအပြည့်အစုံဝတ် ဆင်ပြီး တပ်ဖွဲ့ဝင်တစ်ဦးသည် ၂ နှစ်တာဝန်ထမ်းဆောင်ရပါသည်။

*"ကျွန်မဘာသာတစ်ဦးထဲ စားဝတ်နေရေးအတွက် အလုပ်မလုပ်နိုင်ပါဘူး။ အခု ဟင်းချက်ပြုတ်ဖို့အတွက် အချိုမှုန့်*[473] *ဝယ်ဖို့တောင် ကျွန်မမှာပိုက်ဆံမရှိပါဘူး။ ငရုတ်သီးထောင်းစားဖို့တောင် ပုဇွန်ငါးပိမရှိပါဘူး။ ဟိုတလောတုန်းကဆို ငရုတ်သီး ထောင်းစားဖို့ ပုဇွန်ငါးပိမရှိလို့ သူငယ်ချင်းဆီက သွားတောင်းရသေးတယ်။ ပိုက်ဆံရှိမှ ပြန်ဝယ်ပေးမယ်လို့ သူမကို ကျွန်မပြောခဲ့ရပါတယ်။ကျွန်မ အမျိုးသားရှိနေသေးရင် ကျွန်မကသူ့ကို 'အချိုမှုန့်တို့ ဆားတို့မရှိတော့ဘူး။ အချိုမှုန့်ဝယ်ဖို့ ပိုက်ဆံသွားရှာပါဦး' လို့ပြောလိုက်ရုံပါပဲ။ အဲဒါဆို သူက စကော ဒါမှမဟုတ် တောင်းယက်လုပ်ပြီး ရောင်းရင် ဟင်းချို မှုန့်ဝယ်လို့ရတာပေါ့။ ကျွန်မကသူ့ကို စကောတို့ တောင်းတို့ ယက်လုပ်နိုင်းလေ့ရှိပါတယ်။ သူယက်လုပ်ပြီးရင် ကျွန်မက ရောင်းပြီး မိသားစုအတွက် စားစရာဝယ်လို့ရပါတယ်။ အခု သူကသေသွားပြီဆိုတော့ ကျွန်မတို့မှာစားစရာမရှိတော့ပါဘူး။"*

နော် က....(မ၊ ၄၃နှစ်)၊ ဆ....ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၅ ဖေဖော်ဝါရီလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[474]

သူမ၏ ခင်ပွန်းသည်ကို မသတ်ဖြတ်မီ အောက်လမ်းအတတ်ကျင့်သုံးသည်ဟု စွပ်စွဲခဲ့စဉ်က ကေအဲန်ဒီအို အနေဖြင့်စည်းကမ်းချိုးဖောက်မှုအတွက် မည်သို့ အပြစ်ပေးခံရမည်ကို ကြိုတင်မပြောကြားဘဲ ယခုကဲ့သို့ သတ်ဖြတ်ခဲ့သည်မှာ ဒေသတွင်း တရားစီရင်မှုစနစ် ကောင်းမွန်စွာမရှိခြင်းဖြစ်ကြောင်းကို နော်က---မှ အောက်ပါအတိုင်း မှတ်ချက်ပေးပါသည်။

*"သူတို့က ကျွန်မအမျိုးသားကို အောက်လမ်း အတတ်နဲ့ပြုစားပြီး လူသတ်နိုင်တယ်လို့ သံသယရှိရင် ဘာဖြစ်လို့ ဖမ်းချုပ် ချည်နှောင်ပြီး စည်းမျဉ်းစည်းကမ်းအတိုင်း အပြစ်မပေးရတာလဲ။ လူတစ်ယောက်ဟာ သုံးကြိမ် သုံးခါတော့ သွန်သင်ဆုံးမမှု ခံယူခွင့် ရှိတယ်မဟုတ်လား။ အခုသူတို့ရဲ့ လုပ်ရပ်ဟာ မမှန်ကန်ဘူးလို့ ကျွန်မထင်တယ်။ ကျွန်မအမျိုးသားက ဆိုးသွမ်းတယ်ဆိုရင် စည်းကမ်းအတိုင်းသူတို့က ဆုံးမရမှာပေါ့။ အခု သူတို့က အဲလိုမဆုံးမဘူး။ သူ့ကို ဖမ်းချုပ်ပြီး စစ်ဆေး မေးမြန်းတာ ဒါမှမဟုတ် ထောင်ချတာတို့ လုပ်ရမှာပေါ့။ သူ့ကို 'မင်းလုပ်သလား။ မင်းအောက်လမ်းအတတ် တတ်ကျွမ်း သလား။' စသဖြင့် မေးခွန်းဆက်တိုက် ဘာလို့မမေးရတာလဲ။"*

နော် က....(မ၊ ၄၃ နှစ်)၊ ဆ....ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၅ ဖေဖော်ဝါရီလ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[475]

## ထင်ထင်ပေါ်ပေါ် ခြိမ်းခြောက်မှုပြုခြင်း

ဤအခန်းတွင် နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ထင်ပေါ်စွာခြိမ်းခြောက်မှု ပြုလုပ်ခြင်းဆိုင်ရာ ဖြစ်ရပ်များအားတင်ပြထားပါသည်။ KHRG အနေဖြင့် မိမိတို့ သတင်းစုဆောင်းသော ဒေသများ တွင် ၁၉၉၂ ခုနှစ်မှစ၍ ဖြစ်ပေါ်ခဲ့သော ထင်ပေါ်စွာခြိမ်းခြောက်ခြင်းဖြစ်ရပ်များကို အစဉ်တစိုက် မှတ်တမ်းတင်ခဲ့ပါသည်။[476] အမျိုးသမီးများ အထူး ကြုံတွေ့ရလွယ်သော ဖြစ်ရပ်များ နှင့် ထင်ပေါ်စွာ ခြိမ်းခြောက်မှုပြုခြင်း ဖြစ်ရပ်များကို ရင်ဆိုင်ဖြေရှင်းရာတွင် အသုံးပြုသော နည်းဗျူဟာများအကြောင်းကို အောက်ပါအတိုင်း အဓိကထားပြီး တင်ပြထားပါသည်။ ဤအစီရင်ခံစာတွင် ပါဝင်သော သက်သေခံချက် များအရ ထင်ပေါ်စွာ ခြိမ်းခြောက်မှုပြုခြင်းကို အဓိကအားဖြင့် အမျိုးအစားနှစ်မျိုးရှိပါသည်။

(၁) မိမိပိုင်မြေများမှ ထွက်ခွာရန်၊[477] သို့မဟုတ် စားနပ်ရိက္ခာများ၊ လောင်စာဆီများ ထောက်ပံ့ပေးရန်၊ လုပ်အားပေးရန်[478] စသည့် အမိန့်ပေးခြင်းများကို လိုက်နာရန် ထင်ပေါ်စွာ ခြိမ်းခြောက်မှုပြုခြင်း၊ (၂) ခံစားရသူများမှ တရားစွဲဆိုခြင်းမပြုရန်၊ လျော်ကြေးတစ်စုံတစ်ရာ မတောင်းဆိုရန်၊ ကျူးလွန်သူအား တိုင်ကြားခြင်းမပြုရန်[479] စသည်ဖြင့် တရားဥပဒေ၏ အကူ အညီရယူခြင်း မပြုနိုင်ရန်အတွက်ပြုလုပ်သော ခြိမ်းခြောက်မှုများဟူ၍ ခွဲခြားနိုင်ပါသည်။

[473] အချိုမှုန့်ဆိုသည်မှာ ဟင်းလျာများ ချက်ပြုတ်ရာတွင် အရသာ ထူးကဲပေါ်လွင်စေရန် အတွက် အသုံးပြုသော ဆားကဲ့သို့ အမှုန့်တစ်မျိုးဖြစ်ပါသည်။

[474] Source #129 တွင် ကြည့်ပါ။

[475] အထက်ပါ အတိုင်း ကြည့်ပါ။

[476] ဥပမာအနေဖြင့် 'All the information I've given you. I faced it myself': Rural testimony on abuse in eastern Burma since November 2010, KHRG, December 2011 တွင် ကြည့်ပါ။ KHRG သတင်းစုဆောင်းသော ဒေသများ နှင့်ပတ်သက်ပြီး သတင်းအချက်အလက် ပိုမိုသိလိုပါက ဤအစီရင်ခံစာ၏ အစီရင်ခံစာပြုစုပုံနည်းစနစ် တွင်ကြည့်ပါ။

[477] Sources #92: "Hpa-an Short Update: Don Yin Township, March 2014," KHRG, July 2014; နှင့် Source # 138: "Thaton Interview: Ma A---, July 2015," KHRG August 2015. တွင် ကြည့်ပါ။

[478] Source #60: "Hpapun Incident Report: Attack on villager in Bu Tho Township, January 2013," KHRG, June 2014. တွင် ကြည့်ပါ။

[479] Source #134: "Hpa-an Incident Report: Explicit and violent threats in Myaing Gyi Ngu Town, Hlaingbwe Township, April 2015," KHRG, August 2015. တွင် ကြည့်ပါ။

ထိခိုက်နစ်နာမှုဖြစ်အောင် တမင်တကာရည်ရွယ်ပြီး ပြုလုပ်ခြင်းမဟုတ်သော်လည်း ထင်ပေါ်စွာ ခြိမ်းခြောက်မှု ပြုလုပ်ခြင်း သည်ပင်လျှင် တခါတရံ ဆိုးရွားသော နောက်ဆက်တွဲ အကျိုးဆက်များ ရှိတတ်ကြောင်းကို ဖာပွန်ခရိုင်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတွင် အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည်။ ၂၀၁၃ ဇန်နဝါရီလ ၁၅ ရက် ညနေ ၂ နာရီ အချိန်တွင် နော် အ....သည် အိမ်ရှေ့တွင် သူမ၏ ကလေးငယ်နှင့်အတူ ထိုင် နေစဉ် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄ မှ အရက်မူးနေသော စစ်သားတစ်ဦးရောက်လာပြီး သူမအား ဓာတ်ဆီ လာတောင်းခဲ့ပါသည်။ နော် အ....က ဓာတ်ဆီ မရှိကြောင်း ပြန်ပြောသောအခါ ထိုစစ်သားသည် နော် အ....အား သူ၏လက်နက်ကြီး လောင်ချာဖြင့် ပစ်မည်ဟုခြိမ်းခြောက်ခဲ့ပါသည်။ နောက်မကြာမီ ထိုစစ်သား၏ လက်နက်ကြီးမှာ မတော်တဆကျည်ထွက် သွားပြီး နော် အ....နှင့် သူမ၏ သားအား ထိခိုက် ဒဏ်ရာရရှိစေခဲ့ ပါသည်။

*"ထိုအချိန်က စောဒေးဒေးသည် အနည်းငယ် အရက်မူးနေပါသည်။ ထို့ကြောင့်သူသည် နော် အ....ကိုတွေ့မြင် သောအခါ သူမတွင်ဓာတ်ဆီရှိ မရှိမေးမြန်းပါသည်။ နော် အ....က သူမတွင် ဓာတ်ဆီမရှိပါဟု ပြန်ပြောပါသည်။ စောဒေးဒေးက သူမအား ၄၀ မမ လက်နက်ကြီးဖြင့်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။ ထို့နောက် သူ့လက်နက်ကြီးသေနတ်ကို ချိန်ရွယ်ရန်ပြုလုပ်စဉ်တွင် ပေါက်ကွဲသံမြည်ပြီးကျည်ဆံထွက် သွားပါသည်။ ထို ကျည်ဆံသည် ကလေးနို့တိုက်နေသော နော် အ....၏ခြေသလုံးကိုထိပြီး သူမကလေး၏ ပုခုံးကိုပွတ်ထိသွား ပါသည်။ထို့နောက် ကျည်ဆံသည် ၎င်းတို့ သားအမိနှစ်ဦး၏ ၄ ကိုက်အကွာတွင် ရပ်တန့်သွားပါသည်။ ကံကောင်းထောက်မစွာဖြင့်ပင် ထိုကျည်ဆံသည် ပေါက်ကွဲခြင်း မရှိခဲ့ပါ။"*

KHRG သတင်းစုဆောင်းသူရေးသားသည့် ဒေသတွင်နောက်ဆုံးရအခြေအနေတင်ပြချက်၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၃ ဩဂုတ်လတွင်လက်ခံရရှိခဲ့သည်။)[480]

၂၀၁၃ ဇွန်လတွင်ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲများသည် နံနက်စောစော ၄နာရီ အချိန် မ ပ....နှင့် ကလေးများအိပ်ပျော်နေစဉ် မ ပ.....၏ အိမ်သို့ဝင်ရောက်လာကြပါသည်။ မ ပ....၏ ခင်ပွန်း စော ဘ....ကို ဓားပြမှုဖြင့်စွပ်စွဲပြီး သူမ၏ခင်ပွန်း မည်သည့်နေရာတွင်ရှိကြောင်းကို မ ပ...အား သေနတ်ဖြင့် ခေါင်းကိုချိန်၍မေးပါသည်။

*"သူတို့က 'စော ဘ....က နင့်ယောကျ်ားလား' လို့မေးပါတယ်။ 'ဟုတ်ပါတယ်' ဆိုပြီး ကျွန်မ ပြန်ဖြေပေးလိုက်ပါတယ်။ သူတို့က 'အခုသူဘယ်မှာလဲလို့' ထပ်မေးပါတယ်။ ကျွန်မက 'သူအပြင်သွားပြီး စပါးပျိုးပင်နှုတ်နေပါတယ်' လို့ ပြန်ဖြေလိုက်ပါတယ်။ သူတို့မနက်အစောကြီး ဓာတ်မီးတွေထိုးပြီး ကျွန်မအိမ်ကို လာတော့ ကျွန်မကလေးတွေလည်း ကြောက်ပြီးငိုနေကြပါတယ်။ သူတို့က ကျွန်မကလေးတွေကို မငိုဖို့ ပြောပါတယ်။ ကျွန်မတို့က ခြင်ထောင်ထဲမှာ အိပ်နေ ကြတော့ သူတို့ကခြင်ထောင်ကိုဆွဲဖြုံပြီး ကျွန်မခေါင်းကို သေနတ်နဲ့ချိန်ပါတယ်။ ကျွန်မဘာမှမသိတော့ ကျွန်မအရမ်း ကြောက်တာပဲ။ ရဲအရာရှိကြီးလည်းပါလာပါတယ်။"*

မ ပ.....(မ၊ ၄၂နှစ်)၊ မ....ကျေးရွာ၊ စခန်းကြီးကျေးရွာအုပ်စု၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၅ ဇူလိုင်လ တွင်လက်ခံရရှိခဲ့သည်။)[481]

ထိုနောက်တွင် သူမ၏ခင်ပွန်း ဖမ်းဆီးထိန်းသိမ်းခြင်းခံရစဉ်တွင် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ကြမ်းတမ်းစွာ ဆက်ဆံခြင်းကို ခံခဲ့ရပါသည်။ သူမ၏ခင်ပွန်းသည် အဖမ်းခံရပြီးနောက် မ ပ...နှင့် သူမ၏ကလေးများသည် စားဝတ်နေရေးအတွက် ရုန်း ကန်ခဲ့ကြရပါသည်။သူမခင်ပွန်းသည် အဖမ်းဆီးမခံရမီအချိန်နှင့် ဖမ်းဆီးခံရပြီး နောက်ပိုင်းကို နှိုင်းယှဉ်လျှင် သူမခင်ပွန်း သည်ဖမ်းဆီးခံရပြီးနောက်ပိုင်းတွင် သူမတို့သည် တစ်နေ့လုပ်မှ တစ်နေ့စားရသောဘဝသို့ ရောက်ရှိကြရကြောင်း ပြော ပြပါသည်။ သူမခင်ပွန်းသည်အမှုကို တရားရုံးသို့ တင်လိုက်သောအခါ သူမသည် တရားစီရင်ရေးအတွက် ကုန်ကျစရိတ်နှင့် သွားလာစရိတ်အတွက် ရုန်းကန်ရှာဖွေနေရပါသည်။

ကျောင်းဆရာမများ၊ သူနာပြုဆရာမများ၊ သားဖွားဆရာမများ သို့မဟုတ် အခြားသော အစိုးရဝန်ထမ်းများသည် ၎င်းတို့တာဝန် ကျရာဒေသများတွင် ဒေသခံလူထုမှ ၎င်းတို့အား မြန်မာအစိုးရအတွက် အလုပ်လုပ်ပေးသူများဟု ထင်မြင်ယူဆ ခြင်းခံရသည့် သတင်းများကိုလည်း KHRG မှလက်ခံရရှိပါသည်။[482] KHRG မှလက်ခံရရှိသော သတင်းများအရ အမျိုး သမီးများသည် အထက်ပါကဲ့သို့သော သံသယရှိခံရခြင်းနှင့် စွပ်စွဲခံရခြင်းများကို များစွာ ကြုံတွေ့ ခံစားကြရပါသည်။ ၂၀၁၃ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၌ ကျေးရွာကာကွယ်ရေး တပ်ဖွဲ့[483] မှ အဖွဲ့ဝင်လေးဦးသည် မြန်မာအစိုးရမှ ခန့်အပ်ထားသော ကျောင်းဆရာမနစ်ဦးကို

[480] Source #60: "Hpapun Incident Report: Attack on villager in Bu Tho Township, January 2013," KHRG, June 2014. တွင် ကြည့်ပါ။

[481] Source #140 တွင် ကြည့်ပါ။

[482] Source #89 တွင် ကြည့်ပါ။

[483] ကျေးရွာကာကွယ်ရေးအဖွဲ့ (ဂါဒါး)များကို အဓိကအားဖြင့် တောင်ငူနှင့်ဖာပွန်ခရိုင်များတွင် ပြည်သူများအား ပစ် မှတ်ထားသောတပ်မတော်စစ်ဆင်ရေးများကို ကာကွယ်ရန်နှင့် စားနပ်ရိက္ခာရှားပါးမှုကို ဖြေရှင်းရာတွင် အကူအညီပေးရန် ပဋိပက္ခဖြစ်ပွားစဉ်က ဖွဲ့စည်းထားခဲ့ခြင်းဖြစ်ပါသည်။ ဂယ်ဒဲများကိုပုန်းအောင်းနေရသောရွာသား များ အထူးသဖြင့် ထိုရွာ သားများက အစားအသောက်ထုတ်လုပ်ရာတွင်ဖြစ်စေ၊ ဝယ်ယူရာတွင်ဖြစ်စေလုပ်ငန်းများလုပ်ဆောင်ရာတွင် အကာအ ကွယ်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ၂၀၁၂ နောက်ပိုင်းတွင် ဂယ်ဒဲများနှင့်ပတ်သက်သော သတင်းများကို အနည်း ငယ်သာရရှိပါသည်။ ပိုမိုသိလိုပါက "Self-protection under strain: Targeting of civilians and local responses in northern Karen State," KHRG, August 2010. တွင်ကြည့်ပါ။

အစိုးရအတွက် သူလျှိုလုပ်ပေးသည်ဟု စွပ်စွဲကာ ခြိမ်းခြောက်မှုပြုလုပ်ခဲ့ကြပါသည်။ ကျေးရွာကာကွယ်ရေး အဖွဲ့ဝင်များသည် ကျောင်းဆရာမလေးနစ်ယောက် နေထိုင်သောအိမ်သို့ ည ၁၀ နာရီ အချိန်တွင် ရောက်ရှိလာပြီး ဖိနပ် မချွတ်ဘဲ အိမ်တွင်းသို့အတင်းအကျပ် ဝင်လာခဲ့ကြပါသည်။ ၎င်းကျေးရွာကာကွယ်ရေးအဖွဲ့ဝင်များသည် ဆရာမများ၏ ပစ္စည်းအသုံးအဆောင်များ အားလုံးကို မွှေနှောက်ကြည့်ရှုပြီးနောက် ဆရာမများသည် ဦးသိန်းစိန်အစိုးရ ခေါင်းဆောင်သော ကြံ့ခိုင်ရေးအစိုးရအတွက် သူလျှိုလုပ်ဆောင်ပေးရန် ဤရွာတွင် စာလာသင်ကြခြင်း ဖြစ်သည်ဟု စွပ်စွဲကာ မေးမြန်းပါသည်။ ကျောင်းဆရာမ နှစ်ဦးမှ သူမတို့၏အတွေ့အကြုံများကို KHRG ထံ အောက်ပါအတိုင်း ပြောပြထားပါသည်။

*"ကျွန်မတို့က ကျောင်းဆရာမတွေပါ။ ဒီမှာစာလာသင်ဖို့ အထက်က တာဝန်ပေးလို့ လာရတာပါ။ ကျွန်မတို့ မလာချင်လည်း လာရပါတယ်။ ကျွန်မတို့ဒီမှာစာလာသင်တာ ရွာသားတွေနဲ့ ကလေးတွေကိုချစ်လို့ပါ။ ကျွန်မတို့ စာလာသင်တာ တရားဥပဒေနဲ့ ဆန့်ကျင်တဲ့အလုပ်လုပ်တာ မဟုတ်ပါဘူး။ ကျွန်မတို့က မိဘတွေ ကျောင်းထားပေးလို့ ကျောင်းဆရာမ ဖြစ်လာခဲ့တာပါ။ ကျောင်းမှာလည်း ကောင်းတာတွေဘဲ သင်ယူရတာပါ။ ကျွန်မတို့သာ သူလျှိုဆိုရင် ဒီလိုဘယ်နေမှာလဲ။ ဒီကျောင်း ဆရာမအလုပ်က စားလို့မလောက်ပါဘူး။ ကျွန်မတို့ ဒီမှာလည်း အကြာကြီးမနေပါဘူး။ ကျွန်မတို့က အကောင်း၊ အဆိုးကို သေချာစွာ ခွဲခြားတတ်ပါတယ်။"*

KHRG သတင်းစုဆောင်းသူမှရေးသားသော မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၄ ဖေဖော်ဝါရီလတွင်လက်ခံရရှိခဲ့သည်။)[484]

## တုန့်ပြန်လုပ်ဆောင်ခြင်းနှင့် တရားဥပဒေအကူအညီရယူခြင်း

အမျိုးသမီးများသည် ကျူးလွန်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း သို့မဟုတ် တရားဥပဒေ၏ အကူအညီရယူရန် ကြိုးပမ်းခြင်း သို့မဟုတ် လျော်ကြေးရရှိရန် ကြိုးပမ်းရာတွင် ခြိမ်းခြောက်မှုများ၊ စွပ်စွဲမှုများနှင့် မထီမဲ့မြင်ပြုခြင်းများကို မကြာခဏ ခံစားကြရသော်လည်း အမျိုးသမီးများ၏ တုန့်ပြန်လုပ်ဆောင်ပုံများနှင့် ပတ်သက်၍ ပြောဆို သက်သေခံချက်များစွာကို KHRG မှလက်ခံရရှိပါသည်။ အမျိုးသမီးများသည် အခွင့်အရေး ချိုးဖောက်ခံရမှုများကို ရင်ဆိုင်ဖြေရှင်းရန် အသုံးပြုနိုင်သည့် နည်းဗျူဟာများနှင့် နည်းလမ်းများစွာကို ရွေးယခင်မှစ၍ လုပ်ဆောင်ခဲ့ပါသည်။

တရားဥပဒေအကူအညီရရှိရန် လုပ်ဆောင် သောနည်းလမ်းတစ်ခုမှာ အခွင့်အာဏာရှိသူထံ အခွင့်အရေး ချိုးဖောက်ခံရမှုများကို တင်ပြခြင်းဖြစ်ပါသည်။ အခွင့်အရေး ချိုးဖောက်ခံရမှုများကို မကြာခဏ ဆိုသကဲ့သို့ ရွာသားများသည် အမှုကို ရှေ့ဆက်တင်ပြပေးနိုင်သော ကျေးရွာခေါင်းဆောင်များထံ တင်ပြကြပါသည်။ သို့သော် KHRG မှရရှိသော သတင်းအချက် အလက်များအရ တင်ပြလာသော အမှုများကို ရှေ့ဆက်အရေးယူပေးခြင်းရှိ၊ မရှိဟူသည့် အချက်သည် အခြေအနေ အချိန် အခါ နှင့် ရွာသူကြီးတစ်ဦး တစ်ယောက်ချင်းစီ၏ စိတ်နေသဘောထားအပေါ်တွင် မူတည်ပါသည်။ KHRG မှရရှိသော သတင်းအချက်အလက်များအရ အချို့သော ရွာသူကြီးများသည် တင်ပြလာသောအမှုများကို ရှေ့ဆက် အရေး ယူပေးခြင်း မရှိသည့်အပြင် အချို့သော ရွာသူကြီးများသည် ကျူးလွန်သူများနှင့်ပင် ပူးပေါင်းလိမ်ညာခြင်းပြုကြပါသည်။[485] မိမိပိုင်မြေမှ ထွက်ခွာပေးရန်တောင်းဆိုခံရပြီး အိမ်နှင့် ပိုင်ဆိုင်မှုများ ဖျက်ဆီးခံရသော အမျိုးသမီးတစ်ဦးက သူမ ခံစားရသောအခရာ များကို ကျေးရွာလူကြီးထံတင်ပြမှုပြုလုပ်ရန် ကြောက်ရွံ့ ကြောင်းဖော်ပြခဲ့ပါသည်။

*"ကျွန်မရွာသူကြီးကို သွားမတွေ့ရဲခဲ့ပါဘူး။ ကျွန်မသူ့ကို ဘုရင်တစ်ဆူထက် ပိုကြောက်ရတယ်။ ကျွန်မကျားတွေ့ ရင်တောင် ကျားရှေ့သွားရဲတယ်။ ကျွန်မသူ့ရှေ့ကို မသွားရဲဘူး။ ကျွန်မသူ့ကို အဲဒီလောက်တောင် ကြောက်ရတယ်။ သူဟာ ကျွန်မအတွက် အင်မတန် စိတ်ပျက်စရာ ကောင်းပါတယ်။"*

မ က....(မ၊ ၄၃နှစ်)၊ ရွာသား၊ ဇ...ကျေးရွာ၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၅ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[486]

အမျိုးသမီးများနှင့်ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းများအရ ခံရသူများမှ အလိုရှိသော နစ်နာမှုလျော်ကြေးသည် ၎င်းတို့ လက်ခံနိုင်သော အတိုင်းအတာဖြစ်မှသာ ထိခိုက်နစ်နာသူအတွက် တရားမျှတမှုရှိသည်ဟု ယူဆပြီး လိုလားစွာလက်ခံလိုပါသည်။ အမှုကိစ္စ တော်တော်များများတွင် အမျိုးသမီးများသည် လျော်ကြေးငွေများကို မတတ်သာတော့သည့် အခြေအနေနှင့် ဆင်းရဲနွမ်းပါးမှုကြောင့်သာ ဂုဏ်သိက္ခာကို မငဲ့ညှာတော့ဘဲ လက်ခံကြရသော်လည်း ကျူးလွန်သူများ မှ ပေးသော နစ်နာမှုအတွက် လျော်ကြေးငွေကို လက်ခံရန် မလိုလားသလို လက်ခံရန်လည်း ဝန်လေးတတ်ကြပါသည်။[487] ဥပမာအားဖြင့် မ ပ.....က သူမ၏ခင်ပွန်းသည် အကျဉ်းချခံရခြင်းကြောင့်

[484] Source #89 တွင် ကြည့်ပါ။

[485] Source #138: "Thaton Interview: Ma A---, July 2015," KHRG, August 2015. တွင် ကြည့်ပါ။

[486] အထက်ပါ အတိုင်းကြည့်ပါ။

[487] Sources #140 နှင့် Source #65: "Toungoo Interview: A---, August 2013," KHRG, July 2014. တွင် ကြည့်ပါ။

သူမအထင်၌ အစိုးရနှင့် ဆက်စပ် နေသော အဖွဲ့ အစည်းမှ သူမအားငွေကြေး အထောက်အပံ့ပေးရန် ကမ်းလှမ်းခံရပုံနှင့် သူမကြိုးစား၍ငြင်းဆန်ပုံအား အောက်ပါ အတိုင်း ပြောပြ ထားပါသည်။

*"ကျွန်မက 'ရှင်တို့လျော်ကြေးပေးတာ မလိုချင်ဘူး။ ကျွန်မခင်ပွန်းသည်ကိုပဲ ကျွန်မလိုချင်တယ်။ သူ့ကို ပြန်လွှတ်ပေးပါ' လို့သူတို့ကို ပြောပါတယ်။ ကျွန်မက သူတို့ပေးတဲ့ငွေတွေ လက်မခံချင်ပေမဲ့ သူတို့က အတင်းအကျပ်ပေးတော့ ကျွန်မ အဲဒီပိုက်ဆံတွေကို ယူရတာပေါ့။"*

မ ပ.....(မ၊ ၄၂နှစ်)၊ မ....ကျေးရွာ၊ စခန်းကြီးကျေးရွာအုပ်စု၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၅ ဇူလိုင်လ တွင်လက်ခံရရှိခဲ့သည်။)[488]

သူမက ဆက်လက်ရှင်းပြသည်မှာ သူမအနေဖြင့် အမှန်တကယ် မယူလိုသော်လည်း သူတို့က အတင်းယူခိုင်းပါသည်။ နောက်ဆုံးတွင် သူမက ခင်ပွန်းသည် ထောင်ကျပြီးနောက် ငွေကြေးမရှိမဖြစ် လိုအပ်သော အခြေအနေသို့ ရောက်ရှိနေသောကြောင့် သူမအနေဖြင့် ပေးအပ်လာသော ငွေကြေးအား ငြင်းဆန်နိုင်စွမ်း မရှိတော့ပါ။[489]

အမျိုးသမီးများမှ ကျူးလွန်သူများကို ပြန်လည်တုံ့ပြန်ပြီး ကျူးလွန်သူအား အပြစ်ပေးနိုင်ရန် တက်ကြွစွာ လုပ်ဆောင်သော ဥပမာတစ်ခုကို ပြရမည်ဆိုလျှင် ဒေါ် က....သည် သူမ၏ သမီးနှင့်မြေးအား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့် စစ်သား၏ တပ်မှူးထံသို့ သွားရောက်တွေ့ဆုံ တိုင်ကြားပုံကို မြင်တွေ့နိုင်ပါမည်။ သူမသတင်းပို့တိုင်ကြားခြင်းပြုမည်ကို သူမ၏ခင်ပွန်းသည်မှ ပြဿနာပိုမိုများပြားလာမည်ကို စိုးရိမ်သောကြောင့် အားပေးခြင်းမပြုခဲ့ပါ။ သို့သော် သူမသည် သတင်းပို့တိုင်ကြားခြင်း ပြုလုပ်ခဲ့ပါသည်။

*"သူက မိန်းမရယ် မသွားပါနဲ့ မဟုတ်ရင် လူတွေက ငါတို့ကိုလူကြီးတွေဆီတိုင်ပြီး ပြဿနာရှာတယ်လို့ပြောနေပါဦးမယ်....ပြီးတော့ ရှေ့တန်းက ရဲဘော်တွေကိုလည်း ငဲ့ညှာသနားရမယ်လေ....လို့ကျွန်မကိုပြောပါတယ်။ ကျွန်မက 'မဟုတ်ပါဘူး။ သူတို့ကို ငဲ့ညှာသနားဖို့မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မအတွက်ကတော့ လူ့အသက်ဟာ ဘာနဲ့မှ အစားထိုးလို့မရနိုင်ဘူး' လို့ပြန်ပြောပါတယ်။ ဒါနဲ့ ကျွန်မလည်း စစ်စခန်းကို ကိုယ်တိုင်သွားပြီး တိုင်ကြားပါတယ်။ သူတို့က တပ်ရင်းမှူးပြန်လာတဲ့အထိ နှစ်ရက်သုံးရက်လောက် စောင့်ခိုင်းပါတယ်။ တပ်ရင်းမှူးပြန်ရောက်လာတော့ ကျွန်မကို ဆင့် ခေါ်ခဲ့ပါတယ်။ ကျွန်မလည်း အဲ့ဒီ တပ်ရင်းမှူးနဲ့သွားတွေ့တော့ သူက 'သူငယ်ချင်းရေ ဒီကိစ္စကို ကေအဲန်ယူစတဲ့ အခြားအဖွဲ့ တွေကို တိုင်ကြား သတင်းပို့တာ မလုပ်ပါနဲ့။ ငါတို့မင်းကို တောင်းပန်ပါတယ်။ မင်းသတင်းပို့ရင် ဒီကိစ္စကို ဘီဘီစီတို့ သတင်းစာတို့က အများသိအောင် သတင်းထုတ်ပြန်ရင် မကောင်းဘူးလေ။' လို့ကျွန်မကိုပြောပါတယ်။ ကျွန်မလည်း စစ်ရုံးကပြန်လာပြီး နင့်အကို[490] ကို ပြန်ပြောပြတော့ သူက 'ငါတို့တော့ သတင်းမပို့ပါဘူး။ ဒီကိစ္စကို သူတို့ဘာသာ စုံစမ်းစစ်ဆေးပြီး သူတို့ပဲ အခြားအဖွဲ့အစည်းကို သတင်းပို့ပေါ့' လို့ပြန်ပြောပါတယ်။ အဲဒီ အခရာရှိပြောလိုက်တဲ့ စကားအားလုံးကို ကျွန်မ မမှတ်မိတော့ဘူး"*

ဒေါ် က.....(မ၊ ၄၇နှစ်)၊ ခ....ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၃ ဖေဖော်ဝါရီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[491]

နယ်ခြားစောင့်တပ် တပ်ရင်းမှူးနှင့် တွေ့ဆုံပြီးနောက် သူမ၏မိသားစုအနေဖြင့်လျော်ကြေးငွေ ရရှိစေရမည်ဟု ဒေါ် က.... ကို ကတိပေးခဲ့ပါသည်။ သို့သော် တွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ်တွင် သူမတို့အနေဖြင့် ကတိပေးထားသော လျော်ကြေးငွေ၏ တစ်ဝက်ကိုသာ ရရှိသေးပါသည်။[492] သူမက သူမ၏သမီးနှင့်မြေးကို လက်နက်ကြီးဖြင့် ပစ်ခတ်ပြီး ဒဏ်ရာရရှိအောင်ပြုလုပ်ခဲ့သော နယ်ခြားစောင့်တပ် စစ်သားသည် ဤအဖြစ်အပျက်ဖြစ်ပျက်ပြီးနောက်ပိုင်းတွင်ရွာသားများကို ကောင်းမွန်စွာ ဆက်ဆံလာသည်ကို တွေ့ရသည်ဟုပြောပြပါသည်။ သို့သော် ထိုစစ်သားသည် သည် သူ့လုပ်ရပ်အတွက် အပြစ်ပေးခံရ ခြင်းမရှိပါ။

[488] Source #140 တွင် ကြည့်ပါ။

[489] အထက်ပါ အတိုင်းကြည့်ပါ။

[490] တွေ့ဆုံမေးမြန်းမှုမှ တွေ့ဆုံမေးမြန်းခံရသူက သူမ၏ အမျိုးသားအား နင့်အကို ဟု ရည်ညွှန်းပြောဆိုရာတွင် ညီအစ်ကို မောင်နှမအား ပြောကြားရာတွင် သုံးသော အသုံးအနှုန်းကို ဆိုလိုခြင်းထက် ချစ်ခင်ရင်းနှီးမှုအရ ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပါသည်။

[491] Source #62: "Hpapun Interview: Daw A---, February 2013," KHRG, May 2015. တွင် ကြည့်ပါ။

[492] မိသားစုအနေဖြင့် ဆေးကုသစရိတ်အတွက် လျော်ကြေးငွေ ၂၅၀၀၀၀ ကျပ်ရရှိမည်ဟု တပ်ရင်းမှူးရဲသွေးမှ ကတိပေးခဲ့ ပါသည်။ သို့သော် ဤတွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ်တွင် သူမတို့ ၁၀၀၀၀၀ ကျပ်သာရရှိသေးပါသည်။ ပြစ်မှုကျူးလွန်သူ စောဒေးဒေးကိုလည်း အရေးယူအပြစ်ပေးခြင်းမရှိပါ။ Source #61 တွင်ကြည့်ပါ။

*"ကျွန်မသူ့ကိုတွေ့တော့ သူတစ်ခါတည်း မပေးပါဘူး။ သူကပေးမယ်လို့ ပြောပေမဲ့ ကျွန်မကတော့ အားလုံး မရသေးပါဘူး။ သိပ်မကြာသေးခင် ကျွန်မသူ့ကိုတွေ့တော့ သူပြန်လာရင်ပေးမယ်လို့ ပြောပါတယ်။ သူကျွန်မကိုလည်း လာမတွေ့ပါဘူး။ ကျွန်မက အမှန်အတိုင်းဘဲ ပြောစေချင်တယ်။ ကျွန်မနဲ့တွေ့ရမှာ ကြောက်လို့လား ဒါမှမဟုတ် တွေ့ရမှာရှက်လို့ပဲလား မသိပါဘူး။"*

ဒေါ် က....(မ၊ ၄၇နှစ်)၊ ခ....ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း
(၂၀၁၃ ဖေဖော်ဝါရီလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[493]

ရွာသားများနှင့် အထူးသဖြင့် အမျိုးသမီးများသည် အာဏာရှိသောသူများ၏ မတရား ဆက်ဆံမှုများနှင့် မထီမဲ့မြင်ပြုခြင်းများကို ခံစားကြရကြောင်း KHRG မှ သတင်းလက်ခံရရှိပါသည်။ အမျိုးသမီးများက သူမတို့ ရင်ဆိုင်ရသော အခွင့်အရေး ချိုးဖောက်ခံရမှုများကို တိုင်ကြားသတင်းပို့ရန် လုပ်ဆောင်သောအခါ သို့မဟုတ် လျော်ကြေးရရှိရန် ကြိုးပမ်းသောအခါ သူတို့၏ ပြောဆိုတင်ပြမှုများသည် အလေးအနက်ထားခြင်း မခံရကြောင်း သို့မဟုတ် ဆိုးဝါးစွာ တုန့်ပြန်ပြောဆိုဆက်ဆံခြင်း ခံရကြောင်း တင်ပြပြောဆိုကြပါသည်။အချို့အခြေအနေတွင် သူမတို့သည် အဆူအဆဲ သို့မဟုတ် ခြိမ်းခြောက်ခြင်းပင် ခံရပါသည်။ အထက်ပါကဲ့သို့ မတရားဆက်ဆံပြုမူ ခံရသော အမှု ဥပမာ တစ်ခုမှာ စော က......သည် အနိုင် အထက် ပြုဖမ်းဆီးခံရပြီး တပ်မတော် ခြေလျင်တပ်ရင်း အမှတ် ၃၅ မှ စစ်သားများ၏ထိုးကြိတ်ကန်ကျောက်ခြင်းကို ခံခဲ့ရသော အမှုတွင် တွေ့မြင် နိုင်ပါသည်။ စစ်သားများက သူ့ကို ထိုးကြိတ်ကန်ကျောက်ပြီး သူပြန်လွှတ်လာသောအခါ သူ့ဇနီးသည်မှ သူ့ကိုကူညီပေးရန် ကြိုးစားပါသည်။ သူသည် သွေးများထွက်ပြီး မျက်စိ၊ ပါးပြင် နှင့်ရင်ဘတ်တို့တွင် ပြင်းထန်စွာ ဒဏ်ရာရရှိသောကြောင့် သူ၏ ဇနီးသည်နှင့် အခြားသော ရွာသားများသည် သူ၏ဒဏ်ရာများကို ဝိုင်းဝန်းပြုစုပေးရန် လုပ်ဆောင်နေစဉ် စောက...ကို ထိုးကြိတ်ခဲ့သော ဒုတပ်ရင်းမှူး စန်းထွန်းက သူတို့အနီးရောက်လာပါသည်။

*"သူက ဝိုင်းဝန်းပြုစုပေးတဲ့ ကျောင်းကော်မတီဝင်ကို 'မင်းကဘာကောင်လဲ။ ဒီ စော က...ဆိုတဲ့ ကောင်ကကော ဘာကောင်လဲ။ သူ့ဒဏ်ရာကို မချုပ်ပေးနဲ့။'လို့ ပြောပါတယ်။ ပြီးတော့ သူကျွန်တော့်ကို ခြေထောက်နဲ့ ထပ်ပြီး ကန်ပါတယ်။ ကျွန်တော့် မိန်းမကလည်း ငိုနေတော့ သူက ကျွန်တော့်မိန်းမကို 'မင်းဘာလို့ငိုနေတာလဲ။ မင်းကို ရုပ်ရှင် ရိုက်ခိုင်း နေတာမဟုတ်ဘူး။ မင်းကိုယ်မင်း ရုပ်ရှင်မင်းသမီး မေသက်ခိုင်လို့ ထင်နေလား။' လို့ သူက ဆူပါတယ်။ ထို့နောက်သူက ကျွန်တော့်ကို စစ်တပ်ထဲပြန်ခေါ်သွားဖို့ အမိန့်ပေးမယ်လို့ပြောပါတယ်။ ကျွန်တော့်ဇနီးလည်း ကျွန်တော့်ကို စစ်တပ်ထဲပြန် ခေါ်သွားဖို့ အမိန့်မပေးဖို့ သူ့ကိုတောင်းပန်ပါတယ်။ ဒုတပ်ရင်းမှူး စန်းထွန်းက 'မနက်ဖြန်ကစပြီး နင်တို့ကို တစ်ယောက်မှ[494] မမြင်ချင်တော့ဘူး'လို့ပြောပြီး ကျွန်တော်တို့ကို ခ...ရွာကနေ မောင်းထုတ်ပါတယ်။"*

စော က....(ကျား၊ ၃၁နှစ်)၊ ခ....ကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း
(၂၀၁၃ ဩဂုတ်လတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)[495]

နောက်ပိုင်းတွင် စော က...၏ အမျိုးသမီးသည် သူမအမျိုးသားခံစားခဲ့ရသော အဖြစ်ကို ပြည်ထောင်စုလွှတ်တော်[496] ကိုယ် စားလှယ် ဦးဝင်းမြင့်ထံ တိုင်ကြားတင်ပြခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က သူမ၏တိုင်ကြားစာကို ယူနီစက်ဖ် (UNICEF) နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း အဲန်ဂျီအို (NGO) ထံ ဆက်လက် တင်ပြပေးခဲ့ပြီး တပ်မတော် တပ်ရင်းမှူးကိုလည်း စော က...၏ မျက်စိအတွက် အထူးကုသရန် လိုအပ်ကြောင်းကို အကြောင်းကြားပေးခဲ့ပါသည်။[497]

---

[493] Source #62: "Hpapun Interview: Daw A---, February 2013," KHRG, May 2015 တွင် ကြည့်ပါ။

[494] နှစ်ယောက်လုံး ဆိုသည့် စကားလုံးကို တစ်ယောက်မှ ဆိုသည့် စကားလုံးသို့ KHRG ကွန်ယက်စာမျက်နှာတွင် ထုတ်ထားသည့် မူရင်းအစီရင်ခံစာ အတိုင်း မှန်ကန်အောင် ပြန်လည်ပြင်ဆင်ထားပါသည်။ Source #65: "Toungoo Interview: A---, August 2013," KHRG, July 2014. တွင်ကြည့်ပါ။

[495] Source #65: "Toungoo Interview: A---, August 2013," KHRG, July 2014. တွင် ကြည့်ပါ။

[496] မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအရ ပြည်ထောင်စုလွှတ်တော်ရှိပြီး ၎င်းကို အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်ဟူသောလွှတ်တော်နှစ်ရပ်နှင့် ဖွဲ့စည်းထားပါသည်။

[497] မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအရ ပြည်ထောင်စုလွှတ်တော်ရှိပြီး ၎င်းကို အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်ဟူ သော လွှတ်တော်နှစ်ရပ်နှင့် ဖွဲ့စည်းထားပါသည်။

# ဓါတ်ပုံများ: အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှု နှင့် ထင်ထင်ပေါ်ပေါ်ခြိမ်းခြောက်မှုများ





အထက်ပါပုံများကို ၂၀၁၅ ဧပြီလ ၆ ရက်နေ့တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ထီးသတော် ကျေးရွာအုပ်စု၊ ခ...ကျေးရွာတွင် ရိုက်ကူးထားပါသည်။ လက်ယာဘက်ရှိပုံတွင် စော က....၏ဇနီးသည် နော် င.....ကိုတွေ့ မြင်ရပါမည်။ နော် င....က သူမ၏ခင်ပွန်းသည် ၂၀၁၅ မတ်လ ၁၅ ရက်နေ့ ည ၇ နာရီအချိန် တွင် နယ်ခြား စောင့်တပ် ၁၀၁၃ မှ စစ်သားတစ်ဦး၏ ပစ်သတ်ခြင်းကို ခံခဲ့ရကြောင်းတင်ပြခဲ့ပါသည်။ ဤအဖြစ်အပျက်သည် ခ...ကျေးရွာတွင်ဖြစ်ပွားခဲ့ပါသည်။ ထိုအခင်းဖြစ်ပွားရာည၌ပင် ရွာသားများနှင့်ရွာသူကြီးသည် သေနတ်ပစ်ခံရသူကို ဖားအံဆေးရုံသို့ပို့ဆောင်ရန် လှူစုခဲ့ကြပါသည်။ သူ့အသက်ကိုကယ်တင်ရန်ကြိုးစားသော်လည်း စော က... သည် ၂၀၁၅ မတ်လ ၁၇ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ရင်ခွဲစစ်ဆေးချက်အရ သူ၏ကိုယ်တွင်းအင်္ဂါအစိတ် အပိုင်းများသည် သေနတ်ကျည်ဆံများ ကြောင့်ကြေမွပျက်စီးခဲ့ရကြောင်း တွေ့ရပါသည်။ သူ့ကို ခေါ်တော မြို့ရှိ သင်္ချိုင်းတွင် မြှုပ်နှံခဲ့ပါသည်။ လက်ဝဲဘက်ရှိပုံသည် သူ၏ဇနီးရိုက်ကူးခဲ့သော ဗီဒီယိုဖြစ်ပါသည်။ သူ၏ ခန္ဓာကိုယ်သည် ကျည်ဆံများထိမှန်ခဲ့ခြင်း၊ ဆေးကုသမှုပြုလုပ်ခဲ့ခြင်းနှင့် ရင်ခွဲစစ်ဆေးခဲ့ခြင်းကြောင့် ပုံပျက်နေ သည်ကို ပုံတွင်တွေ့မြင်ရပါမည်။ *(ဓာတ်ပုံ KHRG)*





ဤပုံနှစ်ပုံကို ၂၀၁၃ ခုနှစ် မေလ ၂၃ ရက် နေ့တွင် ဒေသခံ KHRG အဖွဲ့ဝင်မှ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ထီးသဒေါ့ထ ကျေးရွာအုပ်စု၊ မယ်စေးကျေးရွာတွင် ရိုက်ကူးထားပါသည်။ လက်ဝဲဘက်ပုံတွင် နယ်ခြား စောင့်တပ် မှ အရာရှိ စောဒေးဒေးကိုင်ဆောင်သော အမ် ၇၉ လောင်ချာသေနတ်မှ ပစ်ခတ်လိုက်သော ၄၀ မမ မော်တာကျည်ဆန် ထိမှန်ခဲ့သော မ က....နှင့် သူမ၏သား အ.....ကိုတွေ့မြင်ရပါမည်။ လက်ယာဘက်ပုံတွင် နယ်ခြားစောင့်တပ်အရာရှိစောဒေးဒေး ၏လောင်ချာသေနတ် မတော်တဆကျည်ထွက်ခြင်းကြောင့် ဒဏ်ရာရရှိသွားသောမြေး အတွက် နယ်ခြားစောင့်တပ် ၁၀၁၄ ၏ တပ်ရင်းမှူးနှင့် သွားရောက်တွေ့ဆုံခဲ့သူ ဒေါ် န.....၏ပုံကို တွေ့မြင်ရပါသည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို ၂၀၁၅ ဇွန်လ ၁၅ ရက် နေ့တွင် ဒေသခံ KHRG အဖွဲ့ဝင်မှ သထုံခရိုင်၊ သထုံမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ဇ……ကျေးရွာတွင် ရိုက်ကူးထားပါသည်။ ပုံတွင် မ ပ…နှင့် သူမ၏ကလေးနှစ်ဦးကို သူတို့၏ အိမ်ရှေ့တွင် တွေ့မြင်ရပေမည်။ သူမ၏ခင်ပွန်းစော ဘ……သည်ဓားပြမှုဖြင့် စွပ်စွဲခံရပြီး ရဲများက သူ့ကိုရှာဖွေရန် သူမတို့၏အိမ်သို့ အချိန်မတော်စွာ ညသန်းခေါင်ယံ အချိန်တွင် ဝင်ရောက်လာခဲ့ကြပါသည်။ ရဲများသည် မ ပ…..ကို သေနတ်ဖြင့်ချိန်ရွယ်ခြိမ်းခြောက်ပြီး သူမယောကျ်ား မည်သည့်နေရာတွင်ရှိသည်ကို မေးမြန်းခဲ့ပါသည်။ *(ဓာတ်ပုံ KHRG)*



ဤပုံကို ၂၀၁၅ ဇန်နဝါရီလ ၂ ရက် နေ့တွင် KHRG၏ ဒေသခံ အဖွဲ့ဝင်မှ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလော်ကျေးရွာအုပ်စု၊ ဆ……ကျေးရွာ၌ ရိုက်ကူးထားပါသည်။ ပုံတွင် ၂၀၁၄ နိုဝင်ဘာလ ၉ ရက်နေ့တွင် ဘူးသိုမြို့နယ် အခြေစိုက် ကေအဲန်ဒီအို စစ်သားများ လက်ချက်ဖြင့် သူမ၏ခင်ပွန်းသေဆုံးခဲ့ရသော နော် က…. ကိုတွေ့မြင်ရပါမည်။ သူမက ခင်ပွန်းသည် သေဆုံးခဲ့ပြီးနောက် သူမတို့မိသားစု စားဝတ်နေရေး အခက်အခဲကြုံတွေ့ရပုံကို KHRG ထံ တင်ပြပြောဆိုခဲ့ပါသည်။ *(ဓာတ်ပုံ KHRG)*



အထက်ပါပုံကို KHRG သတင်းစုဆောင်းသူမှ ၂၀၁၃ ဩဂုတ်လ ၃ ရက်နေ့တွင်ရိုက်ကူးထားပါသည်။ ပုံတွင် တပ်မတော် ခြေလျင်တပ်ရင်း အမှတ် ၃၅ မှ ဒုတပ်ရင်းမှူးစန်းထွန်းနှင့် အခြားသောစစ်သားများ၏ အနိုင်အထက်ပြု၊ အဓမ္မဖမ်းဆီးထိန်းသိမ်း အကြမ်းဖက်နှိပ်စက်ခံခဲ့ရသော သံတောင်ကြီးမြို့နယ်၊ ဂ…ကျေးရွာမှရွာသားစောက…ကိုတွေ့မြင်ရပါမည်။ ထိုးကြိတ်ရိုက်နက်ခံရပြီးနောက် သူ၏ဒဏ်ရာများကို သူ၏ဇနီးသည်နှင့် ရွာသားများက ဝိုင်းဝန်းပြုစုစဉ်တွင် ဒုတပ်ရင်းမှူး၏ ခြိမ်းခြောက်မှုကိုခံခဲ့ကြရပါသည်။ နောင်တွင် သူ၏ဇနီးသည် သည် ဤအဖြစ်အပျက်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံတင်ပြခဲ့ပါသည် ထို့နောက် လွှတ်တော်ကိုယ် စားလှယ်မှ သူတို့၏အမှုကို ယူနီစက်ဖ်နှင့် အဲန်ဂျီအို အဖွဲ့ထံတင်ပြပေးခဲ့ပါသည်။ *(ဓာတ်ပုံ KHRG)*



နိုင်ငံရေး၊ စစ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍများ ပြောင်းလဲမှု ရှိလာသည်နှင့်အညီ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ ရင်ဆိုင် ကြုံတွေ့ခဲ့ရသည့်စိန် ခေါ်မှုများလည်း ပြောင်းလဲလာပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ ဆက်လက်တည်ရှိခြင်းသည် အမျိုးသမီးများ၏ လုံခြုံရေးအတွက်အကာအကွယ် ပေးမှုများကို ထိခိုက်ယုတ် လျော့ စေပါသည်။ မြေယာသိမ်းဆည်းမှုများ၊ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများသည် ဒေသခံအမျိုးသမီးများ အမှီသဟဲပြုသော မြေယာနှင့် ပတ်ဝန်းကျင်များအား ထိခိုက်ပျက်စီးစေလျှက်ရှိပြီး ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်၍ ကြိုတင်တွေ့ဆုံ ဆွေးနွေးမှုများတွင်လည်း ဖယ်ကျဉ်ခံထားရကြောင်း အမျိုးသမီးများမှ တင်ပြခဲ့ကြပါသည်။ ကျန်းမာရေးနှင့် ပညာရေးဝန် ဆောင်မှုများအတွက် ရရှိသည့်ဝန်ဆောင်မှုအရည်အသွေး၊ ပေးဆောင်ရသည့်ကုန်ကျမှုနှင့် ပတ်သက်ပြီး ၎င်းတို့၏အမြင်များကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ကျားမအခြေပြု အကြမ်းဖက်မှုများတွင် အာဏာကြီးမားသော ပြစ်မှုကျူးလွန်သူ တရားခံများ အမှုမှ ကွင်းလုံးကျွတ် လွတ်မြောက်မြဲ လွတ်မြောက်လျက်ရှိကာ အမျိုးသမီးများအနေဖြင့် အကြမ်းဖက်ခံရမှုအတွက် တရားမျှတမှု ရယူနိုင်စွမ်း မရှိသေးပေ။ ထို့အပြင် မြေမြှုပ်မိုင်း၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း၊အဓမ္မအခွန်ကောက်ခံခြင်း၊ ခြိမ်းခြောက်ငွေတောင်းခံခြင်းများသည်လည်း ၎င်းတို့နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသည့်အရာများဖြစ်ပါသည်။ အမျိုးသမီးများ အနေဖြင့် အကြမ်းဖက်ခံရမှုအတွက် တရားမျှတမှုရရှိရန် တုံ့ပြန်မှုနည်းလမ်းမျိုးစုံကို အသုံးပြုလေ့ရှိပါသည်။ ထိုနည်းလမ်းများတွင် တိုင်ကြားစာများ ပေးပို့ခြင်း၊ ရွာသူကြီးများထံသို့ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအား တင်ပြခြင်းနှင့် ပြစ်မှုကျူးလွန်သူများ၊ သက်ဆိုင်ရာ အာဏာပိုင်များ၊ အမှုအား လိုက်ပါဆောင်ရွက်သည့် ရဲအရာရှိများနှင့် တိုက်ရိုက်ရင်ဆိုင် ဖြေရှင်းခြင်း စသည်တို့ ပါဝင်ပါသည်။ အမျိုးသမီးများသည် အကြမ်းဖက်မှုများကို ပြုသမျှခံနေရသူများမဟုတ်ကြောင်းနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကို မီးမောင်းထိုးပြရန်အတွက် ဤတုံ့ပြန်မှု နည်းလမ်းများအား မှတ်တမ်းပြုစုထားခြင်းဖြစ်ပါသည်။

*"ကျွန်မရဲ့အမြင်မှာတော့ အစိုးရပြောတာတွေကို လုံးဝအယုံအကြည်မရှိဘူး။ သူတို့ ကေအဲန်ယူ နဲ့ အစိုးရ နှစ်ဘက်စလုံးမှာ ဟိုဘက်ရော ဒီဘက်ရော သေနတ်ကိုင်ဆောင် ထားကြတယ်။ အရင်က သူတို့တွေဟာ ရန်သူတွေ ဖြစ်ကြတယ်၊ အခု ငြိမ်းချမ်းရေးလုပ်ကြတယ်၊ အခုထိတော့ ကျွန်မ မယုံနိုင်သေးဘူး၊ ဒါပေမဲ့ သူတို့ သေနတ်တွေ မကိုင်တော့ဘူးဆိုရင်တော့ ကျွန်မယုံကြည်နိုင်မယ်။"*

နော် တ---(မ၊၅၀နှစ်)၊ စ---ရွာ၊ ကဒီးဖူး ကျေးရွာအုပ်စု၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၂ မေလတွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့သည်။)

*"ဖွံ့ဖြိုးရေးစီမံကိန်းတွေလုပ်ရင် သေသေချာချာစဉ်းစားဆုံးဖြတ်ပြီးမှ လုပ်ဆောင် သင့်ပါတယ်။ ဒါမှ စီမံကိန်းအပေါ် သဘော တူထားတဲ့သူတွေအားလုံးအတွက် အကျိုးရှိ နိုင်မှာပါ။ လူတွေအတွက် ဆိုးကျိုးသက်ရောက်စေမဲ့ စီမံကိန်းမျိုးတော့မဖြစ်သင့်ဘူး။"*

နော် တ...၊ (မ၊ ၅၁ နှစ်)၊ ဃ...မြို့၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း
(၂၀၁၃ ဩဂုတ်လ တွင် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ခဲ့ သည်။)

၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့အစည်းသည် လွတ်လပ်သော အဖွဲ့အစည်းတစ် ခုဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် တွေ့ကြုံခံစားနေရသောအဖြစ်အပျက်များနှင့်လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို စုဆောင်းမှတ်တမ်းယူနိုင်စေရန်သင်တန်းပို့ချပေးခြင်းနှင့် လိုအပ်သည့်အထောက်အကူပစ္စည်းများပံ့ပိုးပေးလျှက်ရှိသည်။ထို့အပြင်ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျှက်ရှိသည့် ရွာသားများ၏ နည်းဗျူဟာများပိုမိုကောင်းမွန်စေရန်၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ကြိုးပမ်းလျှက်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း